
www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








ရွှေမင်းသား၊ ရွှေမင်းသမီး

၄။ ခင်လေးမြင့်
အခွင့်အရေးကောင်းတွေ
ရောက်လာပေမဲ့
ပျက်သွားတတ်တယ်

One Minute Interview

၂၂။ မနီးသူ
ကျော်သူ၊ နေတိုး
နိုင်းနိုင်း၊ ဒေါင်း
အလင်းရောင်

အင်တာဗျူး

၅၀။ မနီးသူ
ကိုယ်ယုံကြည်တဲ့
သူတွေက
ရွေးချယ်တဲ့အတွက်
ပိုဝမ်းသာတယ်

လူမှုဝန်းကျင်

၁၂။ မိုးကျော်ထွန်း
ပြည်သူ့အကယ်ဒမီ

၁၈။ လင်းနိုင်ဦး
မွေးနေ့မှာ ကိုလူချော
အဖွဲ့ကို ငွေသားနဲ့
အဝတ်အထည်များ
လှူဒါန်းပေးတဲ့ လူမင်း

၃၂။ လင်းနိုင်ဦး
သန့်ရှင်းရေး
ဝန်ထမ်းများနဲ့
ကလေးများကို
လှူဒါန်းပေးခဲ့တဲ့
ညီထွဋ်ခေါင်

၅၈။ လင်းနိုင်ဦး
လေယာဉ်ရှေ့ဘီးမကျလို့
ခက်ခက်ခဲခဲ
ဆင်းသက်ခဲ့ရတဲ့
လေယာဉ်ပေါ်ပါခဲ့သူများ
ပြောပြတဲ့ ခံစားချက်

ပူးတွဲပွဲတော်သစ်

မနီးသူ ၃၈။
နောင်တမရချင်လို့
ပိုကြိုးစားနေရတဲ့
အောင်မြင့်မြတ်

မနီးသူ ၄၂။
အကာအရံတွေ
ဖောက်ထွက်မယ်
ဆိုတဲ့စိတ်
အမြဲရှိတဲ့ စဝ်ယွန်းဝတီဦး
နိုင်ငံတကာစာမျက်နှာ

ဇာနည်ညီမိုး ၄၆။
သေရွာပြန်

ဘို ၅၄။
တီဗွီစတားမှ
ကျေးလက်အဆိုကျော်သို့

ရွှေသုတ

ညီပုလေး ၇၀။
ထင်းရှူးတောထဲက
လွမ်းမောဖွယ်
တဟောတီတေးသွား

မသီတာ၊ စမ်းချောင်း၊ ၈၂။
အားလုံး အကျုံးဝင်မှုကို
စိစစ်လေ့လာခြင်း

မောင်သန်းဆွေ ၁၃၆။
၊ထားဝယ်၊
စကြာမင်း သမီးတော်

အက်ဆေးအကြောင်း

အက်ဆေး

မောင်ရင့်မာ၊ ကျောက်ကုန်း၊ ၁၆၀။
မိုးစက်မိုးပေါက်များနှင့်
လွတ်မြောက်မှုကို
ရှာဖွေခြင်း

ရသစာတမ်း

မောင်ရင့်မာ၊ ကျောက်ကုန်း၊ ၁၇၄။
အနှာမစင်သော ပန်းပွင့်များ


www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၅၅၊ ဇွန်၊ ၂၀၁၉
ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်

ရွှေဝတ္ထု
၉၂။ မနှင်းမွှေး
ရော်ရွက်ညိုကျင်
၁၀၄။ ရေအေး
ညအိပ်မက်ဆိုး
၁၁၀။ ခန့်ညီမေ
ဆွေးယင်ကျူး
၁၁၆။ ဒိုးဝေအောင်စစ်၊မကွေး၊
ဆုံမှတ်သေများ
၁၂၂။ ထွန်းတောက်ထွင့်
၊သချိုး၊
ကယ်ပါ
၁၃၀။ ကိုဇော်၊မလောက်ဆိပ်၊
စည်းရိုး
၁၄၂။ မေရွှန်အေး
အစ္စုတ္တခြေသံများ
၁၄၈။ မခ
အာတိတ်စက်ဝိုင်းမှ
ကျောင်းသားလေး
၁၅၄။ အာဂါသ
စာနာစေကြောင်း
တောင်းဆုပြုပါတယ်
၁၆၂။ ကျိုက်မရောခင်မိုး
ငရဲမင်းကြီး စူပါမင်း
၁၈၀။ ဆောင်းခနှင်း
ဘုံဘဝ
၁၈၆။ မင်းည
သံသယ၏
သားကောင်များ
၁၉၂။ နော်၊ကျောက်ဆည်၊
ရွှေကျမ်းရွက်လို့
ကျိန်ပါ့မယ်
၁၉၆။ ညီကျော်၊တန့်ဆည်၊
အဖြူရောင် ဗုက်ကိန်း

ရွှေနှလုံးသား
၆၄။ လင်းအိမ်
အချစ်၏
နေဝင်ရာအရပ်ဆီသို့

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
၇၆။ မောင်သိန်းဆိုင်
ငြိမ်းချမ်းတော

ရွှေဝတ္ထုရှည်စ/ဆုံး
၉၆။ ယုယ
သို့ အနိ…မှ
မျှော်လင့်ချက်
၂၂၄။ ဗူးသဲမှုန်
အိပ်မက်တချို့ကြွေ
အိပ်မက်တချို့ပွင့်

ရွှေအသစ်
၂၀၄။ ..................
၂၁၂။ ..................
၂၁၆။ ..................

အယ်ဒီတာအဖွဲ့-
တိုက်(၁၅)၊ အခန်း (၄-၀၁)၊
၅၂ လမ်း(အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၁၁၀၅၁၁
Email:nyeinfamily@
gmail.com
မျက်နှာဖုံး၊ မေ့ဗ္ဗာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ -
ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)
ရွှေတလုပုံနှိပ်တိုက်၊ အမှတ် ၁၃၁၀၊
ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊
တက်မှုရန် တောင်အုပ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ -
ဒေါ်ချိုချို(၁)အေးအေးသိန်း (၀၁၀၉၁)
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး -
ရွှေတလုစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၃၉၁၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၅၇
E-mail: zabutalu@gmail.com
Available at : Wun Zinn



www.burmeseclassic.com

www.burmeseclassic.com







# အခွင့်အရေးကောင်းတွေ ရောက်လာပေမဲ့ ပျက်သွားတတ်တယ်

ခင်လေးမြင့်

ဝတ်စုံ - ဒီဇိုင်နာ ကောင်းမြတ်
ချိတ် - ယဉ်သူထိုက်
မိတ်ကပ် - လင်းလင်း(Make Up -Artist)
လက်ဝတ်ရတနာ - She Shine
ဓာတ်ပုံ - ဗီတာ(The Bridal Garden)

ဇာတ်လမ်းတွဲတစ်ခု ပြီးသွားတိုင်း ဇာတ်လမ်းတွဲထဲက နာမည်နဲ့ အသိအမှတ်ပြုခံရတဲ့ သရုပ်ဆောင်တွေ ရှိပါတယ်။ အဲဒီသရုပ်ဆောင်တွေထဲမှာ ပါဝင်တဲ့တစ်ယောက်က ဝင့်ယမုံနိုင်ပါ။ ဝင့်ယမုံလှိုင် ဆိုတဲ့ နာမည်နဲ့ အနုပညာအလုပ်တွေ စ,လုပ်ဖြစ်ပေမဲ့ အခုနောက်ပိုင်းမှာတော့ 'ဝင့်ယမုံနိုင်' ဆိုတဲ့ နာမည်ပြောင်းပြီး လုပ်ဆောင်နေပါတယ်။ လတ်တလောမှာ ပြီးသွားတဲ့ **ကျွန်မက မယောသီ** ရုပ်သံဇာတ်လမ်းတွဲမှာ 'မြန်း' ဆိုတဲ့ ဇာတ်ကောင်နေရာက ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်တွေရဲ့ အသိအမှတ်ပြုမှု၊ အားပေးမှုကို ရရှိထားတာဖြစ်ပါတယ်။ မေလထဲမှာပဲ ဒါရိုက်တာ ကိုသောင်းနဲ့ ဇာတ်လမ်းတွဲရိုက်ကူးမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာ စုံထောက်တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ သိရပါတယ်။ ဝင့်ယမုံနိုင်က ဗီလိန်ဇာတ်ရုပ်၊ ခပ်အေးအေးဇာတ်ရုပ်တွေနဲ့ ပရိသတ်အသိအမှတ်ပြုထားခံရသူပါ။ အခုရိုက်ကူးမယ့် ဇာတ်လမ်းတွဲမှာတော့ ဝင့်ယမုံနိုင် သရုပ်ဆောင်ချင်တဲ့ပုံစံ သရုပ်ဆောင်ရမှာဖြစ်ပါတယ်။

**စုံထောက်ပုံစံ သရုပ်ဆောင်ဖို့ ပရိသတ်က တောင်းဆိုလို့လား၊ ဒါမှမဟုတ် ရိုက်ဖို့ တိုက်ဆိုင်တာလား၊ ကိုယ်တိုင်ပဲ သရုပ်ဆောင်ချင်တာလား။**

ပရိသတ်က တောင်းဆိုထားတာထက် ယမုံ ကိုယ်တိုင်က ရဲပုံစံလုပ်ချင်တာ။ ပရိသတ်ဆိုတာကလည်း ယမုံနဲ့ အရမ်း Close ဖြစ်တဲ့ Fans တွေတော့ ရှိတယ်။ အနယ်နယ်အရပ်ရပ်က ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့ ပရိသတ်တွေက ဒီဇာတ်ကောင်ရိုက်နဲ့ လိုက်ဖက်လား၊ မလိုက်ဖက်လား၊ ကြိုက်လားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူးဆိုတာ မရှိပေမဲ့ အများနဲ့ ခြုံ ကြည့်ရင်တော့ အမြဲတမ်း ဒီဇာတ်ကောင်စရိုက်နဲ့ မမြင်ချင်ဘူး၊ မရိုက်စေချင်ဘူးဆိုတဲ့ ပရိသတ်ဘက်က အတွေးအမြင်လေးတွေတော့ ရှိတယ်။ အခုအချိန်မှာ ကိုယ့်အနေနဲ့ ရိုက်ချင်ပေမဲ့ သေသေချာချာ ထည့်စဉ်းစားရတဲ့ အချက်အနေနဲ့ ပါလာတယ်။ ဥပမာ- ဗီလိန်ဇာတ်ကောင်စရိုက်လုပ်ဖို့ ကမ်းလှမ်းလာရင် ရိုက်သင့်လား၊ မရိုက်သင့်လား ဆိုတာ စဉ်းစားရတော့မယ်။ ထ,ရိုက်လိုက်လို့မရဘူး။ ကိုယ်လုပ်ချင်တာကလည်း ပရိသတ်နဲ့



မပြောတတ်ဘူး။ ဒါကတော့ ယမုံရဲ့ ကြိုးစားအားထုတ်မှု အပေါ်မှာလည်း အများကြီးမူတည်မှာပေါ့။ အများကြီးအကောင်းဆုံးတော့ ကြိုးစားရမယ်။

**ရှေ့မှာ ရိုက်ခဲ့တဲ့ ဇာတ်ကောင်စရိုက်တွေကို ပရိသတ် အားပေးခဲ့တာတွေရှိတော့ နှစ်ကာလ ကြာလာတာနဲ့အမျှ ပရိသတ်အကြိုက်ထက် ကိုယ်ရိုက်ချင်တဲ့ပုံစံဘက်ကို ပြောင်းပြီး ရိုက်သွားရမလား။**

ယမုံထင်တာကတော့ မျှပြီး ရိုက်ရမှာပေါ့။ ယမုံအနေနဲ့ လုပ်ချင်တာတွေရှိပေမဲ့ ဗီလိန် ကာရိုက်တာနဲ့ ယမုံစ,ခဲ့တယ်။



ရင်းနှီးသွားအောင်၊ သူတို့ မကြိုက်ဘူးဆိုတာကလည်း သူတို့ မမြင်ဖူး၊ သိပ်မရင်းနှီးသေးတာလည်း ပါမယ်ထင်တယ်။ ကိုယ်က ရင်းနှီးသွားအောင် နည်းနည်း လုပ်ပြ၊ အဲဒီမှာ ပရိသတ်ရဲ့ Feedbackကို ပြန်နားထောင်၊ ပြီးရင် သူတို့အကြိုက်ကိုတစ်မျိုး ရိုက်၊ နောက်တော့ ကိုယ်လုပ်ချင်တာကိုလည်း ကြားချပြီး ရိုက်ပြ၊ အဲဒီလိုသွားမှ ရမယ်။ ပရိသတ်ကို ဦးစားပေးရမှာဖြစ်တဲ့အတွက်ကြောင့် ပရိသတ်အကြိုက်ကိုလည်း လိုက်ပေးရမယ်။ ကိုယ်လုပ်ချင်တဲ့ ဇာတ်ကောင်စရိုက်တွေမှာ ကိုယ်တင်ဆက်ချင်တဲ့ ပုံစံတွေ ရှိသေးတော့ ပရိသတ်တွေ မြင်တဲ့အခါ သူသေသေချာချာ လုပ်ထားပါလားဆိုပြီး အဲဒီအပေါ်မှာ ကြိုက်ကောင်း ကြိုက်သွားနိုင်တယ်။ မလိုက်ဘူး၊ မကောင်းဘူးလို့ တွေးထားတဲ့ တချို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံကောင်း လက်ခံနိုင်တယ်ဆိုတော့ မှုပြီး လုပ်ရမှာပေါ့။

**ယမ့်စိတ်ထဲမှာ လုပ်ချင်တာနဲ့ လုပ်နေရတာတွေ တော်တော်များများက တိုက်ဆိုင်ပြီလို့ ပြောလို့ရလား။**

မရသေးဘူး။ အများကြီး ရှိသေးတယ်။ ပြောရမယ်ဆိုရင် ယမ့် မလုပ်ရသေးတဲ့ ဇာတ်ကောင်တွေ ရှိသေးသလို ကိုယ်ကိုယ်တိုင်လည်း ကိုယ့်အနုပညာ အရည်အသွေးကို ဒီထက်ပိုပြီး သွေးရမယ့်ဟာတွေ ရှိသေးတယ်။ အများကြီး လုပ်ချင်သေးတယ်။ အများကြီး လုပ်ချင်သေးတယ် ပြောပေမဲ့ ပြောနေရုံနဲ့ မရသေးဘူး။ ကိုယ့်ဆီကို အခွင့်အရေးကောင်း ရောက်လာဖို့ လိုတယ်။ ယမ့်ဆီကို အခွင့်အရေးကောင်းတွေ ဆိုရင် ရောက်လာပြီး ပျက်ပျက်သွားတာများတယ်။ ဒါ ယမ့်ရဲ့ ကံနဲ့လည်း ဆိုင်တယ်။ အရင်ဆိုလည်း ရုပ်ရှင်ကားတွေ လာချိတ်တယ်။ ရှေ့မှာ အောင်မြင်တဲ့ကားတချို့မှာ ယမ့် မပါလိုက်ရတာတွေ ရှိတယ်။ ရက် မရတာ၊ မပါလိုက်တာတွေ ယမ့် ကြုံလိုက်ရတယ်။ အခွင့်အရေးကောင်း ရောက်လာတာကို သေချာ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီး ပရိသတ်ဆီ တိုက်ရိုက်ပို့နိုင်မယ့်ဟာ ယမ့်မှာ ကြန့်ကြာနေသလို ဖြစ်နေတယ်။ အဲဒါကို ယမ့် စိုးရိမ်နေတယ်။

**ဒီလိုရုပ်ရှင်ကားကောင်းတွေ လက်လွှတ်လိုက်ရတာ ဒီလိုဇာတ်လမ်းတွဲတွေ ရှိနေလို့ ဆိုတဲ့ အတွေးရော ဝင်ခဲ့သေးလား။**

ဒါက ကိုယ်ရွေးထားတာ၊ ကိုယ့်ဆုံးဖြတ်ချက်။ ဘယ်သူမှ ရိုက်ပြီး လုပ်ခိုင်းတာ မဟုတ်ဘူး။ ယမ့်က ဇာတ်လမ်းတွဲကနေ လူသိတဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်တယ်။ ဇာတ်လမ်းတွဲရိုက်တဲ့ Forever Group နဲ့ ဆက်ပြီး လက်တွဲဖြစ်တဲ့အတွက် စာချုပ်သက်တမ်းလည်း ရှိတော့ အပြင်က ကားရိုက်တွေလာရင် ဇာတ်လမ်းတွဲကို ဦးစားပေးရမယ်။ ဒါပေမဲ့ ညှိနေရတယ်။ ရိုက်လို့မရဘူး မဟုတ်ဘူး၊ ရိုက်လို့ရတယ်။ ညှိပေးပေမဲ့အချိန်က တစ်ဖက်က များများလိုချင်တယ်၊ တစ်ဖက်က နည်းနည်းပဲ ပေးနိုင်တော့ လက်လွှတ်လိုက်ရတဲ့ အခွင့်အရေးတွေတော့ ရှိတာပေါ့။ ယမ့်အနေနဲ့ အခွင့်အရေးအများကြီး ရောက်လာဖို့ ဆုတောင်းတယ်။ ရောက်လာစေချင်တယ်။ ပရိသတ်ဆီကို ဘယ်လောက်ထိ လုပ်နိုင်လဲ ဆိုတာပြဖို့ အခွင့်အရေးကောင်းတွေ ရောက်လာမှ လုပ်ပြလို့ရမှာ။ ဘာမှမရောက်လာရင် ဘာမှလုပ်ပြလို့ မရဘူးဆိုတော့ အဲဒီတစ်ခု အမြဲ ဆုတောင်းတယ်။

**ရွေးချယ်လိုက်မှုကို မှားတယ်လို့ရော တွေးမိလား။**



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဆုံးဖြတ်ဖို့အတွက် ဘက်ပေါင်းစုံကနေစဉ်းစား လွန်းလို့ မပြီးနိုင်ဘူးဖြစ်နေတာ၊ တွေဝေတာ၊ ဆုံးဖြတ်လို့ မှားသွားတာမျိုးပဲရှိတယ်။ မတွေဝေဘူး၊ တွေဝေလို့ ကိုယ်ခံစားရတာလည်းမရှိဘူး။ ယမုံက ငါလုပ်လိုက်တာပဲ၊ ငါစဉ်းစားပြီးပြီ၊ ဆုံးဖြတ်ပြီးပြီပဲ ငါနဲ့ ကံမစပ်သေးလို့၊ ငါ့ကံတရားက ငါ့ဘက် မပါသေးလို့ပဲ တွေးတယ်။ အဲဒီအပေါ်မှာ ဘာမှလုပ်လို့မှ မရတာ။ ကိုယ်လည်း ဆုံးဖြတ်တယ်ဆိုတာ အကောင်းဆုံးလုပ်ချင်တာ၊ အရာအားလုံးကို ဖြန့်ပြီးလုပ်ချင်တာ၊ အကြောင်းကြောင်းကြောင့် ကံတရားအကျိုးမပေးတဲ့ အချိန်မှာ ဒီလိုပဲဖြစ်မှာ၊ ဘာမှကို အပြစ်မတင်ပါဘူး။



အဲဒီလိုတော့ မရှိပါဘူး။ ယမုံက ဆုံးဖြတ်ချက်တစ်ခုကို ချမယ်ဆိုရင် နောက်ထပ် ဘာဖြစ်မလဲဆိုတာကို အရှည်ကြီး တွေးတယ်။ အဲဒီလို အရှည်ကြီးတွေးတတ်၊ စဉ်းစားတတ်တော့ တချို့ဆုံးဖြတ်ချက်တွေဆို ယမုံ မချနိုင်ဘူး။ ဒီလိုမဟုတ်ခဲ့ရင်ရော၊ ဒီဘက်က ဒီလိုဖြစ်ခဲ့ရင်ရော ဆိုပြီး ဘက်ပေါင်းစုံက လိုက်စဉ်းစားတယ်။ အရမ်းတွေးတယ်။ မထူးတော့ပါဘူး။ ကိုယ်ဆုံးဖြတ်လိုက်ပြီဆိုရင် ရလာမယ့် ကောင်းကျိုးဆိုးကျိုး ဒဏ်ကို ခံနိုင်ရမယ်။ ဘယ်သူမှ လုပ်ခိုင်းတာ မဟုတ်ဘဲ ကိုယ့်ဆုံးဖြတ်ချက်အတိုင်းပဲဆိုတော့ ကိုယ်ရဲရဲခံရမယ်။

**အတွေးများပြီး မဆုံးဖြတ်သင့်ဘဲ ဆုံးဖြတ်မိတာ၊ ဆုံးဖြတ်သင့်လျက်နဲ့ မဆုံးဖြတ်မိတာမျိုးရော ရှိခဲ့လား။**

အဲဒီလိုတော့ မဖြစ်ဖူးပါ

ဒီထက် ကံကောင်းဖို့ကိုပဲ ဆု တောင်းတယ်။

**အခု လွှင့်ပြီးသွားတဲ့ 'ကျွန်မက မဟေသီ' ထဲက 'မြန်း'ဇာတ်ကောင်ကို သရုပ်ဆောင်ဖို့ စဉ်းစားခဲ့ရတာ ရှိလား။**

'မြန်း'ဇာတ်ကောင် သရုပ်ဆောင်ဖို့ ယမုံ အများကြီး စဉ်းစားခဲ့တယ်။ ပထမဆုံးအချက် လုပ်ချင်တာက ယမုံ ပြောင်းချင်လို့၊ ယမုံ့ကို အမာနဲ့ သိထားတော့ ယမုံ ပြောင်းချင်တယ်။ ယမုံ့ကို အငြိမ်နဲ့မမြင်ဖူးတော့ အငြိမ်နဲ့ ပြချင်လို့ ဒီ Character ကိုရွေးတယ်။ ရွေးတဲ့အပြင်မှာ တစ်ဖက်က ဘာစဉ်းစားရလဲဆိုတော့ ငြိမ်တော့ ဘာမှ အများကြီးလုပ်လို့ မရဘူး။ အများကြီးလုပ်လို့ မရတော့ Acting အများကြီး မလုပ်ရ၊ စကားအများကြီး မပြောရ၊ တချို့အခန်းတွေဆို ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်တွေနဲ့ များတယ်။ အဲဒီလိုဆိုတော့ ယမုံ ဇာတ်ညွှန်းဖတ်ကတည်းက စဉ်းစားတယ်။ ဟာ… ငါ့စကားပြောခန်းတွေလည်း သိပ်မပါဘူးပေါ့၊ နောက်မှ စဉ်းစားတော့ မင်းမျိုးနွယ်ကို မြင်လို့ ဝမ်းနည်းသွားပြန်ပြီ။ ခဏနေ ဝမ်းသာ၊ ခဏနေ စိတ်နာသွားပြန်ပြီ၊ ခဏနေ စိတ်တိုသွားပြန်ပြီဆိုတော့ အဲဒါကို စကားတွေ အများကြီး မပြောဘဲ ဖော်ပြရတာ အရင်လုပ်ခဲ့ရတဲ့ ဇာတ်ကောင်စရိုက်တွေက ဗီလိန်ဆိုရင် လှုပ်ပြရတာတွေ ရှိတော့ အခုလုပ်ရတဲ့ဟာက ယမုံ့အတွက် တော်တော်ခက်တယ်။ မလုပ်နိုင်ရင်ဆိုပြီး ကြောက်တယ်။ ယမုံ့ကို အဲဒီလို ပုံစံနဲ့ မမြင်ဖူးထားတော့ မလိုက်ပါဘူး၊





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မလုပ်နိုင်ပါဘူးလို့ အပြောခံရမှာ အရမ်းကြောက်တယ်။ ကိုယ်ပြောင်းချင်လို့သာ လက်ခံခဲ့တာ အရမ်းကြောက်တယ်။ ကျွံသွားလို့လည်းမရဘူး။ ကိုယ်က ဗီလိန်နဲ့ ရင်းနှီးနေတဲ့ Character ဆိုတော့ တစ်ချက်လှုပ်လိုက်တာနဲ့ ဟိုဘက်ရောက်သွားမှာ။ ငြိမ်ငြိမ်လေးနဲ့၊ မျက်လုံးလေးနဲ့ ဘာဖြစ်တယ်ဆိုတာကို လုပ်ပြရတယ်။ အဲဒါကိုလည်း ပရိသတ်နားလည်အောင် လုပ်ပြရသေးတာဆိုတော့ တော်တော်ကြိုးစားခဲ့ရတယ်။ ဒီ Character လုပ်တာ ယမုံ တော်တော်စိတ်ဖိစီးမှုများခဲ့တယ်။

**အဲဒီဇာတ်လမ်းတွဲမှာဆိုရင် အလှုပ်နဲ့ အငြိမ် Character ဖြစ်တော့ အငြိမ်ကို ရွေးဖို့ တော်တော်စဉ်းစားရမလား။**

အဲဒီဇာတ်အတွက် လာပြောတုန်းကလည်း ခုနက ပြောသလို အများကြီးစဉ်းစားဆုံးဖြတ်ရတယ်။ စဉ်းစားရင်း ဘာလုပ်ရင်ကောင်းမလဲ၊ ကိုယ်ကလည်း ပြောင်းချင်တယ်ဆိုတော့ ရတယ်။ ဗီလိန်နဲ့ ယမုံကို ပရိသတ်က ရင်းနှီးပြီးသားဆိုတော့ အထူးအဆန်းအနေနဲ့ ထပ်မြင်မှာ မဟုတ်တဲ့အတွက် ရတယ်။ ကိုယ့်ပုံစံကို ငြိမ်ပစ်မယ်၊ ပြောင်းပစ်မယ်ဆိုပြီး ရိုက်ခဲ့တာ။ ပရိသတ်က ဘယ်လိုဖြစ်မလဲ၊ ဒီဆုံးဖြတ်ချက် မှားသွားခဲ့ရင် ကိုယ်သွားပြီလေ၊ ကိုယ့်အရင်ရှိနေတဲ့ ဟာလေးကို ပရိသတ်က မကြိုက်ဘူးဆိုပြီး ဖြစ်ရင်ဖြစ်သွားမှာ။ ဒါကြောင့် စိတ်ပူတယ်။ တော်တော်လေး စိုးရိမ်တယ်။









www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပရိသတ်က အထိုက်အလျောက် လက်ခံပေးကြတယ်။ အားပေးကြတော့ ဝမ်းသာရပါတယ်။ အလုံးကြီး ကျသွားတယ်။

**အဲဒီဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ဝေဖန်သံတချို့ရှိခဲ့တော့ ဘာများပြောချင်သေးလဲ။**

ဝေဖန်မှုတော့ ရှိပါတယ်။ တချို့ဆို မလိုက်ဘူးလို့ ပြောကြတာ ရှိတယ်။ ဒါကလည်း တချို့အပိုင်းတွေမှာ ယမုံ လိုအပ်တာတွေရှိလို့ ဒီထက်ပိုကောင်းအောင် ကြိုးစားဖို့ လိုအပ် နေသေးလို့ သူတို့ ထောက်ပြတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဝေဖန်မှုတိုင်းကိုလည်း သေသေချာချာ ကြည့်တယ်။ တချို့က စေတနာနဲ့ ပြောကြတယ်။ ဒီ Character မှာ ယမုံက ပြည့်နေတယ်။ မျက်နှာဖောင်းနေတယ်တို့၊ အဲဒါတွေက သူတို့က စေတနာနဲ့ ကောင်းစေချင်လို့ ပြောတယ်ဆိုတာ သိတယ်။ ဝေဖန်မှုတိုင်းကို သေသေချာချာ စဉ်းစားတယ်။ ဘာဖြစ်လို့ ပြောလဲ၊ ဒါဆိုရင် ဘယ်လိုပြုပြင်၊ ပြင်ဆင်ရမလဲဆိုတာ ခေါင်းထဲကို သေချာ ထည့်တယ်။ မာယာချို ဆိုတဲ့ ဇာတ်ကောင်စရိုက်ကို အခုအချိန်ထိ မမေ့ကြသေးတဲ့ ပရိသတ်တွေရဲ့ အားပေးမှုနဲ့အတူ အနုပညာလမ်းကြောင်းပေါ် ဆက်လျှောက်နေတဲ့ ဝင့်ယမုံနိုင်က ရလာတဲ့ အခွင့်အရေးတိုင်းကို အကောင်းဆုံး အသုံးချတယ်လို့ ဆိုပါသေးတယ်။ မေလကုန်ကစပြီး ရိုက်ကူးမယ့် ဇာတ်လမ်းတွဲအတွက် အချိန်ပေးနေမှာဖြစ်ပြီး ရိုက်ကူးရေးလုပ်နေတဲ့ အချိန်ကာလအတွင်း ဝင့်ယမုံနိုင် သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းတွဲ လွှင့်ဖို့ မရှိသေးဘူးလို့ သိရပါတယ်။

ဒါကြောင့် ဝင့်ယမုံနိုင် ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းတွဲနဲ့ ပရိသတ် အဆက်ပြတ်သလိုဖြစ်ကာ ပရိသတ်တွေ မမေ့သွားဖို့ ပြောချင်ကြောင်း ဝင့်ယမုံနိုင်က ဆိုပါသေးတယ်။

ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးရိုက်ကူးရေးအတွက် အချိန်ပေး ရိုက်ကူးပေးတဲ့ ဝင့်ယမုံနိုင်ကို ကျေးဇူးတင်ပါတယ်။ မျက်နှာဖုံးအတွက် လိုအပ်တဲ့ ဝတ်စုံကို စီစဉ်ပေးတဲ့ ဒီဇိုင်နာ ကောင်းမြတ်၊ မိတ်ကပ်အတွက် လင်းလင်း (Make Up-Artist) တို့ကိုလည်း ကျေးဇူးတင်ရှိသလို ဝတ်စုံအတွက် ချိတ်ပိုးထည် စီစဉ်ပေးတဲ့ ယဉ်သူထိုက် ပိုးထည်တိုက်ကိုလည်း ကျေးဇူးတင်ကြောင်း ဆိုပါရစေ။ ဝတ်စုံနဲ့ လိုက်ဖက်တဲ့ လက်ဝတ်ရတနာများကို ဆင်မြန်းပေးတဲ့ She Shines ကိုလည်း ကျေးဇူးတင်ရှိကြောင်း ဆိုပါရစေ။

■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



၂၀၁၈ ခုနှစ်အတွင်းမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ကားပေါင်း ၈၃ ကား ရှိတယ်လို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြေညာချက်အရ သိရပါတယ်။ အဲဒီရုပ်ရှင်ကားတွေထဲမှာ မြန်မာရုပ်ရှင်ကားများရဲ့ အစဉ်အလာကို ထိုးဖောက်ပြီး ပေါ်ထွက်လာတဲ့ ရုပ်ရှင်ကား တော်တော်များများ ရှိပါတယ်။ ပထမဦးဆုံး ထိုးဖောက်လာတဲ့ ရုပ်ရှင်ကားက မြန်မာ့ ရုပ်ရှင်လောကအတွက် ဒါရိုက်တာ အသစ်တစ်ယောက်လို့ ပြောရမယ့် ဒါရိုက်တာ ခရစ္စတီးနားမီ ရိုက်ကူးပြီး သရုပ်ဆောင်သစ်ဖြစ်တဲ့ ဇော်မီ၊ သက်မွန်မြင့်တို့နဲ့အတူ ထိုင်းနိုင်ငံမှ သရုပ်ဆောင်တစ်ဦး၊ မြန်မာမျက်နှာသစ်တစ်ဦးဖြစ်တဲ့ အောင်မြင့်မြတ် အစရှိတဲ့ သရုပ်ဆောင်များ ပါဝင်ခဲ့တဲ့ **ဥပါယ် တံမျဉ်** ဆိုတဲ့ ကားဖြစ်ပါတယ်။ အဲဒီနောက်မှာ ခရစ္စတီးနားရဲ့ ဒုတိယမြောက် လက်ရာအဖြစ် **မုဒြာရဲ့ခေါ်သံ** ဆိုတဲ့ ရုပ်ရှင်ကားကိုလည်း ကြည့်ကြရပါတယ်။ ဒီရုပ်ရှင်ကားနှစ်ကားက မြန်မာ့ရုပ်ရှင်ရဲ့ အစဉ်အလာများကို ပြောင်းလဲသွားစေခဲ့ပါတယ်။ ဟာသကားများမှာသာ နစ်မြော နေကြတဲ့ ရုပ်ရှင်ကြည့် ပရိသတ်များ ကလည်း ဒီလိုကားမျိုးမှ နိုင်ငံတကာတန်း ဝင်တယ်လို့ သတိပြုမိလာကြပါတယ်။ နောက်ထပ် ဝင်လာတဲ့ ကားများထဲကလည်း ဒါရိုက်တာ ထူးပိုင်ဇော်ဦး ရိုက်ခဲ့တဲ့ **ည** ဇာတ်ကား အပါအဝင် ဒါရိုက်တာ အာကာရဲ့ **ဒုဋ္ဌဝတီကိုလွမ်း၍** အစရှိတဲ့ ဒါရိုက်တာ လက်သစ်များရဲ့ လက်စွမ်းထက်တဲ့ ကားများကို မပြတ်ကြည့်ရှုလာရပါတယ်။

၂၀၁၉ ခုနှစ် ရွှေအမြုတေ ရုပ်ပုံမှတ်တမ်း၊ ဆု

www.burmeseclassic.com

www.burmeseclassic.com





ဗစ်တိုးရီးယားရုပ်ရှင် ထုတ်လုပ်ရေးအသစ်ကလည်း စာရေးဆရာမကြီး ကြည်အေးရဲ့ **မီ** ဝတ္ထုကို ဒါရိုက်တာအသစ်တစ်ယောက်ဖြစ်တဲ့ ဏကြီးက ရိုက်ဖို့ စီစဉ်ပြန်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ **မီ** ဇာတ်ကားဟာ မြန်မာရုပ်ရှင်ပရိသတ်များကြားမှာ အောင်မြင်တဲ့ကားတစ်ကားဖြစ်သွားခဲ့ပြန်ပါတယ်။ အဲဒီလို ကားကောင်းတွေ ပေါ်ထွက်လာတဲ့အတွက် ၂၀၁၈ ခုနှစ်အတွက် **မြန်မာ့ရုပ်ရှင်ထူးချွန်ဆု** ချီးမြှင့်တဲ့နေရာမှာ ပရိသတ်က ခရစ္စတီးနားခီ၊ ဇဏ်ခီ၊ ဏကြီး၊ ပိုင်ဖြိုးသုတို့ ဆုများ ချီးမြှင့်ခံရလိမ့်မယ်လို့ မျှော်လင့်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ ဆုများ ကြေညာတဲ့အခါမှာတော့ သူတို့ ဇနီးမောင်နှံနှစ်တွဲဟာ ဆုတစ်ခုမှ မရခဲ့ကြပါဘူး။

ပရိသတ်တွေက ကြိတ်မနိုင်ခဲမရ ဖြစ်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အကယ်ဒမီ မချီးမြှင့်တဲ့ ဒီ ၄ ယောက်ကို သူတို့ ကုန်ကျ





www.burmeseclassic.com

www.burmeseclassic.com

စရိတ်နဲ့ သူတို့ ချီးမြှင့်မယ် ဆိုတဲ့ အသံတွေ လူမှုကွန်ရက်ပေါ်မှာ ပျံ့လွင့်လာပါတယ်။

မြန်မာနိုင်ငံမှ ရုပ်ရှင်ချစ်သူများအပြင် ပြည်ပနိုင်ငံများမှာ ရောက်ရှိနေတဲ့ မြန်မာရုပ်ရှင်ချစ်သူများကလည်း သူတို့လည်း ပါဝင်မယ်ဆိုပြီး ဖြစ်လာကြပါတယ်။

စတင် စည်းရုံးလှုံ့ဆော်သူကတော့ ကိုစိုးသီဟနောင် ဆိုတဲ့ နည်းပညာရှင်တစ်ဦး ဖြစ်ပါတယ်။ သူနဲ့အတူ အခြား နည်းပညာရှင်တစ်ဦး ဖြစ်တဲ့ ကိုစိုပြေလည်း ပါဝင်လာပါတယ်။ လူမှုကွန်ရက်ပေါ်ကနေ သူတို့စည်းရုံးလိုက်တဲ့အတွက် အနုပညာမောင်နှံနှစ်ဦးကို အားပေးချင်တဲ့ မြန်မာနိုင်ငံ အရပ်ရပ်မှ ပရိသတ်များက ရန်ပုံငွေ ထည့်ဝင်လာကြပါတယ်။

၂၀၁၈ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ကားများ အတွက် ထူးခြားချက်ကတော့ **အကယ်ဒမီဆု၊ Star Awards** ဆုတို့အပြင် **ပြည်သူ့အကယ်ဒမီ** ဆိုတဲ့ ဆုတစ်ဆု တိုးလာခြင်းပါပဲ။

မတ်လ ၂၇ ရက်နေ့မှာ အကယ်ဒမီဆုပေးပွဲကို ကျင်းပခဲ့ပြီး ဧပြီလ ၅ ရက်နေ့မှာ Star Awards ဆုပေးပွဲကို ကျင်းပခဲ့ပါတယ်။ မေလ ၁၂ ရက်နေ့မှာတော့ ပြည်သူ့ အကယ်ဒမီဆုပေးပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်း ကမ်းနားမှာရှိတဲ့ ကျန်းမာရေးဝင်း အတွင်းမှာ ညနေ ၆ နာရီ အချိန်က စတင်ပြီး ကျင်းပခဲ့ပါတယ်။

ရုပ်ရှင်ချစ်သူများက

၁၉၆၀ ပြည့်နှစ်မှာ အလားတူ ဆုတစ်ဆုကို ချီးမြှင့်ခဲ့ကြဖူးတဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။ အဲဒီတုန်းက အမျိုးသားသရုပ်ဆောင် မောင်သင်နဲ့ အမျိုးသမီးသရုပ်ဆောင် မေသစ်တို့ကို ချီးမြှင့်ခဲ့ကြတာပါ။ အဲဒီဆုက သူရသတီဆု လို့ ခေါ်ကြပါတယ်။ ဆုအဖြစ် သူရသတီမယ်တော်ရုပ်တုကို ချီးမြှင့်ပေးခဲ့ကြလို့ပါပဲ။ သူတို့ကတော့ အကယ်ဒမီမရလို့ ချီးမြှင့်တာ မဟုတ်ပါဘူး။ သဘောကျလို့ ချီးမြှင့်ခဲ့ကြတာပါ။ အဲဒီနှစ်မှာ သရုပ်ဆောင် မောင်သင်က **ရေမြေဆုံးတိုင်၊ ချစ်သွေးသစ္စာ၊ စိုးပါနဲ့မေ** ဇာတ်ကားများနဲ့ **အမျိုးသားပညာသည်ဆု** (ယခင်က အမျိုးသားသရုပ်ဆောင်ဆုကို သတ်မှတ်တဲ့





www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

အမည်ပါ။) ရရှိခဲ့ပြီး မေသစ်က **မေတ္တာရွှေရည်** ဇာတ်ကားနဲ့ အမျိုးသမီးပညာသည်ဆု ရရှိခဲ့ပါတယ်။ သူတို့ပေးတဲ့ **သူရဿတီဆု** က ဒီသရုပ်ဆောင်တွေကို ချစ်လို့ ထပ်ဆင့်ပေးခြင်းဖြစ်ပါတယ်။

ပြည်သူ့အကယ်ဒမီဆုပေးပွဲ ကျင်းပရာမှာ ဦးဝင်းငြိမ်းက အဖွင့်အမှာစကား ပြောကြားပေးပြီး ဦးဆောင်စီစဉ်သူ ကိုစိုးသီဟနောင်က ဒီဆု ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပါတယ်။ အဲဒီနောက် ဘဏ္ဍာရေးရှင်းတမ်းနဲ့ ပတ်သက်ပြီး တာဝန်ယူထားသူတစ်ဦးက ရှင်းလင်းတင်ပြပါတယ်။ ဘဏ်မှာ နှစ်ဦးတွဲမှ ငွေထုတ်လို့ရတဲ့ ငွေစာရင်းတစ်ခု ဖွင့်လှစ်ခဲ့ကြပြီး အနယ်နယ် အရပ်ရပ်မှ ထည့်ဝင်ငွေများ စုဆောင်းခဲ့ရာ စုစုပေါင်းကျပ် ၆၅ သိန်းကျော် ရရှိခဲ့ပါတယ်။ ကုန်ကျစရိတ်များကို နုတ်ပြီးနောက် အနုပညာဇနီးမောင်နှံ ၂ စုံတို့ကို ၃၂ သိန်းကျော်စီ ခွဲဝေပေးအပ်မှာဖြစ်တယ်လို့ ရှင်းလင်းတင်ပြသွားပါတယ်။

ဆုတံဆိပ်နဲ့ ပတ်သက်ပြီးတော့လည်း အနယ်နယ်အရပ်ရပ်မှ ဝါသနာရှင်များက ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့အထဲက အခု ချီးမြှင့်မယ့် ပုံစံကို ရွေးချယ်ခဲ့ကြပြီး သစ်သားပန်းပုအဖြစ် ဖန်တီးခဲ့တာဖြစ်ပါတယ်။

ရှင်းလင်းတင်ပြမှုများအပြီးမှာတော့ **သရုပ်ဆောင်ဇာဏ်ခီနဲ့ ဇနီး ဒါရိုက်တာ ခရစ္စတီးနားခီ** တို့ကို ကိုစိုးသီဟနောင်နဲ့ ဇနီး ထက်ထက်ဝင်းတို့က ဆုတံဆိပ်နဲ့ငွေသားဆုငွေတို့ကို ပေးအပ်ပါတယ်။

**ဒါရိုက်တာ ဏကြီးနဲ့ သရုပ်ဆောင် ပိုင်ဖြိုးသု** တို့ကိုတော့ ကိုစိုပြေဦးနဲ့ ဇနီး ဒေါက်တာ ခိုင်ဝတ်ရည်စန်းတို့က ဆုတံဆိပ်နဲ့ ငွေသားဆုငွေတို့ကို ချီးမြှင့်ပေးပါတယ်။

ဆုရရှိတဲ့ အနုပညာရှင်များက ကျေးဇူးတင်စကားတုံ့ပြန်ပြောကြားကြပြီး မီဒီယာများနဲ့ ပရိသတ်များ သိလိုတဲ့ မေးခွန်းများကို ဖြေကြားပေးပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါတယ်။

**ပြည်သူ့အကယ်ဒမီဆု**က ဒီတစ်နှစ်အတွက်သာမဟုတ်ဘဲ နောက်နှစ်များမှာလည်း ဆက်လက်ချီးမြှင့်သွားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ■

**မိုးကျော်ထွန်း**





www.burmeseclassic.com

www.burmeseclassic.com

မေလ ၇ ရက်နေ့မှာ မွေးနေ့ကျရောက်တဲ့ သရုပ်ဆောင် လူမင်းက မနက်စောစော မိသားစုနဲ့ ဘုရားသွားခဲ့ပြီး ကိုလူချောအဖွဲ့လို့ အမည်တွင်တဲ့ လူကြမ်းသရုပ်ဆောင်များကို မနက် ၈ နာရီအချိန် ရန်ကုန်မြို့ ၃၅ လမ်း(အပေါ်ဘလောက်)မှာရှိတဲ့ ဓမ္မာရုံမှာ ငွေသားနဲ့ အဝတ်အထည်များ လှူဒါန်းပေးခဲ့ပါတယ်။ မွေးနေ့ရှင် လူမင်းက ပထမဦးစွာ ကိုလူချောအဖွဲ့သားများနဲ့ မီဒီယာများကို ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်တို့ရဲ့ ရွှေခေါက်ဆွဲနဲ့ ဧည့်ခံကျွေးမွေးခဲ့ပြီး ကိုလူချောအဖွဲ့ဝင် အားလုံးကို ငွေသားများနဲ့ အဝတ်အထည်များ လှူဒါန်းပေးခဲ့တာ ဖြစ်ပါတယ်။ မွေးနေ့မှာ ကိုလူချောအဖွဲ့ကို လှူဒါန်းရတာနဲ့ ပတ်သက်ပြီး လူမင်းက "လူကြမ်း သရုပ်ဆောင်များက ကျွန်တော်တို့ ဒီလောကကို စဝင်ကတည်းက ဦးအောင်ခိုင်တို့၊ လေးလေး ဦးမြတို့၊ ကိုဇော်ကြီးတို့၊ ကိုမော်ကြီးတို့ဆိုရင် ကျွန်တော်တို့ရဲ့ စီနီယာ၊ ကျွန်တော်တို့ကို ဖိုက်တင် သင်ပေးခဲ့သူတွေပါ။ သူတို့နဲ့ မတွေ့တာလည်း တော်တော်ကြာပြီ။ ရှူတင်တွေမှာလည်း မဆုံဖြစ်ဘူး။ ကားရိုက်ကျဲသွားတာလည်း ပါတယ်။ အလုပ်အကိုင်တွေလည်းပါးကြတယ်။ အသက်က ကြီးလာတာနဲ့အမျှ မိတ်ဟောင်းဆွေဟောင်း၊ မိတ်စစ်ဆွေစစ်တွေရဲ့တန်ဖိုးကို သိလာတယ်။ ပိုပြီးတော့ တန်ဖိုးထားလာတယ်။ ဒါကြောင့် ဒီလူဟောင်းကြီးတွေနဲ့ မွေးနေ့မှာ တွေ့ချင်လို့ ရိုးရိုးလေးပဲ လုပ်လိုက်တာပါ"လို့ ပြောပြခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကျွေးမွေးလို့၊ လှူဒါန်း ပေးလို့ မဟုတ်ဘဲ သူတို့ သူငယ်ချင်းကို ပြန်တွေ့လို့ ပျော်နေကြတာတွေနဲ့ ပတ်သက်ပြီး ကိုလူမင်း ဘယ်လို ခံစားရလဲ မေးကြည့်တဲ့အခါ "သူတို့ပျော်နေတာ တွေ့ရတော့ ဝမ်းသာပါတယ်။ ကျွန်တော်လည်း တကယ်ပျော်နေတာ အားလုံးအမြင်ပါပဲ။ မတွေ့တာကြာပြီဖြစ်တဲ့ ကိုမော်ကြီးတို့၊ လေးလေး







# မွေးနေ့မှာ ကိုလူချောအဖွဲ့ကို ငွေသားနဲ့ အဝတ်အထည်များ လှူဒါန်းပေးတဲ့ လူမင်း

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com









ဦးမြမောင်တို့ဆိုရင် ကျွန်တော်တို့ငယ်ငယ်ကတည်းက ဦးကျော်ဟိန်းနဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ ဦးကျော်ဟိန်းက ထိုးလိုက်ပြီဆိုရင် ဂန့် ဂန့် ဂန့် ဂန့် နဲ့ ဖြစ်သွားတာပဲလို့ ဦးမြမောင်ကို ကျွန်တော် အမြဲပြောဖူးတယ်။ မတွေ့တာ အရမ်းကြာတဲ့ မိတ်ရင်းဆွေရင်းတွေကို ပြန်တွေ့လိုက်ရ လို့ ဝမ်းသာတာလည်း ပါပါတယ်"လို့ လူမင်းက ပြောပါတယ်။

လူကြမ်းတွေက အလုပ်မရှိတော့တာလား၊ နားသွားကြတာလားလို့ မေးကြည့်တဲ့အခါ လူမင်းက "တကယ်တော့ အလုပ်မရှိတော့တာပါ။ တချို့က ဖေ့စ်ဘွတ်ခ်ပေါ်မှာ ရွဲ့ပြီး ရေးကြတဲ့သူတွေတောင် ရှိတယ်။ အလုပ်ဖြစ်လို့ ရှိရင် ခိုက်မှာစိုးလို့ ကံကြမ္မာက အနားပေးထားတာလို့တောင် ရေးထားကြတယ်" လို့ ပြောပြခဲ့ပါတယ်။

မွေးနေ့ရှင် လူမင်းက ကိုလူချောအဖွဲ့ဝင်များအတွက် အဝတ်အစားများ အဓိက လှူဒါန်းပေးခဲ့ပြီး အဝတ်အစားတွေဆိုရင် ကားရိုက်တစ်ခါလောက်ပဲဝတ်ထားတဲ့ အဝတ်အစားတွေပါသလို တံဆိပ်တောင်မဖြုတ်ရသေးတဲ့ အသစ်တွေလည်း ပါဝင်ပါတယ်။ ဒါ့အပြင် မုန့်ဖိုးအနေနဲ့ လိုရာသုံးလို့ရအောင် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီကိုလည်း လှူဒါန်းခဲ့တယ်





www.burmeseclassic.com

www.burmeseclassic.com

လို့ သိရပါတယ်။

မွေးနေ့ရှင် လူမင်းက ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်တို့ Surprise စီစဉ်ပေးထားတဲ့ မွေးနေ့ကိတ်ကို ခွဲပြီးတဲ့အချိန်မှာ ကိုလူချောအဖွဲ့ဝင်အားလုံးကို ရင်းရင်းနှီးနှီးနဲ့ လိုက်လံခွဲ့ကျွေးခဲ့ပြီး အပျော်ကြီး ပျော်နေတာကိုလည်း တွေ့ခဲ့ရပါတယ်။ ချစ်ချစ်ဇော်နဲ့ လင်းဇာနည်ဇော်တို့ စီစဉ်ပေးတဲ့ မွေးနေ့ကိတ်ခွဲမယ့်အချိန် စားပွဲကိုသယ်လာတဲ့အခါ အလယ်မှာ မွေးနေ့ကိတ်ချထားပြီး မွေးနေ့ကိတ်နံဘေးမှာ စံပယ်ပန်းများ ဝန်းရံပြီး အလှဆင်ထားတာကိုလည်း တွေ့ရပါတယ်။

ကိုလူချောအဖွဲ့တွေ လူစုံတုန်းမှာ ရွှေခေါက်ဆွဲ လာရောက်ကျွေးမွေးပေးတဲ့ လင်းဇာနည်ဇော်က "လူကြမ်းတွေထဲက အသက်ကြီးပြီး အလုပ် မလုပ်နိုင်တဲ့သူတွေ အနုပညာဆည်းဆာရိပ်မှာ လာရောက် နားခိုနေနိုင်ပါတယ်။ ထမင်းစားဖို့လည်း ပူစရာမလိုဘူး။ လက်ဖက်ရည်ဖိုးလည်း မပူရဘူး။ မနက်စာကျွေးမယ်၊ နေ့လယ်စာကျွေးမယ်၊ ညစာကျွေးမယ်။ မနက် ကော်ဖီ၊ နေ့လယ် ကော်ဖီ တိုက်မယ်။ အိပ်ရာလည်း အဆင်သင့်ရှိတယ်။ နောက်ဆုံး သေရင်လည်း သင်္ဂြိုဟ်ပေးမယ်။ သမီးတို့က အနုပညာသမားအချင်းချင်း ကိုယ်ချင်းစာလို့ ပြောပြတာပါ။ အနုပညာသမားဆိုတာ အသက်သာကြီးသွားမယ်။ သူ့ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းနေတဲ့ အနုပညာဝါသနာကတော့ ဘယ်တော့မှ လျော့မသွားဘူး။ များသောအားဖြင့် ဖြစ်တတ်တာက အသက်ကြီးလာရင် သားသမီးများကလည်း ကိုယ့်အလုပ်နဲ့ကိုယ် အလုပ်ရှုပ်နေကြတော့ ဂရုစိုက်နိုင်သူတွေ လည်း ရှိတယ်၊ ဂရုမစိုက်နိုင်တဲ့သူတွေလည်း ရှိတယ်ပေါ့။ အဓိကကတော့ အသက်ကြီးလာရင် ကိုယ့်ဘေးမှာ နွေးနွေးထွေးထွေးနေပေးဖို့၊ ပြောဖို့ဆိုဖို့ကို အရမ်းလိုအပ်တယ်။ သမီးတို့ အနုပညာဆည်းဆာရိပ်ရဲ့ ရည်ရွယ်ချက်ကလည်း အဲဒီလိုပါပဲ အနုပညာသမားတွေ အားလုံးအနေနဲ့ ကိုယ့်အနုပညာတွေလည်း ပြောနေဆိုနေလို့ရမယ်။ အဲဒီလို ရည်ရွယ်ချက်လေးနဲ့ ဖွင့်လှစ်ထားတာပါ။ ဒါကြောင့် ဆည်းဆာရိပ်မှာ လာပြီး နားခိုချင်ရင် လာလို့ရပါတယ်။ ဖိတ်လည်း ဖိတ်ခေါ်ပါတယ်"လို့ ပြောပြခဲ့ပါတယ်။

■ လင်းနိုင်ဦး








www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာတစ်မိနစ်တာ One Minute Interview



အကယ်ဒမီကျော်သူ၊ Star Award ပူပူနွေးနွေး ဆုရှင် ကျော်သူက ဒီနှစ်ထဲမှာလည်း **ပုဂံမြို့သူ** လို ပရိသတ် စိတ်ဝင်စားစေမယ့် လျှို့ဝှက်ဆန်းကြယ်တဲ့ **ဂမ္ဘီရမျက်လုံး** ဇာတ်ကား ကို ရိုက်ကူးထားသလို သမားရိုးကျက ခွဲထွက်တဲ့ ပုံပြင်ဆန်ဆန် **ဒဏ္ဍာရီပင်လယ်** ဇာတ်ကားကြီးကိုလည်း ရိုက်ကူးနေပါပြီ။ ကျော်သူက သူ့ရဲ့ ဇာတ်ကားတွေထဲမှာ သရုပ်ဆောင်မှုနဲ့ မစိမ်းပေမဲ့ လူသစ်တန်းတွေလို့ ပြောလို့ရတဲ့ သရုပ်ဆောင်တွေကို ထည့်သုံးပြီး ပရိသတ် အားပေးမှုရအောင် ရိုက်ကူးနေတဲ့ ဒါရိုက်တာ တစ်ဦးလို့တောင် ပြောလို့ရ သလို သူ့ရဲ့လက်ရာ **ပုဂံမြို့သူ** ထဲက ဒေါင်းကိုပါ ပွဲထုတ်နိုင်ခဲ့တာပါ။ သရုပ်ဆောင်စဉ်ကလည်း ကျော်သူ တစ်ခေတ် ဖြစ်စေခဲ့ပြီး ဒါရိုက်တာအနေနဲ့ ကျော်သူဖြစ်နေဆဲ ကျော်သူရဲ့ အနုပညာလေးတွေကို လေ့လာမိတဲ့အခါ . . .။ **ဦးမောင်ကိုယ်တိုင်က သရုပ်ဆောင်ဘဝမှာ ရွှေဖြစ်အောင်** လုပ်နိုင်ခဲ့သလို အခု ဒါရိုက်တာအနေနဲ့မှာ

www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်ကိုင်လိုက်တဲ့ သရုပ်ဆောင်ကို ရွှေဖြစ်သွားတယ်လို့ ခံစားမိလား။**

ရွှေဖြစ်၊ မဖြစ်ဆိုတာ ကျွန်တော်က ဦးဖွဆရာလည်း မဟုတ်ဘူး။ သူကြိုးစားရင် အောင်မြင်မယ်။ ကျွန်တော်ကတော့ ကျွန်တော်တွဲတဲ့၊ ရိုက်ရတဲ့ ကလေးတွေအားလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ ရိုက်သွင်းပေးတယ်။ သူတို့ ကြိုးစားရင် ဖြစ်မှာပဲ။ ဒေါင်းဆိုလည်း **ပုဂံမြို့သူ** နဲ့ နာမည်ရသွားတယ်။ အဲဒီ မတိုင်ခင်ကလည်း သူ့မှာ Fan ရှိပြီးသားပါ။ ဒီဇာတ်ကားနဲ့ အံဝင်သွားတော့ သူ အောင်မြင်သွားတာပေါ့။

**လူငယ်သရုပ်ဆောင်တွေကို ကိုင်တွယ်တဲ့နေရာမှာ ကိုယ့်ဘက်က ဘယ်လိုနည်းတွေ ပြန်သုံးရလဲ။**

အမှန်တော့ သရုပ်ဆောင်မလုပ်ဖူးတဲ့ သူတွေကို ကျွန်တော် ကိုင်တာ နည်းတယ်။ သရုပ်ဆောင်လောကမှာ သူ့ဟာသူ အသစ်တစ်ယောက်အနေနဲ့ ကားသိပ်မရိုက်ရတဲ့ သူကို ရိုက်တာတော့ရှိတယ်။ သူတို့ဆီမှာလည်း Talent တွေ၊ သူတို့ အတွေ့အကြုံနဲ့ သရုပ်ဆောင်မှုတွေ ရှိပြီးသား။ အဲဒါကိုမှ နည်းနည်းလျော့နေသူကို ဘေးကနေ ထပ်တင်၊ တင်လို့ မရတဲ့သူကို ဒီအတိုင်းထားပေါ့။ ကျွန်တော်က သရုပ်ဆောင်သစ်တစ်ယောက်ကို မွေးထုတ်တယ်ဆိုတာတော့ မရှိပါဘူး။ ဒါပေမဲ့ **ကောင်းချစ်တဲ့မမ** ဇာတ်ကားထဲက စုမြတ်နိုင် ဆိုတာတော့ ကျွန်တော် မွေးထုတ်ခဲ့ဖူးတယ်။ ဒါပဲ ရှိတာပဲ။

**ထွန်းကိုကိုက ပြောတယ်။ ဦးမောင်က သူနဲ့ ခေတ်ဟာ၊ သွားတဲ့ အနုပညာရှင်ဆိုပေမဲ့ လူကြီးနဲ့ မတူဘူး။လူငယ် Idea တွေပဲ ထွက်လာတာ အံ့သြဖို့ကောင်းတယ်တဲ့။**

ကျွန်တော်က ကလေးပဲ ရှိသေးတာပဲ။ လူကြီးမှ မဟုတ်တာ။ ကျွန်တော်က ဘယ်လိုပြောမလဲ။ ဒီလိုကလေးတွေနဲ့ တွဲနေရတာ ပျော်တယ်။ စိတ်ပျိုကိုယ်နု ဖြစ်တယ်။ ကျွန်တော် တည်တည်တံ့တံ့ကြီး နေခဲ့ရတာ ၈ နှစ်ရှိသွားပြီ။ ၂၀၀၇ ကတည်းက လူတွေက ကျွန်တော့်ကို အပေါင်းအသင်း မလုပ်တာလည်း ပါတယ်။ ကိုယ်ကလည်း ဒီပဂေးတဲပဲ၊ အနိစ္စတရားကြီးကို မြင်သွားတဲ့အချိန်မှာ ဘာသာရေး လုပ်လိုက်တော့ ပိုတည်သွားတာပေါ့လေ။ လူတော်တော်များများက ဦးကျော်သူဆို ရှိန်တာ ရှိတယ်။ ဦးကျော်သူက စကားသိပ်မပြောဘူးပေါ့။ ဒါပေမဲ့ ကလေးတွေနဲ့တွေ့ရင် ငယ်မူငယ်သွေး ပေါ်တာပဲ။ ပေါက်ကရလုပ်ဖို့ပေါ်တာ မဟုတ်ဘူးနော်။ စကားပြောရတာ၊ သူတို့နဲ့ ဆွေးနွေးရတာကိုပြောတာ။ သူတို့ဆီမှာ၊ လူငယ်တွေဆီမှာ ကျွန်တော်တို့မမြင်နိုင်တဲ့ အတွေးအခေါ်တွေရှိတယ်။ အဲဒီအတွေးအခေါ်တွေကို ကိုယ့်အတွက်လည်း အသုံးကျ၊ သူတို့အတွက်လည်း အသုံးကျအောင် ဘယ်လိုပြန်လုပ်ရမလဲ ဆိုတာ ကျွန်တော် ပြောလို့ရတယ်။

**နှလုံးသားနဲ့ ခံစားပြီးမှ လုပ်တဲ့သူဖြစ်လို့ ကိုယ့်အရွယ်နဲ့ လိုက်နိုင်ရဲ့လား။ ရင်မောမှု၊ ပင်ပန်းမှု ပိုခံစားရလား။**

ဒါလေးတွေတော့ နည်းနည်းရှိတာပေါ့နော်။ နှလုံးသားနဲ့ ရင်းလို့လည်း အခု နှလုံးသွေးကြော လေးချောင်း လဲခဲ့ပြီးပြီ။ ထပ်လည်း လဲစရာမရှိတော့ဘူး။ ဒီတစ်ခါ ဖြစ်ရင်တော့ သွားပြီ။ အတတ်နိုင်ဆုံးတော့ ကိုယ့်ရောဂါလည်း ကိုယ်ထိန်းရတယ်။ သူတို့ကိုလည်း ရသလောက်ဆွဲခေါ်ရမှာပဲ။ ကိုယ်နဲ့ လက်တွဲလို့ရတဲ့သူတွေ တောက်လျှောက်ပါနေတာ ကိုယ်လည်း စိတ်ချမ်းသာတယ်။ ဇာတ်ကားလည်း ကောင်းသွားတယ်။

**ဦးမောင် အခုရိုက်မယ့် ဒဏ္ဍာရီပင်လယ်က ရေသူမ ဇာတ်၊ အိပ်ရာဝင်ပုံပြင်ထဲက ဇာတ်ကောင်ဖြစ်နေတော့ ပုံပြင်မဆန်၊ ဒဏ္ဍာရီမဆန်အောင်ကော ဘယ်လို စိတ်ကူးထားလဲ။**

ကျွန်တော် ကလေးဘဝက အိပ်ရာဝင်ပုံပြင်တွေထဲမှာတော့ ရေသူမအကြောင်း မကြားခဲ့ဖူးဘူး။ ရေသူမကားတွေလည်း အမှန်အတိုင်းပြောရရင် ကျွန်တော် မကြည့်ဘူး။ အခု နာမည်ကြီးနေတဲ့ ကိုရီးယားရေသူမတို့၊ တရုတ်ရေသူမကားတွေကို ကျွန်တော် မကြည့်ဖူးဘူး။ ကြည့်ဖို့လည်း မကြိုးစားဘူး။ ဘာကြောင့်လဲဆို ကိုယ်ဖန်တီးမယ့်ဟာ သူတို့ထဲမှာ ပါနေတာ မကောင်းဘူး။ ကျွန်တော် စိတ်သန့်သန့်နဲ့ ကိုယ့် ရေသူမပဲ ဖြစ်စေရမယ်။ ဒီ့ပြင် ရေသူမ မဖြစ်စေရဘူး။

ဒါရိုက်တာ ကျော်သူရဲ့ **ဒဏ္ဍာရီပင်လယ်** မှာ အိချောပိုနဲ့အတူ ထွန်းကိုကို၊ အလင်းရောင်တို့ကို တွေ့ကြရမှာပါ။ အလင်းရောင်က ရှေ့မှာ ရိုက်ကူးပြီးစ **ဂမ္ဘီရမျက်လုံး** ဇာတ်ကားထဲက သရုပ်ဆောင်ပဲဖြစ်ပြီး နှစ်ကားဆက်တိုက် ရိုက်ဖြစ်တဲ့ အပေါ်မှာလည်း ကျော်သူက 'စိတ်ချမ်းသာတယ်။ ချစ်ဖို့ကောင်းတယ်။ **ဂမ္ဘီရ** မှာဆို နေ့တိုင်း ပင်ပန်းကြရတာ အလင်းရောင်နဲ့ ရွှေသမီးက လုံးဝ မညည်းဘူး။ ရိုက်ကွက်တိုင်း၊ ကတ်တိုင်းကို မညည်းဘူး' လို့ ပြောပြခဲ့ပါတယ်။

■ **မန်းသူ**

# ကလေးတွေနဲ့တွေ့ရင် ငယ်မူငယ်သွေးပြန်ပေါ်လာတဲ့ ကျော်သူ

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာတစ်မိနစ်တာ One Minute Interview




နှစ်တိုင်း
အကယ်ဒမီတန်းဝင်
ရုပ်ရှင်ကားတိုင်းမှာ
ပါဝင်နေပြီး
ပရိသတ်တွေပေးတဲ့
အကယ်ဒမီတွေလည်း
နှစ်တိုင်းရနေတဲ့
နေတိုးက ဒီနှစ်ထဲမှာလည်း
သူ့ကားတွေပဲ
ရှေ့ဆင့်နောက်ဆင့်
ဆိုသလို
ရုံတင်
ဖြစ်နေပါတယ်။
လတ်တလောမှာပဲ
**ပြုံးရွှင်ရေ ပျော်ရဲ့လား နဲ့**
**ပြဿနာ ကားကြီး**
နှစ်ကားက
ရှေ့ဆင့်နောက်ဆင့်
ရုံတင်လာတာပါ။
မတူကွဲပြားတဲ့
ဇာတ်ရုပ်တွေဖြစ်နေသလို
ဒီနှစ်ထဲမှာ
နောက်ထပ်လည်း
ဇာတ်ရုပ်အဆန်းတွေနဲ့
တွေ့ရဦးမယ့်
ပရိသတ်တွေရဲ့
အချစ်တော်
နေတိုးနဲ့ တွေ့မိတဲ့
အခိုက်တန့်လေးက…။
**နေတိုးဇာတ်ကားတွေ**
**ပြိုင်တူရုံတင်နေတော့**
**လက်ရှိ ရုပ်ရှင်ရဲ့**
**ရေစီးကြောင်း**
**အပေါ်မှာရော**
**ဘယ်လိုမြင်မိလဲ။**
ရုပ်ရှင်ရေစီးကြောင်း
ကတော့နှစ်ကားပြိုင်တူ
ရုံတင်လိုက်တော့
ဇာတ်လမ်း၊
ဇာတ်အိမ် မတူတာ
ကံကောင်းတယ်လို့
ပြောလို့ရတာပေါ့။
အရသာမတူတော့



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်က မျှပြီးတော့ ကြည့်လို့ရတာပေါ့။ ကျွန်တော့်အနေနဲ့လည်း ဇာတ်ကားတွေ တိုက်တဲ့အတွက် တော်တော်လေးကို အခက်အခဲရာယ် များပါတယ်။ ဗီဒီယိုတောင် တစ်ပြိုင်တည်း ရုံတင်ရင် သွားတာပဲလေ။ တော်တော်လေးကို ပြောင်းလဲနိုင်အောင် လုပ်မှ ရမှာပါ။ ဒီလိုသာ ဆက်တိုက်ဖြစ်လာရင် ကျွန်တော့်အနေနဲ့လည်း စိုးရိမ်မိပါတယ်။ အခြေအနေကိုလည်း ခဏခဏ လှမ်းမေးရတယ်။ နှစ်ကားလုံးက အရသာမတူတာ တွေ့ရတော့ အသက်ရှူချောင်တာပေါ့နော်။ နို့မို့ဆိုရင် ကျွန်တော့်အနေနဲ့ တော်တော်လေးကို စိုးရိမ်ရမယ့် အနေအထားပါ။ တော်သေးတာပေါ့။ နောက် ဒရာမာ ၂ ကားတိုက်တာတို့၊ ဟာသကား ၂ ကားတိုက်တာတွေ ဖြစ်လာရင်တော့ ကျွန်တော်တို့အတွက်ရော၊ အနုပညာတစ်လောကလုံးအတွက်ရော၊ ပရိသတ်အတွက်ပါ မကောင်းဘူး။ သုံးခုစလုံးအတွက် မကောင်းဘူးလို့ ကျွန်တော် မြင်တယ်လေ။ သုံးဦးစလုံးအတွက် မကောင်းရင် မလုပ်တာ ကောင်းပါတယ်။

**အဲဒါကို ရုံရှင်တွေဘက်က ပြောင်းလဲသင့်တယ်လို့ ထင်လား။ ပရိဂျူဆာ နေတိုးဘက်ကရော ဘယ်လိုတောင်းဆိုချင်လဲ။ အနုပညာရှင်တွေဘက်ကရော ဘယ်လိုတောင်းဆိုမှုတွေ လုပ်သင့်တယ်လို့ထင်လဲ။**

ကျွန်တော့်ဆန္ဒကတော့ အဲဒီလိုမျိုးကြီးတွေ မတင်စေချင်ဘူး။ ရုပ်ရှင်အစည်းအရုံးအနေနဲ့လည်း၊ တာဝန်ရှိသူတွေအနေနဲ့လည်း အစည်းအဝေးတွေလုပ်တဲ့အချိန်မှာ ဒီကိစ္စနဲ့ပတ်သက်လို့ ဒီအကြောင်းအရာလေးကို နည်းနည်း ညှိနှိုင်းပေးဖို့လိုမယ်လို့ သုံးသပ်မိပါတယ်။ လိုကို လိုနေပါတယ်။

**'ပြဿနာ' ကလည်း ပြဿနာရှိနေတယ်နော်။ ဇာတ်ကားနာမည်ပြောတာပါ။**

ဟုတ်တယ်။ ပြဿနာရှိတယ်။ ဒီဇာတ်ကားကတော့ ပြဿနာတက်မှာပေါ့နော်။ ပေါ့ပေါ့ပါးပါး ဇာတ်ပုံစံမျိုးလေး ဖန်တီးခဲ့ကြတာ။ ရိုက်နေရင်းနဲ့ကို ပြဿနာ နည်းနည်းရှာတာပေါ့နော်။ ရိုက်နေရင်းနဲ့ ဦးသူရ(ဇာဂနာ) ဆေးရုံရောက်သွားတာတွေလည်း ရှိခဲ့တယ်။ အရမ်းပူတဲ့ အချိန်တုန်းက ရာသီဥတုကြောင့်ပါ။ ဇာတ်လမ်းပုံစံက ပေါ့ပေါ့ပါးပါးပေမဲ့ တကယ်တော့ သရုပ်ဆောင်ရတာ မပေါ့ပါးပါဘူး။ ဦးပွားကိုယ်တိုင်က ရှေ့မှာ ရိုက်ခဲ့တဲ့ ကားတွေ အများကြီးလည်း ရှိခဲ့တယ်။ အိုက်တင်တွေဆို အပြင်းစားတွေနဲ့ ဦးပွားဆိုရင် ဒီလိုလို့ မြင်ထားကြတော့ သူက ဟာသကားတစ်ကား ရိုက်ပြီး သူ့ဟာသကား လူဝင်တာ မြင်ချင်တယ်။ ကျွန်တော်တို့ကိုဆို ဘယ်လောက်ထိလဲဆို ရီဟာဇယ်တောင် ပေးမလုပ်ဘူး။ ဦးပွား ကျွန်တော် ရီဟာဇယ် တစ်ခေါက်တော့ လုပ်ကြည့်မယ်ဆို မလိုဘူး၊ ပိုင်ပြီးသား၊ ဒီလူတွေ ရီဟာဇယ် လုပ်စရာမလိုဘူး ဆိုပြီး ဦးသူရနဲ့ ကျွန်တော့်ကို တည်ပေးလိုက်ပြီး တန်းရိုက်တာ။

**ကိုယ်ပိုင် ထုတ်လုပ်ရေးမို့လား၊ နေတိုးကို ယုံကြည်လို့လား။**

အကုန်လုံးပါတာပေါ့။ ကျွန်တော်တို့၊ ဦးသူရတို့၊ ဦးပွားတို့က ဒီလောကမှာ ကျင်လည်တာကြာပြီဆိုတော့ ဦးပွားကလည်း ထုတ်လုပ်ရေးလုပ်ချင်တယ်ဆိုတော့ ဦးပွားထုတ်လုပ်ရေးလုပ်ရင် ကျွန်တော်တို့လည်း ရိုက်တယ် ဆိုပြီးတော့ ပြောတယ်။ ဘယ်လိုဇာတ်လဲဆိုတော့ ဟာသကား၊ ပြဿနာတွေပေါ့။ ဦးပွားရဲ့ အငွေ့အသက်တွေလည်း ပါပါတယ်။ ဦးပွားရှို့တဲ့ မီးတွေပေါ့။

နေတိုးက အခုလက်ရှိ ရိုက်ကူးပြီးစီးခါစ Box-88 ကားကြီးမှာတော့ မီဒီယာတစ်ဦး အဖြစ် ထူးထူးခြားခြား တွေ့ရမှာဖြစ်ပြီး "ကျွန်တော့်အတွက် မေးခွန်းအသစ်တွေ အမေးခံရဦးမယ့် ဇာတ်ကားပေါ့"လို့လည်း ပြောသွားပါတယ်။

■ မန်းသူ

# သရုပ်ဆောင်တစ်ဦးတည်း နှစ်ကားပြိုင် ရုံတင်မှုတွေ ညှိနှိုင်းပေးစေချင်တဲ့ နေတိုး

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

# ကြုံကြားဆုံရာတစ်မိနစ်တာ
# One Minute Interview



နိုင်းနိုင်းက Golden Hour နဲ့ လက်တွဲပြီး ဇာတ်ကားတွေ ရိုက်ဖြစ်လာသလို ၂၀၂၀ ခုနှစ်အတွက်လည်း Plan အသစ်တွေ ရှိနေပါတယ်။ ရိုက်ကူးပြီးစီးထားတဲ့ ဇာတ်ကား ၅ ကားမှာ နှစ်ကား ရုံတင်ထားပြီး ဒီနှစ်ထဲမှာ နောက်ထပ် ရုံတင်မယ့် ဇာတ်ကား တွေလည်း ရှိနေပါတယ်။ နိုင်းနိုင်းက ၆ ကား မြောက် လက်တွဲခြင်းအဖြစ် ဆရာကြီး မင်းသိခ်ရဲ့ **ဆားပုလင်းနှင်းမောင်နဲ့ စနေမောင်မောင်** ဇာတ်လမ်းတွေကို လက်ခံ လိုက်တာပါ။ ဒီဇာတ်လမ်း ကို ၂၀၂၀ မှာ ရိုက်ကူးဖို့ ပြင်ဆင်နေပါပြီ။

**ဒီဝတ္ထုတွေကိုရော အားလုံး ကိုယ်စိတ်ဝင်စားတာ တွေလား။**

ဒီဝတ္ထုတွေက ရိုက်ဖို့ အင်မတန်မှ ခက်တယ်။ ဒီဘက်ခေတ် မဟုတ်တဲ့အတွက် ရိုက်ဖို့ အင်မတန်မှခက်တယ်။ ဒါကတော့ ဒါရိုက်တာ ပညာပေါ့နော်။ ကျွန်တော်လည်း အရမ်း စိတ်ဝင်စားပါတယ်။ စနေမောင်မောင်၊ ဆားပုလင်းနှင်းမောင် ဆိုတဲ့ ဇာတ်ရုပ်တွေက ကျွန်တော် စိတ်ဝင်စား တယ်။ ကျွန်တော်တို့နဲ့ လည်း မစိမ်းဘူးလေ။ စဉ်းစားရတဲ့ အရာတွေ ပါတယ်။ အက်ရှင်ကတော့ နည်းတယ်။ ဆရာကြီး မင်းသိခ်ရဲ့ဇာတ်လမ်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပြတွေက လူစိတ်ဝင်စားမှု များတယ်။ သာမန်ကြည့်လိုက်ရင် စုံထောက်ဇာတ်လမ်းလိုပဲ တကယ်တမ်းကျတော့ စိတ်ပညာရုပ်တွေလည်း အများကြီးပါတယ်။ ဒီဘက်ခေတ်မှာ ရိုက်ရမှာဆိုတော့ အဝတ်အစား၊ ဒီဇိုင်းကာလာပေါ့နော်။ နောက်ပြီး ပစ္စည်းအသုံးအဆောင်တွေကို တကယ်ပီပီပြင်ပြင်နဲ့ ရိုက်နိုင်မှသာလျှင် ဒီဝတ္ထုတွေက ရုပ်လုံးပေါ်မှာပေါ့။ တော်တော်ကို ခက်ခဲပါတယ်။ ဒါရိုက်တာကလည်း ရတယ်ချမယ်။ ကျွန်တော်ကလည်း ဒီကာရိုက်တာတွေကို စိတ်ဝင်စားတယ်။ ဘယ်ကာရိုက်တာတွေကိုပေးမယ်ဆိုတာကတော့ ရိုက်ကူးတော့မှ သိရမှာပါ။ စနေမောင်မောင်လား၊ ဆားပုလင်းနှင်းမောင်လား၊ တခြားကာရိုက်တာဖြစ်မလား။ အားလုံး ဆွေးနွေးညှိနှိုင်းပြီးမှ လိုက်မယ့် ကာရိုက်တာကို ဝင်ပြီးသရုပ်ဆောင်မှာပါ။

**နိုင်းနိုင်းလည်း အရင်တစ်ခေတ်က ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ အများကြီးရိုက်ခဲ့ရတာဆိုတော့ အခုခေတ် ရိုက်ကူးရေးတွေနဲ့ ဘာတွေပြောင်းလဲသွားလဲ။**

အများကြီး ပြောင်းလဲတယ်ဗျ။ အလုပ်တစ်ခုကို မလုပ်ခင်မှာ အကြိမ်ကြိမ် Meeting တွေလုပ်တယ်။ ပရိသတ်ကို မပြခင်မှာ ကျွန်တော်တို့ Reproductionနဲ့ ခဏခဏတွေ့ဆုံကြတယ်။ အဲဒါတွေရဲ့ ရလဒ်က ဘာလဲဆိုတော့ တစ်ရာရာခိုင်နှုန်း မကောင်းရင်တောင်မှ ၇၀ ရာခိုင်နှုန်းကောင်းရင်တောင် ပရိသတ်က လက်ခံပေးတယ်။ နောက်တစ်ခုက ခွင့်လွှတ်ပြီးကြည့်ပေးတယ်။ သုံးရတဲ့ ဘတ်ဂျက်နဲ့ ပြန်ရတဲ့ ဝင်ငွေ မမျှတာတွေပေါ့။ ဒါတွေကို ပရိသတ်က သိသွားကြပြီ။ အဲဒါတွေရဲ့ အကျိုးကျေးဇူးတွေက ရုံတင်လို့ ပရိသတ်ကြည့်တဲ့အခါ ကျွန်တော်တို့ထားတဲ့ စေတနာတွေ ပရိသတ်သိမှာပါ။ အခု ဒီဇာတ်လမ်းဆိုရင် ကျွန်တော်တို့ ဒီနှစ်ထဲမှာ ရိုက်ဖြစ်ချင်မှ ရိုက်ဖြစ်မှာပါ။ အဝတ်အစားတွေ၊ Location တွေ သေချာစဉ်းစားပြီးမှ၊ ပြင်ဆင် ရွေးချယ်ပြီးမှ ရိုက်ကူးရမှာပါ။ အရင်တုန်းကကားတွေမှာက သွားရင်းလာရင်း၊ ပြင်ရင်းဆင်ရင်း အိမ်ထဲမှာပဲ လှည့်ပတ်ပြီးတော့ ရိုက်ကူးတယ်။ အပြင်ထွက်ရလည်း နည်းနည်းပေါ့။ ဒီကားကတော့ အဘက်ဘက်က အများကြီး ပြင်ဆင်ရမှာပါ။

**နိုင်းနိုင်းက အခု ကိုယ့်ဆီလာတဲ့ ကားတွေကို ဆားဇစ်အရ ရိုက်ဖြစ်တာပဲလား။ ဆေးစက်ကျရာ အရုပ်ထင်တယ်ဆိုပြီးတော့လေ။**

မဟုတ်ဘူးဗျ။ ဆေးစက်ကျရာ အရုပ်ထင်တာမှာ ကျွန်တော်ကျတဲ့ ဆေးစက်က လှချင်လည်းလှမယ်၊ မလှချင်လည်း မလှဘူး။ မလှမှာတော့ ကြောက်တယ်။ အဲဒီတော့ ကျွန်တော့်ဆေးစက်ကို နေရာတိုင်းမှာ မချတော့ဘူး။ ဒီဇာတ်ကားကိုတော့ ဘာလို့ လက်ခံရိုက်ကူးဖြစ်တာလဲဆိုတော့ ဒီထဲက ကာရိုက်တာ တစ်ခုက ကျွန်တော့်ကို စိတ်ဝင်စားမှုပေးတယ်။ လုပ်ကွက်အရရော၊ ကာရိုက်တာအရရော စိတ်ဝင်စားမှုပေးတယ်ဆိုရင် ကျွန်တော် ရိုက်ပါတယ်။

**ဒီဇာတ်လမ်းတွေက အရင်က ဗီဒီယိုကားတွေမှာလည်း အများကြီး ရိုက်ခဲ့တာဆိုတော့ အဲဒီထဲကနေရော ဘယ်လိုခွဲထွက်ကြမလဲ။**

အဲဒါတွေလည်း ကျွန်တော်တို့ အများကြီး စဉ်းစားထားပါတယ်။ ပရိဂျူဆာပိုင်းရော၊ ဒါရိုက်တာပိုင်းရော၊ ကျွန်တော်တို့ သရုပ်ဆောင်ပိုင်းရော ရှေ့မှာလည်း အကြိမ်ကြိမ် စကားတွေပြီးတော့မှ၊ လုပ်နိုင်လား၊ မလုပ်နိုင်လား အကြိမ်ကြိမ် စဉ်းစားပြီးမှ ငါတို့လုပ်နိုင်တယ်၊ ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ ဒီ Golden Hourဘက်ကနေ ဒီဝတ္ထုတွေကို ဝယ်လိုက်တာပေါ့နော်။ ဒါရိုက်တာကလည်း သူ့ကိုယ်သူ ယုံကြည်တယ်။ ကျွန်တော်ကလည်း သူ့ကို ယုံတယ်။ သူနဲ့ ကျွန်တော်နဲ့ကလည်း ခုမှ တွဲလုပ်ဖြစ်တာ မဟုတ်ဘူး။ ဟိုးအရင်ကတည်းက ကြော်ငြာတွေလည်း ရိုက်ခဲ့ဖူးတယ်။ သူ့လက်စကို ကျွန်တော်သိတယ်။ ဒါကြောင့် Golden Hour နဲ့ရိုက်ကူးဖို့ ရင်ကြားစေ့ပေးလိုက်တဲ့ သဘောပါပဲ။

**နာမည်ကျော်ဝတ္ထုရဲ့ နာမည်ကျော်ဇာတ်ကောင်နေရာက သရုပ်ဆောင်ရမှာ အန္တရာယ် အရမ်းကြီးလား။**

အန္တရာယ် အရမ်းကြီးလားဆိုတော့…အင်းပေါ့၊ တာဝန်ယူမှုကတော့ ရှိတာပေါ့နော်။ သူ့ရဲ့ဇာတ်ကောင်နဲ့ လိုက်ဖက်တဲ့နေရာကိုပဲ ကျွန်တော့်ကိုပေး။ မလိုက်ဖက်တဲ့နေရာကို ကျွန်တော် အတင်း မယူဘူး။ ငါချည်းပဲ၊ ငါကြိုက်တဲ့နေရာပဲ ငါလုပ်မယ်ဆိုတာမျိုး မရှိဘူး။ နိုင်းနိုင်းက Golden Hour ထုတ်လုပ်ရေးမှမဟုတ်ဘဲ ဘယ်ထုတ်ဝေရေးနဲ့မဆို ဇာတ်လမ်း၊ ဇာတ်ရုပ်ကို ကိုယ့်စိတ်ကြိုက် ရွေးချယ်ပြီး ပရိသတ်ကို လုပ်ပြခွင့်ရတဲ့ ဇာတ်ရုပ်မျိုးဆို လက်ခံတယ်လို့ ဆိုပါတယ်။

■ **မန်းသူ**

# ဆေးစက်အကျ မလှမှာတော့ စိုးရိမ်တဲ့ နိုင်းနိုင်း


မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာတစ်မိနစ်တာ One Minute Interview



ထူးခြားတဲ့ ဇာတ်ရုပ်တွေကိုမှ ရွေးပြီး လက်ခံလေ့ရှိသူ၊ ပဟေဠိဆန်တဲ့ မျက်ဝန်းတွေနဲ့ ပရိသတ်ကို စိတ်ဝင်စားစေသူ ဒေါင်းက နောက်ထပ်လည်း ပရိသတ် စိတ်ဝင်စားမယ့် အသစ်တွေကို ထပ်မံရွေးချယ်ထား ပြန်ပါပြီ။ သူ့ပရိသတ်အတွက် သူရှိတဲ့ဆီ အရောက်သွားပြီး သူနဲ့ စကားပြောမိတဲ့ အခါ…။

**ဒေါင်းက စာဖတ်နှာသူလို့ ပြောလို့ရလား။ အခုရိုက်မယ့် 'ဆားပုလင်းနှင်းမောင်နဲ့ စနေမောင်မောင်' ဝတ္ထုတွေက ဖတ်ပြီးသားတွေလား။**

ကျွန်တော်က ဆရာကြီး မင်းသိခ် ဝတ္ထုတွေကို စ,ဖတ်ဖြစ်တာက ဆားပုလင်းနှင်းမောင် ပေါ့။ ရုပ်ပြကနေ စ,ခဲ့ရတာကိုး။ ကျွန်တော်တို့ စာဖတ်တဲ့သူတွေမှာ အဆင့်လိုက်ရှိတယ်လေ။ ရွှေသွေးတို့၊ တေဇတို့၊ တွတ်ပီတို့ ဆိုပြီး အဆင့်လိုက်သွားရင်းနဲ့ ရုပ်ပြကနေ ဝတ္ထုကို တက်ရတာ။ ပြီးတော့ ရသ၊ ဘဝသရုပ်ဖော်၊ ဘာသာပြန် စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

# မဖြစ်ဘူးဆိုတာကို ပိုစိတ်ဝင်စားတဲ့ ဒေါင်း

မန်းသူ

အများကြီးပဲ။ အဆင့်ကျော်ရင် ခံစားသင့်သလောက် မခံစားရတော့ဘူး။ ဒါပေမဲ့ ဆရာကြီး မင်းသိခ်ကတော့ အဲဒီအဆင့်တွေထဲမှာ မပါတဲ့ စာရေးဆရာတစ်ယောက်ပါ။ ကျွန်တော် ဘယ်အရွယ်ပဲ ဖြစ်ဖြစ် ဆရာမင်းသိခ် ဖတ်လို့ရတယ်။ ဆရာကြီး ရွှေဥဒေါင်း ဖတ်လို့ရတယ်။ သူ့ရဲ့ ဇာတ်ကောင်တွေ၊ သူ့ရဲ့ဇာတ်အိမ်ဖွဲ့တည်မှုတွေ၊ သူ့ရဲ့ အရေးအသားတွေက သူ ဘယ်လောက် စာဖတ်နာခဲ့တယ် ဆိုတာ အရမ်းခံစားရတယ်။ ကိုယ် ဖတ်တဲ့အချိန်ကျရင်လည်း ကိုယ့်နှလုံးသား ထဲထိရောက်အောင် ရေးနိုင်တယ်။

**ဘယ်ဇာတ်ကောင်မှာ ဝင်သရုပ်ဆောင်ချင်တယ် ဆိုတာမျိုးရော…။**

ကျွန်တော်က ဆရာကြီးရဲ့ ဇာတ်ကောင်တွေဆို အားလုံးကြိုက်တယ်။ တစ်ခုတည်းတော့ မဟုတ်ဘူး။ စနေမောင်မောင်လည်း ကြိုက်တယ်။ ဆားပုလင်းနှင်းမောင်လည်း ကြိုက်တယ်။ ဒေါက်တာဆိတ်ဖွားလည်း ကြိုက်တယ်။ ဒါတွေက ကျွန်တော်တို့ရဲ့ Hero တွေပဲလေ။ ကျွန်တော်တို့နိုင်ငံမှာ Hero တွေ သိပ်မရှိပါဘူး။ ဒါတွေက ကျွန်တော်တို့ရဲ့ Hero ပဲ။

**အခု သရုပ်ဆောင်ရမယ်ဆိုတော့ ပြန်ဖတ်ဖို့ရော လိုသေးရဲ့လား။**

မလိုတော့ဘူး။ အဲဒီစာအုပ်တွေ အကုန်လုံး အလွတ်ရတယ်။ စနေမောင်မောင်တို့၊ ဆားပုလင်းနှင်းမောင်တို့ကို အကုန်အလွတ်ရနေပြီ။ အခု ပြန်ဖတ်လည်း အဲဒီအတိုင်းဖြစ်နေမှာပဲ။ ကြည့်ပြီးသားဇာတ်ကား ပြန်ကြည့်သလိုပဲလေ။ မျက်လုံးထဲမှာ ပုံဖော်ထားပြီးသား။ ထွက်ပြီးသား ဇာတ်ကားတွေလည်း ရှိနေတယ်လေ။ ကျွန်တော်က ဘယ်နေရာက သရုပ်ဆောင်ရ၊ ဆောင်ရပါ။ သေချာတာကတော့ ဆရာမင်းသိခ် ဘယ်ဇာတ်လမ်းမှာ ဘာကို ပြောချင်လဲဆိုတာ ကျွန်တော် ကောင်းကောင်း သိတယ်။

**ဒေါင်းက ခုထိ ပါဝင်သရုပ်ဆောင်တဲ့ကားတွေမှာ ထူးခြားတဲ့ ဇာတ်ရုပ်တွေဖြစ်နေတာက ကမ်းလှမ်းတဲ့သူတွေကြောင့်လား၊ ကိုယ်တိုင်ရဲ့ ရွေးချယ်မှုကြောင့်လား။**

ကျွန်တော်ကိုယ်တိုင်ပေါ့နော်။ ဇာတ်ကောင်တစ်ကောင် လာအပ်ကတည်းက ကျွန်တော်နဲ့ ဖြစ်လား မဖြစ်လား အရင်ကြည့်တယ်။ ကျွန်တော် မဖြစ်ဘူးဆိုရင် ပိုစိတ်ဝင်စားတယ်။ ငါ ဘယ်လောက်ထိ ပြောင်းလဲနိုင်မှာလဲ၊ ပရိသတ်ကို ဘယ်လို ရသပေးနိုင်မှာလဲ စဉ်းစားပြီးမှ ဇာတ်ကို လက်ခံဖြစ်တယ်။ မပြောင်းလဲတာမျိုးဆို မရိုက်ချင်ဘူး။ ပျင်းစရာကောင်းတယ်။

**ကိုယ် ခေါင်းဆောင်အနေနဲ့ ပါတဲ့ကား ရုံတင်ရင် ကိုယ့်အတွက် တာဝန်ပိုကြီးလား။ ခေါင်းတွဲသဘောပေါ့။**

အဲဒီအယူအဆကို ကျွန်တော် လက်မခံဘူးဗျ။ ကျွန်တော်တို့ခေတ်မှာတော့ အဲဒါကို ပြောင်းချင်တယ်။ ကျွန်တော်တို့ခံယူထားတဲ့ အနုပညာဆိုတာက ဇာတ်ပွဲမှာ ဇာတ်မင်းသားတစ်ယောက်ပဲ ဦးတည်ပြီးတော့ က,ရတဲ့ မင်းသားဇာတ် မဟုတ်ဘူးဗျ။ ကျွန်တော်တို့က သရုပ်ဆောင်တွေ ဖြစ်တဲ့အတွက် ကိုယ့်အခန်းကဏ္ဍကို အကောင်းဆုံးတာဝန်ယူပြီး တစ်ကားလုံးကို တစ်နေရာတည်းကို ခံစားချက်တစ်ခုတည်းနဲ့ ရောက်အောင်သွားတာပါ။

စာရေးဆရာမ ဂျူးရဲ့ **မိန်းမတစ်ယောက်ရဲ့ ဖွင့်ဟ ဝန်ခံချက်** ဝတ္ထုထဲက 'ယုမော်' အဖြစ်လည်း တွေ့မြင်ကြရဦးမှာဖြစ်သလို ဒေါင်းက **လေဆန်ကကြိုး** ရုပ်ရှင်ကားကြီးမှာ နာမည်ကြီးဇာတ်သဘင်တေးသီချင်း အောင်ဘာလေ သီချင်းကို ဇာတ်ဝင်တေးအဖြစ် ကိုယ်တိုင်ဆိုပြီး ကပြသရုပ်ဆောင်ခဲ့တာကြောင့် သီချင်းတွေလုပ်ဖို့ အစီအစဉ် ရှိမရှိဆိုတဲ့ အမေးကို 'ရှူး… တိုးတိုး' လို့ ပဟေဠိဆန်ဆန် ဖြေသွားခဲ့တာကြောင့် ဒေါင်းရဲ့ ချစ်သောပရိသတ်တွေအနေနဲ့ ဒေါင်းရဲ့ နောက်ထပ်တင်ဆက်မှု အနုပညာသစ်တစ်ခုကို ခံစားကြရလိမ့်မယ်လို့ ကြိုတင်ခန့်မှန်းသတင်းလေး ပေးလိုက်ပါကြောင်း…။

■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာသုံးရာတစ်မိနစ်တာ
# One Minute Interview



အလင်းရောင်က ပိုပြီး အားစိုက်ကြိုးစားရတဲ့ ဇာတ်ရုပ်တွေကို ပိုသဘောကျနေပြီး အဲဒီဇာတ်ရုပ်မျိုးတွေလည်း လက်ခံရိုက်ကူး ဖြစ်နေပါတယ်။ မကြာသေးမီကမှ ဒါရိုက်တာ ကျော်သူ ရိုက်ကူးတဲ့ **ဂမ္ဘီရမျက်လုံး** ရုပ်ရှင်ကားကြီး မှာလည်း ပါဝင်သရုပ်ဆောင်ထား သလို ဒါရိုက်တာ ကျော်သူနဲ့ပဲ **ဒဏ္ဍာရီပင်လယ်** ဇာတ်ကားမှာလည်း ထပ်မံလက်တွဲဖြစ် ပြန်ပါတယ်။

**အလင်းရောင်က ဒါရိုက်တာကိုကြိုက်လို့ ဇာတ်လမ်းမကြည့်ဘဲ လက်ခံတာမျိုး ရှိတတ်လား။ ဦးမောင်(ကျော်သူ)ကရော ဘယ်လို ဒါရိုက်တာမျိုးလို့ ကိုယ်ခံစားမိလဲ။**

တစ်ခါတလေလည်း ဇာတ်လမ်းအရမ်းကြိုက်လို့ ဒါရိုက်တာတောင် မကြည့်ဘဲ လက်ခံ လိုက်တာမျိုးလည်း ရှိတတ်ပါတယ်။ တစ်ခါ တလေကျတော့လည်း ဒါရိုက်တာကို အရမ်းကြိုက်ပြီးတော့ ဇာတ်ကို မကြည့်ဘဲ ရိုက်တယ်။ ရိုက်နေရင်းနဲ့မှ ပိုကောင်းလာပြီး ရုပ်လုံးပေါ်လာတာ တွေလည်း ရှိပါတယ်။ ဦးမောင်ကတော့ ကိုယ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ချင်တဲ့ ဒါရိုက်တာ၊ Actor မျိုး၊ ဇာတ်လမ်းကျတော့လည်း အခုရိုက်ထားတဲ့ **ဂမ္ဘီရမျက်လုံး** ဆိုရင် ကျွန်တော်တစ်ခါမှ မရိုက်ဖူးတဲ့ ဇာတ်မျိုးလည်း ဖြစ်တယ်။

**အခု 'ဒဏ္ဍာရီပင်လယ်' ကကျတော့ မင်းသမီးဇာတ်နော်။**

ဟုတ်တယ်။ ဒီကားမှာက ကျွန်တော်က အရမ်းကြီး Heavy ကြီး မဟုတ်ဘူး။ ပေါ့ပေါ့ပါးပါးပဲ။ ဒီကားကို ဘာလို့လက်ခံဖြစ်တာလဲဆိုတော့ ဟိုးငယ်ငယ်လေးက တည်းကပုံပြင်တွေမှာ ရေသူမပုံပြင်လေးတွေ ကြိုက်တယ်။ တစ်ချိန်ကျရင်လည်း ကိုယ်တိုင်ပါဝင်သရုပ်ဆောင် ကြည့်ချင်ခဲ့တယ်။ ဒီကားလေးက ဒဏ္ဍာရီဇာတ်လေးလည်း ဖြစ်တော့ ရိုက်ချင်သွားတာပါ။

**အရမ်းခိုင်းတဲ့ ဒါရိုက်တာတွေနဲ့ရော ကြုံဖူးပြီလား။**

တွေ့ဖူးပြီ။ ဦးမောင်အရမ်းခိုင်းတယ်။ ပြီးတော့ ကိုဝိုင်းလည်း အရမ်းခိုင်းတယ်။ ကိုစတီးလည်း အရမ်းခိုင်းတယ်။ ကျွန်တော်နဲ့ ရိုက်ဖူးသမျှ ဒါရိုက်တာတွေပေါ့နော်။ တခြား ဒါရိုက်တာတွေနဲ့က မဆုံဖြစ်တာလည်း ပါတယ်။ ဦးမောင်နဲ့ကတော့ အရှေ့မှာလည်း **ဂမ္ဘီရမျက်လုံး** မှာရိုက်တုန်းက ကျွန်တော် ပေါင် ၁၇၀ ကနေ ၁၅၆ ပေါင် အထိ ကျသွားတယ်။ Weight ပါတစ်ခါတည်း ကျသွားတယ်။ အဲဒီကားက တော်တော် ပင်ပန်းတယ်။ ကိုလိုနီခေတ်တွေပါ ပါတော့ လန်ချားဆွဲရတာတွေလည်း ပါတယ်။ မိကျောင်းတွေနဲ့ ရေထဲမှာ Fight ရတာတွေလည်း ပါတော့ အရမ်းပင်ပန်းတယ်။ ဒါရိုက်တာတစ်ယောက်နဲ့ တစ်ယောက်နဲ့ကတော့ ဇာတ်လမ်းပုံစံတွေ မတူသလို ပင်ပန်းတဲ့ ပုံစံချင်းလည်း မတူဘူး။ ဒါပေမဲ့ အားလုံးကတော့ တကယ် ခိုင်းကြတဲ့သူတွေချည်းပါပဲ။

**ခုနောက်ပိုင်း ပိုအားစိုက်ရတာလား။ ယှဉ်ပြိုင်ရတာတွေ ပိုများလာလား။**

ဒီနှစ်ပိုင်းထဲမှာဆို ယှဉ်ပြိုင်မှုတွေလည်း ပိုများလာတယ်။ ပြီးတော့ တစ်ကားထက် တစ်ကားပေါ့နော်၊ အရင်တုန်းကဆိုရင် မင်းသားအစွဲတွေ မရှိကြတာ ပိုများတယ်။ အခုကျတော့ ဇာတ်လမ်းပေါ်မှာ ပိုစိတ်ဝင်စားလာကြတယ်။ ဇာတ်လမ်းကောင်းရင် အားပေးကြတယ်။ ကိုယ့်အတွက်လည်း ပိုပြီး တာဝန်ကြီးတယ်။ ဇာတ်လမ်းရွေးချယ်မှုအပိုင်းမှာလည်း ကိုယ့်အတွက်က အများခံလို့ မဖြစ်ဘူးပေါ့။

**ခုချိန်မှာက ဘယ်အပိုင်းကို ပိုထိန်းသိမ်းရလဲ။**

အရှေ့ပိုင်းမှာကျတော့ ကျွန်တော့်ကားတွေ စ,ရုံတင်လာပြီဆိုရင် ဩော်... သူက အသစ်လေးပဲဆိုပြီးတော့ နားလည်ပေးနိုင်တယ်ပေါ့နော်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ကားရိုက်တွေများလာတဲ့အချိန်မှာ သတိထားပြီးတော့ ကြိုးစားဖြစ်လာတယ်။ ကားရိုက်များလာတာနဲ့အမျှ အပြစ်တွေ တွေ့လာကြတော့မယ်။ အိုက်တင်ကောင်း၊ မကောင်းလည်း ပိုပြီး သတိထားမိလာကြတော့မယ်။

**တစ်ခါတလေ သူ မရိုက်ဖြစ်လို့ ကိုယ် ဝင်ရိုက်လိုက်ရတဲ့ ဇာတ်ကားမျိုးကျရင်...။**

ရှိပါတယ်။ ဒါပေမဲ့ သူ မရိုက်ဖြစ်လို့ ကိုယ်ဝင်ရိုက်ရတယ်ဆိုတာထက် ကိုယ့်ကို ဇာတ်လာပေးတဲ့အချိန်မှာ ဇာတ်ကို ကြိုက်လို့ဆိုပြီး ဝင်ရိုက်ဖြစ်တာများပါတယ်။ ဇာတ်မကြိုက်ရင်တော့ ငြင်းပါတယ်။

**ကိုယ်ဝင်ရိုက်လို့ အောင်မြင်သွားတဲ့အခါ ငါလုပ်နိုင်တယ်ဆိုတဲ့ Proud ဖြစ်တာမျိုးရော ဖြစ်နိုင်လား။**

အဲဒီလိုတော့ မဖြစ်လာနိုင်ဘူး။ ဘယ်သူ မရိုက်တဲ့ ဇာတ်ကို ရိုက်တယ်ဆိုတာထက် ဇာတ်ကို ဖတ်ပြီးတော့နဲ့ မျက်လုံးထဲမှာ ပုံဖော်ကြည့်လိုက်တယ်။ ကိုယ်နဲ့ လိုက်၊ မလိုက်၊ ကိုယ်လုပ်နိုင်၊ မလုပ်နိုင် ကြည့်တယ်။ ကိုယ့်ဟာကိုယ် ချိန်တယ်။ ကိုယ်လည်း တကယ်ရိုက်ချင်တယ်၊ ကိုယ်လည်းလုပ်နိုင်တဲ့ ဇာတ်ဆိုလုပ်တာပေါ့။

**ခုချိန်မှာ အလင်းရောင်လိုချင်တဲ့ အတိုင်းအတာ ရပြီလား။**

လိုပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာက လောဘကြီးတယ်လေ။ ဒီအတိုင်းအတာလောက်နဲ့တော့ ကျွန်တော့်အတွက် အများကြီး လိုပါသေးတယ်။

အလင်းရောင်က သီချင်းဘက်ကိုတော့ သိပ်မလှည့်ဖြစ်တော့ဘဲ ရိုက်ကူးရေးတွေဘက် အချိန်ပေးဖြစ်နေပြီး နောက်ပိုင်းမှာလည်း ရိုက်ကူးရေးအလုပ်တွေက ပိုများလာတယ်လို့ ဆိုပါတယ်။ ဒါရိုက်တာ စတီးနဲ့ နှစ်ကားရိုက်ကူးဖို့ ရှိနေသလို ဒါရိုက်တာ ဝိုင်းနဲ့လည်း ရိုက်ဖို့ရှိနေပြီး ဒီနှစ်ထဲမှာ အချစ်ကားလှလှလေးတစ်ကား ပုံဖော်ဖို့ ရှိနေတယ်လို့ ဆိုပါတယ်။

■ မန်းသူ

# တကယ်ခိုင်းတဲ့ ဒါရိုက်တာတွေနဲ့ပဲ တွေ့တဲ့ အလင်းရောင်

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# သန့်ရှင်းရေးဝန်ထမ်းများနဲ့ ကလေးများကို လှူဒါန်းပေးခဲ့တဲ့ ညီထွဋ်ခေါင်

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com





ဧပြီလ ၂၆ ရက်နေ့က မွေးနေ့ကျရောက်တဲ့ သရုပ်ဆောင် ညီထွဋ်ခေါင်က စည်ပင်သန့်ရှင်းရေးဝန်ထမ်းများနဲ့ ကလေးငယ်များကို သွားရောက်လှူဒါန်းပေးမယ်လို့ ဖုန်းဆက်လာပါတယ်။ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီမှာ ညီထွဋ်ခေါင် မွေးနေ့လှူမယ့် တောင်ဥက္ကလာ စည်ပင်ဝင်းထဲကို အရင်ဆုံး သွားရောက် သတင်းယူခဲ့ပါတယ်။

ကျွန်တော်တို့ ရောက်တဲ့အချိန် ညီထွဋ်ခေါင်ကလည်း စည်ပင်ဝင်းထဲကို တစ်ချိန်တည်း ရောက်ရှိလာပါတယ်။ ညီထွဋ်ခေါင် ရောက်လာတာနဲ့ အသင့်စောင့်ဆိုင်းနေကြတဲ့ စည်ပင်သန့်ရှင်းရေးဝန်ထမ်းများက Happy Birthday လို့ ကြိုဆိုနှုတ်ဆက်ကြပါတယ်။ ညီထွဋ်ခေါင်က သန့်ရှင်းရေးဝန်ထမ်း အယောက် ၁၅၀ ကျော်ကို ဆန်နဲ့ဆီ တစ်ဦးစီ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းပေးပါတယ်။

ဆန်၊ဆီ လှူဒါန်းပေးပြီးနောက် ကလေးများအတွက် အအေး ထပ်ဝေပေးမယ့် အစီ



www.burmeseclassic.com

www.burmeseclassic.com

အစဉ်မတိုင်ခင်မှာပဲ သန့်ရှင်းရေးဝန်ထမ်းများက သူတို့ချွေးနှဲစာနဲ့ စုပေါင်းစပ် ပေါင်းလုပ်ထားကြတဲ့ မွေးနေ့ကိတ်သေးသေးလေးတစ်လုံး ညီထွဋ်ခေါင်အတွက် စီစဉ်ပေးထားတယ်လို့ သိလိုက်ရတဲ့အချိန်မှာ ညီထွဋ်ခေါင်တစ်ယောက် မျက်ရည်လည်သွားခဲ့ပါတယ်။

သူ မျက်ရည်လည်မယ်ဆိုလည်း လည်လောက်ပါတယ်။ သန့်ရှင်းရေးဝန်ထမ်းများက ဒီလိုမွေးနေ့ကိတ် စီစဉ်ပေးထားမယ်လို့ သူ မမျှော်လင့်ထားလို့ပါ။ ဒါကြောင့် တစ်ရှူးလေးတွေ ကိုင်ပြီး တစ်ဖက်လှည့်ကာ မျက်ရည်သုတ်လိုက်တာ တွေ့လိုက်ရပါတယ်။ ခဏနေတော့ သန့်ရှင်းရေးဝန်ထမ်းများက Happy Birthday သီချင်း သံပြိုင်သီဆိုပေးပြီး ကိတ်မုန့်ကို ခွဲခဲ့ပါတယ်။ ညီထွဋ်ခေါင်က သူတို့ကို ကိတ်မုန့် ခွဲ့ကျွေးခဲ့ပြီး စည်ပင်ဝင်းအတွင်းမှာ နေထိုင်တဲ့ ဝန်ထမ်းများရဲ့ သားသမီးများအတွက် အအေးမျိုးစုံ ဆက်လက် လှူဒါန်းပေးခဲ့ပါတယ်။

ဒီလောက်နဲ့တင် မပြီးသေးဘဲ မြောက်ဒဂုံ စည်ပင်ဝင်းကို ဆက်ပြီး သွားရောက်ခဲ့ပါတယ်။ မြောက်ဒဂုံ စည်ပင်ဝင်းထဲက သန့်ရှင်းရေး ဝန်ထမ်းများအတွက် တောင်ဉက္ကလာမှာလိုပဲ လူ ၁၅၀ ကျော်အတွက် ဆန်နဲ့ဆီ လှူဒါန်းပေးခဲ့ပြန်ပါတယ်။ နောက်ထပ် သွားရောက် လှူဒါန်းတဲ့နေရာကတော့ NAC လို့အတိုကောက်ခေါ်တဲ့ NLD AIDS Center ကိုပါ။ အဲဒီကိုရောက်တော့ တာဝန်ရှိသူများက ဒီမှာရောက်ရှိနေတဲ့ ကလေးငယ်များရဲ့ အခြေအနေများနဲ့





www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ရှင်းလင်းပြောကြားပေးခဲ့ပါတယ်။ တချို့ကလေးများဆိုရင် ရောဂါပြင်းပြီး အခြေအနေဆိုးနဲ့ ဒီနေရာကို ရောက်လာခဲ့ပေမဲ့ အခုချိန်မှာတော့ လူကောင်းပကတိလို ရုပ်ရည် သန့်ပြန့်ပြီး ပျော်ပျော်ရွှင်ရွှင် အများနည်းတူ နေထိုင်သွားလာနေတာ သူတို့ရှင်းပြလို့ မြင်ခဲ့သိခဲ့ရပါတယ်။

ကလေးတွေက ရောဂါရှိတဲ့ ကလေးတွေလို့ မထင်ရအောင် ဆော့နိုင်တယ်၊ ပြေးနိုင်တယ်။ ကလေးတွေကြည့်တော့လည်း အားလုံး သန့်သန့်ပြန့်ပြန့်လေးတွေပါပဲ။ သူတို့လေးတွေအတွက် ညီထွဋ်ခေါင်က တစ်နေ့စာလုံး ကျွေးမွေးလှူဒါန်းဖို့ တာဝန်ယူထားတာကြောင့် ညနေစာကို ၅ နာရီခွဲလောက်မှာ စပြီး ကျွေးပါတယ်။ ကလေးတွေက ထမင်းမစားမီ မွေးနေ့ရှင်











www.burmeseclassic.com

www.burmeseclassic.com



ညီထွဋ်ခေါင်အတွက် မွေးနေ့ ဆုတောင်းပေးတဲ့အသံတွေက တော့ တကယ့်ကို ဝမ်းနည်းစရာ၊ ကရုဏာသက်စရာ အသံတွေပါပဲ။ သူတို့ဆု တောင်းပေးကြတာကလည်း သူတို့လို ဂိလာနတွေကို တစ်နေ့စာ ကျွေးမွေးလှူဒါန်းတဲ့ အတွက် စေတနာသန့်သန့်နဲ့ ဆုတောင်းပေးခဲ့ကြတာပါပဲ။ ညီထွဋ်ခေါင်က ကလေးတွေကို ကိုယ်တိုင်လိုက်ပြီး ဟင်းတွေ ခပ်ထည့်ပေး၊ သိပ်ငယ်တဲ့ ကလေးတွေကိုတော့ ကိုယ်တိုင် ဇွန်းနဲ့ ခပ်ပြီး ခွံ့ကျွေးပေးခဲ့ပါတယ်။ ကလေးတွေအတွက် တစ်နေ့လုံးစာ လှူဒါန်းပေးတဲ့အပြင် အအေးတွေလည်း ဝေငှပေးခဲ့တာ မြင်တွေ့ခဲ့ရပါတယ်။

သန့်ရှင်းရေးဝန်ထမ်းများနဲ့ ကလေးငယ်များကို မွေးနေ့အထိမ်းအမှတ် လှူဒါန်းခဲ့တာနဲ့ ပတ်သက်ပြီး ညီထွဋ်ခေါင်က "ဒီနေ့မှာတော့ ကျွန်တော်က တောင်ဥက္ကလာပက သန့်ရှင်းရေးဝန်ထမ်းတွေနဲ့ မြောက်ဒဂုံက သန့်ရှင်းရေးဝန်ထမ်းတွေ၊ ပြီးတော့ NLD AIDS Center က ကလေးတွေကို လှူဒါန်းပေးတာပါ။ နှစ်စဉ် မွေးနေ့မှာ အလှူနဲ့တော့ ဖြတ်သန်းတာပါပဲ။ ဒါပေမဲ့ ဒီနှစ် လှူဒါန်းလိုက်ရတာက ခါတိုင်းနှစ်များနဲ့ မတူတဲ့ ပီတိကို ရလိုက်ပါတယ်။ သန့်ရှင်းရေးဝန်ထမ်းတွေဆိုရင်လည်း ကိုယ်က သူတို့ကို လှူတယ်။ သူတို့က ကိုယ့်ကိုအသိအမှတ်ပြန်ပြုပြီး သူတို့ရဲ့ချွေးနဲ့စာတွေနဲ့ မွေးနေ့ကိတ်လေး စီစဉ်ပေးထားတော့ ရင်ထဲမှာ ဆို့တက်သွားပြီး မခံစားနိုင်အောင် ဖြစ်ခဲ့ရတယ်။

"ကလေးတွေကို ထမင်း





www.burmeseclassic.com

www.burmeseclassic.com



ကျွေးတော့လည်း ကျွန်တော် တစ်ခါမှ မရဖူးတဲ့ ပီတိမျိုး သူတို့ရဲ့မေတ္တာပို့ ဆုတောင်း ပါရလိုက်ပါတယ်။ ကလေး တွေကို လှူခွင့်ရလိုက်တာ ပထမဦးဆုံး အတွေ့အကြုံပါ ပဲ။ အရမ်းကို ပီတိဖြစ်ရပါ တယ်။ ဆုတောင်းတဲ့ အထဲ မှာ သူတို့ဟာ ဂိလာနပါဆိုပြီး တော့ အလှူရှင်တွေကိုပြော ပြီး ဆုတောင်းပေးတယ်။ အဲဒီလို သူတို့ကိုယ်သူတို့ ဂိလာနပါလို့ပြောပြီး ဆုတောင်း တော့ ရင်ထဲမှာမကောင်းဘူး။ ဒီကလေးတွေကို လှူဒါန်းခွင့် ရလို့ အများကြီး ဝမ်းသာ တယ်။ နောက်ထပ်လည်း လှူချင်ပါသေးတယ်။ ဒီမှာ တွေ့ရတဲ့ ကလေးတွေဆိုရင် ငယ်ငယ်လေးတွေ ရှိကြသေး တယ်။ မိဘမရှိတဲ့သူ၊ နည်း မျိုးစုံနဲ့ ဒီနေရာကို ရောက် လာကြတဲ့အခါ စောင့်ရှောက် ပေးကြသူတွေကိုလည်း ကျေးဇူးတင်ရပါတယ်။ နိုင်သလောက်လည်း ကျွန်တော် ဆက်ပြီး ဝန်းရံသွားမှာ ပါ"လို့ ပြောပြခဲ့ပါတယ်။

ညီထွဋ်ခေါင်က ဆက် လက်ပြီး "ဒီနေ့ အလှူက ပရိသတ်တွေရဲ့ အလှူပါပဲ။ ကျွန်တော့်အလှူ မဟုတ်ပါ ဘူး။ ပရိသတ်က အားပေးတဲ့ အနုပညာကြေးနဲ့ ရလာတဲ့ မေတ္တာကြေးတွေကို ကျွန် တော် ပြန်ပြီး လှူပေးတာပါ။ ဒါကြောင့် ကျွန်တော့်အလှူဆို တာထက် ပရိသတ်အလှူ ဆိုရင် ပိုမှန်ပါတယ်။ သင်္ကြန် မတိုင်ခင်ကတည်းက ကျွန် တော် လှူဖို့ ရည်စူးထားတာ ပါ။ သင်္ကြန်မှာ ပွဲလေးဆိုလို့ ရရင်လည်းအနုပညာကြေးနဲ့ ပိုလှူ နိုင်မယ်ပေါ့။ သင်္ကြန် မှာ သီချင်းဆိုခွင့်ရခဲ့လို့လည်း ဒီလောက် လှူဒါန်းနိုင်တာ ပါ" လို့လည်း ဆိုပါတယ်။

■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



# နောင်တမရချင်လို့ ပိုကြိုးစားနေရတဲ့ အောင်မြင့်မြတ်

မနိုးသူ

"အဓိက ,ကတော့ သိန်းစိုးကြောင့်ပါပဲ။ ကျွန်တော့်ရဲ့ အားလုံးရဲ့အစက သိန်းစိုးကြောင့်ပါပဲ။ သိန်းစိုးကြောင့် အောင်မြင့်မြတ် ဖြစ်သွားတယ်။ သူ့ရဲ့တွန်းအားတစ်ခုနဲ့ ဆက်သွားပြီးတော့ သူ့ရဲ့တွန်းအားနဲ့ အချိန် အတိုင်းအတာ တစ်ခုထိ ဆက်သွားချင်တယ်။ အဲဒါကြောင့်လည်း ကျွန်တော် ပိုပြီး ဂရုစိုက်ရတယ်"လို့ ပြောလိုက်သူက ဥပါယ်တံမျဉ် ဇာတ်ကားထဲက "သိန်းစိုး"လို့ ပရိသတ် သိသွားအောင် သရုပ်ဆောင်ပြနိုင်ခဲ့တဲ့ မျက်နှာသစ် သရုပ်ဆောင် အောင်မြင့်မြတ် ပါ။ အောင်မြင့်မြတ်က ခုဆိုရင် ဇာတ်ကား တော်တော်များများမှာ ကမ်းလှမ်းခြင်းခံရပြီး နောင်တမရတဲ့ အလုပ်တွေ ကြိုးစားလုပ်ဆောင် နေတယ်ဆိုသော အနုပညာလူသစ် တစ်ယောက်ရဲ့ ခြေလှမ်းအသစ်တွေကို မေးကြည့်ခဲ့ပါတယ်။

**အောင်မြင့်မြတ်နဲ့ သိန်းစိုး ဘယ်သူက ပိုနာမည်ကြီးလဲ။**

အဲဒါတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ သိန်းစိုးကတော့



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သူ့လူထဲ ပိုရောက်တာ ပေါ့နော်။
ကျွန်တော့်အတွက်တော့ သိန်းစိုးက
သေသွားပြီး နောက်အသစ်အတွက်
ကြိုးစားနေပါတယ်။

**ဇာတ်ဒီတို့နဲ့တွဲပြီး အောင်မြင့်မြတ်ကို လူသိတယ်။ နောက် Line Walker ထဲမှာလည်း ပါလိုက်တော့ ပိုစိတ်ဝင်စားကြလား။ အခု ကမ်းလှမ်းမှုတွေရဲ့အစက…။**

အဓိက,ကတော့ သိန်းစိုးကြောင့်ပါပဲ။
ကျွန်တော့်ရဲ့ အားလုံးရဲ့အစက
သိန်းစိုးကြောင့်ပါပဲ။ သိန်းစိုးကြောင့်
အောင်မြင့်မြတ် ဖြစ်သွားတယ်။ ရောက်နေတဲ့
နေရာတစ်ခု၊ ရနေတဲ့ ကာရိုက်တာတစ်ခု
ပျက်စီးသွားမှာ မလိုချင်ဘူး။ အဲဒါကို
ဆက်ထိန်းသိမ်းရတာပေါ့နော်။ ဘယ်လို
ပြောမလဲ။ ဖွဖွလေး ကိုင်ထားရတာပေါ့နော်။
အသက်ပြင်းပြင်းတောင် ရှူလို့မရဘူး။
အဲဒီအခြေအနေပေါ့။ အဲဒီတော့
အရမ်းလည်း ဘေးကျပ်နံကျပ်ဖြစ်တယ်။
အခက်အခဲလည်းအရမ်း ရှိတယ်။
တချို့တွေနဲ့ မိတ်ပျက်တာတွေတောင်ရှိတယ်။
ဒါပေမဲ့ တော်တော်များများကလည်း
နားလည်ကြပါတယ်။ ကိုယ်လိုချင်တဲ့
နေရာ တစ်ခုရောက်အောင်
ဒီလိုပဲ ရုန်းကန်ပြီး သွားရတာပေါ့။

**ကိုယ့်ဆီလာတဲ့ ဇာတ်တွေဆို ခေါင်းဆောင်ဖြစ်မှ ရိုက်မှာလား။ လာတဲ့ဇာတ်တွေကကို ဖြစ်သွားတာလား။**

မဟုတ်ဘူး။ No, ကျွန်တော်က
ဇာတ်အရမ်းမိုက်တယ်။ ကိုယ်က ဒီဇာတ်ကို
ဘယ်လိုပံ့ပိုးပေးနိုင်လဲ။ ကာရိုက်တာက
ဘယ်လိုရှိလဲ။ အခန်းများများ၊
နည်းနည်း ဒီကာရိုက်တာရဲ့ အရေးပါပုံ၊
လုပ်ဆောင်ပုံကို မေးပြီးမှ
အဆင်ပြေရင် လုပ်ဖြစ်တယ်။
ခေါင်းဆောင်ဖြစ်မှ မဟုတ်ဘူး။

**အခုရော ဒီအနုပညာတစ်ခုတည်းနဲ့ ရပ်တည်လို့ ရသွားပြီလား။**

အဲဒီလိုပြောရင်လည်း ရပါတယ်။
ဘယ်လိုလဲဆိုတော့ ပိုက်ဆံက နည်းနည်း
ရတာနဲ့ များများရတာပဲ ရှိတာပါ။
စားလို့ သုံးလို့လည်း လောက်နေတာပဲလေ။
ကိုယ်လုပ်ချင်တာတစ်ခု လုပ်နေရတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ကိုယ်ပျော်တယ်။ အမိကကတော့ နောင်တမရချင်ဘူး။ ရိုက်ပြီးမှလည်း နောင်တမရ ချင်ဘူး။ အဲဒါကြောင့်မို့ ပိုပြီးတော့ လုပ်ရတာပေါ့။

**စနေမောင်မောင်က ၂၀၂၀ မှဆိုတော့ ဒီနှစ်ထဲမှာ ရိုက်ကူးဖို့က…။**

အခု ဩဂုတ်လပိုင်းမှာ ကျွန်တော် တစ်ကားရိုက်ဖြစ်မယ်။ ခေါင်းဆောင်ပဲ။ အဲဒီကားအတွက်က ဇွန်လပိုင်းနဲ့ ဇူလိုင်လပိုင်းကတည်းက Preproduction တွေ လုပ်ကြမယ်ဆိုတော့ သူတို့ကို အချိန် ၃ လ ပေးထားတယ်။ တကယ့်ရိုက်ကူးရေးကတော့ တစ်လပါပဲ။ သူ ဇာတ်လာ ပေးကတည်းက၊ နားထောင်လိုက်ကတည်းက ရိုက်မယ့် ဒါရိုက်တာကလည်း လူငယ်ပဲ။ ထက်ဝေယံနိုင်တဲ့။ သူပြောတဲ့ ဇာတ်လမ်းက အရမ်း အရမ်းကို မိုက်တယ်။ အချိန်တော့ပေးရမယ်။ သူ ကျွန်တော့်ကို အကြမ်းလာပြောကတည်းက ဇာတ်က ပြီးနေပြီ။ နောက်နေ့ဆို Scene Serial တွေ လာပေးမှာ။ ဩဂုတ်လပိုင်းဆို ရိုက်ပြီ။

**ကိုယ်တိုင်လည်း အခုက အသစ်လိုပဲ ဆိုတော့လေ ခုလို ဒါရိုက်တာအသစ် တစ်ယောက်နဲ့ လက်တွဲရမယ် ဆိုတော့…။**

ဘာမှတော့ မဖြစ်ပါဘူး။ သစ်သစ်၊ ဟောင်းဟောင်းပေါ့။ အဲဒီလိုပြောမယ် ဆိုရင်တော့ ကျွန်တော်က သစ်သစ်၊ ဟောင်းဟောင်း စကားအရင် ပြောကြည့် တယ်။ ကိုယ့်ဇာတ်ကိုဖန်တီးတယ်။ ကိုယ့်ဟာကိုယ် ဇာတ်ညွှန်းတွေ ထုဆစ်ကြတဲ့ အခါကျတော့ အများကြီး သူတို့ ဒီဇာတ်ကို နားလည်တယ်။ ကိုယ်အရမ်းသိချင်တာတွေ သူတို့ကိုမေးလို့ရတယ်။ လူငယ်ချင်းလည်း ဖြစ်တယ်။ အမိကက အဲဒါပါ။ လူကြီးတွေ ဆိုတာထက်လေ လူငယ်တွေကျတော့ ကျွန်တော်နဲ့ သိပ်မကွာတဲ့အခါ ကျတော့ ပိုပြီး Close ဖြစ်တယ်လို့ ခံစားရတယ်။ ကျွန်တော်က သူတို့နဲ့ ပိုပန် သင့်တယ်။ အောင်မြင့်မြတ်က 'ငရဲပက်'ထဲမှာလည်း 'ဇွဲ'ဖြစ်သွားမယ်လို့ ယုံကြည်တယ်လို့လည်း ပြောပြခဲ့ပါတယ်။

■ မန်းသူ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အကာအရံတွေ ဖောက်ထွက်မယ်ဆိုတဲ့စိတ် အမြဲရှိတဲ့ စဝ်ယွန်းဝတီဦး

**မန်းသူ**



စဝ်ယွန်းဝတီဦးက Miss Myanmar International 2017 Winner ဆုရှင်ဖြစ်ပြီးတဲ့နောက်မှာ Organization ရဲ့ ပံ့ပိုးမှုနဲ့ အနုပညာလမ်းကြောင်းပေါ် ရောက်ရှိလာခဲ့ပြီး ရုပ်ရှင်ကားကြီးတွေ၊ ဇာတ်လမ်းတွဲတွေ ရိုက်ကူးလာတဲ့ သရုပ်ဆောင် ဖူးငုံပွင့်သစ်လို့ ဆိုရမှာ။ **လူကြီးလူကောင်း၊ ဟစ်တိုင်** ရုပ်ရှင်ကားကြီး ၂ ကားနဲ့ **အဆောင်** ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးထားပြီး နောက်ထပ်လည်း အနုပညာလုပ်ငန်းတွေ ဆက်တိုက်လုပ်မယ့် စဝ်ယွန်းဝတီဦးနဲ့ **ဟစ်တိုင်** စာနယ်ဇင်းပွဲမှာ တွေ့ဆုံခဲ့ပါတယ်။

**ပထမဆုံး အတွေ့အကြုံဆိုတာက ကိုယ့်အတွက် ဘယ်လိုရင်ခုန်စိတ်လှုပ်ရှားမှုတွေနဲ့ စ,ခဲ့ရလဲ။**

ဝါရင့်သရုပ်ဆောင်တွေနဲ့ ရိုက်ရတာဖြစ်တဲ့အတွက် ရိုက်ချိန်မှာ နည်းနည်းရှိန်နေတာမျိုးတွေ ဖြစ်တယ်။ ဟစ်တိုင်ဆိုရင် ဒရာမာကားလည်းဖြစ်တဲ့အတွက် အိုက်တင်တွေ ပိုလုပ်ရတယ်။ ဒရာမာအနေနဲ့လည်း ပထမဆုံးကားဆိုတော့လေ။ ပထမဆုံးကားဆိုရင် လူကြီးလူကောင်း ကားမှာ ပါခဲ့တာ။ သူကတော့ ပေါ့ပေါ့ပါးပါး၊ နှစ်ကား ရိုက်တုန်းက အဲဒီအခက်အခဲတွေ ရှိခဲ့တယ်။ မျက်လုံးချင်းဆုံရင် Blank ကြီးဖြစ်သွားတာမျိုးတွေ ရှိခဲ့တယ်။ အခုနောက်ပိုင်းတော့ အလုပ်ကလည်း သင်သွားတယ်။ Motivation တွေကို Control လုပ်နိုင်နေပါပြီ။ တစ်ခါတလေ ထပ်ကာထပ်ကာ ပြန်လုပ်ရတာမျိုး၊ အချစ် Fancy လေးပါပဲ။

**အကောင်းဆုံး သရုပ်ဆောင်မယ်ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့ပေမဲ့ တကယ့်ရိုက်ကွင်းနဲ့ နဖူးတွေ့၊ ဒူးတွေ့ တွေ့တဲ့အခါ…။**

ညီမကလေ အရမ်းစိတ်လှုပ်ရှားတတ်တယ်။ အဲဒီရိုက်ကွင်းပေါ် ရောက်သွားရင် ပိုဆိုးတယ်။ ကင်မရာတွေ ရှေ့ရောက်သွားရင် ကိုယ်လုပ်တတ်တာတွေ၊ ဒိုင်ယာလော့ခ်တွေတောင် မေ့သွားတယ်။ အဲဒီရုပ်ရှင်ကားကြီး



www.burmeseclassic.com

www.burmeseclassic.com





**ကိုယ့်ကြောင့် ပြန်ပြင်ရတာမျိုးတွေရှိခဲ့ရင် စိတ်ပျက်အားငယ်မှုက…။**

ဟုတ်တယ်။ အဲဒီအချိန်မှာဆိုရင်လေ အရမ်းအားနာ တယ်။ အားနာတယ်ဆိုတာထက် ကြောက်တယ်။ ကိုယ့်ကိုများ စိတ်ဆိုးသွားမလား၊ မုန်းသွားမလားပေါ့။ ခုတော့ ရိုက်တာတွေ များလာတာနဲ့ အမှုပိုနားလည်လာတယ်။ တစ်ဖက်က အရမ်းကောင်းနေတဲ့အချိန် တစ်ဖက်က မကောင်းရင် သတ်လိုက်သလိုပဲ။ အဲဒီလိုမျိုးတွေထပ်မဖြစ်စေချင်ဘူး။

**ညီမကို Miss လို့လည်း သိထားတော့ အခုသရုပ်ဆောင်ဘက် ရောက်လာတယ်။ ညီမရဲ့ မူရင်းဆန္ဒကရော…။**

ညီမကလေ သရုပ်ဆောင်ဖြစ်မယ်လို့ အိပ်မက်တစ်ခါမှ မမက်ခဲ့ဖူး။ Miss ဆိုတာကလည်း မိန်းကလေးတစ်ယောက်အနေနဲ့ မှတ်တိုင်တစ်ခုရအောင် လုပ်ခဲ့တာ။ သရုပ်ဆောင်ကတော့ နောက်ထပ် လှေကားထစ်တစ်ခု၊ ခြေလှမ်းတစ်ခုအနေနဲ့ပေါ့။ Organization ကလည်း ကိုယ့်ကို Support ပေးလို့ လျှောက်လှမ်းခွင့်ရတယ်။ ကံကောင်းတာလည်းပါတယ်။ ညီမကြိုးစားဖို့ အခွင့်အရေးရတယ်။ အနုပညာခြေလှမ်းအစအနေနဲ့ ဒီဘက်ကိုရောက်လာတဲ့သဘောပါ။

**ကိုယ့်ခြေလှမ်းအစကရော လွယ်ကူလား၊ ခက်ခဲလား။**

ညီမအတွက်ကတော့ ခက်ခဲတာပေါ့နော်။ ဒါပေမဲ့ ညီမ အခွင့်အရေးကောင်းတွေ အများကြီးရတယ်။ အဲဒီမှာမှ ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်တာတွေ၊ မလုပ်တတ်တာတွေတော့ အမြဲရှိတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို အမြဲ ပြင်ဆင်ပြီးတော့ ကိုယ်ရတဲ့ အခွင့်အရေးတိုင်းကို အကောင်းဆုံး အမိအရ ဖမ်းဆုပ်နိုင်ဖို့ အမြဲကြိုးစားတယ်။

**ဟစ်တိုင်မှာ ပါဝင်ဖြစ်တာကရော။**

ညီမတို့ Organization က ညီမ winner ရအပြီးမှာ ဒီဇာတ်လမ်းက ညီမနဲ့ လိုက်တယ်ဆိုပြီးတော့ ပရိုဂျူဆာကလည်း သဘောကျပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်လား၊ မလုပ်နိုင်လား ဆိုတာ ဒါရိုက်တာတွေနဲ့ Test လုပ်ကြည့်တယ်။ သူတို့ကလည်း ညီမ သရုပ်ဆောင်တာ သဘောကျပြီးတော့ ပါခဲ့တာပါ။ စဝ်ယွန်းဝတီဦး ပါဝင်သရုပ်ဆောင်ထားတဲ့ **အဆောင်** ဇာတ်လမ်းတွဲကိုလည်း မကြာမီ ထုတ်လွှင့်တင်ဆက်တော့မှာဖြစ်ပြီး **ဟာစ်တိုင်** ရုပ်ရှင်ကြီးကလည်း မေလ ၁၆ ရက်နေ့က စတင်ရုံတင်ပြသခဲ့ပါပြီ။ "ညီမက ဒီအနုပညာလောကမှာ အဓိက စိတ်ဓာတ်ပေါ့နော်။ Up and Down အမြဲဖြစ်တယ်။ ဆက်လုပ်ရမလား၊ မလုပ်ရဘူးလား ခုထိဖြစ်နေတယ်။ ဒါပေမဲ့လေ ဘာလို့လဲ မသိဘူး။ ဒီလမ်းကိုပဲ အမြဲ ရွေးဖြစ်နေတယ်။ ထပ်ပြီးမှ ကြိုးစားမယ်ဆိုတဲ့ လမ်းကိုပဲ အမြဲ ရွေးဖြစ်နေတယ်။ ဒီဟာက ငါ့ကို ကာထားတာလား။ မရဘူး ဖောက်ထွက်မယ် ဆိုတဲ့စိတ် အမြဲရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com





သူ့အကြောင်း ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ဝင်ခန်း

ဂျွန်စမစ် အရေးပေါ်အခန်းကို ရောက်ရှိလာချိန်မှာ တောင့်နေပြီး သွေးလည်း မခုန်တော့ပါဘူး။ ဒါကြောင့် ဝါရင့်ဆရာဝန်ကြီးတွေက အသက်ရှင်ဖို့ အခွင့်အရေး သိပ်မရှိတော့ဘူးလို့ သုံးသပ်ကြပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့က အဖြစ်အပျက်ပါ။ အဲဒီအချိန်က စမစ်ဟာ အသက် ၁၄ နှစ်သာရှိသေးပြီး သူငယ်ချင်းနှစ်ယောက်နဲ့ ရေခဲနေတဲ့ စိန့်လူးဝစ္စ အမည်ရ ရေကန်ကြီးကို သွားရောက်လည်ပတ်ကြစဉ် ဖြစ်ပါတယ်။ သူတို့ ခဲနေတဲ့ရေပြင်ပေါ်ကို တက်လိုက်ကြချိန်မှာ ရေခဲပြင်များက ကွဲသွားပြီး သူတို့သုံးယောက်



# သေရွာပြန်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

စလုံး ရေခဲပြင်အောက်က ကန်ရေပြင်ထဲ နစ်မြုပ်သွားကြပါတယ်။ ရုန်းကန်လှုပ်ရှားနိုင်တဲ့ သူငယ်ချင်းတစ်ယောက်က အပေါ်ကို ကြိုးစားပြန်တက်နိုင်လို့ တခြားသူငယ်ချင်းတစ်ယောက်ကို ကယ်ဆယ်လိုက်နိုင်ပါတယ်။ စမစ်ကတော့ ကန်ရေပြင်အောက်မှာပဲ နစ်မြုပ်နေဆဲဖြစ်ပြီး ကယ်တင်လို့မရနိုင်လောက်တဲ့ ရေနက်ပိုင်းအထိ ရောက်ရှိသွားခဲ့ပါတယ်။

ရေနစ်နေတာ ၁၅ မိနစ်လောက်အကြာမှာ ကယ်ဆယ်ရေးသမားတစ်ယောက်က သူ့ကို စတင်တွေ့ရှိပါတယ်။ ရေပေါ်ကို ဆွဲတင်လိုက်ကြပြီး ရှေးဦးသူနာပြုနည်းနဲ့ ပြုစုကြကာ အနားမှာရှိတဲ့ စိန့်ဂျိုးဇက်ဆေးရုံကို ပို့ဆောင်ပေးကြပါတယ်။ ဆေးရုံရောက်တဲ့အချိန်မှာ CPRနည်းနဲ့ စမစ် အသက်ပြန်ရှူအောင် ၄၃ မိနစ်လုံးလုံး ကြိုးစားကြပေမဲ့ စမစ်ကတော့ အသက် လုံးဝပြန်မရှူပါဘူး။ ဆရာဝန်တစ်ဦးဖြစ်တဲ့ ဒေါက်တာကင့်ဆတ်တာက ပြောပြရာမှာ "စမစ်ရောက်လာတုန်းက သူ့တစ်ကိုယ်လုံးအေးစက်နေပြီး အသက်လည်း မရှူတော့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ချက်ချင်းလှုပ်ရှားကြပါတယ်။ ဒီကလေးရဲ့အသက်က မရနိုင်တော့ဘူးလို့ ထင်ပေမဲ့ အစွမ်းကုန်ကြိုးစားကြည့်ကြတယ်။ အသက်ပြန်ရှင်လာလိမ့်မယ်လို့ ဘယ်သူကမှတော့ မျှော်လင့်မထားခဲ့ကြပါဘူး"လို့ ၂၀၁၅ ခုနှစ်က သူ့အတွေ့အကြုံကို ပြန်လည်ပြောပြပါတယ်။

ဒါပေမဲ့ စမစ်ကတော့ အသက်ပြန်ရှင်လာခဲ့ပါတယ်။ ဆေးလောကတစ်ခုလုံး အံ့ဩစရာကောင်းလောက်အောင် ကြုံတွေ့လိုက်ရခြင်းပါပဲ။ သူ့မိသားစုတစ်ခုလုံးက ဘာသာရေးကို သက်ဝင်ကိုင်းရှိုင်းကြသူများဖြစ်ပြီး သစ္စာတရားနဲ့ တိုင်တည်ခြင်းကိုလည်း ယုံကြည်ကြသူများဖြစ်ပါတယ်။ ဒီအကြောင်းအရာကို **Breakthrough**ဆိုတဲ့ နာမည်နဲ့ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးဖို့ စီစဉ်နေကြပါပြီ။ ပါဝင်သရုပ်ဆောင်မယ့်သူတွေကတော့ **This Is Us's**ရုပ်ရှင်ဇာတ်ကားမှ ခရစ္စီမက်ဇ်က စမစ်ရဲ့မိခင် ဂျိုက်စ်အဖြစ် ပါဝင်သရုပ်ဆောင်မှာ ဖြစ်ပါတယ်။ အခု ၆၈ နှစ်အရွယ်ရှိပြီ ဖြစ်တဲ့ ဆရာဝန်ကြီး ဆတ်တာက စမစ်ရဲ့မိခင်ကို သူ့သားကွယ်လွန်သွားပြီဖြစ်ကြောင်း ပြောကြားတဲ့ ပုဂ္ဂိုလ်အဖြစ် ပါဝင်သရုပ်ဆောင်ပါလိမ့်မယ်။

ဂျိုက်စ်က ခရစ်တော်ရဲ့ ဝိညာဉ်တောင် သေလွန်သွားပြီးဖြစ်တဲ့ သူ့ခန္ဓာ



ရုပ်ရှင်ထဲက မိခင်နဲ့
လက်တွေ့ဘဝက မိခင်



ဆေးရုံက ဆင်းစဉ်
ဘုန်းတော်ကြီး နိုဗယ်နဲ့
အတူတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူနဲ့ စမစ်

ကိုယ်ထဲကို ပြန်လည်ဝင်ရောက်ခဲ့သေးတာပဲ။ ကျွန်မသားလည်း ပြန်လည် ရှင်သန်ခွင့်ရပါရစေလို့ တိုင်တည်ပြီး သူ့သားအလောင်းနားမှာ ဘုရားစာရွတ်ဆိုတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးမှာပါ။ အဲဒီလို မိခင်ဖြစ်သူက သားအလောင်းနားမှာ ဘုရားစာရွတ်ဆိုတဲ့အချိန် စမစ်ရဲ့ နှလုံးက ပြန်ခုန်လာပြီး အသက်ရှင်လာမှာ ဖြစ်ပါတယ်။

ဖြစ်ရပ်မှန်ဖြစ်ပွားစဉ်က စမစ်ကို Cardinal Glennon ကလေးဆေးရုံသို့ ရဟတ်ယာဉ်နဲ့ ပို့ဆောင်ပြီး ကုသဖို့ ကြိုးစားစဉ်မှာ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ရှိတဲ့ ဘယ်အစိတ်အပိုင်းကမှ အသက်မရှင်တော့ပါဘူး။ အထူးသဖြင့် ဦးနှောက်ပိုင်းဆိုင်ရာက အလုပ်မလုပ်တော့ပါဘူး။ ဒါပေမဲ့ ရက်သတ္တပတ် သုံးပတ်အတွင်းမှာ စမစ်ဟာ ဆေးရုံပေါ်ကနေ သူကိုယ်တိုင် လမ်းလျှောက်ပြီး ဆင်းလာနိုင်ခဲ့ပါတယ်။ ဦးနှောက်ပျက်စီးခြင်းလည်း မရှိခဲ့ပါဘူး။ ကလေးဆေးရုံကြီးမှ ဒေါက်တာ ထရာဗစ်က ပြောကြားရာမှာ "ဒီအဖြစ်အပျက်က အင်မတန် ရှားပါးပါတယ်။ ကြားလည်း မကြားဖူးပါဘူး။ ရေက အရမ်းအေးနေရင် ဦးနှောက်က အလွယ်တကူ ပျက်စီးသွားနိုင်ပါတယ်"လို့ ဆိုခဲ့ပါ တယ်။ သူက ဆက်လက်ပြောကြားရာမှာ "အဆမတန်အေးနေတဲ့ရေက နှလုံးခုန်နှုန်းကို နှေးသွားစေပါတယ်။ နှလုံးထဲကို သွေးမဝင်တော့ပါဘူး။ အဲဒါကြောင့် အဆုတ်နဲ့ ဦးနှောက်တို့လည်း သွေးရော၊ အောက်ဆီဂျင်ပါ မရောက်နိုင်တော့တဲ့အတွက် ပျက်စီးသွားပါတယ်"လို့ သူ့အတွေ့အကြုံကို ပြောပြပါတယ်။

ဒီနေ့တိုင် သက်ရှိထင်ရှား ရှိနေသေးတဲ့ စမစ်ကတော့ တကယ်ထူးဆန်းတဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာပါ။ မကြာသေးမီက သူ့အကြောင်း ရိုက်ထားတဲ့ ရုပ်ရှင်ကားကို သူရေနစ်ခဲ့တဲ့ ရေကန်အနီးမှာ ပြသတဲ့အချိန် သူ့ကို ပရိသတ်များကြားမှာ ပြုံးပြုံးရွှင်ရွှင်နဲ့ တွေ့ရပါတယ်။ အဲဒီကာလတုန်းက သူ့ကို ဝိုင်းဝန်းကယ်ဆယ်ခဲ့ကြတဲ့ သူတွေမှာလည်း အိမ်ထောင်တွေ ကျကုန်ကြပါပြီ။

စမစ် ရေနစ်တဲ့နေရာကို ပထမဆုံး ရောက်ရှိလာခဲ့တာက သူ့အထက်တန်းကျောင်းမှ ဆရာများနဲ့ ဘုန်းတော်ကြီးများ ဖြစ်ပါတယ်။ စမစ်က "ကျွန်တော်ဟာ ဘုရားသခင်ရဲ့ ကောင်းချီးပေးမှုကို လက်တွေ့ ခံစားရသူဖြစ်တဲ့အတွက် အသက်ရှင်ခွင့်ရတာကို ပျော်မိပါတယ်"လို့ ဆိုပါတယ်။ သူ့မိဘများကတော့ အိမ်ထောင်ရှင်မ ဂျိုက်စ်နဲ့ အငြိမ်းစား စာနယ်ဇင်းဆရာ ဘရိုင်ယန်(အသက် ၆၅ နှစ်)တို့ ဖြစ်ကြပါတယ်။ သူတို့မှာ သားသုံးယောက်ရှိပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတဲ့ မိသားစု ဖြစ်ပါတယ်။ ဂျွန်ကတော့ "ကျွန်တော်က လုပ်စရာရှိတာကိုပဲ လုပ်နေပြီး ဘုရားနဲ့ သိပ်ပြီး မနီးစပ်ခဲ့ပါဘူး"လို့ ဆိုပါတယ်။ အခုအချိန်မှာတော့ သူတို့မိသားစု တစ်ခုလုံးဟာ ဘုရားသခင်ရဲ့ ကောင်းချီးပေးမှုအပေါ် လက်တွေ့ခံစားခဲ့ရသူများဖြစ်လို့ ဘုရားတရား အလုပ်ကို ပိုမို လုပ်ဆောင်ဖြစ်နေကြပါတယ်။

■ ဇာနည်ညီမ်း

*Ref: People,April 22, 2019.*



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်ယုံကြည်သူတွေက ရွေးချယ်တဲ့အတွက် ပိုဝမ်းသာတယ်

**မန်းချူ**

မြန်မာနိုင်ငံမှာ မွေးဖွားပေမဲ့ ဂျပန်မှာ ကြီးပြင်းခဲ့ရတဲ့ မိုရီဆာကီဝင်းက ကံတရားအရ ကိုယ့်ရဲ့ဇာတိမြေ မြန်မာနိုင်ငံရဲ့ အနုပညာနယ်ပယ်မှာ ခြေချခွင့်ရခဲ့ပြီး **ဇာတိမြေ** ဆိုတဲ့ ရုပ်ရှင်ကားကြီးမှာ အနုပညာစွမ်းရည်တွေ ထုတ်ပြခွင့် ရရှိခဲ့ပါတယ်။ မိမိရဲ့တတ်စွမ်းသမျှ ကြိုးစားအားထုတ်မှု အသီးအပွင့်ကိုလည်း ရရှိနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှာ ပထမဆုံး ကျင်းပ ချီးမြှင့်ခဲ့တဲ့ Star Award ဆုကိုလည်း ရရှိခဲ့တာပါ။ ဒါ့အပြင် မိုရီဆာကီဝင်းက ဂျပန်လူငယ်တွေနဲ့အတူ 'PRIZMAX' ဆိုတဲ့ ဂီတအဖွဲ့လေးမှာ ပါဝင်သီဆိုတဲ့ အဆိုရှင်တစ်ဦးလည်းဖြစ်ပြီး ပြည်ပမှာ မြန်မာနိုင်ငံ့ဂုဏ်ကို အနုပညာနဲ့ ဆွမ်းဆောင်ပေးနေတဲ့ မြန်မာလူငယ်တစ်ဦးလည်း ဖြစ်ပါတယ်။ ပထမဆုံး ရုပ်ရှင်ကားကြီးနဲ့ ပထမဆုံး Star Award ကို ရရှိခဲ့တဲ့ မိုရီဆာကီဝင်းရဲ့ ခံစားမှုစကားစုတွေကတော့…။

**Star Award က ချီးမြှင့်တဲ့ဆုကို ကိုယ့်ရဲ့ ပွဲဦးထွက် ရုပ်ရှင်ကားကြီးနဲ့ ရလိုက်တဲ့အတွက်…။**

ကျွန်တော် အရမ်းဝမ်းသာတယ်ခင်ဗျာ။ ခုနက စင်ပေါ်မှာလည်း ထည့်ပြောမလို့ပါပဲ။ ဒါပေမဲ့ ဝမ်းသာလို့ ဘာစကားမှ ထွက်မလာတော့ဘူး။ တကယ်တော့ ဒီလိုဆုရတယ်ဆိုတာက ကျွန်တော် တစ်ယောက်တည်း တော်လို့ရတာ မဟုတ်ဘူး ခင်ဗျ။ ဒီ**ဇာတိမြေ** ဇာတ်ကားကို ရိုက်ပေးတဲ့၊ ကျွန်တော်နဲ့တူတူ ရိုက်ကြတဲ့၊ ကျွန်တော်နဲ့အတူတူ ပူးပေါင်းမှုလို့ ပြောလို့ရလား၊ အဲဒီလို ပူးပေါင်းမှုတွေကြောင့် ရလာတာလို့ ခံစားရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**မြန်မာနိုင်ငံမှာ ကိုယ်ပထမဆုံးရိုက်တဲ့ကားမှာ အသိအမှတ်ပြုခံရပြီး ဆုရတဲ့အပေါ်မှာရော…။**

ကျွန်တော် ပြောချင်တာက ကျွန်တော် ပရိသတ်ကြီးကို ယုံပါတယ်ခင်ဗျာ။ ပြီးတော့ မီဒီယာက အစ်ကိုတွေ၊ အစ်မတွေကိုလည်း အမြဲယုံပါတယ်ခင်ဗျာ။ အခုလို ကိုယ်ယုံကြည်တဲ့လူတွေက ကိုယ့်ကို ရွေးချယ်တဲ့အတွက်လည်း ကျွန်တော်က ပိုပြီး ဝမ်းသာသင့်ပါတယ်။ ကျွန်တော် စိတ်ထဲမှာရှိနေတာက ကျွန်တော် ဘာလိုနေလဲ၊ ဘယ်နေရာမှာ ဘာဖြစ်နေလဲ အဲဒါတွေပဲ သွားကြည့်မိနေတယ်။ အခုလို အသိအမှတ်ပြုခံရတဲ့အတွက် ဒီညတော့ ဝမ်းသာတယ်။ မနက်ဖြန်ကစပြီးတော့ ပိုကြိုးစားရတော့မယ်။ ပိုကြိုးစားသွားရမှာပဲ ဆိုတော့ ဒီထက်ပိုပြီး ဘယ်လိုလုပ်ရမလဲ စဉ်းစားတယ်။ ကိုယ့်လမ်းကို ဖြိုင်တယ်။ "ဝင်း"ကို"ဝင်း"က ဖြိုင်တယ်။

**အားပေးမှုကရော ဂျပန်ပရိသတ်နဲ့ မြန်မာပရိသတ် ဘယ်ဟာက ပိုများလဲ။**

ဟိုဘက်မှာက အမှန်အတိုင်းပြောရမယ်ဆိုရင် ကျွန်တော် မီဒီယာနဲ့ သိပ်မတွေ့ဖြစ်ဘူးခင်ဗျ။ သူတို့ဆီမှာက အရမ်း Simple ဖြစ်တယ်။ ဇာတ်ကားအကြီးကြီးရိုက်ရင်တော့ အားလုံးကဝိုင်းပြီး Push လုပ်တယ်။ ဘာမှမရှိရင် ဘာမှမလုပ်ဘူး။ တစ်ခုခုမှားရင်လည်း အားလုံးက ဝိုင်းပြီး လက်ညှိုးထိုးကြတယ်။ ကျွန်တော်က တကယ်တော့ ဒီက မီဒီယာတွေက ကျွန်တော့်ကို ပိုပြီး အားပေးတာများတယ် ခင်ဗျ။

**မြန်မာနိုင်ငံမှာ အနုပညာတွေ ဆက်လုပ်ဖို့ရှိသေးလား။**

မြန်မာပြည်မှာလား၊ အခု ကျွန်တော် မြန်မာနိုင်ငံကပရိ ဂျူဆာတစ်ယောက်နဲ့ စကားပြောနေပါတယ်ခင်ဗျ။ တကယ်တမ်း အကောင်အထည်ဖော်ဖြစ်မလား ဆိုတာကိုတော့ ဆွေးနွေးနေတုန်းမို့ပါ။

**ဂျပန်မှာရော ဘယ်လို အနုပညာတွေ လုပ်ဖြစ်နေလဲ။**

ဂျပန်မှာက အခုဒီက ပြန်ရင် သီချင်းတွေသွင်းဖို့ရှိတယ်။ နောက်တစ်ခုလည်း ရိုက်ရမယ်။ ရုပ်ရှင်တော့ မဟုတ်ဘူးပေါ့နော်။ စီးရီးနဲ့ ပတ်သက်ပြီး ရိုက်ရမှာပေါ့။

**အခုဆိုရင် အဝင်းက မြန်မာနိုင်ငံမှာ အလုပ်တွေ ခဏခဏလာလုပ်နေပြီဆိုတော့ မြန်မာတွေနဲ့ အလုပ်လုပ်ရတဲ့အပေါ်လည်း ပြောပေးပါဦး။**

မြန်မာတွေနဲ့ အလုပ်လုပ်ရတာ ကျွန်တော် မြန်မာအစားအစာ များများစားရတဲ့အတွက် အရမ်းကျေးဇူးတယ်ပေါ့နော်။ ပြောရမယ်ဆိုရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံက Culture တွေက ပြောင်းလဲတယ်၊ ကွာခြားတယ်ဆိုတော့ ဒီဟာက မှန်တယ်၊ ဒီဟာကမှားတယ် ဆိုတာ မရှိကြဘူးခင်ဗျ။ မြန်မာနိုင်ငံမှာလည်း မြန်မာနိုင်ငံရဲ့ပုံစံ ရှိပါတယ်။ အဲဒီပုံစံအပေါ်မူတည်ပြီးတော့ ကိုယ်ဘယ်လိုလုပ်နိုင်မလဲဆိုတာ ကျွန်တော်တို့ အနုပညာရှင်တွေက ကြိုးစားရမယ့်အပိုင်းခင်ဗျ။ အဲဒီမှာ ကျွန်တော်က လိုတာတွေပဲ တွေ့



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ကိုယ်လိုတာတွေ ပြောချင်ပေမဲ့ မြန်မာစကားက သိပ်ပြောမထွက်တော့ အားလုံးက ဝိုင်းပံ့ပိုးပေးလို့သာ ကျွန်တော် ပျော်ပျော်ရွှင်ရွှင်နဲ့ ရိုက်ကူးနိုင်တာပေါ့နော်။

**အခုဆိုရင် အဝင်းက အရင်အဝင်းထက်…။**

အဝင်းက ပိုချောလာတာပေါ့ခင်ဗျာ။

**မြန်မာနိုင်ငံမှာ အဝင်း စိတ်အဝင်စားဆုံးအရာက…။**

မြန်မာနိုင်ငံမှာကလေ ကျွန်တော့်ကို အားလုံးက သိလို့လား၊ မသိလို့လား မသိဘူး။ ဘယ်သွားသွား ကျွန်တော့်ကို မြင်တာနဲ့ နှုတ်ဆက်ကြတယ်။ ကျွန်တော် မြင်တာကို ပြောတာပေါ့နော်။ကျွန်တော် ကားစီးပြီး Studio သွားတော့ မီးပွိုင့်မိနေတုန်း ဘတ်စ်ကားဂိတ်မှာ တစ်ယောက်နဲ့တစ်ယောက် မသိတဲ့သူ အချင်းချင်း လိုအပ်တာကို ဘယ်သူမလို့၊ ဘာမလို့မှ မဟုတ်ဘဲနဲ့ ကူညီကြတာတွေ့ရတဲ့အတွက် ပြောရမယ်ဆိုရင် ဂျပန်နဲ့ အရမ်းကွာတယ်။ ဂျပန်မှာက ကိုယ့်အတွက်ကိုပဲ။ ကိုယ့်ဘေးနားမှာ ခလုတ်တိုက်လဲဘာညာ၊ စက်ဘီးပေါ်ကပြုတ်ကျ ဘာညာ သူတို့က မကြည့်ကြဘူး။ ဒါက နိုင်ငံတစ်နိုင်ငံအပေါ် မူတည်ပြီး Culture က ကွာတယ်ဆိုတော့လေ။ ဒါက ကောင်းတယ်၊ ဒါက မကောင်းဘူးလို့ ပြောလို့တော့ မရဘူး။ ဒါပေမဲ့ ကျွန်တော်ကြိုက်တယ်ဆိုတာကို ပြောပြတာပါ။

**Win's Shooow Times! လေးနဲ့ ပတ်သက်ပြီးတော့လည်း ပြောပေးပါဦး။**

ဟုတ်ကဲ့ခင်ဗျ။ ဒီ Win's Shooow Times! လေးကိုလည်း အားပေးကြပါလို့။ ဒီ Win's Shooow Times! လေးကြောင့်လည်း ကျွန်တော် မြန်မာနိုင်ငံကို ခဏခဏလာနေရတာပါလို့။ ဒါပေမဲ့ ကျွန်တော့်ပရိသတ်နဲ့ ကျွန်တော် တိုက်ရိုက်ထိတွေ့ခွင့်တော့ မရှိဘူးပေါ့နော်။ ဒါပေမဲ့ ဂျပန်မှာနေတာထက်စာရင်တော့ နည်းနည်း နီးနီးကပ်ကပ်ကြီး ထိတွေ့ခွင့်ရတယ်လို့ ခံစားရတယ်ခင်ဗျ။ အဲဒီအတွက်လည်း အရမ်းဝမ်းသာပါတယ်။ ဒါ့ကြောင့် Win's Shooow Times! လေးကို ဆက်လက်ပြီးတော့ အားပေးကြပါခင်ဗျာ။ ဒီနေ့လည်း မြန်မာစကားက သိပ်မထွက်ဘူး ဖြစ်နေတယ်ခင်ဗျ။

**အဝင်းရဲ့ Fan တွေကိုရော ဘယ်လို ပြောချင်လဲ။**

ကျွန်တော့်ရဲ့ Fan တွေကို ကျွန်တော် ပြောချင်တာက ဒီလို Star Award ဆုရတာ Fan တွေရဲ့ ပံ့ပိုးပေးမှု အများကြီးပါတယ်ဆိုတာ ကျွန်တော် မမေ့ပါဘူးခင်ဗျ။ အဲဒီအတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

မိုရီဆာကီဝင်းက ဆုပေးပွဲကျင်းပတဲ့နေ့က ဂျပန်မှာ အနုပညာလှုပ်ရှားမှုတွေနဲ့ တိုက်နေတဲ့အတွက် တက်ရောက်ယူနိုင်ခွင့် မရှိခဲ့တာကြောင့် မေလ ၁၀ ရက်နေ့က သီးသန့်ပွဲလေးကျင်းပပေးခဲ့ပြီး သူကိုယ်တိုင် မြန်မာနိုင်ငံမှာ ဆုလက်ခံရယူခဲ့တာဖြစ်ပါတယ်။ ■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com





24 ဆိုတဲ့ စုံထောက်ဇာတ်လမ်းတွဲ များကို မြန်မာပရိသတ်များနဲ့ ရင်းနှီးပြီး ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ 24 ဇာတ်လမ်းတွဲပေါင်းများစွာမှာ စုံထောက် ဘာဝါအဖြစ် သရုပ်ဆောင်ခဲ့သူ က ကိုင်ဖာဆူသာလန်ဖြစ်ပြီး ဇာတ်လမ်း အားလုံးမှာ သူသာ ပင်တိုင်စုံထောက် ဖြစ်ခဲ့ပါတယ်။ အခု ကိုင်ဖာဆူ သာလန်က သူနောက်ထပ် ဝါသနာပါတဲ့ ကျေးလက်ဂီတအဆိုကျော်အဖြစ် ကူးပြောင်းဖို့ တာစူနေပါပြီ။ အသက် ၁၇ နှစ်အရွယ်မှာ ကိုင်ဖာဟာ သူ့မွေးရပ်မြေ တိုရန်တိုမြို့မှ နယူးယောက်မြို့သို့ ထွက်ခွာခဲ့ပြီး ပြဇာတ် သရုပ်ဆောင်အဖြစ် သရုပ်ဆောင်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကိုင်ဖာက သူ့အောင်မြင်မှုဟာ ဒုံးပျံတစ်စင်းလို ကောင်းကင်ယံ အထိ မြင့်တက်သွားလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ပါဘူး။ "ကျွန်တော် ပြဇာတ်နှစ်ပုဒ် က,ခဲ့တယ်။ အဲဒီနောက် ကယ်လီဖိုးနီးယားကို ထွက်လာခဲ့ပြီး ပထမဆုံး ရုပ်ရှင်အလုပ်ကို ရခဲ့တယ်" လို့ ကိုင်ဖာက သူ့အောင်မြင်မှုနဲ့ ပတ်သက်ပြီး ပြန်ပြောင်း ပြောပြပါတယ်။ အခုဆိုရင် သူ့အသက်က ၅၂ နှစ်ရှိပါပြီ။ သရုပ်ဆောင်ကြီး ဒေါနယ်လ်ဆူ သာလန်နဲ့ ရှယ်လီဒေါက်ကလပ်စ်တို့ နှစ်ဦးမှ မွေးဖွားခဲ့တဲ့ ကိုင်ဖာဟာ **The Lost Boys** နဲ့ **Stand By Me** ဇာတ်ကားများနဲ့ တစ်ဟုန်ထိုး အောင်မြင်မှုရခဲ့သူဖြစ်ပါတယ်။ အသက် ၂၀ ကျော် အရွယ်မှာ **Young Guns** နဲ့ **Flatliners**

ရွှေကမ္ဘာလုံးဆုရစဉ်က ကိုင်ဖာ



www.burmeseclassic.com

ဇာတ်ကားများနဲ့လည်း အောင်မြင်မှုရခဲ့သူ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူငယ်ချစ်ဖြစ်တဲ့ ဂျူလီယာရောဘတ်စ်နဲ့ တွေ့ခဲ့ပေမဲ့ သူက အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ သူ့အနုပညာခရီးကို ဆက်လျှောက်ခဲ့ပါတယ်။ "အဲဒီတုန်းကတော့ဗျာ၊ အရွယ်ကလည်း ငယ်သေးတော့ ကိုယ့်ဘဝကိုယ် ဆက်လျှောက်ဖို့ လိုသေးတယ်လို့ အောက်မေ့ခဲ့တာပေါ့" လို့ ကိုင်ဖာက ရယ်ရယ်မောမော ပြောခဲ့ပါတယ်။

အဲဒီနောက် ရုပ်မြင်သံကြားဇာတ်လမ်းတစ်ခုမှာ အက်ရှင်မင်းသားအဖြစ် သရုပ်ဆောင်ခွင့်ရခဲ့ပြီး ၂၀၀၁-၂၀၁၀ အတွင်း Fox ရုပ်ရှင်ကုမ္ပဏီကြီးက ရိုက်



# ကီဖာဆသာလန်မှ ကျေးလက်အဆိုတော်သို့

— သို

ကူးတင်ဆက်ခဲ့တဲ့ 24 ဇာတ်လမ်းတွဲများအတွက်နဲ့ **Designated Survivor** ရုပ်ရှင်ကားများမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့အတွက် Emmy ဆု ချီးမြှင့်ခြင်းခံရပါတယ်။ အဲဒီနောက်မှာတော့ 24 ဇာတ်လမ်းတွဲတွေက Fox ကနေ Netflix သို့ ကူးပြောင်းသွားပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ Netflix က 24 ဇာတ်လမ်းတွဲများ ဆက်လက်ထွက်ရှိလာမှာ ဖြစ်ပါတယ်။

ကိုင်ဖာက အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်နေခဲ့ပေမဲ့ တစ်ဖက်မှာ သူလုပ်ချင်တဲ့ အလုပ်တစ်ခုက ဂီတအလုပ်ပါ။ 24 ဇာတ်လမ်းတွဲ ရပ်နားထားချိန်မှာ ကိုင်ဖာက သီချင်းရေးတာကို သဲကြီးမဲကြီး သင်ကြားခဲ့ပြီး သီချင်းများ စတင်ရေးဖွဲ့ပါတယ်။ "ကျွန်တော်က ငယ်ငယ်ကတည်းက ဂီတကို

အပန်းဖြေချိန်ကာလတွေမှာ ခရီးထွက်တာပဲဖြစ်ဖြစ်၊ ဂေါ့ဖ်ရိုက်တာပဲဖြစ်ဖြစ် လုပ်သင့်တယ်လို့ ဆိုကြပေမဲ့ ကျွန်တော်ကတော့ ဂီတကိုပဲ လုပ်ချင်ပါတယ်




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၁၉၈၇ ခုနှစ်က နာမည်ကျော်ကြားခဲ့တဲ့
Lost Boys မှ ကိုင်ဖာ



ဘာစီလိုနာပွဲမှာ ဖျော်ဖြေနေတဲ့ ကိုင်ဖာ။ ဓာတ်လမ်းတစ်ပုဒ်နဲ့ ပတ်သက်ပြီး ရေးချင်တဲ့ စာကြောင်းတစ်ကြောင်း ထွက်လာပြီဆိုရင် သီချင်းတစ်ပုဒ် ရသွားပါပြီ။ အဲဒါကို သံစဉ်ထည့်လိုက်ရုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဝါသနာပါခဲ့တာပါ။ ကျွန်တော် ဂစ်တာ အမြဲတီးသလို တယောနဲ့ စန္ဒရားအသေး လေးကိုလည်း ငယ်ငယ်ကတည်းက တီးခဲ့ပါတယ်'လို့ ဆိုပါတယ်။

သူအားကျတဲ့ပုဂ္ဂိုလ်တွေကတော့ သမားရိုးကျ ဂီတကို တော်လှန်ပြီး လမ်း သစ်ဖောက်တဲ့ Johnny Cash နဲ့ Merle Haggard တို့ ဖြစ်ပါတယ်။ 'ကျွန်တော် သီချင်းတွေ အများကြီးလေ့လာခဲ့ဖူးပါ တယ်။ သီချင်းတိုင်းမှာ ကောင်းတဲ့ အချက်တွေရှိတယ်ဆိုတာကို တွေ့လာရ တယ်'လို့လည်း ကိုင်ဖာက ဆိုပါတယ်။ သို့သော် ကိုင်ဖာက အခုချိန်အထိ သူ ကိုယ်တိုင် သီဆိုအသံသွင်းဖို့ကိုတော့ မငံ့မရဲဖြစ်နေပါသေးတယ်။ 'ကျွန်တော့် စိတ်ထဲမှာ သရုပ်ဆောင်တစ်ယောက်က သီချင်းဆိုတဲ့အခါ မဖြစ်နိုင်ပါဘူးကွာလို့ ဝိုင်းပြောကြမှာကို စိုးရိမ်နေမိတယ်'လို့ လည်း ဆိုပါတယ်။ ဒါပေမဲ့ သူ့ထုတ် လုပ်သူ ကျင်းပတဲ့ ညစာစားပွဲတစ်ခုမှာ တော့ သူဟာ သရုပ်ဆောင်အလုပ်ကို ချစ်မြတ်နိုးသလို ဂီတအလုပ်ကိုလည်း ချစ်မြတ်နိုးသူဖြစ်တယ်လို့ ဖွင့်ဟဝန်ခံခဲ့ ပါတယ်။ 'ရုပ်ရှင်ရော ဂီတပါ နှစ်ခု စလုံးက ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြ နေကြတာပါ။ ဒါပေမဲ့ တစ်ခုနဲ့တစ်ခု တော့ မတူဘဲ သူ့နည်းသူ့ဟန်နဲ့ ပြောပြ နေကြတာ ဖြစ်ပါတယ်'လို့လည်း သုံး သပ်ပြပါတယ်။

အခုချိန်အထိ ကိုင်ဖာဟာ နှစ်ကြိမ် အိမ်ထောင်ပြုခဲ့ပြီး(ပထမတစ်ကြိမ်က ကယ်မီလာကပ်သ်နဲ့ ဒုတိယအကြိမ်က ကယ်လီဝင်း တို့ ဖြစ်ပါတယ်။) အခု တစ်ခါ အသက် ၄၀ အရွယ်ရှိတဲ့ စင်ဒီဗီး လား ဆိုတဲ့ အမျိုးသမီးသရုပ်ဆောင် တစ်ဦးနဲ့ စေ့စပ်ကြောင်းလမ်းထားပြန်ပါ တယ်။ ဂီတကို ထဲထဲဝင်ဝင် လိုက်စား လာတဲ့ ၂ နှစ်ခွဲကာလအတွင်း ကိုင်ဖာက ပွဲပေါင်း ၃၀၀ မှာ သီဆိုဖျော်ဖြေခဲ့ပြီး ဒုတိယမြောက် အယ်လ်ဘမ်ကို မကြာမီ ထုတ်ဝေတော့မှာဖြစ်ပါတယ်။ *Reckless & Me* လို့ အမည်ပေးထားတဲ့ ဒုတိယ အယ်လ်ဘမ်က ဧပြီလ ၂၆ ရက်နေ့မှာ ဖြန့်ချိမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

သီဆိုဖျော်ဖြေပွဲတွေမှာ ပရိသတ်နဲ့ ထိတွေ့ရတာဟာ ကျွန်တော့်ဘဝမှာ အင်မတန် ပျော်စရာကောင်းပါတယ်လို့ လည်း ကိုင်ဖာက ဆိုပါတယ်။ သူ့မှာ သမီးတစ်ယောက်ရှိပြီး သူ့သမီးကလည်း အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်ပြီး အသက် ၃၁ နှစ်အရွယ်ရှိ ဆာရာဆုသာ လန် ဖြစ်ပါတယ်။ ဆာရာက **Veep** ဇာတ်ကားနဲ့ လူသိများခဲ့ပါတယ်။

ကျွန်တော့်ဝိုင်းရဲ့ ဂီတသမားအား လုံးက အံ့သြစရာကောင်းလောက်အောင် ထူးချွန်ကြတဲ့သူတွေဖြစ်လို့ သူတို့နဲ့ လက် တွဲအလုပ်လုပ်ရတာကို ကျွန်တော် ကျေ နပ်ပါတယ်လို့လည်း ကိုင်ဖာက ဆိုပါ တယ်။ 'ကျွန်တော်တို့ ငယ်ငယ်တုန်းက တော့ Led Zeppelin ဂီတအဖွဲ့က အရမ်း နာမည်ကြီးနေတဲ့အချိန်ပေါ့။ သူတို့က တည်းခိုတဲ့ ဟိုတယ်အခန်းများကို ဖျက် ဆီးပစ်ကြတဲ့နေရာမှာလည်း နာမည်ကြီး ပါတယ်'လို့လည်း ပြောပြပါတယ်။

'ကျွန်တော်ဟာ အင်မတန်ကံ ကောင်းတဲ့ ပုဂ္ဂိုလ်များထဲမှာ တစ်ဦး အပါအဝင် ဖြစ်ပါတယ်။ ဒါပေမဲ့ ကံကောင်းတယ်ဆိုတာက ဘာမှအခက် အခဲ မကျော်ဖြတ်ရဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ချစ်ရတဲ့သူတစ်ယောက် ဆုံးရှုံးရတဲ့ နှလုံးသားနဲ့ စိတ်ပျက်ရတာ တွေ ရှိခဲ့ဖူးပါတယ်။ သီချင်းတစ်ပုဒ်ကို နားထောင်ကြည့်ရင် ဒီသီချင်းရေးဆရာ ဟာ နာကျင်မှုဝေဒနာကို ခံစားရတယ် ဆိုတာ သဘောပေါက်နိုင်ပါတယ်'လို့ လည်း ကိုင်ဖာက သီချင်းများနဲ့ပတ် သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပြပါတယ်။ ကျွန်တော့် အိပ်မက်တိုင်းကတော့ အောင် မြင်ကျော်ကြားတဲ့ သီချင်းရေးဆရာတစ် ယောက် ဖြစ်ဖို့ပါပဲလို့လည်း ပြောကြား ခဲ့ပါတယ်။

■ ဘို

*Ref: People,April 29, 2019.*



၁၉၇၀ ပြည့်နှစ်က ဖခင်ဖြစ်သူ ဒေါ်နယ်လ်နဲ့ အတူတွေ့ရတဲ့ ကိုင်ဖာ



၁၉၉၀ ခုနှစ်များအတွင်း နာမည်ကျော်ခဲ့တဲ့ **Fatliners** ဇာတ်ကားမှာ ဂျူလီယာရောဘာတ်စ်နဲ့ တွဲဖက်သရုပ်ဆောင်စဉ်



**Designaded Survivor** ဇာတ်ကားမှာ အန်တိုနီအက်ဒ်ဝပ်နဲ့ သရုပ်ဆောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com





# လေယာဉ်ရှေ့ဘီးမကျလို့ ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ရတဲ့ လေယာဉ်ပေါ်ပါခဲ့သူများ ပြောပြတဲ့ ခံစားချက်



**လင်းနိုင်ဦး**

မေလ ၁၂ ရက်နေ့က ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာတဲ့ Myanmar National Airlines မှာ လေယာဉ် ရှေ့ဘီးမကျဘဲ မန္တလေးလေယာဉ်ကွင်းသို့ အရေးပေါ် ဆင်းသက်ခဲ့ရတဲ့ အကြောင်းများကို လေယာဉ်ပေါ်မှာ လိုက်ပါသွားကြတဲ့ သရုပ်ဆောင် နေမင်း၊ သရုပ်ဆောင် စည်သူမောင်နဲ့ Myanmar National League CEO ဦးစိုးမိုးတို့ ခံစားခဲ့ရတဲ့ အကြောင်းများကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံးမှာ သွားရောက် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**သွားရောက်ဖြစ်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ဦးစိုးမိုးက ပြောပြပေးပါလား။**

သွားတဲ့ ခရီးစဉ်ကတော့ MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲပါ။ အကြောင်းကြောင်း ကြောင့် ဘောလုံးပြိုင်ပွဲတွေမှာ ပရိသတ်တွေ နည်းလာတော့ ပုံစံမျိုးစုံနဲ့ လုပ်ကြည့်တဲ့အခါမှာ ကျွန်တော်တို့က ပြည်သူချစ် အနုပညာရှင်များနဲ့ ဘောလုံးကွင်းထဲကို ပရိသတ်တွေ များနိုင်သမျှ များများ လာရောက် အားပေးအောင် စည်းရုံးလှုံ့ဆော်တဲ့အနေနဲ့ နေမင်းက ဦးဆောင်ပြီး အပတ်စဉ်တိုင်း တစ်ပတ်မှာ နှစ်ပွဲလောက် စည်သူမောင်တို့နဲ့ အခြားအနုပညာရှင်များ လည်းပါပြီး ဘောလုံးကို ပံ့ပိုးပေးစေချင်တဲ့စိတ်နဲ့ သူတို့ လိုက်ကူပေးတာပါ။ မေလ ၁၂ ရက်နေ့က မန္တလေးမြို့ ဗထူးကွင်းမှာ MNL ရဲ့ပထမ အကျော့ နောက်ဆုံးပွဲစဉ်၊ မန္တလေးနဲ့ စစ်ကိုင်းပွဲအတွက် နေမင်း၊ စည်သူမောင်၊ ခိုင်



www.burmeseclassic.com

www.burmeseclassic.com

သဇင်ဦး၊ မုဏ်း ပြီးတော့ ကျွန်တော် ဦးဆောင်ပြီး တာဝန်ရှိသူတွေနဲ့ မနက် ၇ နာရီ ၁၅ လေယာဉ်နဲ့ ရန်ကုန်ကနေ မန္တလေးကို သွားခဲ့တဲ့ ခရီးစဉ်ပါ။

**ကိုစိုးမိုးတို့အနေနဲ့ ဒီလေယာဉ်ကြီး ရှေ့ဘီးချလို့ မရတော့ဘူးဆိုတာကို ဘယ်လို စ,သိတာလဲ။**

ကျွန်တော်တို့ မန္တလေးကို ပုံမှန် ဂျက်လေယာဉ်နဲ့သွားရင် အလွန်ဆုံး မိနစ် ၅၀၊ ၅၅ မိနစ် မိုင်ကုန်ပေါ့။ မိနစ် ၅၀ အကျော်မှာ လေယာဉ်က မန္တလေး လေဆိပ်ကိုပဲ မြင်နေရပြီ၊ ဘုရားတွေ၊ ကျောက်စိမ်းစေတီ၊ အမြန်လမ်းတွေ အားလုံးမြင်နေရပြီ။ မဆင်းသေးဘူး။ ကျွန်တော်တို့ ထင်တာက ဘာကြောင့်လဲ၊ တစ်ခုခုဖြစ်လို့များလား။ အောက်ကနေ အချက်ပြ ခွင့်ပြုချက် မရသေးလို့လားပေါ့။

အဲဒီအချိန်မှာ လေယာဉ်မယ်လေးက ကြေညာတယ်။ ရှေ့ဘီးချလို့မရတဲ့အတွက် ဆင်းသက်ချိန် နည်းနည်း ကြာမယ်ဆိုပြီး ပထမအကြိမ် ကြေညာတယ်။ ပတ်ပျံတယ်။ ပြန်ပြီးတော့ ဒုတိယအကြိမ် ကြေညာတဲ့အခါမှာတော့ သူ့အသံနည်းနည်းတုန်လာပြီ။ လေယာဉ်မှူးကြီးကတော့ ကြိုးစားပြီးတော့ ရှေ့ဘီးကိုချဖို့ ကြိုးစားနေပါတယ်။ မစိုးရိမ်ပါနဲ့၊ ကျွန်မတို့ ညွှန်ကြားတဲ့အတိုင်း ခါးပတ်တွေ ပတ်ထားပေးပါ။ ပြတင်းပေါက်နေကာတွေ ဖွင့်ပေးထားပါ ဆိုပြီး ပြောတယ်။ နောက်ထပ် ၅ မိနစ်လောက်အကြာမှာတော့ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ထပ်ကြေညာတယ်။ အခုလိုဖြစ်နေတာကို လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က အကောင်းဆုံးဖြစ်အောင် ကြိုးစားပါမယ်။ ခရီးသည်အားလုံး စိတ်ချနေပါ။ ဘာမှ မစိုးရိမ်ပါနဲ့။ လေယာဉ်ဝိတ်လျော့သွားအောင် ဆီကုန်ဖို့ ပတ်မောင်းမယ်။ အရေးပေါ်အခြေအနေတော့ ဖြစ်နေတယ်လို့ ကြေညာပြီးတော့ နာရီဝက် ကျော်ကျော်လောက် ပတ်မောင်းပြီး ၉ နာရီ ၇ မိနစ်မှာ ဆင်းဖို့ လုပ်ပါတယ်။ လေယာဉ်မှူးကြီးဖြေတဲ့





www.burmeseclassic.com

www.burmeseclassic.com

အင်တာဗျူးတွေကျမှ ကျွန်တော် ပြန်သိရတာက အမြင့်ပေ ၄၈၀၀ နဲ့ ၅၀၀၀ နီးပါးလောက်ထဲမှာ စက်ကို ပိတ်လိုက်တယ်။ အင်ဂျင်ကို လုံးဝသတ်ပစ်လိုက်တယ်။ အင်ဂျင်ကို ဘာလို့သတ်လဲဆိုတော့ အင်ဂျင်ပေါက်ကွဲအားနဲ့၊ ပွတ်တိုက်အားနဲ့၊ ဆီနဲ့ မီးလောင်နိုင်တယ်။ အင်ဂျင်ဖွင့်ထားရင် ဂီယာတစ်ခုခုနဲ့ ငြိနိုင်တဲ့အတွက် ဂီယာနဲ့ ငြိသွားရင် ထိခိုက်မှာစိုးလို့ စက်ပိတ်လိုက်တယ်။ ဒါပေမဲ့ လူ ၁၀၀ လောက်ပါပြီး ဝိတ်အင်မတန်ကြီးတဲ့ လေယာဉ်က စက်နဲ့သွားမှ ဖြစ်မှာလေ။ လေယာဉ်ဆီလျော့သွားအောင် ပတ်မောင်းပြီး နောက်ဆုံး စက်သတ်ကာ သူ ဘယ်လိုကြိုးစားခဲ့တယ်ဆိုတာ စဉ်းစားကြည့်လို့ရပါတယ်။

အရှိန်တော်တော်လျော့အောင်လုပ်ပြီးတော့မှ မြေပြင်နဲ့ အနီးဆုံးရောက်မှ နောက်ဘီးနဲ့ ဆင်းတယ်။ ဆင်းတဲ့ အချိန်မှာတော့ သူ့ရဲ့သမ္မာ၊ ပညာနဲ့ ငြိမ့်ငြိမ့်ညောင်း ညောင်းပဲ ဆင်းနိုင်ခဲ့တယ်။ အဓိကကတော့ လေယာဉ်ပေါ်မှာပါတဲ့ လေယာဉ်မောင်မယ်တွေရဲ့ ခရီးသည်များအပေါ် ညွှန်ကြားနိုင်မှု၊ လေယာဉ်မှူးကြီးရဲ့ ဦးဆောင်နိုင်မှုများကြောင့် ခရီးသည်များဟာ အံ့ဩလောက်အောင်ကို တုန်လှုပ်မှုနည်းနည်းနဲ့ ငြိမ်နေပြီးတော့ လေယာဉ်မယ်တွေ ညွှန်ကြားတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီး လုပ်ဆောင်နိုင်ခဲ့ကြတဲ့အတွက် ခရီးသည်အားလုံး ငြိမ်ငြိမ်လေးနဲ့ လေယာဉ် ဆင်းပြီးသွားတဲ့အထိ ခါးပတ်တွေ ဖြုတ်၊ ထွက်လို့ရပြီဆိုတော့မှ အမြန်ထွက်ဆိုတာမျိုးတွေ ရှိတဲ့အတွက် ခရီးသည်များအားလုံးရဲ့ပူးပေါင်းဆောင်ရွက်မှု၊ လေယာဉ်မှူးကြီးရဲ့ ဦးဆောင်နိုင်မှုများက အားလုံးအတွက် ပံ့ပိုးပေးနိုင်ခဲ့တယ်လို့ ထင်ပါတယ်။



ဒီလေယာဉ်မှာပါတဲ့ သူတွေကလည်း စိတ်ထားလေးကောင်းပြီး ဘုရားတရားလုပ်ကာ တော်တော်လေး ဖေးဖေးမမ ရှိခဲ့တဲ့အတွက်ကြောင့်ပါပဲ။ နေမင်းနဲ့ ကျွန်တော်နဲ့ဆိုရင် ခုံချင်းကပ်ထိုင်တော့ နေမင်းရေ… ဇရာဝတီမြစ်တော့ ပတ်နေပြီ။ မြစ်ထဲကိုဆင်းရင် ဘယ်လိုလုပ်မလဲဆိုတော့ နေမင်းက ကျွန်တော် ရေကူးကျွမ်းတယ်တဲ့။ နေမင်း… ငါတို့ချည်းပဲ မဟုတ်ဘူး၊ ကလေးတွေရော၊ တခြားခရီးသည်တွေရော ပါတယ်။ ဘယ်လိုလုပ်ကြမလဲ မေးကြည့်တော့ နေမင်းက အစ်ကို ကျွန်တော်တို့ ရသလောက်တော့ ဆယ်မှာပေါ့လို့ ပြန်ပြောတယ်။ အဲဒါကို အကျယ်ကြီး မပြောရဲဘူး။ ဘေးလူတွေ ကြားသွားပြီး စိုးရိမ်သွားမှာစိုးလို့။ ကျွန်တော်တို့ နောက်မှာလည်း လူကြီးတစ်ယောက်ပါတယ်။ ထိပ်နည်းနည်းပြောင်ပြောင်နဲ့ လူကြီးက ဘာမှမစိုးရိမ်နဲ့ ဒါဖြစ်နေကျပဲလို့ ပြောတယ်။

**စည်သူမောင်ကရော လေယာဉ်မယ်တွေ အခြေအနေကို ကြေညာလိုက်တဲ့ အချိန်မှာ ငါတို့ ဒီတောင်ကို ကျော်နိုင်ပါ့မလား စိတ်ထဲ မဖြစ်မိဘူးလား။**

ကျွန်တော်က ကိုစိုးမိုးတို့၊ နေမင်းတို့ထက်တော့ သိတာ နည်းနည်းစောတယ်။ အတိအကျ သိတာတော့ မဟုတ်ဘူး။ လေယာဉ်မယ် မကြေညာခင် လေယာဉ်ပတ်နေတဲ့အချိန်မှာ ကျွန်တော့်ထိုင်ခုံက ပြတင်းပေါက်ဘေးနားမှာဆိုတော့ လေယာဉ်က ပုံမှန် ပျံသန်းချိန်ထက် ကျော်နေပြီ။ ပြီးတော့ ဒီနားမှာပဲ ပတ်ပြီးကွေ့နေတယ်။ မြစ်ပြင်တွေ၊ ဘုရားတွေ၊ မြို့တွေကို မြင်နေရတယ်။ ပတ်မောင်းတာ နှစ်ပတ်လောက်ရှိလာတဲ့အချိန်မှာ သာမန်တော့ မဟုတ်တော့ဘူး။ ဆင်းရမယ့်အချိန်ထက်လည်း ကျော်နေပြီ။ ကိုစိုးမိုးတို့ကို လှမ်းကြည့်လိုက်တော့လည်း သူတို့က အေးအေးဆေးဆေးပဲ အိပ်နေကြတယ်။ စိတ်ထဲမှာတော့ ရာသီဥတုကြောင့်ပဲလား၊ လေယာဉ်ပြေးလမ်း မရှင်းသေးလို့ပဲလားပေါ့။

သုံးပတ်လောက် ပတ်ပြီးတဲ့အချိန်အထိ ဦးစိုးမိုးတို့က မနိုးသေးဘူး။ ကျွန်တော်က လေယာဉ်ကွင်းကို အပေါ်က လှမ်းကြည့်လိုက်တဲ့အချိန်မှာ လေယာဉ်ကွင်းက ရှင်းရှင်းကြီးဖြစ်နေတယ်။ ဒါကြောင့် ဘာဖြစ်လို့ မဆင်းတာလဲဆိုပြီး စိတ်ထဲ စနိုး





www.burmeseclassic.com

www.burmeseclassic.com

စနောင့်ဖြစ်နေတယ်။ အရမ်းကြီးကြောက်ပြီး ဖြစ်နေတာတော့ မဟုတ်ဘူးဗျ။ လေယာဉ်က အကြီးကြီးပဲဆိုတော့၊ ပြီးတော့ လေယာဉ်မယ်တွေက စပြီးကြေညာတယ်။ အဲဒီအချိန်မှာ ဦးစိုးမိုးကိုကြည့်လိုက်တော့ သူလည်း ခေါင်းထောင်လာတယ်။ အဓိက ခေါင်းဆောင်က ဦးစိုးမိုးလေ။ သူက အေးဆေးပဲဆိုတော့ ကျွန်တော်တို့ သိပ်ဘာမှ မဖြစ်သေးဘူး။ နောက်ထပ်တစ်ခေါက် ကြေညာတဲ့အချိန်မှာတော့ ဒီလိုမျိုးကြီး ဆင်းရမယ်ဆိုတဲ့အချိန် ကျွန်တော့်မျက်စိထဲ မြင်ယောင်တာက ကျွန်တော်ကလည်း ရုပ်ရှင်သမား၊ ဒါမျိုးရုပ်ရှင်တွေလည်း ကြည့်ဖူးထားတယ်ဆိုတော့ နိုင်ငံခြားမှာတော့ အက်ရှင်ကားဆန်ဆန် ဒီလိုမျိုးဘီးမကျဘူးဆိုရင် အောက်ကနေပြီးတော့ ကားက လေယာဉ်ဘီးနေရာ အစားဝင်ပြီး လေယာဉ်ကျတဲ့အချိန်မှာ ဘီးက ကားပေါ်ကျသွားတယ်ဆိုတော့ အဲဒီကားနဲ့ ဆက်မောင်းပြီး ဆင်းလို့ရတာမျိုးရှိတယ်။

ဒီမှာကျ ဒါမျိုးမရှိဘူးဆိုတော့ ကျွန်တော့်စိတ်ထဲမှာ တွေးထားတာက လေယာဉ်မှူးကြီး ဒီလိုအစီအစဉ်နဲ့ ဆင်းမယ်လို့ မထင်ဘဲ ရှေ့ဘီးမပါဘဲ ဆင်းမယ်ဆိုရင်တော့ လေယာဉ်အတောင်ပံတွေ ကျိုးမယ်။ မီးလောင်မယ်။ ပေါက်ကွဲမယ်။ လေယာဉ်ဆိုတာက မိုးပျံပူဖောင်းလိုပဲ အုန်းခနဲဆို အစအနတောင် ရှာလို့ရမှာ မဟုတ်ဘူး။ ကျွန်တော်တို့ ထိုင်တာကလည်း ဦးစိုးမိုးဆိုရင် ၉, ကျွန်တော်ဆိုရင် ၈,ကိုယ်တွေ ထိုင်တဲ့ခုံက တောင်ပံပေါ်မှာလို့ ပြောလို့ရတယ်။ ကျွန်တော်တို့က အခြေအနေ မကောင်းဘူးပေါ့ဗျာ။ စိတ်ထဲမှာ အဲဒီလို ဖြစ်နေတယ်။

လေယာဉ်မှူးကြီး ကြေညာတော့ သူ့အသံထဲမှာကို စိုးရိမ်စိတ်ရှိနေတယ်လို့ ခံစားလို့ရတယ်။ လေယာဉ်မယ်တွေ ကြည့်လိုက်တော့လည်း သူတို့ရဲ့အသံတွေ၊ သူတို့ရဲ့ အနေအထားတွေကိုက မကြေညာခင်မှာပဲ လေယာဉ်ဦးပိုင်းနဲ့ အပြင်နဲ့ အချိအချ ပြောနေတာတွေကို ကျွန်တော်တို့က ရှေ့မှာ ထိုင်နေတဲ့သူဆိုတော့ မျက်စိမျက်နှာ ပျက်နေတာတွေ မြင်ရတယ်။ သွားပြီ… အခြေအနေတော့ မကောင်းဘူး။ စိတ်ထဲမှာလည်း တော်တော်လေး လန့်သွားတယ်။ ၁၅ မိနစ် အချိန်ရတယ်။ လေယာဉ်ဆီကုန်အောင် မောင်းလိုက်မှာလား၊ အရေးပေါ် အခြေအနေတစ်ခုခု ဘာလုပ်မှာလဲ အဲဒီ ၁၅ မိနစ်ဟာ ကျွန်တော်တို့အတွက် တကယ့်ကို စိတ်လှုပ်ရှားရတဲ့အချိန်ပဲ။ ဒီအချိန်ကို တန်ဖိုးရှိအောင် ကျွန်တော် ဘယ်လိုအသုံးချမလဲ။

ကျွန်တော်က ဘာသာရေးနဲ့ ပတ်သက်ပြီး တော်တော်လေး လုပ်ဖြစ်နေတဲ့အခါကျတော့ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ပဲ ကျွန်တော် တွေးတယ်။ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ရတဲ့ ၁၅ မိနစ် မှာ ကျွန်တော် ပဋ္ဌာန်းရွတ်တယ်။ အရင်တုန်းကလည်း ပဋ္ဌာန်းတို့၊ မေတ္တာသုတ်တို့ ရွတ်ထားတဲ့ ကုသိုလ်တွေ ရှိတယ်။ ကျွန်တော့်မိဘတွေကိုလည်း အလုပ်အကျွေးပြုစုထားတဲ့ ကုသိုလ်တွေရှိတယ်။ အဲဒီကုသိုလ်တွေ သစ္စာတွေမှန်ကန်လို့ ရှိရင် ဆိုပြီးတော့ သစ္စာပြုတယ်။ ချောချောမွေ့မွေ့နဲ့ လေယာဉ်ဆင်းသက်နိုင်ပါစေပေါ့။ အဲဒီအချိန်မှာ စိတ်ကလည်းလှုပ်ရှားနေပြီဆိုတော့ ကျွန်တော့်စိတ်ထဲ မေတ္တာပို့တာက ရှိမရှိ မသိပေမဲ့ လေယာဉ်စောင့်နတ်ရော၊ မန္တလေးလေယာဉ်ကွင်းစောင့်နတ်၊ အာကာသနတ်တွေပါမကျန် မေတ္တာပို့ဖြစ်တယ်။ အကုန် လုံး လိုလိုပါပဲ။ လေယာဉ်မှူးကြီးရဲ့ ကိုယ်စောင့်နတ်ပါ ကျွန်တော့်စိတ်ထဲရှိတာတွေ အကုန်မေတ္တာပို့တယ်။ ချောချောမွေ့မွေ့ ဖြစ်ဖို့အတွက် ဆုတောင်းတယ်။

စိတ်ထဲမှာ ကျွန်တော့်အမေကိုလည်း တွေးမိတယ်။ အမေက ရင်သားကင်ဆာ ရောဂါ ခံစားနေရတယ်။ ဒီဝေဒနာရင်ဆိုင်နေရရုံမက နှလုံးသွေးကြောကျဉ်းရောဂါလည်း ရှိတဲ့အခါကျတော့ ကျွန်တော့်အမေက ကျွန်တော်သာ မပြောကောင်း၊ မဆိုကောင်း တစ်ခုခုဖြစ်သွားရင် ခံနိုင်ပါ့မလား။ ယူကျုံးမရဖြစ်မလား။ အမေတစ်ယောက် ဒီလိုရောဂါဝေဒနာတွေနဲ့ ခံစားနေ





www.burmeseclassic.com

www.burmeseclassic.com





ရတဲ့အချိန်မှာ ငါ့သားလေးက ဘာမပြော ညာမပြောနဲ့ ဖြစ်သွားရင် ခံနိုင်ရည်ရှိပါ့မလား ဆိုပြီး တွေးမိတယ်။ အချုပ်ကတော့ နောက်ဆုံးချိန်မှာ ကုသိုလ် ကောင်းမှုတွေလုပ်ထားတယ် ဆိုတော့ တစ်ခုခုဖြစ်သွားခဲ့ရင် နောက်ဆုံးဖြစ်နေတဲ့ ဂတိစိတ်က ကောင်းဖို့ လိုတော့ လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲ စိတ်ထဲထည့်ထားတယ်။ အဖေအမေကိုလည်း စိတ်ထဲမှာ မထည့်တော့ဘူး။ တခြား ဘာမှ စိတ်ထဲမှာ မထည့်တော့ဘဲ ဖြစ်လာခဲ့ရင် အကောင်းဆုံးရင်ဆိုင်မယ်ဆိုတဲ့စိတ်နဲ့ တကယ်လို့များ ကျော်မကောင်း ကြားမကောင်းဖြစ်သွားခဲ့ရင် ကောင်းတဲ့ဘုံဘဝရောက်အောင် ကိုယ့်စိတ်ကိုထိန်းမယ်ဆိုတဲ့ စိတ်ပဲထားတယ်။ လေယာဉ်မှူးကြီးနဲ့ လေယာဉ်မယ်တွေ ကြေညာပြီး ညွှန်ကြားထားတာတွေကိုလည်း လိုက်နာပြီး အကောင်းဆုံး မျှော်မှန်းထားတယ်။ အဲဒီအချိန်မှာ ကျွန်တော် တွေးနေတာက စက္ကန့်ပိုင်းပဲရှိတယ်။ ဦးစိုးမိုးကို လှမ်းကြည့်လိုက်တော့လည်း တကယ့်ခေါင်းဆောင်ကောင်းတစ်ယောက် ပီသစွာ တည်တည်ငြိမ်ငြိမ်အေးအေးဆေးဆေးနဲ့ ဖြစ်နေသလို နိုင်နိုင်(နေမင်း)ကို ကြည့်လိုက်တော့လည်း အေးဆေးပဲဆိုတဲ့အခါကျတော့ ကိုယ်ကလည်း အားရှိတာပေါ့။ ဘာသာတရား အဆုံးအမတွေနဲ့ ကိုယ့်စိတ်ကို တည်ငြိမ်အောင်လုပ်ရင်း ကိုယ့်အဖွဲ့တွေလည်း တည်တည်ငြိမ်ငြိမ်နဲ့ တွေ့နေရတာက တကယ်ပဲအားဖြစ်စေပါတယ်။

**အမေကို ချစ်တဲ့သား၊ အမေက ချစ်တဲ့သား နေမင်းအနေနဲ့ရော အဲဒီလိုဖြစ်နေတဲ့အချိန်မှာ ဘယ်လိုခံစားမှုရှိလဲ။**

သူတို့ စ,ကြေညာကတည်းက တစ်ခုရှိတာက ကျွန်တော့်စိတ်ထဲမှာ ကြောက်စိတ် သိပ်မဖြစ်မိဘူး။ ဘေးမှာရှိတဲ့ ဦးစိုးမိုးကို ဘာဖြစ်နိုင်လဲ၊ ဘယ်လိုဖြစ်မှာလဲလို့ မေးတာပဲရှိတယ်။ အဲဒီလိုဖြစ်တာကို သိတာကတော့ နောက်က ဦးလေးက ပြောနေလို့ပါ။ ရေဝတီမြစ်ပေါ်မှာ ဝဲနေတော့ ဘာဖြစ်မှာလဲ။ မြစ်ထဲဆင်းမှာလား။ အဲဒီမှာ သတိဝင်လာတာက တကယ်လို့ မြစ်ထဲဆင်းရင် ဒီလူတွေကို ဘယ်လိုကယ်မှာလဲ။ တွေးမိရင်းမှ အိမ်က အဖေနဲ့အမေကို သွားသတိရတယ်။ လေယာဉ်မယ်တွေကလည်း ပြောပြီ၊ ပစ္စည်းတွေ ဘာမှမယူပါနဲ့။ တည်တည်ငြိမ်ငြိမ်နဲ့ ညွှန်ကြားတဲ့အတိုင်း နေပေးပါ။ လက်ထဲမှာ ဘာမှမရှိဘူး။ ဖုန်းတစ်လုံးပဲ ရှိတယ်။ ဘာဖြစ်လို့ ဖုန်းကိုင်ထားလဲဆိုတော့ ကျွန်တော်က Avengers ရုပ်ရှင်ကြည့်ထားတဲ့အတွက် အဲဒီကားမှာ Iron Man က အာကာသထဲမှာ Video Record နဲ့ထားခဲ့တယ်။ ကိုယ်လည်း တကယ်လို့များ အဲဒီလို တစ်ခုခုဖြစ်သွားရင် နောက်ဆုံး သေခါနီး ကိုယ့်ရဲ့ ပရိသတ်တွေ၊ ကိုယ့်အဖေအမေနဲ့ ဆွေမျိုးတွေအတွက် ဒီ Record လေးနဲ့ မှာခဲ့မယ်ပေါ့။ သူတို့လည်း ပြန်ကြည့်လို့ရမယ်ဆိုပြီး တွေးပြီးတော့ လက်ထဲမှာ ကိုင်ထားမိတယ်။ အဲဒီဇာတ်ကားမှာလိုပဲ ကျွန်တော်တို့ အဖြစ်အပျက်မှာတော့ ကပ္ပတိန် မာဘယ်အစား ကပ္ပတိန် မြတ်မိုးအောင်က ကယ်သွားတာပေါ့။ ဦးစိုးမိုးနဲ့ ကျွန်တော် စကားပြောကြည့်တဲ့အခါမှာ သူကလည်း ပုံမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးမိုး လေယာဉ် စီးခဲ့တဲ့ အကြိမ်ကလည်း မနည်းဘူး။ ဦးစိုးမိုး ဘာဖြစ်နိုင်လဲလို့ မေးတော့ ဦးစိုးမိုးက ဘာမှ မဖြစ်နိုင်ဘူးတဲ့။ ကျွန်တော် တွေးထားတာကတော့ လေယာဉ် ပျက်ကျရင် သေမှာပဲ။ ဒါပေမဲ့ စိတ်ထဲမှာ အရမ်းထူးထူးဆန်းဆန်းကြီး မခံစားရဘူး။ တစ်ခုပဲ ရှိတာက ဒီတစ်ခေါက်မှာ ဦးစိုးမိုး မပါဘူး ထင်ပြီး ကိုယ်က ခေါင်းဆောင်လိုလို ဘာလိုလိုနဲ့ ဆံပင်တွေ သပ်သပ်ရပ်ရပ်ထောင်ပြီး အင်္ကျီအဖြူတွေ ဘာတွေနဲ့ ကိုယ်က လူကြီးအနေနဲ့ သွားရမှာပေါ့။ လေယာဉ်ပေါ်ရောက်တော့မှ ဦးစိုးမိုးကို တွေ့ရတယ်။ ပိုက်ဆံအိတ်ထဲမှာ အရင်တုန်းက ဘဏ်စာအုပ်တွေ အကုန်ပါတယ်။ ဒီတစ်ခေါက်တော့ ဘဏ်စာအုပ်တွေ ထားခဲ့ပြီး ပိုက်ဆံအိတ်ပါးပါးလေးနဲ့ လာတာ။ အဲဒီအချိန်မှာ တွေးမိတာက ဒီလိုတွေ လုပ်မိခဲ့တယ်ဆိုတော့ ငါသေဖို့ ကျိန်းသေနေပြီလားပေါ့။

**စည်သူမောင်ကရော ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး ပရိသတ်ကို ဘာလေး ပြောချင်လဲ။**

ကျွန်တော် ဖြည့်ပြောချင်တာကတော့ အဲဒီလိုဖြစ်သွားပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တွေးမိတာက မြတ်စွာဘုရားက ကျွန်တော်တို့ကို နောက်ထပ်တစ်ကြိမ် အခွင့်အရေးပေးတယ်လို့ ကျွန်တော် ခံစားရတယ်။ အဲဒီလိုပဲ ကျွန်တော့်အတွေးအခေါ် တချို့လည်း ပြောင်းလဲသွားတယ်။ ကိုယ်က ဘာသာရေးကို ဘယ်လောက်ပဲ လုပ်တယ်ပြောပြော တကယ့်တကယ်တမ်း တွေးကြည့်ရင် ဘုရားဟောထဲမှာ ပါသလို လူဆိုတာ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သေသွားနိုင်တာပဲ။ အဲဒါကြောင့် သိပ်တော့ မကြောက်ဘူး။ အခု ကိုယ်တွေ့ကြုံမှ သိတော့တယ်။ ဒီအချိန်မှာ တွေးမိတာက ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်မိသားစုအတွက် ဘာတွေလုပ်ခဲ့သင့်သလဲ။ ကိုယ့်ရဲ့ တချို့သောကိစ္စတွေမှာ ဘာတွေပြုပြင် ပြောင်းလဲသင့်သလဲ ဆိုတဲ့ အတွေးတွေ၊ အမြင်တွေ၊ အသိတွေ တော်တော်ကို ပြောင်းသွားတယ်။ ကျွန်တော်တို့အဖြစ်ကို သိရတဲ့သူတွေလည်း သင်ခန်းစာယူပြီးတော့ သေခြင်းတရားဆိုတာ အချိန်မရွေးရောက်လာနိုင်တဲ့အတွက်ကြောင့် ကိုယ့်ရဲ့ မနက်ဖြန်တိုင်း၊ ကိုယ့်ရဲ့နေ့တိုင်းကို ဘယ်လိုအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဖြတ်သန်းမလဲ၊ ဘာတွေအကောင်းဆုံးထားခဲ့မလဲဆိုတာမျိုးလေးတွေ ပြန်ပြီးတော့ Share သင့်တယ်လို့ ပြောချင်ပါတယ်။

**နေမင်းကရော ငါတို့ ရန်ကုန်ပြန်ရင် လေယာဉ်နဲ့ မပြန်တော့ဘူး၊ ကားနဲ့ပဲ ပြန်မယ်လို့ စိတ်ထဲ မဖြစ်မိဘူးလား။**

ဗီဒီယိုရိုက်ခဲ့တဲ့ ရည်ရွယ်ချက်ကိုက အရှေ့မှာ ဦးစိုးမိုးနဲ့ ကိုစည်သူမောင် ပြောသလိုပါပဲ။ ကျွန်တော် မှတ်တမ်းဗီဒီယိုကို အရမ်းရိုက်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့နိုင်ငံမှာလည်း နိုင်ငံတကာထက် သာလွန်တဲ့ ကောင်းမွန်တဲ့ စွမ်းရည်တွေ ရှိတဲ့သူတွေ ရှိတယ်ဆိုတာ ဦးမြတ်မိုးအောင် ပြလိုက်သလိုပဲ။ ပါတဲ့သူတွေအကုန်လုံးသည် တစ်ယောက်နဲ့ တစ်ယောက် ဖေးမတဲ့ မေတ္တာစိတ် သူတို့ရဲ့ အတွင်းသန္တာန်မှာ ရှိနေတယ်။ နောက်တစ်ခုက လေယာဉ်မယ်တွေ လမ်းညွှန်တဲ့အတိုင်း တကယ်စည်းစနစ်တကျ မြန်မာလူမျိုးတွေ လုပ်ခဲ့ကြတယ်ဆိုတဲ့ စိတ်တွေအပြင် ကျွန်တော်တို့ သက်တမ်းတင်မက နောက်သက်တမ်းပေါင်းများစွာမှာပါ ဒီလိုမျိုး အဖြစ်အပျက် ကြုံတောင့်ကြုံခဲ ဖြစ်လာနိုင်တဲ့ ဟာမျိုးအတွက်ကို လူငယ်တွေအတွက်ပဲဖြစ်ဖြစ် မှတ်တမ်းတစ်စုံတစ်ရာ ကျန်ရစ်စေချင်တယ်။ နောက်ပြီးတော့ တကယ့်သတင်းအဖြစ်မှန် အမှန်တရားတစ်ခုကို မြင်စေချင်တယ်။ သူများနိုင်ငံက ဖြစ်သွားတဲ့ လေယာဉ်တောင်ပံကျိုးတဲ့အဖြစ်တွေ မဖြစ်စေချင်ဘူး။ ဒီလိုအချိန်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့သူတွေ၊ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းတဲ့စိတ်တွေ ပေါ်စေချင်တဲ့ စိတ်ထားနဲ့ ဒီဗီဒီယိုကို ရိုက်ခဲ့တာပါ။ တချို့ကောမန့်တွေကလည်း စေတနာဒေါသောနဲ့ ကျွန်တော်တို့ကို ပြောတယ်လို့ပဲ မြင်ပါတယ်။ ကျွန်တော် ဒီမှတ်တမ်းကို ရိုက်မိလို့ မှားတယ်ဆိုရင်လည်း၊ အပြစ်တစ်ခုခု ရှိတယ်ဆိုရင်လည်း ဒီစာမျက်နှာကနေ တောင်းပန်ပါတယ်။ ကျွန်တော့်စိတ်ထဲက ဆန္ဒအတိုင်းလုပ်ခဲ့မိတာ လေယာဉ်မှူးကြီးကို ဂုဏ်ပြုချင်တာလေ။ မြန်မာလူမျိုးတွေရဲ့ အထင်ကရကိစ္စမှာ အတွင်းစိတ်သန္တာန်ကို ပြနိုင်မယ်လို့ ကျွန်တော်ထင်လို့ လုပ်ခဲ့မိတာပါ။

အိမ်ရောက်တော့ အမေနဲ့ ထပ်ပြောဖြစ်တဲ့စကားကတော့ အိမ်မှာ ခဏခဏ ပြောဖြစ်တယ်။ အမေက သူကတော့ အသက်ကြီးပြီ။ သူ အရင်သေမယ်။ ကျွန်တော်က မဟုတ်ဘူး၊ အမေ သားအရင်သေမယ်။ အမေက အသက်ကြီးလို့ သေချင်သေမယ်ပြောတာ။ ကျွန်တော်ကတော့ ငယ်ပေမဲ့ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက်မကွေးမီ သေရင်သေသွားနိုင်တာပေါ့လို့ ပြောဖြစ်ခဲ့တဲ့အတွက် Video Call မခေါ်မီ အဲဒီ Feel က ဝင်လာတယ်။ ဪ… ငါ့အမေကို ငါ ပြောင်ပြောင်နောက်နောက်နဲ့ ပြောခဲ့တာ တကယ်များ တစ်ခုခုဖြစ်ခဲ့ရင် အခုလောက်ဆို ငါ့အမေ ငိုနေလောက်ပြီဆိုတာကို စဉ်းစားပြီးတော့ နောက်ဆို ဒါမျိုးမပြောတော့ဘူးလို့ စိတ်ထဲဝင်မိပါတယ်။

ဒီလေယာဉ်ပေါ်မှာ ပါလာတဲ့ ခရီးသည်များက အကောင်းဆုံး ဆုံးဖြတ်ပြီး အားလုံး ဘေးမသီ ရန်မခ အောင် ဒီလေယာဉ်ကြီးကို ထိန်းကျောင်းပေးခဲ့တဲ့ ကပ္ပတိန် မြတ်မိုးအောင်နဲ့ အဖွဲ့ကို မေလ ၁၉ ရက်နေ့က ရွှေဆုများ၊ ငွေသားများနဲ့ ဂုဏ်ပြုကန်တော့ခဲ့ကြပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၁။ တိုက်ခန်းတွဲ အောက် ကို ရောက်သည်နှင့် ဆောင်းလာသည့် ထီးကို ပိတ်လိုက်၏။ မြေညီထပ်ရှိ ဈေးဆိုင်ဘက်သို့ အကြည့်ရောက်သွားချိန် ခဏ၌ ထိုင်းအမျိုးသမီး နှစ်ယောက်က ရှင်းကို ကြည့်ပြီး တစ်စုံတစ်ခုကို ပြောနေဟန်ရှိသည်။ မောင့်ဆီလာတိုင်း တွေ့နေကျမို့ ရင်းနှီးနေသည့် သင်္ကေတအရ ရှင်း ပြုံးပြဖြစ်သည်။ ပြန်လည်ပြုံးပြလာသည့် ထိုင်းအမျိုးသမီး နှစ်ယောက်၏ အပြုံးက မချင့်မရဲနိုင်လှသည်။ သက်ပြင်းငွေ့ကို တိုးတိုးမျှသာချဖြစ်၏။ လေကို ခပ်လေးလေး ပြန်ရှူသွင်းမိသည်။ စိမ်းရွှေရွှေဆေးနံ့အချို့က ရောနှောပါလာခဲ့သည်။ ရှင်း ရောက်မလာဖြစ်သည့် နှစ်ပတ်ကျော်အတွင်းမှာ တိုက်ခန်းတွဲလေးက ဆေးအရှိန်ဖြင့် သစ်လွင်တောက်ပလျက် ရှိသည်။ တိုက်ခန်းတွဲက လေးထပ်ဖြစ်၏။ မောင်ငှားနေသော အခန်းက ဒုတိယထပ် (သုံးလွှာ)တွင် ဖြစ်သည်။ ထိုင်းနိုင်ငံရှိ မြို့ပေါင်းများစွာထဲမှာ ဘန်ကောက် အနီးတစ်ဝိုက် မြို့များက အပူရှိန် ပိုများလေသလား မပြောတတ်တော့။ ဝင်လာသည့်လေပင် အပူငွေ့များနှင့် မကင်းချင်။

မောင့် အခန်းရှိရာဆီ တက်လာခိုက် ပထမထပ် အရောက်တွင် အပေါ်မှ ဆင်းလာသူတစ်ယောက်နှင့် လှေကားမှာဆုံတော့ ရှင်း ပြုံးပြဖြစ်ပြန်၏။ မောင့်အခန်းနှင့် မျက်စောင်းထိုးအခန်းမှာနေသော အန်တီ ဖြစ်သည်။

'ကိုထိုက်ဆီ လာလည်တာလား သမီး'

'ဟုတ်ကဲ့ အန်တီ'

ပြုံးပြနှုတ်ဆက်ရုံမျှသာ။ ရှင်းက လှေကားအတိုင်း ဆက်တက်မည်အပြု အောက်ဘက်သို့ အနည်းငယ်ဆင်းနေခဲ့ပြီဖြစ်သော အန်တီက 'သမီး' ဟု ခေါ်သံပြုလာခဲ့ပြန်၏။ လှမ်းလက်စ ခြေလှမ်းကို ရပ်ပြီး ရှင်း လှည့်ကြည့်ဖြစ်သည်။ တစ်စုံတစ်ခုကို ပြောလိုဟန်ရှိနေသော အန်တီ့မျက်နှာက သိသာစေသည်။

'ဘာမှ မဟုတ်တော့ပါဘူးကွယ်'

အန်တီ့မျက်နှာက ရုတ်ခြည်း ညှိုးနွမ်းသွားသယောင်။ ထိန်းချုပ်မှုတစ်ခုကို သက်ပြင်းကြားထဲ သိုဝှက်ထားလိုက်ပုံရသည်။ ခေါင်းခါရင်း သွက်လက်စွာ ဆက်သွားသည့် အန်တီ့ကျောပြင်ကို မြင်မှသာ ရှင်း လှစ်ခနဲ ပြုံးဖြစ်သည်။ မချိတင်ကဲ အပြုံးတစ်ခုသာ ဖြစ်ပေလိမ့်မည်။ သို့သော် ရင်ထဲ၌ ဆိုးဆိုးရွားရွား တုန်လှုပ်မှု အလျှင်းရှိမနေခဲ့။

လှေကားထစ်အတိုင်း သာ ရှင်း ဆက်တက်လာဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မောင်ရှိရာ ဒုတိယထပ်ဆီ ရောက်ခဲ့ပြီဖြစ်၏။ မောင့်အခန်းကို လျှောက်လာခဲ့သော ရှင်း ခြေလှမ်းများက ပုံမှန်သာဖြစ်သည်။ မြေညီထပ်ရှိ ဈေးဆိုင်မှ ထိုင်းအမျိုးသမီးနှစ်ယောက်၏ အကြည့်။ လှေကားပေါ်၌ ဆုံခဲ့သော အန်တီ၏ ချိတုံချတုံဖြစ်နေသောပုံစံ။ ထိုအရာများအတွက် အဖြေက မောင့်အခန်းရှေ့မှာ ရှိနေခဲ့သည်။ မိန်းမစီး ဖိနပ်လှလှလေးတစ်ရန်က ရှင်းကို ထီမထင်ဟန်ဖြင့် စောင့်ကြို လျက် ရှိနေခဲ့သည်။

❑

၂။

တံခါးခေါက်ပြီး တစ်မိနစ်မျှသာကြာ၏။ “လာပြီ” ဟူသော မောင့်အသံရှင်ပျပျက သူသူငယ်ချင်းတစ်ယောက်ယောက်အဖြစ်သာ ထင်ဟန်ရှိသည်။ တည်ဆောက်ရခက်အောင် ပျက်ယွင်းသွားသည့် မောင့်မျက်နှာကို ရှင်း အမှတ်တမဲ့ သဘောအနေနှင့် ကြည့်ဖြစ်သည်။ အသက်ရှူရန်ပင် ခက်ခဲသွားပုံရသည့် မောင့်ပုံစံကို ရှင်း ဆက်မကြည့်လိုတော့။

“ဧည့်သည် ရောက်နေတာလား မောင်”

ချောင်ပိတ်မိနေသော သူတစ်ယောက်အတွက် ထွက်ပေါက်တစ်ခုကို လှစ်ပေးရုံမျှသာဖြစ်သည်။ မောင်က ရသည့်အခွင့်အရေးကို အလွတ်ခံလိုဟန်မရသည့်ပုံဖြင့် ခေါင်းကို ဆတ်ဆတ်ခါညိတ်ပြသည်။

“ဩော် ဟုတ်တယ် ရှင်း။ ခုလေးတင်ပဲ မိုးရောက်လာတာ။ သူ့အခန်းမှာ

relfreY
taea0;
aewwfvbh
a, muf;av;
awGa
olYpfOa[mif
ukdS
r[ kvfygol
tvGfwul
&wwfvbh
relfuav;
wkdfuk
OaH, mZ0f
wGjfy
wwlLuw, f

မုန့်ဟင်းခါးချက်စားတော့ မောင့်ကို လာပို့ပေးတာတဲ့လေ”

ပါးစပ်ကနေ အကြောင်းပြချက်လေးတစ်ခုကို ချက်ချင်းကောက်ဆွဲလိုက်ပုံရသော မောင်က ရှင်းကို အခန်းထဲဝင်ဖို့ လမ်းမဖယ်သေးသည်ကို သတိပြုမိဟန်မရချေ။ အခန်းတံခါးကို တစ်ဝက်လောက်သာ ဟ,ထားပြီး မျက်နှာလေးထွက်ကာ ပြောနေခဲ့ခြင်းဖြစ်သည်။ ရှင်းက အခန်းတံခါးကို သွားတွန်းမှသာ သတိဝင်လာပုံနှင့် ချက်ချင်းဖယ်ပေးသည်မှာ ရုပ်ပျက်နိုင်လွန်းလှသည်။

မောင်ကသာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသလောက် မောင့်ဧည့်သည် မိုးက မုန့်စားပင် ပျက်မနေခဲ့။ ရှင်းကို တစ်ချက်ကြည့်ပြီး ဖိတ်ခေါ်လိုက်ပုံက အံ့ဩစရာတော့ကောင်းနေခဲ့သည်။

“စားပါဦးလား ရှင်း”

အနေအထားတစ်ခု ပြောင်းပြန်ဖြစ်နေသည့်အပေါ်မှာ ရှင်းအတွက် ဘယ်ကဲ့သို့ ကောက်ချက်ချရမည်မှန်း မပြောတတ်တော့။ ရှင်းက ခေါင်းပဲ ခါပြလိုက်သည်။ မောင်က ထိုင်ရခက်၊ ထ,ရခက်ပုံမျိုးဖြင့် တော်ရုံလည်း စကားထွက်နိုင်ဖို့ လမ်းမမြင်သေး။ ဟိုကိုင်ရနိုး၊ ဒီလုပ်ရနိုးနှင့် စိတ်၌ ယောက်ယက်ခတ်နေသော မောင့်ပုံစံက သိသာနေ၏။

အနည်းငယ်ကျယ်ဝန်းသော မောင့်အခန်းလေးက အမြဲလိုပင် ရှုပ်ပွမြဲရှိခဲ့သလောက် ယခုချိန်မှာ သန့်ရှင်းသပ်ရပ်နေခဲ့သည်။ မိန်းမတစ်ယောက်၏ လက်ရာမှန်း တပ်အပ်သိစေနိုင်၏။ အိပ်ခန်းအဖြစ် ဗီရိုတစ်လုံးနှင့် အဝတ်ချိတ်စင်ငယ်လေးတစ်ခုကို ရှင်း ကိုယ်တိုင် စိတ်ကူးနှင့် ကာရံပေးထားခဲ့သည်။ ရှင်း အဝတ်အစားကိုပင် မချိတ်ဖူးသော မောင့်အဝတ်ချိတ်စင်လေးဆီမှာ အမျိုးသမီးဝတ်တစ်စုံက ရှင်းကို ပမာမခန့် ကြည့်နေသယောင် ရှိနေခဲ့၏။

အခန်းတစ်ခုလုံးကို ရှင်း ဝေ့ဝိုက်ကြည့်နေဆဲမှာ မောင့်ဧည့်သည် မိုးက စားသောက်ခြင်းကို လက်စသတ်ပြီး ပန်းကန်ဆေးနေသည့်ပုံက သည်အခန်းနှင့် အကျွမ်းတဝင်ရှိလှသည်။ ခဏတာမျှ အခန်းငယ်လေးက ဆိတ်ငြိမ်သွားသည်။ ထိုတိတ်ဆိတ်ခြင်းအား အပြစ်ရှိသူပီပီ မောင်က ရင်ဆိုင်နိုင်စွမ်း ရှိပုံမပေါ်ခဲ့ချေ။

“ရှင်း ပြောတော့ ဒီနေ့ အချိန်ပို ဆင်းရမယ်ဆို”

ဆိတ်ငြိမ်ခြင်းတစ်ခုကို ဖြိုခွင်းချင်သော မောင်က သူ့အမှားကို သတိပြုမိဟန်မတူ။ ရှင်း လာနိုင်မည်မဟုတ်မှန်း သိနေသည့်အတွက် မောင့်အဝတ်စင်ပေါ်မှာ မိန်းကလေးအဝတ်တစ်စုံ ရောက်ရှိနေပုံရသည်။ မောင့်အခန်းထဲကို မိန်းကလေးတစ်ယောက် ပိုင်စိုးပိုင်နင်းအနေအထားမျိုးဖြင့် ရောက်နေခဲ့သည်။ ဝင်ကြည့်စရာ မလိုလောက်အောင် ဗီရိုနောက်ကွယ်ရှိ အိပ်ခန်းလေးဆီက ရှင်း အိပ်ခဲ့ဖူးသော ခေါင်းအုံးပေါ်မှာ ရှင်း ဆံပင်မဟုတ်သော အခြားမိန်းမတစ်ယောက်၏ ဆံနွယ်စအချို့ ရှိနေပေလိမ့်မည်။ သက်ပြင်းအချို့အား ခိုးချရုံဖြင့် ရှင်းအတွက် မွန်းကျပ်မှုစိတ်များ ပြေပျောက်ရန် လုံလောက်စေခဲ့ပြီ။

“အချိန်ပိုရှိတယ် မောင်၊ ရှင်း တမင် ခွင့်ယူထားတာပါ”

“ဟင် ဘာလို့လဲ ရှင်း”

သည်အခန်း၌ စိတ်မလုံသော လူနှစ်ယောက်ရှိသည့်အနက် မောင်က ပိုပြီး သရုပ်ပျက်နေခဲ့၏။ တစ်ယောက်သောသူဖြစ်သည့် မောင့်ဧည့်သည် မိုးက အနည်းငယ် ဣန္ဒြေဆောင်နိုင်သည့်ပုံဖြင့် ရှင်းကို နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်က သက်သောင့်သက်သာ ရှိလှ



www.burmeseclassic.com

www.burmeseclassic.com

၏။ မောင်က ပျက်ယွင်းနေသော မျက်နှာကို ယခုချိန်ထိ ပြန်ထိန်းချုပ်နိုင်စွမ်း မရှိသေးပေ။

‘ဝယ်စရာလေးတွေ နည်းနည်းရှိနေလို့ပါ မောင်။ ကုန်တိုက်သွားရင်း မောင့်အတွက်ရော ဘာတွေ လိုဦးမလဲလို့ လာကြည့်တာပါ’

‘ဟာ… ဪ၊ ရပါတယ် ရှင်းရ။ ရှေ့အပတ်ကပဲ မောင် သွားဝယ်ထားလိုက်တယ်လေ။ ဒါကြောင့် အဲဒီအပတ်က ရှင်းအခန်းမှာ လာမအိပ်ဖြစ်တာပေါ့’

အမှားလုပ်တတ်သူက လှပသော ဆင်ခြေလေး တစ်ခုကို အမြဲဆောင်ထားတတ်ပုံရသည်။ ထိုအရာများစွာတို့ကို ရှင်းက အစစ်အမှန်အဖြစ် သာယာယစ်မူးခဲ့ဖူးသည်ထင့်။

‘ဒါဆို ရှင်း ပြန်လိုက်တော့မယ် မောင်။ ကုန်တိုက်သွားရမှာဆိုတော့ အပြန် နေပြင်းမှာစိုးရတယ်’

‘ဟို… မောင် လိုက်ပို့ပေးရမလား ရှင်း’

‘မလိုဘူး မောင်၊ ရှင်း ဘာသာပဲ သွားလိုက်တော့မယ်’

မောင့်မျက်နှာ တစ်ချက်ဝင်းထိန်သွားသယောင်။ လှစ်ခနဲပြုံးမိတိုင်း ဆစ်ခနဲ နာကျင်တတ်သော ရှင်း ဘယ်ဘက်ရင်အုံလေး ဘယ်အချိန်ကတည်းက ဆိတ်ငြိမ်သွားမှန်းပင် သတိမထားဖြစ်ခဲ့။မောင့်ကို နှုတ်ဆက်ပြီး ရှင်း ထ, လာခဲ့လိုက်သည်။ မောင်က ရှင်းကို အခန်းတံခါးဝအထိ လိုက်ပို့ရင်း ကျန်းမာရေးဂရုစိုက်ရန် မှာသည်။ အခန်းတံခါးက ထွက်ခါနီးသည်နှင့် မောင်ရှိရာဘက်ကို ရှင်း သမင်လည်ပြန်လှည့်လိုက်သည်။

‘မောင်’

‘ဟင် ရှင်း၊ ဘာပြောမလို့လဲ’

‘အနေအထိုင်တော့ နည်းနည်းဆင်ခြင်ပေးစေချင်တယ် မောင်။ ရှင်းအတွက် မဟုတ်ပါဘူး။ ပတ်ဝန်းကျင်အတွက်ပါ မောင်’

‘ဟင်’

နှုတ်ခမ်းတွန့်ရုံမျှ အပြုံးတစ်ခုပေးပြီး မောင့်ကို ကျောခိုင်းရင်း လှည့်ထွက်လာခဲ့သည်။ ရှင်း သွားခဲ့ရသည့် လမ်းများစွာထဲမှာ မောင်က ဦးဆောင်ပြီး မပါခဲ့သလို ရှင်းနှင့် ဘေးချင်းယှဉ်လျက်လည်း ပါခြင်းမရှိခဲ့။

❑

၃။

လှေကားထစ်အတိုင်းပင် ရှင်း ပြန်ဆင်းလာခဲ့သည်။ ပထမထပ်တွင် မောင့်ဇည့်သည်ဟု ပြောတတ်သည့် မိုး ငှားနေသော အခန်းရှိ၏။ ရှင်းက ဝေ့၍မျှပင် မကြည့်ဖြစ်ဘဲ ကိုယ့်လမ်းကိုယ် ဆင်းလာခဲ့သည်သာ။ ကိုယ်က ရှောင်နေပါလျက် တည့်တည့်ဝင်တိုးချင်သူများ၏ အနိုင်ရလိုမှု အတ္တက တစ်ခါတလေ ရယ်စရာပင် ကောင်းနေခဲ့သည်။

‘ရှင်း’

တမင်စောင့်နေဟန်ရှိသော မိုးကို ရှင်းက ကွေ့ဝိုက်ပြီး ရှောင်ဖယ်သွားရန်တော့ မဖြစ်နိုင်ပေ။ ရှင်းက ပုံမှန်အနေထားတစ်ခုနှင့် သာကြည့်ဖြစ်၏။

‘မိုးနဲ့ ကိုထိုက်က ချစ်သူဟောင်းတွေဆိုတာ ဟိုးကတည်းက ရှင်း သိခဲ့မယ်ထင်တယ်နော်’

‘အတိတ်ဆိုတာ ရှင်းအတွက် အဲဒီလောက် အရေးပါတဲ့အရာ မဟုတ်ဘူး မိုး။ ခုလက်ရှိမှာ မောင်က ရှင်းရဲ့ ယောကျ်ား၊ သမီးလေးရဲ့ အဖေ ဆိုတာကိုတော့ မိုး သတိမေ့နေတာများလားပဲ’

‘ဟင်းဟင်း မိုးက အနေသာကြီးပါ ရှင်း။ ကိုထိုက်ကသာ မိုးကို သံယောဇဉ်မပြတ်နိုင်သေးတာ ရှင်း သိထားစေချင်လို့’

အများပြောနေကြသော အဆင့်အတန်းဆိုသည့် အရာကို ထင်ထင်ရှားရှား မြင်ခွင့်ရလိုက်သည်ထင်၏။ စကားပြောပုံက တောင်ရောက်မြောက်ရောက်နိုင်လှသည်။ ငါ့စကား နွားရ ဟူသော စကားပုံလေးကို ခိုင်းနှိုင်းရမလိုပင်။

‘မိန်းမနဲ့ အနေဝေးနေတတ်တဲ့ ယောကျ်ားလေးတွေက သူ့ချစ်သူဟောင်းကိုမှ မဟုတ်ပါဘူး၊ အလွယ်တကူရတတ်တဲ့ မိန်းကလေးတိုင်းကို သံယောဇဉ်တွယ်ပြတတ်ကြတယ် မိုး’

‘နင် နင် စကားပြောတာ အောက်တန်းကျလှချည့်လား ရှင်း’

‘တရားဝင်မိန်းမရှိတဲ့ ယောကျ်ားတစ်ယောက် အခန်းမှာ သွားအိပ်နေတဲ့ ရှင့်လောက်တော့ ရှင်း စကားက အောက်တန်းမကျဘူး ထင်တယ် မိုး’

‘နင် နင်’

နောက်ထပ်ပြောစရာမလိုတော့ဟု ရှင်းထင်သည်။ ထို့ကြောင့် ရှင်း လှေကားထစ်အတိုင်း ဆင်းလာခဲ့၏။ တနင်္ဂနွေပိတ်ရက်မို့ထင့် မောင်တို့တိုက်ခန်းတွဲမှာ လူအတက်အဆင်း များနေခဲ့၏။ စကားကို တိုးတိုးသာသာပြောခဲ့သော်လည်း ဖြတ်သွားဖြတ်လာသူ အချို့ ကြားနိုင်မည်ထင်သည်။ လူတို့၏ သဘောသဘာဝအရ မေးမြန်းစပ်စုချင်သူလည်း ရှိနေသည်။ မြေညီထပ်ဆီအရောက်မှာ ရှင်းက ထီးကိုဖွင့်ဟန်ပြုလိုက်သည်။ ထိုအချိန်မှာပင် ပထမထပ်တွင်နေပြီး ရှင်းနှင့်လည်း မျက်မှန်းတန်းဖူးနေသည့် အမျိုးသမီးတစ်ယောက်က အနားကပ်ပြီး ပြောလာခြင်းဖြစ်သည်။

‘မရှင်းက သိနေတာပဲနော်။ ဒါနဲ့တောင် ယောကျ်ားကို ပေးလွှတ်ထားရသလား မရှင်းရယ်။ ဟိုမိန်းမက အဲဒီအခန်းမှာပဲ အတူတူသွားနေတာ ရှင့်’

ဘန်ကောက်နေက ဒီနေ့မှ ပိုပူနေသယောင် ထင်ရသည်။ ထိုထက်တော့ ရှင်း မည်သို့မျှ ဖြစ်မနေခဲ့။ လာပြောနေသည့် အမျိုးသမီးလေးကို ကျေးဇူးဟုသာ ပြောပြီး ရှင်း ထွက်လာခဲ့တော့သည်။ အမျိုးသမီးလေးက နားမလည်နိုင်သော အကြည့်များဖြင့် ကျန်နေခဲ့၏။

❑

၄။

ရှုးသွပ်စွာ ချစ်ခဲ့ဖူးသည်။ မောင်နှင့်ပတ်သက်သမျှသော အရာမှန်သမျှ အသေးစိတ်ကအစ သဝန်တိုတတ်ခဲ့သည်။ ပွေမှန်းရှုပ်မှန်း



www.burmeseclassic.com

www.burmeseclassic.com

သိနေသော်လည်း အချစ်ကို လွန်ဆန်ဖို့ ခက်ခဲလောက်အောင် ရှင်း မိုက်မဲခဲ့၏။

မောင်ထားခဲ့ဖူးသမျှသော ချစ်သူများထဲတွင် ရှင်းက မောင့်အတွက် လှပသေသပ်သော ပိုက်ဆံအိတ်ကလေးတစ်လုံးမျှ ဖြစ်ဟန်ရှိ၏။ မောင်က တွက်ချက်မှု များစွာနှင့် ရှင်းဆီမှာ လက်ထပ်ခွင့်တောင်းခဲ့ပုံရသည်။ ရှင်းက အချစ်သက်သက်ဖြင့်သာ ခေါင်းညိတ်သဘောတူခဲ့ခြင်းပင်။

မပြေလည်သော မိဘများအား မောင်က လူပျိုဘဝတွင် ထင်သလောက် မဖြည့်ဆည်းနိုင်ခဲ့သော ကွက်လပ်များစွာတို့ကို အိမ်ထောင်သည်ဘဝမှာ ရှင်းက တာဝန်ယူ ဖြည့်ဆည်းပေးခဲ့သည်။ မောင့်မိဘများနှင့်စာလျှင် ရှင်းမိဘများက အနည်းငယ်သာသည့် အနေထားမို့ ရှင်းပေးကမ်းနေခြင်းအပေါ် အပြစ်မမြင်ခဲ့ကြသည်လည်းအမှန်။

ချစ်သူဘဝတွင် အလုပ်ချင်းမတူသော မောင့်ကို အိမ်ထောင်သည်ဘဝမှာ ရှင်းအလုပ်ရှိရာဆီ ပြောင်းရွှေ့စေခဲ့၏။ ရှင်းအလိုကျသာ ပြောင်းရွှေ့လာခဲ့ရသော မောင်၏ စိတ်မပါမှု များစွာတို့ကိုလည်း ရှင်း နားလည်ပေးနိုင်ခဲ့သည်။ ရှင်းဆန္ဒကို မလွန်ဆန်ခဲ့သော မောင်က အလုပ်ထဲတွင် ထိုင်းလူမျိုးခေါင်းဆောင်များဖြင့် မပြေမလည်ဖြစ်ခြင်းအပေါ်၌လည်း မောင်၏ မဟုတ်မခံတတ်သော စိတ်ဟုသာ ရှင်းက ရိုးသားစွာ ထင်ခဲ့မိသည်။

‘အလုပ်ထဲမှာ စိတ်မပါမှန်း ရှင်း သိပါတယ် မောင်။ ဒီလိုပဲ သည်းညည်းခံလုပ်ကြရတာပဲ မောင်ရယ် နော်’

မောင့်မျက်နှာ အညိုးမခံတတ်ခဲ့သည်အထိ ရှင်းက အချစ်တွင် ရူးသွပ်ခဲ့ဖူး၏။ မောင့်မိဘများကို တစ်ဖက်ကနေ ထောက်ပံ့ရင်း၊ အနာဂတ်အတွက် လိုအပ်နေသည့် မြေတစ်ကွက်၊ အိမ်တစ်ဆောင်ရရှိဖို့အရေးကို ရှင်း က မနားမနေ ကြိုးစားခဲ့ချိန် မောင်က အလုပ်ထဲတွင် ခွင့်ပျက်မှုကများလာခဲ့သည်။

သမီးလေးကို လွယ်ထားရသည့် ကိုယ်ဝန်ခုနစ်လပြည့်အောင်ထိ ရှင်းက အလုပ်ကနေ ခွင့်မယူဖြစ်ခဲ့။ ဒီမှာမွေးပြီး ဒီမှာပင် ပြန်လုပ်ရန် ရည်ရွယ်ထားခဲ့သည်။ သို့ပေမဲ့ မောင့်အလိုကျ ရှင်းက သမီးလေးကို မြန်မာနိုင်ငံတွင်သာ မွေးဖွားခဲ့ရ၏။

‘ရှင်း ယောကျ်ား အလုပ်ပြောင်းသွားပြီ။ ကြားနေရတဲ့သတင်းတွေကလည်း မကောင်းဘူး ရှင်းရေ’

လင်စိတ်မွန်သော အပူ၏ ရူးသွပ်မှုအောက်မှာ ရှင်းရက်ရကောင်းမှန်းပင်မသိခဲ့။ အခါလည်အရွယ်သမီးကို ရှင်းမိဘဆီ၌ အပ်နှံထားခဲ့ပြီး ထိုင်းကို ပြန်လာဖြစ်သည်။ မောင်နှင့် ပတ်သက်နေသော မိန်းကလေးရှိရာဆီ လိုက်ပြီး မဏ္ဍပ်တိုင် တက်ပြခဲ့ရ၏။ အလုပ်နေရာအတွက် ညှိနှိုင်းကြချိန်တွင် မောင့်အကြောင်း ပြချက်အချို့ကို ရှင်း ရိပ်မိလာခဲ့ရသည်။

‘မိန်းမတစ်ယောက်လောက်တောင် မရှာဖွေနိုင်တဲ့ နေရာမှာ မောင် မနေချင်ဘူး ရှင်း။ တခြားလင်မယားတွေလည်း နေရာတွေခွဲပြီး စီးပွားရှာနေကြတာပဲ။ ရှင်းဘက်က အဲဒီလောက်ထိ သံသယစိတ်တွေများနေရင်၊ ရှင်းရော ဒီမှာ အတူလာနေပြီး အနီးနား တစ်ဝိုက်မှာ အလုပ်လုပ်လို့ရတာပဲ’

မောင်ပြောသလိုပင် ရှင်း လုပ်ဖြစ်ခဲ့၏။ မောင်လုပ်နေသော အလုပ်ရုံက ယောကျ်ားလေးသီးသန့်မို့ ရှင်း ဝင်လုပ်ဖို့ မလွယ်ခဲ့။ အနီးနား စက်ချုပ်ရုံတစ်ခုဆီ၌သာ ရှင်း လုပ်ဖြစ်ခဲ့သည်။ နေရာဟောင်းဆီမှ ရှင်းအလုပ်ရုံထက် ဝင်ငွေမကောင်းသည်မှာလည်း အမှန်ဖြစ်သည်။

အဆင်မပြေလည်မှုများ အနည်းငယ်ထဲတွင် မောင့်ကိုသာ အာရုံစိုက်ပြီး တစ်ဖက်တွင် ငွေဖောကပ်နေခဲ့သော ရှင်းက ကိုယ့်ကိုယ်ကို သတိမထားဖြစ်ပြန်။

အပျိုဘဝတွင် ပြည့်ပြည့်ဖြိုးဖြိုးရှိခဲ့သော ရှင်းက တစ်သားမွေး၊ တစ်သွေးလှသည့်အထဲလည်း မပါဝင်ခဲ့။ ဝ,ဖိုင့်တက်လာသော ကိုယ်ခန္ဓာအချို့ကို မိသားစု အနာဂတ်အရေးအတွက် လျစ်လျူရှုထားခဲ့မိသည်။ အစက်အပြောက် အနည်းငယ် ပေါ်လာသော မျက်နှာကိုပင် ဥပေက္ခာပြုထားခဲ့မိသည်။ အလှအပထက် သန့်ရှင်းသပ်ရပ်မှုတစ်ခုကိုသာ အလေးပေးဖြစ်ခဲ့၏။

ချစ်သူဘဝကနေ အိမ်ထောင်ကျခါစအချိန်အထိ ‘ဝက်ပုပ်ကလေး’ဟု ချစ်စနိုး ခေါ်ဆိုတတ်သော မောင့်နှုတ်ခမ်းဖျားအချို့ဆိတ်သုဉ်းကုန်၏။ ပြစ်တင်မှုမသိမသာ စွက်တတ်သော စကားအချို့က မောင့်နှုတ်ခမ်းဖျားဆီဝယ် ရောက်ရှိလာခဲ့ပြီ။

‘အစားသောက်လည်း ဆင်ခြင်ဦး ရှင်း။ ဆင်ခန္ဓာကိုယ် ကျနေတာပဲ’

အမှန်စင်စစ် ရှင်း အစား မမက်တတ်သည်ကို မောင် အသိဆုံးသာဖြစ်၏။ သွေးသားအရ ပြောင်းလဲလာသော ခန္ဓာကိုယ်ကို မောင်က အပြစ်ဖွဲ့မှုအပေါ်၌ ရှင်း တိတ်တဆိတ်သာ ကြေကွဲခဲ့မိ၏။ ဝိတ်ကျစေသော အရာများကို မအားလပ်သည့်ကြားမှ ရှင်းလုပ်ဆောင်ဖြစ်ခဲ့သည်။ ထိုအရာများအတွက် ရှင်း မျက်ရည်တချို့ကို ပြင်ပသို့ ခုန်ပေါက်ခွင့်မပေးဘဲ ရင်တွင်း၌သာ စီးဆင်းစေခဲ့ရသည်။

‘ယောကျ်ားလုပ်တဲ့သူက ချောချောလေး၊ မိန်းမက ဖက်တီးဖြစ်နေတော့ ဖောက်ပြန်ချင်ပြီပေါ့အေ’

ပတ်ဝန်းကျင်၏ ဝေဖန်မှုအချို့ကို မောင်က သူ့အမှားအတွက် အသုံးချတတ်လာခဲ့သည်။ ကတောက်ကဆတ်နေ့ရက်များစွာထဲမှာ ရှင်းအတွက် မျက်ရည်ကုန်ခန်းသွားပြီထင့်။ သမီးအတွက်ဆိုသည့် စိတ်တစ်ခုကို မွေးမြူရင်း မောင့်အပေါ်တွင် နားလည်ပေးနိုင်အောင် ကြိုးစားခဲ့ရသည်။

အတူနေရင်း ကတောက်ကဆတ်ဖြစ်သည်ထက် အဝေးနေခြင်းက စိတ်ဒဏ်ရာကို သက်သာစေပြီး အလုပ်ဟောင်းရှိရာဆီကို ရှင်းပြန်ပြောင်းလာခဲ့လိုက်သည်။ စနေနေ့ အချိန်ပို မဆင်းရ



www.burmeseclassic.com

www.burmeseclassic.com

သလို၊ တနင်္ဂနွေတိုင်း နားရက်ဖြစ်သော မောင်က ထိုရက်များတွင် ရှင်းဆီ လာနေဖို့ သဘောတူညီခဲ့သည်သာ။

ရှင်း ထွက်လာသည့် အချိန်တွင် မောင့်ချစ်သူဟောင်း မိုးက မကြာခင်ကမှ ပြုထားသော သူ့အိမ်ထောင် ပြိုကွဲပြီး မောင်တို့တိုက်ခန်းတွဲဆီ၌ လာနေခြင်း ဖြစ်၏။ မောင်က ထန်းသီးကြွေခိုက် ကျီးနားခိုက်ဟု ဆင်ခြေပေးခဲ့သည်။ ထိုကျီးက မောင့်အခန်းထဲ ရောက်ရှိနေသည်ကိုတော့ဖြင့် နားမဆံ့အောင် ရှင်း ကြားခဲ့ရသည်ပင်။

❑

၅။

လွမ်းဆွတ်မှုရှိသော အတိတ်သည် အချစ်ရနံ့များ မပြယ်ပျောက်နိုင်သော အရာများ ဖြန့်ကြက်ထားလိမ့်မည်ဟု ထင်သည်။ ရှင်း တွေးနေမိသည့် အတိတ်တချို့က လှစ်ခနဲ ပြုံးရုံမျှသာဖြစ်၏။ ထိုအပြုံးထဲတွင် နာကျင်မှုအနည်းငယ် ရောယှက်နေနိုင်သည်။

တနင်္ဂနွေ ရှင်း အလုပ်နားရက်မို့ မနေ့ညနေကတည်းက မောင် ရောက်လာသင့်ပါလျက် ရောက်မလာခဲ့။ တနင်္ဂနွေမနက်သို့ ကူးလာသည့်တိုင် မလာဖြစ်သည်ကို ဖုန်းမဆက်သေး။ ဒီလိုအဖြစ်မျိုးကို နေမထိထိုင်မသာဖြစ်တတ်သော ရှင်း ပုံရိပ်အချို့က အတိတ်မှာ ကျန်ရစ်နေခဲ့ပြီ။ တာဝန်အရသာ စောင့်ဆိုင်းပေးရင်း အတိတ်ဆီသို့ ခဏတာ အလည်ရောက်သွားခြင်းဖြစ်၏။ ထိုအချိန်မှာပင် မသိသော နံပါတ်တစ်ခုက ရှင်းဖုန်းဆီ ဆက်လာခဲ့သည်။

ကြားလိုက်ရသော သတင်းက ရှင်းကို တဒင်္ဂငြိမ်သက်သွားစေ၏။ တစ်ဖက်မှ ပြောလာသူက ထိုင်းပုလိပ် ဖြစ်နေခဲ့သည်။ လာခဲ့မည်ဟု စကားပြန်အပြီးတွင် အဝတ်အစားလဲရင်း မျက်နှာပေါ် မိတ်ကပ်အနည်းငယ် လိမ်းလိုက်သည်။ ထို့နောက်တွင် တက္ကစီငှားပြီး ပုလိပ်ရုံးနေရာသို့ ထွက်လာခဲ့လိုက်၏။

‘မရှင်းရဲ့ အမျိုးသားလို့ ပြောပါတယ်။ မနေ့ညက ဖဲဝိုင်းထဲမှာ မိလာလို့’

မောင်က ဖဲကစားတတ်သူတစ်ယောက်တော့ မဟုတ်ခဲ့။ သို့ကြောင့် ကြားကြားချင်း မယုံနိုင်ဖြစ်ခဲ့ရသည်။ ချက်ချင်းဆိုသလိုပင် မောင်ပြောခဲ့ဖူးသော စကားအချို့ကို သတိရလိုက်မိသည်။ လင်မယားဘဝတွင် ကိုယ်စီထားခဲ့ဖူးသော ချစ်သူဟောင်းများအကြောင်းကို အိပ်ရာဝင်ပုံပြင်အဖြစ် ပြောလေ့ရှိခြင်းပင်။ ထိုအရာလေးကို စကားနာထိုးပြီး စိတ်ကောက်ရသည်ကိုလည်း ရှင်း သာယာခဲ့ဖူးသည်။

‘ယောကျ်ားလေးတွေက လူပျိုဘဝမှာ တွေ့သမျှ မိန်းကလေးကို ချစ်သူလုပ်နိုင်ပေမဲ့ အိမ်ထောင်ပြုတဲ့အခါ ရှင်းလို လိမ္မာပါးနပ်တဲ့ မိန်းကလေးကိုပဲ ဇနီးအဖြစ် ယူချင်ကြတာလေ။ မိုးကိုသာ မောင် ယူခဲ့ရင် ဖဲသမားရဲ့လင် ဖြစ်နေမှာပေါ့ဗျ’

မောင့်အား အချုပ်ထဲရောက်စေသူမှာ မိုးသာ ဖြစ်နိုင်ခြေရှိသည်ဟု ရှင်း တွေးလာခဲ့သည်သာ။ ပုလိပ်ရုံးထဲရောက်သည်နှင့် ထင်သည့်အတိုင်းပင် မောင်နှင့် မိုးကို တွေ့ရှိလိုက်ရသည်။ ထိုင်းပုလိပ်ရုံး၌ မြန်မာနိုင်ငံသားအတွက် အာမခံကြေးက အဆမတန် များတတ်၏။ ထိုင်းပုလိပ်နှင့် ညှိနှိုင်းပြီးသည့်အချိန် ရှင်း လည်ပင်း၌ အချိန်ကြာမြင့်စွာ နေရာယူထားခဲ့သော ဆွဲကြိုးလေးက သူ့မူလလက်ဟောင်း ဆိုင်လေးဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့ရသည်။

ပုလိပ်ရုံးခန်းဆီမှ ထွက်လာအပြီး အံ့သြနေသော မျက်ဝန်းနှစ်စုံကို ရှင်း ရင်ဆိုင်ကြည့်လိုက်သည်။ ပြီးမှ အကျင့်ပါနေပြီဖြစ်သော အပြုံးကို လှစ်ခနဲ ပြုံးဖြစ်၏။ မိုးကိုရော ရှင်းက အာမခံပေးပြီး ထုတ်လာသည့်အပေါ်တွင် နှစ်ယောက်စလုံး ယခုအချိန်ထိ ယုံကြည်ပုံမရသေး။ မိုးက ရှင်းတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ပြန်သွားသည်မှာ နောင်တများ ယူဆောင်သွားပုံတော့ မရချေ။

‘မိုးကို အာမခံပေးလာလို့ အံ့သြနေတာလား မောင်။ ကိုယ့်မြန်မာဆိုတဲ့စိတ်ရယ်၊ မိန်းကလေးချင်း ကိုယ်ချင်းစာနာတဲ့စိတ်တစ်ခုနဲ့ ရှင်း ပေးခဲ့တာပါ။ မောင့်ကိုတော့ ရှင်း သမီးလေးရဲ့အဖေတစ်ယောက်အနေနဲ့ အာမခံပေးရုံသက်သက်ပဲ မောင်’

‘ရှင်း စကားကလည်းကွာ။ သမီးလေးရဲ့အဖေဆိုတော့ ရှင်းရဲ့ယောကျ်ားရော မဟုတ်ဘူးလား ရှင်း’

‘မဟုတ်တော့ဘူး မောင်။ တစ်ချိန်က ရှင်းအတွက် မောင့်ကို လိုအပ်ခဲ့တယ်။ မနေ့ကအချိန်ထိ သမီးလေးအတွက် မောင့်ကို လိုအပ်နေသေးတယ်။ ဒီနေ့ ဒီအချိန်မှာတော့ မောင့်ကို ရှင်း မလိုအပ်တော့ဘူး။ မလိုချင်တော့ဘူး မောင်’

‘ရှင်း’

‘မောင့်ကို ရှင်း လွတ်လပ်ခွင့်ပေးလိုက်ပါပြီ။ မောင့်သမီးလေးကို မောင် လာတွေ့နိုင်ပါတယ်၊ ပတ်သက်နိုင်ပါတယ်။ ဒါပေမဲ့ ရှင်းနဲ့တော့ ဒီဘဝမှာ ဒီမျှလောက်နဲ့ ပြီးဆုံးခဲ့ပါပြီ’

‘ရှင်း ပြောတော့ မောင့်ကို ချစ်တယ်ဆို’

‘တစ်ချိန်သောအခါက ဖြစ်ပါလိမ့်မယ် မောင်။ ခု မဟုတ်တော့ဘူးလေ’

ပြောပြီးသည်နှင့် လှည့်အထွက်တွင် ရှင်း လက်တစ်ဖက်ကို မောင်က ဆွဲထားသည်။ ရှင်း အသာအယာပင် ဖယ်ထုတ်ပစ်နိုင်ခဲ့၏။ မနက်ကနေ ပုလိပ်ရုံးမှာ အချိန်မြောက်မြားစွာ ကုန်ခဲ့ရသည်။ ငွေလိုသည့်အတွက် ရွှေဆိုင်ပြေးရ၊ စာရွက်စာတမ်းအတွက် ရှင်း သူဌေးဆီ ပြန်လာရနှင့် အလင်းရောင် ရှိနေသော အချိန်တချို့အား အမှောင်ယံများက ဖုံ့ခြွေယူငင်သွားသည်ကိုပင် သတိမပြုမိပေ။

ထို့အတူ မောင့်ကိုချစ်သော ရှင်း အချစ်တို့သည် မည်သည့်အချိန်ကနေ စတင်ပျောက်ကွယ်သွားမှန်း သတိမထားမိခဲ့။ ရှင်း နာမည်ကို ကြေကြေကွဲကွဲသံဖြင့် ခေါ်ဆိုနေသော မောင့်အား ကျောခိုင်းပြီး ထွက်လာသည့် ရှင်း ခြေလှမ်းများက ပေါ့ပါးနေခဲ့သလိုပင်။ ■ **လင်းအိမ်**



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မေတ်ကိုရောက်ရမည်မှာ မလွဲပါ"
Reading Performance မှာ ပါဝင်တဲ့
စာရေးဆရာ ညီပုလေး

ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား၊ မုံရွာ၊ သာစည်၊ ရေဦး၊ မြိတ်၊ တံတားဦး၊ အမရပူရ၊ ကလေး… မြန်မာနိုင်ငံ အရပ်ရပ်က ဦးလေး ဒဂုန်တာရာကို ချစ်ကြသူတွေ၊ လေးစား တန်ဖိုးထားကြသူတွေ၊ ငြိမ်းချမ်းရေးကို မြတ်နိုးကြသူတွေ အောင်ပန်းမြို့ကို ရောက်လာကြတယ်။ တချို့က ရာပြည့် အခမ်းအနား ကျင်းပမယ့် မေ ၁၀ ရက် မတိုင်ခင် ၂ ရက်၊ ၃ ရက်ကတည်းက ကြိုတင် ရောက်နှင့်ကြတယ်။ တချို့က မေ ၉ ရက်နေ့မှာ ရောက်ကြတယ်၊ တချို့က ရာပြည့်ပွဲ ကျင်းပမယ့်

# ထင်ရှူးတောထဲက လွမ်းမောဖွယ် တပေါတိုးတေးသွား

ညီပုလေး



www.burmeseclassic.com

www.burmeseclassic.com

၁၀ ရက်နေ့။ ဦးလေးရဲ့ ရာပြည့်ပွဲက မေ ၁၀ နဲ့ ၁၁ ရက်၊ ၂ ရက်ကျင်းပမယ်။

၂၀၁၉ ခုနှစ် နွေရာသီဟာ ခါတိုင်းနှစ်ထက် ပိုပြီးပူပြင်းတာ၊ မုတ်သုံအဝင် နောက်ကျတာ၊ မုန်တိုင်းသံ ပထမဆုံးပေးတဲ့ 'ဖန်နီ'က မိုးရေစက်တွေ နည်းနည်းပဲ သယ်ဆောင်ခဲ့တာ အပါအဝင် မြေပြန့်ကနေ တောင်ပေါ်လမ်းခရီးတစ်လျှောက် မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းတွေဟာ ခပ်ခြောက်ခြောက်ပါပဲ။

အောင်ပန်းသူ မထွေးထွေးဝင်းက 'ဒီနှစ် အောင်ပန်းက ခါတိုင်းနှစ်ထက် ပိုပူတယ်'လို့ ဆီးကြိုရင်း ပြောပေမဲ့ ကျွန်တော် ဘာမှ မတုံ့ပြန်ဘဲ ပြုံးနေလိုက်တယ်။ အောင်ပန်းရောက်ရင် တည်းခိုနေကျ 'မြတ်မနော' ဟိုတယ်မှာ ဆရာဦးရဲမြင့်သိန်းက ကြိုတင်ပြီး နေရာဦး ထားပေးတယ်။

မေ ၁၀ ရက်၊ မနက် ၈ နာရီကတည်းက မြေပြန့်ကလာရင် မြို့အဝင်က မယ်နိုတောင်ပေါ်မှာရှိတဲ့ 'ဒဂုန်တာရာ ကဗျာရင်ပြင်'ကို ဦးလေး ချစ်ကြည်ညိုသူတွေ တမွဲမွဲ ရောက်လာကြတယ်။ စာအုပ်အရောင်းဆိုင်တချို့ ဆိုင်စ,ခင်းစ။ ရပ်ဝေးရပ်နီးက ရေးဖော်တွေ၊ ရဲဘော်တွေ ပွေ့ကြဖက်ကြ လက်ဆွဲနှုတ်ဆက်ကြ။ အညာအကြေမှာ ပူတဲ့ နွေရှိန်းရှိန်းကြီး ခံစားခဲ့ရသူတွေဟာ သာမိုင်းခမ်းနွေအပူကို ဂရုမထားအားကြဘူး။ တစ်ယောက်ရင်မှာတစ်ယောက် ပြောစရာ စာစကား၊ အနုပညာစကား၊ ငြိမ်းချမ်းရေးစကား၊ ဖွဲ့စည်းပုံပြင်ဖို့စကား၊ မြစ်ဆုံရပ်ဖို့စကားတွေ ကိုယ်စီနဲ့။ ထောင်တွေ ဆူတာလည်းပါ၊ ကျေးရွာတွေ ရေပြတ်လပ်တာလည်း ပါမှာသေချာတယ်။

တက်ရောက်သူ လက်မှတ်ထိုးရင်း ကဲစမ်းမဲနှိုက်ရင်း မဲပေါက်တဲ့စာအုပ် ဒါမှမဟုတ် တီရှပ်ကို လက်ခံယူကြရတယ်။ နံရံမှာ ကပ်ထားတဲ့ ဗီနိုင်းစပေါ်မှာ ကလောင်ပျော့နဲ့ အမှတ်တရ ရေးသူရေး၊ လက်မှတ်ထိုးသူကထိုး ဦးလေးဒဂုန်တာရာ အထိမ်းအမှတ် ဂူဗိမာန်တစ်ဝိုက်မှာ အပြုံးအပျော်တွေ ကိုယ်စီနဲ့။

ရာပြည့်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ရဲ့ အတွင်းရေးမှူးတစ်ဦးဖြစ်တဲ့ ထွန်းဝင်းငြိမ်းရဲ့အသံ စ,ကြားရတယ်။ သူက ပရိသတ်ကိုကြည့်ပြီး တွေးတွေးဆဆနဲ့ နှီးဆော်နေတယ်။ ကြွလာကြတဲ့ ပရိသတ်ရဲ့အရေအတွက်နဲ့ အရည်အချင်း၊ အသက်



စာရေးဆရာကြီး ဒဂုန်တာရာ
ရာပြည့်ပွဲကို ဂုဏ်ပြုသည့် အောင်ပန်းမြို့
မယ်နိုတောင်ပေါ်ရှိ ဒဂုန်တာရာ ရင်ပြင်မှာ
ကျင်းပခဲ့ရာ စာရေးဆရာ၊ စာချစ်သူများ
စုညီစွာ တက်ရောက်ခဲ့ကြပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုအမှတ်တရစကား ပြောကြားတဲ့ ကဗျာဆရာ ဇော်ဝင်းကို



ဂုဏ်ပြုကဗျာ ရွတ်ဆိုတဲ့ ကဗျာဆရာ မောင်သင်းခိုင်

အရှုယ်တွေနဲ့ ဖြတ်သန်းမှုတွေကို ထောက်ရှုပြီး ချင့်ချင့်ချိန်ချိန် နှီးဆော်နေရတယ်။ ကြွလာကြတဲ့ ပရိသတ်ကို နေရာယူဖို့ နှီးဆော်သံရဲ့ မရှေးမနှောင်းမှာပဲ အခမ်းအနားစ,တယ်။

ငြိမ်းချမ်းရေးဂီတတွေ သီကုံးလေ့ သီဆိုလေ့ရှိတဲ့ အဆိုတော် "စောဖိုးခွား" က ပဏာမစကားဆိုပြီး တေးသံလွင်လွင်နဲ့အတူ သူ့ခန္ဓာကိုယ်ပေါ်က အနက်အနီ အစိမ်း အဝါအနီ သင်တိုင်း အင်္ကျီကြီး ယိမ်းထိုးလှုပ်ရှားလာတယ်။

*"တစ်ယောက်နဲ့ တစ်ယောက်×××*
*ချစ်ကြပါ ချစ်ကြပါတဲ့×××"*

ပရိသတ်က လက်ခုပ်နဲ့ စည်းချက်မြိုင်မြိုင်လိုက်တယ်။

*"အချစ်စစ်နဲ့ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးကို ဖန်တီး×××"*

*"ကျွန်တော်တို့ရဲ့ လက်နက်ဟာ အချစ်×××"*

*"အားလုံး××× အားလုံး×××"*

*"တို့လူသားတွေချစ်ကြပါ×××*
*အမုန်းများကို ရပ်ပစ်×××"*

စည်းချက်လိုက်နေတဲ့ လက်ခုပ်သံတွေ ပိုမြိုင်ပြီး အရှိန်ရလာတယ်။

*"အချစ်တွေလိုနေတယ်××× မင်းသိပါတယ်×××"*

*"ပင်လယ်ပြင်မှာ မြင်နိုင်ပါတယ်××× အချစ်ရေလှိုင်း×××"*

နေကာမျက်မှန် နီညိုရင့်တပ်ထားပေမဲ့ စောဖိုးခွားက ပရိသတ်ကို စူးစူးစိုက်စိုက်ကြည့်လိုက်ရင်း သူ့အလုပ်ကို ပီပီပြင်ပြင်လုပ်နေတယ်။

*"ဒီကမ္ဘာဟာ နာနာကျင်ကျင် ညည်းညူနေတယ်"*

*"လူမျိုးတစ်မျိုးနဲ့တစ်မျိုး×××*
*ဘာသာတစ်ခုနဲ့တစ်ခု"*

*"ချစ်ကြပါ××× ချစ်ကြပါ×××"*

သူ့တေးသွားလင်္ကာထဲမှာ–

*"ကြယ်ကလေးများ လင်းလက်ပါစေ××× ပန်းကလေးများ ဖူးပွင့်ပါစေ××× မြန်မာပြည်ရဲ့ကလေးတွေ ပျော်ရွှင်ပါစေ×××"*

တွေကို ကောင်းကောင်းမွန်မွန် ကြားရပေမဲ့ ကျွန်တော့်စိတ်အာရုံက အခမ်းအနားကျင်းပရာ ဒဂုန်တာရာ ကဗျာရင်ပြင်နဲ့ မယ်ခိုတောင်ကုန်းပေါ်က ထင်းရှူးပင်နဲ့ တွဲလွဲသီးနေတဲ့ ထင်းရှူးသီးတွေ အလှကို ခံစားနေမိတယ်။

ဆရာ ဒဂုန်တာရာ ရာပြည့်ပွဲဖြစ်မြောက်ရေးကော်မတီ ဩဝါဒါစရိယ မယ်ခိုဆရာတော်က ခရီးလွန်နေတဲ့အတွက် အဖွင့်ဩဝါဒကထာကို မမြွက်ကြားနိုင်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

မုံရွာမြို့က တကူးတက ကြွရောက်လာတဲ့ ဆရာ အံ့မောင်က ဂုဏ်ပြုအမှတ်တရစကား ချီးမြှင့်ရာမှာတော့ ရာပြည့်ကော်မတီကနေ ကြွလာကြတဲ့ ကဗျာချစ်သူများ၊ ငြိမ်းချမ်းရေး မျှော်လင့်သူများကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း အစချီပြီး "သက်တံ့ရောင်စုံ ကဗျာဆရာကြီး"လို့ ဦးလေးကို သူတင်စားသွားတယ်။

တံတားဦးမြို့က ကြွလာတဲ့ ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်) အလှည့်မှာတော့ "ရဲဘော်အပေါင်း၊ မိတ်ဆွေအပေါင်းတို့ခင်ဗျား…"လို့ နှုတ်ခွန်းဆက်ပြီး ဦးလေး ဒဂုန်တာရာ အပါအဝင် ကဗျာဆရာ၊ စာရေးဆရာများ ဖြတ်သန်းခဲ့ရတဲ့ တစ်ပါတီ အာဏာရှင်စနစ်အောက်က စာပေစိစစ်ရေးခေတ် အပါအဝင် ရသတွေ ပျက်သုဉ်းလို့ ရသတွေ ပြန်တည်ဆောက်ကြဖို့၊ ငြိမ်းချမ်းရေးကို မေတ္တာနဲ့ သွားရပါမယ်။ ဒါ ဦးလေးရဲ့ လမ်းစဉ်ပါပဲတဲ့။ ပြည်တွင်း ငြိမ်းချမ်းရေးကို ရသစာပေနဲ့ သွားကြပါစို့လို့ ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)က နိဂုံးချုပ်တယ်။

မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂ ဥက္ကဋ္ဌ ဆရာ ထက်မြက်က ဦးလေး ဒဂုန်တာရာရဲ့ ဂုဏ်ရည်များပြောပြီး ဆရာ ဒဂုန်တာရာရဲ့ ရာပြည့်ပွဲပြီးရင် ဆက်တိုက်လာတော့မယ့် လေထီးဗိုလ်အုန်းမောင် ရာပြည့်၊ ၂၀၂၀ မှာ ကျရောက်မယ့် ဆရာ ဇန်းမော်တင်အောင်ရာပြည့်၊ ဆရာ ပါရဂူ ရာပြည့်၊ ၂၀၂၁ မှာ ကျင်းပမယ့် သခင်မြသန်း ရာပြည့်ပွဲတွေအကြောင်းပြောရင်း ပရိသတ် နှိုးဆော်သွားတယ်။

အလယ်ရိုးမ ကဗျာဆရာများကိုယ်စား ဆရာ မောင်သင်းခိုင်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား ဦးရဲမင်းဦး၊ စာရေးဆရာများသမဂ္ဂမှ ဆရာ ညီစေမင်း၊ လွတ်လပ်သောရှေ့နေများ အသင်းကိုယ်စား ဆရာဇော်ဝင်းကိုတို့က အမှတ်တရစကားများ ပြောကြားတယ်။ သူ့ပြောကြားချက်က ၁၉၇၂ ခုနှစ်ဆီက တော်လှန်ကဗျာခေတ်၊ တော်လှန်စာပေခေတ်တို့ဆီ အတွေးက ပြန်ရောက်သွားပြီး စာပေစိစစ်ရေးဆိုတဲ့စကားလုံးတွေလည်း ခဏခဏပါလာလေရဲ့။

ကျောက်ပုံနှိပ်ကဗျာတွေ(ဂက်စတင်နာလိုမ့်ထုတ်ဝေ)ကို ဦးလေးဒဂုန်တာရာလည်း ဦးဆောင်ခဲ့ဖူးသတဲ့။ ဂက်စတင်နာ လက်လှည့်စာကူးစက်နဲ့ ထုတ်ဝေတဲ့ ကဗျာတွေကို "ကျောက်ပုံနှိပ် ကဗျာ" ဦးလေးဒဂုန်တာရာက ကင်ပွန်းတပ်ခဲ့ကြောင်း ဆရာ ဇော်ဝင်း




တက်ရောက်လာကြသူများက အမှတ်တရ လက်မှတ်များ ရေးထိုးခဲ့ကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com




တေးသံရှင် မွန်းအောင်က 'မိုးလုံးမိုင်း' တေးသီချင်းနဲ့ သီဆိုပါဝင်ဂုဏ်ပြုခဲ့ပါတယ်

ကို ထည့်သွင်းပြောသွားတယ်။

၁၉၇၄-၇၅ နိုင်ငံရေး အင်အားစုတွေကိုယ်စား ဦးထိန်ဝင်းအောင်၊ မှိုင်းရာပြည့်မျိုးဆက်များကိုယ်စား ကိုငွေလင်းတို့က အမှတ်တရစကား ပြောကြားကြတယ်။ ကိုငွေလင်းက သူ ၁၉ နှစ်သားက မုန်းတီးခဲ့တဲ့ မဆလ စစ်အာဏာရှင်စနစ်နဲ့ ချစ်လို့ လုံးဝမရတဲ့ ၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအကြောင်းအရင်း ပြောရင်း နောင် ၄၃ နှစ်အကြာမှာ ကြုံတွေ့ရတဲ့ စစ်အာဏာရှင်စနစ်နဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအကြောင်း ယှဉ်ပြောသွားတယ်။ ပြီးမှ ဦးလေးရဲ့ လက်သုံးဒဿနဖြစ်တဲ့-

'ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ ချစ်သူသာရှိ'ကို သူ အားနာခဲ့ဖူးကြောင်းနဲ့ 'မုန်းသူချစ်အောင်၊ ရန်သူကို မိတ်ဆွေဖြစ်အောင် ကြိုးစားမယ်'လို့ ပြောသွားတယ်။

ဦးလေးဒဂုန်တာရာရဲ့ ရာပြည့်မွေးနေ့ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့ သဝဏ်လွှာ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီရဲ့ သဝဏ်လွှာ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်လူငယ်မှ သဝဏ်လွှာ၊ ဆရာ မောင်သစ်လွင်(လူထု)ရဲ့ သဝဏ်လွှာ(ဆရာ ဦးထွန်းအောင်ကျော်မှ ဖတ်ကြား)၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက သဝဏ်လွှာ၊ ပဲန်မြန်မာအဖွဲ့ကပေးပို့တဲ့ သဝဏ်လွှာ၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂကပေးပို့ကြတဲ့ သဝဏ်လွှာတွေဖတ်ကြားကြတယ်။

ဦးလေးကို မြန်မာနိုင်ငံအရပ်ရပ်ကလာပြီး ဂါရဝပြုကြတဲ့ ကဗျာဆရာတွေရဲ့ ကဗျာရွတ်သံဟာ စိတ်ဝင်စားဖို့ ကောင်းတယ်။ အသက် ၁၃ နှစ်သားကတည်းက စာရေးခဲ့သူ၊ ကျောင်းသားသမဂ္ဂအမှုဆောင်၊ ဦးလေး စ,ရေးတဲ့ ဆောင်းပါးက **'ဘုံဝါဒနဲ့ စစ်မဲ့ရေး'** (ဒဂုန်၊ အောက်တိုဘာ ၁၉၃၈ ခု)၊ နာမည်ကျော် **'လောကအမွှန်'** ကဗျာ၊ (ဒဂုန်၊ ဩဂုတ် ၁၉၃၉)၊ လူငယ်စာဖတ် ပရိသတ်အပေါ် ဩဇာကြီးတဲ့ **'မေ'** ဝတ္ထုကို ရေးသားခဲ့သူ၊ မြန်မာစာပေရဲ့ ဂန္ထဝင်ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ **'ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ'** ရေးခဲ့တဲ့ ဦးလေးကို ကဗျာဆရာတွေက ကဗျာတွေရွတ်ပြီး ဂုဏ်ပြုကြတယ်။ နာရီအတော်ကြာ ရွတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်တာရာ ကဗျာရင်ပြင်နားက ထင်းရှူးရွက်တွေကြား ငှက်ကလေးတွေ ကဗျာနားထောင်ကြတယ်။ ဗွတ်ဖင်နီလေးတွေ၊ စကားများတယ်ဆိုတဲ့ ဆက်ရက်လေးတွေ၊ ချိုးလည်ပြောက်နဲ့ နှံပြီစုတ်လေးတွေ ကဗျာတွေ ကြိုက်ကြတယ် ထင်ပါရဲ့။ ကဗျာရွတ် အစီအစဉ်ကို ဦးဆောင်ဦးရွက်ရသူ ကဗျာဆရာ နိုင်မွန်အောင်သွင်က နာမည်နှစ်လုံးနဲ့ ကဗျာဆရာကို ဖိတ်ကြားလို့ ကဗျာစ, ရွတ်ချိန်မှာပဲ ကဗျာရွတ်တာ လာနားထောင်ကြတဲ့ ငှက်ကလေးတွေ လန့်ဖျပ်ပြီး ရုတ်တရက် အဝေးကို ပျံထွက်သွားကြတယ်။ သူက ကဗျာရွတ်တာနဲ့ မတူဘဲကိုး။

ပဲန်မြန်မာအဖွဲ့ကတော့ ၁၁၆ ကြိမ် ရသအစုန်အဆန်ပွဲကို မျိုးမြင့်ညိမ်း၊ ညီပုလေး၊ မသီတာ(စမ်းချောင်း)၊ စုမီအောင်၊ ဟန်ဇော်၊ စောဝေ၊ ရဲသျှမ်း၊ ဝသုန္ဒြေ၊ မိုးသစ်စက်ထွန်းတို့ အတူကျင်းပတယ်။ ဦးလေးရဲ့ 'တို့ခေတ်ကို ရောက်ရမည်မှာ မလွဲ'ကို ပြန်အသက်သွင်းတဲ့ တင်ဆက်မှုပဲဖြစ်တယ်။ အဆိုတော် မွန်းအောင်က



တေးသံရှင် စောဖိုးခွားက 'အသိနဲ့ သတိ' သီချင်းကို သီဆိုတင်ဆက်ခဲ့ပါတယ်

ဂစ်တာတစ်လုံးနဲ့ ပါဝင်အားဖြည့် ကူညီတီးခတ်ပေးတယ်။ ခုနက ငှက်ကလေးတွေ အဖော်အပေါင်းခေါ်ပြီး ထပ်ရောက်လာကြတယ်။

ဒီတင်ဆက်မှုကို ပရိသတ်ထဲက တိုင်းရင်းသူလေးတစ်ဦးက တအံ့တသြ နားစိုက်ထောင်ရင်း သူ့မျက်လုံးတွေက ဒဂုန်တာရာ ရာပြည့် ၁၉၁၉-၂၀၁၉ စာလုံးတွေနဲ့အတူ ချိုးငှက်၊ ခွပ်ဒေါင်း၊ စန္ဒရားခလုတ်၊ ပန်းချီ စုတ်တံနဲ့ ဆေးစပ်ပြား၊ စာအုပ်နဲ့ ကြယ်နီပါအမှတ်တံဆိပ်ကို ငေးကြည့် အဓိပ္ပာယ်ဖော်နေတယ်။

ရှမ်းတိုင်းရင်းသူလေးတစ်ဦးလည်း
ဖြစ်နိုင်သလို ပအိုဝ်း ဒါမှမဟုတ်
ဓနု တိုင်းရင်းသူလေးလည်း
ဖြစ်နိုင်တယ်။ စောဝေ မှည့်ခေါ်တဲ့
တာရာတောင်ကုန်းမှာ ဦးလေးဘဝ
အမှတ်တရဓာတ်ပုံတွေ၊ တာရာ
စာအုပ်အဖုံးနဲ့ ဦးလေးရဲ့
အတ္ထုပ္ပတ္တိအကျဉ်းတွေလည်း
လွမ်းမောစရာပြသထားတယ်။
ဦးလေးရဲ့ပုံတူ ပန်းချီကားတွေလည်း
ပြသထားတယ်။
သမိုင်းဝင်ဓာတ်ပုံတွေဟာ
အလွမ်းဓာတ်အပြည့်၊
ကြည်နူးမှု အပြည့်နဲ့။
ကြွလာကြတဲ့ ပရိသတ်က
မြန်မာနိုင်ငံ အနှံ့က အသက်အရွယ်
တွေလည်း တူသူရှိ မတူသူရှိ၊
ဘဝကို ရင်ဆိုင်အန်တုခဲ့ကြ
ပုံတွေက အမျိုးမျိုး၊ အာဏာရှင်
စနစ်အောက်မှာ ဘဝရှင်သန်အောင်
ရုန်းကန်ကြရပုံတွေကလည်း
မတူကြလေတော့ ဦးလေးရဲ့
ရာပြည့်ပွဲလာရင်း တချို့က
ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့
ငြိမ်းချမ်းရေးဆောင်ရွက်ချက်တွေကို
ပြန်လည်အောက်မေ့သူ ရှိနိုင်သလို၊
ကိုဌေးမြိုင်ကို ကျောင်းသားသမဂ္ဂထဲ
ခေါ်ဆောင်ခဲ့တဲ့ ကိုဗဟိန်းကို
သတိရသူလည်း ရှိလိမ့်မယ်။
ကိုသန်းထွန်းကို အမှတ်ရသူရှိသလို
ကိုအောင်ဆန်းကို
လွမ်းသူလည်း ရှိလိမ့်မယ်။
ဆရာ ဇန်းမော်တင်အောင်နဲ့
ဆရာ မြသန်းတင့်တို့ကို
ပြန်မြင်ယောင်သူ ရှိနိုင်သလို
ဆရာမ ကြည်အေးကို
ပြန်မြင်ယောင်သူ
လွမ်းသူလည်း ပါရှိလိမ့်မယ်။
တကယ်တော့ လွမ်းမော
ကြည်နူးစရာ ရာပြည့်ပွဲပါပေ။

**■ ညီပုလေး**



www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းချမ်းဇေား
# မောင်သိန်းဆိုင်

ကျွန်တော်ကား အမှားများခဲ့သူဖြစ်သည်။
ထို့ကြောင့် တစ်နေ့သောအခါ ဒေါ်ကြီး
ဒေါ်မမဆင့်က သူမတို့၏ အဘိုး
လက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သော
ဓားဟောင်းဖြင့် ကျွန်တော့်အား
အသေသတ်ရန် ကြိုးစားသည်ကို
လည်းကောင်း၊ ဒေါ်လေး ဒေါ်မမတင့်သည်
ရဲတင်းတစ်လက်ဖြင့် စန္ဒရားအပါအဝင်
အိမ်၏ အဖိုးတန် ပရိဘောဂများ၊
မှိုင်းလုံးကော်ဇောများ၊ ခန်းဆီးများအား
ခုတ်ပိုင်းဖျက်ဆီးလိုက်သည်ကိုလည်းကောင်း
အပြစ်တစ်စုံတစ်ရာ ပြောရန် မရှိပါ။
သူတို့တွင် သူတို့အကြောင်းနှင့် သူတို့
ရှိကြသည်။
ပြောရလျှင်တော့ ကျွန်တော့်မှာလည်း
ကျွန်တော့်အကြောင်းနှင့် ကျွန်တော်ပင်။
သည်အဖြစ်များ မဖြစ်မီ ခြောက်လက
ကျွန်တော်သည် ညိုဝါရည်နှင့်
လက်ထပ်ခဲ့သည်။
ဤသည်မှာ ပထမအမှား မဟုတ်သေးပါ။
သည့်အရင်က မှားခဲ့သော အမှား
ရှိသေးသည်။ ၎င်းမှာ ကျွန်တော့်မိဘများက
စိတ်ရှည်သည်းခံစွာ ကျောင်းထားပေး
သည့်ကြားမှ ဆယ်တန်းစာမေးပွဲကို
တတိယတစ်ကြိမ်တွင် ဖြေဆိုရန်
ငြင်းပယ်လိုက်ခြင်းဖြစ်သည်။

ကျွန်တော့်ဖခင်၏ ရောင်းဝယ်ရေး
လုပ်ငန်းမှာ ကျွန်တော့်အဖို့ အထင်ကြီးစရာ
မရှိ။ ပွဲရုံလုပ်ငန်းသည် ကုန်သည်များနှင့်
စကားအချီအချ ပြောရပြီး
အာပေါက်မတတ်လော့်မှ ခြောက်ပြားတစ်ပဲ
မြတ်သည်ဟု အထင်ရှိသည်။ မေမေ၏
ဆေးလိပ်ခုံလုပ်ငန်းမှာလည်း အများအားဖြင့်
လုပ်သား မိန်းကလေးများနှင့် ဆက်ဆံရသဖြင့်
မေမေသည် သည်အထဲက
တစ်စုံတစ်ယောက်နှင့် ငြိစွန်းမှာ
စိုးရိမ်ကာ ဝင်မလုပ်စေခဲ့။
သည်လိုနှင့် ဂစ်တာကလေးခေါက်လိုက်၊
အပေါင်း အသင်းများနှင့် လည်လိုက်ပတ်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

စားလိုက်သောက်လိုက် အခြေအနေတွင် ညို့ဝါရည်နှင့် ကျွန်တော် ဆုံမိသည်။

ညို့ဝါရည်သည် ကျွန်တော်တို့မြို့ရှိ သူ့မမ အိမ်ထောင်သည်ထံ ကျောင်းပိတ်ရက်မှာ အလည်လာခြင်းဖြစ်သည်။ သူမသည်လည်း ကျွန်တော့်လို နှစ်ကြီးသမားဖြစ်သည်။ ဆယ်တန်းကို နှစ်နှစ် ဖြေဖူးပြီ။

ညို့ဝါရည်က လှသည်။ အဝတ်အစားများမှာ ကျွန်တော်တို့မြို့အနေနှင့် ခေတ်ဆန်သည်ဆိုရမည်။ ညို့ဝါရည် အပြင်ထွက်လျှင် မြို့မှ သက်တူရွယ်တူ မိန်းကလေးတို့ ငေးကြည့်ရမြဲ။ သူမ၏ နောက်ကျောဆီမှ ဝေဖန်သံများ ကျန်ရစ်မြဲ။

ညို့ဝါရည်၏ ခဲအိုမှာ တစ်ဖက်မှ ရုံးအလုပ်လုပ်ရင်း တစ်ဖက်က ကျွန်တော်တို့ကို စေတနာအလျှောက် အင်္ဂလိပ်စာ သင်ပေးသည်။ သူက ဘွဲ့ရတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ လူငယ်တစ်သိုက်နှင့် ခင်မင်ရင်းစွဲရှိသည်။ ကျွန်တော့်အဖို့ကတော့ စားသောက်အိမ်ပင်။

ညို့ဝါရည် ရောက်လာပြီး နှစ်ပတ်အကြာတွင် ကျွန်တော် စာပေးဖြစ်သည်။ သုံးပတ်အကြာ၌ ချစ်တုံ့ပြန်ခြင်း ခံရပြီး လေးပတ် သို့မဟုတ် တစ်လအကြာတွင် ကျွန်တော်တို့ ရုံးတက်ကာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြသည်။

ကျွန်တော်၏ ဒုတိယအမှားသည် စတင်ခဲ့သည်။

အကြောင်းမူ ကျွန်တော်ရော ညို့ဝါရည်ပါ ဆယ့်ရှစ်နှစ်ကို သီသီမျှသာ ကျော်ခဲ့ကြသေးသည်။ အသက်မွေးဝမ်းကျောင်းမှုကို မသိ၊ ပတ်ဝန်းကျင်ကို မသိ၊ လောကကို မသိ၊ ဘဝကို မသိ။

**vbqkwm vuf.ftwGif ygbJ ynmcsifvky;aev wnf tvum;yLKG vuf.ftwGif ygvmaw mhS b0qkwm xif bavmufrv G bl qkwm oabmaygufvm MLuwmy/J ckwmhig om; t wef pmar;yG at mi fayrh b0pmar;yG wmh at mi fyOqyawmbuG**

ယခုအခါကျတော့လည်း ဆင်ခြင်စရာတွေ အမြောက်အမြား ရှိလာသည်။

ထိုအခါကမူ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အချစ်သူရဲကောင်းများအသွင် အထင်ရောက်ခဲ့ကြလေသည်။

ညို့ဝါရည်သည် ချစ်ဖို့ကောင်းပြီး ချစ်ဖို့လောက်သာ နားလည်သည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ကျွန်တော် သိရှိလာသည်။ လက်ထပ်ပြီး သုံးလအကြာမှာဖြစ်သည်။ ထိုအခါ ညို့ဝါရည်တွင် ပဋိသန္ဓေ ရှိနေခဲ့ပေပြီ။

ကျွန်တော်၏ တတိယအမှားပင်ဖြစ်သည်။

ကိုယ်ဝန် သုံးလအရ၌ ညို့ဝါရည်က သူမ၏ မိဘရပ်ထံ ပြန်လိုသည်ဟု ဆိုသည်။

စင်စစ် သူမ၏ မိဘများမှာ မရှိကြတော့ပါ။ ကွယ်လွန်ပြီးဖြစ်သည်။ မွေးစားအမေများဟု ခေါ်ဆို၍ရသော အပျိုကြီး အဒေါ်နှစ်ယောက်ရှိသည်။ တစ်ယောက်မှာ ဒေါ်မမဆင့်ဖြစ်ပြီး ကျန်တစ်ယောက်မှ ဒေါ်မမတင့်ဖြစ်သည်။ ညို့ဝါရည်တို့ ညီအစ်မကို ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့ကြသည်ဟု သိရသည်။

"သူတို့ကတော့ ရည့်ကို သူတို့လိုပဲ အပျိုကြီးတွေ ဖြစ်စေချင်ကြတာပေါ့ မောင်ရယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ရည်တို့က မနေနိုင်ကြဘူး မဟုတ်လား"

ညို့ဝါရည်သည် လက်ထပ်ခဲ့ခြင်းအပေါ် လုံးဝ နောင်တမရဘဲ ကျွန်တော့်ကိုလည်း လက်ထပ်ရပါမို့လားဟု ဘယ်အခါကမှ အပြစ်မတင်ခဲ့ပေ။

သို့နှင့်ပင် မေမေက ခြစ်ခြုတ်ပေးကမ်းလိုက်သော ငွေကလေးဖြင့် ကျွန်တော်တို့လင်မယား ရန်ကုန်သို့ ရောက်ခဲ့ကြသည်။

မလာမီ တစ်ပတ်ကပင် ကြိုတင်ကာ ကျွန်တော်တို့ သံကြိုးရိုက်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့ ဘူတာသို့ ရောက်လာသောအခါ ကြိုဆိုသူ တစ်ယောက်မျှ မရှိခဲ့။

တက္ကစီဖြင့် ညို့ဝါရည်၏ အဒေါ်များ နေထိုင်ရာ သမိုင်းအိမ်သို့ လာရောက်ခဲ့သောအခါ အိမ်ရှိရာလမ်းသို့ ဝင်လာသောလမ်းက ကြမ်းလှသဖြင့် ညို့ဝါရည်၏ ဝမ်းဗိုက်ထဲမှ ကလေးအတွက် ကျွန်တော့်မှာ စိုးရိမ်ကြောင့်ကြခဲ့ရသည်။

အိမ်နှင့် ခြံဝိုင်းကို မြင်ရသောအခါ စိတ်ပျက်လက်ပျက်ဖြစ်ရခြင်းကို ဖုံးကွယ်၍ မရနိုင်အောင် ရှိရသည်။ ခြံဝိုင်းကျယ်ကျယ်တွင် ကုံကော်၊ ပိန္နဲ၊ သရက်၊ မရန်းလို အပင်ကြီးတွေဖြင့် အုပ်ဆိုင်းဝေမှိုင်းနေသည်ကို တွေ့ရသည်။ ခြံအလယ် ရှိ အိမ်ကြီးမှာလည်း အိုမင်းဟောင်းနွမ်းကာ ပုံစံရိုးလှသည်။ ရေနံဝ,နေသည့် နှစ်ထပ်အိမ်မည်းမည်းကြီးသာ ဖြစ်သည်။

ခြံဝိုင်းအတွင်း ဝင်လာမိလျှင်ပင် စိတ်မှာ မှုန်းကျပ်သွားသလို ခံစားရသည်။

ညို့ဝါရည်၏ အဒေါ်များကို မြင်ရစေချင်သည်။

သူတို့က ကျွန်တော်တို့ကို လှိုက်လှဲပျူငှာ ကြိုဆိုခြင်း မရှိကြပါ။ သာမန်အိမ်သားတစ်ယောက် အပြင်ခဏထွက်ပြီး ပြန်လာသလို ခပ်အေးအေးပင် ကြည့်နေကြသည်။

မြင်ရုံနှင့်ပင် အစ်မကြီးဟု သိသာသည့် ဒေါ်မမဆင့်သည် ဝ,ရွဲသောကိုယ်ရှိသည်။ သို့သော် မိန်းမတစ်ယောက်၏ ဝ,ရွဲမှုမျိုးမဟုတ်ဘဲ ယောကျ်ားတစ်ယောက်၏ တောင့်တင်းသန်မာပုံ



www.burmeseclassic.com

www.burmeseclassic.com

လို ခုံထည်နေသည်။

သူမသည် အညာဖျင်ကြမ်းလုံချည်ကို ခပ်တိုတိုဝတ်ထားသည်။ အနားပြာလို ပေါ်ပလင်လို အင်္ကျီစကို ရင်စေ့ချုပ်ဝတ်ထားသည်။ ငယ်ထိပ်တည့်တည့်တွင် ဆံထုံးကို ထုံးထားသည်။

သူမသည် ဆေးပြင်းလိပ်ကို ကိုက်ချီးကာ ပါးစောင်မှာ ငုံလေ့ရှိကြောင်း၊ စိတ်တိုင်းမကျမှုနှင့် ကြုံတွေ့ရလျှင် ပစ်ခနဲ တံတွေးထွေးလေ့ရှိကြောင်း နောင်တွင် ကျွန်တော်သိရှိခဲ့ရသည်။

ဒေါ်မမတင့်ကား ဒေါ်မမဆင့်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

သူမကား ပိုးသားပိုးဥလို ပျော့ပျောင်းကာ လေတိုးလျှင် လဲမတတ် သွဲ့သွဲ့နွဲ့နွဲ့ဖြစ်သည်။ ရှံသားပါးပါးနှင့် ပါတိတ်လုံချည်ကို နှစ်ခြိုက်သည်။ အသက်ငါးဆယ်သီသီ ကျော်ပြီဆိုသည့်တိုင် နှုတ်ခမ်းနီရေးရေး ဆိုးဆဲ၊ မိတ်ကပ်ပါးပါး ခြယ်သဆဲ။

ကျွန်တော်တို့သည် လိုက်လှဲပျူငှာ ကြိုဆိုခြင်းမခံခဲ့ရပါ။

ညိုဝါရည်ကတော့ အဒေါ်များကို မျက်နှာချိုသွေးဖို့ ကြိုးစားခဲ့သေးသည်။

"အန်တီ၊ ဒါ ညို့ခင်ပွန်းလေ၊ ကိုသန်းဝင်းအောင်တဲ့။ မောင် ဒါ ညိုပြောနေတဲ့ အန်တီဆင့်နဲ့ အန်တီတင့်"

ကျွန်တော်၏ အပြုံးသည် သူတို့၏ တည်ကြည်တင်းမာသော မျက်နှာထားများကြောင့် လျှပ်ပြက်လိုက်သလောက်ပင် မကြာလိုက်။ ပျောက်ကွယ်သွားရချေသည်။

"မိညိုဝါရည်၊ ညည်းကိုယ်ညည်းတော့ ဟုတ်လှပြီထင်သပေါ့လေ"

ဒေါ်မမဆင့်၏အသံ။

"ဘာကိုလဲ အန်တီ"

"ညည်းကိုယ်ညည်း ကမ္ဘာပေါ်မှာ အတော်ဆုံး လင်တစ်ယောက်ကို ရှာလာနိုင်ပြီ ထင်နေတယ်မဟုတ်လား"

"အို အန်တီရယ်၊ ဒီလိုလည်း မဟုတ်ပါဘူး"

ဒေါ်မမဆင့်က ကျွန်တော့်ဘက်သို့လှည့်ကာ-

"ဒီမယ်ကွယ် သူငယ်၊ တစ်ဆိတ်လောက် ဟိုဘက်လှည့်လိုက်စမ်းပါ"

ကျွန်တော်သည် စိတ်အနှောင့်အယှက်ပြင်းစွာဖြင့်ပင် တစ်ဖက်သို့ လှည့်လိုက်ရသည်။

"အဲ အဲ၊ ဟုတ်ပါပြီ၊ ဒီဘက်ပြန်လှည့်တော့။ ဒီမယ် ညိုဝါရည် ယောကျ်ားဆိုတာ ပခုံးတောင့်မှ ခိုင်းလို့ကောင်းတာ ကွယ့်။ နွားများမှာတော့ ဘို့ကောင်းလေ အရှန်းကောင်းလေ ဆိုတာလို..."

ကျွန်တော်၏ ဒေါသမှာ ပေါက်ကွဲလုနီး အခြေသို့ ရောက်သွားသည်။ ညိုဝါရည်က ဝင်ပြောလိုက်ပါသည်။

"အို အန်တီရယ်၊ ခုမှမြင်တွေ့ရတဲ့လူတစ်ယောက်ကို ဒီလောက်တောင် မနှိမ်ပါနဲ့။ သူဟာ ညို့ခင်ပွန်းဖြစ်တယ်။ မမွေးသေးတဲ့ ညို့ကလေးရဲ့ ဖအေဖြစ်တယ်ဆိုတာကိုလည်း သတိထားပါဦး"

ဒေါ်မမဆင့်သည် တံတွေးကို ပစ်ခနဲထွေးလိုက်ကာ-

"သူ့ကြည့်ရတာ ခါးချည့်ကလေးနဲ့ မိန်းမလျာကျနေတာပဲ၊ ဒါကြောင့် ငါက ပြောမိတာပါ"

"လာ မောင်"ဟု ဆိုပြီး ညိုဝါရည်က ကျွန်တော့်လက်ကို ဆွဲကာ အိမ်ထဲသို့ဝင်သည်။ ညိုဝါရည်၏ အခန်းကိုပင် ကျွန်တော်တို့ အပိုင်စားရကြမည်ဖြစ်သည်။ ပစ္စည်းများကို နေရာမချသေးမီမှာပင် ကျွန်တော် ဆိုမိသည်။

"ဒီကိုလာတာ ကိုယ်တို့မှားတာပဲ ညို။ ကိုယ်တို့ ပြန်ကြရအောင်"

"အို မောင်ရယ်၊ အန်တီဆင့်နဲ့ ပတ်သက်လို့ သိပ်အမှတ်ထားမနေစမ်းပါနဲ့။ သူက ဒီလိုပဲ ပြောလွယ်၊ ဆိုလွယ်၊ မေ့လွယ်၊ ပျောက်လွယ်ပါ။ စိတ်ရင်းကတော့ ကောင်းတယ်ဆိုတာ နောက်တော့ မောင် သိလာမှာပါ"

တစ်အိမ်လုံးတွင် ကျွန်တော် စိတ်အဝင်စားဆုံးမှာ စန္ဒရားဖြစ်သည်။

ဂစ်တာကို တီးခတ်ဖူးသည်ဖြစ်၍ ဂီတမှာ ကျွန်တော်နှင့် မစိမ်းလှချေ။

တစ်နေ့သောအခါ ကျွန်တော် စန္ဒရားခုံမှာ ထိုင်သည်။ အဖုံးကိုဖွင့်ကာ စမ်းသပ်တီးကြည့်မိသည်။ စန္ဒရားမှာ အရှည်အကြာကပင် ပစ်ထားသဖြင့် အသံများကြောင်နေသည်ဟု ထင်သည်။ သိပ်တော့ ရေရေရာရာ မသိလှ။

နောက်ကျောဘက်သို့ ဒေါ်မမတင့် ရောက်လာသည်။

"ဟော့ ဟော့ မောင်သန်းဝင်းအောင်၊ ကျေးဇူးပြုပြီး မင်းရဲ့ ဒေါင်ဒေါင်ဒင်ဒင်အသံကို ရပ်လိုက်စမ်းပါ။ နားအေးပါးအေး နေချင်လို့ ခုလို ချောင်ကျတဲ့နေရာမှာ ကိုယ့်ဝင်းကိုယ့်ခြံနဲ့ လာနေတယ်ဆိုတာလည်း သတိပြုပါဦး"

ကျွန်တော်သည် စန္ဒရားအဖုံးကို ပစ်ချကာ ထိုင်ရမှ ထ ခဲ့သည်။ ညိုဝါရည်ကို မေးမိပါသည်။

"စန္ဒရားက ဧည့်ခန်းမှာ သက်သက် လူအထင်ကြီးအောင် အလှပြထားတာလား ညို"

"မဟုတ်ဘူး မောင်ရဲ့၊ သေသွားတဲ့ ညို့ဦးလေးကြီး တီးတာ၊ သူက အင်္ဂလိပ်မင်းသမီးတစ်ယောက်နဲ့ ယူလိုက်တယ်။ အမွေဖြတ်ခံရပြီး ဆင်းဆင်းရဲရဲနဲ့ သေသွားတယ်။ အမွေဆိုလို့ ဒီစန္ဒရားပဲ ကျန်တယ်"

စန္ဒရားသည် ကျွန်တော် တို့ထိအပ်သောအရာ မဟုတ်ကြောင်း သဘောပေါက်ခဲ့ရသည်။

"ဒီလောက် အငြိုးအတေးကြီးရင်တော့လည်း ရောင်းပစ်လိုက်ဖို့ ကောင်းပါတယ်ကွယ်"

"သူတို့က ရှေးဟောင်းပစ္စည်းတွေကိုတော့ ထိန်းသိမ်းထားတတ်ကြတယ်။ ဥပမာ ဧည့်ခန်းမှာချိတ်ထားတဲ့ ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဓားကြီးဆိုပါတော့။ ဂျပန်စစ်ဗိုလ်တစ်ယောက်ရဲ့ဓား၊ ဓားမှာ နာမည်ထိုးထားတယ်။ ဂျပန်လူမျိုးဟာ ဗမာတွေလိုပဲ ဓားကို အလွန်မြတ်နိုးကြတယ် မဟုတ်လား။ တစ်နေ့တော့ ဂျပန်တိုးရစ်တွေ သတင်းကြားတာနဲ့ ဓားကိုလာကြည့်ကြတယ်။ သူတို့ အဘိုးရဲ့ ဓားပဲဆိုတာ သေချာသွားတယ်။ ရောင်းဖို့ပြောတော့ အဖိုးစားနားကတော့ မက်မောစရာပေါ့ မောင်။ ဒါပေမဲ့ သူတို့က ခါးခါးသီးသီး ငြင်းလိုက်ကြတယ်။ တိုးရစ်တွေဆိုတာ လိုချင်လွန်းလို့ ဆွေ့ဆွေ့ခုန်နေတာပဲ။

'သူတို့က သတ္တိလည်း သိပ်ရှိတယ် မောင်။ အရင်က ဒီနေရာမှာ ဒီလောက် လူနေအိမ်ခြေ မများသေးဘူး။ တစ်အိမ်တည်းလို အထီးတည်းပေါ့။ တစ်နေ့ ဓားပြလာတိုက်တော့ သူတို့ကိုယ်တိုင် ဓားပြနဲ့ ဖက်လုံးပြီး ဓားပြတစ်ယောက်ကို ဓားနဲ့ခုတ်လွှတ်လိုက်သေးတယ်'

သည်မှာ အမှန်ပင် မပျော်ပိုက်နိုင်ခဲ့ပါ။

ညိုဝါရည်ကတော့ သူမဇာတိမို့၊ သူမ အသိုင်းအဝိုင်းမို့ အကြောင်းသိတွေလို ဖြစ်နေကာ အဆင်ပြေအောင် နေတတ်သည်။ ပြီး သူမက အဒေါ်များကို အောက်ကျနောက်ကျခံကာ ဆက်ဆံသည်မဟုတ်။ ပြောစရာရှိ ရဲရဲပြော၊ လုပ်စရာရှိ ရဲရဲလုပ်ဆိုသည့် ပုံစံမျိုး။

တစ်နေ့တွင်တော့ ဒေါ်မမဆင့်က ကျွန်တော့်ကို မေးလာသည်။

'မင်း ဘာအလုပ်လုပ်တတ်သလဲ မောင်သန်းဝင်းအောင်'

'ခင်ဗျာ'

'မင်းမှာ သားကျွေးမှု၊ မယားကျွေးမှုအတွက် ကြိုတင်ပြင်ဆင်ထားတာ ဘာမှမရှိဘူးလား'

'ကျွန်တော် ကျောင်းသားပါ'

'ဘုရားရေ၊ မင်းကို တို့က အခုထိ ကျောင်းတက်ခိုင်းပြီး စာမေးပွဲအောင်တာ စောင့်နေရဦးမှာလား'

'ရန်ကုန်နဲ့ကလည်း သိပ်မကျွမ်းတော့'

'ဒီမယ်၊ ယောကျ်ားဆိုတာ မိန်းမထဘီရေသီနား ခိုစားဖို့ ဘယ်တော့မှ စိတ်မကူးရဘူးကွဲ့။ မင်းမှာ အဲဒီစိတ်ထားမျိုး ရှိမယ်ဆိုရင် မင်းရဲ့မိန်းမရော မွေးလာတဲ့ ကလေးပါ မျက်နှာငယ်ရမှာပဲ'

'ကျွန်တော် အလုပ်တစ်ခုခုတော့ လုပ်ချင်ပါတယ်'

'မင်း ကားမောင်းတတ်သလား'

'ဟုတ်ကဲ့ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ်'

'ငါတို့မှာ ကားရှိတယ်။ ဒီကနေ့ ကြားကားတွေ ပရိုက်ဗိတ် တက္ကစီတွေ စားသာနေတယ်၊ မင်း မောင်းမလား'

'မောင်းပါ့မယ်'

'ကောင်းပြီ'

နောက်တစ်နေ့တွင် ကားဂိုဒေါင်ကို ဖွင့်ပြသည်။ အနက်ရောင် 'ဖြု' ကားကြီးတစ်စီးကို တွေ့ရသည်။

'အဲဒီကားကို မောင်းပေတော့'

ကားမှာ ကြာရှည် အသုံးမပြုဘဲ ထားသဖြင့် စက်နှိုးဖို့ပင် မနည်း ကြိုးစားရသည်။ မက္ကင်းနစ်ခေါ်ကာ ပြုပြင်ဆေးကြောခိုင်းရသည်။ ဘက်ထရီနှစ်လုံးပူးပြီး နှိုးမှ နိုးတော့သည်။

နောက်နေ့များတွင် ကျွန်တော့်ကို လူသူရှုပ်ထွေးသော ဈေးများ၊ ရုပ်ရှင်ရုံများ အနီးတွင် ကားတစ်စီးနှင့် တွေ့နိုင်သည်။

သည်မှာ ကျွန်တော်၏မေမေ ဆင်ပေးလိုက်သော နီလာလက်စွပ်ကလေး ဆုံးပါးခဲ့ရသည်။ ငါးရက်မျှ အကြာတွင်ပင် ကျွန်တော်သည် ကားကို ဂိုဒေါင်ထဲသို့ ပြန်ထိုးထည့်ကာ သော့ကို ဒေါ်မမဆင့်ရှေ့သို့ ပစ်ချပေးလိုက်သည်။

'ဘာဖြစ်လာရတာလဲ ဒါက'

'ဒီကားနဲ့သာဆိုရင် မီလျံနာတောင် ငွေလိုက်ရလွန်းလို့ မွဲသွားနိုင်တယ်။ ကားက ဓာတ်ဆီကျတော့ နွားငတ်ရေကျသလို အုပ်လိုက်တာ အလွန်ပဲ။ ပြီး...ကားက ပုံစံအောက်နေတော့ ဘယ်သူကမှ မစီးချင်ဘူး။ အငှားကားလို့လည်း မထင်ကြဘူး။ ကားပြင်တာနဲ့ ဓာတ်ဆီဖိုးနဲ့ ကျွန်တော့် နီလာလက်စွပ် ရောင်းတဲ့ငွေ ကုန်သွားပြီ'

a'g:rrqifbnfeHBaqmifrm;LuDupfZkwf vkdcsif onfoHk\ AvLpD;pifhrm;ukdac;jyay:ojrifhsufum ukd&nfwmbdkjcdy;0ifvmonfukd&nfwmbonf rSufvkdsm;jymoGonf0D;Esfuonft &m&mukd vkdcsifrEdkifat mif½kyfax;OGvkdqdkfoGonf

ဒေါ်မမဆင့်သည် အခန်းတွင်းဘက်သို့ လှမ်းအော်သည်။

'ညိုဝါရည်၊ အစက ငါ မပြောဘူးလားဟဲ့။ ညည်း ယောကျ်ားက လက်ကြော မတင်းပါဘူးလို့။ ဘာအလုပ်မှ လုပ်မယ့်လူစားမျိုး မဟုတ်ဘူးလို့'

ညိုဝါရည်ကတော့ ကျွန်တော့်ကိုကြည့်ကာ ရယ်မောနေသည်။

'မင်းသား နွားလိုက်ခိုင်းသလို မောင့်လိုလူမှ ဒီကားမျိုးကြီး မောင်းခိုင်းတာ အန်တီဆင့်ရဲ့ အမှားပဲ။ အလုပ်လုပ်စေချင်ရင် ဒါကြီးရောင်းပြီး မာဇဒါလို၊ ဖယ်မလီယာလို ကားမျိုး ဝယ်ပေးလိုက်ပေါ့ အန်တီဆင့်ရဲ့'

'အဲဒီလို ဝယ်နိုင်ရင် ညည်းယောကျ်ားကိုတောင် ကားမောင်းခိုင်းမနေတော့ဘူးအေ့၊ တစ်သက်လုံး ထိုင်စားနေမယ်'

'အမယ်လေး သိပါတယ်နော်။ အန်တီဆင့် ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com

မသိအောင် ငွေတွေ ကျိတ်စုထားတယ်ဆိုတာ’

သည်အခါမှာတော့ ဒေါ်မမဆင့် မျက်စိမျက်နှာပျက်ဖြစ်သည်။

‘ညိုဝါရည်နော် ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့။ တကယ် မရှိပါဘူးအေ၊ ဘုရားစူး မိုးကြိုးပစ်ရပါစေရဲ့’

သို့သော် သူမတွင် စုငွေအချို့ရှိသည်ကို ကျွန်တော်သိသည်။ သူတို့အိမ်ထောင်စု၏ အဓိကဝင်ငွေမှာ မြို့လယ်ရှိ ရှစ်ခန်းတွဲတိုက်ကြီးမှ တိုက်လခများဖြစ်သည်။ ထိုငွေသည် မိသားစု နေ့စဉ် စားသုံးစရိတ် ကာမိအောင်တော့ ရပေသည်။

ဒေါ်မမဆင့်တွင် လျှို့ဝှက်စုထားသော ငွေရှိသည်ကို ကျွန်တော် သိရသည်မှာ မတော်တဆဖြစ်သည်။

ရှေးဆန်သောသူများဖြစ်၍ ဘဏ်စနစ်ကို ယုံကြည်ဟန်မရှိ။

တစ်နေ့ ကျွန်တော် ရွက်လှပန်းအိုးတစ်လုံးကို နေရာရွှေ့မည်ပြုသောအခါ ပန်းအိုးအောက်မှာ ပလတ်စတစ်ဖြင့် အသေအချာ ထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့ရသည်။ ထိုအထုပ်ထဲတွင် ငွေအမြောက်အမြား ရှိနေခဲ့သည်။

ပန်းအိုးကို မရွှေ့တော့ဘဲ အသာစောင့်ကြည့်နေခဲ့ရာ ဒေါ်မမဆင့်သည် တစ်နေ့တွင် ပန်းအိုးအောက်မှ အထုပ်ကို လာယူကြောင်း တွေ့ရသည်။ အခြားတစ်နေရာတွင် ရွှေ့ထားမည်ထင်ရသည်။ သည်လိုပဲ နေရာရွှေ့ပြောင်းထားနေကျဖြစ်ပုံရသည်။

သည်လိုနှင့်ပင် ခြောက်လဟူသော အချိန်ကာလသည် ကျော်လွန်လာသည်။

ညိုဝါရည်သည် ကိုယ်ဝန်ရင့်မာခဲ့ပြီ။ နေ့လား၊ ညလား မသိ မွေးဖွားတော့မည်ဖြစ်သည်။

ကျွန်တော့်သဘောကတော့ ဆေးရုံ၊ ဆေးခန်း ပြချင်သည်။

သို့သော် သူမ၏ အဒေါ်များကား ဆေးရုံ၊ ဆေးခန်းကို ကြောက်ရွံ့ကြသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ ဆေးမထိုးဖူးသူများ ဖြစ်ကြသည်။

‘ငါတို့အဘိုးတွေ၊ အဖေတွေလည်း လက်သည်နဲ့ပဲ မွေးခဲ့တာပဲ။ ညိုဝါရည့်အမေရော၊ ညိုဝါရည်ကိုယ်တိုင်ရော လက်သည်ကြောင့် လူ့ဘဝ ရောက်လာတာချည်းပဲ။ ဘာမှ ရှုပ်မနေနဲ့၊ အိမ်မှာတင်မွေး’

စိတ်ထဲမှာ မကျေနပ်လှသော်လည်း ကျွန်တော် ဘာမျှမတတ်နိုင်ပါ။ ကျွန်တော့်လက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မျှမရှိ။ သို့သော် ညိုဝါရည်ကလည်း သူတို့မိသားစုမှာ မွေးဖွားရာတွင် လွယ်ကူသူချည်းဖြစ်ကြောင်းနှင့် နှစ်သိမ့်သည်။

ကျွန်တော့်တွင် စိတ်သက်သာရာ တစ်ရပ်သာရှိသည်။ ယင်းမှာ ညိုဝါရည်၏ အဒေါ်များသည် ကျွန်တော့်အပေါ် ကျေနပ်ဟန် မပြသော်လည်း ညိုဝါရည်ကို လက်ထပ်ခဲ့ခြင်းကိုမူ တစ်ခါမျှ အပြစ်မဆိုခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်သည် ဒေါ်မမတင့်၏ ထူးခြားသော အမူအကျင့်ကို ရိပ်စားမိလာသည်။ သူမက ကျွန်တော့်ကို အိမ်တစ်အိမ်သို့ ကားမောင်းပို့ခိုင်းသည်။ ထိုအိမ်တွင် ကြေးကြီးဝိုင်းတစ်ဝိုင်း ရှိနေကာ ဒေါ်မမတင့်သည် ထိုဝိုင်း၌ ပါဝင်ကစားခဲ့ပေသည်။

‘မမဆင့်ကို ပြန်မပြောနဲ့နော်’

ဒေါ်မမတင့် နှုတ်ပိတ်ခဲ့သည်။

ညိုဝါရည် နေ့လား ညလား မွေးဖွားတော့မည့်အချိန်တွင် ကျွန်တော်သည် ငွေကို ကြိုးစားရှာဖွေရန်အတွက် မြို့ထဲသို့ နေ့စဉ်နှင့်အမျှ ထွက်သည်။ အလုပ်ရှာဖို့ကား မဟုတ်ပါ။ မိတ်ဆွေများကို ရှာဖွေပြီး အကူအညီတောင်းရန်ဖြစ်သည်။

ဖြစ်ချင်တော့လည်း ဖေဖေနှင့် ဆိုက်ဆိုက်မြိုက်မြိုက်တိုးသည်။ ဖေဖေက ကုန်လာဝယ်ရာမှ အပြန်ဖြစ်သည်။ မြို့တွင်ရှိစဉ်က စောစီးစွာ အိမ်ထောင်ပြုခြင်းအတွက် ဖေဖေက မကျေနပ်ခဲ့။ စကားမပြောဘဲ နေသည်။ ညိုဝါရည် မြို့တွင် မနေလိုသည်မှာ ဤအကြောင်းကလည်း တစ်ကြောင်းအနေနှင့် ပါဝင်သည်။

ဖေဖေသည် အဝတ်များ ညစ်နွမ်းနေသော၊ ပိန်လှီညှိုးချုံးနေသော ကျွန်တော့်ကို ကြည့်ကာ-

‘ဘယ်လိုလဲဟေ့၊ နှာခေါင်း ကျည်ပွေ့တွေ့နေပြီလား ငါ့သား’

‘ဟုတ်ကဲ့ ဖေဖေ၊ သားမှားပါတယ်၊ သိပ်ကို မှားခဲ့ပါတယ်’

‘အေး လူဆိုတာ လက်တွေ့မပါဘဲ ပညာချည်းပေးနေလို့လည်း အလကားပဲကွ။ လက်တွေ့ပါလာတော့မှ ဘဝဆိုတာ ထင်သလောက် မလွယ်ဘူးဆိုတာ သဘောပေါက်လာကြတာပဲ။ ခုတော့ ငါ့သား အတန်းစာမေးပွဲ မအောင်ပေမဲ့ ဘဝစာမေးပွဲတော့ အောင်ပြီဆိုပါတော့ကွာ’

ကျွန်တော်သည် ဖေဖေ့ကို ဘူတာသို့ လိုက်ပို့သည်။ ဖေဖေ့အား စကားပြောလိုသော်လည်း လည်ချောင်းမှာ တစ်ဆို့နေလိုရှိသည်။ ပြောမထွက်ဘဲ ရှိနေသည်။

ရထားထွက်ခါနီးတွင် ဖေဖေက အလိုက်သိစွာ မေးလာသည်။

‘မင်းမှာ ငွေမလိုဘူးလား’

‘လိုပါတယ် ဖေဖေ၊ သိပ်ကို လိုပါတယ်။ ညိုဝါရည်ကလည်း မွေးခါနီး ဖွားခါနီး ဖြစ်နေတော့’

‘ဟားဟား ခလုတ်ထိတော့ အမိတ,ပြီပေါ့ကွာ။ ငါလည်း ကုန်တွေဝယ်လိုက်လို့ ငွေသိပ်မပါတော့ဘူး။ ဒါပဲရှိတယ်၊ ဒါပဲ ယူထားလိုက်’

ဖေဖေက ငွေတစ်ထပ်ကို လက်ထဲ ထိုးထည့်ပေးသွားသည်။

ရထားထွက်သွားသည်ကို ကြည့်ရင်း အရေးအကြောင်းဆိုတော့လည်း မိဘဟူသည် မစိမ်းကားရက်ပါလားဟု တွေးမိ

*စာမျက်နှာ(၉၁)သို့...*



www.burmeseclassic.com


www.burmeseclassic.com

# အားလုံး အကျုံးဝင်မှုကို စိစစ်လေ့လာခြင်း

မသီတာ(စမ်းချောင်း)

'အနုပညာဆိုတာ သူနိုးပဲ၊ အနုပညာသမားကောင်း ပန်းချီဆရာကောင်း ဆိုတာ ငှားတဲ့အလုပ် လုပ်တဲ့သူ၊ သိပ်ကြီးမြတ်တဲ့ ပန်းချီဆရာကောင်းကတော့ ခိုးတဲ့အလုပ် လုပ်တဲ့သူ' ဆိုတာမျိုး **ပါဘလိုပီကာဆို** က ပြောခဲ့ဖူးပါသတဲ့။ စာရေးဆရာ၊ ဝတ္ထုရေးဆရာတွေကရော။ ကိုယ် ထိတွေ့ရှုမြင် ကြားနာခံစားရတဲ့ အာရုံတွေကို အငှားသဘော ကူးယူပွားများ ဖန်တီးတာမျိုး၊ အခိုးသဘော တိတ်တဆိတ် ဆွဲယူခံစား ပွားများဖန်တီးတာမျိုး လုံးဝမပါဘဲ စာပေလက်ရာကောင်းတစ်ခုကို မရေးနိုင်ကြတာ သေချာတယ်လို့ ဆိုရပါမယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ စာမူတွေထဲမှာ ကိုယ့်ပတ်ဝန်းကျင်က အာရုံတွေကို ဘယ်လောက်အတိုင်းအတာအထိ ငှားယူခိုးချ လုပ်ဖြစ်ထားတာတွေ ပါနေပါလိမ့်။ တစ်နည်းအားဖြင့် လက်တွေ့ဘဝထဲမှာ ထိတွေ့ကြားနာ ခံစားရတာတွေထဲက ဘယ်လောက်များများနဲ့

တစ်နှစ်လျှင် ပျမ်းမျှတစ်ပုဒ် ပုံနှိပ်ခံရသည့် စာရေးဆရာ အရေအတွက် ၇၈ ဦး
(စုစုပေါင်း၏ ၁၀.၂ ရာခိုင်နှုန်း)




စာရေးဆရာ စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းသည် ဝတ္ထုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ရေးသားထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုအရာတွေကိုပဲ ကျွန်မတို့ရဲ့ လက်ရာတွေထဲထိ သယ်ဆောင်ငှားယူခဲ့ကြပါသလဲ။ ကျန်တာတွေကိုတော့ ဘာ့ကြောင့် မသယ်ယူခဲ့ကြရပါသလဲ။ ဘယ်အရာကများ ကျွန်မတို့ရဲ့ လက်ရာတွေထဲမှာ ရှိနေနိုင်မယ့် အရာခပ်သိမ်းကို အဆုံးအဖြတ်ပေးနေပါသလဲ။ ဒီမေးခွန်းတွေဟာ စာပေစိစစ်ရေးအလွန်ခေတ်မှာ ကျွန်မကို တရစပ် ခေါင်းခေါက်ခဲ့တဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။

အနုပညာမှန်ရင် လွတ်လပ်မှုကို လိုအပ်တယ်လို့ ဆိုပေမဲ့ အနုပညာကိုယ်တိုင်ထဲမှာ လွတ်လပ်မှု ပါဖို့လည်း လိုအပ်တယ် မဟုတ်လား။ စာပေစိစစ်ရေးနဲ့ ဆယ်စုနှစ် ငါးစုလောက် တူတူ ပုန်းတမ်းကစားခဲ့ကြရတာမို့ စာပေအနုပညာသည်တွေခမျာ "စာပေလွတ်လပ်မှုဆိုတာ စာပေစိစစ်ရေး မရှိတော့ခြင်း ဆိုတာထက် ပိုပါတယ်" ဆိုတာကို မေ့သွားနိုင်လောက်တယ်လို့လည်း မတွေးရဲပါဘူး။ ဒါပေမဲ့ သိချင်နေခဲ့တာတော့ အမှန်ပါပဲ။ စာပေစိစစ်ရေး ကာလနဲ့ အလွန်ကာလတွေမှာ ဖော်ပြခဲ့ကြတဲ့(ရေးခဲ့ကြတဲ့)စာမူတွေဟာ ကျွန်မတို့ ဖြတ်သန်းခဲ့ကြရတဲ့၊ ဖြတ်သန်းနေ ကြရတဲ့ ပတ်ဝန်းကျင်က အာရုံတွေအားလုံးထဲက ဘယ်လောက် အကျုံးဝင်နေခဲ့ပါသလဲ။ အဲဒါကို သိချင်နေခဲ့တာပါ။ အထူးသဖြင့် အနာဂတ်မှာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု










www.burmeseclassic.com

## စာရေးဆရာများ၏ နေရပ်နှင့် ယင်းတို့ရေးသားသော ဝတ္ထုအရေအတွက်




ကြီးကို တည်ထောင်မယ်ဆိုရင် ကျွန်မတို့လို စာပေအနုပညာသမားတွေရဲ့ ဖန်တီးမှုလက်ရာတွေကိုယ်တိုင်မှာကရော စာပေစိစစ်ရေး ဆိုတဲ့ အရာကြီးကို လွန်မြောက်ပြီး အင်မတန်မှ လွတ်လပ်စွာနဲ့ ပကတိ မြေပြင်အနေအထားကို ဘယ်လောက်ထိ အကျိုးဝင် ထင်ဟပ်အောင် အငှားခံစားနိုင်ကြပါသလဲ။ လက်ရှိ အခြေအနေတွေကို လက်ရာတွေထဲမှာ ဘယ်လိုမျိုး ခိုးယူခံစားပြနိုင်ကြပါသလဲ။ ဒါကို တကယ်ပဲ သိချင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလိုနဲ့ သုတေသနစစ်တမ်းလေး တစ်ခုကို အစပြုဖြစ်ခဲ့တယ် ဆိုပါတော့။ ❑


တကယ်တမ်း ဒီစစ်တမ်းလေးကို လုပ်ဖြစ်တာကတော့ ပဲန်မြန်မာအနေနဲ့ ဒီပရောဂျက်လေးကို **လူထုအတွက်**



www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုဇာတ်အိမ် တည်ရာ နေရာများနှင့် အရေအတွက်




**လွှတ်တော်**(**Parliament for People**) ဆိုတဲ့ အစီအစဉ်ကနေ လျှောက်လို့ ရသွားတာကြောင့်ပါပဲ။ အင်္ဂလန်က တက္ကသိုလ်အပါအဝင် တက္ကသိုလ်လေး၊ ငါးခုက သုတေသီတွေကိုယ်တိုင် မဟုတ်ဘဲ အနုပညာသမားတွေက လုပ်တဲ့ သုတေသနကို အားပေးတာမို့ ကျွန်မတို့ရဲ့ သုတေသနစစ်တမ်းလေးလုပ်ဖို့ အကူအညီ ရလိုက်တာပါ။

မဂ္ဂဇင်းဝတ္ထုတိုတွေကို စာပေစိစစ်ရေးအချိန်နဲ့ စိစစ်ရေးအပြီး အချိန်တွေကြားမှာ ရေးသားတင်ပြတဲ့ အကြောင်းအရာကွာခြားမှုတွေ ရှိသလား သိချင်တာမို့ ဒီသုတေသနစစ်တမ်းလေးကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ဖတ်ကြမယ်လို့ အားလုံးက ဆုံးဖြတ်လိုက်ပါတယ်။ အားလုံးဆိုတာက စစ်တမ်းပြုစုမယ့် ၇



www.burmeseclassic.com

www.burmeseclassic.com

ယောက်ပါ။ လုပ်မှာက အဲဒီဝတ္ထုတိုတွေထဲမှာ အားလုံးအကျုံးဝင်မှု ဘယ်အတိုင်းအတာထိ ရှိနေလဲဆိုတဲ့ စစ်တမ်းဖြစ်တာမို့ စစ်တမ်းပြုစုမယ့် ၇ ယောက်ကိုလည်း ကွဲပြားခြားနားတဲ့ နောက်ခံရှိသူတွေကို ဦးစားပေးမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ ဝတ္ထုတိုတွေကို ဖတ်ရှုစိစစ်ပိုင်းခြားကြရမှာမို့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူကလည်း မရှိမဖြစ်လိုတာမို့ ဆရာ မောင်သာချိုနဲ့ ဆရာမ ရာသက်ပန်(တောင်ငူဆောင်)တို့ကို အရခေါ်လိုက်ပါတယ်။ ဆရာမက မကွေးမှာ မြန်မာစာပါမောက္ခမို့ အစည်းအဝေးတိုင်း မကွေးကနေ အပြေးလာရသလို ဟောပြောပွဲသမား ဆရာကိုလည်း သူ ရန်ကုန်ရှိချိန်မှာ အစည်းအဝေးလုပ်နိုင်အောင် ကြိုးစားရပါတယ်။ မဂ္ဂဇင်းသုံးအုပ်ကို ဆယ့်တစ်နှစ်စာ ဖတ်ကြမယ်ဆိုတော့ စာဖတ်အားသန်သူ၊ စာဖတ်မညည်းသူတွေလည်း လိုပြန်ပါတယ်။ ဆရာမ မိချမ်းဝေ၊ စုမီအောင်၊ နန်းကြာဖြူ(ဘားအံ)နဲ့ ဆရာခွန်ရှားလှိုင်တို့ကလည်း မငြင်းတမ်းပါလာပါတယ်။ မွန်၊ ခရစ်ယာန်၊ ကရင်ပြည်နယ်သူ၊ ရှမ်း စတဲ့ နောက်ခံကွဲပြားကြသူတွေမို့ စစ်တမ်းပြုစုမယ့် အုပ်စုကတော့ အားလုံးအကျုံးဝင်နိုင်သမျှ ဝင်နေပြီလို့ အားတက်မိရပါတယ်။

တကယ် စ,ဖတ်ကြတော့ စာအုပ်ရှာတာမှာတင် အတော်လေး ပြဿနာဖြစ်ကြရပါတယ်။ ရွှေအမြုတေကတော့ ဇမ္ဗူတလုစာပေက ငှားလို့ ရလိုက်တာမို့ လွတ်နေတဲ့ တစ်အုပ်၊ နှစ်အုပ်လောက်ပဲ ရှာရပါတယ်။ မဟေသီနဲ့ ခေတ်ရနံ့(ရနံ့သစ်)ကတော့ ဆယ်နှစ်ဆက်တိုက် ထွက်ခဲ့ကြပေမဲ့ အယ်ဒီတာအပြောင်းအလဲ၊ ထုတ်ဝေသူအပြောင်းအလဲ၊ တိုက်လိပ်စာအပြောင်းအလဲတွေကြောင့် တိုက်တွေကနေ အပြည့်အစုံ မရခဲ့ပါဘူး။ ဒီတော့ အဲဒီမဂ္ဂဇင်းတွေကို ဖတ်မယ့်မစုမီနဲ့ ကိုခွန်ရှားတို့ခမျာ စာကြည့်တိုက်တွေမှာ သွားရှာရတာ အတော့်ကို ခက်ခဲခဲ့ပါတယ်။ ဒါ့အပြင် ကျွန်မတို့ ဆန်းစစ်လေ့လာချင်တဲ့အထဲမှာ စာရေးဆရာတွေရဲ့ ကျား-မနဲ့ နေရပ်လိပ်စာ ပါနေတော့ အဲဒါတွေအားလုံးကို အချက်အလက် အမှန်အတိုင်းသိရဖို့က အတော့်ကို ခက်ပြန်ပါတယ်။ အခက်ဆုံးကတော့ ဝတ္ထုတိုတွေထဲမှာ ပါတဲ့ အဓိကဇာတ်ကောင်တွေရဲ့ ကျား-မ၊ လူမျိုးဘာသာတွေကို ရှာဖွေရတာရယ်၊ ဘာအကြောင်းအရာလဲဆိုတာကို စုစည်းသရုပ်ခွဲရတာရယ်ပါပဲ။ ၅ လလောက် လူ ၄ ယောက်က ပထမအကြိမ် ဖတ်၊ လူ ၃ ယောက်က နောက်တစ်ကြိမ်စိစစ်ဖတ်နဲ့ အားထုတ်လိုက်တော့ ဖတ်ရမယ့် ၃၂၂၆ ပုဒ် ကုန်သွားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကာလတွေမှာ အားလုံးလိုလိုက စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်နဲ့ ဖတ်ခဲ့ကြရတာ ဖြစ်ပါတယ်။ အားလုံးဖတ်ပြီးတော့ ပဲန်မြန်မာရဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ ကိုလွှမ်းပိုင်သီဟက ဒီအချက်အလက်တွေကို စနစ်တကျလေး ခွဲခြမ်းစိတ်ဖြာနိုင်အောင် ကူညီပေးပါတော့တယ်။ အဲဒီကနေမှ ကျွန်မတို့ သိချင်နေတဲ့ အကြောင်းအချက်တွေ အားလုံးကို အထင်အရှား မြင်တွေ့သိခွင့်ရလိုက်ပါတယ်။ အဲဒါတွေကတော့…။

အားလုံးမျှော်လင့်တဲ့အတိုင်း ၂၀၀၈ ခုနှစ်ထက်စာရင် ၂၀၁၈ ခုနှစ်မှာ ဝတ္ထုတိုအရေအတွက်ဟာ ၂.၄ ဆ ပိုပြီး များပြားလာတာကို တွေ့ရပါတယ်။ သုတေသနလုပ်တဲ့ ဆယ့်တစ်နှစ်အတွင်း အဲဒီဝတ္ထုတွေကို ရေးသားတဲ့ စာရေးဆရာအရေအတွက်က ၇၆၁ ဦးဖြစ်ပြီး အမျိုးသားစာရေးဆရာ ၅၁၁ ဦးနဲ့ အမျိုးသမီး စာရေးဆရာ ၂၀၆ ဦး ဖြစ်တဲ့အတွက် အမျိုးသမီး၊ အမျိုးသားအချိုး ၅း၂ ရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ၁၁ နှစ်အတွင်း ပုံနှိပ်ဖော်ပြခံရတဲ့ ဝတ္ထုတို အရေအတွက်နဲ့ စာရေးဆရာတွေကို ယှဉ်တွဲ လေ့လာလိုက်တဲ့အခါမှာတော့ တစ်နှစ်မှာ ဝတ္ထုတိုတစ်ပုဒ် ပုံနှိပ်ဖော်ပြခံရတဲ့ စာရေးဆရာအရေအတွက်က ၇၈ ဦးပဲ ရှိပါတယ်။ ဝတ္ထုတိုအများစုဖြစ်တဲ့ ၇၀ ရာခိုင်နှုန်းကို ရေးသားခဲ့သူ စာရေးဆရာဟာ စုစုပေါင်းရဲ့ ၂၆ ရာခိုင်နှုန်း ရှိနေပါတယ်။

စာရေးဆရာတွေရဲ့ ဝတ္ထုတိုတွေမှာ အမျိုးသမီး၊ အမျိုးသား အဓိကဇာတ်ဆောင်အဖြစ် သုံးစွဲရေးသားမှုကို လေ့လာတဲ့အခါ အမျိုးသမီး စာရေးဆရာတွေက အမျိုးသမီးဇာတ်ကောင်ကို အဓိကထား ရေးဖွဲ့မှု ၆၆.၂ရာခိုင်နှုန်းနဲ့ အမျိုးသားဇာတ်ကောင်ကို အဓိကထား ရေးဖွဲ့မှု ၃၁.၂ရာခိုင်နှုန်း ရှိပါတယ်။ အမျိုးသားစာရေးဆရာတွေက အမျိုးသားဇာတ်ကောင်ကို အဓိကထား ရေးဖွဲ့မှုကတော့ ၇၈.၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အမျိုးသား စာရေးဆရာတွေက သူတို့ကိုယ်တိုင်ရဲ့ အမျိုးသားဇာတ်ကောင်တွေကို အဓိကထား ရေးဖွဲ့မှု ပိုမိုအားသန်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ စာရေးဆရာတွေရဲ့ နေရပ်လိပ်စာတွေနဲ့ ဝတ္ထုတိုတွေရဲ့ ဇာတ်နောက်ခံ ဒေသတွေကြားက အဆက်အစပ်ကို လေ့လာခဲ့ကြပါတယ်။ ရန်ကုန်လိပ်စာနဲ့ စာရေးဆရာအရေအတွက် ၂၅၀ ဦးရှိပြီး သူတို့ရေးသားခဲ့တဲ့ ဝတ္ထုတိုအရေအတွက်ဟာ စုစုပေါင်းစာမူရဲ့ ၃၇.၅ ရာခိုင်နှုန်း ၁၂၁၁ ပုဒ် ရှိနေပါတယ်။

မန္တလေးလိပ်စာနဲ့ စာရေးဆရာအရေအတွက်က ၁၀၉ ဦးရှိပြီး စုစုပေါင်း ဝတ္ထုတိုရဲ့ ၁၇.၂ ရာခိုင်နှုန်းကို ရေးသားခဲ့တာ တွေ့ရပါတယ်။ ချင်းပြည်နယ်မှာ စာရေးဆရာ ၁ ဦးပဲ ရှိပါတယ်။ စာရေးဆရာ ၁၀ ဦးအောက်နေထိုင်တဲ့ ဒေသတွေက ချင်းပြည်နယ် ၁ ဦး၊ ကရင်ပြည်နယ် ၃ ဦး၊ ကယားပြည် နယ် ၈ ဦးနဲ့ တနင်္သာရီတိုင်းဒေသကြီး ၆ ဦးဖြစ်ပါတယ်။


ဝတ္ထုဇာတ်အိမ် တည်နေရာဒေသ



www.burmeseclassic.com

www.burmeseclassic.com

## အဓိကဇာတ်ကောင်များ၏ လူမျိုးများ




အလိုက် စာရေးဆရာတွေရဲ့ နေရပ်တွေကို ယှဉ်တွဲလေ့လာကြည့်တဲ့အခါ စိတ်ဝင်စားဖွယ် တွေ့ရပါတယ်။

စာရေးဆရာအများစုဟာ ကိုယ့်ဒေသအကြောင်းကိုယ် ဦးစားပေး ရေးဖြစ်ကြတယ်လို့လည်း ဆိုနိုင်ပါတယ်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတွေကို နောက်ခံထားပြီး ရေးတဲ့ ဝတ္ထုတိုတွေထဲမှာ အရေအတွက်အများဆုံးကို အဲ့ဒီဒေသမှာ နေထိုင်တဲ့ စာရေးဆရာတွေကပဲ ရေးသားခဲ့ကြတာဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ကယားပြည်နယ် ဖြစ်ပါတယ်။ ကယားပြည်နယ်အကြောင်းရေးထားတဲ့ ဝတ္ထုတို ၈ ပုဒ်စလုံးကို ကယားပြည်နယ်မှာ နေထိုင်တဲ့ စာရေးဆရာတွေ ကိုယ်တိုင်က ရေးသားခဲ့ကြတာပါ။ မွန်ပြည်နယ်ကတော့ ဒေသခံ မွန်ပြည်နယ်နေ စာရေးဆရာတွေထက် ရန်ကုန်တိုင်းဒေသကြီးမှာ နေထိုင်တဲ့ စာရေးဆရာတွေက ပိုပြီး ရေးသားခဲ့တာကို တွေ့ရပါတယ်။ ရခိုင်ပြည်နယ်အကြောင်းကိုလည်း တခြားဒေသက စာရေးဆရာတွေထက် ရခိုင်နေရင်း စာရေးဆရာအများစုက ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ကချင်ပြည်နယ်နဲ့ ချင်းပြည်နယ် ဖြစ်ပါတယ်။ အဲ့ဒီဒေသတွေအကြောင်းကို အနယ်နယ် အရပ်ရပ်မှာ နေထိုင်တဲ့ စာရေးဆရာတွေက အရေအတွက်ကွာခြားချက် မရှိဘဲ မျှတစွာ ရေးသားခဲ့တာကို တွေ့ရပါတယ်။ တိုင်းဒေသကြီးထဲမှာ ထူးခြားချက်ကတော့ တနင်္သာရီတိုင်းဒေသကြီး ဖြစ်ပါတယ်။ အဲဒီဒေသမှာနေတဲ့ စာရေးဆရာတွေ ရေးတဲ့ ဝတ္ထုတိုအရေအတွက်ဟာ ရန်ကုန်တိုင်းဒေသကြီးမှာနေတဲ့ စာရေးဆရာတွေက တနင်္သာရီဒေသအကြောင်းရေးတဲ့ ဝတ္ထုတိုအရေအတွက်ထက်တောင်မှ နည်းနေတာကို တွေ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကလည်း အလားတူ ဖြစ်ပါတယ်။

ခုနက တင်ပြသွားတဲ့ တွေ့ရှိချက်တွေကို အခြေခံပြီးတော့ သုံးသပ်မှုတွေ လုပ်ခဲ့ပါတယ်။ အဲ့ဒီအတွက် Focus Group Discussion သဘောမျိုးနဲ့ ဒီစစ်တမ်းကို ပြုစုသူတွေကိုယ်တိုင်ရော မဂ္ဂဇင်းတွေရဲ့ အယ်ဒီတာတွေ၊ အများဆုံးရေးတဲ့ စာရေးဆရာတွေ၊ တခြားနယ်ပယ်က ပညာရှင်တွေစုပြီး တွေ့ရှိချက်တွေပေါ်မှာ သုံးသပ်ဆွေးနွေးမှုတွေ လုပ်ကြပါတယ်။ အဲ့ဒီလို သုံးသပ်ဆွေးနွေးမှုတွေထဲကနေ တချို့ စဉ်းစားစရာတွေ ပေါ်ထွက်ခဲ့ပါတယ်။ အထူးသဖြင့် ဝတ္ထုတွေရဲ့ ဇာတ်ကောင်တွေမှာ ဗမာ၊ ဗုဒ္ဓဘာသာတွေပဲ အများဆုံးလွှမ်းမိုးနေတဲ့ အချက်ပေါ်မှာ ဝိုင်းပြီး ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီလိုဖြစ်ရတဲ့ အဓိကအကြောင်းအရင်းတွေကို စဉ်းစားတဲ့အခါ ၁၉၆၂ ခုနှစ်နောက်ပိုင်း စာပေစိစစ်ရေး ပေါ်ထွက်လာပြီးတော့ ဗမာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တဲ့ တိုင်းရင်းသားတွေကို ဇာတ်ကောင်ပြုပြီး ရေးဖွဲ့မယ်ဆိုရင် အမှားအယွင်းတွေ ရှိနိုင်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပုံနှိပ်ဖော်ပြခွင့် အပိတ်ပင်ခံရတာဟာ နောင်မှာ အဲ့ဒီအကြောင်းအရာတွေကို မရေးဖြစ်တော့အောင် တွန်းပို့စေတယ်လို့ သုံးသပ်ကြပါတယ်။ နောက်တစ်ခါ ဗမာဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ရေးနိုင်တဲ့ စာရေးဆရာအများစု နေထိုင်တဲ့နေရာတွေမှာ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေဟာ လူနည်းစုတွေဖြစ်ပြီး သူတို့အကြောင်းကို သေသေချာချာ ဂဃနဏမသိထားတဲ့ ဗမာစာရေးဆရာတွေကလည်း အဲ့ဒီလူတွေကို ဇာတ်ကောင်အဖြစ် ရေးဖွဲ့ဖို့အတွက် ယုံကြည်ချက်နည်းပါးတာမျိုး ဖြစ်နိုင်တယ်လို့ သုံးသပ်ကြပါတယ်။ အဲ့ဒီစာရေးဆရာတွေက သူတို့နဲ့ မတူတဲ့ လူမျိုး၊ ဘာသာဝင်တွေအကြောင်း သိဖို့ဆိုရင် ဗဟုသုတအတွက် ခရီးထွက်သုတေသနပြုရမှာဖြစ်ပြီး အဲဒီလိုလုပ်နိုင်ဖို့ အခက်အခဲတွေလည်း ရှိနေတယ်လို့ သုံးသပ်ကြပါတယ်။ များသောအားဖြင့် ဗမာမဟုတ်တဲ့ တိုင်းရင်းသားဒေသပြည်နယ်တွေမှာ တာဝန်ထမ်းနေတဲ့ ဝန်ထမ်းစာရေးဆရာတွေအနေနဲ့ အဲဒီဒေသတွေအကြောင်း ရေးဖို့လို့အတွက် စိုးရိမ်ပူပန်မှု ရှိနေပါတယ်။ ဒါ့အပြင် ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေမှာလည်း ဘာသာစကားအရ မကျွမ်းကျင်သလို ဝတ္ထုတိုရေးဖွဲ့နည်းဆိုတဲ့ ဘာသာရပ်ဆိုင်ရာ အတတ်ပညာလည်း အားနည်းနေပါတယ်။ ခေတ်အဆက်ဆက် ဖိနှိပ်ခံရမှု အတွေ့အကြုံတွေကြောင့်လည်း ဗမာနဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ သူတွေမှာ လူမျိုးစွဲတွေရော အင်္ငဲ့စိတ်တွေရော ရှိနေတဲ့အတွက်ကြောင့် ဖြစ်နိုင်တယ်လို့လည်း သုံးသပ်ကြပါတယ်။ ဒါ့အပြင် လက်ရှိ ပင်မရေစီးထဲမှာရှိတဲ့ မဂ္ဂဇင်းတွေဟာ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေရှိရာ ဒေသတွေမှာ ပျံ့နှံ့မှု မရှိသလို အဲ့ဒီလို စာမူတွေကို မဖတ်ဖူးတဲ့အတွက်ကြောင့်လည်း အဲ့ဒီဒေသက

tem*wfmS zUf&, f'EkUa&pD jynfaxmifpkuf;DUkd wnfaxmif, fqkdif ulef wkdwkdpmay tEkynmorm;awGU zefwDvkuf&mawG ukd fvkdfmSua&m pmaypp&pfa&; qkdvh t&mL;DUkd vEfajrmulpD tifwefS vGvf ypfnEyuwd ajrjyifaet xm;ukd b, favmufxd tuswfqif xif[ yfatmif tifSchir;EkdUygovJ vuf&S ajctaeawGukd vuf&mawGudmS b, fvkdcfkd I chirjyEkdUygovJ

သူတွေကိုယ်တိုင် သူတို့အကြောင်းတွေကို သူတို့တွေကိုယ်တိုင် ရေးဖွဲ့ပြီး ပင်မရေစီးမဂ္ဂဇင်းတွေထဲမှာ ပုံနှိပ်ဖော်ပြခံရဖို့အတွက် အားမထုတ်တာလားဆိုတဲ့ မေးခွန်းလည်း ပေါ်ထွက်ပါတယ်။

ဒါ့အပြင် ဝတ္ထုတိုရဲ့ နောက်ခံအကြောင်းအရာတွေမှာ အားလုံး အကျုံးဝင်မှုရော ကွဲပြားစုံလင်မှု အခြေအနေကဘာမှသိပ်ပြီး ပြောင်းလဲမှု မရှိဘူးဆိုတဲ့ အပေါ်မှာလည်း သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံရေးနောက်ခံ အကြောင်းတွေကို စာပေစိစစ်ရေးဖျက်ပြီး နောက်မှာပေါ်လာတဲ့ သတင်းမီဒီယာတွေမှာ ဆောင်းပါးတွေအနေနဲ့ ဖော်ပြလာတဲ့ အတွက်ကြောင့် ဝတ္ထုရေးဆရာတွေက နိုင်ငံရေးနောက်ခံ အကြောင်းကို ဝတ္ထုအဖြစ် ရေးဖွဲ့မှုဟာ ထင်သလောက် မများတော့ဘူးလို့ သုံးသပ်ကြပါတယ်။ တခြားနောက်ခံ အကြောင်းအရာတွေ အတွက်လည်း လုံလောက်တဲ့ ဗဟုသုတရှိမှ ရေးလို့ရတာကြောင့် ပြည်မမှာနေတဲ့ ဝတ္ထုရေးဆရာ အများစုက မရေးနိုင်ကြဘူးလို့ သုံးသပ်ပါတယ်။ အထူးသဖြင့် ပြည်တွင်းစစ်အကြောင်း၊ မူးယစ်ဆေးအကြောင်း စသဖြင့်ပေါ့။ နောက်တစ်ခါ စာရေးဆရာတွေနဲ့ အယ်ဒီတာတွေကိုယ်တိုင်က စစ်အစိုးရခေတ်ရဲ့ ရိုက်ခတ်မှုကြောင့် လတ်တလော အနေအထားတွေထက် တစ်ခေတ်တစ်ခါက အကြောင်းအရာတွေကို ဆက်လက်ဖော်ထုတ်ရေးသားပြသဖို့ လိုအပ်နေသေးတယ်လို့ ထင်မြင်နေမှုကလည်း သက်ရောက်တယ်လို့ သုံးသပ်ကြပါတယ်။ နှစ် ၅၀ကြာ စိစစ်ရေးကြောင့် တချို့အကြောင်းအရာတွေကို ဖော်ပြလို့ မဖြစ်နိုင်ဘူးလို့ စိတ်ထဲမှာ စွဲမှတ်နေတဲ့ အတွက်ကြောင့်လည်း အဲ့ဒီအကြောင်းအရာတွေနဲ့ ပတ်သက်လို့ ရေးဖို့၊ ဖော်ပြဖို့ အာရုံမကျတာလည်း ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။ ဝတ္ထုတိုရေးပြီး အသက်မွေးဝမ်းကျောင်းလို့ မဖြစ်နိုင်ဘူးလို့ တွေ့ရှိချက်အတိုင်း ဝတ္ထုတိုလေးတစ်ပုဒ်ရေးဖို့ လိုအပ်မယ့် နောက်ခံဗဟုသုတကို ခရီးသွားလာပြီးမှ ရှာဖို့ဆိုတာလည်း မဖြစ်နိုင်တဲ့အတွက် ကိုယ့်ဒေသက အကြောင်းအရာကလွဲရင် ကျန်တဲ့ လူမျိုး၊ ဒေသတွေရဲ့ အကြောင်းအရာတွေကို မရေးနိုင်တာဖြစ်ရမယ်လို့ သုံးသပ်မှုလည်း ရှိပါတယ်။

ခုနောက်ပိုင်းမှာ စာရေးဆရာတွေကိုယ်တိုင်က မဂ္ဂဇင်းဝတ္ထုတိုတွေထက် သတင်းမီဒီယာတွေမှာ ဆောင်းပါးတွေ ရေးလာကြတယ်။ အဲဒီအတွက်ကြောင့် ဝတ္ထုတိုတွေမှာ တတ်နိုင်သလောက် ကွဲပြားစုံလင်မှု အားနည်းလာတယ်လို့ မြင်တာလည်း ရှိပါတယ်။ ဆိုရှယ်မီဒီယာ အားကောင်းလာတဲ့ အတွက်ကြောင့်လည်း ပုံနှိပ်စာပေဟာ ပျံ့နှံ့အား လျော့သွားတယ်လို့လည်း



www.burmeseclassic.com

www.burmeseclassic.com

ပြောကြပါတယ်။ ဒါ့အပြင် ဒီစစ်တမ်းအတွက် ဖတ်တဲ့ မဂ္ဂဇင်းတွေမှာ မကြာသေးမီ တစ်နှစ်၊ နှစ်နှစ်မှာ ထွက်ခဲ့တဲ့ မဂ္ဂဇင်းတွေ မပါခဲ့တဲ့အတွက် အဲဒီမဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုတိုတွေထဲမှာတော့ အားလုံးအကျုံးဝင်မှုနဲ့ အကြောင်းအရာစုံလင်ကွဲပြားမှု ဘယ်လောက်ရှိနေတယ်ဆိုတာ မဖော်ပြနိုင်တဲ့ အားနည်းချက်ရှိနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ တိုင်းရင်းသားစာပေယဉ်ကျေးမှုမဂ္ဂဇင်းတွေ ထွက်နေပေမဲ့ အဲ့ဒီမှာ ဖော်ပြထားတဲ့ ဝတ္ထုတိုတွေကို ဗမာဘာသာပြန်ဖော်ပြထားတာ မရှိသလို ဗမာဘာသာစကားနဲ့ ရေးထားတဲ့ ဝတ္ထုတွေကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားတွေနဲ့ ဘာသာပြန်ဖော်ပြမှုမျိုး မရှိသေးဘူးလို့လည်း သုံးသပ်ပါတယ်။ နောက်ဆုံးတော့ ခေတ်သစ်လူနေမှုဘဝနဲ့ နည်းပညာတွေကို ရသဖန်တီးမှုနဲ့ တွဲဖက်ပြီး စိတ်ဝင်စားမှုအပိုင်းမှာလည်း အားနည်းနေသေးတယ်လို့ သုံးသပ်ခဲ့ကြပါတယ်။

အခုလို တွေ့ရှိချက်တွေကို အခြေခံပြီး အခုလုပ်ထားတဲ့ စစ်တမ်းက ပြောနိုင်တာကတော့ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ မြန်မာ့ပင်မရေစီး မဂ္ဂဇင်းဝတ္ထုတွေထဲမှာ လူမျိုးဘာသာ နေရာဒေသအားဖြင့် အားလုံး အကျုံးဝင်မှုမရှိဘူးဆိုတာပါပဲ။ စာပေစိစစ်ရေးမဖျက်သိမ်းမီနဲ့ ဖျက်သိမ်းအပြီးမှာလည်း အားလုံးအကျုံးဝင်မှုအရရော ဝတ္ထုနောက်ခံအကြောင်းအရာ စုံလင်ကွဲပြားမှုအခြေအနေအရပါ သိသိသာသာပြောင်းလဲမှု မရှိဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။ ❑

ဒီစစ်တမ်းကို အစီရင်ခံစာထုတ်တော့ စာပေလောကအတွက်ရော နိုင်ငံတော်အစိုးရအတွက်ပါ အကြံပြုချက်တွေ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ (အစီရင်ခံစာ အစအဆုံးကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာနဲ့ ထုတ်ထားပြီး ပဲန်မြန်မာရဲ့ အင်တာနက်စာမျက်နှာ www.penmyanmar.org နဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွေမှာ ဖတ်ရှုလို့ရပါတယ်။ ရုံးခန်းမှာလာယူလို့လည်း ရပါတယ်။) ဒါ့အပြင် ဒီအစီရင်ခံစာကို မိတ်ဆက်အခမ်းအနားလေးလုပ်ပြီး အခြား စာရေးဆရာအသင်းအဖွဲ့တွေနဲ့ စိတ်ပါဝင်စားသူတွေကို ရှင်းပြခဲ့ပါတယ်။ အဲဒီအထဲမှာ "စာပေလောကသို့ အကြံပြုချက်"နဲ့ "နိုင်ငံတော်အစိုးရသို့ အကြံပြုချက်" ဆိုပြီး နှစ်ပိုင်းခွဲ ရှင်းပြခဲ့ပါတယ်။ ဒီနေရာမှာ အကြံပြုချက်တွေကို အသေးစိတ်ရေးမပြတော့ပါဘူး။ တစ်ခုကိုပဲ ပြောချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့က စာပေစိစစ်ရေးအလွန်ခေတ်မှာ စာပေလောကသား စာရေးဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူတွေဟာ အရင်ကထက် ပိုပြီး သတ္တိရှိရှိ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနဲ့ မြေပြင်အနေအထားကို အမှန်တကယ် ထင်ဟပ်ကိုယ်စားပြုတဲ့စာတွေ ရေးကြဖို့၊ တည်းဖြတ်ကြဖို့၊ ထုတ်ကြဖို့ဆိုတဲ့ အကြံပြုချက်ပေါ့။

ခုနကပြောတဲ့ တွေ့ရှိချက်နဲ့ သုံးသပ်ချက်တွေကို တင်ပြပြီးတဲ့အခါ အခမ်းအနားကို တက်လာတဲ့ စာရေးဆရာတချို့က သူတို့ကိုယ်တိုင် ဒါတွေကို သတိမထားမိဘဲ ရေးနေခဲ့ကြတာမို့ နောင်ရေးတဲ့အခါ ဇာတ်ကောင်တွေရဲ့ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုရိုးရာ၊ ဇာတ်လမ်းရဲ့ တည်နေရာဆိုတာတွေကို အားလုံးအကျုံးဝင်အောင် ကြိုးစားပြီး ရေးမှပဲလို့ ထုတ်ပြောလာကြပါတယ်။ အဲဒီမှာ ကျွန်မ နည်းနည်း စိတ်ပူမိပါတယ်။ တကယ်တော့ ကျွန်မတို့ ငယ်ငယ်က ဆိုရှယ်လစ်ဝါဒဖြန့်ချိရေးမှာ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး" ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်ဆိုတဲ့ အနုပညာသမားတွေဟာ ရင်ထဲက မပါတဲ့ လုပ်ဇာတ်ပေါင်းများစွာကို ဆိုရှယ်လစ်အစိုးရရဲ့ အငြိုငြင်မခံရဖို့အရေးကနေ ချီးမြှောက်ခံရဖို့အရေးထိ ဗျာများလှုပ်ရှားခဲ့ကြဖူးတယ်လို့ ယူဆပါတယ်။ အဲဒီလိုနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုပြီး ဗမာစစ်သားနဲ့ ကရင်မလေးညားတဲ့ ဇာတ်၊ ဝေးလံသီခေါင်ဒေသမှာ ကျောင်းဆရာ သွားလုပ်တဲ့အခါ ဗမာမဟုတ်တဲ့ တိုင်းရင်းသားသူပုန်တွေက ဒုက္ခပေးတဲ့ ဇာတ်ဆိုတဲ့ မြေပြင်အနေအထားနဲ့ တစ်ထပ်တည်းမကျတဲ့ လုပ်ဇာတ်တွေ လှိုင်လှိုင်ပေါများလာရာက နောက်ဆုံးမှာ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး" ဆိုတဲ့ ဝေါဟာရဟာ ဆေးခါးကြီးဝေါဟာရ ဖြစ်သွားတဲ့အထိပါပဲ။ ဒါကြောင့် စိတ်ပူမိတယ်လို့ ဆိုမိပါတယ်။ ဒါတွေ ဒါတွေ နည်းနေသေးလို့ ဒါတွေ ဒါတွေကို အာရုံထားပြီး ခပ်များများရေးကြမှဖြစ်မယ်လို့ တွေးတာဟာ အပြစ်မဟုတ်ပေမဲ့ စိုးရိမ်စရာလို့ ကျွန်မက မြင်ပါတယ်။ ဝါဒဖြန့်ချိရေးနည်းနာနိဿယဟာ ကျွန်မတို့ မျိုးဆက်ကနေ ခု လူငယ်မျိုးဆက်အထိ တစ်ပါးတည်းသောဆေးလို ရေလဲပြီး သောက်ကောင်း တုန်း ဖြစ်မှာကိုလည်း စိုးရိမ်မိပါတယ်။

တကယ်တော့ ရန်ကုန်တိုင်းဒေသကြီးလိပ်စာနဲ့ စာရေးဆရာက အများစုဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနောက်ခံ ဝတ္ထုတိုတွေကလည်း အများစုပါပဲ။ ဒါပေမဲ့ ဇာတ်ကောင်တွေရဲ့ လူမျိုးနဲ့ ဘာသာကို ကြည့်တော့ ဗမာ-ဗုဒ္ဓဘာသာက အများစုဖြစ်နေတာကို တွေ့ရပါတယ်။ ဘာဆန်းလို့လဲ၊ နိုင်ငံရဲ့ လူဦးရေအချိုးအစားမှာလည်း သူတို့ကပဲ အများဆုံးလေလို့ ပြန်ပြောချင်စရာပေါ့။ မှန်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မှာ ဗမာစကားမဟုတ်တဲ့ ဘာသာစကားများစွာကို လမ်းပေါ်မှာ၊ ဘတ်စကားပေါ်မှာ၊ ဆိုင်တွေထဲမှာ ကြားခွင့်ရနေတာ ကြာပါပြီ။ အဲဒီလိုပဲ မုန့်ဟင်းခါးဆိုင်ထက်မကတဲ့ ရိုးရာအစားအစာဆိုင်တွေလည်း အများအပြား ရှိနေပါပြီ။ ဒါပေမဲ့ ဝတ္ထုတိုတွေထဲက ဇာတ်ကွက်တည်နေရာတွေမှာ နိုင်ငံခြားဖြစ်ကော်ဖီဆိုင်မျိုးသာ အများစုဖြစ်ပြီး ဗမာမဟုတ်တဲ့ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်မျိုးကတော့ မရှိသလောက် နည်းနေကြဆဲပါပဲ။ ကိုယ့်မိတ်ဆွေသူငယ်ချင်းနဲ့



www.burmeseclassic.com

ရုံးဝန်ထမ်း လုပ်ဖော်ကိုင်ဖက်တွေထဲမှာ ဗမာနာမည်၊ ဗုဒ္ဓဘာသာနာမည် မဟုတ်တဲ့သူတွေ အများကြီးကို ရန်ကုန်လူထုက ထိတွေ့ဆက်ဆံ ရင်းနှီးကျွမ်းဝင်ခွင့်ရနေပေမဲ့လည်း ဝတ္ထုတိုတွေထဲမှာတော့ အဲဒီလိုဇာတ်ကောင်တွေ မပါဝင်ဆဲပါပဲလို့ ကျွန်မတို့ သတိပြုမိခဲ့ကြတာ ဖြစ်ပါတယ်။

ဒါဟာ သိပ်အရေးကြီးတယ်လို့လည်း ထင်ပါတယ်။ စာပေစိစစ်ရေးက ကျွန်မတို့ရဲ့ ကလောင်တွေကိုတင်မက စိတ်တွေထဲ အတွေးတွေထဲ အထိပါ ဝင်ပြီး စိစစ်ထိန်းချုပ်ခဲ့လေသလားလို့လည်း တွေးမိပြန်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ နေ့စဉ်နဲ့အမျှ ထိတွေ့ဆက်ဆံနေရတဲ့ စုံလင်ကွဲပြားမှုတွေအပေါ် အပြုသဘောဆောင်ပြီး ချစ်ခင်တဲ့စိတ်နဲ့ အသိအမှတ်ပြုနိုင်မှု အားကောင်းလာအောင် ကျွန်မတို့ကိုယ်တိုင်က လွဲပြီး ဘယ်သူကမှ လာလုပ်မပေးနိုင်ဘူးလို့ ထင်ပါတယ်။ ကျွန်မတို့ စာပေအနုပညာတွေကို ဖန်တီးကြတဲ့ အခါ နေ့စဉ်ဘဝထဲက မြေပြင်အနေအထားတွေကို ဖယ်ခွာပြီး ကိုယ့်ဘာသာဘောင်ခတ်သတ်မှတ်ထားတဲ့ စံတွေအရပဲ ဒါတော့ ထည့်ရေးသင့်တယ်၊ ဒါတော့ မရေးသင့်ဘူးဆိုတာမျိုး ကိုယ့်ကိုယ်ကို စိစစ်ရေးတွေ၊ ဝါဒဖြန့်ချိရေးတွေ မလုပ်မိဖို့လည်း လိုတာပေါ့။ အရေးကြီးတာက ကိုယ်နဲ့မတူသူ အများအပြားဟာလည်း ကိုယ့်နိုင်ငံတွင်း ဇာတ်အိမ်တည်ရေးသားနေတဲ့ ကိုယ့်လက်ရာဝတ္ထုတိုတွေထဲမှာ ဇာတ်ကောင်အဖြစ် ပါဝင်နိုင်တယ်ဆိုတာ ကျွန်မတို့ကိုယ်တိုင် မေ့မထားကြဖို့ပဲ မဟုတ်လား။ ကိုယ်သိပ်မသိတာတွေ သွားရေးမိပြီး မှားရင် အရှက်တကွဲ အကျိုးနည်းရချေရဲ့လို့ စိုးရိမ်ပူပန်ကြသလို ကိုယ် တကယ်သိပါလျက်နဲ့ ထည့်ရေးလိုက်ဖို့ ဝန်လေးနေတာနဲ့ပဲ သူတို့တွေရဲ့ ကိုယ်စားပြုနိုင်ခွင့်ကို လျစ်လျူရှုရာရောက်မိရချေရဲ့လို့လည်း စိုးရိမ်ပူပန်တတ်ကြဖို့ပဲ လိုတယ်လို့ ယူဆပါတယ်။ နေ့စဉ်ဘဝထဲမှာ ဘုရားတက်တဲ့အခါ ရှိမခိုးဘဲ ထိုင်စောင့်ပေးတဲ့ သူငယ်ချင်းမိတ်ဆွေတွေ ရှိနေပေမဲ့ ကိုယ်ဖန်တီးတဲ့လက်ရာထဲမှာတော့ ဇာတ်ကောင်အားလုံးက ဘုရားတက်၊ ရှိခိုး၊ ရိုကျိုးနေတာတွေချည်း ရေးနေမိတာဟာ စာပေစိစစ်ရေးအလွန်ခေတ်ရဲ့ အဓိကပြဿနာ ဖြစ်မှာပါ။ နေ့စဉ်ဘဝထဲမှာ အစာမစားခင် ဘုရားသခင်ကို ဆုတောင်းပြီးမှ စားတဲ့ သူငယ်ချင်းရှိပေမဲ့ ကိုယ်ဖန်တီးတဲ့လက်ရာထဲမှာတော့ ဇာတ်ကောင်အားလုံးက အဆင်ပြေသလို စားလိုက်တာမျိုး ရေးလိုက်ဖြစ်တာမျိုး၊ နေ့စဉ်ဘဝထဲမှာ စကားဝဲလို့ မသဲကွဲတဲ့အတွက် ပြန်မေးရ၊ ဖြေရှင်းရ နားလည်အောင်ကြိုးစားရနဲ့ ဖြတ်သန်းနေရပေမဲ့ ကိုယ်ဖန်တီးတဲ့လက်ရာထဲမှာတော့ ဒီလိုအဖြစ်မျိုး လုံးဝမပါဖူးတာမျိုး အဲဒီလိုအဖြစ်မျိုးတွေဟာ ကျွန်မအပါအဝင် စာရေးသူတွေထဲမှာ ဖြစ်နေပါတယ်လို့ ကျွန်မတို့ မြင်တတ်ကြဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် ဗမာ၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဇာတ်ကောင်တွေနဲ့ သူတို့အကြောင်းကိုချည်း ဇွတ်ရေးယူမယ်လို့ တွေးတောကြံဆအားထုတ်ကြဖို့ မဟုတ်ဘဲ ကိုယ့်နေ့စဉ်ဘဝ နေထိုင်နေရင်းမှာပဲ စုံလင်ကွဲပြားတဲ့ ဇာတ်ကောင်နဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဇာတ်လမ်းဇာတ်ကွက်တွေကို ကိုယ့်လက်ရာထဲထိ ပါအောင် ခေါ်မယ်ဆိုတဲ့ **စိတ်သတိ** (Consciousness) ရှိနေဖို့ လိုတယ်လို့ ပြောချင်ပါတယ်။ အဲဒီလောက် သတိရှိပေးရုံနဲ့ ခု မြင်တွေ့ဖတ်ရှုနေရတဲ့ သမားရိုးကျဝတ္ထုတွေနဲ့ ကွဲပြားခြားနားတဲ့ ဝတ္ထုတွေကို ရေးခွင့်၊ ဖတ်ခွင့်၊ ဖော်ပြခွင့်တွေ ရလာကြမှာ ဖြစ်ပါတယ်။ ဆိုရှယ်လစ်ခေတ်မှာလို ဝါဒဖြန့်စာပေ အထွက်တိုးရေးစီမံချက်မျိုးကိုတော့ ဝေရာမဏီကြရအောင်ပါ။

"အနုပညာဆိုတာ သူခိုးပဲ၊ အနုပညာသမားကောင်း၊ ပန်းချီဆရာကောင်းဆိုတာ ငှားတဲ့အလုပ် လုပ်တဲ့သူ၊ သိပ်ကြီးမြတ်တဲ့ ပန်းချီဆရာကောင်းကတော့ ခိုးတဲ့အလုပ် လုပ်တဲ့သူ" ဆိုတာမျိုး ပါဘလိုပီကာဆိုက ပြောခဲ့ဖူးတာကို ပြန်စဉ်းစားရအောင်ပါ။ ကျွန်မတို့ စာရေးဆရာ၊ ဝတ္ထုရေးဆရာတွေအနေနဲ့ စိတ်သတိကြီးကြီးနဲ့ ကိုယ့်ပတ်ဝန်းကျင်က ဇာတ်ကောင်နဲ့ ဇာတ်ကွက်တွေကို ငှားကြ၊ ခိုးကြရအောင်ပါလို့ တိုက်တွန်းချင်ပါတယ်။ အနုပညာမှန်ရင် လွတ်လပ်မှုကို လိုအပ်တယ်လို့ ဆိုပေမဲ့ အနုပညာကိုယ်တိုင်ထဲမှာ လွတ်လပ်မှုပါဖို့လည်း လိုအပ်တယ် မဟုတ်လား။ စာပေလွတ်လပ်မှုဆိုတာ စာပေစိစစ်ရေး မရှိတော့ခြင်းဆိုတာထက် ပိုပါတယ်။ စာပေစိစစ်ရေးက တားမြစ်ထားလို့ မရေးဖို့ ရှောင်ရင်း ရေးရကောင်းတယ်လို့ မအောက်မေ့တော့တာဟာ အနုတ်သဘောဆောင်သလို ဒီလို ဒီအကြောင်းတွေကတော့ ရှိသင့်လို့ အထွက်တိုးရေးဦးမှလို့ ဇွတ်အားထုတ်တာဟာလည်း အပြုသဘော မဆောင်ပါဘူး။ ကျွန်မတို့ရဲ့ နှလုံးသားထဲမှာ ဒီအရေးကိစ္စတွေဟာဖြင့် အရေးကြီးပါလားရယ်လို့ စိတ်သတိလေးထားပြီး ခံစားစာနာကာ ကိုယ့်လက်ရာထဲထိပါ အပါခေါ်နိုင်ဖို့ဆိုတာ စာပေစိစစ်ရေးထက် ပိုခက်တဲ့ စိန်ခေါ်မှုသာ ဖြစ်ပါတယ်။ ကျွန်မတို့ စာရေးသူတွေကိုယ်တိုင် စိတ်သတိကြီးကြီးနဲ့ မြေပြင်အနေအထားနဲ့ မကင်းကွာတဲ့ ဇာတ်ကောင်၊ ဇာတ်ကွက်များကို ကိုယ့်လက်ရာထဲ အပါခေါ်ဖြစ်ကြမယ်ဆိုရင်ဖြင့် "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး" ဆိုတာ ဆေးခါးကြီး မဖြစ်နိုင်တော့ပါဘူးလေ။

❑

အပြောလွယ်ပေမဲ့ အလုပ် ခက်တာကို သိပါတယ်။ ပြောဖြစ်ရတဲ့ အကြောင်းရင်းကတော့ ကိုယ်တိုင်ကိုလည်း အလုပ်ထွက်လာအောင် တွန်းချင်လို့ပါပဲ။

ဟုတ်ကဲ့။ ကျွန်မတို့ လူသားအားလုံး "တန်းတူညီမျှမှုနဲ့ အားလုံးအကျုံးဝင်မှုဆိုတဲ့ ဦးတည်ရာ" တစ်ဖက်တည်းကို ပြိုင်တူတွန်းကြရအောင်ပါ။ ■

**မသီတာ၊စမ်းချောင်း၊**

www.burmeseclassic.com

*စာမျက်နှာ(၈၁)မှ...*

သည်။

ငွေစက္ကူကို ရေတွက်ကြည့်တော့ တစ်ထောင်ကို အစိတ် သာလျော့သည်။

ဝမ်းသာအားရနှင့်ပင် ဖြစ်ပါသည်။

အဝတ်အစားဆိုင်များသို့ ပြေးသည်။ ကလေးအတွက် အဝတ်အစားအချို့ ဝယ်သည်။ အလှကုန်ဆိုင်မှ ဝိုင်အိုလက် ပေါင်ဒါ၊ ဂရိုက်မစ်ချာ စသည်၊ သစ်သီးတန်းမှ စပျစ်သီး၊ လိမ္မော်သီး တစ်ပွေ့တစ်ပိုက်ကြီး ဝယ်သည်။ တက္ကစီငှားပြီး အိမ်သို့ပြန်လာခဲ့သည်။

သည်မှာ ပြဿနာသည် ကျွန်တော့်ကို ဆီးကြိုနေသည်။ အိမ်အတွင်းမှ အသံဗလံအချို့ ထွက်ပေါ်လာနေသည်။

အိမ်နီးနားချင်း မိန်းမတစ်ယောက်သည် မျက်နှာပျက် ပျက်နှင့် အိမ်ထဲမှ ထွက်လာသည်။

"ဘာဖြစ်သလဲ ဒေါ်ဖွားခင်၊ ညီပုဝါရည်..."

"ညီပုဝါရည် မွေးတော့မယ်၊ ဒါပေမဲ့ သူ့အဒေါ်တွေက တော့ ဒေါသူပုန်ထ,နေကြလေရဲ့"

"ဘာအတွက်လဲ"

"မမဆင့် စုထားတဲ့ငွေတွေ ပျောက်သွားတယ်"

စိတ်လက်လေးလံစွာ အိမ်အတွင်း ဝင်လိုက်သည်။

ပိုးသားလို နူနယ်ပျော့ပျောင်းသော ဒေါ်မမတင့်၏ လက် မှာ ရဲတင်းကို ကိုင်ထားသည်။ စန္ဒရားမှာ ရဲတင်းဖြင့် အခုတ် ခံထားရသည်။ ပရိဘောဂအချို့ ကျိုးပဲ့နေသည်။ ခန်းဆီးစများ စုတ်ပြဲနေသည်။

"ဒီမယ် မိဆင့်၊ ညည်းမှာ မာနရှိသလို ငါ့မှာလည်း မာနရှိတာပဲ။ ကိုယ်နဲ့မဆိုင်တဲ့ ပိုက်ဆံကို ခြူးတစ်ပြားတောင် မယူဘူးမှတ်ပါ။ ငါ့ကိုမစမ်းနဲ့နော်၊ လူပျော့ပေမဲ့ ငါ့စိတ်က သံမဏိထက်မာတယ်"

ဒေါ်မမတင့်သည် ဒေါသတကြီး ပြောရင်း ရဲတင်းဖြင့် မြင်ကရာကို ခုတ်နေသည်။

ဒေါ်မမဆင့်သည် နတ်ဝင်သလို တုန်နေသည်။ မျက်နှာ မှာ သွေးမရှိတော့သလို ဖြူဖျော့နေသည်။ မျက်ဝန်းမှာလည်း မျက်ရည်စတွေနှင့်။

"ဒီပိုက်ဆံကို ငါ့ဘဝတစ်ခုလုံးအတွက် သိမ်းထားတာ၊ ငါ အိုမင်းတဲ့အထိ၊ ငါ သေတဲ့အထိ သုံးသွားဖို့ အနှစ်နှစ် အလလက စုထားရတာ။ နင် ခိုးပြီး ဖဲဝိုင်းမှာ ရှုံးပစ်တာနေမှာ ပဲ"

"ငါ မယူဘူး"

"နင် မယူရင် ဘယ်သူယူမလဲ"

သည်အခိုက် ကျွန်တော်သည် အခန်းဝသို့ ရောက်လာ သည်။ လက်ထဲမှာ ပစ္စည်းတစ်ပွေ့တစ်ပိုက်ကြီးနှင့် ဖြစ်သည်။

ညီအစ်မနှစ်ယောက် အကြည့်သည် ကျွန်တော့်ကိုယ်ပေါ် သို့ တိုက်ရိုက် ကျရောက်လာသည်။

ကျွန်တော်သည် ဘာပြောရမည် မသိသလို ကြောင်အမ်း နေသည်။

"သူ နေမှာပဲ"

ဒေါ်မမတင့်၏အသံ။

"ဟုတ်တယ်၊ သူပဲ နေမှာပဲ။ သူ ညည်းရဲ့ ပိုက်ဆံတွေ ခိုးပြီး သူ့မယားအတွက် ပစ္စည်းတွေ ဝယ်လာတာ မတွေ့ဘူး လား"

ဒေါ်မမဆင့်သည် ထိုင်ရာမှ ထ,ရပ်လိုက်သည်။ သူ၏ အကြည့်သည် ကျွန်တော့်ကို ဖောက်ထွင်းသွားတော့မလို ရှိသည်။

"ဟုတ်တယ်၊ နင်ပဲ။ နင်ပဲ ငါ့ငွေတွေခိုးမှာ။ ခုတော့ လက်ပူးလက်ကြပ်မိပြီ။ ရောက်ကတည်းက ငြိုဟ်မွေတဲ့ အကောင်၊ နင့်ကို အရှင်မထားဘူး"

ကျွန်တော်သည် မှင်တက်မိနေသလိုဖြစ်သည်။ ပါးစပ်မှာ အာစေးထည့်ထားခြင်း ခံရသလိုဖြစ်သည်။

ဒေါ်မမဆင့်သည် နံရံမှ ဆောင်ဓားကြီးကို ဖြုတ်ယူလိုက် သည်။ သူမ၏ ဗလကြီးဖြင့် ဓားကို ခေါင်းပေါ်သို့ မြှောက်ကာ ကျွန်တော့်ထံ ပြေးဝင်လာသည်။

ကျွန်တော်သည် မျက်လုံးများ ပြာသွားသည်။ ဦးနှောက် သည် အရာရာကို လိုက်မမီနိုင်အောင် ရှုပ်ထွေးတုံ့ဆိုင်းသွား သည်။

သည်အခိုက် ကျွန်တော့်နားမှာ အသံတစ်သံကြားရသည်။

"အူဝဲ... အူဝဲ... အူဝဲ"

ကလေးငိုသံ။

ဒေါ်မမဆင့်သည် ဓားကြီး မြှောက်ကိုင်ထားရင်း တန်း လန်း ခြေလှမ်း တုံ့သွားသည်။ ရုတ်ခြည်းမှာပင် ကျောက်ရုပ် ကြီးလို ဖြစ်သွားသည်။

နောက်ကျောဆီမှ အသံကြားရသည်။

"အမယ်လေးဟဲ့၊ ဒီမှာ သေရေးရှင်ရေးတမျှ မွေးဖွားပေး နေရတဲ့အထဲ အိမ်ရှေ့ခန်းမှာ သူတို့က တစ်မှောင့်၊ ညီပုဝါရည် မွေးပြီ၊ ယောကျာ်းကလေးပဲ"

"ဟယ်... ယောကျာ်းလေး"

ဒေါ်မမဆင့်နှင့် ဒေါ်မမတင့်တို့ အိပ်မက်ထဲမှ ရေရွှတ် သလို ပြိုင်တူ ရေရွှတ်လိုက်ကြသည်။ ဓားကိုလည်းကောင်း၊ ရဲတင်းကိုလည်းကောင်း ပစ်ချလိုက်ကြသည်။

ညီပုဝါရည်ရှိသည့် အိမ်အတွင်းခန်းဆီသို့ အလုအယက် ပြေးဝင်သွားကြသည်။

နောက်တစ်နေ့တွင် ဒေါ်မမဆင့်၏ ငွေကို သူမ ထား နေကျ နေရာများအနက် တစ်နေရာမှ ပြန်လည် ရှာတွေ့သည်။

ကျွန်တော့်သားကို ကျွန်တော်က "ချိုး"(ဂျိုး)ဟု အမည် မှည့်ခေါ်သည်ကိုလည်း မည်သူကမျှ ဆန့်ကျင် ကန့်ကွက်ခြင်း မပြုခဲ့ကြပါ။ ။ ■

**မောင်သိန်းဆိုင်**

*ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၉(နိုင်ငံတကာ ကလေးများနှစ်)။*



www.burmeseclassic.com

www.burmeseclassic.com

နှင်းမှုန်စ ကွယ်ပျောက်၍ နွေရောက်ပြီဆိုတော့ သစ်ရွက်စိမ်းများက အဝါဘက်လှလာသည်။ ဝါပြီးလျှင် ညိုမည်၊ ညိုပြီးလျှင် ကြွေမည်။ ပင်ယံထက်တွင် အစိမ်းမှမဟုတ် အဝါသည်လည်း လှသည်ပင်။ အညိုသည်လည်း လှသည်ပင်။ မကြွေခင်မှာ အရောင်အသွေး အမျိုးမျိုး ခြယ်သ၍ လောကကို အလှဆင်သော သစ်ရွက်တိုင်းသည် တာဝန်ကျေရုံမက ချစ်ဖွယ်လည်း ကောင်းသည်ဟု အပြုစကား ဆိုချင်ပါသည်။

❑

ကျွန်မ အမေက အသက် ၉၃ နှစ်ပြည့်၍ ၉၄ နှစ်ထဲ ရောက်နေသူဖြစ်သည်။ သူ့ကျန်းမာရေးက 'လူကြီးကောင်း ကောင်းသည်' ဟု ဆိုရမည့် အနေအထားဖြစ်သည်။ သူ့သွားအံကပ်ကို စိတ်တိုင်းမကျလှပေမဲ့ သူ ကောင်းကောင်းစားနိုင်သည်။ အဖော်တစ်ဦးပါလျှင် ဟိုဟိုဒီဒီ ကောင်းကောင်းသွားနိုင်သည်။ အခန်းအေးအေးထဲတွင် ကောင်းကောင်းလည်း အိပ်ပျော်သည်။ ရေချိုးခြင်း၊ သနပ်ခါးလိမ်းခြင်း၊ အခင်းကြီး အခင်းငယ်သွားခြင်း စသော တစ်ကိုယ်ရေသန့်စင်ရေးကိစ္စကို အဖော်မလို လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ အင်္ဂလိပ်ခေတ်တုန်းက ဘယ်လို၊ ဂျပန်တွေဝင်လာတော့ ဘယ့်နှယ်၊ ဦးနုတို့ အစိုးရဖြစ်တော့ ဘယ်သို့ စသည့် ကျွန်မတို့ မသိမမီလိုက်သော၊ ကျွန်မတို့ မမှတ်မိတတ်သော အကြောင်းခြင်းရာများကို သူ ကောင်းကောင်း မှတ်မိသည်။ စိတ်ဝင်စားဖွယ် ဖြစ်အောင် စီကာပတ်ကုံးလည်း ပြောပြနိုင်သည်။

ကျွန်မ အထက်တန်းကျောင်းသူဘဝက ကျွန်မနှင့် အလွန်ရင်းနှီးချစ်ခင်သော သူငယ်ချင်းအချို့ကို နာမည်ကအစ သူ မှတ်မိနေခြင်းကလည်း တော်တော် ထူးဆန်းသည်ဟု ဆိုရမည်ဖြစ်သည်။ တက္ကသိုလ်ရောက်မှ တွဲဖြစ်သော သူငယ်ချင်း ညို၊ သက်၊ ထွေးနှင့် မလေးတို့ အကြောင်းများကိုတော့ သူက ကျွန်မထက်ပင် မှတ်မှတ်ထင်ထင် ရှိနေသေးသည်။ သူငယ်ချင်း ငါးယောက် ကျောင်းတုန်းက ဇရုတ်ကျခဲ့ပုံ အချို့ကို သူကပင် ကျွန်မကို ပြန်ပြောပြပြီး ရယ်မောနေသဖြင့် ကျွန်မမှာ အံ့ဩမဆုံး ဖြစ်ရပြန်သည်။ သူ့ကို တစ်ခုခု ပြောပြထားလျှင် ဘယ်တော့မှ မမေ့။ မှတ်ဉာဏ်က အောချလောက်အောင် ကောင်းနေသေးသော






www.burmeseclassic.com

www.burmeseclassic.com



'ဩဘော် ငါ့ဘဝနယ်၊ အဖေလည်း မရှိတော့ဘူး။ အမေလည်း မရှိတော့ဘူး။
အားငယ်စရာ ကောင်းလိုက်တာ'တဲ့၊
ကဲ. . . ဖြစ်မှဖြစ်ရလေ အမေရယ်။ အမေ့အသက်ပဲ ၉၀ ကျော်နေပြီ
အမေ့ရဲ့ အဖေ အမေက ဘယ်လိုလုပ် ရှိတော့မှာလဲ



www.burmeseclassic.com

www.burmeseclassic.com

အမေဖြစ်သည်။

တစ်ခုပဲရှိသည်။ မျက်စိက မျက်မှန်အားကိုးဖြင့် သတင်းစာဖတ်နိုင်၊ တီဗွီကြည့်နိုင်ပေမဲ့ နားကတော့ သူ့နားကြပ်ကိရိယာက သူနှင့်အဆင်မပြေသဖြင့် မကောင်း။ ပိုက်ဆံအကုန်ခံ၍ အကြိမ်ကြိမ် ပြောင်းလဲပြုပြင်တပ်ဆင်သော်လည်း ထူးမလာသဖြင့် နောက်ဆုံး သူကိုယ်တိုင် လက်လျှော့ကာ ပစ်ပယ်ထားသောအရာဖြစ်သည်။

သည်တော့ အမေ့ကို တစ်ခုခုပြောချင်လျှင် ကျွန်မတို့က ဝါယမလေးစိုက်၍ သူ့နားနားကပ်၍ပြောခြင်း၊ အော်၍ပြောခြင်း၊ ထပ်ကာထပ်ကာ ပြောခြင်းအမှုကို ပြုရသည်။ လူသိမခံချင်သောကိစ္စရှိလျှင်တော့ အမေ့ကို ပြောပြ၍မဖြစ်။ အမကြားအောင် ထပ်ကာထပ်ကာ အော်ပြောခြင်းဖြင့် ရပ်ကွက်အတွင်း ကြေညာမောင်းခတ်ပြီးသားဖြစ်သွားမှာ သေချာသောကြောင့် ဖြစ်သည်။

စင်စစ် အမေ့မှာ သွေးတိုး၊ နှလုံး၊ ဆီးချို ဟူသည့် ရောဂါကြီး သုံးမျိုး အသေအချာရှိနေပါသည်။ သို့သော် သမားတော်ကြီး ဒေါ်မေစံပယ် ညွှန်ကြားသော ဆေးတွေက အစွမ်းထက်၍ အမေနှင့်လည်း တည့်သဖြင့် အမေ့ကို လူကောင်းတစ်ယောက်နှင့် မခြား စားနိုင်သောက်နိုင်စေပါသည်။

ပြောရလျှင် အဆိုပါ ရောဂါကြီးသုံးမျိုးရှိသော်လည်း သူများတွေလို အမေ အစားအသောက် မဆင်းရဲလှ။ အမေ့အတွက် အစားအသောက်ကို သီးခြားချက်ပြုတ် စီစဉ်ပေးစရာမလို။ အိမ်သားတွေ ဒံပေါက်စားလျှင် အမေလည်း စားသည်။ အိမ်သားတွေ ရေခဲမုန့်စားလျှင် အမေလည်း စားသည်။ အိမ်သားတွေ ထမနဲစားလျှင် အမေလည်း စားသည်။ ငါးပိကြော်၊ ဗာလချောင်ကြော်၊ ဆီသိုဖူး၊ မှျစ်ချဉ်နှင့် ဝက်သားဟင်း အမေကြိုက်မှ ကြိုက်။ ဆေးမှန်မှန် မှီဝဲရင်း စိတ်တိုင်းကျ စားရင်းသောက်ရင်းနှင့် အမေ့အသက် ၉၀ ကျော်လာပြီဖြစ်သည်။ သွေးတိုး၊ နှလုံး၊ ဆီးချို ဝေဒနာရှင်ထဲမှာတော့ အမေက ကံအကောင်းဆုံးဟု ဆိုရမလား မပြောတတ်။

အမေတို့မှာ ညီအစ်ကိုမောင်နှမ ငါးယောက်ရှိခဲ့သည်။ ခုတော့ အမေ့အစ်မကြီးလည်း ဆုံးပြီ။ အမေ့အစ်ကို နှစ်ယောက်လည်း ဆုံးပြီ။ အမေ့မောင် အငယ်လည်း ဆုံးပြီ။ အမေ တစ်ယောက်သာ ကံကောင်းစွာ အသက်ရှည်နေဆဲ။

ကျွန်မတို့အဖေ ဆုံးတော့ မုဆိုးမအမေက သားသမီး လေးယောက်ကို ပြုစုပျိုးထောင်သည်။ ယခုတော့ ကျွန်မ၏ မောင်အငယ်နှင့် ညီမအငယ်လည်း ကွယ်လွန်သွားပြီမို့ အမေ့ကို ကြည့်ရှုစောင့်ရှောက်ရန် ကျွန်မတို့ ညီအစ်မနှစ်ယောက်သာ ကျန်တော့သည်။

အမေ့မှာ သမီးနှစ်ယောက်အပြင် မြေးက ခုနစ်ယောက်နှင့် မြစ်က သုံးယောက်ရှိသည်။ သားသမီးမြေးတွေ၏ ဇနီးခင်ပွန်း အဆွယ်အပွားတွေနှင့် ပေါင်းလိုက်လျှင် အမေ့ဆွေမျိုး အသိုက်အဝန်းက သေးတော့ မသေးလှပေ။

သီတင်းဝါလကျွတ်လျှင် အမေ့ကို သားသမီး မြေးမြစ်တွေက စုပေါင်းကန်တော့ကြသည်က နှစ်စဉ်မပျက်။ ရက်တစ်ရက်သတ်မှတ်၍ အိမ်တစ်အိမ်တွင် စုကာ တပျော်တပါး ချက်ကြပြုတ်ကြရင်း၊ စားကြသောက်ကြရင်း၊ ရယ်ကြမောကြရင်း အမေ့ကို ကန်တော့သည့်ပွဲလေးက မြိုင်ဆိုင်လှသည်။ ထိုနေ့ကတော့ ရန်ကုန်နေ ဆွေမျိုးသားချင်းတွေ အကုန်စုံသည်။ အမေ့ကို ကန်တော့ပစ္စည်း အသီးသီးဖြင့် ကန်တော့သည်။ မွေးမွေးလည်း အများကြီးပေးသည်။ အမေကလည်း ရှည်လျားလှစွာသော ဆုတွေကို ပေးပြီး သူ့မြေးမြစ်တွေကိုတော့ မုန့်ဖိုးပါ ပေးပြန်သည်။ အမေက ကျောင်းဆရာမ ပင်စင်နှင့် တပည့်များ၏ ကန်တော့ငွေ အပြင် နိုင်ငံတော်က သက်ကြီးရွယ်အိုများကို ထောက်ပံ့သော ထောက်ပံ့ကြေးလည်း ရထားသူဖြစ်သဖြင့် ပိုက်ဆံတော့ မရှားပါးလှပေ။

အမေ၏ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာ ကျောင်းဆရာမ တော်တော်များများ မရှိတော့ပါ။ ဘုန်းကြီးကျောင်းသွားဖော်သွားဖက် ဓမ္မမိတ်ဆွေအများစုလည်း ကွယ်လွန်ကုန်ပြီ။ အကြောင်းသိသူတွေက အမေ့ကို အားကျကြသည်။

'တီချယ်ကြီးတို့များ တယ်ကုသိုလ်ထူးတာပဲ၊ အသက်ရှည်ပြီး အိုဇာတာကောင်းတယ်'ဟု ဆိုလေ့ရှိသည်။

သို့သော်-

တစ်ခါတစ်ရံ အမေက တစ်ယောက်တည်း တွေးရင်းငေးရင်းက အသံထွက်၍ ညည်းတွားနေတတ်သည်။

'သြော် ငါ့ဘဝနှယ်၊ အဖေလည်းမရှိတော့ဘူး၊ အမေလည်းမရှိတော့ဘူး။ အားငယ်စရာကောင်းလိုက်တာ'တဲ့၊ ကဲ…။

ဖြစ်မှဖြစ်ရလေ အမေရယ်။ အမေ့အသက်ပဲ ၉၀ ကျော်နေပြီ၊ အမေ့ရဲ့ အဖေအမေက ဘယ်လိုလုပ်ရှိတော့မှာလဲဟု နှုတ်လှံ့ထိုးချင်မိခဲ့သော်လည်း သြော် အသက် ၉၀ မကလို့ ဘယ်အသက်အရွယ်ပဲရောက်ရောက် ကိုယ့်အမိအဖ၏ မေတ္တာနှင့် အရိပ်အာဝါသကို တမ်းတမိတတ်သည်မှာ လောကဓမ္မ၊ လူ့သဘာဝပါပဲလားဟူသည့် အတွေးကို တွေးမိလိုက်သဖြင့် အမေ့ကို နားလည်စွာ ကျွန်မ ပြုံး၍ပဲ ကြည့်နေခဲ့ပါသည်။

❑

တက္ကသိုလ်၏ ရှုပဗေဒ အဓိက ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲတစ်ခုတွင် ကျောင်းတော်ဆွေငယ်ပေါင်း ရောင်းရင်းများ ပြန်လည်ဆုံတွေ့ကြတော့ ပြောဆိုကြသော ထွေရာလေးပါးတွင် ကျွန်မအမေအကြောင်းလည်း ပါသလို သူငယ်ချင်း၏



www.burmeseclassic.com

www.burmeseclassic.com

အဒေါ်အကြောင်းလည်း ပါဝင်ပါသည်။

ကျွန်မတို့ မြကျွန်းသာမှာ ကွန်းခိုခဲ့စဉ်က ကျောင်းနှင့်နီးသော စံရိပ်ငြိမ်တွင် နေထိုင်သည့် အန်တီအေး၏ အိမ်ကို သူငယ်ချင်းမျက်နှာဖြင့် အရောက်အပေါက်များခဲ့သည်။ ပြောရလျှင် စားအိမ်သောက်အိမ်။ အမြဲလိုလို ရှင်မတောင်သနပ်ခါးနံ့လေး သင်းနေတတ်ပြီး ယဉ်စစလှပသည့် အပျိုကြီး အန်တီအေးသည် သဘောမနောကောင်းသလို သဒ္ဓါတရားလည်း ထက်သန်သည်။ ကျွန်မတို့ကို သူ့တူမနှင့်မခြားတန်းတူထား၍ ကျွေးသည်၊ မွေးသည်၊ အနွံအတာခံသည်။

ကျောင်းပြီးတော့ ဘဝဇာတ်ဆရာ၏ စေညွှန်ရာအတိုင်း သူငယ်ချင်းတွေ ဝေးလွင့်ကွဲကွာ တစ်ယောက်တစ်နေရာ။ နယ်ရောက်သူရောက်၊ ရန်ကုန်တွင် ကျန်ရစ်သူ ကျန်ရစ်။ အန်တီအေးလည်း အိမ်ပြောင်းသွားပြီဟူသော သတင်းစကားတစ်ခုနှင့်အတူ အန်တီအေးနှင့် မကြုံမဆုံဖြစ်တော့ပေ။ သို့သော် တွေးမိတိုင်းတော့ ကျေးဇူးတင်စွာ လွမ်းမိသည်ချည်း။ အန်တီအေး နေကောင်းသည်ဟု ကြားရတော့ ဝမ်းသာသည်။

အခုဆို အန်တီအေး အသက်ဘယ်လောက်ရှိပြီလဲဟု ကျွန်မက သူငယ်ချင်းကို မေးတော့ ၈၃ နှစ်ဟု ဖြေသည်။ သြော် အန်တီအေးတောင် အသက် ၈၀ ကျော်သွားပါပကောဟု တွေးနေဆဲ သူငယ်ချင်းက ဆက်ပြောသည်။

‘အေး၊ ဒါပေမဲ့ နင် အခု သူ့ကို သွားမေးရင်တော့ သူက ၆၅ နှစ်လို့ပဲ ဖြေလိမ့်မယ်’

‘ဟင် ဘာဖြစ်လို့’

‘မသိဘူးဟ။ ၆၅ နှစ်အထိတော့ အသက်ကို တစ်နှစ်တစ်ခါ မှန်မှန်တိုးလာတယ်။ ၆၅ နှစ်လည်း ရောက်ရော ဆက်မတိုးဘဲ ရပ်နေတာ အခုထိပဲ။ ဟားဟား’

အန်တီအေးက လူပြက်တွေပြောသလို သေမင်းမျက်စိလည်အောင် လုပ်ထားတာနေမှာပေါ့ဟု တစ်ယောက်က ဝင်ပြောတော့ ကျွန်မတို့အားလုံး ကြည်နူးရွှင်ပျစွာ ရယ်မောခဲ့ရပါသည်။ အချို့သော လူကြီးတွေ၏ စိတ်ကူးနှင့် လုပ်ရပ်က ချစ်စရာကောင်းသည် မဟုတ်လား။

နင်တို့က အမေတွေ အဒေါ်တွေအကြောင်းပြောတော့ ငါလည်း ငါ့ယောက္ခမကြီးအကြောင်း ပြောဦးမယ်ဟု နောက်သူငယ်ချင်းတစ်ဦးက အားကျမခံ စကားစပြန်သည်။

ထို သူငယ်ချင်း၏ ယောက္ခမကြီးက ကျန်းမာရေးကို အထူးတလည် အလေးထား ဂရုစိုက်သူဟု ဆိုသည်။ ကျန်းမာရေးကို ထိခိုက်စေသော လုပ်ရပ်ဆိုလျှင် ဘာဆိုဘာမျှ မလုပ်ဟု သိရသည်။ ယောက်ျားသားတွေ တစ်ခုမဟုတ်တစ်ခုလောက်တော့ တွယ်ငြိတတ်သော ကွမ်း၊ ဆေးလိပ်၊ အရက်တို့ကို လုံးဝမထိမတို့သူဖြစ်သည်။ ကျန်းမာရေးအတွက် မကောင်းဘူးဆိုသည့် ဝက်သား၊ ဘဲသား လုံးဝမစား။ အငန်ဓာတ်ကဲသော ငါးပိ၊ ငါးခြောက်လည်း တတ်နိုင်သလောက် ရှောင်သည်။ အိမ်တွင် အချိုမှုန့် လုံးဝ သုံးခွင့်မပြု။ ကော်ဖီမစ် လုံးဝ သောက်ခွင့်မပြု။ ခြင်ဆေးခွေ လုံးဝ ထွန်းခွင့်မပြု။ ကျန်းမာရေးအတွက် အသက် ၈၀ ရောက်သည်အထိ မနက်တိုင်း တုတ်ကောက်တစ်ချောင်းဖြင့် နာရီဝက် လမ်းလျှောက်သည်တဲ့။

‘အဖေက အသက် ၉၉ နှစ်အထိ ကျန်းကျန်းမာမာ နေသွားတယ်။ လွန်ခဲ့တဲ့ သုံးလလောက်ကမှ ဆုံးသွားတာ’

အားလုံး တအံ့တသြ ဖြစ်ကြရသည်။ ၉၉ နှစ်ဆိုတော့ အသက် ၁၀၀ ရောက်ရန် တစ်နှစ်သာ လိုတော့သည်မဟုတ်လား။ ထူးကဲသော ကုသိုလ်ကံ အကျိုးပေးကြောင့်ဖြစ်သလို အသက်ကို ဉာဏ်စောင့်သောအကြောင်း တရားကြောင့်ဟုလည်း အားလုံးက နားလည် အသိအမှတ်ပြုကြရသည်။

‘တစ်ခုတော့ ရှိတယ်ဟ။ အသက် ၉၉ နှစ်အထိတော့ နေသွားတယ်၊ ရေမချိုးတာက ၁၄ နှစ်’

‘ဟမ်’

‘၈၅ နှစ်အထိတော့ ရေချိုးသေးတယ်။ ၈၅ နှစ်ကျော်တော့ လုံးဝ မချိုးတော့ဘူး။ သူ့သားသမီးတွေ၊ မြေးတွေက သူ့ကို ရေချိုးဖို့ပြောရင် အရမ်းစိတ်ဆိုးတာ။ ရေမချိုးလို့သေတဲ့မသာ မရှိဘူး၊ ရေချိုးလို့သေတဲ့မသာပဲ ရှိတယ်တဲ့။ အဲဒီတော့ သူ မဆုံးခင်အထိ ၁၄ နှစ်လုံးလုံး သူ့ကို ရေဖတ်ပဲ တိုက်ပေးခဲ့ရတယ်’

‘အယ်’

ထိုနေ့က ကျွန်မတို့ စကားဝိုင်းကတော့ သက်ကြီးရွယ်အိုများ၏ ဆန်းဆန်းပြားပြား အတွေးစိတ်ကူးနှင့် ထူးထူးခြားခြား လုပ်ရပ်များ အကြောင်းက အဓိကဖြစ်သွားသည်။

❑

ကျွန်မတို့၏ သားသမီးလေးများ၊ မြေးကလေးများ စကားတွတ်တာပြောတတ်စ အရွယ်တုန်းက စကားဆန်းဆန်းပြားပြားများ ပြောလျှင်သို့မဟုတ် ထူးထူးခြားခြား အပြုအမူလေးများ လုပ်ပြလျှင် ကျွန်မတို့မှာ အံ့သြဝမ်းသာရုံမက ကျေနပ်ကြည်နူးမဆုံး ရှိခဲ့သည်။ ထိုကဲ့သို့ပင် ကျွန်မတို့၏ အရွယ်လွန်လူကြီးမိဘတွေက သာမန်နှင့်မတူသည့် ကပေါက်တိကပေါက်ချာများ တွေးတောပြောဆို ပြုမူလာလျှင်လည်း ကျွန်မတို့က နားလည် ကြည်ဖြူစွာဖြင့် ပြုံးပျော်ကြည်နူးစရာဟု မြင်တတ်ဖို့၊ ခံယူတတ်ဖို့တော့ လိုပေလိမ့်မည်။ သို့မှသာ တရားမျှတမှု ရှိမည်ထင်ပါသည်။

❑

ဖူးသစ်စ ရွက်စိမ်း၏ အရောင်က တောက်ရွှန်းလှပသလို ညှာညောင်းနေသည့် ရော်ရွက်ညို၏ အရောင်ကလည်း တစ်မျိုး ကျက်သရေရှိသည်ပင်။ ■

**မနှင်းဖွေး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မိဘဆွေမျိုးမရှိဘဲ နေ့စဉ်နဲ့အမျှ စာအများကြီး လက်ခံရရှိတဲ့သူကို ပြပါဆိုရင် ကျွန်မကလွဲလို့ ဘယ်သူ

# သို့ အနီ· ·· မှ မျှော်လင့်ချက်

ရှိမှာလဲ။ ကျွန်မကို တချို့က လည်း ခေါ်ကြတယ် စာပို့သမားဆိုပဲ။ သူတို့ခေါ်သလို လည်း ကျွန်မ တစ်နေ့တစ်နေ့ လက်ခံ ရရှိတဲ့စာတွေက လည်း နည်းမှမနည်းပဲကိုး။ အစောပိုင်းတုန်းကတော့ စာတွေရောက်လာပြီဆိုရင် ကျွန်မမှာ မျက်ရည်ရွဲနေ တတ်တယ်။ တစ်ခါတစ်ခါ လည်း ပျော်လို့ ရယ်ရပြန် ရော။ အဲဒီလို စာပို့လာတဲ့သူ တွေက ကျွန်မနဲ့ ဘယ်လို ဆွေမျိုးတော်သလဲလို့မေးရင် ဘာမှ မတော်ပါဘူး။ ဒါဖြင့် ဒီစာတွေ ကျွန်မဆီ ဘယ် နေရာက ရောက်လာသလဲ ဆိုရင်တော့ မြန်မာနိုင်ငံအနှံ့ ကရော၊ ကမ္ဘာအရပ်ရပ်က ပါ ဘာသာပေါင်းစုံနဲ့ စာတွေ ကျွန်မဆီ တည့်တည့်မတ် မတ် ရောက်လာခဲ့ကြတယ်လို့ ဆိုရမှာပါပဲ။ ဘာသာစကား တွေ၊ စာလုံးပုံစံတွေ မတူညီ



www.burmeseclassic.com

www.burmeseclassic.com

ကြပေမဲ့ လူသားတွေကြားထဲက တူညီတဲ့ အလွမ်းတွေ၊ ချစ်ခြင်းမေတ္တာတွေက အရောင်အသွေး တူတူပဲ ဆိုတာ စာတွေ လက်ခံရရှိတိုင်း နားလည်ခံစားရစေတယ်။

ကျွန်မဆီကို ရောက်လာတဲ့ စာတိုင်းအတွက် ကျွန်မမှာ မျှော်လင့်ချက်နှစ်ခုရှိတယ်။ စာပို့လာတဲ့ သူရဲ့စာထဲမှာ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ရယ်၊ နောက်ပြီး လူမသိသူမသိ ကျွန်မရဲ့ ဆန္ဒတစ်ခုရယ်ပေါ့။

❑

အလုပ်ဝင်ခါစ ပထမဆုံး ကျွန်မလက်ခံရရှိတဲ့စာက မလေးရှားနိုင်ငံ အကျဉ်းထောင်တစ်ခုကနေ ရေးလိုက်တဲ့စာပါ။

*အမေ*

*အဆင်ပြေအောင် နေပါနော်။*

*သား လောလောဆယ် အမေ့ကို ပိုက်ဆံမပို့နိုင်သေးဘူးအမေ။*

*ဘယ်တော့မှ ဒီကနေ လွတ်မယ်မှန်း မသိပေမဲ့ သားလွတ်တာနဲ့ အမေဆီ အလုပ်လုပ်ပြီး ပိုက်ဆံပို့မှာပါ။*

အဲဒီစာကိုဖတ်နေရင်း ကျွန်မလက်တွေက တုန်ယင်ပြီး မျက်ရည်တွေလည်း ကျလို့ပေါ့။ တစ်ခါမှ မမြင်ဖူးတဲ့ လူနှစ်ယောက်ကြားက ချစ်ခြင်းမေတ္တာ အတိမ်အနက်ကို ဝင်ခံစားနေမိတယ်။ မိဘအတွက် တစ်နယ်တစ်ကျေး ထွက်ပြီး ငွေရှာနေတဲ့ သားတစ်ယောက်ကို လောက,က ပေးတဲ့ လက်ဆောင်က ဆိုးလှချည့်လားလို့ ကြားဝင်

**ta'\uDu obm,t wGif pm&Gfxufrsm; pmvvpfaMumifhyJ a&;ay;vdkufwm, f 'Duf &Sifvmawmif 'Dvmuf&Sifrsm; r[kwfbl; 'Ds rifawmifhwm; aiGnf ray;Ekdbl; axmifbifpmvnf vmrawmhbl; 'g aemufqHkpmyJ a':wifwifEkdf**

အပြစ်တင်နေမိပြန်ရော။ 'အမေ'လို့ နိုင်ငံရပ်ခြားသံတိုင်တွေကြားက ခေါ်နေမယ့် အသံကို အခုတလော ခဏခဏ ကြားယောင်နေမိတယ်။

ကျွန်မအလုပ်က စာကိုလက်ခံပေးရသလို ရောက်လာတဲ့စာကို တစ်ဖက်မိသားစုဆီလည်း သွားပို့ပေးရတာမို့ ကားလမ်းတောင်မပေါက်သေးတဲ့ ကောင်လေးရဲ့ အမေအိမ်ကို ကားတစ်တန် ဆိုင်ကယ်တစ်တန်နဲ့ ဦးတည်လာခဲ့တယ်။ ရွာလေးကို စ,ဝင်လိုက်ပြီဆိုတာနဲ့ ကောင်လေးအိမ်ကို လမ်းညွှန်ပေးဖို့ ရွာသားတွေကို အကူအညီ တောင်းရတော့တာပဲ။ ရွာဆိုတော့ ထုံးစံအတိုင်း လမ်းညွှန်ဆိုင်းဘုတ် မရှိဘူး။ ပါးစပ်လမ်းညွှန်နဲ့ပဲ သွားရတာကိုး။ အဲဒီမှာ ထူးခြားတာတစ်ခုကတော့ ကျွန်မမေးလိုက်တဲ့ အိမ်တိုင်း အိမ်တိုင်းမှာ လူငယ်ဆိုတာ တစ်ယောက်တလေမှ ထွက်မလာဘဲ လူကြီးတွေချည်းပဲ ထွက်လာကြတယ်။ စိတ်က သိချင်ဇောကို ထိန်းမရဘဲ အဘွားအိုတစ်ယောက်ကို မေးဖြစ်အောင် မေးလိုက်မိသေးတာ။

အဘွားအိုက ဟိုခပ်ဝေးဝေးကို မျှော်ကြည့်ရင်း ဖြေတယ်။

'ဒီရွာမှာ အဘွားအိုအဘိုးအိုရယ်၊ ကလေးရယ်၊ ခွေးရယ်ကလွဲရင် လုပ်နိုင်ကိုင်နိုင်တဲ့ လူငယ်မှန်သမျှ တောင်ပေါ်တက်သွားကြပြီလေ'

ကျွန်မက အဘွားအိုစကားကို သိပ်မရှင်းတာမို့ တောင်ပေါ်မှာ ဘယ်လိုလယ်ယာစိုက်ပျိုးရေးတွေ ရှိလဲလို့ အတွန့်တက်မိတာပေါ့။

'တောင်ပေါ်ဆိုတာ တခြားနိုင်ငံကို ရောက်ကုန်ပြီလို့ ပြောတာ သမီးရဲ့။ ဒီရွာမှာ လယ်က အပိုင်မရှိကြ၊ ရှိပြန်တော့လည်း အကြွေးနဲ့နစ်၊ အခွန်အခရယ် အတိုးရယ်နဲ့ လုပ်ကိုင်စားရတာ မလွယ်ပါဘူးကွယ်'

ဒီနိုင်ငံမှာ လုပ်စားရတာ မလွယ်တဲ့အကြောင်းကတော့ ကျွန်မကြားနေကျစကားပဲ။ ကျွန်မတို့လည်း လမ်းညွှန်ပေးတဲ့ အဘွားအိုကို ကျေးဇူးတင်ကြောင်းပြောပြီး လာရင်းကိစ္စအတွက် ခြေလှမ်းပြင်ရတာပေါ့။ ခြံတံခါးဝ ရောက်တယ်ဆိုရင်ပဲ အဘွားအိုရဲ့ ခွေးပိန်လေးက ရှိသမျှ အင်အားနဲ့ ကုန်းရုန်းပြီး ကျွန်မတို့ကို ဟောင်နေသေးတာ။

ဟော…အိမ်အိုလေးရဲ့ အရှေ့မှာ အဒေါ်ကြီးတစ်ယောက်ဟာ မျှော်လင့်ချက်ကင်းမဲ့စွာနဲ့ ထိုင်နေတယ်။ အဒေါ်ကြီးက သူ့ဆီလာရင်းကိစ္စကို မသိပေမဲ့လည်း ရေနွေးကြမ်းတစ်အိုးကတော့ ဧည့်ဝတ်ကျေပြီးသားပဲ။ သူ့သားဆီက စာပါတယ်ဆိုတော့ မျက်နှာက ဝင်းခနဲဖြစ်သွားသေးတာ။ ကျွန်မပေးတဲ့စာလေးကို ဖတ်ပြီး ကောင်လေးအမေက မငိုဘူး။ တစ်နေရာရာကို ငေးပြီး ကြည့်နေတယ်။ သူကြည့်နေတဲ့ နေရာဆီ လိုက်ကြည့်မိတော့ မလေးရှားနိုင်ငံက Twin Tower ကြီးရှေ့မှာ ပြုံးပြုံးကြီး လက်ပိုက်ထားတဲ့ ကောင်လေးတစ်ယောက်ရဲ့ ပုံကို တွေ့ရတော့တာပဲ။ ကောင်လေးအမေရဲ့ လက်ကို ကိုင်လိုက်တော့ အေးစက်ပြီး ချွေးတွေပြန်နေတယ်။ မျက်လုံးက မငိုပေမဲ့ လက်ကလေးတွေက ငိုတတ်ပါသလား။

'ဒီနိုင်ငံရဲ့ ဆင်းရဲတဲ့ ရွာလေးက အမေ့ဗိုက်ထဲ ဝင်စားခဲ့တဲ့ သားလေး ကံဆိုးတာပါ ဆရာမရယ်။ သူများနိုင်ငံကို သွားတယ်ဆိုတာ ကိုယ့်နိုင်ငံမှာ စားမလောက်လို့ပါ။ မဟုတ်တာလုပ်ဖို့လည်း မဟုတ်ပါဘူး'

အမေဟာ သူ့သား



www.burmeseclassic.com

www.burmeseclassic.com

အလိမ္မာလေးအတွက် သူ့ဘာသာပဲ ဖြောင့်ချက်တွေ ပေးနေတယ်။ တကယ်တမ်းတော့ လောကမှာ အမေဆိုတာ သားအတွက် အကောင်းဆုံး မျက်မြင်သက်သေ တစ်ယောက်ပဲ။ ဒါပေမဲ့ ကောင်လေးရဲ့အမေ ဘယ်လောက်ပဲ ဖြောင့်ချက်ပေးပေး သားဖြစ်သူကတော့ သံတိုင်တွေကို ကျော်လွန်ပြီး ဘယ်တော့ ဘယ်ချိန်များမှ ပြန်လာနိုင်မလဲ မသိတော့ဘူး မဟုတ်လား။

စာမရေးတတ်တဲ့ ကောင်လေးရဲ့ အမေက ကျွန်မကို သူ့ကိုယ်စား စာရေးပေးပါဆိုလို့ ကျွန်မလက်ရေးနဲ့ သူ့သားဆီ ရေးပေးရတယ်။ အဲဒီစာထဲမှာ ကျွန်မ အမှတ်မိဆုံး စာလုံးတွေက-

*အမေ သားအပြန်လာကို စောင့်နေမှာပါကွယ်။*

***အမေ***

❑

လုပ်သက်ကလေး ရလာတာနဲ့အမျှ ကျွန်မ နှလုံးသားက အနည်းနဲ့အများတော့ ကျင့်သားရလာတာ အမှန်ပဲ။ စာဖတ်ပြီး တတ်နိုင်သလောက် ခေါင်းထဲကနေ နှလုံးသားဆီ အဝင်မခံဖို့ ကျင့်ယူရတယ်။ မထုတ်လို့လည်းမရဘူး။ တစ်ခါသား စာသွားပို့ပေးတာ ရိုက်ထုတ်မလိုလုပ်လို့ မပြေးရုံတစ်မည်လည်း ကြုံရသေးတာကိုး။

အဲဒီတုန်းက မူဆယ်ထောင်ကပို့လိုက်တဲ့စာကို ဝေးဝေးလံလံ သွားပို့ရတာတော့ မဟုတ်ဘူး။ ပို့ရတဲ့နေရာက မြို့ထဲ တိုက်ခန်းကျဉ်းကျဉ်းရဲ့ ငါးလွှာကို သွားပို့ရတာ။ လှေကားက ကျဉ်းတော့ တက်ရတာ မနည်းပဲ။ ဒီကြားထဲ လှေကားကလည်း မှောင်သေးတယ်။ အမှတ် အေ ၅၀၀ ဆိုတဲ့ အခန်းရှေ့အရောက် တံခါးတစ်ချက်လောက် ခေါက်လိုက်တယ်ဆိုရင်ပဲ အသက် ၅၀ ကျော်အရွယ် အဒေါ်ကြီးတစ်ယောက် ထွက်လာပြီး ကျွန်မတို့အဖွဲ့ကို အလျှုခံထင်လို့ ကန်တော့ပါသေးရဲ့လို့ ပြောလွှတ်သေးတာ။ စာလာပို့တဲ့အကြောင်း၊ စာပို့ခိုင်းတဲ့သူက သူရိန်ထွန်းဖြစ်ကြောင်း ဆင်ခြေပေးကာမှ ပိုဆိုးပြီး တံခါးကို ဂျိန်းခနဲပိတ် နောက်ဘယ်တော့မှ မလာနဲ့လို့ အော်လွှတ်တော့တယ်။ ကျွန်မတို့အဖွဲ့မှာလည်း လှေကားကျဉ်းကျဉ်းတွေကိုပဲ ပြန်ဆင်းရမလား၊ တံခါးပဲ ဆက်ခေါက်ရမလား တွေဝေနေတုန်း တံခါးက ပြန်ပွင့်လာပြီး အိမ်ထဲဝင်ခွင့် ပေးတယ်။ ပြီးတော့ သူ မကျေနပ်သမျှတွေကို တစ်ခါတည်း စုရှင်းတော့တာပဲ။

"ဒီကောင်လုပ်ထားတဲ့ အရှုပ်ထုပ်မှန်သမျှ ရှင်းရလို့ လူလည်း အခွံပဲ ကျန်တော့တယ်"

သားလုပ်တဲ့ သူရိန်ထွန်းက အမေဆီက ရှိသမျှ လက်ဝတ်လက်စားတွေပေါင်၊ ရောင်းစား မူးယစ်ဆေးပါ ပါလာတော့ ဘယ်ခံနိုင်ရိုးလဲ။ အမေမှာရှိသမျှ လက်ဝတ်လက်စား အကုန်ပြုတ်တာပဲ။ အဲ ဒါပေမဲ့ သူရိန်ထွန်းရဲ့ ထူးခြားချက်က သူ အမှားတစ်ခုခုလုပ်ပြီးတိုင်း အမေကို ဖက်ပြီး တောင်းပန်ကန်တော့၊ တောင်းပန်ပြီးရင် တစ်လလောက် ငြိမ်နေရော။

နောက်တော့ ထပ်ပြီး မထူးဇာတ်ခင်းပြန်ရော။ နောက်ဆုံး သူ့အမေ အခုနေနေတဲ့ တိုက်ခန်းကျဉ်းလေးကို လက်ညှိုးထိုး ရောင်းစားပြီး မူဆယ် လစ်သွားတော့တာပဲ။ သူရိန်ထွန်းရဲ့ အမေလည်း ပြောရင်း မောလို့ထင်ပါရဲ့၊ ကျွန်မတို့ကိုတိုက်ထားတဲ့ အအေးခွက်တွေကို ယောင်ပြီး သောက်လိုက်တယ်။ သူ့ရင်ထဲမှာ ခံစားနေရတာတွေ တော်တော်များများကို သူစိမ်းတွေကို ဖွင့်ပြောလိုက်ရလို့ အနည်းငယ်စိတ်ပေါ့သွားပုံပဲ။

ဘာပဲဖြစ်ဖြစ် သားဆီက စာလေးကိုတော့ ဖတ်ပေးဖို့ ကျွန်မတို့အားလုံး တိုက်တွန်းတာနဲ့ပဲ စာကို စိတ်မပါတပါ ထုတ်ဖတ်တယ်။ စာဖတ်ပြီးတာနဲ့ စောစောက ဒေါသတွေ ပြန်ထ,ကြွလာပြန်တာပဲ။

"အဒေါ်ပြောတာ မယုံရင် စာကိုဖတ်ကြည့်လေ တူမရယ်၊ အခုချိန်ထိ မိဘကို ဒုက္ခပေးနေတုန်းပဲ။ သူ လိမ်သမျှ အကုန်လုံးလည်း လျှော်ပြီးပြီ။ ပြီးပြီ ပြတ်ပြီ"

အဒေါ်ကြီးက သူ့သားအတွက် စာရွက်ထဲမှာ စာတစ်ကြောင်းပဲ ရေးပေးလိုက်တယ်။ ဒီထက်ရှင်းတာ တောင် ဒီလောက်ရှင်းမှာ မဟုတ်ဘူး။

*ဒီမှာ မင်း တောင်းတဲ့ ငွေလည်း မပေးနိုင်ဘူး။ ထောင်ဝင်စာလည်း လာမတွေ့ဘူး၊ ဒါနောက်ဆုံးစာပဲ။*

***ဒေါ်တင်တင်ခိုင်***

မူဆယ်ထောင်ထဲက သူရိန်ထွန်းအတွက် သူ့အမေ ထောင်ဝင်စာလာတွေ့မယ်လို့ ရေးထားတဲ့စာကိုပဲ ပြန်ပို့ချင်ခဲ့တာ။ ဒေါ်တင်တင်ခိုင် ပြန်ရေးပေးလိုက်တဲ့၊ ဘယ်လောက် အလေးချိန်မှ မရှိတဲ့ ပြန်စာ စာရွက်ကလေးဟာ ကျွန်မလက်ထဲမှာ ပိဿာချိန် တော်တော်များများလောက် လေးလံနေတာလည်း ခက်သားလား။

❑

အမှန်တော့ ကျွန်မက စာတိုက်ကြီးက စာပို့သမား တစ်ယောက် မဟုတ်ပါဘူး။ ကျွန်မအလုပ်လုပ်တဲ့ နေရာက **မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစု ပြန်လည်ဆက်သွယ်ပေးရေးဌာန**မှာ အလုပ်လုပ်ရတာပါ။ အနယ်နယ်အရပ်ရပ်ကနေပြီးတော့ မိသားစုနဲ့ အဆက်အသွယ်ပြတ်နေတဲ့ အခါမျိုးမှာ ဒါမှမဟုတ် မိသားစုက မသိဘဲ ထောင်ကျနေတဲ့ အခါမျိုးတွေမှာ ICRC(နိုင်ငံတကာ ကြက်ခြေနီအသင်း)ကနေ တစ်ဆင့်ယူလာပေးတဲ့ စာတွေကို မြန်မာနိုင်ငံမှာရှိတဲ့ မိသားစုဝင်တွေဆီကို စာပို့ပေးရတဲ့ အလုပ်ဖြစ်ပါတယ်။ တစ်နည်း ပြောရရင် တစ်ကမ္ဘာလုံးက ထောင်တွေဆီကို ICRC က ဝင်လို့ရပြီး ထောင်သားတွေအတွက် အရေးကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်တဲ့ မိသားစုနဲ့ အဆက်အသွယ် ပြန်ရရေးကို ဆောင်ရွက်ပေးကြရတာပါ။ ကျွန်မတို့ကတော့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအတွက် စာကို ပြန်လက်ခံပေးရပြီး မိသားစုဆီ



www.burmeseclassic.com

www.burmeseclassic.com

စာပို့ပေးတာ၊ မိသားစု စာပြန် ပို့ချင်တဲ့အခါ တစ်ဆင့် ပို့ပေးရတာတွေကို လုပ်ပေးပါတယ်။ ကျွန်မအတွက်ကတော့ စာတွေပို့ပေးရတိုင်း သူတို့တွေ အဆက်အသွယ် ပြန်ရသွားတိုင်း ပျော်နေမိတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ပြန်စဉ်းစားကြည့်တော့လည်း ကျွန်မက စာပို့သမားပါပဲ။ ❑

"မောင်ဇာနည်နဲ့ မဖြူဖွေးအတွက် စာလာပို့တာပါရှင့်"

ကျွန်မတို့အဖွဲ့တွေ ကလေးနှစ်ယောက်နာမည် ပြောလိုက်တယ်ဆိုရင်ပဲ ကျွန်မတို့ရှေ့မှာ ရပ်နေတဲ့ အသက်လေးဆယ်ကျော် အမျိုးသားကြီးက အတော်လေး မျက်နှာပျက်သွားပြီး အဲဒီကလေးတွေရဲ့ ဦးလေးဖြစ်ပေမဲ့ ကလေးတွေ မရှိတော့ဘူးလို့ပဲ တွင်တွင်ပြောနေပါတော့တယ်။ သူတို့လေးတွေရဲ့ အမေ ထောင်ကလွတ်ရက်နီးနေပြီမို့ သားနဲ့သမီးကို ဘယ်မှမသွားဖို့၊ အမျိုးတွေနားမှာပဲနေဖို့ လှမ်းပြောတဲ့ စာဖြစ်ကြောင်းပြောတော့ ပိုလို့တောင် ဆိုးသွားတော့တာ။ ကလေးတွေ ဒီရွာမှာ မရှိတော့တာ သူတို့နဲ့ မသက်ဆိုင်ကြောင်း၊ သူတို့တောင် အနိုင်နိုင် လုပ်စားနေရတဲ့ ဘဝမှာ ဒီကလေးကို မကြည့်နိုင်တဲ့အကြောင်း ပြောတော့တာပဲ။ ကျွန်မတို့အဖွဲ့က ကလေးတွေကို မတွေ့ရဘဲ လွယ်လွယ် လက်လျှော့ပြန်မယ့်သူတွေ မဟုတ်ဘူး။ ဒီလိုနဲ့ပဲ ရှာထဲလိုက်ပြီး လှည့်ပတ်မေးတော့မှ သမီးကလေးက

oY
om;av;[ m
ukefwkd
Mum;cbbvkd
awmi f pm;wbh
*BP fwpcSkqD
t qi fbqi fh
a&mi f pm;ckJvkduf
&w, fqkdvmom
o&di f
om;ukd
a&q kdjrq kk d
vkduf&Savrvm;
'gr S[ kvf
ueSfewbh
orDav;elyJ
b0ukd
quf
jzwbefrvm;

အမျိုးသမီးဂေဟာလို နေရာတစ်ခုကို ရောက်နေကြောင်း သိရတော့တယ်။

အေးရိပ်ငြိမ်ဆိုတဲ့ ဂေဟာလေးဟာ သက်တမ်းအားဖြင့် ဘယ်လောက်တောင် ရှိနေပြီလဲဆိုတာ ဆိုင်းဘုတ်ကို ကြည့်ရုံနဲ့ အကဲခတ်နိုင်တဲ့ အခြေအနေမျိုးပဲ။ ဆိုင်းဘုတ်မှာ ရိပ်ဆိုတဲ့ စာလုံးက လုံးကြီးတင် ပျက်နေလို့ "အေးရပ်ငြိမ်"လို့ပဲ ရုတ်တရက် မြင်နိုင်တယ်။ အင်းလေ အဲဒီဂေဟာမှာ မိဘလာအခေါ်ကို ရပ်စောင့်နေတဲ့ သမီးကလေးတွေ ဘယ်လောက်များရှိမလဲ ဆိုတာ တွေးကြည့်ရုံနဲ့ ခံစားလို့ရနိုင်တာပဲလေ။ နာမည်နဲ့ နေရာနဲ့ လိုက်ပါပေတယ်။

ဂေဟာရဲ့ တာဝန်ရှိ ဆရာမကြီးတွေက ဖြူဖွေးလေးနဲ့ ကျွန်မတို့ကို သီးသန့်တွေ့ခွင့်ပေးတာမို့ ကလေးကို အေးဆေးစကားပြောခွင့် ရခဲ့တယ်။ အသက် ကိုးနှစ်သာသာပဲ ရှိသေးတဲ့ ကလေးက ကျွန်မကို မျက်လုံးဝိုင်းဝိုင်းကြီးတွေနဲ့ ကြည့်ပြီး သူ့အမေ စာကို မဖတ်ဘဲ ကျွန်မလက်ထဲကို ပြန်ပေးတယ်။ အင်းလေ သမီးကလေးမှ စာမဖတ်တတ်ဘဲ။ စာထဲမှာ သမီးအမေမှာတဲ့အတိုင်း စောင့်နေနော်လို့ စာဖတ်ပြပြီး ကျွန်မက မှာတော့ "စာထဲမှာ အမေက ဦးကြီးတို့ အိမ်မှာ စောင့်ခိုင်းတာဆို…"။

သမီးကလေးက သူ့အမေစာကို နားထောင်ပြီး တွေဝေသွားပုံရတယ်။ သူ့ဦးကြီးတွေကလည်း သူ့ကို လက်မခံတော့ဘူးဆိုတော့ သူ့အမေစကား နားထောင်ရမလား၊ ဒီဂေဟာမှာပဲ ဆက်နေရမလား ဝေခွဲရခက်နေပုံပဲ။ သူ့အမေစာကို သမီးကလေးရဲ့ လက်ထဲထည့်ပြီးတော့ သေချာမှာရသေးတယ်။

"ဒီကျောင်းလေးမှာ သမီးရှိနေတယ်လို့ စာပြန်ရေးပေးမယ်နော်။ သမီးသာ အမေ့ကို ဒီကပဲ စောင့်နေကြားလား"

သူ ခေါင်းညိတ်ပြတယ်။ ပြီးတော့ ကျွန်မလက်ကို လှမ်းဆွဲပြီး ကိုကြီးရောလို့ မေးတော့တာပဲ။ ကျွန်မတို့ တောင် မသိတဲ့အဖြေကို သူ မေးလိုက်တာပဲ။ ကျွန်မ သူ့ခေါင်းကိုပုတ်ပြီး နှစ်သိမ့်ရုံကလွဲလို့ ဘာမှ မတတ်နိုင်ခဲ့ဘူး။

သားအကြီးလေးကို သတင်းတစ်ခုခုမသိရဘဲ ကျွန်မတို့ မပြန်ဘူးလို့ ဆုံးဖြတ်ထားတဲ့အတိုင်း သတင်းကို မရမက လိုက်ရှာရတယ်။ လူတစ်ယောက်က တစ်နေရာညွှန်လိုက် အဲဒီနေရာကို မျှော်လင့်ချက်တွေနဲ့ လိုက်သွားလိုက်၊ မတွေ့ရဘဲ နောက်တစ်ယောက်က တစ်ဆင့်ထပ်ညွှန်လိုက်နဲ့ တစ်နေ့သာ ကုန်သွားတယ် တွေ့ချင်တဲ့သူကို မတွေ့ရဘူး။ ကျွန်မတို့ လုပ်ငန်းစဉ်အရ အတော်လည်း နေရာစုံနေပြီမို့ လုပ်ငန်းစဉ် အဆုံးသတ်ဖို့ အကြောင်းဖန်လာပြီ။ ပြန်မယ်ဆိုခါမှ ကျွန်မတို့ဆီကို သတင်းတစ်ခု ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။

ကျွန်မတို့ မကြားချင်ဆုံး အဖြေတစ်ခုကို လက်မခံချင်ဘဲ လက်ခံလိုက်ရတာပဲ။ ကျွန်မတို့ အပြင်လူတွေက လက်ခံလိုက်နိုင်ပေမဲ့ သူ့အမေကတော့ ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ဘူး။ သတင်းအရင်းမြစ်ကလည်း အသေအချာမဟုတ်လို့ ထောင်ထဲက ကလေးတွေအမေဆီကို သမီးလေးကိုသာ ရှာတွေ့ပြီး သားလေးကို ရှာမတွေ့ကြောင်းပဲ စာပြန်လိုက်ရတယ်။ သူ့သားလေးဟာ ကျွန်မတို့ကြားခဲ့သလို တောင်းစားတဲ့ဂိုဏ်းတစ်ခုဆီ အဆင့်ဆင့် ရောင်းစားခံလိုက်ရတယ်ဆိုတာသာ သိရင် သားကို ရေဆုံးမြေဆုံးထိ လိုက်ရှာလေမလား။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ် ကျန်နေတဲ့ သမီးလေးနဲ့ပဲ ဘဝကို ဆက်ဖြတ်သန်းမလား။ သူတို့မိသားစုအဖြစ်ကို ကြည့်ပြီး ဆင်းရဲတာလည်း အပြစ်တစ်ခုပဲဆိုတဲ့ လောကရဲ့ နိယာမတစ်ခုကို သိလိုက်ရတယ်။ သန်းခေါင်ထက်ပိုပြီး ညဥ့်မနက်တော့ဘူးတဲ့လားကွယ်။

❑

'မိန်းမရေ . . .' ဆိုတဲ့ လက်ရေးကြီးကြီးနဲ့ လွှမ်းလွှမ်းဆွေးဆွေး စာတွေ ရောက်လာတိုင်း ကျွန်မ စိတ်ညစ်မိတာ အမှန်ပဲ။ မြဝတီထောင်ကနေ ရေးလိုက်တဲ့ စာတွေထဲမှာ သူပြန်လွတ်လာရင် အတူတူ ရိုးရိုးသားသား ရှာဖွေစားကြမယ်။ ကလေးတွေလည်း မွေးကြမယ်။ အခုလောလောဆယ်တော့ သည်းခံနေဖို့ စာတိုင်း စာတိုင်းမှာ ယောက်ျားဖြစ်သူက မိန်းမဖြစ်သူကို မှာတယ်။ သူ့မိန်းမကတော့ ထောင်ထဲမှာ အဆင်ပြေအောင်နေဖို့ စာလေးတစ်စောင် ပြန်ရေးပေမဲ့ ဟက်ဟက်ပက်ပက်တော့ မဟုတ်ဘူး။ မိန်းမဖြစ်သူက သူ့ယောက်ျားဆီ စာလည်းထပ်မရေး၊ ဆက်လည်း မဆက်သွယ်တော့ ကျွန်မတို့ဆီပဲ ယောက်ျားရဲ့စာက ရောက်လာပြန်ရော။ ဒီလိုနဲ့ စာသွားပို့ရပြန်ရောပေ့ါ။

ဒီတစ်ခါ စာသွားပို့တော့ သူ့မိန်းမက မျက်နှာမကောင်းဘူး။ သူ့ဆီကို စာတွေ လာထပ်မပို့ပါနဲ့တော့လို့ ကျွန်မတို့ကို တောင်းပန်တယ်။ ကြားကနေ စာမပို့ဖို့ ကျွန်မတို့အနေနဲ့ တားခွင့်မရှိကြောင်း ရှင်းပြရတာပေ့ါ။ အဲဒီတော့မှ သူက အနားမှာရှိတဲ့ စာရွက်တစ်ခုပေါ်မှာ ကျွန်မတို့ နားမလည်တဲ့ ဘာသာစကားတစ်ခုနဲ့ စာတချို့ ရေးပေးလိုက်တယ်။ ကျွန်မတို့အားလုံး စာရဲ့အဓိပ္ပာယ်ကို နားမလည်ကြဘူး။ ကျွန်မတို့ရဲ့ စည်းကမ်းချက်တွေအရ စာအသွားအလာမှာ သံသယဖြစ်စရာမျိုးနဲ့ကြုံရင် မေးရမယ်။ ဘာသာစကားတစ်ခုခုနဲ့ ရေးထားရင်လည်း ဘာသာပြန်ပေးလိုက်ရမှာမို့ မေးပေမဲ့ သူက ဘယ်လိုမေးမေး မဖြေဘူး။ သူ့ယောက်ျားကိုသာ ဒီစာပို့ပေးဖို့နဲ့ နောက်ဘယ်တော့မှ သူ့ဆီကို စာထပ်လာမပို့ဖို့ ပြောပြီး ကျွန်မတို့အဖွဲ့ကို ယဉ်ယဉ်ကျေးကျေးနဲ့ နှင်လွှတ်တော့တာပဲ။

ကျွန်မတို့လည်း လုပ်ထုံးလုပ်နည်းအတိုင်း စာကို သက်ဆိုင်ရာကတစ်ဆင့် ဘာသာပြန်ပြီး သူ့ယောက်ျားဆီ ပို့ရတော့တာပေ့ါ။ အဲဒီစာကို ပို့ပြီးတဲ့နောက်ပိုင်း မြဝတီထောင်ကနေ အဲဒီယောက်ျားဆီက ဘယ်လိုစာမျိုးမှ ထပ်မလာတော့ဘူး။ လာစရာလည်း မလိုတော့ဘူးလေ။ သူ့မိန်းမက နောက်ယောက်ျားယူလိုက်ပြီလို့ ရေးပေးလိုက်တာကိုး။ သူ့မိန်းမတော့မသိဘူး ကျွန်မကတော့ အခုချိန်ထိ 'မိန်းမရေ . . .' ဆိုတဲ့ လက်ရေးကြီးကြီးနဲ့ စာလေးတွေကို လွမ်းကောင်းတုန်းပဲ။ ကျွန်မအတွက်ကတော့ အခုလို လွမ်းရ၊ ဆွေးရတဲ့ စာတွေ ရှိသလို ကြည်နူးရတဲ့စာတွေလည်း ရှိပါသေးတယ်။

❑

ကျွန်မဟာ ကိုယ့်လူမျိုး ကိုယ်စားပဲ လွမ်းပေးဖူးတာ မဟုတ်ဘူး။ ကျွန်မ မသိတဲ့၊ ကျွန်မ နားမလည်တဲ့ ဘာသာနဲ့ ရေးထားတဲ့ စာကို ဖတ်ပြီးလည်း မျက်ရည်လည်ဖူးတယ်။ သူ့နာမည်က အဒန်လို့ခေါ်တဲ့ စပိန်နိုင်ငံသားတစ်ယောက်ပေ့ါ။ မြန်မာနိုင်ငံကိုလာရင်း တရားမဝင်တဲ့ ကိစ္စတစ်ခုနဲ့ ထောင်ကျသွားတာမို့ မိသားစုနဲ့အဆက်သွယ်ရဖို့ ကျွန်မတို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို စာပို့ခဲ့တယ်။ သူ့မိသားစုဆီ ရေးထားတဲ့စာကို စ စ ၊ တွေ့တွေ့ချင်း နားမလည်ပေမဲ့ သူ့လက်ရေးကလေးတွေမှာကို ကြည့်ရတာ လွမ်းစရာကောင်းနေသလိုလိုပဲ။ မြန်မာနိုင်ငံသားတွေသာ မိသားစုကို လွမ်းတတ်တာမဟုတ်ဘူး ကမ္ဘာပေါ်မှာရှိသမျှ လူသားတိုင်း မိသားစုကို လွမ်းတတ်၊ ချစ်တတ်၊ သတိရတတ်တယ်ဆိုတာ အခုလို စာတွေ ဖတ်ရတော့မှ ထပ်တူခံစားရတော့တာ။

အဒန်ဟာ ကျွန်မတို့ ကြက်ခြေနီအသင်းကတစ်ဆင့် သူ့မိသားစုနဲ့ စာအဆက်အသွယ် လုပ်ခွင့်ရသွားတယ်။ အဆက်အသွယ်ရပြီး ရေးတဲ့ စာထဲမှာ သူ့မိသားစုနဲ့ အဆက်အသွယ်ပြန်ရအောင် လုပ်ပေးတဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ကျေးဇူးတင်ကြောင်းရေးထားတာ ဖတ်ရတော့ ကျွန်မရင်ထဲမှာ ပီတိတွေဖြာလို့ပေ့ါ။

အဒန့်ဆီကို သူ့မိသားစုကနေပြီး ဓာတ်ပုံလေးတစ်ပုံ ထည့်ပေးလိုက်ကြတယ်။ ဓာတ်ပုံထဲမှာ အဒန့်ရဲ့ မိန်းမရယ်၊ သမီးကလေးရယ်က သွားပေါ်အောင် ပြုံးပြရင်း အဒန့်ကို ဖိုက်တင်းလို့ ပြောနေသလိုလိုပဲ။ ဓာတ်ပုံထဲမှာ အမွေးစုတ်ဖွားကြီးနဲ့ လျှာကြီးထုတ်ပြီး အိုက်တင်လုပ်နေတဲ့ ခွေးတစ်ကောင်လည်း ပါသေးတယ်။ ဒါဆို ဒီကောင်က အဇုရာဆိုတဲ့ အဒန့်စာထဲမှာပါတဲ့ သူ့အိမ်က ခွေးကြီးပဲနေမှာ။ အဇုရာသာ စကားပြောတတ်ရင် သခင်ရာ ပြန်မလာသေးဘူးလား၊ ကြာလိုက်တာလို့ ပြောမှာပဲ ထင်ပါရဲ့။

အဒန့်မိသားစုရယ်၊ အဇုရာဆိုတဲ့ ခွေးကြီးရယ်ကတော့ အဒန် ပြန်လာချိန်ကို စောင့်နေကြပြီလေ။ အဒန်ကိုယ်တိုင်လည်း သူ့မိသားစုနဲ့ စာအဆက်သွယ်ရပြီးတဲ့နောက်ပိုင်းမှာ သူ့မနက်ဖြန်အတွက် ဘာတွေဖြစ်လာမလဲဆိုတာ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်နဲ့ပေ့ါ။ အဒန်ကတော့ သူ့စာထဲမှာ ပါနေကျအတိုင်း ဘုရားသခင်ကောင်းချီးပေးပါစေလို့ နေ့တိုင်းနေ့တိုင်း ဆုတောင်းနေတော့မှာ အသေအချာပဲ။

❑

သားကို တွေ့ချင်တယ်။

ရောဂါဝေဒနာ အသည်းအသန်ခံစားနေရတဲ့ အဖေတစ်ယောက်ရဲ့ ဆန္ဒကို ဘယ်လိုသားမျိုးက လျစ်လျူရှုနိုင်ပါ့မလဲ။ အမေရိကန် စစ်တပ်ထဲကို ရောက်နေတဲ့ မြန်မာလူမျိုး အမေရိကန် စစ်သားတစ်ယောက်ရဲ့ ရင်ကရော ဘယ်လောက်တောင် မာကျောနိုင်မှာမို့လို့လဲ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပဲ ကျွန်မတို့အဖွဲ့ကို သူဆက်သွယ်လာတာပေါ့။ သူက အမေရိကကို ရောက်နေတာကြာပြီလေ။ အခု သူ့အဖေ အသည်းသန်ဖြစ်နေတယ်ဆိုတော့ ပြန်ပြုစုချင်တာကြောင့် ဖခင်ဖြစ်သူရဲ့ ကျန်းမာရေး ထောက်ခံစာကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကတစ်ဆင့် သွားယူပေးရတယ်။ အဲဒီလို သွားယူတယ်ဆိုရင်ပဲ ခြေထောက်တစ်ဖက်ဖြတ်ထားတဲ့ အဘိုးကြီးကို ဆေးရုံရဲ့ ယောကျ်ားလေးဆောင်မှာ လူနာစောင့် အငှားနဲ့ ထားရတဲ့ အဖြစ်ကို ကျွန်မကိုယ်တိုင် မြင်တွေ့လိုက်ရပြီ။ ဒီလိုအချိန်မျိုးမှာတော့လည်း အဖေဖြစ်သူက သားဖြစ်သူကို တမ်းတခွင့်အပြည့်ရှိပါတယ်။ နောက်ပြီးတော့ စစ်တပ်ရဲ့ အမိန့်တွေ၊ စည်းကမ်းတွေဟာ မိသားစုဆိုတဲ့ အဖွဲ့အစည်းနဲ့ယှဉ်ရင်တော့ ဘယ်အရာက ပိုခိုင်မာမလဲ၊ ဘယ်အရာက ပိုရဲစွမ်းသတ္တိရှိမလဲ။ နောက်ပြီး မေတ္တာတရားထက် ဘယ်အမိန့်တွေက ပိုပြီး အာဏာပြင်းထန်သလဲ။

ကျွန်မတို့အဖွဲ့က စာရွက်စာတမ်း အပြည့်အစုံပြင်ဆင်ပြီး အမေရိကန် တပ်ကနေ ခွင့်ရရှိဖို့ ဝိုင်းကြိုးစားပေးကြတာမို့ အမေရိကန်စစ်သား မြန်မာလူမျိုး ကောင်လေးဟာ မြန်မာနိုင်ငံကို ခွင့်တစ်လ ပြန်လာခွင့်ရပြီး ဖခင်ကို ပြုစုခွင့်ရသွားတယ်။ ဖခင်ဆိုတာလည်း ရောဂါကြောင့် ခြေထောက်တစ်ဖက် ဖြတ်ထားသူမို့ သားပြန်လာတော့ ဘယ်လောက်တောင်

]uklefemrnfu rdav;pHyg ukeft azu jrefmEdkifiHom; jzpfNyD ukeft aru *syefvlrsdK;yg ukeft azukd wpfcgrS rjrif zl;ygbl; t az &SdrSef;awmif odwm rMumao;ygbl; aus;Zl;jyKNyD t azbkd awGUat mif &Smay;Muyg

များ အားရှိလိုက်မလဲလို့ သူတို့ကိုယ်စား တွေးပြီး အားတွေဖြစ်လာတာပဲ။

တစ်လဆိုတဲ့ အချိန်အတွင်းမှာ အဖေဖြစ်သူဟာ ဘေးကနေ သားစစ်သားကို တွဲထားတာမို့ ခြေထောက်တစ်ဖက်မရှိလည်း ဘာအရေးတဲ့လဲ။ အစိုးရဆေးရုံမှာ လူငှားမလို ဒါငါ့သားကွ၊ တခြား သားတွေသားတွေထက် သန်မာတယ်လို့ ကြွားလုံးထုတ်နေမှာလည်း မြင်ယောင်ပါသေးရဲ့။ ဒါတင် ဘယ်ကဦးမလဲ။ ဘေးနားက လူနာချင်းချင်းကို သားက အမေရိကကက ပြန်လာပြုစုတာလေလို့ ဂုဏ်ယူပြနေဦးမှာပဲ။

တစ်လဆိုတဲ့ အချိန်ကလည်း အကုန်မြန်လိုက်တာလို့ သူတို့သားအဖရင်ထဲ ပြောနေမှာ တွေးကြည့်စရာကို မလိုဘူး။ အချိန်တန်တော့ နေရာမှန်ကို ပြန်ရတဲ့ ထုံးစံအတိုင်း အမေရိကန်တပ်ကို ပြန်သွားခဲ့တယ်။ သူပြန်သွားပြီး တစ်ပတ်အကြာမှာပဲ သူ့အဖေဆုံးတယ်။ အမေရိကန်စစ်သား မြန်မာနိုင်ငံသား သားဖြစ်သူရဲ့ အားကိုးနဲ့ သေမင်းကို ရင်ဆိုင်ဖို့တောင် ဖခင်က မကြောက်တော့ဘူး ထင်ပါရဲ့။

ဖခင်ဖြစ်သူ ဆုံးပါးသွားလို့ မြန်မာနိုင်ငံပြန်လာပြီး အသုဘချခွင့်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရဲ့ ထောက်ခံပေးမှုနဲ့ နောက်ထပ်ခွင့်ရခဲ့ပြန်တယ်။ သားတစ်ယောက်ရဲ့ဘဝမှာ ဖခင် လိုအပ်တဲ့အချိန်မှာ ဖခင်နဲ့အတူ နေပေးလိုက်ရလို့ ကျေနပ်ရသလို ဖခင်ရဲ့ နောက်ဆုံးဘဝခရီးကို လိုက်ပါပို့ဆောင်ခွင့်ရလိုက်တာမို့လည်း ကျေနပ်စရာချည်းပါပဲ။

❑

ဒီတစ်ခါလာတာ စာတော့စာပဲ။ ဒါပေမဲ့ အီးမေးလ်နဲ့ပို့လိုက်တဲ့စာ။ ဂျပန်နိုင်ငံက ဂျပန်လူမျိုးသမီးတစ်ယောက်က မြန်မာလူမျိုးသူ့အဖေကို ရှာခိုင်းတဲ့စာဆိုလည်း မမှားဘူးပေါ့။

*"ကျွန်မနာမည်က မိလေးစံပါ။ ကျွန်မအဖေက မြန်မာနိုင်ငံသားဖြစ်ပြီး ကျွန်မ အမေက ဂျပန်လူမျိုးပါ။ ကျွန်မအဖေကို တစ်ခါမှ မမြင်ဖူးပါဘူး။ အဖေရှိမှန်းတောင် သိတာ မကြာသေးပါဘူး။ ကျေးဇူးပြုပြီး အဖေကို တွေ့အောင် ရှာပေးကြပါ"* စသဖြင့် သူတို့မိသားစုအကြောင်းကို ရေးထားတဲ့ အီးမေးလ်တစ်စောင် ရောက်လာတယ်။ မိလေးစံ ဆိုတာ သူ့အဖေက သူ မမွေးခင်ကတည်းက ပေးထားခဲ့တဲ့ နာမည်ပေါ့။ သူ့အဖေနဲ့ သူနဲ့ကြားမှာ နာမည်လေး ပေးဖူးရုံကလွဲလို့ ဘယ်လိုရင်းနှီးမှုမျိုးမှ မရှိခဲ့ဘူး။ သူ့အစ်မနှစ်ယောက်ကတော့ မြန်မာနိုင်ငံမှာမွေးတာ။ သူ့အဖေနဲ့ အမေဟာ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံကို မကြာခဏ နယ်လှည့်လေ့ရှိကြတယ်။ သူ့အမေ ဂျပန်မကြီးက မြန်မာနိုင်ငံဟာ နှစ်ပေါင်း ၂၀ ကြာတဲ့ အခါ ဘယ်လိုဖြစ်နေမလဲ၊ သူ့သမီးတွေ ဘယ်လောက်ပဲ အဆင့်တန်းတစ်ခု နေထိုင်ခွင့်ရမလဲ၊ မြန်မာနိုင်ငံသား အခွင့်အရေး ဘယ်လောက်ထိရမလဲ စတဲ့ အကြောင်းတွေ တွေးရင်း ဂျပန်ကို ပြန်သွားကြဖို့ ယောကျ်ားဖြစ်သူကို စည်းရုံးရင်း မိသားစုလိုက် ပြန်ကြပြန်တယ်။

မိလေးစံရဲ့ အဖေလည်း ဂျပန်မှာ မပျော်ရှာဘူး ထင်ပါရဲ့၊ ပြန်ဖို့ပဲ အခါခါတောင်းဆိုပြန်ရော။ အဲဒီအချိန်တုန်းက မိလေးစံက မိခင်ဝမ်းထဲမှာပဲ ရှိသေးတာ။ နောက်ဆုံးတော့ မိလေးစံအဖေက မြန်မာနိုင်ငံကို ချစ်တဲ့စိတ်နဲ့ မိသားစုကိုချစ်တဲ့စိတ် လွန်ဆွဲရင်း အင်အားကြီးတဲ့ နိုင်ငံဟာ အနိုင်ရသွားပါရောလား။



www.burmeseclassic.com

www.burmeseclassic.com

မိလေးစံဆိုတဲ့ နာမည်အမွေလေးကလွဲလို့ ဖခင်ချော့သိပ်မယ့် သားချော့တေးတွေ၊ ဖခင်လက်မှာ ခိုစီးခွင့်တွေ၊ အဖေလို့ ခေါ်ခွင့်တွေ ဆုံးရှုံးခဲ့ရတယ်။

မိလေးစံအနေနဲ့ ဖခင်မေတ္တာ ဆုံးရှုံးခဲ့ရသလို သူ့အဖေအိုကြီးအနေနဲ့တော့ သမီးတစ်ယောက်ရဲ့ ပြုစုယုယမှုတွေ မဆုံးရှုံးစေရဘူးလို့ တွေးပုံပဲ။ သူ့အဖေ အသက်ရှစ်ဆယ်ကျော် မြန်မာအဘိုးကြီးကို ပြုစုချင်လို့၊ စောင့်ရှောက်ချင်လို့ လှမ်းအကူအညီ တောင်းတဲ့စာလေး မြန်မာနိုင်ငံကို ရောက်တယ်ဆိုရင်ပဲ ကျွန်မတို့ အဘက်ဘက်က ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဘယ်လိုမှ လိပ်စာရှာမရခဲ့ဘူး။ မိလေးစံကလည်း သူ့အဖေကို တွေ့ပြီးလားဆိုတဲ့ စာကို တစ်ပတ်တစ်ခါလောက် ပို့ပြီးမေးတာပဲ။ မတွေ့သေးပါဘူးလို့ ပြန်ဖြေရတာတောင် လချီတော့မယ်။

တကယ်လို့ မိလေးစံရဲ့ အဖေကို ပြန်တွေ့ခဲ့ရင်တောင် အဲဒီမြန်မာအဘိုးကြီးက မိသားစုနဲ့တူတူ ဂျပန်မှာသွားနေမယ်လို့ လက်ခံမလား ဒါမှမဟုတ် မြန်မာနိုင်ငံမှာပဲ ခေါင်းချမယ်လို့ နယ်စွဲ စွဲနေဦးမှာလား။

မိလေးစံ ဖြစ်စေချင်သလို ပြန်ရော ရှာတွေ့ပါဦးမလား။ ကျွန်မတော့ ဖခင်ကို တစ်ခါမှ မတွေ့ဖူးရှာတဲ့ မိလေးစံနဲ့ သူ့အဖေကို ပြန်တွေ့စေချင်သလို သူ့အဖေရဲ့ အိုမင်းမစွမ်းအချိန်ကိုလည်း မိသားစုရဲ့ နွေးထွေးတဲ့ ပြုစုမှုတွေနဲ့ နေသွားစေချင်တာပါပဲ။ တကယ်တော့ နိုင်ငံတွေ၊ နေရာတွေထက် မိသားစုရဲ့ အရိပ်က ပိုအေးမြတာ မဟုတ်လား။ ဒီတစ်ခါတော့ နယ်လုပ္ပဲတွေကို ချစ်ခြင်းမေတ္တာက နိုင်ပါစေလို့ ဆုတောင်းရင်း မိလေးစံဆီကို အီးမေးလ်တစ်စောင် ပို့လိုက်တယ်။

သို့

*မိလေးစံ*

*မိလေးစံရဲ့ အဖေကို ရှာနေတုန်းပါပဲ။ တစ်နေ့နေ့တွေ့မယ်လို့ ယုံကြည်ထားစေချင်တယ်။ ဖခင်ပျောက်ရှာတဲ့ သမီးတစ်ယောက်ရဲ့ ခံစားချက်ကို နားလည်ပြီးသားမို့ အတတ်နိုင်ဆုံး ကြိုးစားပေးမယ်နော်။ တကယ်လို့ မိလေးစံရဲ့ အဖေကိုသာ ပြန်တွေ့ခဲ့ရင် ဘယ်တော့မှ ခွဲမသွားအောင် အဖေလို့ခေါ်တဲ့ အသံနဲ့ ဆွဲဆောင်ထားလိုက်စမ်းပါလေ။*

❑

ကျွန်မလက်ထဲမှာ စာတစ်စောင် ကိုင်ထားတယ်ဆိုတာတောင် သတိလက်လွတ်ဖြစ်သွားရလောက်အောင် စာထဲက အကြောင်းအရာက စိန်ခေါ်မှုတွေနဲ့ ပြည့်နေခဲ့တယ်။ အသက် ၃၈ နှစ်အရွယ် မိန်းမတစ်ယောက်ရဲ့ အချိန်တွေက မလှပခဲ့သလို ထပ်ပြီးလည်း မလှပတော့ဘူးဆိုတာ သေချာသွားပါပြီ။ မချစ်မွှေးဆိုတဲ့ နာမည်ကို ကျွန်မပါးစပ်က မဆီမဆိုင် စာလုံးပေါင်းရင်း အချိန်ဆွဲနေမိတယ်။ သူ့မိသားစုဆီကို ဒီစာလေးပို့လိုက်ရင် ကျွန်မတို့ တစ်ခါက သွားခဲ့တဲ့ အိမ်လို နှင်လွှတ်မှာလား၊ ဒါမှမဟုတ် အမေစောင့်နေပါ့မယ်လို့ ပြောမှာလား၊ ဒါမှမဟုတ် ဘာဖြစ်မှာလဲ ကျွန်မ အဖြေမသိဘူး။ အသက်ဆယ့်ငါးနှစ် ကလေးသာသာ ကောင်မလေးတစ်ယောက်အတွက် နိုင်ငံခြားဆိုတာ ထူးဆန်းအံ့သြဖွယ်ရာတွေနဲ့ ပြည့်နှက်နေသလို အန္တရာယ်အသွယ်သွယ်ကလည်း စောင့်ကြိုနေတယ်ဆိုတာ ဟိုးရှေးရှေးတုန်းက ဆယ့်ငါးနှစ်သမီးလေး မချစ်မွှေး မသိရှာခဲ့ဘူး ထင်ပါရဲ့လေ။

မချစ်မွှေးတို့ အိမ်ရောက်တော့ သူ့အမေက ကျွန်မကို ဖက်ပြီး တိတ်တိတ်လေး မျက်ရည်ကျတယ်။ မချစ်မွှေးဆီက စာကို ပေးဖတ်တော့ စာရွက်ကို ကိုင်ထားတဲ့ မချစ်မွှေးအမေရဲ့ လက်ကြမ်းကြမ်းကြီးတွေက လယ်ယာလုပ်ခဲ့ဖူးမယ်၊ ပင်ပင်ပန်းပန်း နေခဲ့ဖူးမယ်ဆိုတာ သက်သေပြနေသလိုပါပဲ။ စာတစ်မျက်နှာကို ဒီလောက် အချိန်ကြာအောင် စာလုံးပေါင်းဖတ်နေရတာလား ဒါမှမဟုတ် မယုံကြည်စွာနဲ့ အကြိမ်ကြိမ် ထပ်ကာထပ်ကာ ဖတ်နေရရှာတာလား။ အဲဒါမှမဟုတ်ရင်လည်း စာရွက်ကိုင်ပြီး စာလုံးတွေကိုရော မြင်ရဲ့လား၊ ဘေးမှာရှိနေတဲ့ ကျွန်မကပဲ ရင်ထဲက မေးခွန်းထုတ်နေမိတယ်။ မချစ်မွှေးရဲ့ အမေဆီကတော့ ဘာသံမှ မကြားရသေးဘူး။ ခဏကြာတော့မှ အသံကျယ်ကြီးနဲ့ ထ,ငိုတော့တာပဲ။

ခဏငိုပြီး အငိုရပ်သွားတော့လည်း အိမ်ရှင်တို့ရဲ့ ထုံးစံအတိုင်း ကျွန်မတို့ကို ရေနွေးကြမ်းနဲ့ ဧည့်ခံရမလိုလို ဟိုဟာလေးကျွေးရမလို ဒီဟာလေးပေးရမလို ပျာယာခတ်နေသေးတယ်။ ကျွန်မက ရာသီဥတုအေးအေးမှာ အငွေ့တထောင်းထောင်းထ,နေတဲ့ ရေနွေးကြမ်းကို စိတ်မဝင်စားဘဲ နံရံဆီကို အကြာကြီး ကြည့်နေတော့မှ မချစ်မွှေးရဲ့ အမေက သတိရသွားပြီး နံရံက ပလတ်စတစ်လောင်းထားတဲ့ ပုံလေးကို ယူပြတယ်။

"ဒါက ချစ်မွှေး ၁၀ နှစ်တုန်းက နားသ,တဲ့ပုံလေးလေ။ သူ့အဖေရှိတုန်း၊ ကောင်းစားစဉ်ကပေါ့ကွယ်"

ပုံထဲက နားသမင်္ဂလာယူနေတဲ့ မချစ်မွှေးက လှလှပြုံးပြုံးလေးရယ်။ မချစ်မွှေးအဖေကတော့ ပုဆိုးအသစ်ကြီး ဝတ်ထားလို့ ပုဆိုးက တောင့်တောင့်ကြီးဖြစ်နေတာ ဓာတ်ပုံထဲတောင် အထင်းသားပေါ်နေတယ်။ မချစ်မွှေးအမေကတော့ ပန်းတွေအပြည့်ပန်ထားပြီး လှလို့ဝ,လို့ပေါ့။ အခုရောက်နေတဲ့ အိမ်နဲ့ ဒီဓာတ်ပုံနဲ့က လားလားမှ မဆိုင်သလို ဆန့်ကျင်ဘက်ဖြစ်နေတာကို တွေးမိပြီး တစ်နယ်တစ်ကျေးက မချစ်မွှေးကို သတိရမိတယ်။

"ချစ်မွှေးက အဒေါ်ကို သိတတ်ပါတယ်ကွယ်၊ လတိုင်း ပိုက်ဆံပို့တာလေ။ သူပို့တဲ့ပိုက်ဆံနဲ့ပဲ အခုအိမ်ပိုင်းလေးကိုဝယ်၊ သီးပင်စားပင်လေး စိုက်စားရောင်းပေါ့"

မချစ်မွှေးအမေ ပြောသလိုပဲ မချစ်မွှေးတို့ ခြံထဲမှာ ငှက်ပျောပင်၊ သဘော်ပင်၊

*စာမျက်နှာ(၂၃၆)သို့...*



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ညအိပ်မက်ဆိုး ဓာတ်အား

ရုပ်ရှင်မပြခင် ဖွင့်တဲ့ နိုင်ငံတော်သီချင်းအပြီး ရုပ်ရှင်စ,ပြတဲ့အချိန်ကို မှန်းပြီး လာခဲ့တာပေမဲ့ သူ ရုံထဲရောက်ချိန်မှာ ရုပ်ရှင်က ပြနေပြီ။ ဘာမှမမေးရပါဘဲ ရုပ်ရှင်ရုံ ဝန်ထမ်းက "ပြနေတာ ဆယ်မိနစ်လောက်ရှိပြီဗျ"လို့ သူ့ကို လှမ်းပြောရင်း ခုံတစ်ခုံကို ဓာတ်မီးနဲ့ထိုး၊ နေရာချပေးတယ်။ ဇာတ်လမ်း အဆက်ပြတ်လောက်အောင်တော့လည်း နောက်မကျသေးပါဘူးလို့ ဖြေတွေးပြီး သူ့နေရာမှာ ဝင်ထိုင်၊ ဘေးဘီအမှောင်ရိပ်ထဲကို အကဲခတ်ကြည့်တော့ လူတစ်ယောက်မှ မတွေ့ရဘူး။ ရုပ်ရှင်ရုံတစ်ရုံလုံး သူတစ်ယောက်တည်းပဲ။ ဘာလဲ၊ ဒီဇာတ်ကားက ရုံတင်တာကြာပြီမို့ လူမရှိတာလား၊ ဒါမှမဟုတ် ခပ်သွယ်သွယ် လူတစ်ယောက်၊ အင်္ကျီ အဖြူတစ်ခြမ်း၊ အနက်တစ်ခြမ်း ဝတ်ထားပြီး ထီးထီးကြီး မတ်တတ်ရပ်နေတဲ့ ရုပ်ရှင်ပိုစတာက အခြားသူတွေအတွက် စိတ်ဝင်စားစရာ မကောင်းလို့လား။ ပိုစတာတစ်ခုလုံးက အဖြူနဲ့အနက် အရောင်နှစ်မျိုးတည်းကိုပဲ သုံးထားတာ။ ဖန်တီးသူတွေက ဘယ်လို အဓိပ္ပာယ်နဲ့ ပုံဖော်သလဲ မသိပေမဲ့ သူ့အတွက်ကတော့ လူတစ်ယောက်၊ အဖြူနဲ့အနက်၊ အကောင်းနဲ့အဆိုးဆိုပြီး အဓိပ္ပာယ်ရှိရှိ ဆွဲဆောင်နေတာ။ ပြီးတော့ ခေတ်ဟောင်းကို ပြန်တမ်းတထားတဲ့ ရှားရှားပါးပါး အသံတိတ်ရုပ်ရှင်တဲ့။ ဒီလောက်နဲ့တင် သူ့အတွက်က လုံးဝ ရင်ခုန်ချင်စရာ ကောင်းနေတာမို့ အချိန်နှစ်ရက်ကြိုပြီးတောင် ရုပ်ရှင်လက်မှတ်ဖြတ်ထားခဲ့တာ။ သူ့စိတ်ထဲ ကြည့်တဲ့လူ များလိမ့်မယ်လို့ ထင်မိတာကိုး။ ခုတော့ တစ်ယောက်တည်းတဲ့။ မတတ်နိုင်ဘူး၊ ဟမ်းသီရေတာလို့ သဘောထားပြီး အေးအေးဆေးဆေး ကြည့်ရုံပဲလို့ သူ တွေးလိုက်တယ်။

သူ့အာရုံတွေ ရှေ့ကပြလက်စ ရုပ်ရှင်ပိတ်ကားပေါ် ရောက်သွားတယ်။ နောက်ကျနေတဲ့ ဆယ်မိနစ်စာ(အမှန်တော့ ဆယ်မိနစ်ထက် ပိုနိုင်တယ်၊ သူ့ကို လျှော့ပြောထားတာဖြစ်နိုင်တယ်လို့ စိတ်ထဲ တွေးနေတာ)အတွက် ဇာတ်လမ်း ဟ,နေမလားလို့ သူ စိုးရိမ်ခဲ့ပေမဲ့ အဆက်မပြတ်လှဘူးပြောရမယ်။ သူ စ,မြင်ရတာက ဖုန်တက်နေတဲ့ သစ်ရွက်နဲ့ သစ်ပင်တွေ၊ အိုမင်းနေတဲ့ နံရံကြီးကြမ်းကြမ်းတွေ။ ပြီးတော့ အနည်းငယ် ယိုင်နဲ့နေတဲ့ မြစည်းရိုးဟောင်းတွေဆိုပါတော့။ ပြနေတဲ့ကင်မရာမြင်ကွင်းက မငြိမ်ဘူး။ ကင်မရာကို တစ်ယောက်ယောက်က ထမ်းပြီး လမ်းလျှောက်လာသလိုမျိုး ယိမ်းထိုးပြီး လှုပ်နေတာ။ ခေါင်းမူးချင်စရာကြီး။ ဒါပေမဲ့ အဲဒီမြင်



www.burmeseclassic.com

www.burmeseclassic.com

ကွင်းကို ကြည့်နေတုန်းမှာ ပေါ်လာတဲ့ စာတန်းက 'ဟင် ဘာများပါလိမ့်' ဆိုပြီး စိတ်ဝင်စားမှုကို ဆွဲခေါ်သွားတာ။ စာတန်းက 'လူသားစားသူအလို မရှိ၊ လူသားစားသူ သေဒဏ်ပေး' တဲ့။ အရုပ်နဲ့စာတန်းနဲ့ မဆီမဆိုင်လို့ သူတွေးနေတုန်းမှာပဲ အနက်ရောင်လူအုပ်ကြီးက ဖန်သားပြင်မှာ ဖျတ်ခနဲပေါ်လာရော။ အဲဒီတော့မှ သြော် ဆန္ဒပြနေကြတာကိုးပေါ့။

တရိပ်ရိပ်ရွေ့နေတဲ့ ဖန်သားပြင်မှာ မြင်မြင်သမျှက အနက်ရောင်တွေချည်းပဲ။ လူတိုင်း အနက်ရောင် ဝတ်စုံတွေဝတ်၊ အနက်ရောင်ခေါင်းစည်းတွေစီးလို့။ ပြီးတော့ မျက်နှာတွေကိုလည်း အနက်ရောင်ဆေးတွေ ခြယ်ထားကြသေးတယ်။ သူတို့မျက်နှာပေါ် စီးကျနေကြတဲ့ ချွေးတွေကတောင် အနက်ရောင်တွေ။ အနက်ရောင် မဟုတ်တာဆိုလို့ ပါးစပ်တွေဖြဲပြီး အော်လိုက်တဲ့အချိန်မြင်ရတဲ့ သွားတွေနဲ့ အာခေါင်နီနီလောက် ရှိတာပဲ။ ရုတ်တရက် လှုပ်ယမ်းနေတဲ့ ကင်မရာမြင်ကွင်းက အားသွန်ခွန်စိုက် အော်ဟစ်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ကုပ်ပိုးပေါ်က အနက်ရောင်ကလေး,လေးဆီမှာ ရပ်တန့်သွားတယ်။ ကလေးကို ကြည့်ရတာ မျက်လုံးကလေးပြူးပြီး ဘာမှန်းမသိပုံမျိုး။ အဲဒီနောက် ကင်မရာမြင်ကွင်းက ဖျတ်ခနဲရွေ့သွားပြန်ရော။

နောက်ထပ် ပေါ်လာတာက သတင်းဌာနတစ်ခုအင်တာဗျူးနေတာပဲ။ အောက်မှာထိုးတဲ့ စာတန်းက 'မြေကမ္ဘာပေါ်မှာ လူသားစားသူတစ်ယောက် ရှင်သန်နေထိုင်ဖို့ အကြောင်းပြချက်မရှိဘူး' တဲ့။ မျက်လုံးတွေ စူးတောက်နေတဲ့ အနက်ရောင်လူတစ်ယောက်က ယုံကြည်ချက်အပြည့် ဟန်ပန်မျိုးနဲ့ ပြောတာ မြင်နေရတယ်။ ဟား···ကဗျာဆန်လိုက်တဲ့ စာသားလို့ သူ တွေးနေတုန်း 'ဒင်နီရယ်၊ ကဗျာဆရာ' လို့ ဆက်ပြီး စာတန်းထိုးပါရော။ အဲဒီတော့လည်း ပါးစပ်ပိတ်ပြီး ဆက်ကြည့်ပေါ့။

အချုပ်ပြောရရင် အနက်ရောင်လူအုပ်ကြီး တရားရုံးတစ်ရုံးရှေ့မှာ ဆန္ဒပြနေကြတာ။ သူတို့ တောင်းဆိုချက်က လူသားစားသူကို သေဒဏ်ပေးဖို့။ ပိတ်ကားပေါ်ကအရုပ်တွေ ဖျတ်ခနဲ၊ ဖျတ်ခနဲ ပြောင်းသွားတယ်။ 'စင်သီယာပီဗီယား၊ သေဆုံးသူ၏မိခင်' ဆိုတဲ့စာတန်းနဲ့ ငိုယိုနေတဲ့ အဘွားကြီးတစ်ယောက်ကို ပြတယ်။ မျက်လုံးတွေက ညိုမှိုင်းလို့။ တကယ့်ကို ဆင်းရဲဒုက္ခတွင်းကြီးထဲ ရောက်နေတဲ့မျက်နှာမျိုးနဲ့။ ပေါ်ပေါ်လာချင်းတော့ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေပြီး စကားတွေအများကြီး သွန်ချပြောလိုက်တော့မလိုပဲ။ ဒါပေမဲ့ 'ကျွန်မ တရားမျှတမှုပဲ လိုချင်တယ်၊ ကျန်တာ ဘာမှ မပြောတတ်ဘူး' ဆိုတဲ့ စကားကလွဲပြီး ဆက်မပြောဘူး။ အင်းပေါ့၊ သားတစ်ယောက် ဆုံးရှုံးထားတဲ့ အမေအဖို့ မျက်ရည်တွေ ကျတာအပြင် ဝမ်းနည်းကြောင်းကို ဘာစကားတွေနဲ့များ ဖော်ပြနိုင်ဦးမှာလဲ။

နောက်တစ်ယောက် ပေါ်လာတာက 'ဂူးမားစ်ပလော့စ်၊ တရားခံရှေ့နေ' တဲ့။ ထူးဆန်းတာက မြင်မြင်ချင်းကို ဘာကြောင့်မှန်းမသိ၊ ရှုံ့စရာကောင်းလိုက်တာလို့ သူတွေးမိတာပဲ။ အသားဖြူဖြူ၊ နှုတ်ခမ်းတွေ တင်းတင်းစေ့ထားတဲ့ ရှေ့နေက ရုပ်ရည်ဆိုးလှတယ်တော့မဟုတ်ဘူး။ ချောတယ်တောင် ပြောလို့ရတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး၊ ရှုံ့စရာလို့ ထင်နေတာက အမှန်ပဲ။ 'လူ့အခွင့်အရေး စံနှုန်းနဲ့သာ တိုင်းတာမယ်ဆိုရင် ကျွန်တော့်အမှုသည်မှာ ဘာအပြစ်မှ ထောက်ပြစရာမရှိဘူးလို့ ကျွန်တော်ယုံကြည်တယ်' တဲ့။ 'ကျွန်တော့်အမှုသည်က လူသတ်ခဲ့တာလည်း မဟုတ်ဘူး၊ လူသားမစားရဘူးဆိုတဲ့ ဥပဒေ မရှိတဲ့အတွက် ဥပဒေကို ချိုးဖောက်ခဲ့တယ်လို့လည်း ပြောလို့မရဘူး။ ပြီးတော့ တစ်ဖက်သားကို နာကျင်စေခဲ့တာမျိုးတောင်မရှိဘူး။ သူ့ကို ဘယ်ပုဒ်မနဲ့များ တရားစွဲမှာလဲ။ သေဒဏ်ပေးဖို့ မပြောနဲ့ ကျွန်တော့်အမှုသည်ကို ထောင်ချဖို့တောင် ဥပဒေမရှိဘူး' တဲ့။ လူမသတ်ခဲ့ဘူး၊ လူသားစားတယ်၊ အပြစ်မရှိဘူး စတဲ့ ရှေ့နေပြောသမျှ စကားတွေ လိုက်ဖတ်နေရင်းမှပဲ ရှေ့နေဟာ ကိုယ့်စကားကို ကိုယ်တောင် ယုံကြည်ရဲ့လားလို့ သူ တွေးမိတယ်။ ခများ ကိုယ့်စကားကိုယ် ယုံကြောင်းပြဖို့ မျက်လုံးကြီးပြူးထားရတယ်။ မျက်နှာချင်းဆိုင် မျက်စိရှေ့ကလူတွေကို မမြင်ဘူးဆိုတဲ့ စိတ်ကိုမွေး၊ ကိုယ်တိုင်ရဲ့ စိတ်အတွင်းထဲကိုလည်း ပြန်မကြည့်မိအောင် ကြိုးစားပြီး ပြောရမယ့်စကားတွေကို မြန်မြန်ပြီးအောင် ပြောနေပုံရတဲ့ ရှေ့နေခများ (အသံမကြားရတဲ့တိုင်)သံပတ်ပေးထားတဲ့ စက်ရုပ်ကြီး တစ်ရုပ်လိုပဲ။ ဟာ ဘယ်လောက်တောင် ပြောင်မြောက်တဲ့ သရုပ်ဆောင်မှုကြီးလဲလို့ တွေးမိတော့ သူ ကြက်သီးတွေ တဖြန်းဖြန်း ထ,လာတယ်။ သူကြည့်နေရင်း မိနစ်နှစ်ဆယ်လောက်မှာပဲ ဇာတ်ရှိန်က တစ်ရှိန်ထိုး ထိုးတက်သွားတယ်။ ပိတ်ကားပေါ်မှာတော့ လှုပ်ယမ်းနေတဲ့ ကင်မရာ ရိုက်ကွက်တွေကြားမှာ စီစီတီဗွီကင်မရာကတစ်ဆင့် ရိုက်ပုံရတဲ့ ဇာတ်ဝင်ခန်းအငြိမ်တွေ ဖြတ်,ဖြတ်ပြီး ဝင်လာနေတယ်။ ယောကျ်ားနှစ်ယောက်(နောက်မှ သိရတာက လူသားစားသူနဲ့ အစားခံသူ) စကားတွေ ပြောနေကြတယ်။ ရုပ်ရှင်ပိတ်ကားပြင် ထောင့်က နာရီတွေ အလျှင်အမြန် ကုန်ဆုံးသွားကြတယ်။ နောက်တော့ အဲဒီယောကျ်ားနှစ်ယောက်က စာရွက်တစ်ရွက်မှာ တစ်ခုခု ရေးကြရော (နောက်မှ သိရတာက အဲဒါ နှစ်ဦးသဘောတူ လက်မှတ်ထိုးကြတာတဲ့)။ အဲဒီနောက် ယောကျ်ားတစ်ယောက်က အခန်းထဲကထွက်သွားတယ်။ ချက်ချင်းလိုပဲ အခန်းထဲ ပြန်ဝင်လာတယ်။ အဝတ်အစားတွေ ပါမလာတော့တဲ့ ကိုယ်ခန္ဓာကို ကျောဘက်က မြင်နေရတယ်။ နောက်တော့ အဲဒီယောကျ်ားက သူ့ရဲ့ မတော်ရာကို ဓားနဲ့ သူကိုယ်တိုင် ဖြတ်ချလိုက်ပါရော။ စီစီတီဗွီကင်မရာမို့ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com

မြင်ရတာတော့လည်း မဟုတ်ဘူး။ ခပ်သေးသေး လူနှစ်ယောက်က ဖန်သားပြင်မှာ လှုပ်တုတ်လှုပ်တုတ်လောက် မြင်ရတာပဲ။ သူ့မတော်ရာကို ဓားနဲ့ဖြတ်လိုက်တဲ့ ယောကျ်ားက အဲဒါလည်းပြီးရော ခုံမှာ မလှုပ်မယှက် ထိုင်နေတယ်။ သွေးတွေနေမှာပေါ့၊ ထိုင်နေတဲ့ နေရာကနေ တစိမ့်စိမ့်နဲ့ အိုင်ပြီး ပြန့်ကျဲလာတယ်။ အခြားယောကျ်ားတစ်ယောက်ကတော့ ခုနက ဖြတ်လိုက်တဲ့ မတော်ရာကို သေသေချာချာ ချက်နေတယ်။ ပိတ်ကားပြင်ပေါ်က အချိန်တွေက ဖြတ်ခနဲ ကုန်သွားတယ်။ ကြည့်နေတုန်းမှာပဲ ဟိုလူက ပုံပြီး ခွေကျသွားရော။ သေသွားပြီ။ အဲဒါပြီး နည်းနည်းလောက်ကြာတော့ အသက်ရှင်ကျန်ခဲ့တဲ့ သူက ကျက်သွားတဲ့ လူသားဟင်းလျာကို စားနေပြီ။

ဇာတ်ဝင်ခန်းတွေက ရုတ်တရက်ပြောင်းသွားတယ်။ ဆက်ပြီး ပြနေတာက တရားခွင်ဇာတ်ဝင်ခန်းတွေ။ ကင်မရာက ပထမပိုင်းကလို အလှုပ်မဟုတ်တော့ဘူး။ ငြိမ်နေတာ။ ပြီးတော့ တစ်ချက်တစ်ချက် ကင်မရာ မြင်ကွင်းထဲကို ဘယ်သူ့လက်မှန်း မသိတာတွေ၊ ဘယ်သူ့ကိုယ်မှန်း မသိတာတွေ ဝင်,ဝင်လာတယ်။ သူ့စိတ်ထဲ ဘာလဲ၊ အဲဒါတွေက ဘာလို့ ပါနေရတာလဲ၊ ဒါရိုက်တာက ဘယ်လိုတွေ ရိုက်နေတာလဲပေါ့။ နောက်မှ “ဟာ ဒါ လျှို့ဝှက်ကင်မရာနဲ့ ချောင်းရိုက်နေတာလား” တွေးမိရော။ ဟုတ်တယ်၊ တကယ့် တရားခွင်တစ်ခုမှာ ခိုးရိုက်ထားသလိုပဲ။ ဒါဆိုရင် ဒါကရုပ်ရှင်ကားတစ်ကား မဟုတ်ဘူးလား။ တကယ့်အဖြစ်အပျက်ကြီးလား။ ဘယ်မှာဖြစ်ခဲ့တာလဲ။ သူ့ရင်တွေ တထိတ်ထိတ်နဲ့ ခုန်လာတယ်။

“သက်သေခံအဖြစ် တင်ပြထားတဲ့ စီစီတီဗွီ မှတ်တမ်းများအရ အစွပ်စွဲခံရသူ ဂိုမာအက်ရှမေးဟာ လူသတ်ခဲ့ခြင်း မရှိဘူးဆိုတာ တရားသူကြီးမင်းများ မျက်မြင်ကိုယ်တွေ့ပါပဲ။ ပြီးတော့ သူဟာ တစ်ဖက်လူကို နိုင်ထက်စီးနင်းလုပ်ခဲ့ခြင်းမျိုး မရှိဘူး၊ နာကျင်စေခဲ့ခြင်းလည်း မရှိဘူး။ နှစ်ဦးနှစ်ဖက် ကိုယ်တိုင် စိတ်သဘော ဆန္ဒများနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်အခွင့်အရေးကို ဖောက်ဖျက်ပြီး ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့ခြင်း မရှိဘူးဆိုတာတွေကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ လူသား စားတယ်ဆိုရာမှာလည်း ဒီနိုင်ငံ ဥပဒေမှာ ရှားပါးကျားသစ်သားကို သာမစားရ သတ်မှတ်ထားတာမျိုး ရှိပြီး လူသားမစားရဆိုတဲ့ ဥပဒေမရှိတာကြောင့် အပြစ်တစ်ခုအနေနဲ့ စွပ်စွဲဖို့တောင် မသင့်ပါဘူး။ အကယ်၍ ဂိုမာအက်ရှမေးမှာသာ အပြစ်ရှိတယ်လို့ စွပ်စွဲခဲ့မယ်ဆိုရင် တစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ သွေးလွန်သေဆုံးသွားတော့မယ့် လူတစ်ယောက်ကို ဆေးရုံကို အချိန်မီ လိုက်ပါပို့ဆောင်ခြင်းမပြုခဲ့တဲ့ လူသားချင်း စာနာကင်းမဲ့မှု သေးသေးလေးသာ ဖြစ်ပါတယ်”

လူသားချင်း စာနာကင်းမဲ့မှု သေးသေးလေးတဲ့။ လျှို့ဝှက်ကင်မရာက တစ်ဆင့်မြင်နေရတဲ့ တရားခံရှေ့နေရဲ့ လျှပ်တစ်ပြက် ဟန်ပန်တွေက လုံးဝအပိုင်ဆိုတဲ့ အနေအထားပဲ။ ဖန်သားပြင်မှာ တစ်ချက်တစ်ချက် ပေါ်လာတတ်တဲ့ မျက်နှာက လုပ်လို့ရရင် လုပ်လိုက်လေဆိုတဲ့ ခပ်ထေ့ထေ့ မျက်နှာမျိုး။ ပြောသမျှ စာတန်းထိုးနေတဲ့အထဲမှာ လူ့အခွင့်အရေးဆိုတာတွေ လေး,ငါး,ခြောက်ခါမက ပါတယ်။ မကြာဘူး၊ တရားခွင် သိမ်းလိုက်တာကို ပြတယ်။

ငြိမ်နေတဲ့ ကင်မရာက အလှုပ်ဖြစ်သွားပြန်ပြီ။ အော်ဟစ်တိုးဝှေ့ အနက်ရောင် လူအုပ်ကြီး၊ ကင်မရာတွေ မိုက်တွေကိုင်ပြီး သရဲသဘက်စီးနေတဲ့ သတင်းသမားတွေ၊ ရဲတွေဝန်းရံပြီးခေါ်လာတဲ့ ယောကျ်ားတစ်ယောက် ပေါ်လာတယ်။ “ဂိုမာအက်ရှမေး၊ လူသားစားသူ” ဆိုပြီး စာတန်းထိုးတယ်။ ဒီဇာတ်လမ်းရဲ့ အဓိက ဇာတ်လိုက်ကြီး၊ ရုတ်တရက်ကြည့်ရင် ပိန်ပိန်သွယ်သွယ်နဲ့ ပုံမှန်လူတစ်ယောက်လိုပဲ။ ဇာတ်ကားရဲ့ သုံးပုံတစ်ပုံလောက် (ခန့်မှန်းခြေပေါ့) ရှိတော့မှပဲ ပေါ်လာတော့တယ်။ ပေါ်လာတယ် ဆိုပေမဲ့လည်း စကားတစ်လုံးမှ မပြောသေးဘူး။ “လူသားစားသူ အလိုမရှိ၊ လူသားစားသူ သေဒဏ်ပေး” ဆိုတဲ့ အော်သံတွေ(အသံတိတ်ရုပ်ရှင်ပေမဲ့ စာတန်းတွေနဲ့ အော်ဟစ်နေတဲ့ ပုံတွေအရ သိရ) ကြားကနေ တည်ငြိမ်ငြိမ်ပဲ အချုပ်ကားပေါ် တက်သွားလေရဲ့။

❑

*“သူ့ရှေ့နေကတော့ အလွတ်ရုန်းမှာပဲ။ ဒါက သူ့တာဝန်ကိုး။ သူ ရုန်းလို့ရတဲ့ လမ်းကြောင်းကို သုံးပြီး ရုန်းမှာပေါ့။ လူ့အခွင့်အရေး မချိုးဖောက်ဘူးတို့၊ ဥပဒေအရ သူ့လုပ်မှာ အပြစ်မရှိဘူးတို့က ပြောမှာပဲ။ သူပြောတာတွေက ဟုတ်တာလည်းပါမယ်၊ ငြင်းစရာလေးတွေလည်း ရှိမယ်။ ကျွန်တော်တို့ဘက်ကလည်း စဉ်းစားစရာလေးတွေရှိတယ်။ သူ့ကို ဒီအတိုင်းလွှတ်ပေးမလား။ သူ့ကို ဒီအတိုင်းလွှတ်ထားပါပြီတဲ့၊ နောက်ထပ် လူသားမစားပါဘူးလို့ ဘယ်သူအာမခံမလဲ၊ ရစ်ချဒ်ပီဗီယား (သေဆုံးသူ)လို စိတ်ရူးပေါက်ပြီး အစားခံချင်တဲ့သူ နောက်တစ်ယောက်ကော ထပ်ပေါ်မလာဘူးလို့ အာမခံနိုင်သလား။ ဒီတော့ ကျွန်တော်တို့ဘက်ကလည်း ကျွန်တော်တို့ တာဝန်အရ တရားခံကို ထိုက်သင့်တဲ့ အပြစ်ကျအောင်တော့ လုပ်ရမှာပဲ။ သေဒဏ်၊ ဒါမှမဟုတ် အနိမ့်ဆုံး ထောင်ဒဏ် တစ်သက်တစ်ကျွန်း။ ပြစ်ဒဏ်တစ်ခုခုကို ချနိုင်အောင် ကျွန်တော်တို့ကလည်း လမ်းကြောင်းရှာရမှာပေါ့။ ဒါပေမဲ့ မတရားတော့ လုပ်လို့မရဘူး။ တရားနည်းလမ်းကျ လက်ခံနိုင်မယ့် လမ်းကြောင်းနဲ့ လုပ်ရမှာပေါ့။ ရှိမှာပါ၊ အခုလောလောဆယ် ရှာလို့မတွေ့သေးတာပဲ ရှိသေးတာပါ။ တကယ်လို့သာ လူသားစားသူတစ်ယောက်ကို တရားနည်းလမ်းကျ အပြစ်မပေးနိုင်*



www.burmeseclassic.com

www.burmeseclassic.com

ဘူးဆိုရင်တော့ ဥပဒေဆိုတာကြီးကို မြောင်းထဲ လွှင့်ပစ်လိုက်ကြရုံပေါ့’

**ပေါ်ဟောဆာ၊**
**တရားလို ရှေ့နေ။**

❑

‘သူ့မှာ စိတ်ကျန်းမာရေးပြဿနာ ရှိမရှိ စစ်ဆေးပေးဖို့ ကျွန်မတို့ဆီ ရောက်လာတယ်။ အဲဒီအတွက် ကျွန်မတို့ ဆေးရုံက ပါမောက္ခ၊ တွဲဖက်ပါမောက္ခအဆင့် ရှိတဲ့ ဆရာဝန်ရှစ်ဦး ပိုင်းဝန်းဘုတ်ဖွဲ့စစ်ဆေးခဲ့ကြတယ်။ ကျွန်မတို့ စစ်ဆေးချက်အရ သူ့မှာ စိတ်ကျ၊ စိတ်ကြွဆိုတာမျိုး မရှိနေသလို၊ မရှိတဲ့ အာရုံတွေကို အရှိထင်ခြင်း၊ မဖြစ်ခဲ့တဲ့ အတွေးတွေကို ဖြစ်နေတယ်ထင်ခြင်းမျိုးတွေ မရှိဘူး။ ပြောရရင် စိတ်မကျန်းမာခြင်းရဲ့ သိသာထင်ရှားတဲ့ လက္ခဏာတွေ ရှာမတွေ့ဘူးပေါ့။ ဒါပေမဲ့ သူက မစားသင့်တဲ့ အရာကို စားချင်နေတာ၊ ပြီးတော့ အဲဒါက(ပြောနေရင်း ခဏရပ်သွား၊ အနည်းငယ်ကြာမှ) လူသားကြီး။ မစားသင့်တဲ့အစာ စားတာပဲ။ ဒါ ပိုက်ကာ(PICA)ပဲလို့ နာမည်တပ်မလားပေါ့။ ဒါပေမဲ့ အဲဒီလိုလည်း လွယ်လွယ် နာမည်မတပ်ချင်ဘူး။ ပြောရရင်တော့ သူ့ရဲ့ စိတ်ကျန်းမာရေးအခြေအနေနဲ့ ပတ်သက်ပြီး ကျွန်မတို့က လွယ်လွယ် မဆုံးဖြတ်ချင်သေးဘူး။ ဒီတော့ အခုက စောင့်ကြည့်ပါရစေဆိုပြီး တရားရုံးကို တောင်းဆိုထားတဲ့ စောင့်ကြည့်ဆဲကာလဆိုပါတော့’

**အက်ဒရီယာနာ၊**
**စိတ်ကျန်းမာရေး**
**အထူးကုဆရာဝန်။**

❑

‘လူသားစားတဲ့ ကျားတစ်ကောင်ကို ခင်ဗျားနေထိုင်တဲ့နေရာနဲ့ မနီးမဝေးမှာ ဒီအတိုင်းလွှတ်နေတယ် ဆိုပါစို့။ ခင်ဗျားဘာလုပ်ချင်သလဲ။ ဖမ်းပြီး တိရစ္ဆာန်ဥယျာဉ်ပို့မလား၊ သတ်ပစ်မလား။ ဒါမှမဟုတ် ဒီအတိုင်းပဲ ဆက်လွှတ်ထားမလား။ ဒါဆိုရင် ကျွန်တော် သေဒဏ်ပေးဖို့ တောင်းဆိုနေတာ ဘာကြောင့်လဲလို့ ခင်ဗျား သိလောက်ပါပြီ’

**ဆန္ဒပြသူတစ်ဦး။**

❑

ဇာတ်လမ်းအရ ဂိုမာ အက်ရှမေး ဆိုတဲ့ လူလတ်ပိုင်းတစ်ယောက်က လူသားစားချင်စိတ်ဖြစ်တယ်။ အဲဒီအတွက် ဘယ်သူ အစားခံမလဲဆိုပြီး ဆိုရှယ်မီဒီယာက တစ်ဆင့် ဖိတ်ခေါ်လိုက်တယ်။ လူတွေက ဂိုမာ စ,နေတယ်ထင်ပြီး ပြန်နောက်ကြ၊ ပြောင်ကြတယ်။ ဘယ်သူမှ ထင်မထားတာက အစားခံချင်ပါတယ်ဆိုပြီး ဂိုမာ့ဆီကို လူလေးယောက် ရောက်လာတာပဲ။ ပြီးတော့ ဂိုမာနဲ့ အသေးစိတ်စကားတွေပြော၊ အင်တာဗျူးတွေလုပ်၊ နောက်ဆုံး ရစ်ချဒ်ပီဗီယားဆိုတဲ့တစ်ယောက်နဲ့ နှစ်ဦးသဘောတူလက်မှတ်ထိုး သဘောတူညီမှုတွေလုပ်ပြီး စားဖို့ပြင်တယ်။ ရစ်ချဒ်က သူ့ရဲ့မတော်ရာကို ကိုယ်တိုင်ကိုယ်ကျ ဖြတ်ချလိုက်တယ်။ ကျက်ရင် အတူတူစားကြမယ်ဆိုပြီး ဂိုမာကချက်တယ်။ ချက်နေတုန်းမှာပဲ ရစ်ချဒ်က သွေးလွန်ပြီး သေသွားတယ်။ ဂိုမာက သူ့အစီအစဉ်မဖျက်ဘူး။ သေသွားတဲ့ ရစ်ချဒ်ရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေထဲက စားချင်တာလေးတွေ ဆက်စားလိုက်သေးတယ်။ ပြီးတော့ ဘယ်သူ အစားခံမလဲဆိုပြီး ဆိုရှယ်မီဒီယာကနေ နောက်တစ်ယောက်ကိုခေါ်တယ်။ အဲဒီမှာ လူတွေအားလုံး ကသောင်းကနင်းဖြစ်ကုန်ကြတာပဲ။ လူသားစားတတ်တဲ့ သူတစ်ယောက်နဲ့ အတူ မနေရဲကြတော့ဘူး။ လူတိုင်းက ဂိုမာကို ထောင်တစ်သက်တစ်ကျွန်း ချတာဖြစ်ဖြစ်၊ သေဒဏ်ပေးတာဖြစ်ဖြစ် လုပ်စေချင်ကြတယ်။ ဂိုမာ့ကို သေဒဏ်ပေးဖို့ ဆန္ဒပြကြတယ်။ သတင်းစာတွေ ဂျာနယ်တွေကနေ အော်ကြတယ်။ ဂိုမာ့ရှေ့နေက ဂိုမာ အပြစ်လုပ်မထားကြောင်း၊ ရစ်ချဒ်ကသာ နှစ်ဦးသဘောတူ အစားခံတာဖြစ်ကြောင်းကို သက်သေသက္ခာယနဲ့ ချေပတယ်။ ဂိုမာ့ရှေ့နေ သုံးလိုက်တဲ့ စကားကြီးက အကြီးကြီး။ လူ့အခွင့်အရေးကို ဂိုမာက မဖောက်ဖျက်သလို၊ လူ့အခွင့်အရေးအရလည်း ဂိုမာက အပြစ်မရှိကြောင်း ဆုံးဖြတ်နိုင်လိမ့်မယ် ထင်ပါသတဲ့။

❑

ကနဦးမှာ အသံမကြားရတာအတွက် သူ့စိတ်ထဲ တစ်ခုခုလိုအပ်နေသလိုပဲလို့ တွေးနေမိပေမဲ့ ရုပ်ရှင်ကြည့်နေရင်း သူ့စိတ်ထဲမှာ အသံတိတ်ရုပ်ရှင်ဆိုတာကို သတိမရတော့ဘူး။ စာတန်းတွေကို လိုက်ဖတ်ရင်း နားထဲ အော်သံဟစ်သံ စကားပြောသံတွေ ကြားနေသလိုပဲ။ တစ်ရုံလုံး တစ်ယောက်တည်း ကြည့်နေရတာကိုလည်း သတိမရတော့ဘူး။ ဇာတ်ကောင်တစ်ကောင်ချင်းစီကို အင်တာဗျူးနေရင်းပဲ ဇာတ်ရှိန်က တစ်ရှိန်ထိုး တက်လာတယ်။ သူ့စိတ်ထဲမှာလည်း ဂိုမာကို အပြစ်ပေးသင့်သလား၊ မပေးသင့်ဘူးလားဆိုတဲ့ အတွေးက ထွေပြားလာတယ်။ ဂိုမာဟာ သေဒဏ်၊ ဒါမှမဟုတ် ထောင်ဒဏ်တစ်သက်ချရလောက်တဲ့အထိ ပုဒ်မတစ်ခုခု တပ်စရာမရှိသလို ဖြစ်နေတာတော့ အမှန်ပဲ။ ဒါပေမဲ့ လူသားစားခဲ့တာတောင် တည်ဆဲဥပဒေအရ အပြစ်မရှိဘူး ဆိုတာကြီးက ရော ဖြစ်သင့်ရဲ့လား။ ပုဒ်မ ၃၀၂၊ ၃၀၄။ ဒီပုဒ်မတွေနဲ့ စွပ်စွဲဖို့တော့ အဆင်မပြေနိုင်ဘူး။ ပုဒ်မ ၃၀၅ အရ ရစ်ချဒ်ကိုသာ စိတ်မကျန်းမာသူလို့ ပြောနိုင်ခဲ့ရင်ရော။ တွေးနေတုန်းမှာပဲ ‘ရစ်ချဒ်က ကျွန်မအမြင်ကတော့ ပုံမှန်ပဲ။ အလုပ်ထဲမှာ နေ့တိုင်း တွေ့ရသလောက်က ပုံမှန်ပဲ။ သူ အဲဒီလို ဖြစ်သွားတာကိုတောင် ကျွန်မက အံ့ဩနေတာ’ ဆိုတဲ့ အင်တာဗျူးတစ်ခု တက်လာတယ်။ လူကို စာတန်းထိုးတော့ ‘ရစ်ချဒ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး’ တဲ့။ ဒါဆို ၃၀၅ ကလည်း အဆင်မပြေနိုင်ဘူးလို့ သူတွေးလိုက်မိတယ်။ တရားလိုရှေ့နေပြောတဲ့ နည်းလမ်းရှာရမယ်ဆိုတဲ့ စကားနဲ့အတူ သူ့ခေါင်းထဲကို ကြားဖူးနားဝ ပုဒ်မတွေ ပြေးဝင်လာတယ်။ ဒါမှမဟုတ် ဘာဖြစ်ဖြစ် အပြစ်ပေးဖို့သာ လိုရင်းဆိုပြီး မျက်စိမှိတ် အပြစ်ဒဏ်ချလိုက်ရင်ကော။ မြန်မာနိုင်ငံမှာ



www.burmeseclassic.com

www.burmeseclassic.com

ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ဖူးတဲ့ လူသားစား ဦးလာဘ အမှုဆိုတာကို သူ တွေးမိတယ်။ ဦးလာဘတုန်းက တော့ ကိုယ်တိုင်ကိုယ်ကျ သတ်စားခဲ့တာမို့ အပြစ်ပေးလို့ ရခဲ့တယ်။ ခုက နှစ်ဦးသဘောတူ၊ အင်း အဲဒီနှစ်ဦးသဘောတူဆိုတာက ခက်နေတာပဲ။ ဒါနဲ့ လူသားစားတာကရော မင်္ဂလာဆောင်သလို၊ လုပ်ငန်းတစ်ခုလုပ်သလို နှစ်ဦးသဘောတူ ဆိုတာမျိုး လုပ်လို့ရသလား။

"လူတွေကတော့ သူတို့ မကြိုက်ရင် သေဒဏ်ပေးပါဆိုပြီး ဆန္ဒပြကြတာပဲ။ ဒါပေမဲ့ ကျွန်တော်တို့က လူတွေ တောင်းဆိုတိုင်း လိုက်ပါဆောင်ရွက်ပေးဖို့က မဖြစ်နိုင်ဘူး။ ဘာကြောင့်သလဲဆိုရင် သူတို့က ဥပဒေကို မသိဘူး။ ကျွန်တော်တို့က ဥပဒေကို သိနေတယ်။ ပြီးတော့ အဲဒီ သိနေတဲ့အတိုင်း လိုက်ပါဆောင်ရွက်ရတယ်။ အများက ဘယ်လောက်ပဲ တောင်းဆို တောင်းဆို ဥပဒေအရ မစွပ်စွဲနိုင်ရင် အပြစ်ပေးလို့ မရဘူး။ 'အများညီ ဤကို ကျွဲဖတ်' ဆိုပေမဲ့ ဒီနေရာမှာတော့ မရဘူး။ ပြောရရင် တရားသူကြီး တစ်ယောက်အတွက်ကတော့ ဥပဒေဆိုတာ အသွေးအသားပဲ။ ဥပဒေကို ဖျက်ကွယ်ပြုပြီး အမိန့်တစ်ခုချဖို့ဆိုတာက ကျွန်တော်တို့အတွက် ကိုယ့်အသားကို ကိုယ်ပြန်စားရသလိုပါပဲ"

ဖန်သားပြင်ထက်မှာ "ပီရန်ဒယ်လို" ဆိုတဲ့ တရားသူကြီးက စကားကို ခပ်ဖြည်းဖြည်း ပြောနေတယ်။ သိပ်မှန်တဲ့ စကားပဲလို့ သူ ထောက်ခံမိတယ်။ မကြာဘူး၊ အဝေးတစ်နေရာက ချောင်းရိုက်ထားပုံရတဲ့ ဓာတ်ပုံတစ်ပုံကို ပြပြန်တယ်။ တရားသူကြီး ပီရန်ဒယ်လိုနဲ့ တရားခံ ရှေ့နေ ဂူးမားစ်ပလော့စ်၊ အမှုကို စီရင်ချက်မချမီ နှစ်ပတ်အလို ရုံးချိန်ပြင်ပ ကော်ဖီဆိုင်တစ်ခုမှာ တွေ့ဆုံခဲ့ကြပုံဆိုပြီး စာတန်းထိုးတယ်။ ဘာလဲ၊ ဒါမျိုးက တွေ့နေကြတာပဲ မဟုတ်ဘူးလား။ တရားသူကြီးနဲ့ ရှေ့နေ တွေ့ကြတာ ပုံမှန်ပဲ မဟုတ်ဘူးလား။ ဒီဓာတ်ပုံကို ပြတာက နှစ်ယောက်ပေါင်းပြီး တရားခံကို လွှတ်ပေးဖို့ ပြင်နေတယ်ပြောချင်တာလား။ ဒါဆို ခုနက ပြောခဲ့တဲ့ "တရားသူကြီး တစ်ယောက်အတွက်ကတော့ ဥပဒေဆိုတာ အသွေးအသားပဲ" ဆိုတာ အပိုတွေ ပြောခဲ့တာပေါ့။ ဒါဆို ဒါကြီးတစ်ခုလုံးက လိမ်နေတာလား။

❑

ရုပ်ရှင်ရုံ အပြင်ဘက် ထွက်လာရင်း သူ တွေးမိတာက ရုပ်ရှင်မပြီးခင် ဘာကြောင့်များ ခြေမြန်လက်မြန် ထ,ထွက်ခဲ့မိပါလိမ့် ဆိုတာပဲ။ မပြည့်စုံတဲ့ အနုပညာပစ္စည်းတွေက ပိုလှတယ်ဆိုတဲ့ အတွေးနဲ့ ရုပ်ရှင်မပြီးခင် ထွက်လာတဲ့ သူ့ကို အခြားသူတွေကတော့ အူကြောင်ကြောင်လို့ ထင်ကြမလားပဲ။ သူ့အတွေးထဲမှာ ဂိုမာ့ကို အပြစ်ပေးသင့်၊ မပေးသင့် စိတ်တွေက ထွေပြားလို့။ ကြာကြာတော့ မတွေးနိုင်ဘူး။ သူ့စိတ်ထဲ တစ်ခုခု ဖြစ်နေသလိုပဲဆိုတဲ့ အတွေးကြီးက ထင့်ခနဲ ဝင်လာတာ။ ဘာလဲ၊ ဘာဖြစ်နေတာလဲပေါ့။ ဘေးပတ်ပတ်လည်က ဆိုင်ခန်းမှန်နံရံတွေကို စူးစမ်းကြည့်နေရင်း သူနဲ့ ဘောင်းဘီအင်္ကျီ ဆင်တူဝတ်ထားတဲ့ ခေါင်းမွေးဖြူဖြူ အဘိုးကြီးကို မှန်ထဲမြင်လိုက်ရတော့ သူ ဘာပြောရမှန်းမသိအောင် ကြက်သေ သေသွားတယ်။ သူ စေ့စေ့ကြည့်သလို အဘိုးကြီးက သူ့ကို စေ့စေ့ ပြန်ကြည့်နေတယ်။ သူ လက်ညှိုးထိုးလိုက်သလို အဘိုးကြီးက သူ့ကို လက်ညှိုးပြန်ထိုးနေတယ်။ သူ ဘေးဘယ်ညာကို လှည့်ကြည့်တော့လည်း ဘယ်သူမှ မရှိဘူး။ ဒါဆို မှန်ထဲက အဘိုးကြီးက သူလား။ ဘာလဲ၊ ရုပ်ရှင် ဇာတ်ကားတစ်ကားစာ အချိန်အတွင်းမှာ သူ အဲဒီလောက် အိုမင်းသွားခဲ့တာလား။ အသက်သုံးဆယ်အရွယ်က အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်အရွယ် ဖြစ်နေခဲ့တာ။ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့ဒူးတွေ ရုတ်တရက် ညွှတ်ကျတော့မလို ပျော့ခွေလာတာ။ သူ မလှမ်းမကမ်းက မှန်ကို လက်လှမ်းထောက်ပြီး ဖမ်းထိန်းလိုက်တယ်။ အဘိုးကြီးနဲ့ သူ မှန်မျက်နှာပြင်ပေါ်မှာ လက်ဝါးချင်းအပ်မိတော့ သူ့ကိုယ်ထဲက ခွန်အားတွေ ရုတ်တရက် စီးထွက်သွားသလိုပဲ။ သူ ချက်ချင်းပဲ အလန့်တကြား နောက်ဆုတ်လိုက်မိတယ်။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဘာတွေဖြစ်မှန်း သူ မသိတော့ဘူး။ သူ့ဦးနှောက်ထဲမှာ အတွေးတွေကလည်း အကုန်ပိတ်ဆို့နေတယ်။ သူ ကြောက်စိတ်နဲ့ တုန်တုန်ချည့်ချည့် ဆက်လျှောက်လာရင်း ရုပ်ရှင်ရုံရှေ့က လမ်းမအလယ်ကို ရောက်လာတယ်။ ညသန်းခေါင်ချိန်ရဲ့ လျှပ်စစ်မီးရောင်အောက်မှာ တစ်ရှိန်ထိုးမောင်းနေတဲ့ ကားတွေ၊ ပြီးတော့ ခပ်သုတ်သုတ်လျှောက်နေတဲ့ လူတွေ။ သူ မြင်နေရသမျှ တစ်ခုခု ထူးဆန်းနေသလိုပဲ။ ဘာလဲ၊ ဘာတွေထပ်ဖြစ်ပြန်ပြီလဲ။ သူ ရုတ်တရက် သတိထားမိသွားတယ်။ အသံ… အသံတွေ မရှိတော့တာ။ အားလုံး ခုနက ကြည့်ခဲ့တဲ့ အသံတိတ်ရုပ်ရှင်ထဲကလို ဖြစ်နေတာ။ သူ့အကြားအာရုံတွေ ပျက်ကုန်တာလားလို့ သူ အထိတ်တလန့် တွေးမိတယ်။ ခေါင်းကို ခပ်ဆတ်ဆတ် ခါယမ်းပစ်လိုက်တယ်။ ဟုတ်တယ်၊ ဘာသံမှ မကြားရဘူး။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒါတကယ်ကြီးဖြစ်နေတာလားပေါ့။ ဘာကိုကြောက်မိမှန်း မသိတဲ့ ထိတ်လန့်မှုနဲ့ ရုပ်ရှင်ရုံရဲ့ အဝေးကို ခပ်သွက်သွက် ထွက်ပြေးခဲ့ရင်း သူ တစ်ချက်လည်ပြန်မော့ကြည့်မိတော့ အနီရောင်ဖြာလဲ့ တောက်ပနေတဲ့ ရုပ်ရှင်ရုံနာမည် ဆိုင်းဘုတ်ကြီးကို ထင်ထင်ရှားရှား မြင်လိုက်ရတယ်။

CAUCHEMAR

ကူးရှယ်မာရ် တဲ့။ ■

**ရေအေး**

*__မှတ်ချက်။__ ။ပြင်သစ်ဘာသာစကားဖြင့် CAUCHEMAR မှာ "အိပ်မက်ဆိုး" ဟု မြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။* ■ ***အယ်ဒီတာ***



www.burmeseclassic.com

www.burmeseclassic.com



အပူငွေ့များ၊
မီးခိုးငွေ့များကြောင့်
ကျောင်းဝင်းနောက်ဘက်
အစွန်၌ရှိသော
မီးဖိုဆောင်လေးကို
သဲသဲကွဲကွဲ မမြင်ရ။
နေ့နှစ်နာရီခွဲ နေက
မစောင်းတစောင်း
ကျစပြုနေသော်လည်း
အပူဓာတ်ကမူ
ရှိန်ရှိန်ထ,နေဆဲပင်။
ခြေတံရှည်
ရေးကျောင်းအိုကြီးမှာကား
မန်ကျည်းပင်များ
ခြံရံထားသည့်အလယ်၌

# ဆွေးယင်ကျူး

**ခန့်ညီဇေ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဣန္ဒြေရရ၊ အေးအေးချမ်းချမ်း တည်ရှိနေ၏။ ကျောင်းညာဘက်ဘေးရှိ မန်ကျည်းပင်ကြီးကို ဝိုင်းပတ်ခွေ၍ ရိုက်ထားသော သစ်သားကွပ်ပျစ်ကြီးပေါ်တွင် ကိုရင်တစ်သိုက်မှာ စာအုပ်ကိုယ်စီ ရှေ့ချလျက် စာဝါလိုက်ရန် အဆင်သင့်စောင့်နေကြသည်။ ကိုရင်လေးတစ်ပါးက မန်ကျည်းပင်ကြီး မှီထောင်ထားသည့် သင်ပုန်းကြီးအား အဝတ်ဖြင့် ပွတ်တိုက်သန့်စင်နေသဖြင့် ထွက်ပေါ်လာသော တဖတ်ဖတ်အသံမှ လွဲ၍ ကျောင်းဝင်းကြီးတစ်ခုလုံးကို တိတ်ဆိတ်ခြင်းက မင်းမူထားသည်။ မီးခိုးတလူလူ မီးဖိုချောင်ထဲမှ ချောင်းတဟွတ်ဟွတ်ဆိုးရင်း ထွက်လာသော ကပ္ပိယကြီး ဦးဘစိုးက မန်ကျည်းပင်အောက်ရှိ ကိုရင်အုပ်စုကို တစ်ချက်ကြည့်လိုက်ရင်း ကျောင်းအိုကြီး၏ ပင်မလှေကားကြီးဆီ ခပ်သုတ်သုတ် လျှောက်သွားနေ၏။ ဦးဘစိုး လှေကားထိပ်အရောက် ကျောင်းကြီးပေါ်မှ တိုင်ကပ်နာရီအိုကြီးကို တစ်ချက်လှမ်း ကြည့်လိုက်မိတော့ နာရီလက်တံများက နှစ်နာရီခွဲကို အတော်ကျော်၍ ပြနေကြချေပြီ။

ဦးဘစိုးလည်း ခြေသံကို ခပ်ဖွဖွနင်းပြီး ကျောင်းဦးရှိ ဦးပဉ္ဇင်းအခန်းဆီသို့ တရွေ့ရွေ့ လှမ်းလာခဲ့၏။ အခန်းပေါက်ဝအရောက် လေနှင့်အတူ တလွင့်လွင့် လှုပ်ခါနေသော အပြာနုရောင် ခန်းဆီးလေးကြားမှ အခန်းတွင်းရှိ ဦးပဉ္ဇင်းကျိန်းနေသော ခုတင်ဆီသို့ မတ်တတ်ရပ်ရင်း လှမ်း

0Dif fwlUawmh r[ m*Emi½kd q&mawmf bkm;BuD t&SZeum bOd&U pmawG tqkt rawGY BuDVmcJhawmh 'g½d *Rfyumoe ay:yif tvkdfawG tm;ray;csifb} q&mawmfBuD reDYw, f bkfuDo &GaMuwh

ကြည့်နေမိသည်။ ကျောင်းကြီးပေါ်တွင် တိုင်ကပ်နာရီအိုကြီး၏ တချပ်ချပ်စက်သံမှလွဲ၍ တခြားအသံများက တိတ်ဆိတ်နေ၏။ သင်္ကန်းအရောင် မှိုင်းမှိုင်းညို့ညို့ကြောင့် ကျိန်းစက်နေသည့် ဦးပဉ္ဇင်းလေး၏ မျက်နှာတော်မှာ ကြည်ကြည်လင်နေသည်ကို ဦးဘစိုးတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်နေမိပြန်သည်။ အခန်းထောင့်အပေါက်တစ်ခုဆီမှ တိုးဝင်လာသော နေရောင်မျှင်ဖျော့ဖျော့က ဦးပဉ္ဇင်းလေး၏ ခေါင်းအုံးအဖြူရောင်ကို ထိုးမိသဖြင့် ထွက်ပေါ်လာသည့် ရောင်ပြန်အလင်းရောင်ကြောင့် အခန်းတစ်ခုလုံးမှာ အတန်ငယ် လင်းနေသလိုလို။ ဦးဘစိုးတစ်ယောက် အခန်းပေါက်ဝ၌ အတန်ကြာရပ်နေမိသည်။ နှစ်နှစ်ခြိုက်ခြိုက် ကျိန်းစက်နေသော ဦးပဉ္ဇင်းလေးကို နှိုးရမည်မှာ ချီတုံချတုံဖြစ်နေသည်။ စိတ်ထဲတွင် မနှိုးရက်သေးသော်လည်း စာဝါချချိန်က အတန်လွန်နေသဖြင့် နှိုးမှဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး ဦးဘစိုးတစ်ယောက် အခန်းတွင်းသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်တော့သည်။

❑

ဇနီးသည် ဒေါ်အေးကြည် အမျိုးသမီးရောဂါဖြင့် ဆုံးပါးသွားသည်က ဦးဘစိုးတို့ သားအဖအတွက် ခိုကိုးရာ မြင်းမိုရ်ကြီး ပြိုခြင်းပင်။ ငါးနှစ်အရွယ် လူမမည်သားလေးနှင့် ထန်းလျှောပြီးကတည်းက ခါးတစောင်းနှင့် ဒုက္ခိတတစ်ပိုင်းဖြစ်နေသော ဦးဘစိုးတို့၏ မှီခိုအားထားရာမှာ အိမ်ရှင်မ ဈေးသည်ကြီး ဒေါ်အေးကြည်သာဖြစ်၏။ ယခင် ဦးဘစိုး ထန်းမလျှောခင်ကတော့ သူ၏ထန်းတက်သမား၊ ထန်းလျက်ဖိုအခစား ဘဝက မိသားစုသုံးဦးအတွက် ပူပင်ကြောင့်ကြစရာမရှိ။ သို့သော် ကံကြမ္မာ၏ အလှည့်အပြောင်းတစ်ချက်တွင် ဦးဘစိုးခမျာ ဒုက္ခိတတစ်ပိုင်း ဖြစ်ခဲ့ရ၏။ ပေါ့ပေါ့ပါးပါး အလုပ်မျှသာ လုပ်နိုင်တော့သည့် သူ့ကိုယ်စား အိမ်ထောင်မှုတာဝန်များက ဒေါ်အေးကြည်အပေါ် လုံးလုံးလျားလျား ကျရောက်ခဲ့တော့သည်။ သားဖြစ်သူကိုလည်း ဦးဘစိုး၏ ဘကြီးဘုန်းကြီးရှိရာ ရွာဦးကျောင်းသို့သာ အပ်နိုင်တော့သည်။ အတန်းကျောင်းလည်း မထားနိုင်တော့။ ကျောင်းအိပ်ကျောင်းစား သားဖြစ်သူအတွက် ပူပန်စရာတာဝန် လျော့ပါးသွားသော်လည်း လင်ကိုယ်မယား ဝမ်းနှစ်ခါးအတွက်ကမူ အတော် ခက်ခဲလွန်းလှသည်။ သားကို ဖွားမြင်ပြီးကတည်းက မီးယပ်ရောဂါဖြင့် တရှောင်ရှောင် ဒေါ်အေးကြည်မှာလည်း မလွှဲသာသဖြင့်သာ ရွာတကာလည်ပြီး ဈေးရောင်းရသည်။ ကျန်းမာရေးက ဒေါင်ဒေါင်မြည်မဟုတ်။ ရောဂါအခံ၊ ပင်ပန်းသည့်ဒဏ်ကို ဒေါ်အေးကြည်ခမျာ ရေရှည်မခံနိုင်တော့။ ဦးဘစိုး ထန်းပင်ပေါ်ကပြုတ်ကျပြီး နှစ်နှစ်ခန့်အတွင်း သားနှင့် ခင်ပွန်းကို စိတ်မချနိုင်စွာဖြင့် ဘဝတစ်ပါး ပြောင်းသွားရရှာတော့သည်။ ဒုက္ခိတ ဦးဘစိုးအတွက် ခိုကိုးရာကား ဘကြီးဘုန်းကြီးရှိရာ ရွာဦးကျောင်းဆီသို့သာပင်။

ဦးဘစိုး ကျောင်းစ, ရောက်တော့ သားဖြစ်သူမှာ အရှင်ရေဝတအဖြစ် တစ်ဝါရပြီးနေပြီ။ အမြော်အမြင်ရှိသူ ဆရာတော်က မြေးဖြစ်သူ အရှင်ရေဝတအား သူကိုယ်တိုင် စာဝါတက်ပေးပြီး အခြေပြုမူလတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခိုင်းသည်။ တစ်ဆယ့်ငါးနှစ်သားအရွယ်အရောက်တွင် အမရပူရ၊ မဟာဂန္ဓာရုံ တိုက်သို့ သူကိုယ်တိုင် လိုက်အပ်ပေးခဲ့ပြီး စာသင်သားဘဝဖြင့် မန္တလေးမှာ ထားထားခဲ့တော့သည်။ ဥဂ္ဂဏ်



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်သော အရှင်ရေဝတလေးမှာ သာမဏေဘဝဖြင့်ပင် ပထမငယ်စာမေးပွဲ အောင်မြင်ခဲ့တော့၏။

သားအတွက် အပူအပင်မရှိရသော ဦးဘစိုးမှာ ဘကြီးဘုန်းကြီး၏ ဝေယျာဝစ္စကို ပြုရင်း ရွာဦးကျောင်းမှာပင် သူ့ဘဝကို အေးချမ်းစွာ ဖြတ်သန်းနေပါတော့သည်။ ထူးချွန်ထက်မြက်သည့် ဦးပဥ္စင်းလေး ဦးရေဝတမှာ သက်တော်သုံးဆယ်မှာပင် ဓမ္မာစရိယ သုံးကျမ်းစွဲ အောင်မြင်ပြီးဖြစ်သည်။ ဦးပဥ္စင်းလေးမှာ မဟာဂန္ဓာရုံတိုက်၌ စာသင်၊ စာချအကူအဖြစ် သီတင်းသုံးနေဆဲမှာပင် ရွာဦးကျောင်းဆရာတော် ပျံတော်မူပြီး ဆရာတော်ကြီး၏ ဆန္ဒအရ ရွာကျောင်းသို့ ကျောင်းထိုင်အဖြစ် လာရောက်သီတင်းသုံးရတော့၏။ မဟာဂန္ဓာရုံထွက် ဦးပဥ္စင်းလေးမှာ ပရိယတ်၊ ပဋိပတ်ကို အထူးကြိုးစားအားထုတ်ပြီး ရွာမှ ရှင်သာမဏေလေးများကို စာဝါသင်ကြားပို့ချပေးကာ စာမေးပွဲများ ဝင်ဖြေနိုင်အောင် ဆောင်ရွက်သည်။ ထူးချွန်သော သာမဏေများကိုလည်း စာသင်တိုက်ကြီးများဆီ ပို့ဆောင်ပေးပြီး ရွာဦးကျောင်းထိုင်ဘဝကို အကျိုးရှိစွာ ဖြတ်သန်းနေပေတော့၏။ ဦးဘစိုးမှာလည်း သားရဟန်း၏ အမှုကိစ္စများကို အနီးကပ်ဆောင်ရွက်ပေးရင်း အပူအပင်များမှာ မရှိသလောက်ပါပေ။

❑

‘ဒကာကြီး၊ ဒီမနက် အရုဏ်ဆွမ်းမှာ ငံပြာရည်ချက်ပန်းကန်လည်း မတွေ့ပါလား။ ဒကာကြီး သိမ်းထားတာလား၊ ကုန်သွားတာလား’

အရုဏ်ဆွမ်း ဘုဉ်းပေးနေသော ဦးပဥ္စင်းလေး၏ အမေးကို နံဘေးမှ ရေနွေးငှဲ့ပေးနေသော ဦးဘစိုးက အဖြေရခက်စွာ တစ်ချက်ကြည့်ရင်း–

‘ဦးပဥ္စင်းကလည်း ဒီနေ့ ငါးရံ့ခြောက်လေးကို ဆီရွှဲရွှဲနဲ့ ကောင်းအောင်ဖုတ်ပေးထားတာပဲဟာ။ ပဲပြုတ်လေးနဲ့ မြိန်အောင် ဘုဉ်းပေးပါလား ဘုရား။ ငါးခြောက်ပါလို့ တပည့်တော်က ငံပြာရည်ချက်ကို သေချာမချတာပါ၊ မတည့်မှာစိုးလို့ ဘုရား’

ဦးဘစိုးက လျှောက်ထားအပြီး ငါးရံ့ခြောက်အသားမွှာလေးများကို ဦးပဥ္စင်း ဆွမ်းပန်းကန်ထဲ အသာခွေထည့်ပေးနေသည်။ ပဲပြုတ်တစ်ဇွန်းကိုလည်း ထည့်ပေးလိုက်ပြန်သေး၏။ ဦးပဥ္စင်းက သူ့ခမည်းတော်ကြီး လုပ်ကိုင်နေသည်ကို တစိမ့်စိမ့်ကြည့်ရင်း–

‘ဒကာကြီးကလေ သိပ်အကဲပိုတာပဲ။ သူ့ငါးခြောက်ကဖြင့် ဆားပေါ့ခြောက်အချိုတွေ။ ဦးပဥ္စင်းကလည်း အခြားအသားငါးတွေမပါရင်သာနေ၊ ဆွမ်းကို ငံပြာရည်ချက် လေးလေးပင်ပင် ငန်ငန်စပ်စပ်လေးနဲ့ နယ်ဖတ်စားလိုက်ရမှ ခံတွင်းတွေ့တာ။ ဒကာကြီးသာ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ဗျ။ အသက်က ငယ်တော့တာမှမဟုတ်’

‘အို ဘယ့်နှယ်ဦးပဥ္စင်းရယ် တပည့်တော်လို အိုကြီးအိုမ ဒုက္ခိတတစ်ယောက်အတွက် သေလည်း ဘာဆန်းလဲ၊ အခုကို အိုနေပြီ၊ နာလည်းနာနေပြီ။ သင်္ခါရသဘောအရ သေရုံပဲကျန်တော့တာချည်း။ တပည့်တော်က ဦးပဥ္စင်းစိတ်ပူတာ။ နေထိုင်မကောင်းကို မဖြစ်စေချင်တာလေ။ မပြောကောင်း မဆိုကောင်း အမှည့်တဝင်းဝင်း၊ အကင်းတဖြုတ်ဖြုတ်ဆိုသလိုဖြစ်မှဖြင့် ဦးပဥ္စင်းရယ် တပည့်တော် ရင်ကျိုးရချည့်’

ဦးပဥ္စင်းလေးက ခမည်းတော် ဦးဘစိုးကို ကြည့်ပြီး တဟားဟား ရယ်ရင်း–

‘ဩော် ဒကာကြီးရယ်၊ ဒီတရားသဘောတွေ ဆင်ခြင်နိုင်အောင် တရားနာခိုင်း၊ တရားထိုင်ခိုင်း၊ ဝိပဿနာအလုပ်တွေကို ဦးပဥ္စင်းက လုပ်ခိုင်းနေရတာပေါ့။ ကြီးသူသေသေ၊ ငယ်သူသေသေ ဒါတွေဟာ သဘာဝတွေပါပဲ ဒကာကြီးရဲ့။ ဒါနဲ့ နေပါဦး၊ ဒကာကြီး မနေ့ညက တရားမထိုင်ဘဲ မြောက်ဘက် သစ်ချိုကုန်းရွာက ဘုန်းကြီးပျံပွဲသွားနေတာ မိုးချုပ်မှ ပြန်လာတာဆို၊ အစောက မောင်ကျောင်းသားကို ဦးပဥ္စင်းမေးနေတာ၊ ဟုတ်သလား’

ဦးပဥ္စင်း အမေးကြောင့် ဦးဘစိုးက ရှက်ကိုးရှက်ကန်းရယ်ရင်း–

‘တပည့်တော် တရားထိုင်ပြီးမှသွားတာပါ ဦးပဥ္စင်းရယ်။ မိုးလည်း သိပ်မချုပ်ပါဘူး။ အစောကြီးကတည်းက ပြန်မလို့ဟာလေ ဟို မုံရွာက မင်းသမီး အဆိုအကတွေထဲ မျောသွားလို့။ နေ့ခင်း ဇယင်ကျူးတုန်းကလည်း သူပဲလေ၊ လွတ်ကောင်းဆိုပဲ။ နေ့လယ်မှ သွားကြည့်လိုက်ဦးမယ်။ ဦးပဥ္စင်းလိုတာတွေရှိရင် တပည့်တော်ကို စောစောခိုင်းထား’

‘အင်းပါ သွားပေါ့၊ ဒါနဲ့ ဒကာကြီး ဘုန်းကြီးပျံပွဲက အတော်စည်ဆို’

‘ဟုတ်တာပ ဦးပဥ္စင်းရယ်၊ သစ်ချိုကုန်းရွာ ရိပ်သာက ဘုန်းကြီးဆိုတော့ တပည့် ဒါယကာ ဒါယိကာမတွေကလွှတ်ပေါတာ၊ တောင်စံကျောင်းဆောင်၊ မြောက်စံကျောင်းဆောင် မဏ္ဍပ်နှစ်ဆောင်ကို ဟည်းထ,နေအောင် ထိုးထားကြတာဘုရား။ ဇယင်ကျူးမင်းသမီးကို မုံရွာကနေ တကူးတက သွားငှားလာကြတာ နှစ်လက်တောင်မှ’

‘တယ်ဟုတ်ပါလား ဒကာကြီး၊ သစ်ချိုကုန်းရွာကသူတွေ ငွေအတော်ရှင်နေကြတာပါလား’

ဦးဘစိုးက ဦးပဥ္စင်းပန်းကန်ထဲ ဆွမ်းပူပူတစ်ဇွန်းထပ်ဖြည့်ထည့်လိုက်ရင်း–

‘တင်ပါ့၊ တပည့်တော်ကြားတာက သူတို့ထန်းတောတွေ၊ လယ်တွေ စီမံကိန်းတစ်ခုကဆိုလားပဲ ဈေးကောင်းပေးဝယ်နေလို့ ခွဲရောင်းကြတယ် ပြောသံကြားတာပါပဲ ဘုရား။ နို့ တပည့်တော်တို့ရွာလည်း ဘာထူးတာမှတ်လို့ အရှင်ဘုရားနယ်’

‘ခက်တော့ ခက်တာပဲ၊ ဒီကုန်ကျမယ့်ငွေကြေးတွေကို အကျိုးရှိရှိ အသုံးချကြစေချင်တာဗျ။ နောက်ဆုံးဗျာ နှစ်ရွာသုံးရွာပေါင်းပြီး အလယ်တန်း



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမျိုးဖြစ်အောင် ဝိုင်းဝန်းလိုက်ကြရင် ဘယ်လောက်ကောင်းမလဲ။ ဦးဇင်းတို့ကတော့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသရဲ့ စာတွေ၊ အဆုံးအမတွေနဲ့ ကြီးလာခဲ့ရတော့ ဒါမျိုး ဂုဏ်ပကာသန ပေါပင်အလုပ်တွေ အားမပေးချင်ဘူး။ ဆရာတော်ကြီး မိန့်ဖူးတယ်၊ ဘုန်းကြီးသေ ရှာကြေတဲ့။ ဆရာတော်ကြီးက ဂုဏ်တုဂုဏ်ပြိုင် ကိစ္စတွေကို အားမပေးဘူး ဒကာကြီး"

"ဦးပဉ္ဇင်းရယ် လူအများစုကိုက ဒါမျိုးလုပ်မှ ကုသိုလ်ရမယ် ထင်နေကြတာကိုး။ ဘကြီးဘုန်းကြီးကလည်း စောနက ဦးပဉ္ဇင်းမိန့်သလိုပါပဲ။ သူ့ရှာပနကိုတောင် ပွဲလမ်းသဘင်တွေနဲ့ အကျယ်မချဲ့ဖို့ ပျံတော်မမူခင် အစောကြီးကတည်းက ကြိုမှာသွားတော်မူတာ။ ဒီခေတ်လူတွေကလည်း ခက်ပါတယ်၊ လက်ထဲ ငွေယားလေးများရှိလာရင် ကုသိုလ်ရေး ဗန်းပြပြီး ပကာသန၊ အပျော်အပါးပဲ ဦးစားပေးချင်နေကြတာလေ။ ဟင် ဦးပဉ္ဇင်းက ပြည့်စုံပြီလား။ တပည့်တော် ထပ်ထည့်ပေးတဲ့ ဆွမ်းတွေတောင် အရာမယွင်းဘူး။ ဦးပဉ္ဇင်း စားမကောင်းဘူးလား။ စားချင်တာ တပည့်တော် ချက်ပြီးကပ်ပါ့မယ် ဘုရား၊ အင်း ဆွမ်းကွမ်းကလည်း မပေါများတော့ ဦးပဉ္ဇင်း ဖြစ်သလိုဘုဉ်းပေးရရှာတယ်"

ဦးဘစိုးက စကားပြောရင်း လက်ဆေးရေဇလုံကို ဦးပဉ္ဇင်းရှေ့မှ အသာမ,ယူလိုက်သည်။

uSyfvkd bkef;ukd;awG&m ue&fGo&fGom; 'um 'umrawG tm;wufa&m 0kdf0efvkyfay; Mur, fqkdvm tvum;ae tvum; tm;tm;, m;, m; vkyfaeMuw, fom; xifaeovm; ykdvmfbdkwh bkef;uKdU *Rfbdm? uSyfvkd &fGop&fG&U *Rfbdm© 'gawGwGf 0kdfMurfS

"စားကောင်းပဗျာ၊ ပြည့်စုံလို့ တော်လိုက်တာပေါ့။ အင်း ငံပြာရည်ချက်မပါတော့ ခံတွင်းမမြိန်တာ အမှန်ပဲ"

"ဦးပဉ္ဇင်းကလည်း၊ အငန်တွေအစားများပြီး သွေးတိုးမှာ စိုးလို့ပါ"

"ကဲပါ ဒကာကြီး စိတ်မကောင်းဖြစ်မနေပါနဲ့၊ ဦးပဉ္ဇင်းက အတော်အသင့်ဖြစ်ပါတယ်။ ကိုရင်လေးတွေ တန်းဆွမ်းရယ်၊ ဆွမ်းချိုင့်တစ်ခါတစ်ရံရောက်တာနဲ့ကို လောက်ငနေတာပဲဟာ"

ဦးဘစိုးက ဆွမ်းပန်းကန်ကို သိမ်းဆည်းရင်း စားပွဲခုံကို အုပ်ဆောင်းဖြင့် အုပ်ထားလိုက်သည်။

"တပည့်တော်က ရွာတောင်ကျောင်းဘုန်းကြီး ဆွမ်းဝိုင်းမြင်ဖူးပြီး ဦးပဉ္ဇင်း မပြည့်မစုံတာကို စိတ်မကောင်းဖြစ်နေမိတာ"

ဦးပဉ္ဇင်းက ခမည်းတော်ကြီး ဦးဘစိုးအား ကရုဏာသက်စွာ ကြည့်ရင်း-

"ဒါက ထုံးစံပဲ ဒကာကြီး၊ ဒီမှ မဟုတ်ဘူး ဘယ်မှာမဆို ဒီလိုပါပဲ။ တောင်ကျောင်းက ဝိပဿနာစခန်းတွေဖွင့်ပြီး ယောဂီတွေတရားပြတဲ့ ရိပ်သာလို ဖြစ်နေတာကိုး။ လှူမယ့်တန်းမယ့်သူ ပေါများတာ သဘာဝပါပဲ။ ဦးပဉ္ဇင်းကတော့ စာသင်စာချကိုပဲ အဓိက လုပ်ချင်တာဆိုတော့ ဒကာ၊ ဒကာမတွေနဲ့ အဆက်အစပ် သိပ်မရှိတာ။ ပြီးတော့ သူ့ရှေးဘုန်းကံအကျိုးပေးတွေလည်း ပါတာပဲဟာ။ မုဒိတာပွားပေးရမယ် ဒကာကြီး။ စိတ်ထဲ အကုသိုလ်အဖြစ်မခံပါနဲ့လေ။ ကဲ ဒကာကြီး မနက်စောစောလေး စားလိုက်ဦး"

❑

"ဟော့ ဖိုးချိုရေ အမြန်လာဦး၊ ဦးသောမနကိုလည်း ရှာခေါ်ခဲ့။ ကိုရင်လေးတွေ ကျောင်းပေါ် အမြန်လာခဲ့ကြဦး။ ဒီမှာ ဦးပဉ္ဇင်း ဘာဖြစ်မှန်းမသိဘူး၊ ကျုပ် တက်နှိုးတာ ခေါ်လို့မရဘူး။ လုပ်ကြပါဦးဟ"

ကျောင်းပြတင်းပေါက်မှ ခေါင်းပြူ၍ အော်လိုက်သော ဦးဘစိုးအသံကြောင့် တိတ်ဆိတ်နေသော ကျောင်းဝိုင်းမှာ ဝရုန်းသုန်းကားဖြင့် ဆူညံပွက်လောရိုက်သွားတော့သည်။ ကျောင်းနေ ဦးပဉ္ဇင်း ဦးသောမနနှင့် ကျောင်းသား ဖိုးချို၊ ကိုရင်လေးများအားလုံး ကျောင်းပေါ်ပြေးတက်လာကြသည်။ ဦးပဉ္ဇင်းအခန်းရှေ့၌ ဦးဘစိုးမှာ ကြောင်တိကြောင်တောင် မတ်တတ်ရပ် လျက်။ ဦးသောမနက ဖိုးချိုအား ရွာကျန်းမာရေးမှူးအိမ်သို့ ပြေးခေါ်ခိုင်းလိုက်ပြီး ကိုရင်လေးများကို ရွာထဲပြေး၍ လူကြီးများအား အခေါ်ခိုင်းလိုက်သည်။ ဦးပဉ္ဇင်းခုတင်ခေါင်းရင်းတွင် ဦးဘစောတစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့်ရပ်နေကာ ဦးပဉ္ဇင်း နဖူးလေးစမ်းလိုက်၊ နှာသီးဖျားလေး လက်ဖြင့် တို့ကြည့်လိုက်လုပ်နေရင်း ပျာယာခတ်နေတော့သည်။ ဦးသောမန၏ တုံးမောင်းခေါက်သံကြောင့်လည်း အနီးဆုံးလူများက ကျောင်းပေါ် အပြေးအလွှားရောက်လာကြသည်။ တစ်ခဏအတွင်း ကျန်းမာရေးမှူးရော ရွာလူကြီးများပါ စုံစုံလင်လင် ရောက်လာကြ၏။

ကျန်းမာရေးမှူး စမ်းသပ်နေသည်ကို ဦးဘစိုးတစ်ယောက် မျက်တောင်မခတ်ကြည့်နေရင်း မျက်ရည်များက မျက်ဝန်းအစုံတွင် ဝေသီလျက်ရှိသည်။ အမျိုးမျိုး စမ်းသပ်ပြီးနောက် ကျန်းမာရေးမှူးက ခေါင်းခါပြလိုက်သည်။ ဦးပဉ္ဇင်း ပျံလွန်တော်မူသွားသည်မှာ နာရီပိုင်းခန့်ရှိလောက်ပြီဟုလည်း ပြောပြ၏။

"မဖြစ်နိုင်ဘူး··· သေချာပြန်စစ်ပေးပါဦး ကိုသန်း



www.burmeseclassic.com

www.burmeseclassic.com

ဝင်းရယ်။ ဦးပဉ္ဇင်း ကျိန်းနေတာမဟုတ်လားဟင်၊ ဟုတ်တယ်မဟုတ်လား။ ဦးပဉ္ဇင်းကျိန်းနေတယ်လို့ ပြန်ပြောပါ ကိုသန်းဝင်းရယ်… ဟီး ဟီး”

ကလေးကြီးတစ်ယောက်သဖွယ် ချုံးပွဲချငိုပြီး ကျန်းမာရေးမှူး ကိုသန်းဝင်းအား လက်ဆွဲ၍ တတွတ်တွတ်ပြောနေသော ဦးဘစိုးကို ဝိုင်းတွဲလိုက်ကြပြီး အခန်းအပြင်ဘက်သို့ ဆွဲခေါ်ခဲ့ကြ၏။ လူငယ်များနှင့် တောင်ကျောင်း၊ မြောက်ကျောင်းမှ ဦးပဉ္ဇင်းများပါ ရောက်လာကြပြီး ပြုဖွယ်များကို လုပ်နေစဉ် ဦးဘစိုးမှာကား တသိမ့်သိမ့် တရှိုက်ရှိုက် ငိုကြွေးနေဆဲပင်။

❑

ကျောင်းမကြီး ဘုရားစင်ရှေ့၌ ဦးပဉ္ဇင်းလေး၏ ရုပ်ကလာပ်ကို မှန်ခေါင်းဖြင့် ထည့်ပြီး ပြင်ထားသည်။ တောင်ကျောင်းဆရာတော်ရော မြောက်ကျောင်းဆရာတော်ပါ ရောက်နေကြပြီး မှန်ခေါင်းရှေ့ ဆက်တီခုံတွင် သီတင်းသုံးနေကြ၏။ ကျေးရွာ အုပ်ချုပ်ရေးမှူးရော ရွာလူကြီးများပါ အစုံရောက်ရှိနေကြပြီ။ ရွာသူရွာသား ဒကာဒကာမများလည်း ရောက်နေကြပြီး ဦးပဉ္ဇင်း ပျံတော်မူသွားသည့် ကိစ္စကို ထင်ရာမြင်ရာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ သူတို့နောက်ဖျားနားရှိ ကျောင်းတိုင်တစ်ခုကို မှီပြီး ဦးဘစိုးတစ်ယောက်တည်း ထိုင်နေသည်။ ကျန် ဦးပဉ္ဇင်းကိုရင်များလည်း အားလုံး ကျောင်းကြီးပေါ် ရောက်နေကြသည်။

တောင်ကျောင်း ဆရာတော်က လက်အုပ်ချီလျက် မြောက်ကျောင်း ဆရာတော်ကို တီးတိုးလျှောက်ထားတိုင်ပင်နေသည်။ မြောက်ကျောင်းဆရာတော်ကလည်း ကွမ်းတမြုံ့မြုံ့၊ ခေါင်းတညိတ်ညိတ်။ တောင်ကျောင်းဆရာတော်က ရှေ့ရှိ ပရိသတ်ဘက် လှည့်လိုက်ပြီး ချောင်းတစ်ချက် ဟန့်လိုက်၏။ ဆူဆူဆူဆူအသံများလည်း ရုတ်ခနဲ ငြိမ်ကျသွားသည်။ ဟိုနောက်နားရှိ ဦးဘစိုးဆီမှသာ ရှိုက်သံသဲ့သဲ့က တစ်ချက်တစ်ချက် ထွက်ပေါ်လာနေ၏။

“ဒကာ ဒကာမတို့ သိတဲ့အတိုင်းပဲ၊ ရွာဦးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးရေဝတ အခုညနေကပဲ ပျံတော်မူသွားရှာပြီ။ ကျန်းမာရေးမှူးအပြောအရဆို သွေးဆောင့်တက်လို့ ဦးနှောက်သွေးကြောကို ဆောင့်တိုးပြီး ဦးနှောက်သွေးကြောပြတ်ပြီး ပျံလွန်တော်မူရတာလို့ သိရတယ်။ ဆရာတော်လေးကတော့ သူ့လားရာ သုဂတိနတ်ပြည်ကို ပျံတော်မူသွားပြီဆိုတော့ တို့များ ကျန်ရစ်သူတွေက ဆရာတော်ရဲ့ အန္တိမစျာပနကိစ္စကို ကောင်းကောင်းမွန်မွန် လှလှပပ လုပ်ပေးဖို့ တာဝန်ရှိတယ်။ စောစောက မြောက်ကျောင်းဆရာတော်ကလည်း ဘုန်းကြီးကိုမိန့်တယ်။ ဒါဟာ ရွာဦးကျောင်းဖြစ်တဲ့အတွက် မြောက်ကျောင်း တောင်ကျောင်းခွဲမနေဘဲ နှစ်ကျောင်းစလုံးမှာ တာဝန် ရှိပါတယ်။ မြောက်ကျောင်း ဒကာဒကာမတွေ၊ တောင်ကျောင်း ဒကာဒကာမတွေ အားလုံး တက်ညီလက်ညီနဲ့ ဝိုင်းဝန်းကြဖို့ လိုတယ်။ ပြောရရင် ဒါဟာ တို့ရွာသစ်ရွာရဲ့ ဂုဏ်သိက္ခာပဲ။ သူများရွာတွေက ဘုန်းကြီးပျံတွေထက် မသာတောင်မှ လျှော့လို့ မရဘူး။ ဒါကြောင့် ဒီကိစ္စအတွက် စျာပနကော်မတီဖွဲ့ပြီး ဝိုင်းဝန်းလုပ်ကြပါ။ ဘုန်းကြီးတို့ကလည်း လိုအပ်တဲ့ ဩဝါဒပေးပြီး ပံ့ပိုးကူညီကြမယ်”

တောင်ကျောင်းဆရာတော့် စကားအဆုံး အားလုံးက ဘုန်းကြီးပျံကိစ္စကို တက်ညီလက်ညီ ဝိုင်းဝန်းဆွေးနွေးကြသည်မှာ ပွက်ပွက်ညံဆူသွားပါသည်။ ထိုစဉ် ကျောင်းနေ ဦးပဉ္ဇင်း ဦးသောမနက လက်တစ်ဖက်ကာပြပြီး ထ,ရပ်လိုက်သဖြင့် အားလုံးအကြည့်က သူ့ဆီရောက်သွားပြီး တဒင်္ဂငြိမ်သက်သွား၏။

ဦးသောမနက လက်အုပ်ချီလျက် ဆရာတော်များအား လျှောက်ထားသည်။

“ဆရာတော်ဘုရားတို့ စျာပနကိစ္စအတွက် စီစဉ်တာ တပည့်တော် ဝမ်းမြောက်ပါတယ် ဘုရား။ ဒါပေမဲ့ ပျံတော်မူသွားတဲ့ ဘုန်းကြီးရဲ့ ဖခမည်းတော် ဦးဘစိုး သဘောထားကို မေးမြန်းစေချင်ပါသေးတယ် ဘုရား”

တောင်ကျောင်းဆရာတော်က ခေါင်းတဆတ်ဆတ် ညိတ်ပြီး–

“အင်းလေ၊ မေးမယ်ဆိုလည်း မေးကြရုံပေါ့။ ဒါပေမဲ့ သူကလည်း အိုမင်းမစွမ်း ဒုက္ခိတကြီးဟာပဲ၊ သူဘာလုပ်ပေးနိုင်မှာမှတ်လို့။ ကဲပါလေ ခေါ်ခေါ်၊ ဦးဘစိုးကြီး ရှေ့ခေါ်လိုက်”

ဦးသောမနက နောက်ဆုံးရှိတိုင်ကို မှီထိုင်နေသော ဦးဘစိုးအား ရှေ့သို့တွဲခေါ်လာခဲ့သည်။ ဆရာတော်များ ရှေ့အရောက် မြောက်ကျောင်း ဆရာတော်က–

“ကဲ ဒကာကြီးဦးဘစိုး၊ ပျံတော်မူသွားတဲ့ ဦးရေဝတ စျာပနကိစ္စကို ဘယ်လိုစီစဉ်စေချင်သတုံး”

ကျန်သူများအားလုံးကလည်း ဦးဘစိုးအဖြေကို စိတ်ဝင်တစားစောင့်နေကြ၏။

ဘုန်းကြီးများရှေ့ ကျုံ့ကျုံ့ကလေး ထိုင်နေသော ဦးဘစိုးက ပခုံးပေါ်မှ တဘက်ဖြင့် မျက်ရည်စများကို သုတ်လိုက်ရင်း–

“တပည့်တော်ဆန္ဒရယ်လို့ အထွေအထူး မရှိပါဘူးဘုရား၊ သားဦးပဉ္ဇင်း ဖြစ်စေချင်တဲ့အတိုင်းပဲ လုပ်ပေးစေချင်တော့တာပါ”

ဦးဘစိုး စကားအဆုံး တောင်ကျောင်းဆရာတော်က–

“ပြော ဒကာကြီး၊ ပြောပြော။ ဘုန်းကြီးတို့အားလုံး ဝိုင်းဝန်းပြီး ဒီနယ်တစ်ဝိုက်မှာ အကြီးကျယ် အခမ်းနားဆုံး ဖြစ်အောင် လုပ်ပေးမယ်။ ဒီလို စာတတ်ပုဂ္ဂိုလ်ဆိုတာ ဒီနယ်တစ်ကြောမှာ ရှားတယ်။ ဒါကို ဘုန်းကြီးတို့ ရွာသစ်တစ်ရွာလုံးက တန်ဖိုးထားတယ်။ မဖြစ်ဖြစ်အောင် လုပ်ပေးမယ်။ ဘယ်လောက်ကုန်ကုန်ကွယ်”


ဦးဘစိုးက ခေါင်းကြီးငုံ့ထားပြီး မျက်ရည်များက တသွင်သွင်ကျနေသဖြင့် စကားမပြောနိုင်။ အတန်ကြာ

စာမျက်နှာ(၁၂၉)သို့…



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်မှ
ပြန်ဆင်းလာလာချင်း
အညို့၏ သတင်းကို
ကြားရသည်။
ယုံရခက်ခက်၊ မယုံရခက်
ခက် တွေဝေဆွံ့အ နေသည့်
စိမ်းကိုယ်စိမ်း
ဘာဖြစ်သွားမှန်း မသိ။
အညို့အတွက်
ယူကျုံးမရ စာနာဝမ်းနည်း
စိတ်သည် စိမ်းကို
ချက်ချင်း
လောင်မြိုက်သလို
ခံစားရသည်။
ကရုဏာဒေါသနှင့်
ဖြစ်မှဖြစ်ရလေခြင်းရယ်
ဆိုသည့် မချိတင်ကဲစိတ်က
စိမ်း ခံစားနေရသည့်
ခန္ဓာ၏ ဝေဒနာ
ဆိုတာကိုပင်
မေ့မေ့လျော့လျော့
ဖြစ်ရလေသည်။
စိမ်းစကားကို
နားမထောင်နိုင်ခဲ့သည့်
အညို့ကို စိမ်း
သိပ်ကိုတွေ့ချင်
မြင်ချင်လှသည်။
'ယောကျ်ားတွေက
မကောင်းပါဘူး
မမစိမ်းရယ်' ဆိုသည့်
အညို့အသံလေးကို
ပြန်ကြားမိတော့
ဒီစကားမျိုး
ပြောလာတိုင်းမှာ
ညှိုးရော်
ပြောင်းလဲသွားတတ်သည့်
အညို့၏ မျက်နှာလေး၊
တိမ်တိမ်နှင်နှင်
ဖျော့လျော့သွား
တတ်ရှာသည့်
အညို့အသံလေးတွေကို
မြင်မိကြားမိ
ပါသေးသည်။ စိမ်း
ယခုတစ်ခေါက်
ဆေးရုံပေါ်
ပြန်မရောက်မီစပ်ကြား
အညို့နှင့် နောက်ဆုံး
တွေ့ခဲ့ကြရသေးသည်မှာ
ဘာမျှ မကြာခဲ့လိုက်ပေ။
စိမ်းအတွက်
ဆေးရုံတက်ရမည့်ရက်
မတိုင်ခင် အညို့
အိမ်ကိုလာပြီး
လိုအပ်သည့်
ပစ္စည်းပစ္စယများ
ကူကာ ထည့်ပေးခဲ့ရှာ
သေးသည်ပင်။
ဒီတုန်းက စိမ်းသည်



www.burmeseclassic.com

www.burmeseclassic.com

အညို့ကိုကြည့်ရင်း ဆုံးမနေကျ စကားတွေ ဆိုနေခဲ့မိသေးသည်။ ဘာကြောင့်မှန်းမသိ အညို့ဘဝလေးကို စာနာရင်းဖြင့် အညို၏ ဒဏ်ရာလေးများကို စိမ်းက အလကား ဝေမျှယူ အညို့နေရာမှ ထပ်တူ ခံစားရတတ်စမြဲ။

“အညို… သက်အောင်ရော အခြေအနေ ဘယ်လို ရှိသေးလဲ”

“အခုနောက်ပိုင်းတော့ ခြေပြန်ငြိမ်နေတယ် မမစိမ်း။ အညိုလည်း မပြောတော့ဘူးလေ။ မမစိမ်း ဆုံးမတဲ့အတိုင်း အတတ်နိုင်ဆုံး အညို သည်းခံနေလိုက်တယ်။ ဥပေက္ခာပါပြုထားတယ်။ သူလည်း သူ့လိပ်ပြာသူသိမှာပါ မမစိမ်းရယ်”

အညို့နှုတ်က ဥပေက္ခာဆိုသည့်စကား ကြားရတော့ စိမ်း ယုံဖြင့် မယုံနိုင်ခဲ့ပေ။ အညိုတစ်ယောက် အတော့်ကို ပြောင်းလဲသွားပါလားရယ်ဟု သံသယတစ်ဝက်ဝင်ရင်းမှပင် အညို့စကားတွေကို ယုံကြည်မိခဲ့သေးသည်။ ဥပေက္ခာပြုတတ်နေပြီတဲ့လား အညိုရယ် ဆိုသည့် စကားကို စိမ်း နှုတ်က ဖွင့်မပြောမိပါဘဲ စိမ်း စိတ်မှ တိတ်တဆိတ် ဝမ်းသာတစ်လှည့်၊ စာနာဝမ်းနည်းတစ်လှည့်။ ခုတော့ အညိုက စိမ်း ယုံကြည်ထင်မှတ်ထားသလို ဖြစ်မလာနိုင်ခဲ့ရှာတော့ပေ။ စိမ်း စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်ကာ စိမ်းရှေ့မှာပင် ပိပိရိရိ လိမ်လည်လှည့်စားကာ အရှိကို ဖုံးကွယ် မုသားသုံးသွားခဲ့ခြင်းသာ ဖြစ်နေခဲ့ရှာသည်ပင်။ အညို့အသက်ကလေးမှ နှစ်ဆယ်ကျော် အစိတ်၊ စိမ်းထက် အများကြီးငယ်သည်။ ရုပ်ရည်ကလေးက သန့်သန့်ပြန့်ပြန့်၊ အပြောအဆို အနေအထိုင် လူမှုပေါင်းသင်းဆက်ဆံရေးကလေးများ သိပ်တော်ရှာသေးသည်။ စိမ်း ဘာခိုင်းခိုင်း၊ ဘာပြောပြော အပြုံးကလေးတစ်ချက်မပျက်။

“ဟုတ်ကဲ့ မမစိမ်း”။

နှုတ်မှ မချတတ်ပေ။ အညို့ကို ရိုးရိုးသားသား အေးအေးဆေးဆေး လိမ်လိမ်မာမာ ကလေးမို့ သိစကတည်းကပင် စိမ်း သံယောဇဉ်တွယ်ခဲ့ရဖူးသည်။ အိမ်ထောင်ကျတာ စောလိုက်တာ အညိုရယ်လို့ စိမ်း မကြာခဏ နှမြောတသ ဆိုမိဖူးသည်။

“ရေစက်ရှိတော့ ပုန်းနေလို့ မရဘူးလေ မမစိမ်းရဲ့။ ရေစက်တောင် မကပါဘူး၊ ဝဋ်ကြွေးပဲ နေမှာပေါ့”

ဒါကလည်း အညို၏ ဖြေနေကျ အဖြေစကားတွေထဲမှ တစ်ခုပင်။ စိမ်းအိမ်မှာ အဝတ်အစားတွေ လာလာလျှော်ပေးရင်း၊ အိမ်မှုကိစ္စတွေ လာလာကူလုပ်ပေးရင်း တစ်ခါတစ်ရံ တစ်နေကုန် စိမ်းနှင့်အတူရှိနေတတ်သည့်အခါ အညိုက စိမ်း၏ အဖော်ဖြစ်နေတတ်သေးသည်။ အညို့အကြောင်းကို စိမ်းက ကောင်းကောင်းသိသလို စိမ်းအကြောင်းကိုလည်း အညို သိထားခဲ့သည်သာ။ စိမ်းနှင့် အညိုဟာ ဘဝက်အကျိုးပေးပုံစံချင်း မတူညီတာလေး တစ်ခုသာ ကွဲလွဲ၍ ကြုံတွေ့ရင်ဆိုင်ကြရသည့် အဖြစ်အပျက်တစ်ခု ထပ်တူညီခဲ့ကြသည်မှာ မည်မျှ ထူးဆန်းပါသနည်း။ မိန်းမသားချင်းဆိုသည့် စာနာနားလည်မှုအပြင် အဲ့ဒီအဖြစ်ဆိုးကြီး၏ လောင်းရိပ်အောက်မှာ ရှင်သန်ကျင်လည်ကြရသည့် ဝေဒနာဒုက္ခတွေကိုလည်း ဝေမျှခံစားပေး၍ လွယ်ကူခဲ့ကြသည်ပင်။

❑

“ဘယ်လိုဖြစ်ရတာလဲ အညိုရယ်၊ မိုက်လိုက်တာဟယ် နင် မိုက်လိုက်တာဟယ်”

အညို့အမူ အမိန့်မချရသေးပေ။ ဝေဒနာသက်သာစပြုချိန် စိမ်း အညို့ရှိရာ ရောက်ခဲ့သည်။ စိမ်းကိုမြင်လျှင် အညိုသည် ခေါင်းကို ငုံ့ရင်းကွယ်ရင်းမှ ဝမ်းပန်းတနည်း ငိုရှာသည်။ စိမ်း မျက်နှာကို အညို မကြည့်ရဲသည်ကို စိမ်း အပြစ်မဆိုသာပေ။ ထိုသို့ အပြစ်မဆိုရှာတတ်ခြင်းများစွာကြားမှာ စိမ်းသည် အညို့ကို မြင်လျှင်မြင်ချင်း ကရုဏာဒေါသတွေဖြင့် အပြစ်အထပ်ထပ် ဆိုရှာမိသည်။

“အညို ဆုံးဖြတ်ပြီး လုပ်လိုက်တာပါ မမစိမ်း။ အညို အရမ်းပူလောင်တယ် မမစိမ်း။ အညို သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်သွားပြီ ထင်တာပဲ မမစိမ်းရယ်။ အညို ဘာကိုမှ ရင်ဆိုင်ဖို့ မကြောက်တော့ဘူး မမစိမ်း။ အညို့အပြစ် အညိုခံယူဖို့ အသင့်ပါပဲ”

“အညိုရယ်”

ဘာပြော၍ ပြောရမှန်းမသိအောင် စိမ်း ဆွံ့အ,ခဲ့ရပြန်သည်။ အညို့ကို နှစ်သိမ့်ချင်ပေမဲ့ စိမ်းမှာ စကားလုံးတွေပင် ရှာမရပြန်။ အညို့အတွက် ခံစားနာကျင်မိသည့် စိမ်းစိတ်ကို စိမ်း မထိန်းကွပ်နိုင်ပြန်။ နွမ်းလျှ ညှိုးရော်နေသည့် ပန်းကလေးတစ်ပွင့်လို အညို့မျက်နှာကို မြင်ရကတည်းက စိမ်းလည်း အညို့နှယ် မျက်ရည်တွေ ကျခဲ့ရရှာသေးသည်။ တစ်နည်းအားဖြင့် အညိုဟာ သူ့ဘဝ၏ အဆုံးသတ်ကို သူကိုယ်တိုင် ရဲရဲဝံ့ဝံ့ ရွေးချယ်သွားခြင်းဟု စိမ်းမှတ်ထင်မိသေးသည်။ သို့သော် အညို မှားယွင်းခဲ့သည်ဟု စိမ်းထင်သည်။ စိမ်း၏ အညို့အပေါ်ထားရှိမိသော အတ္တလေးကြောင့်လည်း ဖြစ်မည်။ မည်သို့ပင် ဆိုဆို အညို့ကို စိမ်းမြင်ချင်သည်မှာ ထိုသို့သောပုံစံ၊ ထိုသို့သော အဆုံးသတ် ဇာတ်သိမ်းမျိုးနှင့် မဟုတ်ခဲ့ပေ။ ရလဒ်ဟာ အညိုနှင့် လားလားမျှ မထိုက်တန်လှဟု စိမ်း တစ်ယူသန်လည်း တွေးချင်နေမိသေးသည်။ အရာအားလုံးကသာ စိမ်းဆန္ဒအတိုင်း ဖြစ်လာဖို့ နောက်ကျသွားခဲ့သည် မဟုတ်ပါလား။

“ဘာဆက်လုပ်မလဲလို့ အစ်မ နင့်ကို ဘယ်လို မေးရမလဲ အညိုရယ်။ နင်လုပ်လိုက်တာက ဘာမှပြန်လုပ်လို့ မရတော့ဘူးလေ။ အစ်မ စကားလေး နည်းနည်းလောက် နားထောင်ခဲ့ပါတော့လား အညိုရယ်။ အသိအရမ်းနည်းလွန်းတယ် အညိုရယ်”

“အဲ့ဒီနေ့က အညို ရုပ်



www.burmeseclassic.com

www.burmeseclassic.com

ကွက်ထဲမှာလှည့်ပြီး အလုပ်လုပ်နေတာ မမစိမ်း။ အိမ်ကို အစောကြီး ပြန်ရောက်သွားတော့မှ မမျှော်လင့်ဘဲ မိသွားတာ။ အညို့မျက်စိထဲမှာ ဘာမှ မမြင်ရတော့ဘူး မမစိမ်းရယ်။ ပူလောင်လိုက်တာများလေ အညို တစ်ခါမှ မခံစားဖူးတဲ့ ခံစားမှုကြီးလိုပဲ။ အညို ဘယ်လောက်သည်းခံပေးခဲ့တယ်ဆိုတာ မမစိမ်း သိပါတယ် မမစိမ်းရယ်။ ဒါပေမဲ့ မမစိမ်းရယ် အညို မစဉ်းစားနိုင်တော့ဘူး။ အညို သိတာ၊ အညိုစဉ်းစားနိုင်တာ အညို ဒီပူလောင်မှုကြီးထဲကနေ ထွက်ပြေးဖို့၊ လွတ်မြောက်သွားဖို့ တစ်ခုတည်း'

'ဒါနဲ့ပဲ ဒီအလုပ်ကြီးကို နင်လုပ်ရဲတယ်နော် အညို'

'သူ တစ်ပါးပြောတဲ့ ကြားစကားလောက်ကို ခံနိုင်ရည်ရှိလို့ ခွင့်လွှတ်နိုင်ခဲ့ပေမဲ့ အညို့မျက်စိနဲ့ အတပ်မြင်၊ အညို့နားနဲ့ အညိုကိုယ်တိုင် ဆတ်ဆတ်ကြားတဲ့ အဖြစ်ကိုတော့ အညို ခံနိုင်ရည်မရှိတော့ဘူး မမစိမ်းရဲ့။ လုပ်ရက်လိုက်တာဆိုပြီး ပိုနာကြည်းရတယ်။ အညိုတောင် ဒီလောက်ခံစားရရင် မမစိမ်း တုန်းကရောလို့ အညို ခုတော့ ကိုယ်ချင်းပိုစာနိုင်ပါပြီ မမစိမ်း။ ဒါကြောင့်လည်း မမစိမ်းကို အညို ပိုပြီး လေးစားရတယ်။ မမစိမ်း စကားကို နားမထောင်နိုင်တော့တာကိုတော့ ခွင့်လွှတ်ပေးပါ မမစိမ်းရယ်။ အညို နှစ်ယောက်စလုံးကို နေရာမှာပွဲချင်းပြီး သတ်မယ်လို့ ဆုံးဖြတ်လိုက်တာ။ ဒါပေမဲ့ အညို မလုပ်လိုက်နိုင်ပါဘူး'

'အို အညိုရယ်'

အညို့စကားတွေကို နားထောင်နေရင်းမှ ခံနိုင်ရည်မရှိတော့ သူလို စိမ်း ညည်းတွား ရှောင်လွဲယူရသည်။ အညိုက ဖြည်းဖြည်းမှန်မှန် တည်တည်ငြိမ်ငြိမ်ထားပြီး ရှင်းပြပြောဆို၍ပင် နေရှာသည်။ ဖြူစင်ရိုးသား အပြစ်ကင်းစင်ခဲ့သည့် အညိုမှ ဟုတ်ပါသေးရဲ့လားဟု စိမ်း ဝမ်းနည်းစွာ အညို့မျက်နှာကို ကြည့်ငေးနေမိဆဲ။ အညို့နေရာမှာ စိမ်း ဆိုလျှင်ရော ဟူသည့် မေးခွန်းမျိုး စိမ်း ပြန်မမေးနိုင်ခဲ့ပေ။ စိမ်းသည် အညိုနှင့် မတူညီခဲ့ပေ။ စိမ်းက အညို့လို အသိမိုက်မဲဘဝကို မရင်းနှီးခဲ့ပေ။ စိမ်းမှာ ဥပေက္ခာဆိုသော လက်နက်တစ်ခုသာ ပိုင်ဆိုင်နိုင်ခဲ့၏။ သို့သော် စိမ်း၏ နာကျင်ခါးသီးမှုတွေကို စိမ်းသာလျှင် အသိတတ်နိုင်ဆုံးဖြစ်သည်။ ပြီးတော့ စိမ်းသည်…။

❑

ဆေးစစ်ချက် ထွက်လာတော့ ကင်ဆာဆိုသည့် ရောဂါဆိုးအဖြစ် သေချာသွားခဲ့သည်။ စိမ်း ခံနိုင်ရည်ရှိစွာ အတန်အသင့် မျှော်လင့်ထားနှင့်ခဲ့သည်မို့ လွန်လွန်ကြူးကြူး မတုန်လှုပ်ခဲ့ပေ။ စိမ်း စိတ်တွေလည်း ထင်သည်ထက် ပိုကာ မရွှေ့ယိုင်။ စိမ်းမှာ သံယောဇဉ်တွေ ကျန်သေးသည်။ အထူးသဖြင့် ရောဂါဆိုးကြီးကို စိမ်းကိုယ်ထဲမှ ရသည့်နည်းနှင့် တတ်နိုင်စွမ်းသမျှ တိုက်ထုတ်၍ ရနိုင်သေးသမျှ အချိန်ကာလကို ဆွဲဆန့်ရှင်သန်ဖို့ တွန်းအားသည် အရွယ်ရောက်ရန် စောလွန်းနေသေးသည့် သမီးလေးက အဓိက ဖြစ်ခဲ့သည်။ စိမ်းက အများကြီးကံကောင်းသည်ဆိုရှာရမည်။ ရောဂါကို လက်ဦးမှုရနိုင်ခဲ့သေးသည်။ ဖြတ်ထုတ်လိုက်ရသည့် စိမ်းခန္ဓာကိုယ်ထဲမှ အစိတ်အပိုင်းတစ်ခုကို စိမ်း မနှမြောပေ။ သမီးလေးအတွက် တစ်စုံတစ်ရာ ပေးဆပ်အသက်ရှင်သန်ခွင့်နှင့် လဲလှယ်ရယူလိုက်နိုင်ခြင်းအဖြစ်သာ ခံယူကျေနပ်သည်။ အခြေအနေတစ်ခုက အဆိုးဆုံးထဲ ရှိနေခဲ့ပါလျက် နောက်ထပ် အဆိုးဆုံး အခြေအနေတစ်ခုအထိကို စိမ်း မျှော်လင့်ထားသင့်သလောက် မျှော်လင့်ထားခဲ့ပါသည်။ သို့သော် စိမ်းမျှော်လင့်သော အခြေအနေဆိုးမျိုးတော့ ဖြစ်လာခဲ့သည် မဟုတ်ပေ။

'မင်း ဆေးရုံတက်နေတဲ့ရက်ပိုင်း အိမ်မှာ သမီးကိစ္စနဲ့ ဘယ်လိုမှ အဆင်မပြေလို့ နီလာ့ကို ရွာက လှမ်းမှာလိုက်တာပါ။ မင်းကို အသိမပေးတာ မင်း နောက်ဆံတင်းနေမှာစိုးလို့။ နီလာက ကိုယ့်ဦးလေးတစ်ဝမ်းကွဲ တူမ၊ ကိုယ်တို့နဲ့ အမျိုးမကင်းပါဘူး။ သူ မင်းနေကောင်းတဲ့အထိ ကူညီပေးလိမ့်မယ်။ မင်းမရှိတဲ့ရက်ပိုင်းတွေ ကိုယ် အိမ်မှာ ပြန်မအိပ်ဖြစ်ပါဘူး။ မင်းဆေးရုံ တစ်လှည့်၊ သမီးကိစ္စတွေ တစ်လှည့် အပြင်က သူငယ်ချင်းတစ်ယောက်အခန်းမှာပဲ ညပိုင်း သွားသွားအိပ်တယ်လေ'

အသိပေးစကားလိုလို ဝန်ခံစကားလိုလို အချိန်ကာလတစ်ခု နှောင်းလွန်းမကနှောင်းပြီးခါမှ သူ့နှုတ်က ဖွင့်ဟလာခဲ့ရုံ သက်သက်မျှ ဖြစ်နေသည်။ စိမ်း ယုံကြည်မှုတစ်ခုကို လွယ်လွယ်ကူကူ ရွှေ့ယူ အသုံးချသွားခဲ့ခြင်းမျိုး သို့မဟုတ် စိမ်း မတတ်စွမ်းလိုက်နိုင်သည့် စိမ်း နောက်ကွယ်မှ အပြောင်းအလဲဆန်း တစ်ခုသာ ဖြစ်နေခဲ့သည်။ နှစ်ကာလဆိုသည့် အချိန်အတန်ကြာ ထားရှိလာဖူးသည့် ခိုင်မာသော စိမ်း ယုံကြည်မှုသည် အခြေအနေ အဖြစ်အပျက်တစ်ခု၊ အပြောင်းအလဲတစ်ခုအပေါ် မြန်မြန်လိုက်ပါ တည်ဆောက်၍ မရအောင် ချည့်နဲ့နဲ့မျှသာ။ အိပ်ရာထဲ လဲနေရသည့် အခိုက်အတန့် ပြိုယိုင် မခိုင်မာသည့် စိမ်း စိတ်ဓာတ်တွေကို ထပ်ဆင့် တွန်းတိုက်ဖြိုခွဲမှု မျိုးဟု စိမ်း သံသယတွေ အထပ်ထပ် ဝင်ခဲ့ရသည်။ သို့သော် သံသယကို သံသယမျှ ထားရှိ အဆုံးသတ်ရန် စိမ်း ဦးနှောက်၊ စိမ်းအသိ မတိမ်နည်းခဲ့ပေ။ တစ်နေ့တော့ စိမ်းသံသယတွေကို စိမ်း ကိုယ်တိုင် အဖြေမှန် ထုတ်ဖော်နိုင်လိုက်သည်။ သူ့ဖုန်းထဲမှ မက်ဆေ့ချ်ဟု ခေါ်သော လျှို့ဝှက် အဆက်အသွယ် တစ်နေရာမှာ စိမ်း သံသယတွေကို အဆုံးသတ်ပစ်လိုက်နိုင်သည်။ စိမ်းသည် သမီးလေး၏ မျက်နှာကို ငဲ့သည်။ သမီးလေးအတွက်တော့ ပြင်းပြင်းထန်ထန် စိမ်း တိုက်ပွဲဝင်ခဲ့မိသည်။ စိမ်းခံစားမှု၊



www.burmeseclassic.com

www.burmeseclassic.com

စိမ်းဆန္ဒဆိုတာတွေထက် သမီးလေးအတွက် အရာရာကိုထား ရှေ့တန်းတင်လိုက်သည်။

လုပ်ရက်လေခြင်း ဆိုသည့် စိတ်မှာ ခါးသီးနာကျင်မှုတွေသာရှိသည်။ မုန်းတီးရွံ့ရှာမှု၊ အထင်သေးမှု၊ မယုံကြည်မှုတွေကို စိမ်း၏ ခံစားချက်အဖြစ် မျှိုသိပ်ကွယ်ဝှက်သည်။ စိမ်းဝင်သောတိုက်ပွဲသည် သမီးလေးအတွက်သာဖြစ်သည်။ ဒဏ်ရာရနေသည့် စိမ်းသည် ထပ်ဆင့်ဒဏ်ရာကို တိုးနိုင်သမျှ တိုးတိုက်ခံယူရင်း တိုက်ပွဲဝင်သည်။ ရက်စက်လုပ်ရက်လိုက်လေခြင်း ဆိုသည့် စိမ်းအသိမှာ စိမ်းယုံကြည်မှုအားလုံးနီးပါး ပြိုကျပျက်စီးခဲ့ရသည်။

❑

စိမ်းရှေ့မှာ သူခိုးလူမိသလို ခေါင်းငုံ့ငြင်းဆန်ပါလျက် ဝန်ခံနေခဲ့ရသည့် လူနှစ်ယောက်ကိုကြည့်ပြီး စိမ်းခံစားနေခဲ့ရသည့် ဝေဒနာတွေလည်း နင့်နင့်သီးသီး ပြင်းပြင်းရှရှရှိခဲ့သည်။ စိမ်းကိုယ်တိုင် ဖော်ထုတ်ပြီး အမိဖမ်းထားသည့် သက်သေတွေနှင့် စိမ်းက အမိန့်ချမှတ်ရမည့် တရားသူကြီးအဖြစ်မျိုးနှင့် ဖြစ်သည်။ သို့သော် ထိုလူသားနှစ်ယောက်မှာ အပြစ်ရှိသူ လူသားတစ်ဦးက စိမ်း ယုံကြည်ကိုးကွယ်ခဲ့ရသည့် ခင်ပွန်းယောကျ်ားတစ်ယောက် ဖြစ်နေခဲ့သည်မှာ မည်မျှ အသည်းနာစရာကောင်းလွန်းပါသနည်း။ ဒီအချိန်ကတည်းက စိမ်းစိတ်သည် မည်မျှ ပြိုကွဲပျက်စီး၍ နေစေ စိမ်းအသည်းမာကျောသွားခဲ့သည်။ စိမ်းသည် အရှုံးမပေး၊ အနိုင်ရသူအဖြစ်သာ မာန်တင်းသည်။ ကောင်မလေးကို စိမ်းကိုယ်တိုင် အိမ်ပေါ်မှ နှင်ချခွင့်ရခြင်း အလုပ်မျိုး ပညာရှိဆန်စွာ စိမ်းလုပ်နိုင်ခဲ့သည်။ စိမ်းသည် အတွင်းမီးကို အတွင်း၌သာ လောင်မြိုက်ခံလိုက်သည်။ ဝေဒနာဖြင့် အိပ်ရာထဲ လှဲနေချိန် ဇနီးမယားမျက်နှာမထောက်၊ နောက်ထပ်တစ်ယောက် အိမ်ပေါ် ခေါ်တင်ရဲသော၊ ခေါ်တင်ရက်သော ယောကျ်ားတစ်ယောက်၏ မျက်နှာပြောင်တိုက် အတင့်ရဲဖောက်ပြန်မှုမျိုးကို ဘယ်လိုစကားလုံးမျိုး၊ ဘယ်လိုမျက်နှာမျိုး၊ ဘယ်လိုရင်ဆိုင်မှုမျိုးဖြင့် ပတ်ဝန်းကျင်ကို စိမ်း ရင်ဆိုင်မည်နည်း။ စိမ်းသည် တစ်ကောင်ကြွက် တစ်မျက်နှာသမား မဟုတ်ပေ။ သို့သော် စိမ်းအပူသည် အပြင်သို့ ညော်နံ့မျှမထွက် မကူးမစက်၊ အတွင်းသာ လိုက်လောင်ခြင်းဖြင့် အဆုံးသတ်ဖို့ ကြိုးစားသည်။ စိမ်းမျှော်လင့်သည့်အတိုင်း သူရပ်တန့်မသွားခဲ့ပေ။ အသက်ရှင်လျက် ဝဠ်ကြွေးဆပ်နေရသေးသည့် စိမ်းကို အသေစောင့်စောင့်သလို သိသည်တစ်မျိုးထား၊ နောက်ကွယ်တစ်မျိုး ဆက်၍ တိုးနေမြဲ။ နောက်ဆုံးတော့ စိမ်း သူ့ကို ပေးထားလိုက်နိုင်သည်မှာ ဥပေက္ခာတစ်ခုသာ။

မည်မျှပြင်းရှသည့်ဒဏ်ရာ မည်ရွေ့မည်မျှပင် အေးချမ်းသည်ဆိုဆို ဥပေက္ခာ ဟူသော အရာသည်လည်း အပူမကင်းလွတ်နိုင်ကြောင်း ခံစားဖူးသူမှသာလျှင် သိရှိနိုင်မည်သာ။ စိမ်း ကံဆိုးသည်ကို စိမ်း သိခဲ့သည်။

‘မမလို လှလည်းလှ၊ ဣန္ဒြေသိက္ခာလည်းရှိတဲ့ မိန်းမမျိုးကို တန်ဖိုးမထားဘဲ လုပ်တာမျိုးကျတော့ စဉ်းစားရ ခက်လိုက်တာနော် မမစိမ်း။ မမစိမ်းယောကျ်ားကို အညိုတောင် မုန်းချင်လာတယ်’

‘အစ်မက ခုတော့ မလှနိုင်တော့လို့ပေါ့ အညိုရယ်။ ကင်ဆာဖြစ်မှန်းသိကတည်းက သောက်ရတဲ့ဆေးတွေက အရမ်းပြင်းတာလေ။ ဆံပင်တွေ တစ်ခေါင်းလုံး ကျွတ်ပြီး ကတုံးမဒေဝီ ဖြစ်သွားပြီ။ လူလည်း အရိုးပဲရှိတော့တယ် မဟုတ်လား’

‘မမစိမ်းပြတဲ့ ဓာတ်ပုံတွေထဲမှာ မမစိမ်း အရမ်းလှတာပါပဲနော်။ မမစိမ်းက ပညာလည်းတတ်တယ်။ ဘဝကလည်း အညိုတို့ထက် အများကြီး ပြည့်စုံပါတယ်။ မမစိမ်းမို့ ဒီရောဂါ၊ ဒီအဖြစ်မျိုးတွေ လာဖြစ်ရတယ်လို့။ ယောကျ်ားတွေက မကောင်းပါဘူး မမစိမ်းရယ်’

‘မမစိမ်းတို့ မိန်းမတွေရဲ့ စိတ်က အပြောင်းအလဲ သိပ်မြန်တယ်လို့သာ ပြောကြတာပါ။ တကယ်တမ်း ယောကျ်ားတွေရဲ့စိတ် အပြောင်းအလဲမြန်တာကမှ အစ်မတို့ မိန်းမတွေတောင် လိုက်မမီတာ အညိုရဲ့’

‘ဟုတ်တယ် မမစိမ်း၊ အညိုလည်း ကြားဖူးတယ်။ မိန်းမတွေရဲ့ မာယာက သဲကိုးဖျာတဲ့။ ယောကျ်ားတွေရဲ့ မာယာကျတော့ မန်ကျည်းကိုးပင်တဲ့။ ဖျာကိုးဖျာပေါ်က သဲနဲ့ မန်ကျည်းကိုးပင်ပေါ်က မန်ကျည်းရွက်တဲ့လေ ဘာထူးလို့လဲနော်’

‘အေး အညိုမှ ပြောတတ်သေးတယ်။ အညိုပြောတဲ့ မာယာနဲ့တော့ သိပ်မဆိုင်ဘူးပေါ့။ ဒါပေမဲ့ အလားသဏ္ဌာန်ချင်းကတော့ မတိမ်းမယိမ်းပါပဲကွယ်’

ကျန်းမာရေးကြောင့် အနားယူရသည့်ကာလအချို့ အညို့ကို နေ့ပိုင်း အိမ်အကူအညီခေါ်ယူခဲ့ရာမှ ခင်မင်ရင်းနှီးခဲ့ကြသည်။ အတန်းပညာနည်း၊ ဘဝကလေး နိမ့်ကျပေမဲ့ အကျင့်စာရိတ္တတရားကောင်းမွန်ပြီး အလုပ်အပေါ် စေတနာလည်းပါသည့် အညို့ကို စိမ်း သဘောကျသည်။ မထင်မှတ်ဘဲ စိမ်း အညို့ကို ကိုယ့်အကြောင်းကို ရင်ဖွင့်မိခဲ့ရာမှ အညို့အကြောင်း အတော်များများကို လည်း သိနားလည်ခွင့်ရခဲ့သည်။ အညို့ကို စိမ်း ပိုလို့ သနားကရုဏာစိတ်ဝင်ရပြန်၏။

‘အညို့ယောကျ်ား သက်အောင်က အညိုနဲ့ ချစ်လို့ ကြိုက်လို့ ယူခဲ့ကြတာ မဟုတ်ဘူး မမစိမ်းရဲ့’

‘ဟင် ဟုတ်လား၊ ဘယ်လိုများ ညားလာခဲ့ကြတာလဲ ပြောပြပါဦး အညိုရဲ့’

‘ပြောရရင်တော့ အရှည်ကြီးပေါ့ မမစိမ်းရယ်။ တကယ်တော့ အညို့မှာ ချစ်သူရှိခဲ့တယ် မမစိမ်းရဲ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်က ကိုမင်းသူတဲ့။ အညိုတို့ဘဝက မပြည့်စုံဘူးလေ။ အညိုဆို ငါးတန်းတောင် ဆုံးအောင် မတက်လိုက်ရဘဲ ကျောင်းပါထွက်ခဲ့ရတာ။ ကိုမင်းသူက အညို့ကို သိပ်ချစ်တာ မမစိမ်းရဲ့။ အညို့ဘဝကိုလည်း နားလည်ပေးနိုင်တယ်။ ဘဝချင်းကျတော့လည်း တူနေတာကိုး။ သက်အောင်နဲ့လည်း သူငယ်ချင်းပဲ။ အညို့ကို ယူဖို့ဆိုပြီး ဖားကန့်ဘက် ကျောက်သွားတူးတဲ့အဖွဲ့နဲ့ လိုက်သွားလိုက်တာ ငှက်ဖျားနဲ့ပါသွားပြီး သေတယ်ပဲ ကြားလိုက်ရတာ။ အညိုဖြင့် မျက်နှာတောင် မမြင်လိုက်ရပါဘူး။ အညို စိတ်ဆင်းရဲနေတုန်းလေး အခွင့်ကောင်းယူ ပွဲလန့်တုန်း ဖျာခင်းသွားတာက သက်အောင်ပါ။ သူ ဒီလိုလူမှန်းသာ အစကတည်းက သိရင် အညို ယုံကြည်ပေးခဲ့ပါ့မလား မမစိမ်းရယ်။ မချစ်ဘဲ ယူခဲ့လို့လည်း သူလုပ်ချင်တာ သူလုပ်လို့ ရနေတာပေါ့'

'ချစ်လို့ ယူတော့ရော ဖောက်ပြန်တတ်တဲ့ သူက မဖောက်ပြန်ဘဲ နေမှာမှ မဟုတ်တာ အညိုရယ်'

အဲ့ဒီကတစ်ဆင့် အညိုရင်ဖွင့်ခဲ့ရှာသည့် အညို့ဘဝလေးတစ်ခုသာပင်။ မိန်းမရှုပ်သည်ဟုသာ လွယ်လွယ်ခေါင်းစဉ်တပ်သော်လည်း ကာယကံရှင် အညို ခံစားရင်ဆိုင်ရမည့် ဒုက္ခဆင်းရဲကို စိမ်း ကိုယ်ချင်းစာနာပေးနိုင်သည်။ ငယ်ငယ်ရွယ်ရွယ် အညို့ဘဝလေး အညွန့်ကျိုးခဲ့ရရှာသည့် လောကခံကို မချိတင်ကဲ အပြစ်တင်မိမြဲ။ မယားရှိ အိမ်ထောင်သည် လင်သားတစ်ယောက်အနေဖြင့် အိမ်ထောင်ရေး ဖောက်ပြန်တယ် ဆိုသည့် အပြစ်ဟာ သိပ်ကို အရုပ်ဆိုးအကျည်း တန်လှမှန်း အညို့အသိလေးမှာလည်း သိနားလည်နေနိုင် ရှာမည်ပင်။ လက်ကြော မတင်းသည့် အညို့လင်ယောကျ်ား သက်အောင်ဆိုသည့် ကောင်လေးကိုလည်း အညို့ဆီက သတင်းကြားရရုံမျှ စိမ်း အထင်မကြီးခဲ့မိပေ။

❑

အရှင်းမဟုတ်၊ ဆေးရုံ ပြန်ပြန်ပြေးနေရသည့်ကြား အညို့အမှုကို အမိန့်ချလိုက်ကြောင်း ကြားသိရသည်။ ကိုယ့်ယောကျ်ားကို ရက်ရက် စက်စက် ပြန်သတ်ခဲ့သည့် အညို။ အချို့ ပတ်ဝန်းကျင် အထင်အမြင်မှာ မိန်းမဆိုး မိန်းမရိုင်းလေး အညို။ အညို့ ရင်ထဲက ဝေဒနာတွေကို လူတွေအားလုံး သိနိုင်မြင်နိုင်လိမ့်မည် မဟုတ်ပေ။ သို့သော် အညိုကတော့ သူ့ပြစ်ဒဏ်ကို သူ့ဝေဒနာတွေနှင့် လဲလှယ်ယူခဲ့ပြီ။ စိမ်းကရော…။ စိမ်းကတော့ စိမ်းဆိုသည့်နေရာမှာ စိမ်းပီသနေရဆဲ။ စိမ်းမဟုတ်သည့် ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းမသားတွေအားလုံးထဲမှာရော စိမ်းလိုစိမ်းမျိုး၊ အညို့လို အညိုမျိုး မိန်းမတွေ ဘယ်လောက်များများ ရှိနေလိမ့်ဦးမည်နည်း။ အမည်ခံ သက်သက် လင်ယောကျ်ားတစ်ယောက်ကို သမီးလေး မျက်နှာတစ်ခုတည်း ငဲ့ကွက်၊ အနားကနေ အဝေးဆုံးအထိ မုန်းမုန်းတီးတီး ခါးခါးသီးသီး မောင်းမထုတ်နိုင်သည့် ဒုက္ခဆင်းရဲကို စိမ်း ဘယ် အချိန်အထိ ဆက်ပြီး သယ်ဆောင်သွားရဦးမည်နည်း။ အသက်ရှင်နေရသည့် ကိုယ့်ဘဝအဓိပ္ပာယ်ကိုပင် ကိုယ် တစ်ခါတစ်ရံ ဘာသာပြန် အဓိပ္ပာယ်ဖော်ယူရသည်မှာ မည်မျှခက်ခဲ နာကျင်လိုက်သနည်း။ မိန်းမတစ်ယောက် ဖြစ်တည်နေရခြင်းသည် အဘယ်မျှ တရားမျှတမှု မရှိလိုက်ပါသနည်း။ ဒီတော့လည်း အညို့လို မိန်းမတစ်ယောက်က အညို ပီပီသသ လုပ်ယူနိုင်ခဲ့သည့် အဖြစ်ကိုပင် ကျေနပ်သြဘာပေးရနိုးနိုး။ အညို့လို အညိုဆိုသည့် မိန်းမတွေ ပေးဆပ်လိုက်ရသည့် ဘဝဖြင့် ထိုက်တန်အောင် ယောကျ်ားတွေကရော ပြောင်းလဲလာကြမည်တဲ့လား။ အညို့မျက်နှာကို ပြန်မြင်ယောင်မိသည်။ အညို၏ တစ်ချိန်က ဖြူစင်ရိုးသား အပြစ်ကင်းစင်သည့် မျက်နှာလေးတစ်ခုထက် သူမ ရွေးချယ် လုပ်ရပ်အတွက် သူမကိုယ်တိုင် ရင့်ကျက်ကျေနပ် ပြောင်းလဲသွားခဲ့သည့် မျက်နှာ။ အညိုဆိုတဲ့ အစွန်းအထင်းကင်းသည့် စာမျက်နှာလေးတစ်ခုကို အစွန်းအထင်း ကြီးကြီးမားမား စွန်းထင်းပြောင်းလဲပစ်ယူနိုင်ခဲ့သည့် ဒုက္ခဆင်းရဲဆိုးကြီး တစ်ခုထဲက အညို။

'နောက်တော့မှ အညို ပြန်စဉ်းစားမိတယ် မမစိမ်းရဲ့။ အညိုလေ အဲ့ဒီမိန်းမကို မသတ်လိုက်မိတာ နောင်တမရတော့ဘဲ ကိုယ့်ကိုယ်ကိုတောင် ကျေးဇူးတင်နေမိသေးတာ။ ဒီလို စိတ်ဓာတ်မျိုးနဲ့ မိန်းမတွေ ရှိနေသလို အညို့လိုစိတ်ဓာတ်နဲ့ မိန်းမမျိုးလည်း ရှိနေသေးတယ်ဆိုပြီး အဲ့ဒီမိန်းမ မသေဘဲ အသက်ရှင်နေတဲ့ ကာလတစ်လျှောက်လုံး သိသွား၊ နားလည်သွားရမယ်ဆိုတာကိုပဲ။ အဲ့ဒါကို အညို တော်တော် ကျေနပ်သွားတယ်။ ဒါမှ ဒီလို မိန်းမတွေလည်း တဖြည်းဖြည်း သိစိတ်ဝင်သွားကြမယ် မဟုတ်လား'

အွန်လိုင်း ဖေ့ဘွတ်ခ် ကာလ အညို့သတင်းတွေ အနေးနှင့်အမြန် တက်လာသည်။ မှတ်ချက်တွေ၊ ထင်ကြေးတွေအမျိုးမျိုးနှင့် ပို့စ်ကလေးတွေမြင်တိုင်း ဝင်ဝင်ဖတ်မိသည်။ ဆေးရုံပေါ်ပြန်ရောက်နေ၍ အညို့ထံ ထပ်မရောက်ဖြစ်ပေ။ စိတ်ကတော့ အမြဲတမ်းလိုလို ရောက်စမြဲ။ အညိုပြောသလို သိစိတ်ဝင်သွားနိုင်မည့် မိန်းမတွေလည်း အများကြီး ရှိကောင်းရှိမည်ဖြစ်သည်။ အညိုနှင့် နောက်တစ်ခေါက်ဆုံလျှင် ပြောပြရလိမ့်ဦးမည်။ အညို့လုပ်ရပ်က မှားချင်မှားမည်။ သို့သော် မှန်၏။ အညို့အတွက် မှားသည်ဆိုလျှင်ပင် အများအတွက် စံနမူနာယူစရာ အညို့လုပ်ရပ် မှန်သည်။ လောကကြီးထဲမှာ အညို့လို သူရဲကောင်းတွေ အများကြီးမလို။ တစ်ယောက်ဆိုတစ်ယောက် စံနမူနာကောင်းဖြစ်ဖို့သာ လိုသည်ဟု…။ ■

**အိုအေစစ်**၊ မအူပင်၊



www.burmeseclassic.com

www.burmeseclassic.com



၁။
ရှားပင်၊ ထန်းပင်၊ တမာပင်၊ ထနောင်းပင်တွေနဲ့ နာနတ်ရိုင်းပင်တွေကြားက ရွှေဝါရောင်သန်းနေတဲ့ မြေအဆင်းဟာ ရှေးနိုင်ငံကြီး စည်ပင်သာယာဝပြောစဉ်က အရောင်အတိုင်း ဟုတ်မဟုတ် သေချာမသိပေမဲ့ တောပြုန်းလို့ သဘာဝမြေဆီလွှာ ကုန်ခန်းသလောက် ဖြစ်နေပြီဆိုတာကတော့ ငြင်းမရတဲ့ အမှန်တရားတစ်ခုပါ။ အနော်ရထာမင်းလက်ထက်က ပုဂံပြည်မှာ အရှင်အရဟံမထေရ်ကြောင့် ဗုဒ္ဓသာသနာရောင်ဝါ ထွန်းလင်းခဲ့တယ်ဆိုတဲ့စကား

# ကယ်ပါ

ထွန်းတောက်ထွန်း (သချာ)

ကြားဖူးသလို ရှင်အဋ္ဌဂေါနရဲ့ ပြဒါးရှင်လုံးတန်ခိုးနဲ့ စည်းစိမ်တွေနှစ်ဆတိုးပြီး မုဆိုးမကာအစ ဘုရားတည်နိုင်တယ်ဆိုတဲ့စကားလည်း ကြားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကုမ္မဏီဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ ပရဟိတလုပ်ငန်းတွေမှာ ဝါသနာပါတဲ့ အသက်သုံးဆယ်ကျော်အရွယ် လက်တွေ့ဆန်ချင်သူ ကျွန်တော့်အမြင် သက်သက်အနေနဲ့ကတော့ သမိုင်း၊ စိတ်ကူးယဉ် ဒဏ္ဍာရီပုံပြင်တွေဆိုတာထက် ပုဂံသူ၊ ပုဂံသားတွေရဲ့ ကြိုးစား အားထုတ်မှုကြောင့်သာ ပုဂံပြည်ကြီး စည်ပင်သာယာဝပြောတယ်လို့ပဲ ယူဆပါတယ်။ တရိပ်ရိပ်ပြေးနေတဲ့ ကားလမ်းဘေးက ရွှခင်းတွေဟာ ပွင့်ပြင်းခြောက်သွေ့တဲ့ ရာသီဥတုရဲ့ဒဏ်ကြောင့် အမိုးထွက်လောက်တဲ့အထိ ဖြစ်နေသလို ကြည့်ရှုခံစားမိသူကိုလည်း ချွေးပေါက်ပေါက် ကျတဲ့အထိ ပူပြင်းလောင်မြိုက် စေတာပါပဲ။ တံလျှပ်တွေ တရှိန်ရှိန်ထနေတဲ့ ကတ္တရာလမ်းမကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ တစာစာအသံလေးတွေနဲ့ လက်ပြနှုတ်ဆက်နေကြတဲ့ ကလေးတွေကတော့ သဲပူပူ၊ ဖုန်ထူထူနဲ့ ပူပြင်းတဲ့ နေမင်းရဲ့ အလင်းအောက်မှာ လသာသလောက် နီးနီးဖြစ်နေတာ သေချာပါတယ်။ ကားတစ်စီးဖြတ်သွားတိုင်း တစ်စုံတစ်ခုကျလာခဲ့ရင် အပြေးအလွှား၊ အလုအယက်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တိုးဝှေ့ကောက်ကြသလို ကားပေါ်ကနေပြီး ဘာတစ်ခုမှ ကျမလာခဲ့ရင်တော့ မျှော်လင့်ချက်မျက်နှာကလေးတွေ ရှုံ့မဲ့ပြီး ကျန်ရစ်ခဲ့ကြတာပါပဲ။

သြော်… ဘာညာ အကောင်ပလောင်တွေ ရိုက်နှိပ်ထားတဲ့ ငွေစက္ကူဆိုတာ ဒီလိုနေရာမျိုးမှာ အဲဒီလောက်အထိ မျှော်လင့်စောင့်စားနေကြရတာမျိုးတဲ့လား။ ဘဝ အကြောင်းသေချာမသိ ပကတိဖြူစင်နေသေးတဲ့ အထက်အညာက ကလေးငယ်တွေရဲ့ အသိတရားမှာ ငွေစက္ကူဆိုတာ အဲဒီလောက်အထိ အရေးပါနေတယ်တဲ့လား။ ပူလွန်းတဲ့ ရာသီဥတုနဲ့ အသက်အန္တရာယ်နီးတဲ့ အဝေးပြေးကားလမ်းမဘေးဖြစ်နေတာတောင် ဘာကိုမှ ဂရုမထားဘဲ ငွေကြေးရဲ့ ဆွဲဆောင်ရာကို ဒီကလေးတွေ လိုက်နေကြရတယ်တဲ့လား။ လူကြီးမိဘ အုပ်ထိန်းသူတွေကလည်း ဒီကလေးတွေရဲ့ လိုအင်ဆန္ဒကို အားပေးအားမြှောက်ပြုနေကြတယ်တဲ့လား။ ဝမ်းစာအတွက် တစ်ဖက်တစ်လမ်းက ငွေရှာပေးနေသူလေးတွေအဖြစ် မတားဆီးကြဘူးတဲ့လား။ ဘာပဲဖြစ်ဖြစ် မန္တလေး၊ မြင်းခြံ၊ ညောင်ဦး၊ ပုဂံလမ်းအတိုင်း မောင်းနှင်လာခဲ့ကြရင်း စည်ကားရှုပ်ထွေးလွန်းတဲ့ ညောင်ဦးမြို့ထဲဝင်ပြီး ရွှေစည်းခုံဘုရားရောက်တဲ့အခါမှာတော့ ဘုရားဖူးကားတွေအနားကို ဝိုင်းအုံလာကြတဲ့ လူပျို၊ အပျိုမဖြစ်တဖြစ်အရွယ် ကလေးသူငယ်အများစုကို တွေ့လိုက်ရတာပါပဲ။ ဦးထုပ်ဆောင်းပြီး

um;wpf;D
jzwfoGm;wkdf
wpfpkdwpfck
usvmcbhif
tajy;tvif?
tvkt, uf
wkd0S
aumufuovkd
um;ay:uaeNyD
bmwpfckS
usrvm
cbhifawmh
arYvifbuf
rsuEGuav;awG
½dkifhD

အညာထည်ကလေးတွေဝတ်ဆင်ထားကြတဲ့ သနပ်ခါးဘဲကျားမျက်နှာနုနုကလေးတွေကတော့ မျှော်လင့်ခြင်းတွေနဲ့ ရှင်လန်းတက်ကြွနေကြတာမျိုးပါ။

"ပုဂံက ဘုရားအစုံ ဖူးနိုင်ဖို့ လိုက်ပြပေးပါမယ်။ ဘုရားသမိုင်းတွေလည်း ရှင်းပြပေးပါမယ်။ ဂိုက်ငှားလို့ရပါတယ်ခင်ဗျ"

"တစ်နေကုန်ဆိုတော့ တစ်သောင်းခွဲပါရှင်၊ ဒါ ပုံမှန်ယူနေကျတဲ့ဈေးပါပဲရှင့်"

"ပေးချင်သလောက်သာပေးပါ ဦး"

"ပျော့ကောင်၊ မင်းဈေးမဖျက်နဲ့လေ"

"တစ်သောင်းတော့ မလုပ်ပါနဲ့၊ တစ်သောင်းနှစ်ထောင်တော့ ပေးပါ"

"ဟိုကားက ဈေးဆစ်နေတယ်၊ ရှစ်ထောင်တဲ့။ မင်းလိုက်ချင်လိုက်သွား"

"ဘယ်မှာလဲ"

"အနည်းဆုံး တစ်သောင်းလောက်မှ အဆင်ပြေမှာလေကွာ။ ဧည့်သည်မရရင် နေပါစေတော့။ ငါ မလိုက်ဘူး"

"ဟုတ်တယ်၊ နေပူကြီးထဲ တစ်နေကုန် လိုက်ပြ၊ ရှင်းပြရမှာ။ ပြီးတော့ ကိုယ့်ထမင်း ကိုယ်စားရမှာလေ"

"ရပါတယ်၊ ရှစ်ထောင်နဲ့ပဲ လိုက်ပြပေးပါ့မယ်ရှင့်"

တစ်ယောက်တစ်ပေါက်နဲ့ လူတတ်ကြီးပုံစံလုပ်ပြီး ဈေးခေါ်၊ ဈေးဆို၊ ဈေးညှိနေကြတဲ့ ကလေးတွေကို ကြည့်ရင်း ကြည်နူးပျော်ရွှင်ရတာ သေချာသလို မြေပုဂံမှာ အနေဟန်စေဖို့အတွက် အသက်အရွယ်ကိုမှ ဂရုမထားဘဲ နည်းလမ်းအသွယ်သွယ်နဲ့ ဝမ်းစာရှာနေကြတဲ့ ကလေးသူငယ်တွေရဲ့ဘဝကို စာနာရတာလည်း အမှန်ပါပဲ။ ရေခဲထုပ်၊ ရေခဲချောင်းရောင်းသူတွေ၊ ရေသန့်ဘူး၊ အချိုရည်၊ စနီးတာဝါ၊ တစ်ရှူး ရောင်းနေသူတွေ၊ ပုဂံလက်မှုပစ္စည်းတချို့နဲ့ အမှတ်တရ အဝတ်အထည်၊ ဖန်စီပစ္စည်း ရောင်းနေကြသူတွေ၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် စသဖြင့် နှုတ်တိုက်ကျက်ထားပုံရတဲ့ ဘုရားသမိုင်းတွေနဲ့ နိုင်ငံရပ်ခြား ခရီးသွားဧည့်သည်တွေကို ဂိုက်လုပ်ပေးနေကြသူတွေ၊ ပြည်တွင်းခရီး သွားတွေအတွက် နေရာစုံရောက်အောင် လမ်းပြ၊ ဘုရားသမိုင်းရှင်းပြနေကြသူတွေ၊ ထမင်းဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေမှာ စားပွဲထိုးလုပ်နေကြသူတွေ၊ ဒေသထွက်အသီးအနှံ၊ မုန့်မျိုးစုံ ရောင်းချရင်း မစို့မပို့ အမြတ်ငွေလေးတွေနဲ့ ဘဝအရေးဖြေရှင်းနေကြသူတွေ၊ ဘာအလုပ်မှ မလုပ်ဘဲ အလွယ်လမ်းလိုက်ပြီး တောင်းရမ်းစားသောက်နေကြတဲ့ကလေးတွေ စသဖြင့် ရွှေစည်းခုံဘုရားအနီးတစ်ဝိုက်မှာတော့ အနယ်နယ် အရပ်ရပ်က ဘုရားဖူးခရီးသည်တွေနဲ့ ပုဂံမြို့သူမြို့သားတွေပေါင်းပြီး ကြက်ပျံမကျ စည်ကားသက်ဝင်နေတာပါပဲ။

ကလေးလုပ်သားပပျောက်ရေး၊ လောကထံပါး အပြစ်ကင်းစင်တဲ့ တရားတွေနဲ့ ခိုနားစအရွယ်တွေပဲဆိုဆို၊ လူကြီးမိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးဉာတကာတို့ရဲ့ လမ်းပြမှုနဲ့ ဘဝပေးအသိကြောင့်လို့ပဲသတ်မှတ်သတ်မှတ်၊ ကမ္ဘာနဲ့ချီလိုက်ရင် အစစအရာရာနောက်ကျကျန်ရစ်နေဆဲ မြန်မာနိုင်ငံကြီးထဲက မြေကိုချစ်တဲ့၊ မြေက မွေးဖွားလာသူကလေးတွေကတော့ နွေရာသီကျောင်းပိတ်ရက်ကာလမှာတောင် တခြားမြို့ကြီးပြကြီးက ကလေးသူငယ်တွေလို မိဘဆွေမျိုးတွေနဲ့အတူ အပန်းဖြေခရီးမထွက်နိုင်ကြဘဲ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရှာဖွေနေကြရတာ သေချာပါတယ်။ သူတို့လေး



www.burmeseclassic.com

www.burmeseclassic.com

တွေ ပြောပြပုံအရတော့ ခုလိုမျိုး ဧည့်ကျတဲ့ ခရီးသွားရာသီဟာ တစ်နှစ်မှာ လေး၊ ငါး၊ ခြောက်လလောက်သာရှိပါတယ်တဲ့။ ကျောင်းပိတ်ရက်ကာလမှာ တတ်နိုင်သမျှ ရှာဖွေပြီး ဧည့်မကျတဲ့ကာလတွေမှာ နေထိုင်စားသောက်ဖို့အတွက် ကြိုတင်စုဆောင်းကြရပါတယ်တဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ပုဂံကို သုံးကြိမ်မြောက်ရောက်ရှိလာကြတဲ့ ကျွန်တော်တို့အုပ်စုအနေနဲ့ကတော့ ရွှေစည်းခုံ၊ ဖူးဘုရား၊ မနူဟာဘုရား၊ ကန်တော့ပလ္လင်၊ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ အလိုတော်ပြည့်၊ မြစေတီကျောက်စာ၊ လောကနန္ဒာစတဲ့ နာမည်ကြီးဘုရားလောက်သာ နေ့ချင်းပြန်ဖူးဖို့ အစီအစဉ်ရှိတဲ့အတွက် လမ်းပြဂိုက်မလိုကြောင်း ပြောပြလိုက်မှပဲ ကလေးအုပ်စု ရှဲသွားကြတာမျိုးပါ။ သေချာတာကတော့ ပုဂံမြေဟာ ခရီးသွားရာသီဖြစ်နေတဲ့အတွက် တခြားအချိန်တွေထက် ပိုပြီး စည်ကားသက်ဝင်ပျော်ရွှင်စရာကောင်းနေတာပါပဲ။

❑

၂။

“ထု ဓမ္မရံ၊ အနု အာနန္ဒာ၊ အမြင့် သဗ္ဗညု” ဆိုတဲ့ စကားအတိုင်း ပုဂံခေတ် အနုပညာလက်ရာတွေ အများကြီးရှိတဲ့ အာနန္ဒာစေတီရဲ့ ပျက်ယွင်းစ,ပြုနေတဲ့ အစိတ်အပိုင်းတချို့ကို ရှေးမူမပျက် ပြုပြင်၊ ထိန်းသိမ်းနေပုံရတာကြောင့် စေတီတော်ကြီးရဲ့ အပြင်ဘက်မှာတော့ ပြုပြင်ရေးလုပ်သားတွေ၊ ငြမ်းတွေနဲ့ ဖုန်ခိုးဝေဝေ ဖြစ်နေတာပါပဲ။

ukef wku
awvmi fpm;csi f/ku
awvmi faewvmr$d
r[ kvfb)
t pfukuD)U
r[illegible]
awvmi fpm;
ae&wm

အတွင်းဘက် လိုဏ်ပတ်လမ်းတစ်လျှောက်မှာတော့ အနုပညာလက်ရာအစုံစုံက ရှုမဝ, တဲ့ ပုံဟန်တွေနဲ့ပါ။

တကယ်တော့ ဟိုးပဝေသဏီကတည်းက တည်ရှိခဲ့ပြီးသား ရှေးဟောင်းလက်ရာ၊ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ ပုဂံခေတ် ဗိသုကာလက်ရာအဆင့်မြင့်ခြင်း၊ အနုလက်ရာစုံလင်ခြင်းနဲ့ ခိုင်ခံ့သေသပ်ခြင်းတွေက အဓိကသက်သေတွေမို့ ခေတ်မီနည်းစနစ်တွေနဲ့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာ သေချာပါတယ်။ ငလျင်ကြီးလှုပ်ခဲ့ဖူးတဲ့ ဒေသ၊ ငလျင်ငယ်တွေ အခါခါလှုပ်လေ့ရှိတဲ့ဒေသ။ ငလျင်ကြောရှိတဲ့ အရပ်ဒေသမို့ ဖြစ်ကတတ်ဆန်း၊ ပြီးစလွယ် ထိန်းသိမ်းစောင့်ရှောက်မှုမျိုး မဖြစ်အောင် သတိထားရမှာလည်း အမှန်ပါပဲ။ မှန်လောက်တဲ့ အထိ တစ်စုံတစ်ခုသောကာလဆီက “အနော်ရထာခေတ် ပုဂံပြည်ကြီး ပြန်လည်စည်ကားလာပုံမျိုး” အတိတ်တဘောင်၊ နိမိတ်ဆောင်စေမယ့် သဘောမရိုးတွေနဲ့ ပြီးစလွယ်ပြင်ဆင်ခဲ့မှုတွေက ငလျင်ထပ်လှုပ်မှ အင်တာနက်ပေါ် ဘူးပေါ်သလို ပေါ်ကြရတာမို့ တိုးတက်လာတဲ့ ဆက်သွယ်ရေးစနစ်တွေကိုပဲ အပြစ်တင်ရတော့မလိုလိုပါ။ ပိုပြီး သေချာတာကတော့ ပုဂံမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကို မပျောက်ပျက်အောင်၊ ရှေးမူမပျက် ရေရှည်တည်တံ့ခိုင်မြဲအောင် ခေတ်မီနည်းစနစ်တွေနဲ့ အများကြီး ကယ်တင်ကြရဦးမယ် ဆိုတာပါပဲ။ ပြုပြင်လှူဒါန်းမှုဖြစ်မြောက်ရုံ၊ ကမ္ဗည်းကျောက်စာအသစ်အထိုးခံရရုံ၊ အလှူပွဲကြီးတွေကျင်းပ ရေစက်ချ အမျှဝေကြရုံ ထိန်းသိမ်းစောင့်ရှောက်မှုမျိုးတော့ မဖြစ်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှေးခေတ်ပုဂံသူ၊ ပုဂံသားတွေရဲ့ ဉာဝါးမချတဲ့ ဗိသုကာအတတ်နဲ့ အရည်အသွေးတွေက ခုခေတ် ပုဂံသူ၊ ပုဂံသားတွေကို ထမင်းကျွေးနေဆဲဖြစ်နေသေးတာကိုး။ ဘုရားအစုံ၊ စေတီပုထိုးအမျိုးစုံမှာ ရှိကြတဲ့ ဈေးသည်တွေ၊ ပန်းချီ၊ ပန်းပု၊ ဆေးရေး၊ ယွန်းထည်စတဲ့ အနုလက်ရာ အမျိုးမျိုးဖန်တီးနေသူတွေ၊ ခေတ်ပုံနဲ့ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်အမျိုးမျိုး။ စားသောက်ဆိုင်၊ ခရီးသွားဝန်ဆောင်မှု၊ ဟိုတယ်လုပ်ငန်းအထွေထွေက ခေတ်သစ် ပုဂံသူပုဂံသားတွေ တင်မက မြန်မာနိုင်ငံတစ်နံတစ်လျားက ပြည်သူပြည်သားတချို့ကို စီးပွားဖြစ်အောင် လုပ်ပေးနေတဲ့အတွက်ကြောင့်ပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အုပ်စု အာနန္ဒာဘုရားဖူးပြီး ပြန်ထွက်လာတဲ့အချိန်ဟာ မွန်းတည့်ဆယ့်နှစ်နာရီလောက်ရှိနေပြီဖြစ်သလို ပူပြင်းတဲ့ ရာသီဥတုကြောင့် လူကပန်း၊ စိတ်ကနွမ်းနဲ့ ရေဆာ၊ ထမင်းဆာနေကြပါပြီ။ အကိုင်းအခက်၊ အရွက်သွယ်လျှနဲ့ နှောင်း ပန်းချီဆန်တဲ့ အလှသရဖူဆောင်းထားပေမဲ့ ဆူးအပေါင်းခြံရံနေတဲ့ ထနောင်းဟာ ပုဂံမြေ ရောက်လာသူတိုင်းအတွက် အေးရိပ်ပေးနိုင်တာ သေချာပေမဲ့ ဘုရားဝင်ဖူးဖို့အတွက် စီးလာတဲ့ ဖိနပ်ကို ကားထဲမှာ ထားခဲ့သူ ကျွန်တော့်အတွက်ကတော့ ထနောင်းရိပ်က ဆူးဟာ အဆိပ်လူးထားသလို ဖြစ်သွားခဲ့ရပါတယ်။ ခြေဖဝါးက ဆူးချောင်းကို ဆတ်ခနဲ ဆွဲနုတ်လိုက်ပေမဲ့ ဆူးစက ကျန်ရစ်နေဆဲမို့ စိတ်ကသိကအောက်ဖြစ်ရတာလည်း အမှန်ပါပဲ။ ဘာပဲပြောပြော အာနန္ဒာဘုရားရဲ့ မျက်စောင်းထိုး ခပ်လှမ်းလှမ်းမှာရှိတဲ့ ထနောင်းပင်၊ တမာပင်တွေနဲ့ အရိပ်အာဝါသကောင်းတဲ့ စား



www.burmeseclassic.com

www.burmeseclassic.com

သောက်ဆိုင်တစ်ဆိုင်ကတော့ အဆင့်မီဝန်ဆောင်မှုတချို့နဲ့ အတူ ဘုရားဖူးဧည့်သည်တွေကို စိတ်ကျေနပ်မှုပေးစေတာ သေချာပါတယ်။ ဈေးနှုန်းလည်း သင့်တင့်တယ်လို့ ပြောရင်ရပါတယ်။ ဒါပေမဲ့ ဆိုင်ရှေ့ဘက် ကားပါကင်နားလောက်မှာ ကယ်ပါ ယူပါ တစာစာ အော်ဟစ်ရင်း တောင်းရမ်းစားသောက်နေတဲ့ လူသားတချို့ ရှိနေခဲ့ပြန်ပါတယ်။ ထမင်းစား၊ အချိုတည်းပြီးနောက်မှာတော့ အတူပါလာတဲ့ ခရီးဖော်တွေကို ဆိုင်ထဲ ထားရစ်ခဲ့ရင်း ကျွန်တော်အာရုံကျတဲ့နေရာဆီ လှမ်းထွက်ခဲ့မိတာပါပဲ။

စုတ်ဖွာနီကြင်လွန်းပြီး သဘာဝအတိုင်းပေါက်နေပုံရတဲ့ ဆံပင်ပုံစံ ခပ်ဆိုးဆိုးတွေက ကလေးသုံးယောက်ကို ရုပ်ထွက်ညှို့စေသလို ညစ်ထေးထေး အဝတ်အစားနဲ့ ဖိုးရိုးဖားရားဖြစ်နေတဲ့ မအေကိုယ်တိုင်ကြောင့် ပုဂံခေတ်ကျောက်စာထဲက ကြောက်စရာ အမည်သညာစာသားတွေကို အမှတ်ရလာခဲ့ပါတယ်။ နို့စို့ကလေးက တစ်ယောက်၊ သုံးလေးနှစ်အရွယ် သမီးမိန်းကလေးတစ်ယောက်၊ ငါးနှစ်၊ ခြောက်နှစ်အရွယ် သားယောကျ်ားလေးတစ်ယောက်ကတော့ မအေ စီမံရာကို နာခံနေကြရပုံပါပဲ။ ခပ်ညစ်ညစ် လွယ်အိတ်တစ်လုံး လွယ်ထားတဲ့ မအေလက်ထဲက ခွက်ကို မသိမသာ အကဲခတ်ကြည့်လိုက်တဲ့အခါမှာတော့ မြန်မာငွေစက္ကူတချို့နဲ့ တစ်ဒေါ်လာတန် လေး၊ ငါး၊ ခြောက်ရွက်လောက်ရှိနေတာ

ykHanmifD
jrifcHEAv;
t a0;ajy;
vrfrLuDU
ab;wpfuf
wpfsufS
rMum rMum
ay:vmwwfvh
uav;awG
uawmh
arhnfvifEuf
rsufEfSuav;awG
eY
wpmpm
at mf p&if
vuf
awmifqkd
aeMuqJ

ကို အတိုင်းသား မြင်ရပါတယ်။ ကလေးနှစ်ယောက် ခွက်ထဲက ငွေစက္ကူတွေကိုတော့ မအေကပဲ ဆွဲယူသိမ်းဆည်းလိုက်တာမျိုးပါ။ အသက်အရွယ်ငယ်ငယ်၊ ကိုယ်လက်အင်္ဂါ သန်သန်စွမ်းစွမ်းနဲ့ တောင်းစားနေတတ်သူတွေကို ပိုက်ဆံထည့်လေ့မရှိတဲ့ ကျွန်တော်ကတော့ အဲဒီသားအမိကို တစ်ကျပ်တစ်ပြားမှ မထည့်ဖြစ်ဘဲ စိတ်ဝင်စားတဲ့ပုံစံနဲ့ စိုက်ကြည့်နေခဲ့မိပါတယ်။ ကျွန်တော့်အကြည့်ကို ဘယ်လိုသဘောပေါက်သွားမှန်း မသိတဲ့ မအေဖြစ်သူကတော့ ကျွန်တော့်ရှေ့ ရောက်လာခဲ့တာပါပဲ။

"အစ်ကိုကြီးရယ်၊ ကျွန်မတို့သားအမိကို..."

ကယ်ပါ ယူပါ တစာစာနဲ့ အော်ဟစ်ပြောဆိုရင်း တောင်းရမ်းနေရှာတဲ့ အဲဒီအမျိုးသမီးရဲ့စကားသံတွေဟာ ကျွန်တော့်နားထဲကို ခါးသီးစွာနဲ့ ဝင်ရောက်လာခဲ့ပါတယ်။ အသက်သုံးဆယ်ထက် ကျော်နိုင်ပုံမရသေးတဲ့ အဲဒီအမျိုးသမီးရဲ့ မိသားစုဘဝကို စိတ်ဝင်စားစပြုလာတာတော့ သေချာပါတယ်။ ပိုပြီး သေချာတာကတော့ ဆံပင်ညှပ်၊ ရေမိုးချိုး၊ သနပ်ခါးလိမ်းပြီး ဝတ်ကောင်းစားလှတချို့နဲ့ ပြုပြင်ပေးလိုက်မယ်ဆိုရင် ရုပ်ထွက်မည့်နိုင်တဲ့ ကလေးသုံးယောက်ရဲ့ ရှေ့ရေးအတွက် ကျွန်တော့်ဘက်က ရင်မောနေရတာလည်း အမှန်ပါပဲ။

"ကလေးတွေက ငါ့ညီမရဲ့ သားသမီးအရင်းတွေလား။ သူတို့အဖေကော မရှိတော့ဘူးလား"

ကျွန်တော့် အမေးစကားကို ဘာတစ်ခွန်းမှ ပြန်မဖြေဘဲ လှည့်ထွက်သွားတဲ့ အမျိုးသမီးရဲ့လုပ်ရပ်ကြောင့် တစ်စုံတစ်ခုကို သဘောပေါက်သလိုလို ဖြစ်သွားခဲ့ရပါတယ်။ လက်ရှိအခြေအနေအရ ကျွန်တော် သိချင်နေတာက သူတို့မိသားစုအကြောင်း။ သူလိုချင်နေတာက ပိုက်ဆံ။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ နားလည်မှုရှိရှိနဲ့ အပေးအယူတစ်ခုခုလုပ်မှ ကျွန်တော် သိချင်တာ သိရမယ့်သဘောပါ။

အိတ်ကပ်ထဲက ငါးရာတန်တစ်ရွက်ကို အဲဒီအမျိုးသမီးခွက်ထဲ သွားထည့်မိပြီးနောက်မှာတော့ ဆုတွေအများကြီးပေးမလို့ ဟန်ပြင်လာတဲ့အတွက် ကျွန်တော့်ဘက်ကပဲ လက်ကာပြလိုက်ရင်း သိချင်နေတဲ့ ကိစ္စတွေ ထပ်မေးကြည့်ရပါတယ်။

"သုံးယောက်စလုံး ကျွန်မကလေးတွေပါပဲ အစ်ကိုကြီးရယ်၊ သူတို့အဖေကတော့ ရေသန့်ဘူးခွံ လိုက်ကောက်ပါတယ်။ နေတာကတော့ ပုဂံမြို့သစ်ထဲက ကျူးကျော်တဲမှာပါပဲ"

သေချာစေချင်တဲ့သဘောကြောင့်သာ မေးကြည့်ရပေမဲ့ ကလေးသုံးယောက်စလုံးရဲ့ မျက်နှာပေါက်တွေက မအေဖြစ်သူနဲ့ ခပ်ဆင်ဆင်မို့ မိသားစုအရင်းခေါက်ခေါက်တွေမှန်း ကျွန်တော့်စိတ်က ကြိုတင်သိနှင့်နေပြီးသားပါ။ ဒါပေမဲ့...။

"ကလေးတွေကို ဘာဖြစ်လို့များ တောင်းစားခိုင်းနေရတာလဲ ငါ့ညီမရယ်၊ ဒီအရွယ်က ကျောင်းနေရမယ့်အရွယ်တွေလေ။ ကျောင်းမထားဘူးလား"

"ကျောင်းထားပါတယ်၊ အကြီးကောင်က တစ်တန်းတက်နေပြီလေ။ အလတ်မကတော့ ကျောင်းမနေရသေးဘူး။ ကျောင်းပိတ်ရက်မို့ တောင်းခိုင်းနေတာပေါ့။ ကျောင်းဖွင့်ရက်ဆို မတောင်းခိုင်းပါဘူး"

"ဗျာ"

အမျိုးသမီးရဲ့စကားကြောင့် အံ့သြသွားရတာ သေချာပါတယ်။ သူပြောပုံ



www.burmeseclassic.com

www.burmeseclassic.com

အရ ကျောင်းပိတ်လို့ တောင်းစားခိုင်းရတဲ့ကိစ္စဟာ သိပ်ပြီး မထူးဆန်းလှတဲ့ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုဖြစ်နေတဲ့ ပုံစံမျိုးပါ။ ရင်ထဲမှာ မတင်မကျနဲ့ ကလေးတွေရဲ့ ဘဝရေးရေးကို သူ့ထက် ပိုပြီးစိတ်ပူသွားတဲ့ ကျွန်တော်ကတော့-

‘ကလေးတွေကို တောင်းမစားခိုင်းပါနဲ့လား ငါ့ညီမရယ်။ ငါ့ညီမပုံစံ ကြည့်ရသလောက်ကတော့ ကျန်းကျန်းမာမာနဲ့ သန်သန်စွမ်းစွမ်းပါပဲ။ ပုဂံမှာ လုပ်စရာအလုပ်တွေ တစ်ပုံကြီးရှိတယ်ဆိုတာ ငါ့ညီမ သိမှာပါ။ ကလေးတွေလုပ်လို့ရတဲ့ အလုပ်တွေလည်း ရှိတာပဲ။ တောင်းစားနေတာထက် ပိုပြီး မသင့်တော်ဘူးလား ငါ့ညီမရဲ့။ ကလေးတွေ ကြီးလာရင်…’

‘ကျွန်မတို့က တောင်းစားချင်လို့ တောင်းနေတာမျိုး မဟုတ်ဘူး အစ်ကိုကြီးရဲ့၊ မျိုးရိုးရှိလို့ တောင်းစားနေရတာ’

‘ဗျာ’

ကျွန်တော့်စကား မဆုံးခင်မှာပဲ ပက်ခနဲ ပြန်ပြောလာတဲ့ အမျိုးသမီးရဲ့စကားကြောင့် ‘ဗျာ’ တစ်လုံးတည်းနဲ့ ထပ်မံအံ့သြသွားရတာတော့ သေချာပါတယ်။

‘ဒါဆို ဒီပုဂံမှာ သူတောင်းစားမျိုးရိုး၊ ဘုရားကျွန်မျိုး၊ ကယ်ပါမျိုးဆိုတာတွေ ရှိသေးတယ်ပေါ့’

‘ရှိတာပေါ့ အစ်ကိုကြီးရဲ့၊ ရှိလို့ တောင်းစားနေတာပေါ့။ ဟဲ့… ဟဲ့၊ ဟိုမှာ ကားတစ်စီး ထပ်ဝင်လာပြီ၊ အဲဒီဘက် သွားတောင်းကြ’

ကျွန်တော့် အမေးစကားကို ပြန်ဖြေရင်း သူ့ကလေးနှစ်ယောက်ကိုလည်း တောင်းရမ်းဖို့ တွန်းလွှတ်လိုက်တဲ့ အမျိုးသမီးရဲ့ လုပ်ရပ်ကြောင့် နည်းလမ်းတကျနဲ့ လက်တွေ့ဆန်ချင်တဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ဘဝင်မကျသလို ဖြစ်လာခဲ့တာပါပဲ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျောက်စာတွေကြောင့်ပဲပြောပြော၊ ရှေးအစဉ် အဆက်သမိုင်းစကားတွေကြောင့်ပဲဆိုဆို လူ့အဆင့်အတန်းခွဲခြားတဲ့ ကြားဖူးနားဝ အမည်သညာတွေဟာ ဒီခေတ်အထိ ရှိနေတုန်းတဲ့လား။ လူ့အဆင့်အတန်း အမည်သညာ သတ်မှတ်ချက်ဆိုတာထက် လူတွေရဲ့ ပင်ကိုစိတ်ထား၊ လူပီသမှုတွေနဲ့ အသိပညာ၊ အတတ်ပညာတွေကိုသာ အလေးထားရမှာမျိုး မဟုတ်ဘူးလား။ လူလူချင်း လူကိုလူလို သဘောထားပြီး နိမ့်ပါးနေသူတွေကို ခွဲခြားမဆက်ဆံဘဲ စိတ်ဓာတ်ရေးရာအရ ဆွဲခေါ်၊ မြှင့်တင်ပေးရမှာမျိုး မဟုတ်ဘူးလား။ ရှေးစကားအတိုင်း ကိုယ့်အဆင့်အတန်း ကိုယ်ခွဲခြားသတ်မှတ်နေသူတွေ ရှိနေကြတုန်းတဲ့လား။ ငွေအလွယ်ရလို့ ရှေးအယူအဆ အခေါ်အဝေါ်တွေထဲ နစ်မွန်းချင်ဟန်ဆောင်နေတာကော မဖြစ်နိုင်ဘူးလား။ အတန်းပညာနဲ့ စာပေဗဟုသုတ မရှိ၊ ပကတိဘဝကို ရှေးအယူအစွဲတွေနဲ့ နစ်မွန်းနေပုံရတဲ့ မအေဖြစ်သူရဲ့ စိတ်အခံ၊ အတွေးအခေါ် အယူအဆတွေ လွဲမှားနေတယ်ဆိုတာကို ကျွန်တော့်ဘက်က ဘယ်လိုစကားလုံးမျိုးတွေနဲ့ ဆွဲဆောင်စည်းရုံး သိမ်းသွင်းရမှာတဲ့လဲ။ သိမ်းသွင်းလို့ ရနိုင်၊ မရနိုင်ဆိုတာကတော့ မသေချာတဲ့ ကိစ္စတစ်ခုပါ။ သေချာတာတစ်ခုကတော့ ‘လှူဒါန်းပေးကမ်းတယ်’ ဆိုတဲ့ မြန်မာစကားရှိပေမဲ့ အလွယ်လမ်းလိုက်ပြီး တောင်းစားနေကြတဲ့၊ အတွေးအခေါ် အယူအဆတစ်ခုထဲ နစ်မွန်းနေတဲ့ လူသားတချို့ကို အားပေးအားမြှောက် မပြုသင့်ဘူးဆိုတဲ့ စိတ်က ခိုင်မာလာခဲ့တာပါပဲ။

‘ပေးသူရှိလို့ တောင်းစားသူရှိတယ်’၊ ‘တောင်းစားသူရှိလို့ ပေးကမ်းစွန့်ကြဲနေကြတယ်’ ဆိုတဲ့ ဂျာအေး သူ့အမေရိက် သမားရိုးကျ လူ့စိတ်ထားတွေကို ဆန်းစစ်ကြည့်မိတဲ့အခါမှာတော့ အကြောင်းပြချက် မခိုင်လုံဘဲ တောင်းလို့ ပေးရတယ်ဆိုတာထက် အမှန်တကယ် လိုအပ်လို့ လိုအပ်တဲ့နေရာ၊ လိုအပ်တဲ့သူတွေကို ကူညီဖေးမ, လိုက်တာက ပိုပြီး နည်းလမ်းကျ မနေဘူးလား။ တောင်းတိုင်းပေးနေရင် ဘာအလုပ်မှ မလုပ်တော့ဘဲ အားအားရှိ တောင်းနေကြမှာမျိုး မဟုတ်ဘူးလား။ အဲဒီလိုစိတ်ဓာတ်တွေ အစဉ်အဆက် လိုက်ပြီး တောင်းစားသူတွေ အလုပ်ဖြစ်၊ သက်ဆိုးရှည်နေကြတာမျိုး မဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်မျက်စိရှေ့မှာ တစာစာအော်ရင်း တောင်းရမ်းနေရှာတဲ့ ကလေးနှစ်ယောက်ရဲ့ မျက်နှာနုနုကလေးတွေကတော့ စိတ်ပျက်လက်ပျက် မလုပ်ချင် လုပ်ချင်ပုံစံမျိုးတွေနဲ့ပါ။ ပုဂံမြေအနှံ့၊ မြန်မာနိုင်ငံအနှံ့ တောင်းစားနေကြသူ အများစုကို မတောင်းစားအောင်၊ တောင်းစားချင်စိတ်မရှိအောင် မကယ်တင်နိုင်တာ သေချာပေမဲ့ ကြုံတုန်းကြုံခိုက်၊ ဆုံတုန်းဆုံခိုက် ရသလောက် ကယ်တင်ကြည့်မယ်လို့ ဆုံးဖြတ်လိုက်မိတဲ့ ကျွန်တော်ဟာ မအေဖြစ်သူအနား ရောက်သွားခဲ့ပြီး ခွက်ထဲက ငါးရာတန်တစ်ရွက်ကို ဆတ်ခနဲ ဆွဲယူလိုက်မိပါတယ်။ ကျွန်တော့်လုပ်ရပ်ကြောင့် အံ့သြသလို ဖြစ်သွားတဲ့ မအေဖြစ်သူကတော့ ပါးစပ်အဟောင်းသားနဲ့ ခပ်စူးစူးစိုက်ကြည့်လာခဲ့တာပါပဲ။ ဖြစ်နေတဲ့ မျက်နှာပေါက်အရ သူ ကျွန်တော့်ကို မကျေနပ်ဘူးဆိုတာ အသိသာကြီးပါ။ အဲဒီနောက်မှာတော့ ကျွန်တော့် ပိုက်ဆံအိတ်ထဲက ငါးထောင်တန်တစ်ရွက်ကို ဆွဲထုတ်လိုက်ရင်းကပဲ-

‘စောစောက ပေးခဲ့တဲ့ ခွက်ထဲက ငါးရာတန်ကို ပြန်ယူလိုက်တာ စိတ်မဆိုးနဲ့ ငါ့ညီမ။ အစ်ကိုက သန်သန်မာမာ၊ ကျန်းမာရေးကောင်းကောင်းနဲ့ တောင်းစားနေကြသူတွေကို ဘယ်တော့မှ ပိုက်ဆံ မထည့်တတ်ဘူးဆိုတာ ပြန်သတိရလိုက်လို့ပါ။ ဒါပေမဲ့ ဒီငါးထောင်တန်တစ်ရွက်ကိုတော့ ငါ့ညီမ ယူပါ။ ခွက်ထဲ မထည့်ပါနဲ့။ ဒီငွေစက္ကူတစ်ရွက်ဟာ တောင်းစားသူကိုပေးတာမျိုး မဟုတ်လို့ တခြားတစ်နေရာမှာ ထည့်သိမ်းထားပေးပါ။ ကလေးကျောင်းပြန်တက်တဲ့အခါ ထမင်းချိုင့်၊ ရေဘူး၊ ကျောင်းဝတ်စုံ၊ စာအုပ်ဖိုးပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်တဲ့နေရာမှာ သုံးဖို့ ကူညီတာပါ။ တကယ်တော့ ငါ့ညီမရေ… ဘာမျိုးရိုး၊ ညာမျိုးရိုးဆိုပြီး နိမ့်ကျတဲ့ မျိုးရိုးဆိုတာတွေဟာ ရှေးတုန်းက ရှိကောင်းရှိနိုင်ပေမဲ့ ဒီခေတ်မှာ မရှိနိုင်၊ မရှိသင့်တော့တဲ့ကိစ္စတွေပါ။ ပုဂံပြည်ကြီး စည်ကားတိုးတက်ဖွံ့ဖြိုးအောင် တည်ထောင်ခဲ့တယ်လို့ ဆိုကြတဲ့ အနော်ရထာမင်းကြီးတောင် ဘယ်ဘဝရောက်လို့ ဘာတွေဖြစ်နေသလဲ ဘယ်သူမှ အတပ်မပြောနိုင်ပါဘူး။ ကျန်စစ်သားမင်းလည်း ခုဘဝမှာ အိုနာကျိုးကန်းပြီး တောင်းစား မနေရဘူးလို့ ငါ့ညီမ အတပ်ပြောနိုင်လား။ သံသရာဆိုတာ အရှည်ကြီးပါ။ အရင်ဘဝ၊ လက်ရှိဘဝ၊ နောက်ဘဝဆိုတာတွေဟာလည်း ကိုယ်ပြုခဲ့တဲ့ ကံအလျောက် အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေကြတာမျိုးပါ။ သံသရာမှာ ကျင်လည်နေသမျှ လူသားတွေအားလုံး ဆွေမျိုးမတော်သူ မရှိဘူးလို့ ဗုဒ္ဓမြတ်စွာဘုရား ဟောခဲ့ဖူးတာ ငါ့ညီမ ကြားဖူးမှာပေါ့။ မကြားဖူးရင်လည်း ခုပဲ သေချာမှတ်ထားလိုက်ပါ။

'ဘာမျိုးရိုး၊ ညာမျိုးရိုး၊ အဆင့်အတန်း နိမ့်တယ်၊ မြင့်တယ် ဆိုတဲ့ စကားတွေဟာ ဉာဏ်နုံ့နည်းသူတွေရဲ့ သတ်မှတ်ချက်ပါ။ ဘယ်သူမဆို အချိန်တန်ရင် အို၊ နာ၊ သေကြရတာချည်းပါပဲ။ ဟောဒီ ပုဂံမြေမှာ၊ မြန်မာနိုင်ငံမှာ၊ ကမ္ဘာပေါ်မှာ ရှိသမျှလူသားအားလုံး အတူတူပဲလို့ မှတ်ထားလိုက်ပါ။ ငါ့ညီမလည်း တောင်းစားမနေပါနဲ့တော့။ ပုဂံမှာ လုပ်စရာအလုပ်တွေ အများကြီးပါ။ ကလေးတွေကို တောင်းစားမခိုင်းပါနဲ့။ ကျောင်းတက်တဲ့အခါ ကလေးတွေ မျက်နှာငယ်ရမယ်။ သူများ သားသမီးတွေ နှိမ်ချင်ကြမယ်။ ကလေးတွေကို သနားရင်၊ ချစ်တယ်ဆိုရင် ကလေးတွေရဲ့ ဘဝရှေ့ရေးအတွက် အညွန့်ချိုးထားသလိုမျိုး မလုပ်ပါနဲ့။ တောင်းစားရင် ငွေအလွယ်ရတယ်ဆိုတဲ့ စိတ်ဓာတ်မျိုး သွင်းမပေးပါနဲ့။ မျိုးရိုးကြောင့် တောင်းစားနေရတယ်ဆိုရင်လည်း အဲဒီ မကောင်းတဲ့ မျိုးဆက်ကို ကလေးတွေလက်ထဲ မလွှဲခဲ့ပါနဲ့။ ငါ့ညီမဟာ မိခင်တစ်ယောက်ပါ။ ကလေးတွေ အသက်ကြီးလာတဲ့ အထိ မျက်နှာငယ်ရမယ့်အလုပ်မျိုး ဘယ်တော့မှ မလုပ်ပါနဲ့လို့ မှာချင်ပါတယ် ငါ့ညီမရယ်'

ကျွန်တော့်စကား အဆုံးမှာပဲ ဖျတ်ခနဲ မျက်လွှာချသွားတဲ့ အမျိုးသမီးဟာ ငါးထောင်တန်တစ်ရွက်ကို လွယ်အိတ်ထဲ ထည့်လိုက်ရင်းကပဲ မျက်ရည်ဝဲသလိုလိုဖြစ်သွားခဲ့ပါတယ်။ ခန့်မှန်းကြည့်ရသလောက် ဘယ်သူမှ ကျွန်တော်ပြောသလို သူ့ကို မပြောခဲ့ကြဘူးလို့ ယူဆရတာပါပဲ။ အဲဒီနောက်မှာတော့ ကလေးနှစ်ယောက်ကို ဆတ်ခနဲ ဆွဲခေါ်ပြီး နွေးတုံ့လေးကန်နေတဲ့ ခြေလှမ်းတွေနဲ့ ကျွန်တော့်ရှေ့ကနေ တရွေ့ရွေ့ ထွက်ခွာသွားခဲ့ကြပါတယ်။ ဆိုင်အပြင်ကနေပြီး ခရီးဖော်တွေ ထွက်အလာကို စောင့်နေမိတဲ့ ကျွန်တော်ကတော့ ပူပြင်းတဲ့ နေရောင်ခြည်ဒဏ်က ကာကွယ်ဖို့အတွက် တမာပင်ရိပ်အောက်မှာ ခိုနားရင်း၊ ထွက်ခွာသွားရှာတဲ့ မိသားစုဝင်လေးယောက်ရဲ့ ကျောပြင်ကို ငေးကြည့်ရင်း၊ ခြေဖဝါးက မနုတ်ရသေးတဲ့ ထနောင်းဆူးစကို သတိရရင်း အဆိပ်ပြယ်စ ,ပြုလာတာတော့ အမှန်ပါပဲ။

❑

၃။

ညနေစောင်းလို့ ညောင်ဦးမြို့က အထွက်မှာတော့ နေချိုစပြုနေပြီဖြစ်တဲ့အတွက် ရောက်စကလို သိပ်မပူတော့ပေမဲ့ အပူငွေ့လက်ကျန်ကတော့ ရှိနေဆဲပါပဲ။ ခြောက်သွေ့ပြီး စည်ကားသက်ဝင်လွန်းတဲ့ ပုဂံ။ မြင့်မား၊ ခံ့ညား၊ ထည်ဝါလွန်းတဲ့ စေတီပုထိုးများနဲ့ ကျက်သရေရှိတဲ့ ပုဂံ။ ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာတွေနဲ့ လှပလွန်းတဲ့ ပုဂံကတော့ လမ်းဘေးဝဲယာ ရှုခင်းတွေနဲ့ အတူ ကျွန်တော်တို့ စီးလာတဲ့ ကားနောက်မှာ တရိပ်ရိပ် ကျန်ရစ်ခဲ့ကြပါပြီ။

သေချာတာကတော့ ပုဂံက ဘုရား၊ စေတီ၊ ပုထိုးများစွာနဲ့ ရှေးဟောင်းအမွေအနှစ် အနုလက်ရာတွေကို မပျောက်ပျက်အောင်၊ အရှည်တည်တံ့ခိုင်မြဲအောင် နည်းစနစ်တကျ ကယ်တင်ရပါမယ်။ ပုဂံကို အမှီပြုပြီး နည်းမျိုးစုံနဲ့ စီးပွားရှာနေကြသူတွေ အများကြီး ရှိပေမဲ့ ဘာမျိုးရိုး၊ ညာမျိုးရိုး စသဖြင့် ရှေးယခင်ကတည်းက ရှိခဲ့ပြီးသား အရိုးစွဲအယူသီးမှု၊ လူတန်းစား ခွဲခြားမှု အတွေးအခေါ်တွေကို ခေတ်နဲ့အညီ ပြောင်းလဲအောင် ကယ်တင်ကြရပါမယ်။ အယူသီးမှုကို ဖန်းပြပြီး အဲဒီနောက်က ကပ်ပါလာတဲ့ အခြေခံ စိတ်ဓာတ်ဆိုးတွေကြောင့် ငွေအလွယ်ရစေမယ့် နည်းလမ်းတွေနဲ့ ဘုရားအဆူဆူမှာ တောင်းရမ်းစားသောက်နေရှာတဲ့ ကလေးသူငယ်တွေရဲ့ အနာဂတ်ဘဝ လှပဖို့အတွက် မိဘ၊ ဆရာ၊ အုပ်ထိန်းသူတွေနဲ့ ကျွန်တော် အပါအဝင် တာဝန်ရှိသူအားလုံး တတ်နိုင်တဲ့ နည်းလမ်းတွေနဲ့ ကယ်တင်ကြရပါမယ်။ ပိုပြီး သေချာတာကတော့ ပြည်သူပြည်သား အများစုရဲ့ အစစအရာရာ နစ်မွန်းနိမ့်ကျနေတဲ့ စိတ်ဓာတ်၊ အတွေးအခေါ် အယူအဆနဲ့ ဘဝအခြေအနေတွေကို ကူညီဖေးမ မြှင့်တင်ပေးပြီး အနာဂတ်နိုင်ငံတော် သာယာလှပအောင် ပြည်သူပြည်သားအားလုံး စုပေါင်းကယ်တင်ကြရပါဦးမယ်။

ဘာပဲဖြစ်ဖြစ် ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ မန္တလေး အဝေးပြေးလမ်းမကြီးရဲ့ဘေး တစ်ဖက်တစ်ချက်မှာ မကြာမကြာ ပေါ်လာတတ်တဲ့ ကလေးတွေကတော့ မျှော်လင့်ချက်မျက်နှာကလေးတွေနဲ့ တစာစာ အော်ဟစ်ရင်း လက်ပြတောင်းဆိုနေကြဆဲ။ ကားပေါ်က ကျလာတဲ့ တစ်စုံတစ်ခုကို အသက်အန္တရာယ်ကိုမှု မမှုဘဲ စုပြုတိုးဝှေ့လုယက်နေကြဆဲ။ ကားပေါ်ကနေပြီး ဘာတစ်ခုမှ ကျမလာခဲ့ရင်တော့ မျှော်လင့်ချက် မျက်နှာသေကလေးတွေနဲ့ ကားလမ်းဘေးတစ်လျှောက် ငေးငိုင်ရပ်ကျန်ရစ်ခဲ့ကြဆဲ။ ■

**ထွန်းတောက်ထွဋ်**၊သချာ၊



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၁၅)မှ…*

မှ-

"ဦးပဥ္ဇင်းက သူဖြစ်စေချင်တာကို ပြောဖူးတယ်။ ဘာဘုန်းကြီးပျံတွေ၊ ဘာဖယောင်းကျူးတာတွေမှ မလုပ်ဘဲ ရိုးရိုးသာမန်လိုသာ မီးသင်္ဂြိုဟ်ချင်တာပါတဲ့ ဘုရား။ တပည့်တော်ဆန္ဒကတော့ ကျောင်းဝင်းထောင့်က သူ့အဘိုး ဆရာတော်ကြီး အုတ်ဂူဘေးမှာပဲ အရိုးပြာဂူအသေးလေး တည်ထားပေးစေချင်တာပါပဲ"

"ဘာ…"

တောင်ကျောင်းဆရာတော်ကြီးအသံကြောင့် ဦးဘစိုးမှာ တုန်ခနဲ ဖြစ်သွားသည်။

"ဒီမယ် ဒကာကြီး ဦးဘစိုး၊ ကျုပ်တို့ဘုန်းကြီးတွေရော ကျန်ရွာသူရွာသား ဒကာဒကာမတွေက အားတက်သရော ဝိုင်းဝန်းလုပ်ပေးကြမယ်ဆိုတာ အလကားနေ အလကား အားအားယားယား လုပ်နေကြတယ်များ ထင်နေသလား။ ပျံတော်မူသွားတဲ့ ဘုန်းကြီးရဲ့ ဂုဏ်သိက္ခာ၊ ကျုပ်တို့ ရွာသစ်ရွာရဲ့ဂုဏ်သိက္ခာ ဒါတွေအတွက် ဝိုင်းကြမှာ။ ဘယ်…ဘေးရွာတွေကြားရင် ကဲ့ရဲ့လိုက်ကြမယ့်ဖြစ်ခြင်း။ စာတတ်ပေတတ် ရွာဦးကျောင်းထိုင်ဆရာတော်ဆိုတဲ့ ဂုဏ်ပုဒ်လည်း ထည့်တွက်ကြဦးမှပေါ့။ ကဲကဲ ရွာဥက္ကဋ္ဌရေ၊ ဈာပနကော်မတီကို ခင်ဗျားပဲ ဦးဆောင်ဖွဲ့ပြီး ဒီနယ်တစ်ကြောမှာ အစည်ကားဆုံး၊ အသိုက်မြိုက်ဆုံးဖြစ်အောင်သာ လုပ်ကြပေတော့။ ဦးဘစိုး ပြောသလို အရိုးပြာကျမှသူ့စိတ်တိုင်းကျ အုတ်ဂူ တည်ပေးလိုက်ကြ"

❑

ကျောင်းဝင်း နောက်ဘက်စွန်းရှိ မီးဖိုဆောင်လေးဆီမှ မီးခိုးဖြူများက တလူလူလွင့်နေသည်။ ရေနွေးအိုးကြီး တည်ထားသည့် မီးဖိုဆီသို့ ဦးဘစိုးက ထင်းခြောက်လေးများကို တစ်ချောင်းစီ ထိုးဆိုက်နေသည်။ ဦးဘစိုးက မီးကောင်းကောင်းမတောက်သေးသဖြင့် မှုတ်ပြောင်းဖြင့် တဖူးဖူး မှုတ်ပေးနေရသည်။ ကျောင်းဝင်းကြီးတစ်ခုလုံးကား ကြက်ပျံမကျ စည်ကားနေလေ၏။ ဈေးသည်များဆီမှ တစာစာ အသံများ၊ ရွာနီးချုပ်စပ်မှ ဧည့်သည်များနှင့် အတူပါလာသော ကလေးငယ်များ၏ ဆူညံ အော်ဟစ်သံများ၊ ကာလသားတစ်သိုက်၏ အသံများ အားလုံးကို ကျော်လွှန်၍ "အောင်မလေး ဆရာတော် ဘုရားရဲ့၊ တပည့်တော်မ အလာကောင်းပေမဲ့ အခါနှောင်းပါပေါ့…" ဆိုသည့် ဖယောင်းကျူး မင်းသမီး၏ အသံက ဖုံးလွှမ်းသွားပါတော့သည်။

ဦးဘစိုး၏ မီးဖိုကလည်း ယခုမှ ဟုတ်ခနဲ မီးထ,တောက်လောင်တော့၏။ မျက်ရည်ပူများဖြင့် ပြည့်လျှံနေသည့် ဦးဘစိုး၏ မျက်ဝန်းအစုံမှာ မီးခိုးကြောင့် ကျသည့်မျက်ရည်လော၊ ဘယ်အတွက်ကြောင့် ကျသည့်မျက်ရည်လော ဟူသည်ကို ဦးဘစိုးတစ်ယောက်သာ ခွဲခြားနိုင်ပါလိမ့်မည်။

■

**ခန့်ညီဖေ**




ပရက်စလေနဲ့ လူစီတို့ဟာ
ဆယ်ကျော်သက်အရွယ်မှာ ဆုံစည်းမိခဲ့ကြပြီး၊
သမီးလေးတစ်ယောက် ထွန်းကားခဲ့ပါတယ်။
သမီးကလေးအမည်ကို "ဒီဇိုင်းယားရီး" (Desiree) လို့
အမည်ပေးထားပေမဲ့ ဒီသမီးရှိကြောင်း၊
ပရက်စလေ ကွယ်လွန်သွားတဲ့အထိ
လူစီက သိခွင့်မပေးခဲ့သလို
ဒီဇိုင်းယားရီး ကိုယ်တိုင်လည်း၊
သူဟာ ကမ္ဘာကျော်ရုပ်ရှင်မင်းသား၊
ပရက်စလေရဲ့သမီးဖြစ်တယ်ဆိုတာ
ဖခင်ကွယ်လွန်ချိန်အထိ တိတိကျကျ သိခွင့်မရခဲ့ပါဘူး။
လူစီက သူမှာ သမီးတစ်ယောက်မွေးထားကြောင်း၊
ပရက်စလေကို ဘာကြောင့် သေတဲ့အထိ
သိခွင့်မပေးခဲ့တာလဲ၊ ပရက်စလေ ကွယ်လွန်ပြီး၊
ရာစုနှစ်တစ်စိတ်(နှစ်ပေါင်းအစိတ်)
ကြာမှ ဘာကြောင့် ကမ္ဘာကို ဖွင့်ချပြလေသလဲ
ဆိုတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။

■

**LUCY DE BARBIN** နှင့် **DARY MATERA** တို့
ရေးသားသည့်
**ARE YOU LONESOME TONIGHT?** ကို
ဝင်းငြိမ်းက မြန်မာပြန်ဆိုပြီး
ငါတို့စာပေက ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကွက်လေးသည် အိမ်ခြေကျဲ၏။ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်း။ မိုးရာသီတွင် စက်ဘီး၊ ဆိုင်ကယ် စီးရခြင်းထက် လမ်းလျှောက်ရခြင်းက ခြေထောက်ရွှံ့ပေသည်မှတစ်ပါး ပို၍ အဆင်ပြေသည်။ ဆိုင်ကယ်စီးပြီဆို ကျင်းတွေ ချိုင့်တွေရှိသည်မို့ ကလီစာတွေ ပြုတ်မထွက်အောင် မနည်းထိန်းထားရ၏။ မညီညာသော လမ်းကလေးကိုပဲ အသက်အောင့်ပြီး သွားလာနေရသည့်အတွက် တစ်ခါတစ်ရံတော့ စိတ်ပျက်မိတာ အမှန်ပင်။ ကိုယ့်ခြံ ကိုယ့်ဝန်းနှင့် နေကြသော်လည်း ငွေကြေးပြည့်စုံသူတွေ လိုချမ်းသာ၍မဟုတ်။ လူနေထူထပ်ပြီး စီးပွားရေး အဆင်ပြေသည့် ရွာကြီးတစ်ရွာ၏ အစွန်အဖျား ရပ်ကွက်စာရင်း ဝင်ရုံသာရှိသည်။ ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက်ကြသည့်အတွက် အရောင်းအဝယ်လုပ်သူတွေလောက် ဘဝက မသောင်သာလှ။ မြေကြီးကို ရွှေထက်မက်သည့်စိတ်က ဖျောက်မရလေသောကြောင့် သည်အလုပ်ကိုပဲ ခွဲခွဲမြဲမြဲ လုပ်ကိုင်ကြခြင်းဖြစ်သည်။ အသီးအနှံ





www.burmeseclassic.com

www.burmeseclassic.com

ကောင်းသော်လည်း ဈေးကောင်းမရ၊ ဈေးကောင်းပြန်သော်လည်း အသီးနှံက မဖြစ်ထွန်း။ အသီးကောင်း ဈေးကောင်းပေးသည့် ကုန်သည်ပွဲစားတွေ၏ ဈေးကစားမှုဒဏ်ခံရပြန်တော့ ထင်သလောက်မဟုတ်ကြ။ မြေရောင်းပြီး မြို့ပြောင်းဖို့ဆိုသည့် စိတ်ကူးမျိုးလည်း မရှိ။ ဘိုးစဉ်ဘောင်ဆက် လုပ်စားလာသည့် သည်မြေနှင့် အိမ်နေရာလေးကို ပစ်မထားရက်နိုင်ကြပေ။ မှတ်မိတတ်စ အရွယ်ကတည်းက နေလာ၍လားမသိ။ ကျွန်တော်လည်း သည်ပတ်ဝန်းကျင် သည်နေရာလေးကို ခင်တွယ်ခဲ့သည်။

အိမ်ကလေး အများစုက သစ်ပင်တွေ အုပ်ဆိုင်းနေသည့် ခြံဝန်းကျယ်ကြီးထဲမှ ခနိအိမ် ခပ်ကုပ်ကုပ်လေးများသာ ဖြစ်သည်။ တစ်အိမ်စီမှာတော့ သူ့ဘာဝနှင့် သူ့ အကြောင်းမို့ စိတ်ဝင်စားစရာလေးတွေ အပြည့်နှင့်။ မြေကြီးရှိသူတွေ ကျပြန်တော့ ညီအစ်ကို မောင်နှမတွေ အမွေကိစ္စဖြင့် မကြာခဏ ရန်ဖြစ်ကြ၏။ စီးပွားရေး ချောင်လည်သလိုရှိရင်ပဲ ခေါင်းမော့မော့ ရင်ကော့ကော့ဖြင့် တစ်လမ်းလုံး



# စည်းရိုး

ကိုဇော် (မလက်ထိုး)

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း လျှောက်သွားတတ်သူတွေလည်းရှိသည်။ ထူးထူးခြားခြားဆို၍ သည်နား အနီးတစ်ဝိုက်မှာ ပန်းပဲဖိုလေးတစ်ခုသာရှိ၏။ ပန်းပဲဖိုလေးဆီမှ ပန်းပဲထုသံ တနောင်နောင် ကြားရပြီဆို ပန်းပဲဆရာမိန်းမက မိုးမမြင်လေမမြင်တော့။ တစ်ရွာလုံး သူ့လုပ်စာ စားထားသည့်ပုံမျိုးနှင့် အိမ်မှ ဈေးဆိုင်၊ ဈေးဆိုင်မှအိမ်ကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေတတ်သည်။ ကိုင်းခုတ်ချိန်ပြီးလျှင်ဖြင့် ပန်းပဲဖိုလေးလည်း အသံတိတ်သွားသည်။ ထိုအခါ ပန်းပဲဆရာမိန်းမခမျာ အိမ်ထဲကအိမ်ပြင် မထွက်တော့သလို ဟောင်ဖွာဖွာ အသံလည်း မကြားရတော့ပေ။

ဒီနေ့ခေတ်အခေါ်အရ ပန်းပဲဆရာက အိမ်ကလေးတွေ၏ ဆယ်အိမ်စုမှူးပေါ့။ ပန်းပဲဆရာအိမ်ခြေရင်းမှာ ခပ်ဆိုးဆိုး သားအဖနှစ်ယောက်ရှိသည့်အတွက် ပန်းပဲဖိုကို လူဆိုးထိန်းပန်းပဲဟု နာမည်ပြောင် ပေးထားကြသည်။ ဘယ်လောက်ထိ ဆိုးလဲဆိုလျှင် ဆယ်အိမ်မှူး ပန်းပဲဆရာတောင် ရွံ့စောင်းပြီး အဆဲခံရတာမျိုး ရှိသည်။ အနီးနားတစ်ဝိုက် အိမ်ကလေးတွေထဲမှာတော့ သူတို့မိသားစုအကြောင်းက ပိုပြီး စိတ်ဝင်စားဖို့ ကောင်းသည်။ သားမိသားဖ လေးယောက်ရှိသည့် မိသားစုမှာ အသက် ၇၀ ကျော် မိဘနှစ်ပါးနှင့် ၄၀ ကျော် မောင်နှမနှစ်ယောက် အတူနေကြ၏။ ခနီအိမ်ယိုင်နဲ့နဲ့ကို ကျားကန်ထားပြီး နောက်မလန်အောင် မနည်း

ath
ybjra&
acwft ajct ae
uvnf
t &ydft uJ
Munfe&rvGjyU
[ tdavmu
eiftrmif
om'ifuk
vEpf, muf
vm&ftw, f
bmwh
qEjyckdfrvd
qkdrm;yJ

ထိန်းထားရသည်။ နေပူထားသောကြောင့် ဓနိဖတ်တွေ လန်ပျံနေသည်မှာ ညအခါ ကြယ်တွေ လတွေ မြင်ရလောက်သည့် အနေအထားမျိုးဖြစ်သည်။

အဲဒီအိမ်မှ မပုစူးက ကျွန်တော်တို့နှင့် အတော်ရင်းနှီးသည်။ လူကောင်က ခပ်သေးသေး၊ အသံကစာစာ၊ အသားအရေက မွဲခြောက်ခြောက်၊ ပိန်ပိန်ပါးပါး၊ ဆံပင်တွေ ဖွာကြဲ့ကြဲ့ဖြစ်နေခြင်းက စိတ်ထောင်းလို့ ကိုယ်ကြေမှန်းသိသာပါ၏။ စကားတွေကို ရေပက်မဝင်အောင် ပြောတတ်သောကြောင့် အိမ်လည်လာလျှင် ကျွန်တော်တို့မှာ သည်းခံပြီး နားထောင်ခဲ့ရတာတွေလည်းရှိသည်။ စကားများသော်လည်း စိတ်ကောင်းတော့ ရှိရှာပါ၏။ အမြင်အာရုံ ချို့တဲ့သည့် မိခင်ကြီးက မှီခိုသူဆိုပေသည့် အသောက်အစား မပြတ်သော ဖခင်နှင့် မောင်ဖြစ်သူကလည်း သူ့အတွက် လူပိုလူလျှံများပင် ဖြစ်နေသည်။ အရင်က မပုစူးတို့ အိမ်မှာ ဦးမြမောင်က အိမ်ထောင်ဦးစီးဆိုတော့ ကုလီထမ်း၊ ထင်းခွဲ၊ ထင်းပို့ သူများအိမ်က တောက်တိုမည်ရ ခိုင်းသမျှ အကုန်လုပ်သည်။ တစ်ခါတစ်ရံ ညအခါ မြစ်တန်းမှာ ငါးထိုးသွားသည့် လှေတွေနောက် လှေပဲ့ထိန်းလိုက်ရလေ့ရှိသည်။ အသားမည်းမည်း အရပ်ပုပု ဘောင်းဘီဒူးပြတ် အမြဲဝတ်ပြီး ကိုယ်မှာ အင်္ကျီမကပ် အဝတ်ဗလာနှင့် နေတာများသည်။ ကွမ်းကို အဆက်မပြတ် စားထားခြင်းကြောင့် ပါးစပ်က အမြဲနီနေသလို ပါးစောင်နှစ်ဖက်မှ စီးကျနေသည့် ကွမ်းစီးကြောင်းတွေက မပုစူးအဖေ ဦးမြမောင်မှန်း မြင်တာနှင့် သိလောက်ပါ၏။ အသက်ကလေးရလာတော့ ဦးမြမောင် နားရပြီ။ အလုပ်ထဲမှာ သောက်စားတတ်သည့်အကျင့်က မပျောက်လေတော့ ညနေ စောင်းပြီဆို အရက်ဆိုင်သို့ ရောက်သွား၏။ မောင်ဖြစ်သူ သာဒင်ကလည်း မိုးလင်းက မိုးချုပ် အရက်ဆိုင်က မပြန်။ သူရှာတာ သူ့အရက်ဖိုးသာရ၏။ အိမ်ကို ပြန်ပေးသည့်အခါမျိုးက အတော်ရှားသည်။ ရံဖန်ရံခါ အိမ်ကတောင် အရက်ဖိုး ထောက်ရသေးတာမျိုး။ ညနေစောင်းပြီဆို မပုစူးတို့အိမ်က သံစုံတီးဝိုင်းထက်တောင် အသံစာသေးသည်။ ဆဲဆို ကြိမ်းမောင်းသံတွေအပြင် အိုးခွက်လွှင့်ပစ်သံများလည်း ကြားနေရတတ်၏။

"မိုးက မလင်းသေးဘူး အရက်ဆိုင်ကဖွင့်ပြီ။ အိမ်မှာက အရက်သမားတွေချည်းပဲဆိုတော့ ဝေလီဝေလင်းကတည်းက အရက်ဆိုင်ရောက်နေကြပြီ။ အစိုးရမင်းတို့ရယ် အရက်ဆိုင်တွေ မြန်မြန်သာ လာပိတ်ပါတော့"

ရင်ထဲမှာ မချိတင်ကဲတွေ များလာရင်တော့ သူက အစိုးရဆိုတာကြီးကိုတောင် တမ်းတတတ်သေး၏။ ထဘီကို စွန်တောင်ဆွဲပြီး လူသံကြားအောင် ဟစ်အော်တတ်သေးသည်ကလည်း မပုစူးအတွက် စိတ်ထွက်ပေါက်တစ်ခု မဟုတ်လား။ အရက်ဆိုင် ပိုင်ရှင်တွေများ ကြားပါစေတော့ရယ်ဆိုသည့် သဘောဖြင့် ညအချိန်မတော် အော်ဟစ်ကျိန်ဆဲတတ်သေးသည်။ မပုစူးအသံကိုတော့ အုတ်နံရံတွေကာစည်းထားသည့် အရက်ဆိုင်ပိုင်ရှင်တွေက သန်းခေါင်သန်းလွဲ ဘယ်ကြားပါ့မလဲ။

အလုပ်မရှိသည့် နေ့များတွင်တော့ သားအမိနှစ်ယောက် စိတ်ပြေလက်ပျောက် ကျွန်တော်တို့အိမ်ကို အလည်လာပြီး ညည်းတွားတတ်သေး၏။

"မလွယ်ပါဘူး ဒေါ်သိန်းမြင့်ရယ်၊ ကိုယ့်မှာ စားဖို့လည်း ရှာရသေး၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်လာတော့လည်း အေးအေးဆေးဆေး မနေရ။ တစ်ခါတစ်ခါ အိမ်နဲ့ဝေးတဲ့နေရာကိုပဲ သွားလိုက်ချင်ရဲ့"

ခပ်ကုပ်ကုပ်လေး ထိုင်နေတတ်သည့် အဘွားအိုနှင့် လူကောင်သေးသေး မပုစူးကို ကြည့်ပြီး ကျွန်တော်တို့မှာ သနားရပြန်သည်။

"အေ့ ပုစူးမရေ၊ အရက်ဆိုင်တွေ ပိတ်လိုက်ရင်တော့ နင်တို့အိမ် တော်တော် အေးချမ်းသွားမယ်"

ကျွန်တော့်အမေက ဒီလို ပြောလိုက်လျှင်တော့ သူ့မှာ တကယ်များ ပိတ်လိုက်လျှင် ကောင်းမည်ဆိုသည့် မျက်နှာမျိုး ဖြစ်သွားတတ်သည်။ ပတ်ဝန်းကျင်မှ လူတချို့က လည်း စိတ်ညစ်တွေ ပြေပါစေတော့ရယ်ဆိုသည့် သဘောနှင့် စ,နောက်တတ်ကြသေး၏။

"ဟဲ့ ပုစူးမ၊ နင် တီဗီဝိုင်ဆိုတဲ့ဆေး ရောင်းပါလား။ ရွာထိပ်က ကိုမဲတူတောင် အဲဒါရောင်းပြီး တိုက်တစ်လုံးပြီးတစ်လုံး ဆောက်နေတာ။ ဟိုမှာလည်း ဘုရားတည်ကျောင်းဆောက်နိုင်တယ်။ ဒီမှာလည်း ကမ္ပည်းထိုးပြီး လှူနိုင်တယ်၊ ဘယ့်နှယ်ရှိစ"

"ဘယ်က တီဗီဝိုင်ရမလဲ ကိုထွန်းဖေရယ်၊ ဒယ်ဘီးလူးဝိုင် လုပ်စမ်းပါ။ ဥပဒေနဲ့ မလွတ်ကင်းဘူး။ မိလို့ အဖမ်းခံရရင် တစ်သက်တစ်ကျွန်းတောင် ထောင်ကျနိုင်တယ်"

"ညည်းသာ ထောင်ကျမယ် ပြောတာပါအေ၊ ဟိုမှာက အလှူအတန်းတွေလုပ်ပြီး အခမ်းအနားတွေတောင် တက်လိုက်သေး"

ကိုထွန်းဖေ၏မိန်းမ မန္တဲ့က အတည်ပေါက်နှင့် ဝင်နောက်နေပေသိ မပုစူးခမျာ အဟုတ်ထင်ရှာပြီး အကြောက်အကန် ငြင်းနေလေရဲ့။

"ဒီဘဝတောင် ဒီလောက်ပူလောင်နေတာ နောင်ဘဝ လူတောင်ဖြစ်မှာ မဟုတ်ပါဘူး။ လွတ်လွတ်ကင်းကင်း နေပါရစေတော်။ ကိုယ့်ကျမှ မတော် အဖမ်းခံနေရ ဒုက္ခ"

တချို့က ရှူးတူးတူး ပေါတောတောလို့ ထင်ကြသော်လည်း မပုစူးက ပါးရည်နပ်ရည်ရှိရှာသည်။ ဒယ်ဗလျူဝိုင်ကို အသံထွက် မမှန်ပေသိ အဆိပ်အတောက်ဖြစ်စေသည့် ဆေးဆိုတာလောက်တော့ သိထားပုံရ၏။

တစ်နေ့ကုန် စားဖို့ရှာရသော သူ့အတွက် ညနေစောင်းပြီဆို ဘာများဖြစ်မလဲဆိုသည့် စိုးရိမ်စိတ်ကရှိသေးသည်။ သာဒင်ကလည်း မူးလာပြီဆို တစ်ရပ်ကွက်လုံးကို အော်ဆဲတတ်သည်။ အရင်က သူ့ကို တိုင်ခဲ့သူမှန်သမျှ မူးလာမှ ခန့်တဲ့တဲ့ ရီသဲ့သဲ့ဖြင့် ဆဲဆိုကြိမ်းမောင်းပြီး ခြိမ်းခြောက်တာမျိုးလည်း ပါလိုက်သေး၏။

"သာဒင်ကို ဘာထင်နေလဲဟေ့၊ လာမစမ်းနဲ့နော်၊ အကုန်လုံး မီးပွင့်သွားမယ်"

ဟု မကြာခဏ ကြိမ်းဝါးတတ်သည်။ ဒီအခါ စားဖို့ရှာရသည့်အပြင် ဘေးအိမ်မှ ဆယ်အိမ်မှူးက သွားတိုင်၍ ရပ်ကွက်ရုံးနှင့် ရဲစခန်းလည်း လိုက်ရှင်းရသေး၏။ သာဒင်က ဘယ်လောက် ဆိုးလဲဆို တစ်ခါတလေ သည်းမခံနိုင်ဖြစ်လာသည့်အခါ မပုစူးကိုယ်တိုင် စခန်းကို သွားတိုင်ရတာမျိုးတောင် ရှိသည်။ မပုစူးတို့လို မရှိဆင်းရဲသားတွေအဖို့ ရဲစခန်းဆိုတာကလည်း သုံးခေါက်လောက် သွားတိုင်မှ တစ်ခါလောက် ရောက်လာတတ်တာမျိုး မဟုတ်လား။ စခန်းက လာခေါ်သွားသည့်အခါများတော့ ကျွန်တော်တို့ အနီးတစ်ဝိုက်မှာ ဆယ့်လေး,ငါးရက်လောက် တိတ်ဆိတ်သွားတတ်သည်။

"အဲဒီစခန်းကလည်း ခေါ်ထားမှာဖြင့် သုံး,လေးလလောက် ခေါ်ထားလိုက်တာ မဟုတ်ဘူး"

သာဒင်ပြန်ရောက်လာပြီဆို မပုစူးက ဒီလိုလည်း ညည်းရှာပြန်သေး၏။ ရဲစခန်းဆိုတာ သာဒင့်အတွက် အိမ်ဦးနှင့် ကြမ်းပြင် ဖြစ်လေတော့ နယ်ထိန်း အချုပ်ခန်းလောက်က စားအိမ်သောက်အိမ်လို ဖြစ်နေသည်။

"ဩော် ပုစူးမရယ်၊ သူတို့လည်း ကြာကြာ ဘယ်ထမင်းကျွေးထားနိုင်ပါ့မလဲ။ ဆန်ဈေးကတက်၊ ဆီ၊ ဆား၊ ငရုတ်သီးဈေးက မကျ၊ သားငါးဈေးက မိုးပေါ်မှာဆိုတော့ မပြောကောင်း မဆိုကောင်း ငါတောင် အချုပ်ထဲမှာ သွားနေလိုက်ချင်သေး"

ပတ်ဝန်းကျင်က ဒီလိုဆိုပြန်တော့ မပုစူးခမျာ ကိုယ့်မိသားစုဘဝ ကိုယ့်အကြောင်းသာ ပုံချရတော့မလိုဖြစ်သည်။ အနီးနားဝန်းကျင်မှ ခြံသမားတွေက ဝင်ငွေမကောင်းသည့်အတွက် အလုပ်သမားတွေကို အရင်လို မခေါ်ကြတော့။ မပုစူးတို့လို နေ့ဆိုခွက်ကောက် ကြုံရာကျပန်း လုပ်စားရသူတွေအဖို့ မနက်မီးနှင့် ညမီး အလျဉ်မီအောင် မနည်းရုန်းကန်နေရပြီ။

တစ်နေ့ မနက် စောစော မပုစူးတစ်ယောက် အဝတ်ထုပ်လေး လက်မှာဆွဲ၍ ကျွန်တော်တို့အိမ်ဘက် ရောက်လာသည်။

"ဒေါ်သိန်းမြင့်ရေ ကျွန်မတော့ ရန်ကုန်ကို သွားလိုက်ဦးမယ်။ အမေ့ကို တစ်ချက်လောက် ကြည့်ထားပေးပါဦး။ ဈေးလေးလည်း အကြွေးပေးထားလိုက်ပါ၊ လကုန်တော့ ရှင်းပေးပါ့မယ်"

အမေ့ အိမ်ဆိုင်လေးဆီက လိုတာတွေ အကြွေးပေးထားဖို့ နှုတ်ဆက်ရင်း ဝင်ပြောခြင်းဖြစ်သည်။

"ရန်ကုန်ကို ဘာသွားလုပ်မှာတုံး ပုစူးမရဲ့"

"ညီညီရဲ့ အမေက လေဖြတ်ထားတယ်လေ၊ ကြည့်မယ့်သူ မရှိတာနဲ့ ကျွန်မကို ဖုန်းနဲ့လှမ်းခေါ်လို့ တစ်လကို လေးသောင်းပေးမယ်တဲ့ စရိတ်ငြိမ်း"

ဒီလို သွားရမယ်ဆိုတော့လည်း မပုစူးက အိမ်ကို မခွာရက်။ အမေကို စိတ်မချတာကတစ်မျိုး။ အဖေနဲ့မောင် မူးပြီးစကားများ ရန်ဖြစ်နေမှာလည်း ပူရသေး၏။ ပတ်ဝန်းကျင်က ငြိငြင်မှာလည်း စိုးရသေး မဟုတ်လား။

မပုစူး မရှိသည့်ရက်တွေလည်း သူတို့အိမ်ကလေးက ဆူညံမြဲ ဆူညံနေတာပါပဲ။ လစာထည့်ပေးလို့ ဘယ်နှရက်မှ မရှိသေးဘူး၊ ဈေးဆိုင်အကြွေးစာရင်းထဲမှာ ယူထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ပစ္စည်းအရေအတွက်က များနေပြီ။ ဘွားခင်လှခမျာ မညွန့်မေ ဆေးလိပ်တောင် နပ်မှန်အောင် မသောက်ရ။ သာဒင်ကတော့ ပတ်ဝန်းကျင် ကောင်းမှုဖြင့် အချုပ်ခန်းနှင့် အိမ်ကို ကူသယ်ခေါက်သယ် သွားနေရသည်။ လစာကို လူကြုံနဲ့ ထည့်ပေးလိုက်တာ ရှိသလို သူကိုယ်တိုင် လာပို့တာလည်း ရှိသည်။ တစ်နှစ် ကျော်ကျော်လောက်တော့ အတော်လေး အဆင်ပြေနေပုံရ၏။ စိတ်ပျို ကိုယ်နုလို့ ဆိုလေမလား၊ မပူစူး ဝ,များ တောင်လာသည်။ အိမ်နှင့် ဝေးရာ အခြား နေရာမှာဆိုတော့ မျက်စိအေး နားအေးလည်း ဖြစ်တန်ကောင်းပါရဲ့။

တစ်နေ့တော့ မပူစူး အထုပ်အပိုးတွေနှင့် ရွာကို ပြန်ရောက်လာသည်။ တစ်လမ်းလုံး တွေ့သမျှလူကို အသံဟောင်ဖွာဖွာဖြင့် နှုတ်ဆက်သည်။ ခရီးရောက် မဆိုက် ကျွန်တော်တို့ အိမ်ဘက် ရောက်လာ၏။

“မပြောချင်ပါဘူး အဒေါ်ရယ်၊ ကျွန်မမှာတော့ ဖြင့် အဆင်ပြေပြီမှတ်နေတာ။ အဘွားက ဟိုတလောကပဲ ဆုံးသွားတယ်။ သူတို့ခမျာ ကျွန်မကိုတော့ ဆက်ခေါ်ထားချင်ပါရဲ့။ မိသားစု စားဝတ်နေရေးရယ်၊ ကလေးကျောင်းစရိတ်ရယ်ကြောင့် ထမင်းပဲ ကျွေးနိုင်မှာပေါ့လေ။ လစာတော့ ဘယ်ပေးနိုင်မလဲ။ ဒီလိုနေလိုက်ပြန်တော့လည်း မဖြစ်သေးဘူး။ ကိုယ်က စားရပြီး အိမ်အတွက်က ရှိသေး မဟုတ်လား။ အမူးသမားကလည်း အားမကိုးရတော့ ပိုဆိုးတာပေါ့”

မပူစူးက ဒီလိုတွေ ညည်းနေပြန်တော့ ကျွန်တော်တို့မှာ သနားရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။

“အေ့ ပူစူးမရေ၊ ခေတ်အခြေအနေကလည်း အရိပ်အကဲ ကြည့်နေရမလိုပဲ။ ဟိုတလောက နင့်မောင် သာဒင်ကို လူနှစ်ယောက် လာရှာတယ်။ ဘာတဲ့ ဆန္ဒပြခိုင်း မလို့ဆိုလားပဲ။ နောက်ထပ်လူတွေလည်း ထပ်ရှာခိုင်းသေးရဲ့”

ကျွန်တော့်အမေက ဒီလိုပြောပြလိုက်တော့ မပူစူးခမျာ မိသားစုကို စိုးရိမ်စိတ်ဖြင့် မျက်နှာငယ်လေး ဖြစ်သွားရှာ၏။ အရက်သောက်ရလျှင် ဘာခိုင်းခိုင်းလုပ်မည့် မောင်ဖြစ်သူကိုလည်း အားမလိုအားမရ ဖြစ်နေပုံရသည်။

“ထောင် မကြောက်လည်း လုပ်ကြပေါ့ အဒေါ်ရယ်၊ သူ့ဘဝနဲ့ သူ့အကြောင်းပဲ”

အဝတ်ထုပ်ကို လက်ကဆွဲပြီး ကျွန်တော်တို့ ခြံဝန်းထဲမှ နေ့းကွေးစွာ ပြန်ထွက်သွားလေရဲ့။ အိမ်ပြန်ရောက်လာတော့လည်း အလုပ်က မည်မည်ရရမရှိ။ နောက်ဆုံးတော့ လမ်းထိပ်က ထမင်းဆိုင်မှာ မီးဖိုချောင်အကူနှင့် စားပွဲထိုး အလုပ် ရသည်ဟု ဆိုသည်။ ဒါလည်း အဆင်ပြေလှသည် မဟုတ်။ ဆိုင်ရှင်က ခပ်ဆိုးဆိုးရယ်။ ဟိုဟာဒီဟာ နှိုက်စားဖို့နေနေသာ ထမင်းဆိုင် ဆိုပေသည့် ထမင်းဟင်းတောင် ကောင်းကောင်း မကျွေးချင်။ မပူစူးက လူကောင် ခပ်သေးသေး ပေါ့ပေါ့ပါးပါးဆိုတော့ အိမ်ရှေ့ အိမ်ပြင် ရှိသမျှအလုပ် အကုန်လုပ်သည်။ မီးဖိုချောင်ထဲလည်း ပါရ၏။ ဆိုင်ရှေ့လည်း လက်မလွှတ်။ သားငါးဟင်းတွေ ချက်ပြုတ်ဖို့ ကူညီ ခုတ်ထစ်ပေးရသည်။ ဟင်းစားကောင်းတွေ ဘယ်လောက်ပဲချက်ချက် ထမင်းစားချိန်မှာ သူတို့လို အလုပ်သမားတွေအတွက် ကောင်းကောင်းကန်းကန်း ပါလှသည် မဟုတ်။ ဒါမျိုးတော့ ဘယ်ရမလဲ၊ ပူစူးမတို့ကလည်း ဆိုင်ရှင်အလစ် မီးဖိုချောင်ထဲက ဟင်းတုံးတွေ လွေးကြတာပေါ့။ “ဟင်းတုံးကပူပူ ဆိုင်ရှင်အလစ် စားရတာဆိုတော့ တစ်ခါတလေများ လျှာတွေတောင် အပူလောင်ပါတယ်ဟယ်”ဆိုတာမျိုး ပြန်ပြောပြဖူးသည်။ ညည့်သည်များများ ကျလာပြီဆိုရင်တော့ “ပိန်သေးမရေ အထဲမှာ သွားနေ၊ ရှေ့ သိပ်မထွက်နဲ့၊ နင်က အသားမည်းဆိုတော့ စားသုံးသူတွေ လန့်သွားမှာစိုးလို့”ဆိုပြီး ပြောတာမျိုးလည်း ခံခဲ့ရဖူးသည်။

အခုလို ပြောတာလောက်တော့ မပူစူးတို့က စာမဖွဲ့တော့ပါဘူး။ အစားအသောက်ကမသထာ၊ မျက်စိဒေါက်ထောက်ပြီး ဆီလိုအပေါက်ရှာ ပြောတတ်တာကြောင့် တစ်ခါတလေ ဆန္ဒပြသည့်သဘောဖြင့် ဆိုင်မဆင်းဘဲ တစ်ရက်လောက် နားလိုက်တာမျိုးရှိသည်။ ဒီလိုဆိုပြန်တော့လည်း ဆိုင်ရှင်ကို တရုတ်၏ မိန်းမ အိမ်အထိ လိုက်ခေါ်တတ်သည်။ တစ်နေ့လုပ်မှ တစ်နေ့စားရ သူ့ဘဝ ကြာကြာအထာကိုင်နေလို့ ဘယ်ဖြစ်မလဲ။ ဆိုင်ရှင် စိတ်ကောက်သွားမှဖြင့် အလုပ်လက်မဲ့ဖြစ်သွားရင် ဒုက္ခ။ နောက်နေ့တော့ ပုံမှန်အတိုင်း အလုပ်ပြန်ဆင်းပြီ။

တစ်နေ့ မှောင်ရီတရော အချိန်လောက်မှာ သာဒင်က အရက်မူးမူးဖြင့် အိမ်ရှိလူကုန်ရန်ရှာသည့်အပြင် တစ်လမ်းလုံးကို အော်ဆဲပြီး ရှိသမျှလူစိန်ခေါ်တော့၏။ တုတ်ဆွဲ ဓားဆွဲတွေ ဖြစ်လာပြီ။ သူ့အဖေ ဦးမြမောင်ကလည်း ရိုက်မယ် သတ်မယ် တကဲကဲ လုပ်နေသည်။ ပတ်ဝန်းကျင်ဆိုတာကလည်း ဒါမျိုးတော့ ဘယ်အစော်ကားခံနိုင်မလဲ ဆိုသည့် သဘောတွေ ဖြစ်လာပြီပေါ့။ သွေးဆူနေသည့် သာဒင်ကို ထိန်းဖို့ စခန်းကို အကြောင်းကြားရတော့၏။

ဒီတစ်ခါတော့ သာဒင်ကံဆိုးရှာသည်ဟု ဆိုရမည်။ နယ်ထိန်းစခန်းက တစ်ဆင့် မအူပင်မြို့နယ်ကို ပို့လိုက်၏။ သာဒင် မှတ်လောက်သွားပြီဆိုသည့် အတွေးဖြင့် ပတ်ဝန်းကျင်ကလည်း ကျိတ်ပြီး ဝမ်းသာနေကြပြီ။

ရပ်ကွက်ထဲမှ လူတွေကတော့ ပုံမှန်အတိုင်း သွားလာလှုပ်ရှားနေကြသည်။ မပူစူးမှာ သာဒင်မရှိ၍ အေးအေးဆေးဆေး နေရမလား အောက်မေ့ရသည်၊ ဦးမြမောင်က လမ်းဖြတ်အကူးမှာ ဆိုင်ကယ်တိုက်၍ ဆေးရုံတင်လိုက်ရပြန်သည်။ ဆိုင်ကယ်ဝင်တိုက်သူက စီးပွားရေးချို့တဲ့တော့ လျော်ကြေးတွေဘာတွေ တောင်းမနေဘဲ ပျောက်အောင်သာ ကုခိုင်းရတော့၏။ အခုတော့ ဦးမြမောင်က ခြေ



www.burmeseclassic.com

www.burmeseclassic.com

ထောက်ကျိုးလို့ အိမ်ပေါ်မှာ ငြိမ်ချက်သားကောင်းနေလေရဲ့။ ဘယ်လိုပဲကြုံကြုံ ပူစူးမက လောကခံကို မဖြုံတော့ပါဘူးလေ။ လူက အကောင်သေးပေသည့် အသည်းကတော့ ရွှေးစေ့ထက်တောင်မှာသေးရဲ့။ သာဒင်ကလည်း မရှိ၊ ဦးမြမောင်ကလည်း အရက်ဆိုင် မသွားဖြစ်ဘူးဆိုလေတော့ ဒီရက်ထဲမှာ သားအမိတစ်တွေ စိတ်ချမ်းသာနေကြသည်။ ရက်တွေ ကြာလာတော့ အရီးသေးကလည်း မပူစူးကို ဖျောင်းဖျရှာသည်။

'မတော်တရော် ရဲဘက်တွေ ဘာတွေ ပါသွားမှ ဒုက္ခပါအေ။ ဒီတစ်ခါ ပြန်လာရင်တော့ နားဝင်အောင် ဆုံးမပေါ့။ အားမကိုးရပေသည့် မိဘမောင်ဖွားရှိပြန်တော့ သူစိမ်းတစ်ရံဆံ နှုတ်နဲ့တောင် မစော်ကားရဲဘူး'

အရီးသေး ပြောတာလည်း မှန်သည်။ ခေတ်ကာလကိုက မငြိမ်သက်အောင် တမင် ဖန်တီးနေသလိုမျိုး မဟုတ်လား။ တော်ကြာ ဟိုနားမှာတော့ ပစ္စည်းအလုခံရပြန်ပြီ၊ ဘယ်နေရာမှာတော့ သတ်သွားလို့ ဆိုတာမျိုးတွေက မကြာခဏကြားနေရ၏။

'မိဘမောင်ဖွားဆိုတာကတော့ အိမ်တစ်အိမ်ရဲ့ စည်းရိုးပေါ့ ပူစူးမရယ်။ အိမ်ဘေး ပတ်ချာလည်မှာ ခြံစည်းရိုး ခတ်ထားတဲ့ လျှော်စည်းရိုး၊ ဝါးစည်းရိုးလေးတောင် လူရှိန်တယ်ဆိုမှတော့ မိဘမောင်ဖွား စည်းရိုးက ဘယ့်နှယ်ပြောပါ့ကွယ်'

ဒေါ်ကြီးခင်ဝေက မညွှန့်မေဆေးလိပ်ကို တစ်ရှိုက်ချင်းဖွာလျက် မျက်ရည်လေး တစမ်းစမ်းနှင့် သူ့တူကို သတိရနေပုံပေါ်၏။ မရှိမကောင်း ရှိမကောင်း ဆိုပေသည့် တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိမည်၊ သွေးသားအရင်းချာကိုတော့ ဘယ်ပစ်နိုင်ပါ့မလဲ။ ဒီရက်ပိုင်းတွေမှာ မပူစူးတစ်ယောက် ဒန်းပန်းတွေ ဘုရားကပ်သည်။ ဆီးခက်တွေ၊ သပြေခက်တွေကလည်း ဘုရားစင်မှာ ဝေလို့။

သုံးလလောက် ကြာပြီးနောက် ကိုသာဒင် ပြန်လွတ်လာသည်။ ညနေစောင်း အလုပ်သိမ်းချိန် အိမ်ပြန်လာသည့် မပူစူးကို အိမ်နီးနားချင်းတွေက လက်ယပ်ခေါ်ပြီး-

'ပူစူးမရေ နင့်မောင်သာဒင်တော့ ပြန်ရောက်လာပြီ'

ဟု တီးတိုးလေး သတင်းပေးကြသည်။ မပူစူးလည်း ပျော်သွားပုံရ၏။ အလုပ်ပင်ပန်းထားသည့် မျက်နှာတောင် ဘယ်ပျောက်သွားမှန်းမသိ။ သာဒင်က ဆိုးသွမ်းသည်ဆိုတာလည်း မှန်ပါ၏။ သို့သော် သူ့အတွက်တော့ လုံခြုံလောက်သည့် စည်းရိုးတစ်ခု မဟုတ်လား။

ခြေထောက်ပြန်ကောင်းလို့ လမ်းစမ်းလျှောက်နေပြီဖြစ်သည့် အဖေနှင့် ချုပ်ရက်စေ့၍ ပြန်လာသည့် မောင်ဖြစ်သူက မပူစူးအတွက် တောင့်တင်းသော စည်းရိုးလေးတစ်ခုဖြစ်တန်ကောင်းပါရဲ့။ ■

**ကိုဇော်၊မလက်တို၊**





မဟာ့ဟယ်လင်
ဝင်းငြိမ်း
မြန်မာဘာသာ ပြန်ဆိုသည်။

အင်္ဂလိပ်အထွက်
ဂျပန်အဝင်
မြန်မာပြည်တွင်
စစ်သုံ့ပန်းအဖြစ်
နေရစ်ခဲ့ရသော
သူနာပြုတစ်ဦး၏
အတ္ထုပ္ပတ္တိ

မဟာစာပေမှ ထုတ်ဝေဖြန့်ချိလိုက်ပြီ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မောင်သန်းဆွေ(ထားဝယ်)

# စကြာမင်းသမီးတော်

မကြာသေးမီက အသိ စာရေးဆရာလေးယောက် စာရေးသူအိမ်သို့ လာကြသည်။ စာရေးသူ လှေကားပေါ်က လိမ့်ကျ၍ ဆေးရုံတက်ရသည် ဆိုသည်ကို သိသဖြင့် လာမေးကြခြင်းဖြစ်သည်။ စာရေးသူ ဆေးရုံတက်ရသည်က အောက်တိုဘာ ၂၁ ရက်ဖြစ်ရာ သူတို့ ယခုမှ ကြားပြီး လာမေးကြခြင်းဖြစ်သည်။ ၅ လခန့်ပင် ရှိသွားပြီ။ စာရေးသူလည်း ကျန်းမာလာပါပြီ။ စာရေးဆရာ တစ်ယောက်က- 'ဆရာဖြစ်တာ ၅ လတောင် ကြာသွားပြီကိုး။ ကျွန်တော်တို့က အခုမှ ကြားလို့ လာမေးကြရတာပါ ဆရာရယ်' ဟု ပြောသည်။ စာရေးသူ၏ လှေကားပေါ်မှ

စကြာမင်း
(ညောင်ရမ်းမင်းသား)နှင့်
မြောက်သားတော်
ရွှေတာတင်း
မင်းသမီးတို့မှ
၁၁၉၂ ခုနှစ်တွင်
သမီးတော်ကလေး
ဖွားမြင်တော်မူသည်။
ငယ်မည်-
မယ်တင်ကြီးဟု ခေါ်၏။
ဘိုးတော် စစ်ကိုင်းမင်းက
ကနီမြို့ကို
အသုံးကံကျေး
ပေးတော်မူသည်
သီရိသုမနဝတီဘွဲ့မည်
ပေးသည်



www.burmeseclassic.com

www.burmeseclassic.com

လိမ့်ကျသည့်အကြောင်းကို မေးကြ၊ မြန်းကြ၊ ပြောကြပြီးသောအခါ စကားဝိုင်းသည် အခြားအကြောင်းအရာများသို့ ရောက်သွားပါသည်။ စာရေးဆရာတစ်ယောက်က-

'ဒါနဲ့… ကြုံတုန်း ဆရာ့ကို မေးရဦးမယ်။ အခု လူတွေ ယုံကြည်နေကြတဲ့ စကြာမင်းကလေးရဲ့ ထွက်ရပ်ပေါက်စခန်းက ဘယ်မှာရှိလဲ ဆရာ'

'ကျွန်တော်ရေးတဲ့ **စကြာမင်းရှင်းတမ်း** စာအုပ်ထဲမှာတော့ စကြာမင်းရဲ့ မြင်းခံတော် မောင်ညိုဟာ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းအရပ်မှာ ရှိတဲ့ စကြာမင်း တည်ထားခဲ့တဲ့ အာလိန်ငါးဆင့် မြသိန်းတန်စေတီကို သွားပြီး ဥပုသ် ၇ ရက် စောင့်သတဲ့။ အဲဒီမှာ စကြာမင်းကလေး သူ့ရဲ့ ရွှေလရောင်မြင်းကို စီးပြီး ပေါ်လာဆိုပဲ။ ပြီးတော့ မောင်ညို ငါမသေဘူး။ ရသေ့ဦးအောင်ခေါ်သွားလို့ ငါကိုယ်တော်မြတ် ရဇိတတောင်တန်းမှာ စံမြန်းနေတယ်လို့ ပြောတယ်ဆိုတဲ့ အခန်း ပါတယ်လေ'

'အဲဒါတွေ ဆရာ ဘယ်လိုလုပ်သိသလဲ'

'ကျွန်တော့် စာအုပ် နောက်ဆုံးအခန်းက ကိုးကားချက် စာအုပ်စာရင်းမှာ ပါတယ်လေ။ အဲဒီစာအုပ်တွေထဲက သိတာပါ'

ဟု ပြန်ပြောလိုက်ရသည်။

ထို စာရေးဆရာကပင်-

'ကျွန်တော် ဒီအကြောင်းတွေ မေးနေရတာ၊ တစ်လောက စာအုပ်တစ်အုပ်ထဲမှာ စကြာမင်းကလေးရဲ့ သမီးတော်အကြောင်း ဖတ်လိုက်ရတယ်။ စကြာမင်း သမီးတော်ဟာ ဗြိတိသျှခေတ်အထိ အသက်ရှည်တယ်လို့ သိရတယ်ဆရာ။ အဲဒါ ဟုတ်လား'

'ဟုတ်တယ်၊ ၁၉၁၅ ခု ရောက်မှ ကံကုန်သွားတာပါ'

အခြား စာရေးဆရာတစ်ယောက်က-

'ဆရာရယ်… အဲဒီ စကြာမင်း သမီးတော်အကြောင်း ကြုံတုန်း ကျွန်

**t &SEpfg**
**ygawmfaomt cg**
**uEDifordonf**
**t ouf55 Epf**
**&SdylD**
**t xdefawmf**
**t ykdawmfrsm;ESifh**
**t wl**
**eefrSm**
**xGufcJhonf**
**c&pfEpf1886 cEpf**
**arv 20 &uf**
**aeYwGif**
**wwd weft qif**
**riforD**
**owfSwfcHyD**
**t Ed t pku**
**½ylD50**
**axmufcHonf**

တော်တို့ကို ပြောပြပါလား'

'ပြောရရင်တော့ အရှည်ကြီးပဲဗျာ၊ ခင်ဗျားတို့အတွက် **စကြာမင်း သမီးတော်**အကြောင်း ဆောင်းပါး ရေးပေးမယ်'

ဟု ပြောလိုက်ရသည်အတိုင်း ယခု စကြာမင်းသမီးတော်အကြောင်းကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

❑

စကြာမင်း(ညောင်ရမ်းမင်းသား) နှင့် မြောက်သားတော် ရွှေတတင်းမင်းသမီးတို့မှ ၁၁၉၂ ခုနှစ်တွင် သမီးတော်ကလေး ဖွားမြင်တော်မူသည်။ ငယ်မည်- မယ်တင်ကြီးဟု ခေါ်၏။ ဘိုးတော် စစ်ကိုင်းမင်းက ကန်နီမြို့ကို အသုံးကံကျေး ပေးတော်မူသည်။ သီရိသုမနဝတီဘွဲ့မည်ပေးသည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့တွင် စကြာမင်းကို ထုံးစံနှင့်အညီ ရေတွင် ဖျောက်တော်မူသောအခါ မြောက်သားတော် ရွှေတတင်းမင်းသမီးလည်း မြတောင် မင်းသမီးနှင့်အတူ ကွပ်မျက်ခံရသည်။ သမီးတော်ကလေး ကန်နီမင်းသမီး သီရိသုမနဝတီမှာ ၈ နှစ်သမီးအရွယ် ကျန်ခဲ့လေသည်။ မိဘမဲ့ဖြစ်သွားကာ အနောက်ဆောင်တွင် အထိန်းတော်များနှင့်အတူ မျက်နှာငယ်စွာ ကျန်ရစ်ခဲ့သော တူမတော်လေး ကန်နီမင်းသမီးကို သာယာဝတီမင်း၏ သမီးတော် စုဖုရားကြီး စစ်ကိုင်းမင်းသမီး(နောင်အခါ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး စကြာဒေဝီဖြစ်လာ) က သူ၏ အဆောင်တွင် ခေါ်ထားတော်မူသည်။ ကန်နီမင်းသမီးနှင့်အတူ စစ်ကိုင်းမင်းသမီး၏ အဆောင်တော်သို့ ရောက်လာကြသည့် အခြား မင်းသမီး နှစ်ပါးမှာ မြတောင်မင်းသမီး၏ သမီးတော် မင်းမြတ်စိုးနှင့် မင်းမြတ်လှတို့ ဖြစ်သည်။

ကန်နီမင်းသမီး စားရသော စားကျေးကန်နီမြို့ကို ခမည်းတော်၊ မယ်တော်နှစ်ပါး ကွပ်မျက်ခံတော်မူရစဉ်ကတည်းက ရုပ်သိမ်းခံရပြီးဖြစ်သည်။ သို့သော် နန်းတော်အသိုင်းအဝိုင်းက စကြာမင်း၏ သမီးတော်ကလေးကို ကန်နီမင်းသမီးဟု ဆက်၍ ခေါ်နေကြလေသည်။ သာယာဝတီမင်း လက်ထက်တော်တစ်လျှောက်လုံး မျက်နှာငယ်စွာဖြင့် အရီးတော် စစ်ကိုင်းမင်းသမီး အဆောင်တွင် နေခဲ့ရသည်။ အချီးအမြှောက်လည်း မခံခဲ့ရပေ။ သာယာဝတီမင်း နတ်ပြည်စံပြီးနောက် ပုဂံမင်းသား နန်းတက်လာသောအခါ နှမတော် စစ်ကိုင်းမင်းသမီးကြီးမှာ ဘုရင့်နှမတော် ဖြစ်လာပေရာ ကန်နီမင်းသမီးကလေးလည်း အရီးတော်၏ အရိပ်ကိုပင် အေးချမ်းစွာ ဆက်လက်ခိုခဲ့ရပေသည်။ ထိုစဉ်က ကန်နီမင်းသမီးနှင့်အတူ စစ်ကိုင်းမင်းသမီး စုဖုရားကြီး၏ အရိပ်အောက်တွင် ခိုနေကြရသူများမှာ မြတောင်မင်းသမီး၏ သမီးတော် နှစ်ပါးဖြစ်သော မင်းမြတ်စိုးနှင့် မင်းမြတ်လှ နှစ်ပါး၊ စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီး သမီးတော် ရွှေနန်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်မယ်မင်းသမီး၊ သာယာဝတီမင်း၏ အနောက်နန်း မိဖုရား သမီးတော် လှိုင်မြို့စားပောင်း သီရိသုမြတ်စွာဒေဝီ၊ ပခန်းမင်း၏ မြောက်သားတော် ခင်အုန်းပွင့်၊ ပခန်းမင်း၏ သမီးတော်နှစ်ပါးဖြစ်သော မြင်းခုံတိုင်မင်းသမီးနှင့် ကောင်းတုံမင်းသမီး၊ ပြည်မင်းသား၏ မြောက်သားတော် ခဲပေါင်မင်းသမီးနှင့် သမီးတော်ကလေးတို့ ဖြစ်သည်။

ပုဂံမင်းတရား နန်းကျ၍ မင်းတုန်းမင်း နန်းတက်သော ၁၂၁၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်နေ့တွင် သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးတို့တွင် မြင်သည့် သမီးတော် စစ်ကိုင်းမင်းသမီး စုဖုရားကြီး(ပုဂံမင်း၏ နှမတော်)ကို တပ်ဝင်း အခင်းအကျင်း၊ အခမ်းအနား ပွဲသဘင်စုံစွာနှင့် ရတနာသိမ်မြို့တော် မြေနန်းတော်တွင် သီရိပဝရမဟာရာဇိန္ဒ ရတနာဒေဝီဘွဲ့ဖြင့် တောင်နန်းတင်တော်မူသည်။ ဤသို့ အရီးတော် စစ်ကိုင်းမင်းသမီး စုဖုရားကြီး အထွတ်အထိပ်သို့ ရောက်တော်မူသောအခါ သူ၏ အရိပ်ကို ခိုလှုံနေကြရသူ အပေါင်းသည်လည်း အထိုက်အလျောက် ကောင်းစားကြလေသည်။

စစ်ကိုင်းမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့၏ သမီးတော် ရွှေနန်းရှင်မယ်မင်းသမီးကို သီရိပဝရမဟာရတနာဒေဝီဘွဲ့မည်ဖြင့် အလယ်နန်း တင်တော်မူသည်။ ညီတော် အိမ်ရှေ့မင်းကို သီရိပဝရမဟာသုဓမ္မရာဇာ ဘွဲ့မည်ပေး၍ သာယာဝတီမင်းနှင့် အနောက်နန်း မိဖုရားတို့၏ သမီးတော် လှိုင်မြို့စားပောင်း သီရိသုမြတ်စွာဒေဝီနှင့် လက်ဆက်ပေးသည်။ သို့ဖြစ်၍ လှိုင်မြို့စားပောင်း သီရိသုမြတ်စွာဒေဝီသည် အိမ်ရှေ့မိဖုရား သီရိသုမြတ်စွာရတနာဒေဝီ ဖြစ်လာသည်။ မင်းတုန်းမင်းတရားကြီးသည် သူ၏ မိဖုရားခေါင်ကြီး အရိပ်အောက်တွင် ခိုလှုံနေရရှာသည့် စကြာမင်းသမီးတော် ကနီ့မင်းသမီးပောင်း ဖြစ်သူ တူမတော်မလေးကို ရွှေခုံတိုင်ရွာစားကျေး ပေးသနားတော်မူသည်။

uEÐi forÐuÐnf
ouáwmf
86 Epsf
jrefmouÐmZf
1278 ck
c&pEpsf1916 ck
weáqmi fkef
vjynáusmf
11 &uf
we*áEáeWGf
rEåv;Ñkl
yk/ái G&mi &yf
plÐ dáwmfyÐvf
17 ü
uÐkáwmfbnf

ရွှေခုံတိုင်ရွာသည် ပုလဲမှ ထီးလင်းသို့ သွားရာလမ်းမှ ရွာငယ်ကလေးဖြစ်သည်။ စာရေးသူ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ထိုရွာကလေးသို့ ရောက်သည်။ ယခုအခါ ရွာကြီးဖြစ်နေပေပြီ။ မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကမူ အိမ်ခြေ လေးငါးဆယ်သာ ရှိသည့် ရွာကလေးဟု ဆိုသည်။ စကြာမင်း၏ သမီးတော်ကလေးမှာ ရွှေခုံတိုင်ရွာစား ဖြစ်လာ၍ ရွှေခုံတိုင်မင်းသမီးဟု မတွင်ဘဲ ယခင် စားကျေးရွာဖြစ်သော ကနီ့မြို့အမည်ဖြင့်ပင် ကနီ့မင်းသမီးဟု ခေါ်ကြသည်။

သက္ကရာဇ် ၁၂၃၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး စကြာဒေဝီ နတ်ရွာစံတော်မူသည်။ "မဟာလတာ အဆင်တန်ဆာတော်များကို အလောင်းတော်တွင် ဆင်ယင်တင်ထားလျှင် လေအထိအပါးမရှိ၍ ရုပ်တော်ကြွရန်ရှိသည်နှင့် အဆင်တန်ဆာတော်များကို တူမတော် ရွှေခုံတိုင်မင်းသမီးက အလောင်းတော်အထက်တွင် မြှောက်ချီကြွယူဆင်ယင်ဟန်ပြ၍ သလွန်တော်လက်ယာဘက်က အဆင်တန်ဆာတော်များကို စီစဉ်ခင်းကျင်းထားရသည်"ဟု ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် ရေးသားထားသည်။ တူမတော် ရွှေခုံတိုင်မင်းသမီးဆိုသည်မှာ စကြာမင်း၏ သမီးတော် ကနီ့မင်းသမီးကိုပင် ဆိုလိုသည်။ ဤသို့ ဖော်ပြရခြင်းမှာ တချို့ရာဇဝင်စာအုပ်များတွင် ၄င်းမင်းသမီးနှင့် ပတ်သက်၍ ပထမ ရွှေခုံတိုင်ရွာ၊ ဒုတိယ ကနီ့မြို့ကိုစားရသော မင်းသမီးဟု မှားယွင်းစွာ ရေးသားလေ့ရှိသောကြောင့်ဖြစ်သည်။ အမှန်မှာ ကနီ့မြို့ကို ပထမစားရ၍ ရွှေခုံတိုင်ရွာကို ဒုတိယစားရခြင်းဖြစ်သည်။ သို့သော် ကနီ့မင်းသမီးဟုပင် တွင်သည်။ ကနီ့မင်းသမီးသည် အိမ်ထောင်မရှိ၊ အပျိုကြီးဖြစ်သည်။ အရီးတော် စကြာဒေဝီ နတ်ရွာစံတော်မူသွားသောအခါ၌လည်း မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် တူမတော်ကို မျက်နှာမငယ်စေရဘဲ အနောက်ဆောင်တွင် နေရသည်။ သီပေါမင်းတရား လက်ထက်တော်တွင်လည်း အနောက်ဆောင်တွင်ပင် ကောင်းမွန်စွာ စံနေရပါသည်။

အရှင်နှစ်ပါး ပါတော်မူသောအခါ ကနီ့မင်းသမီးသည် အသက် ၅၅ နှစ်ရှိပေပြီ။ အထိန်းတော် အပျိုတော်များနှင့် အတူ နန်းမြို့မှ ထွက်ခဲ့ရသည်။ ခရစ်နှစ် ၁၈၈၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့စွဲဖြင့် တတိယတန်းအဆင့် မင်းသမီးသတ်မှတ်ခံရပြီး အိန္ဒိယအစိုးရက ရူပီ ၅၀ ထောက်ပံ့သည်။ ကနီ့မင်းသမီးသည် မန္တလေးမြို့ ပုလဲငွေရောင်ရပ်၊ ပုလိပ်ဂါတ်တဲအနီးတွင် စံအိမ်တော်နှင့် နေရသည်ဟု ဆိုသည်။

ဤသို့ စံနေစဉ် ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်ကို ဖော်ပြလိုပေသည်။ ကနီ့မင်းသမီးကြီး၏



www.burmeseclassic.com

www.burmeseclassic.com

စံအိမ်တော်သို့ အောက်အရပ်မှ လာသည်ဟုဆိုသော အမျိုးသားနှစ်ဦး အထုပ်အပိုးများနှင့် တစ်နေ့တွင် ရောက်လာကြသည်။ အပျိုတော်များက အကျိုးအကြောင်းမေးကြည့်ရာ စကြာမင်း၏ သမီးတော်ကို လာကြည့်သည်ဟု ဆိုသည်။ မင်းသမီးကြီးက အတွေ့ခံတော်မူသည်။ ထိုအမျိုးသားနှစ်ဦးက-

'ဘုရားကျွန်တော်မျိုးတို့ကို စကြာမင်းကလေး လွှတ်လိုက်၍ လာရပါတယ် ဘုရား၊ မင်းသမီးကြီးရဲ့ ခမည်းတော်နဲ့ တွေ့ဆုံလိုလျှင် ကျွန်တော်မျိုးများနဲ့ စိတ်ချစွာ လိုက်ခဲ့စေလိုပါတယ် ဘုရား'

ဟု လျှောက်ထားကြသည်။ မင်းသမီးကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်ကတည်းက ခမည်းတော်နှင့် ကွဲခဲ့လေရာ ထိုသူနှစ်ဦး ပြောသည်ကို ယုံရခက်ခက်ဖြစ်နေပေသည်။ ယခုမှ တွေ့သူနှစ်ဦးနောက်သို့လည်း ယုံကြည်စွာ မလိုက်ဝံ့ပေ။ သို့ဖြစ်၍ လိုက်ရန် ငြင်းဆိုလိုက်သည်ဟု ဆိုသည်။ သူတို့ပြောသည့် ခမည်းတော် စကြာမင်းဆိုသူမှာ မည်သည့်အရပ်တွင်ရှိနေသည်ဟူ၍ မမေးလိုက်ရဟု ဆိုပါ၏။

မင်းသမီးကြီးကို စကြာမင်း၏ သမီးတော်ဖြစ်၍ အင်္ဂလိပ်အစိုးရက အထူးဂရုစိုက်သည်။ စေတနာကောင်းဖြင့် ဂရုစိုက်ခြင်း ဖြစ်ဟန်မတူပေ။ မင်းလောင်းမျှော်နေသော မြန်မာများက စကြာမင်း ရှိသေးသည်။ တစ်နေ့ပြန်လာမည်ဟု အတိတ်၊ တဘောင်၊ သိုက်စာများအရ ယုံကြည်မျှော်လင့်နေကြ၍ မင်းသမီးကြီးအား အထူးဂရုစိုက်ခြင်းဖြစ်ပေမည်။ ဖော်ပြပါ သူစိမ်းနှစ်ဦး လာရောက်ပြောဆိုသည့် စကားများကိုပင် အခြားသူများ မပေါက်ကြားစေရဟု အပျိုတော်များအား မှာကြားသည်ဆိုပေရာ မင်းသမီးကြီးသည်လည်း အင်္ဂလိပ်အစိုးရ၏ ပရိယာယ်ကို သိတန်သလောက် သိမည်ဟု ထင်ရပါသည်။

ဇာတ်သဘင်များက စကြာရေချဇာတ်က,သည်ကို မင်းသမီးကြီး ကြားသင့်သလောက်ကြားသည်။ ထိုသို့ ကပြနေသည်ကို နှစ်သက်တော်မမူဟု ဆိုပါသည်။ တစ်ခါတွင် အပျိုတော်တစ်ဦးက စကြာရေချဇာတ်တွင် စကြာမင်းမြောက်သားတော်မှာ မြစိမ်းရောင်မင်းသမီးဟု ကပြနေသဖြင့်-

'ထားထားဘုရားတော်ရဲ့ မယ်တော်ဟာ မြစိမ်းရောင်မင်းသမီးဆိုတာ ဟုတ်ပါသလား ဘုရား၊ ဘုရားကျွန်တော်မျိုးမတို့ ညက ကြည့်ခဲ့ရတဲ့ ဇာတ်ထဲမှာ မြစိမ်းရောင်မင်းသမီးလို့ပါ,ပါတယ်ဘုရား'

ဟု လျှောက်ထားရာ-

'မဟုတ်တမ်းတရားတွေကွယ်၊ ဒီလိုဟာမျိုးတွေ မကြည့်ပါနဲ့'

ဟု မိန့်တော်မူသည် ဆိုပါသည်။

တစ်ခါတွင်မူ မင်းသမီးကြီး စံအိမ်တော်အနီး ပုလဲငွေရောင်ရပ်ထဲတွင် ဗလာဇာတ် လာက,သည် ဆို၏။ ညဘက်တွင် စကြာရေချဇာတ်က,မည်ဟု ကြေညာပေရာ မင်းသမီးကြီး ကြားရလေသည်။ သို့ဖြင့် မင်းသမီးကြီးစံအိမ်တော်အနီးတွင် နေသည့် သံတော်ဆင့်မင်းကို မန္တလေးအရေးပိုင်ထံ လွှတ်ပြီး သူ၏ စံအိမ်တော်နားတွင် ဤကဲ့သို့ မကပြစေရန် တားမြစ်ပေးရန် မေတ္တာရပ်ခံသည့်စာ ပေးစေသည်ဟု ဆို၏။ မန္တလေး အရေးပိုင်အမိန့်ဖြင့် ချက်ချင်းပင် ပွဲမိန့်ပိတ်လိုက်ပြီး မင်းသမီးစံအိမ်တော်အနီးတွင် နောက်နောင် မည်သည့်ဇာတ်ပွဲမျှ မက,ရကြတော့ပေ။

ကန္တီမင်းသမီးကြီးသည် သက်တော် ၈၆ နှစ်၊ မြန်မာသက္ကရာဇ် ၁၂၇၈ ခု၊ ခရစ်နှစ် ၁၉၁၆ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် မန္တလေးမြို့ ပုလဲငွေရောင်ရပ် စံအိမ်တော်နံပါတ် ၁၇ ၌ ကံကုန်တော်မူသည်။ ညောင်ရွှေစော်ဘွားကြီး ဆာစောမောင်က ဦးစီး၍ မသာတော်ကို သင်္ဂြိုဟ်သည်ဟု စာရေးဆရာကြီး ရွှေစကြာက ပြောပြဖူးပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလွဲချော်ခြင်းမှာ
မွေ့လျော်ပြီး
ခါးသက်သက်
ရက်စက်တတ်သည့်
လောကဓံကို
သူ မုန်းသည်။
အပေါ်စီး
လှောင်ပြောင်မှုနှင့်
စတင်ပြီး မျှော်လင့်
အောက်ကျို့စွာဖြင့်
တို့ကနန်း ဆိတ်ကနန်း
မြူလာသည့်
မျက်နှာပြောင်၊
အရှက်မဲ့
ကြောင်လက်သည်းဝှက်
လူမျိုးကို သူ မုန်းသည်။
စက်ဆုပ်ရွံရှာသည်။
မည်သို့ဆိုစေ…။
မပြီးဆုံးသေးသော
ရှေ့ဆက်ရဦးမည့်
မနက်ဖြန်အတွက်
တိတ်ဆိတ်စွာ
အနားယူစေနိုင်သော
ဝီစကီကို သူ ချစ်သည်။
ပြီးတော့ အားရပါးရ
ရယ်မောလိုက်ချင်သည်။
❑
အိပ်မက်များလား။
သူ့နားကိုသူ မယုံနိုင်။
မီးတောက်နေသော

# အလျှတ္တာခြေသံများ


မေဒွန်အေး

စကားလုံးများက
သူ့နားထဲသို့
အလျှံညီးညီး
စီးဝင်နေသည်။
ဟုတ်ပါ့မလား။ သူပဲ
နားကြားလွဲနေသလား။
ဘယ်လို ယုံကြည်ရမလဲ။
အိပ်မက်တစ်ခုနယ်။
ဒါမှမဟုတ်
သူ ဝီစကီကြောင်ပြီး
အထင်မှား၊ အမြင်မှား
စကားတွေ
ကြားနေတာများလား။
စိတ်ကစဉ့်ကလျား
နိုင်ပါဘီ။
သူ မျက်စိကို
အသေအချာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပွတ်သပ်လိုက်သည်။ ခေါင်းကို သွက်သွက်ခါခါ ယမ်းလိုက်သည်။ အမူးပြေလိုပြေငြား။ သူ့ရှေ့မှာ ထိုင်နေသည့်သူကို စေ့စေ့စိုက်စိုက် ပြန်ကြည့်သည်။ ဟုတ်ပါသည်။ သူ မမှားပါဘူး။

ဒေါ်လှလှတင့်မှ ဒေါ်လှလှတင့် အစစ်။

သေချာအောင် ထပ်ကြည့်ပြီး ပြန်တွေးတော့ သက်၏အဒေါ်အရင်းခေါက်ခေါက်။ သူ့ကို မျှော်လင့်ခြင်းများစွာဖြင့် ကြည့်နေသည့် ဒေါ်လှလှတင့်။ ဟိုတုန်းကတော့ တစ်ချိန်လုံး သူ့အပေါ် အထင်သေး အမြင်သေး နိုင်ထက်စီးနင်း စကားလုံးများဖြင့် သဲသဲမဲမဲ ပစ်ပေါက်ခဲ့သူ။ သူ့ကို အရောတဝင် စကားဟဟပင် မပြောဖူးသော၊ အကြည့်ကလေးတစ်ချက်ပင် မယဉ်ကျေးဖူးသော သူက ဒီစကားတွေပြောပြီး သူ့ကို နူးညံ့သိမ်မွေ့စွာ ကြည့်နေသည့် မျက်ဝန်းများကို သူ အံ့သြစွာ မြင်နေရပြီလေ။

'အန်တီ ဘာပြောလိုက်တာလဲ၊ ထပ်ပြောပြပါဦး'

သူ့စကားကို မည်သို့မျှ မယုံနိုင်သည့်အတွက် ဒေါ်လှလှတင့်ကို သေချာအောင် ထပ်မေးမိသည်။ ထိုအခါ ဒေါ်လှလှတင့်က သူ့လက်နှစ်ဖက်ကို ယုယုယယ ဆွဲယူပြီး အကြင်နာဆုံး မျက်ဝန်းဖြင့် တိုးလျှည်သာစွာ ထပ်ပြီး အဆိုပြုလာသည်။

'မောင်ဇော်ရယ် သက်လည်း မရှိတော့ဘူးလေ။ မောင်ဇော်တစ်ယောက်တည်း ဒီလို သောက်စားပြီး ဝေဒနာကို ကုစားနေတာ အန်တီတို့

wEpfUkf
wtjyufS
ae&ae&
xrif&nfyl
aomuf&aomuf&
qdkom
acwå[mif
*E©ifbDifUk
t&ufjvmvGf
atmf&tmf
qdkewwåom
oY
tdåb;u
uk, f
toHJ
ol
&0pfG
aymfOifvkuf
ygawmbnf

မကြည့်ရက်ဘူးကွယ်။ ကြာရင် မောင်ဇော့်ဘဝ နစ်မွန်းသွားနိုင်တယ်။ မောင်ဇော့်ကို အနီးကပ် စောင့်ရှောက်ဖို့ ချိုလေးနွယ်ကို မောင်ဇော့် လက်ထဲ ထည့်ပါရစေ။ ချိုလေးနွယ်ကလည်း သူစိမ်းတွေ မဟုတ်ဘူးလေ။ သက်ရဲ့ ညီမလေးပဲဆိုတော့…'

ချိုလေးနွယ်ဆိုတာ ဒေါ်လှလှတင့်၏ တစ်ဦးတည်းသောသမီး။

သေချာသွားပြီ။ ဒေါ်လှလှတင့်၏ စကားတွေကို သူ နားကြားလွဲတာ မဖြစ်နိုင်တော့။ အရှက်မဲ့စွာ ခုန်ပေါက် ထွက်ကျလာသော ဒေါ်လှလှတင့် စကားတွေကို သူ နားထောင်ဖို့ နားရှက်လှသည်။ သူ၏ ရင်ထဲမှာတော့ မျှော်လင့်ချက်ကြီးစွာဖြင့် အရှက်မဲ့စကား ပြောထွက်ခဲ့သော်ငြား သူ ဆက်နားထောင်ဖို့ အင်အားမရှိတော့ပါ၍ တယုတယ ဆွဲဆုပ်ထားသော လက်မှ သူ့လက်ကို ဆတ်ခနဲ ရုန်းဖယ် သိမ်းရုပ်လိုက်ပြီး-

'ဟား… ဟား… ဟား… ဟား'

သူ အားပါးတရ ရယ်မောပစ်လိုက်သည်။ ရယ်စရာကောင်းလွန်းလို့ပါ။ ရယ်ရလွန်း၍လား ဒါမှမဟုတ် နာကျင်စူးနစ်မှုတစ်ခုခုကြောင့်လားဟု သူ မဝေခွဲတတ်ပေ။ သူ့မျက်ဝန်းမှာ မျက်ရည်စများ ဝေ့သီကာ တွဲလွဲခိုလာကြသည်။

'မောင်ဇော် မောင်ဇော် သတိထားပါကွယ်။ အန်တီလေ အန်တီ ဒေါ်လှလှတင့်ပါ။ စိတ်ကိုထိန်းပါနော်။ ဖြစ်ပြီးရင်ပျက်၊ ပျက်ပြီးရင်လည်း အသစ်ပြန်ဖြစ်ရတာ ဓမ္မတာပါ။ မောင်ဇော် စိတ်ပင်ပန်းနေပြီ၊ နားလိုက်ပါဦး။ ပြီးတော့ ခေါင်းအေးအေးထားပြီး စဉ်းစားနော်။ အကောင်းဆုံးဖြစ်အောင် အန်တီတို့ သေသေချာချာ စီစဉ်ထားတာကို လက်ခံပေးပါနော်'

သူ မရိုင်းပျချင်ပါ။ ဒီမိန်းမကြီးကို တစ်ချိန်က သူ့ကိုလက်ညှိုးငေါက်ငေါက်ထိုးပြီး ဒဏ်ရာဒဏ်ချက်ပေးခဲ့သလို ပြန်သင်ခန်းစာပေးချင်သည်။ အလကား ပလီစိချောက်ချက် မိန်းမလည်း။ ဒါပေမဲ့ သူ မလုပ်ဖြစ်ခဲ့ပေ။ သူ့နှလုံးသားကို ကလေးကစားစရာ အရုပ်တစ်ရုပ်ဟု ထင်မှတ်နေကြသလား။ အံ့သြစရာကောင်းလိုက်တာ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်ဆိုတာ ဒါပဲထင်သည်။

ကြောင်လက်သည်းဝှက်ထားသလို ဟန်ဆောင်တတ်သော လူ့အသိုင်းအဝိုင်း၊ အထူးသဖြင့် သက်နှင့် ပတ်သက်နေသူ အားလုံးကို အသည်းခါးခါးမုန်းသည်။ မတွေ့လို၊ မမြင်လိုတော့ပေ။ ❑

အချစ်ဆိုတာ မျက်ကန်းတစ္ဆေမကြောက်သလိုပါပဲ။

ဆယ်ကျော်သက် အရွယ်ကတည်းက ချစ်ခဲ့ရသူမို့လည်း သက်နှင့်သူ စွဲစွဲလမ်းလမ်း ချစ်ခဲ့မိကြသည်။ သက် မိဘအသိုင်းအဝိုင်းက တိမ်ညွှန့်စားမြင့်မားသည်။ တစ်ဦးတည်းသော သမီးအတွက် သက်မိဘ အိပ်မက်တွေက ရွှေရောင်အိပ်မက်တွေ ဖြစ်နေတာ မဆန်းကြယ်ပေ။ သက်ကတော့ သူ့ဘဝဖြစ်တည်မှုကို မနှစ်မြို့က်၊ မပျော်ပိုင်သူ ဖြစ်နေတာကလည်း ဆန်းကြယ်နေပြန်သည်။

သက်က အရောင်မဆိုးသည့် ရိုးသားစိတ်နှင့် မြေကြီးပေါ်မှာ လမ်းလျှောက်ချင်သူ။ ပြီးတော့ ပကာသနတွေ လွှမ်းနေသည့် အပေါ်ယံ အပြုံးတုတွေကို သက် ရွံမုန်းသည်။ အဲယားကွန်းတပ်ပြီး အလုံပိတ်ထားသည့် ကားကို သက် မစီးချင်။ သက်က အသက်ရှူမဝဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

သက် စိတ်ရင်းက ကားထဲမှာ လှုန့်သင်းပြီး လူသားဆန်သူများ၏ ပုံရိပ်များကို လှမ်းမြင်နိုင်သော ဘတ်စ်ကားစီးရတာ အရသာတွေ့သည်။ ဝေဟင်မှာမပျော်၊ မြေပြင်မှာသာ ပျော်ချင်သည့် ငှက်မျိုး။

သက်၏ လူသားဆန်သော စိတ်ထားကြောင့် သူ သက်ကို မြတ်နိုးရသည်။ ရှေ့ဆက်ရမည့် ခရီးအတွက်လည်း ခွန်အားဖြစ်စေသည်။ ပြောရလျှင် သက်အတွက် ဘာမဆို စွန့်စားဖို့ သတ္တိအပြည့်ရှိသလို ရင်ဆိုင်ဖို့လည်း လက်တွေ့ကျကျ မတွန့်မဆုတ် ဝံ့စားရဲသည်။

'မောင် သက်ကို နိုင်ငံခြားမှာ ပညာသင်ဖို့ ဖေဖေတို့ ခြေလှမ်းပြင်နေကြပြီ။ သက် မသွားချင်ဘူး မောင်'

သက် စကားက သူ့နှလုံးသားကို ညှစ်ဆုပ်လိုက်သလို နာကျင်စေခဲ့သည်။ တစ်ဦးတည်းသော သမီးလေးအတွက် ထားရှိသည့် မိဘမေတ္တာကား ချိုမြိန်လှပါသည်။ ကြားရသူတိုင်းကိုလည်း မုဒိတာဖြစ်စေမှာ အမှန်ပါပဲ။

'သက်... ဒါဆိုရင်...'

သူ့လည်ချောင်းမှာ တစ်ဆို့နေသော အသံက ဆက်ပြောနိုင်သော အစွမ်းမရှိတော့။

'သက်တို့ မိုးအဆုံး မြေအဆုံး ပြေးကြစို့ မောင်'

ဒီစကားကို သက်ပြောမည်ဆိုတာ သိလျက်နှင့် သက်ပြောမှ ပြောပါ့မလား သူ စိုးရိမ်နေခဲ့တာ အမှန်ပါ။ အခုတော့ သက် စကားက သူ့ဘဝ၊ သူ့အချစ်တွေကို အလျှားရှည်စေပြီ မဟုတ်ပါလား။ သူက ယောကျ်ားသားပဲ။

သက် နှင့် သူ။

တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ၊ ထမင်းရည်ပူ သောက်ရသောက်ရဆိုသော ခေတ်ဟောင်းဂန္ထဝင်သီချင်းကို အရက်မူးလာလျှင် အော်အော် ဆိုနေတတ်သော သူ့အိမ်ဘေးက ကိုငယ်၏ အသံထဲ သူ ရဲဝံ့စွာ ပျော်ဝင်လိုက်ပါတော့သည်။

❑

'ဟင်... တူသလား တန်သလား။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ။ ယောကျ်ားပိုင်းလုံးကောင်။ မင်းမှာ ခြေလက်အင်္ဂါ စုံစုံလင်လင် ရှိလျက်သားနဲ့ လုပ်စားကိုင်စားဖို့ ပျင်းတဲ့အကောင်။ အဖြစ်မရှိတဲ့အကောင်။ မိန်းကလေးတစ်ယောက်ကို ရုပ်ကလေး ဗန်းပြပြီး ချူစားနေတဲ့ကောင်။ ငါတို့သမီးကို နင်လိုကောင်နဲ့ သဘောမတူနိုင်ဘူး။ အခုချက်ချင်း ငါတို့လက် အပ်ပါ။ မဟုတ်လို့ကတော့ မင်းကို ထောင်မကျ ကျအောင် အမှုဖွင့်ပစ်မယ်။ ဘာမှတ်နေလဲ'

ဒီစကားက သက်မေမေ ဒေါ်မြမြတင့်၏ ယောကျ်ားမာနကို ချိုးဖဲ့နှိပ်ကွပ်သည့် စကား။ အသည်းကြားကို ဆူးချွန်နှင့် မွသလို။

'အောင်မယ်လေး တော်၊ တန်ရာတန်ရာ မမှန်းဘူး အံ့သြပါ့။ ကိုယ့်ဘဝကို ကိုယ်ပြန်ကြည့်ပါဦး။ နေတော့တဲစုတ်၊ မှန်းတော့ ရွှေထုပ်။ တို့ တူမကို ဘာဆေးနဲ့ လုပ်ကြံယူထားသလဲ။ မင်းလိုကောင်မျိုးရဲ့ အိမ်ကို လာရတာ တို့မိသားစုတွေ သနလိုက်တာ။ ယောကျ်ားပိုင်းလုံးဆိုတာ ကြားပဲ ကြားဖူးတာ၊ ခုမှ လက်တွေ့ မြင်ဖူးတော့တယ်။ ကျက်သရေ မရှိလိုက်တာ။ တို့တူမကို ပြန်ထည့်ရင်ထည့်၊ မထည့်လို့ကတော့ ထောင်ထဲရောက်သွားမယ်'

သူတို့ အိမ်ကျဉ်းကျဉ်းကလေးထဲမှာ ကမ္ဘာပျက်ချေပြီ။

သက်မေမေ၏ညီမ သက်အန်တီ ဒေါ်လှလှတင့် ပစ်ပေါက်လိုက်သော စကားလုံးများက သူ၏ သိက္ခာတရားကို ထိပါးစော်ကားလွန်းလာတော့ သူ သည်းမခံချင်တော့။ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူ့ကို ထိုးနှက်လှဲဖြိုလာသူ နှစ်ယောက်ကို ရင်ဆိုင်ဖို့ ထ, ရပ်လိုက်သည်။ အဖေမရှိ၍သာ တော်သည်။ အဖေက စိတ်ဆက်သည်။ မဟုတ်မခံသည့်သူမျိုး။ ဒီစကားလုံးမျိုးတွေ ကြားပါက ပွဲကြမ်းမှာ သေချာသည်။ အမေကတော့ အိပ်ရာထဲမှာ ရှက်လွန်း၍ မျက်ရည်တွေနှင့် ဝမ်းနည်းငိုကြွေးနေရှာမှာပေါ့။

'မောင် အသာနေ၊ သက် ဖြေရှင်းမယ်'

သက် စကားကြောင့် သက်ကို သူ သတိရသွားသည်။ အခြေခံလူတန်းစားတို့ နေထိုင်ရာ ရပ်ကွက်ဆိုတော့ သူတို့အိမ်ရှေ့မှာ လူတွေက အုံခဲလို့။

'ဒီမှာ မေမေနဲ့အန်တီ၊ သမီးပြောမယ်။ သမီးက အသက် ၁၈ နှစ် ပြည့်ပြီးပြီ။ သမီးသဘောနဲ့သမီး ဆုံးဖြတ်ပြီး လိုက်တာတာ။ မေမေတို့ လူတစ်ယောက်ကို ဒီလောက် နှိမ်ပြောစရာ မလိုပါဘူး။ သားသမီးချင်း စာနာပါ။ မေမေတို့ မတရားလုပ်လို့ကတော့ ဟောဒီမှာ တွေ့လား၊ အဆိပ်ပုလင်း။ နှစ်ယောက်စလုံး သောက်ပစ်လိုက်ကြမယ်။ သမီးကို အသက်ရှင်လျက်နဲ့ တွေ့ချင်သေးရင် မေမေနဲ့အန်တီတို့ ပြန်ကြပါတော့။ သမီး ရွေးချယ်တဲ့သူဟာ လူညံ့မဟုတ်ဘူးဆိုတာ မေမေတို့ သိလာမှာပါ။ မေမေတို့ ပြန်ပါတော့'

နောက်ဆုံးတော့ ပြတ်သားခိုင်မာသည့် သက် စကားကြောင့် သက် မေမေနှင့်အန်တီတို့ လက်လျှော့ကာ ပြန်သွားကြသည်။ သက်၏ သူ့အပေါ် နှောင်ဖွဲ့ရစ်ပတ်ထားသော အချစ်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။

'သက်ရယ်'

❑

မိဘကို စုံကန်ပြီး သူ့ရင်ခွင်ဆီ တိုးဝင်လာသော သက်အတွက် သူ အမြင့်မားဆုံးဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ အဖေက 'ဦးထွန်း ကားဝပ်ရှော့'မှာ ကျွမ်းကျင်သည့် မက္ကင်းနစ်တစ်ယောက်။ သူ့ကို တစ်ဦးတည်းသားမို့ ပညာတတ်ကြီး တစ်ယောက် ဖြစ်စေချင်သည်။ သို့သော် လွဲချော်ပြီး ရက်စက်တတ်သော လောကဓံတရားက အဖေ့ဘဝကို ဓားလို ထိုးစိုက်ပစ်လိုက်သလို သူ့ဘဝကို အပြောင်းလဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲစေခဲ့သည်။ မမျှော်လင့်ဘဲ အဖေ ကားအောက်ဝင်ပြီး ကားပြင်နေစဉ် အချိန်တိုအတွင်း ကားပိခဲ့ရာ အဖေ့ခြေထောက်တစ်ဖက် ထိခိုက်ခဲ့ရသည်။ အလုပ်ရှင်ဦးထွန်းက အဖေ့ကို အစွမ်းကုန် ဆေးကုသပေးသော်လည်း အဖေ့ခြေထောက်တစ်ဖက်ကား မသန်မစွမ်းဖြစ်သွားရသည်။ အဖေ အလုပ်မလုပ်နိုင်တော့။

အမေကလည်း မွေးရာပါ ရင်ကျပ်ဝေဒနာကြောင့် ခါးပင်ကုန်းကုန်းကြီး ဖြစ်လာသည်။ ပန်းနာရင်ကျပ်ဝေဒနာသည် အမေသည် အအိပ်ပျက်၊ အစားပျက် ဖြစ်လာသည်။ နားထင်ကကျ၊ လူကလည်း ပိန်လှီ ခန်းခြောက်နေတော့ အမေ့ ဥပဓိရုပ်က မပီမပြင် ရုပ်ဆိုးလှသည်။ အဖေ့ခြေထောက်က ခပ်ဆာဆာ၊ အမေ့ခါးက ကုန်းကုန်း။ သက်မိဘများ အနေဖြင့် သူတို့၏ မိသားစု အနိဋ္ဌာရုံကို ကြည့်ပြီး ခမည်းခမက်တော်ရမှာ ရှက်ပြီး သူ့ကို နာကြည်းမုန်းတီးနေတာ ပြန်တွေးတော့လည်း သူ စိတ်မနာနိုင်တော့ပေ။ သက်အတွက်သာ သူ အကောင်းဆုံး ကြိုးစားဖို့ လိုအပ်လာပြီလေ။

အဖေလုပ်ခဲ့သည့် "ဦးထွန်း ကားဝပ်ရှော့" အလုပ်ရုံမှာပဲ သူ အလုပ်ဝင်သည်။ ဦးထွန်းကလည်း အဖေ့အပေါ် ကရုဏာရှိရင်းစွဲမို့ သူ့အပေါ် စေတနာထားသည်။ သူကလည်း ကြိုးစားသည်။ သူတို့နှစ်ယောက် အကြောင်းကိုလည်း ဦးထွန်း တစ်ယောက် မိုးလုံးပြည့် စကားတွေကို နားလျှံအောင်

**tjzLa&mif wdkfvkdufwG cdkcdkjyKcdkjyKf vGefvGefrsmarsm &, farm pdwfyJupf&m aumif;aom xkd Oef;usi;f[mif;ok ol b, fwmhS ajcOD jyef/Sifwmhnf r[ kvf**

ကြားဖူးနေတော့ သူတို့ကို ပိုပြီး စာနာသည်။ စောင့်ရှောက်သည်။

ကံကြမ္မာ အထိုးအနှက် ရိုက်ချက်တွေကို ကျောကော့နေအောင် ခါးစည်းပြီး ခံထားရသော သူ့အဖို့ ကံဇာတာ တက်ဖို့ ကြုံလာရသည်။ ကံတရားက မျက်နှာသာတစ်လှည့် ပြန်ပေးသည်။ အဖြစ်က ဒီလိုပါ။ ဦးထွန်း၏ ညီအရင်းတစ်ယောက်က စင်ကာပူနိုင်ငံ၌ ကားပစ္စည်းစက်ရုံ တည်ထောင်ထားသူ ဖြစ်သည်။ အလုပ်သမားလိုနေ၍ ရိုးသားပြီး ကားနှင့် ပတ်သက်ပြီး ကျွမ်းဝင်သူရှိပါက ပို့ပေးဖို့ ဦးထွန်းဆီ အကြောင်းကြားလာသည်။ ဦးထွန်းက သူ့ကို ဆွေးနွေးသည်။ သူက သက်နှင့် တိုင်ပင်သည်။

အဖေ၊ အမေကတော့ သူ့နဲ့ သက် သဘောပါပဲတဲ့။ သက်က သူနဲ့ မခွဲမခွာနိုင်ပေမဲ့ သူတို့နှစ်ဦးစလုံးအတွက် တိုးတက် ဖို့ လမ်းစဆိုတော့ သက် ခေါင်းညိတ်ပါသည်။

သက်နှင့် ခဏတာ ဝေးရပေဦးမှာပေါ့။

❑

သက်နှင့်သူ ဆယ်စုနှစ်တစ်ခုအတွင်း ပြောင်းလဲမှုများက အံ့ဘနန်းပါပဲ။ သူ့ရဲ့ ကြိုးစားမှုကြောင့် သူဌေး၏ လူယုံတစ်ယောက် ဖြစ်လာသည်။ လုပ်ပိုင်ခွင့်တွေ ရလာသည်။ ဝင်ငွေတိုးလာတော့လည်း သူ့ဘဝ အခြေအနေ မြင့်မားခဲ့သည်။ အမေကတော့ သူတို့အားလုံးကို ကျောခိုင်းသွားခဲ့လေပြီ။ အဖေ့ကတော့ သက်ကို စောင့်ရှောက်ရင်း တရားဘာဝနာအားထုတ်ကာ အေးငြိမ်းသော ဘဝကို ရရှိပိုင်ဆိုင်လာခဲ့သည်။ သူကတော့ သက်ဆီ ၆ လတစ်ကြိမ် ပြန်လာသည်။

"လွမ်းလိုက်တာ သက်ရယ်"

သူနဲ့သက် ကျယ်ဝန်းသော ခြံဝင်းအတွင်း သက်ပြုစုစိုက်ပျိုးထားသော ပန်းမျိုးစုံ ပွင့်လန်းရာ ပန်းဥယျာဉ်အတွင်း လေညင်းခံရင်း စကားတွေ ဖောင်ဖွဲ့ကြသည်။ သူ့ရင်ထဲ ခေါင်းမှီကာ သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေသည့် သက်ကို သူ မြတ်နိုးနေမိသည်။

"သက်"

"ဟင် မောင်"

"မောင်တို့ မျိုးဆက်လေး ယူကြရအောင်နော်"

သူ့စကားကို သက် ပြုံးပြီး ခေါင်းညိတ်သည်။

"မောင် နောက်တစ်ခေါက် ပြန်လာရင် အိုဂျီဒေါက်တာ ခင်ခင်အေးဆီ သွားကြမယ်လေနော် မောင်။

"သက်လေ မောင့်ကို လွမ်းတိုင်း ဟောဒီ ပန်းခြံထဲမှာ ပန်းတွေမျိုးစုံစိုက်ပြီး အလွမ်းဖြေနေရတာပါ မောင်ရယ်၊ သက်တို့ရဲ့ သားသား မီးမီးလေးသာ ရှိခဲ့ရင် သက်က ပိုပြီး ပျော်မှာပါ မောင်"

သက်တစ်ယောက် အားသည်နှင့် ခြံထဲဆင်းကာ နှင်းဆီ၊ စံပယ်၊ သစ်ခွ မျိုးစုံကို အရိပ်တကြည့်ကြည့် စိုက်ပျိုးရင်း သူ့ကို အလွမ်းဖြေနေရသည်တဲ့။ သြော် သက်ရယ် သည်လောက်တောင် မောင့်ကို လွမ်းနေရသလားကွယ်။ နောက်ဆိုရင် မောင်လည်း သက်အနားမှာပဲ နေပြီး မောင် ကျွမ်းကျင်သည့် ပညာနှင့် ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်အောင် ကြိုးစားပါမည် သက်။ ပြီးတော့ သားသား မီးမီးတို့နှင့် ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်။

သက် မောင့်ကို ကျေးဇူးပြုပြီး ခဏလေး စောင့်ပေးပါ။

❑

အိပ်မက်သာ ဖြစ်လိုက်ပါတော့။

ဖုန်းထဲက အဖေ့စကား



www.burmeseclassic.com

www.burmeseclassic.com

သံကို သူ့နားထဲ မိုင်းတစ်လုံး ပေါက်ကွဲသလို ကျယ်ကျယ်လောင်လောင်ဖြင့် ဆူညံနေ၏။

‘သက် ဆုံးပြီတဲ့’

ဟောဗျာ၊ သက် ဆုံးပြီ၊ သက် ဆုံးပြီ တဲ့။ ဗြုန်းစားကြီး။

လက်ကိုင်ဖုန်းကလေး ဒေါက်ခနဲ ကြမ်းပေါ်ကျသွားသည်အထိ သူ့အသိစိတ်တွေ ပျောက်ဆုံးသွားခဲ့သည်။ စက္ကန့်ပေါင်းများစွာ ကြက်သေ သေကာ မေ့လျော့နေခဲ့သည်။ သတိရချိန်မှာ သက်ရှိရာ အမြန်ဆုံးပြန်သွားဖို့ လုပ်စရာများ အပြေးအလွှား လုပ်ရသည်။ သက်ရယ် ဘယ်လိုများ ဖြစ်ရတာလဲကွယ်။ မောင့်ကို ထားရစ်ခဲ့ပြီလား။

ယောက်ျားတန်မဲ့ သူ ငိုကြွေးနေမိသည်။ ရင်ထဲမှာ ရော အပြင်မှာပါ။

ဆရာဝန် ပြောပြချက်အရ သက်မှာ နှလုံးရောဂါ အစပြုရှိနေပြီတဲ့။ ဒီအခြေအနေကို သက်ကလည်း သတိမထားမိ။ သူချစ်သော ပန်းပင်ကလေးများကို ပြုစုရင်း အချိန်ကုန်လွန်နေတတ်သည်။ ပန်းပင်လေးတွေ၊ အထူးသဖြင့် သစ်ခွပန်းနှင့် နှင်းဆီပန်းတို့က ပိုးကျလွယ်သည်။ သက်က သူယုယနေသော ပန်းကလေးများ ရှင်သန်ရေးအတွက် ပိုးသတ်ဆေးအမျိုးမျိုးနှင့် ကုစားခဲ့သည်။ လေထုထဲ၌ အန္တရာယ်ရှိသော ပိုးသတ်ဆေးရည်မှ အခိုးအငွေ့များ၊ ဓာတုပစ္စည်းအရည်များက သက်၏ အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်ခဲ့သည်။ ပြီးတော့ ပါးစပ်နှင့် အရေပြားမှလည်း ဝင်ရောက်ခဲ့သည်။ ထိုအခါ သက်၏ အစပြုနေသော နှလုံးရောဂါကို အကြီးအကျယ် ထိခိုက်စေပြီး အဆိပ်အတောက်ဖြစ်သွားပုံရသည်ဟု ဆရာဝန်များက သုံးသပ်ကြသည်။

‘ဖြစ်မှဖြစ်ရလေ သက်ရယ်၊ ပန်းကလေးတွေကို ချစ်တဲ့ သက်၊ အခုတော့ ပန်းကလေးတွေအတွက် အသက်ပေးဆပ်ခဲ့ရပြီကော သက်’

ဘာကို အပြစ်တင်ရမှာလဲ။

ခါးခါးသက်သက် ရက်စက်တတ်တဲ့ လောကဓံကိုပဲ သူ မုန်းမာန်ဖွဲ့ရသည်။

❑

ဘာမျှမကြာသေးပါ။ သက် တစ်လပြည့်ဆွမ်းကျွေးသည့်ရက် ရောက်လာခဲ့သည်။ ဒီကြားထဲ သူ မနက်ဖြန်များစွာအတွက် သက်နှင့်ပတ်သက်သည့် ဝေဒနာတွေ ဖြေလျှော့ဖို့၊ အိပ်စက်အနားယူဖို့ ဝီစကီကို အဖော်ပြုရသည်။ အခန်းအောင်းပြီး သက် ဓာတ်ပုံကို ငေးငူကြည့်ကာ သူနှင့်သက်အကြောင်း ပြန်ပြောင်းအောက်မေ့မိသည်။ အိပ်မက်ထဲ သူနှင့်သက် စကားတွေ အများကြီး ပြောဖြစ်ကြသည်။ နေရာစုံလျှောက်လည်သည်။

အိမ်တစ်လုံး၊ အလှူအတန်းကိစ္စအဝဝကို သက်မေမေနှင့် သက်အန်တီဆိုသူကပဲ စီမံခန့်ခွဲသံတွေ သူ နားမဆံ့အောင် ကြားနေရသည်။ အဖေကတော့ အိမ်အပေါ်ထပ် ဘုရားခန်းမှာပဲ အေးငြိမ်းရာ တရားဓမ္မနှင့် အတူ တကွ အေးရာအေးကြောင်း ရှာလို့ပေါ့။

‘ဒေါက်… ဒေါက်… ဒေါက်…’

ထမင်းစားဖို့ သူ့အခန်းတံခါးလာခေါက်သည်။ သူ မထွက်။ အပြင်ဘက်မှ သူ့ကို ဖျောင်းဖျသည့်စကားများဖြင့် ညှိုခေါ်သော်လည်း သူ မမှု။ အားလုံး တိတ်ဆိတ်ကုန်မှ အဖေနှင့်သူ အတူ ထမင်းစားကြသည်။ ရှေ့ဆက်ရမည့် ခရီးအတွက် နွေးနွေးထွေးထွေး တိုင်ပင်ကြသည်။ ပြီးတော့ အိပ်ခန်းထဲမှာ သက်နှင့် စကားပြောသည်။ ဝီစကီက သစ္စာရှိစွာ သူ့အတွက် အိပ်စက်ခြင်းကိုပေးသည်။

ဒီနေ့ သက် သူ့ကို ခွဲခွာသွားတာ တစ်လပြည့်သည့်နေ့။ သံဃာတော်များ သဓ်ါရ တရား၊ သံဝေဂတရား ရှည်ရှည်လျားလျား ဟောကြားသည်။ ပြီးတော့ ပြန်ကြွသွားကြသည်။ ဧည့်သည်များကို ဧည့်ဝတ်ကျေ ဧည့်ခံစကားပြောသည်။ သူ စိတ်မပါဘဲ ပင်ပန်းနေပြီ။ သူ့အိပ်ခန်းထဲ ပြန်ချင်ပြီ။ ဘယ်သူနဲ့မှလည်း မတွေ့ချင်၊ မဆုံချင်။

လူအားလုံး ရှင်းတော့ သက်အန်တီက သူ့အနားလာပြီး ‘ချိုလေးနွယ်’ကို လက်ဆက်ပါတဲ့။

ဘာတွေလဲ။

သူ အားရပါးရ ရယ်လိုက်ပါတော့သည်။ စကား၏ လားရာအနက်အဓိပ္ပာယ်ကို သူ ရိပ်စား နားလည်ပါသည်။ ဘာကြာသေးလို့လဲ။ သက် သူ့အနားမှာ နွေးနွေးငွေ့ငွေ့ ရှိနေသေးတယ်လေ။ ဘာစကားတွေ လာပြောနေကြတာလဲ။ ပြောထွက်ရက်ကြသည်။ သက်ကို အားမနာကြတော့ဘူးလား။ သူနှင့်တကွ သူ့ဘဝ၊ သူ့ဓန အားလုံးကို အမြန်ဆုံး သိမ်းပိုက်ချင်ကြတာလေ။

‘ဟား…ဟား… ဟား…ဟား…’

သူ အားရပါးရ လှောင်ရယ်နေမိသည်။ သို့သော် ရယ်လွန်း၍လား ဒါမှမဟုတ် နာကြည်းမှုတစ်ခုခုကြောင့်လားဟု သူ မဝေခွဲတတ်ပေ။ သူ့မျက်ဝန်းမှာ မျက်ရည်ကြည်များ ဝေ့လည် တွဲခိုလာကြသည်။

❑

‘သက်ရေ၊ သက်ရှိတဲ့နေရာမှာ မောင် မနေဝံ့တော့ဘူး။ မောင့်အပေါ် လှောင်ပြောင်မှုနဲ့ စ,ခဲ့ပြီး ရယ်မောခြင်းနဲ့ အဆုံးသတ်ဖို့ ကြိုးစားသူတွေကို မောင် ကြောက်တယ်။ သူတို့နဲ့ဝေးရာကို မောင် ပြန်သွားခဲ့ပါပြီ။ သက်ကို မောင် ချစ်တယ်။ သက်အပေါ် မောင် သစ္စာရှိရှိ ချစ်နေပါ့မယ်။ နောက်ဘဝများရှိခဲ့ရင် သက်ကို မောင် ဆက်ချစ်နေဦးမယ် သက်’

လေယာဉ်မှ လှမ်းကြည့်လိုက်တော့-

အဖြူရောင် တိမ်တိုက်တွေက ခဲခဲဆုပ်ဆုပ်၊ လွင့်လွင့်မျောမျော။ ရယ်မောစိတ်ပျက်စရာကောင်းသော ထိုဝန်းကျင်ဟောင်းသို့ သူ ဘယ်တော့မှ ခြေဦးပြန်လှည့်တော့မည် မဟုတ်။

သက်မှတစ်ပါး အားလုံးကို နှုတ်ဆက် ကျောခိုင်းလိုက်ပါပြီ။ ။ ■

**မေဖွန်အေး**



www.burmeseclassic.com

www.burmeseclassic.com



# အာတိတ်စက်ဝိုင်းမှ
# ကျောင်းသားလေး

မခ

မုန့်စားကျောင်းဆင်းချိန်ပေါ့။ ဆရာများနားနေခန်းထဲမှာ ဆရာ၊ ဆရာမတွေဟာ ရေနွေးကြမ်းသောက်ရင်း ရောက်တတ်ရာရာ ပြောဆိုနေကြတယ်။ ဆရာမလေး ငြိမ်းဇာ ကတော့ စကားရယ်လို့ ဝင်မပြောပါဘူး။ အခြား ဆရာမတွေ ပြောတာ နားထောင် ရယ်မောနေရုံပါ။ သူ့မှာ မျက်နှာချင်းဆိုင်က ဆရာ ဦးတင်ကိုကိုလှိုင်ထူးရဲ့ ပြဇာတ်မင်းသားဆန်တဲ့ ဟန်နဲ့ အကြည့်တွေက လွတ်အောင်ရှောင်တိမ်းနေရသေးတယ်မဟုတ်လား။ ပြောရမယ်ဆို ဒီမှလတန်းကျောင်းလေးမှာက ကျောင်းဆရာဆိုလို့ ဦးတင်ကိုကိုလှိုင်ထူး တစ်ယောက်ပါတာ။ ဆိုတော့ ဆရာမတွေ အားလုံးထဲမှာ ဆရာမလေး ငြိမ်းဇာက မျက်နှာအပွင့်ဆုံး ဆိုရမှာပေါ့လေ။ ဆရာမ ဝိုင်းဝိုင်း ပြောတဲ့ ဟာသတစ်ခုကို အူလှိုက်သည်းလှိုက် ရယ်မောနေကြတုန်းမှာပဲ ဆရာဦးတင်ကိုကိုလှိုင်ထူးက 'ဆရာမ' လို့ ငြိမ်းဇာကို အလန့်တကြား ခေါ်ပြီး သူမ ကျောပေးထားတဲ့ တံခါးမကြီးဆီ လက်ညှိုးထိုးပြလိုက်ပါတယ်။ ငြိမ်းဇာ မျက်နှာပိုးသတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၉ ခုနှစ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ၁၄၉

www.burmeseclassic.com

www.burmeseclassic.com

အနောက် လှည့်ကြည့်လိုက်တော့ တံခါးမကြီး အဝင်ဝမှာ ငိုလက်စ မျက်ရည်တွေနဲ့ နှစ်တန်းကျောင်းသူ ထုရော်လေးကို သနားစဖွယ် တွေ့လိုက်ရတယ်။

ဆရာမလေးဟာ တံခါးမကြီးဆီ ပျာပျာသလဲ ထ,သွားပြီး ထုရော်လေးကို ဆွဲယူပွေ့ဖက်ကာ 'သမီး ဘာဖြစ်တာလဲ' လို့ မေးလိုက်ပါတယ်။

ထုရော်က မျက်ရည်နဲ့ နှပ်ရောသုတ်ရင်း နှစ်ချက်သုံးချက် ရှိုက်လိုက်ပြီးမှ 'အယ်လ်ဒီရယ်လေ သူ သမီးကို အနိုင်ကျင့်တယ်၊ သမီးက သူနဲ့ မိတ်လိုက်တမ်းကစားတာလေ။ အဲဒါ သမီးအလှည့်ကျ ကုန်းပေးရတယ်၊ သူ အလှည့်ကျ မကုန်းဘဲ ထွက်ပြေးတယ်' ထုရော်က ပြောပြီး တသိမ့်သိမ့် ရှိုက်ငိုနေတယ်။

ဆရာမလေးက ထုရော်ကျေနပ်သွားအောင် ခပ်ဖွဖွဖက်လိုက်ပြီး 'ဩော်အေး သမီး၊ အယ်ဒီကို တီချယ်ဆုံးမလိုက်ပါမယ်ကွယ် ဟုတ်လား၊ ကဲ... သမီး ငိုမနေနဲ့တိတ်တော့။ ခါးခါးတွေပျက်ကုန်လို့ မလှဘဲနေမယ် ဟုတ်လား၊ သွား... သွား ကျောင်းခန်းထဲ သွားနေနော် သမီး။ ခဏနေ ကျောင်းတက်တော့မယ်'

ဆရာမလေးက ထုရော်ကို ချော့မော့ပြန်လွှတ်ပြီး နားနေခန်းထဲ လှည့်ဝင်လာခဲ့တယ်။ အဲဒီကျမှ ဆရာမလေးဟာ ဘုရားတ,မိတော့တာပါပဲ။ ဘုရားရေ အားလုံးရဲ့အကြည့်တွေက တစ်မျိုးကြီးပါလားလေ။

❑

၁။

ပထမဦးစွာ အပျိုကြီးဆရာမ ဝိုင်းဝိုင်းရဲ့ အကြည့်တွေပေါ့။ သူ့မျက်နှာ ဝိုင်းဝိုင်းကြီးမှ အားမနာ လေးထောင့်မျက်မှန်သေးသေးလေးနဲ့ လိပ်နင်ဂျာဆန်တဲ့ အကြည့်တွေနဲ့ ငြိမ်းဇော့မျက်နှာကို ကျောက်သင်ပုန်းလို သဘောထားပြီး အေးစက်နက်မှောင်စွာ အပြားလိုက်ကြီး ပြူးကြည့်နေပုံက ငြိမ်းဇာမျက်နှာမှာ သူ တွက်မရတဲ့ ပုစ္ဆာတစ်ပုဒ်ပဲရှိ ရှိနေသလိုလို...။

နောက်တစ်ယောက်က ဂျပုမ ဇူမာမာထွန်း။ သူကလည်း အပျိုကြီးပီပီ သူ့ရှေ့က စားပွဲခုံကြီးကို အသက်အောင့်ပြီး အကြည့်နဲ့ တွန်းရွှေ့နေတယ်။

အဆိုးဆုံးကတော့ ဆရာဦးတင်ကိုကိုလှိုင်ထူးပေါ့လေ...။

သူ့ပုံစံကြီးက လူကြားထဲ လေလည်မိမှာစိုးလို့ အတင်းထိန်းချုပ်ထားရသူကြီးလို။ မျက်နှာမည်းကြီးမှာ ခရမ်းရင့်ရောင်အသွေးပြေးလို့...။ ဝက်ခြံဘုလေးတွေက ကျွမ်းလုလု မီးသီးလေးတွေလို...။ တစ်ခုခုဆို ရုပ်ကြမ်းကြီးမှ အားမနာ ငိုချလိုက်တော့မယ့်ပုံမျိုး။

မဖြစ်သေးဘူး ဆရာမလေးရေ။ အမြန်ဆုံး ရှင်းပြလိုက်ပေတော့။

ငြိမ်းဇာက အိုးတိုးအမ်းတမ်းနဲ့ပဲ ချောင်းတစ်ချက်ဟန့်ပြီး-

'အဟမ်း ဟို ဒါက ဒီလိုပါ၊ မိတ်လိုက်တယ် ဆိုတာက...'

ဆရာမလေးက ဘယ်သူ့မျက်နှာမှ မကြည့်တော့ဘဲ သူပြောစရာရှိတာ တရစပ်ပြောသွားတော့တယ်။ မြန်မြန်ရှင်းနိုင်မှ၊ မလွယ်ဘူး ဒီကိစ္စက ရှော့ခ်ရှိတယ်။

'ဒီနေ့ မနက်ပိုင်း စာသင်ခန်းထဲမှာ...'

❑

၂။

'မင်္ဂလာပါ ဆရာမ'

'အေး... မင်္ဂလာပါကွယ်၊ ကဲ ထိုင်ကြ ထိုင်ကြ'

ဆရာမလေးက ကျောင်းခန်းထဲကို တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ကလေးအားလုံး ဖြူဖြူစင်စင် ရှင်းရှင်းသန့်သန့်တွေ့ရလို့ စိတ်ချမ်းသာသွားတယ်။ ကျောင်းဖွင့်စမို့ သူတို့အားလုံးရဲ့ ဝတ်စုံလေးတွေကလည်း တောက်တောက်ပပရှိနေတယ်။ အားလုံးရဲ့မျက်နှာပေါ်မှာလည်း သနပ်ခါးလေးတွေကိုယ်စီနဲ့...။

ကျောင်းမတက်ခင် မိုးပျံအောင် ဆော့ကစားထားတဲ့ ကလေးအချို့ရဲ့မျက်နှာမှာတော့ သနပ်ခါးပေါ်က ဖြတ်စီးသွားတဲ့ ချွေးစီးကြောင်းရာတွေနဲ့ပေါ့။ အဲဒီကျောင်းသားလေးတွေကတော့ ခပ်ပေပေကောင်လေးတွေပေါ့ကွယ်။

အားလုံးထဲမှာမှ ထူးထူးခြားခြား ဆံပင်ဂျစ်လိပ်လေးနဲ့ ညိုညိုမည်းမည်း အညာထန်းလျက်ခဲလို မျက်နှာလေးနဲ့ ကလေးတစ်ယောက်ကို တွေ့ရတယ်။ မိုးပျံအောင်ဆော့ထားလို့ သူ့မျက်နှာမှာ သနပ်ခါးတောင် မရှိတော့သလောက်ပဲ။ သူ့မျက်နှာတစ်ခုလုံး နီရဲနေပုံက နဂိုမည်းတဲ့အသားမို့ သပြေသီးမှည့်ရောင် ပေါက်နေတယ်။

ဆရာမလေးက ပထမဦးဆုံးအနေနဲ့ အားလုံးထဲမှာ ထူးထူးခြားခြားဖြစ်နေတဲ့ အဲဒီကလေးကို ချဉ်းကပ်လိုက်တယ်။

'သား ထ,ပါဦးကွယ်' လို့ ဆရာမလေးက လက်ညှိုးထိုးခေါ်တော့ ဂျစ်လိပ်လေးဟာ နှပ်ရှုပ်ရင်း ထ,ရပ်လိုက်တယ်။

'ဆရာမကို သားနာမည်ပြောပြပါဦး' ဆိုတော့ ဂျစ်လိပ်လေးဟာ လက်ပိုက်ပြီး 'အယ်လ်ဒီသာထူးပါ ဆရာမ' လို့ ဆရာမကို 'ဆရာ' နေရာမှာ 'ခြာ...' လို့ သံရှည်ဆွဲပြီးမှ 'မ' နေရာရောက်တော့ တိခနဲ ဖြတ်ချလိုက်တယ်။

'အေး... ဟုတ်ပါပြီ။ ဆရာမ သားကို မေးခွန်းလေး နည်းနည်းမေးချင်တယ်ကွယ်။ သား ဖြေပေးလို့ရမလား'

အယ်လ်ဒီလေးဟာ နှပ်တစ်ချက်ရှုပ်ပြီး နှာခေါင်းကို အင်္ကျီလက်နဲ့ သုတ်လိုက်တယ်။ ပြီးမှ-

'ရပါတယ် ခြာ... မ'

ဆရာမလေးက နောက်လှည့်ပြီး အတန်းရှေ့ ပြန်လျှောက်လာခဲ့တယ်။ အတန်းရှေ့ရောက်မှ တစ်ခန်းလုံးကို ခြုံကြည့်ပြီး-

'ကဲ... သားတို့ သမီးတို့ကို စာမသင်ခင်မှာ ဆရာမက ဟောဟိုက သားလေး အယ်လ်ဒီကို မေးခွန်းလေး နည်းနည်းမေးကြည့်မယ်ကွယ်။ အားလုံးပဲ ငြိမ်ငြိမ်လေး နားထောင်နေရမယ်



www.burmeseclassic.com

www.burmeseclassic.com

နော်'

'ဟုတ်ကဲ့ပါ ဆြာ…မ'

တစ်ခန်းလုံး တညီတညာတည်း ဖြေကြတယ်။ တချို့ကလည်း အယ်လ်ဒီကို လှည့်ကြည့် လှည့်ကြည့်နဲ့ပေါ့။ အယ်လ်ဒီကတော့ ခပ်တည်တည်ပဲ နှပ်ရှုပ်လိုက်၊ အင်္ကျီလက်နဲ့ သုတ်လိုက်နဲ့ ဆရာမကို အကဲခတ်နေတယ်။ မေးကြည့်လေဆိုတဲ့ အထာနဲ့ပေါ့။

'အယ်လ်ဒီ၊ သား အားလုံးကြားအောင် ဖြေရမယ်နော်' ဆိုတော့-

'ဟုတ်ကဲ့ပါ ဆြာ…မ' တဲ့။

'ကဲ ဒါဆို ဆရာမ မေးမယ်နော်၊ အခု ဆရာမ မေးတဲ့ အကောင်လေးတွေဟာ သားတို့ပတ်ဝန်းကျင်မှာပဲ ရှိတယ်။ မိုးရွာရင် အော်ကြတယ်၊ ခုန်ဆွခုန်ဆွလည်း သွားတယ်။ ကဲ… အဲဒါ ဘာကောင်လဲ'

အယ်လ်ဒီက အေးဆေးပဲ။ နှပ်တစ်ချက်ရှုပ်တယ်။ အင်္ကျီလက်နဲ့ သုတ်တယ်။ ပြီးမှ အေးအေးဆေးဆေး ဖြေချလိုက်တယ်။

'သားပိုက်ကောင်ပါ ဆြာမ'

ဆရာမလေးမျက်နှာ ပြုံးယောင်သန်းသွားခဲ့တယ်။

'မဟုတ်သေးဘူးလေကွယ်၊ သားပိုက်ကောင်က သားတို့ အနီးအနားပတ်ဝန်းကျင်မှာမှ မရှိတာ။ ဆရာမ မေးတာက သားတို့ ပတ်ဝန်းကျင်မှာ သားတို့ အလွယ်တကူတွေ့ရတတ်တဲ့ အကောင်'

အယ်လ်ဒီက စဉ်းစားရင်း နှပ်တစ်ချက်ရှုပ်တယ်။ အင်္ကျီလက်နဲ့ သုတ်တယ်။ ပြီးမှ ဝမ်းသာအားရ ဖြေလိုက်တယ်။

'ပုရစ်ပါ ဆြာမ'

ဆရာမက ခေါင်းကို ခပ်လေးလေးခါရင်း ခပ်ကျဲကျဲ လေးပြုံးပြီး သူမ မေးခွန်းကို နည်းနည်းထပ်ဖြည့်တယ်။

'မဟုတ်သေးဘူး သားရဲ့၊ ဆရာမ မေးတဲ့ အကောင်က ကုန်းမှာရော ရေမှာရော နေတယ်၊ သေချာစဉ်းစားပါဦး' ဆိုတော့-

အယ်လ်ဒီမျက်နှာက လေးနက်လာတယ်။ အဖြေမှန်ကို အသည်းအသန်ရှာဖွေရင်း နှပ်ရှုပ်ရမှာ မေ့သွားတယ်။ နှပ်မရှုပ်တော့ နှာခေါင်းသုတ်တဲ့ လက်တစ်ဖက်က အားလာတယ်။ အဲဒီ အားနေတဲ့ လက်တစ်ဖက်နဲ့ သူ့ရှေ့က စာရေးစားပွဲကို ကုတ်ခြစ်နေတယ်။ ပြီးတော့ အသံထွက်စဉ်းစားလာတယ်။

'ရေ… ရေမှာလည်း နေတယ်၊ ကုန်းမှာလည်း နေတယ်ဆိုတော့ ဖျိုင်း… ဖျိုင်းများလား'

မေးသလိုလို၊ စဉ်းစားသလိုလိုနဲ့ ဆရာမလေးမျက်နှာ တစ်ချက်လှမ်းကြည့်တယ်။ ဆရာမလေးက အသာခေါင်းယမ်းပြလိုက်မှ သူ့ဟာသူ ဆက်စဉ်းစားတယ်။

အဖြေသိတဲ့ ကျောင်းသားတချို့က အားမလို အားမရဖြစ်နေကြပြီ။ အယ်လ်ဒီလို ကျောင်းသားတချို့ကတော့ အယ်လ်ဒီ ဘာဖြေမလဲ စိတ်ဝင်တစား စောင့်ကြည့်နေကြတယ်။ ကျောင်းသူတချို့ကတော့ အယ်လ်ဒီမျက်နှာ တစ်လှည့်၊ ဆရာမမျက်နှာ တစ်လှည့် ကြည့်ပြီး လွယ်အိတ်ကြိုးတွေကို အဓိပ္ပာယ်မဲ့ လိမ်ချိုးနေကြတယ်။ အယ်လ်ဒီကတော့ ပါးစပ်ထဲ ရောက်လုလု နှပ်စီးကြောင်းကို သတိမထားမိဘဲ အဖြေကို အသည်းအသန် တွက်ဆနေတော့တယ်။

'ရေထဲနေတာက ငါး၊ ငါးရယ်…'

အယ်လ်ဒီက အသံထွက် စဉ်းစားနေတယ်။ တစ်ခန်းလုံးရဲ့ အာရုံက အယ်လ်ဒီဆီမှာ။ တစ်ခန်းလုံး အယ်လ်ဒီအသံက လွဲလို့ ဘာသံမှ မကြားရအောင် တိတ်ဆိတ်။ အယ်လ်ဒီ ပါးစပ်ဖျားကနေ ငါး… ငါးဆိုတဲ့ အသံကြားတော့ ဆရာမလေးမျက်နှာဟာ ပြုံးလာတယ်။ ဟုတ်ပြီ၊ နီးစပ်လာပြီ။

'သိပြီ'

အယ်လ်ဒီက အလန့်တကြားထ,အော်တော့ တစ်ခန်းလုံး လန့်သွားတယ်။ ဆရာမလေးလည်း အခုမှပဲ ဟုတ်သွားတော့တယ် ဆိုပြီး ပြုံးနေတယ်။ သိရမှာပေါ့ကွယ်။ ဒီလောက် လွယ်လွယ်လေးပဲဟာကို။

'ကဲ… သား သိပြီဆိုရင်လည်း တစ်ခန်းလုံး ကြားအောင် ပြောလိုက်ပါဦးကွယ်၊ အဖြေက…'

'ပင်းကွင်းငှက်ပါ ဆြာ…မ'

ဆရာမလေးဟာ နီးစပ်ရာ စာရေးခုံတစ်ခုကို လှမ်းဆွဲထားလိုက်ရတယ်။ မဟုတ်ရင် ဖင်ထိုင်လျက် လဲကျသွားနိုင်တယ် မဟုတ်လား။ သြော်… အာတိတ်စက်ဝိုင်းက ကျောင်းသားလေးနဲ့မှ လာတွေ့နေရတယ်လို့။

မြို့ပြ၊ နယ်စပ်၊ ကျေးလက်မကျန် အားလုံးအတွက် စကိုင်းနက်လာပြီ ဆိုတဲ့ သီချင်းသံက ဆရာမလေးနားထဲ တိုးဝင်လာတယ်။ ဒစ်ကာဘာရီရဲ့ ကျေးဇူးတွေပေါ့ကွယ်။

❑

၃။

'ကဲ… သား ထိုင်လို့ရပါပြီကွယ်'

အယ်လ်ဒီက သူဖြေတာ မှန်လား၊ မှားလား မသိရသေးတော့ မထိုင်ချင် ထိုင်ချင်နဲ့ ထိုင်လိုက်ရတယ်။ ဆရာမလေးက တစ်ခန်းလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး-

'သားတို့ သမီးတို့ထဲမှာ ဆရာမ မေးတဲ့အကောင်ကို သိတဲ့လူများ ရှိသလား' လို့ မေးလိုက်တယ်။

'ရှိပါတယ် ဆြာ…မ' လို့ တစ်ခန်းလုံး ညီညာဖြိုဖြို ပြန်ဖြေကြတယ်။ ဆရာမလေး သဘောကျသွားတယ်။

'ဟုတ်ပါပြီ၊ အဲဒါ ဘာကောင်လဲကွယ်'

'ဖားတလက်ပါ ဆြာ…မ'

ရော်…ခက်ပြီ။ ဖြေမယ့်ဖြေတော့လည်း ဖားတောင် အမျိုးအစား ခွဲခြားပြနေပါလားလေ။ ကဲ ထားတော့၊ ထားတော့…။

'အေး… ဒီနေ့ မင်းတို့ကို ဆရာမက ဖားအကြောင်း သင်မယ်၊ သားတို့သမီးတို့ရဲ့ မြန်မာစာဖတ်စာအုပ်တွေထုတ်ပြီး စာမျက်နှာ(…)ကို လှန်ထားပါ'။ ဆရာမလေးက ပြောပြီးတယ်ဆိုရင်ပဲ သူ့စားပွဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိရာ လျှောက်သွားတယ်။ လက်ဆွဲခြင်းထဲက ရေဘူး ထုတ်ပြီး ရေတစ်ကျိုက် မော့ သောက်လိုက်ကာ ခုံမှာ ဝင် ထိုင်လိုက်ပြီး စာအုပ်ထုတ် သံ၊ စာရွက်လှန်သံတွေ ငြိမ် သက်သွားအောင် စောင့် တယ်။ အားလုံး ငြိမ်သက် သွားပြီဆိုမှ ထိုင် နေရာက ထ,လာပြီး-

‘ကဲ အားလုံးပဲ ဆရာမ နားထောင်ရအောင် တစ် ခေါက်လောက် ဖတ်ပြပါဦး၊ ညီညီညာညာလေးနော်…’

တစ်ခန်းလုံး စာအံသံ တွေ လွင့်ပျံ့လာတယ်။

‘ဖားအကြောင်း…’။

❑

၄။

ဆရာမက ကျောက်သင် ပုန်းမှာ စာတစ်ကြောင်း ရေးချလိုက်တယ်။ ဖား အကြောင်း…။

‘ကဲ… ဒီနေ့ ဆရာမ သင်မယ့် အကြောင်းအရာ က…’

ဆရာမက ကျောက်သင် ပုန်းကို တုတ်နဲ့ ထောက်ပြ လိုက်တယ်။

‘ဖားအကြောင်းပါ ဆရာမ’

‘အေး ကောင်းပြီ၊ ဆရာမကို ပထမဦးဆုံး တစ် ကြောင်း ဖတ်ပြပါဦး’

‘မိုးဦးကျတွင် ဖားအော် သံများကို ကြားရသည်’

ကျောင်းသားတွေရဲ့ အသံက ညီညီညာညာပဲ လွင့် ပျံ့လာခဲ့တယ်။ ဆရာမလေး က လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး-

‘မိုးဦးကျမှာ ဘာအသံ တွေကြားရတာ’

‘ဖားအော်သံတွေပါ ခြာ…မ’

‘အေး… သားတို့သမီး တို့ ဖားကလေးတွေ အော် တာ ကြားဖူးကြတယ် မဟုတ် လား’

‘ကြားဖူးပါတယ် ခြာ မ’

‘ကဲ ဖားကလေးတွေ ဘယ်လိုအော်လဲကွယ်၊ ဆရာမကို နည်းနည်းလောက် အော်ပြကြပါလား’

ဆရာမလေးက တောင်းဆို လိုက်တယ်ဆိုရင်ပဲ တစ်ခန်းလုံး ဖားအော်သံတွေ နဲ့ ပွက်ပွက်ညံသွားတော့ တယ်။ ကလေးတွေကလည်း အော်ရင်းဟစ်ရင်းနဲ့ ပျော်ရွှင် လာကြသလို ဆရာမလေး မျက်နှာမှာလည်း အပြုံးပန်း လေးတွေဝေလို့ပေါ့။ အတော် ကလေးကြာသွားမှ ဆရာမ လေးက လက်ကာပြလိုက်တော့ ဖားအော်သံလေးတွေလည်း တစ်စတစ်စ တိတ်ဆိတ်သွား တော့တယ်။ ဆရာမလေး က-

‘ဖားလိုအော်တာတော့ ဟုတ်ပါပြီ၊ ဆရာမကို နောက် တစ်ကြောင်း ဆက်ဖတ်ပြပါ ဦးကွယ်’ ဆိုတော့-

‘ဖားထီးများက ဖားမ များကို မိတ်လိုက်ကြရန် ခေါ် နေကြခြင်းဖြစ်သည်’

‘အင်း ဟုတ်ပါပြီ၊ ဖား ကလေးတွေဟာ ဘာအတွက် အော်နေကြတာလဲတဲ့’

‘ဖားထီးတွေက ဖားမ တွေကို မိတ်လိုက်ကြဖို့ ခေါ် နေကြတာပါ ဆရာမ’

‘တော်လိုက်တာကွယ် ကဲ…နောက်တစ်ကြောင်း…’

‘ဆရာမဗျ’ တဲ့။

ဆရာမလေး စကား မဆုံးခင် အယ်လ်ဒီဟာ အလောတကြီးခေါ်ပြီး ထ, ရပ်လာတယ်။ ဆရာမလေး က ပြောဆိုတဲ့ သဘောနဲ့ အယ်လ်ဒီကို မေးငေါ့ပြလိုက် တယ်။

‘ဟို… မိတ်လိုက် တယ် ဆိုတာ ဘာလဲဗျ’ တဲ့။

ဆရာမလေးမျက်နှာ ရှက်ဝဲဝဲလေး ဖြစ်သွားတယ်။ ရော်…. အယ်လ်ဒီနဲ့တော့ ခက်ပြီ။ ဒီမှာမှ ရှင်းမပြချင်လို့ အသေအချာ မသိချင်ယောင် ဆောင် ကျော်သွားပါတယ် ဆိုမှ…။ အခုတော့ ဆရာမ လေး အပြုံးမှာ ချွေးစို့လို့။

‘ဒီလိုပါ သားရယ်၊ မိတ်လိုက်တယ်ဆိုတာက၊ အင်း… မိတ်လိုက်တယ်ဆို တာက ကစားကြတာပေါ့ သားရယ်’ တဲ့။

ဆရာမလေးခမျာ မချို မချဉ်မျက်နှာထားနဲ့ ခပ်တည် တည်ဖြီးရတယ်။ အယ်လ် ဒီမျက်နှာကို မဝံ့မရဲ အကဲ ခတ်ရင်းပေါ့။ အယ်လ်ဒီက ကျေနပ်သွားပုံရတယ်။ တော် သေးတယ် ဆက်မမေးလို့။ ဆရာမလေးမှာ သက်မချပြီး လို့ပြုံးနိုင်မယ်ရှိသေး အယ်လ် ဒီ နောက်နားဆီက-

‘မင်း ဒါလေးတောင် မမြင်ဖူးဘူးလား’ တဲ့။ အခြား ကျောင်းသားတစ်ယောက် အသံက ထွက်လာတယ်။

‘ဘုရားရေ…’။

ဆရာမလေးခမျာ ဘုရားတ, မိတယ်။ ဒီကောင်လေး ဘယ်လိုများ သိနေပါလိမ့်။

‘မိတ်လိုက်တယ်ဆို တာ…’

‘ဟဲ့’

ဆရာမလေး လှမ်းတား လိုက်ပေမဲ့ မမီလိုက်တော့ ဘူး။ ကျောင်းသားလေး အသံက ဆက်ထွက်လာ တယ်။

‘ဖားနှစ်ကောင် ကုန်းပိုး စီးတမ်း ကစားကြတာ’ တဲ့။

‘ဟူး….’ ဆရာမလေး မှာ သက်ပြင်းတစ်စနဲ့အတူ ကုလားထိုင်ပေါ် အဝတ်စလို ပုံလျက်ကျသွားတော့တယ်။

❑

၅။

ငြိမ်းဇာ စကားဆုံးပြီ ဆိုမှ အားလုံးရယ်နိုင် ပြုံးနိုင် တော့တယ်။

‘ဟုတ်တယ်၊ အဲဒီ ကောင် မလွယ်ဘူး’ဟု။

အယ်လ်ဒီကို သူငယ် တန်း၊ ပထမတန်း နှစ်နှစ် ဆက်သင်ပေးခဲ့ဖူးတဲ့ ဆရာမ ဝိုင်းဝိုင်းက ထောက်ခံတယ်။

ဦးတင်ကိုကိုလှိုင်ထူး မျက်နှာကလည်း အခုမှ လေ နဲ့ဝမ်း ကွဲသွားသလို ကြည် ကြည်လင်လင်ဖြစ်လာတယ်။

ဆရာမလေး ဇူမာမာ ထွန်းက ‘တော်သေးတာပေါ့’ တဲ့။ မျက်တောင်တဖျပ်ဖျပ် ခတ်ရင်း ပြောတယ်။

‘ဇူက…’တဲ့။

သူ့စကား ဆက်ခွင့်မရ လိုက်ပါဘူး။ ကျောင်းတက် ခေါင်းလောင်းသံက အားလုံး ကို အပြုံးနဲ့ လူစုခွဲစေခဲ့တယ်။

ဆရာမလေးကတော့ သူ့အတန်းထဲ ရောက်တယ်ဆို ရင်ပဲ ‘ဒီနေ့ကစ,ပြီး မိတ် လိုက်တမ်း မကစားရပါ’လို့ ဥပဒေကဲ့သို့ အာဏာတည် သောအမိန့်ကို ထုတ်ပြန်တော် မူလိုက်တော့တယ်။ ■

မခ



www.burmeseclassic.com

www.burmeseclassic.com

# ကော်ရာ



www.burmeseclassic.com

www.burmeseclassic.com



၁။

ထိုက်တစ်ယောက် ခုတင်သေးက နောက်မှီခုံမှာ တံခါးဘက်ကို ကျော ပေးပြီး ထိုင်နေခိုက်မို့ အခန်းဝကို အန်တီညို ရောက်လာတာ သတိထား မိဟန် မတူဘူး။ အန်တီညိုကလည်း ထိုက် အိမ်ထောင်ပြုပြီးကတည်းက ထိုက်အခန်းဘက်ကို အကြောင်းကြီးငယ်မရှိဘဲ ရောက်လာခဲ့တယ် ပြောရမှာ ပါ။

အခုနေ့ခင်းမှာတော့ ဥာနဆိုင်ရာ ရုံးကိစ္စတွေ ဘာတွေလည်း ရှင်းတဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မို့ အိမ်မှာ အေးအေးလူလူ အနားယူဖို့ ကြံရွယ်ထားခါမှ မနက်က သားအမိနှစ်ယောက် ဖြစ်ထားတဲ့ ပြဿနာကို အကြောင်းပြုပြီး စိတ်ထဲလည်း မကောင်းလှတာနဲ့ ပြန်ချော့မော့ ဖျောင်းဖျရအောင် ထိုက်အခန်းဆီ လှမ်းလာခဲ့တာပါ။ တစ်ဝက်ပွင့်နေတဲ့ အခန်းတံခါးဝကနေ ဇာခန်းဆီးကိုကျော်ပြီး လှမ်းကြည့်လိုက်စဉ်မှာတော့ သမီး ထိုက်ကို မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သနားလည်းသနား၊ ပူပန်သောကစိတ်တွေလည်း ပိုတောင်ဖြစ်လာမိလို့ အတန်ငယ် ချီတုံချတုံဖြစ်နေပြီးမှ ခြေသံမကြားအောင် ပြန်လှည့်ထွက်လာခဲ့တော့တယ်။

ထိုက်ရယ်လေ မနက်ကမှ လောလောလတ်လတ် ရထားတဲ့ လက်က ဒဏ်ရာကိုတစ်လှည့်၊ နံရံမှာချိတ်ဆွဲထားတဲ့ သူ့အချစ်တော် မမချို ဓာတ်ပုံကိုတစ်လှည့် စိုက်ကြည့်နေရင်းက ပါးစပ်ကလည်း ဘာမှန်းမသိ တတွတ်တွတ် ပြောဆိုရေရွတ်နေသံကို ကြားလိုက်ရတာကိုး။

ပြဿနာက ဘာလဲဆိုတော့ ထိုက်နဲ့ မမချို ညားကြတာမှ ခြောက်လကျော်လေးရှိသေးတယ်။ မနက်က မမချို ရုံးမသွားခင်မှာ အလုပ်ထွက်ဖို့ တောင်းဆိုတဲ့ကိစ္စနဲ့ ကတောက်ကဆတ်ဖြစ်ကြရာက နောက်ပိုင်းမှာ အခြေအနေကို ဝင်ထိန်းတဲ့ မအေနဲ့ပါ ဆက်စကားများရင်း တင်းမာသွားရတာ။ အဓိက ကတော့ သူ့မမချိုကို စိတ်မချလို့တဲ့လေ။

မမချိုခမျာလည်း ဖယ်ရီကားရောက်လာလို့သာ တက်လိုက်သွားရပေမဲ့ ဘယ်စိတ်ဖြောင့်နိုင်မှာလဲ။ ထင်တဲ့အတိုင်း ဖြစ်ခဲ့တာပါပဲ။ တကယ်ဆို မမချို ရှင်းပြတာလည်း သဘာဝကျသလို မိခင်ဖြစ်သူ အန်တီညိုကိုယ်တိုင်ကလည်း နည်းလမ်းတကျ ပြောဆိုဖျောင်းဖျနေတဲ့ကြားက မမချိုအပေါ် အချစ်ကြီးခဲ့မိတဲ့ စိတ်က သူ့ကိုယ်သူ ဒုက္ခပြန်ပေးနေသလိုပါ။

‘ကိုထိုက်တစ်ယောက်ဟာလေ မမကို စိတ်ဆင်းရဲအောင် သိပ်လုပ်တာပဲ။ မမ အကြိမ်ကြိမ် ကတိပေးထားပြီးပြီပဲ။ ယောကျ်ားတွေနဲ့ ကင်းရှင်းချင်လို့တောင် ကိုထိုက်ကို လက်တွဲခဲ့တာ မဟုတ်ဘူးလား။ ရှေ့ရေးကိုလည်း စဉ်းစားဦးမှပေါ့’တဲ့။

အဲဒီလို မမချိုက လျှောက်လဲချက်ပေးပြီး ချော့မော့ခဲ့သလို အန်တီညိုမှာလည်း မမချို ထွက်သွားပြီးတဲ့နောက် ခပ်ဆတ်ဆတ်လေး ပြောမိတာတချို့ကလွဲရင် အရှည်ကိုမြော်မြင်ပြီး ဆုံးမ နားချနေပါသေးတယ်။

‘မင်းတို့ချင်း နားလည်မှုရှိရှိ ပေါင်းနိုင်ပါတယ်ဆိုလို့ မေမေ ဒီအခြေအနေအထိ စီမံပေးခဲ့တာ။ သူ့ခမျာ မင်းကိုလည်း ချစ်ရှာတာ မေမေအသိ။ သူများသားသမီးကို မင်း ဒီလိုဇွတ်တရွတ်လုပ်နေမယ်ဆိုရင် မေမေ မျက်နှာဘယ်လိုပြရမလဲ။ ကဲ သူကလည်း မင်းအလိုအတိုင်း သဘောတူတယ်ပဲထားဦး၊ ကိုယ့်မှာ စုထားဆောင်းထားတာ မရှိသေးဘဲ။ ဒီလောက်ကောင်းတဲ့ ဟိုတယ်အလုပ်ကို ပြန်လိုချင်တယ်ဆိုတော့ လွယ်မယ်မှတ်နေသလား’

မဟုတ်ရဘူး။ သူ့မှာလည်း အလုပ်ရှိနေတာပဲ၊ မမချိုကို အိမ်မှာပဲထားပြီး သူလုပ်ကျွေးမယ်တဲ့။ သားအမိနှစ်ယောက် အဲဒီလို အချီအချတွေ ဆက်ဖြစ်နေရင်းကနေ ထိုက်ဟာ သူ့ဘက်မှာ ဘယ်သူမှ မရှိရကောင်းလားဆိုပြီး စိတ်ပေါက်ပေါက်နဲ့ သူ့လက်ကို ကတ်ကြေးနဲ့ ထိုးလိုက်မိတာပါ။

အေးလေ အန်တီညို ခေါ် ဒေါ်ညိုညိုဝင်းအဖို့တော့ Tomboy ဖြစ်နေတဲ့ ဒီသမီးလေးအတွက် တောင်းဆိုပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်ဆိုတဲ့ မိဘတို့ချစ်ခြင်းမေတ္တာအတိုင်း သက်ပြင်းတွေ အခါခါ ချမိတာကလည်း စင်စစ် စိတ်ညစ်ညူးလို့ ဆိုတာထက် စိတ်မအေးနိုင်တာကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။ အခုပဲကြည့်၊ ပြောမယ်လို့ ရည်စူးထားပြီးသား စကားကိုတောင် ပြန်ချုပ်ထိန်းပြီး ဝရန်တာမှာ လာထွက်ရပ်နေမိတာကိုက သဘာဝ ချွတ်ယွင်းချက်တွေရှိနေတဲ့ ထိုက်ရှေ့ရေးအတွက် တွေးတောပူပန်နေတာမျိုးပဲ ဖြစ်မှာပေါ့။ ❑

၂။

တကယ်ဆို ထိုက်ဟာ သူချစ်ရတဲ့ မမချိုကို အတည်လက်ထပ်ယူခဲ့တာဆိုပေမဲ့ အခြားနေရာတွေ ဘယ်လောက်တော်တော်၊ မမချိုအပေါ် ဘယ်လောက်ပဲသိတတ်သိတတ် သဘာဝဟာ သဘာဝပဲဖြစ်တာမို့ အားငယ် စရာတစ်ခုတော့ ရှိမှာပဲလေ။ အပြန်အလှန်အားဖြင့် မမချိုကလည်း ကိုထိုက်ကို လက်တွဲဖော်အဖြစ်နဲ့တောင် ဆုံးဖြတ် ရွေးချယ်ခဲ့ပြီးသားမို့ အချစ်မပါဘဲ ဒီအခြေအနေ ရောက်နိုင်ပါ့မလား။

ဒါပေမဲ့ အဲဒီအားငယ်စိတ်က တစ်ခါတစ်ရံမှာ သိမ်ငယ်စိတ်ဆန်ဆန် အသွင်ပြောင်းသွားတတ်သလို တစ်ခါတလေမှာလည်း အလိုမကျမှုနဲ့ သံသယသွေးဆောင်တဲ့ ခြောက်လှန့်မှုတွေကို အားပေးအားမြှောက် ပြုတတ်ပြန်တာကိုး။ အစဉ်သဖြင့်ကတော့ မလုံလဲစိတ်ပဲ ဖြစ်မယ်ဆိုတာ ထိုက်နဲ့ မမချိုတို့ ပထမဆုံး စတင် ဆုံတွေ့ကြတဲ့နေ့က သက်သေပြခဲ့ပါရောလား။ အန်တီညိုအတွက်ဆိုရင်လည်း အဖမဲ့သမီး ယောကျ်ားလျှာ ထိုက်နဲ့ ပတ်သက်ပြီး မျက်စိထဲက အခုတိုင် မထွက်နိုင်သေးတဲ့ အမှတ်တရတစ်ခုလို့ ပြောရမယ့် ဖြစ်အင်ပါ။

ထိုက်နဲ့ မမချို လူချင်းမဆုံတွေ့ဖူးခင် ဦးစွာ နီးစပ်မိခဲ့တာက အွန်လိုင်းပေါ်မှာပါ။ အဲဒီအချိန် မမချိုက ပြည်ပနိုင်ငံတစ်ခုမှာ အလုပ်သွားလုပ်နေပြီး ထိုက်ကတော့ ပြည်တွင်းကုမ္ပဏီတစ်ခုမှာပါ။ Profile ဓာတ်ပုံတွေကတစ်ဆင့် မိတ်ဆွေတွေဖြစ်သွားကြပြီးတဲ့နောက် ခင်မင်မှုတွေ အတန်ကြာ ခရီးပေါက်လာချိန်မှာတော့ ထိုက်က စပြီး ချစ်ရေးဆိုခဲ့ရာက ချစ်သူတွေဘဝ ရောက်သွားကြတော့တယ်။

ဒီအတောအတွင်း အင်တာနက်ခေတ်ရဲ့ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် တစ်ယောက်နဲ့တစ်ယောက် ပြင်ပမှာ မဆုံရသေးတာတစ်ခုကလွဲရင် စိတ်သဘောထားချင်း၊ နှလုံးသားချင်းတွေကဖြင့် မထင်မှတ်ရလောက်အောင် တွယ်ငြိရင်းနှီးနေကြပါပြီ။ ဒါကြောင့်ပဲ အတူနေ ပေါင်းဖက်သွားကြဖို့အထိပင် နှစ်ဦးသား ညှိနှိုင်းဆွေးနွေးထားကြပြီးဖြစ်တဲ့ အလျောက် ဒီအတွက် လက်တွေ့ကျကျ ဦးဆောင်အကောင်အထည်ဖော်လာသူကတော့ မမချိုပဲဖြစ်ပါတယ်။

မမချိုဟာ နဂိုကတည်းကလည်း နိုင်ငံခြားမှာ နှစ်ကြာကြာ မနေဖို့ စိတ်ကူးထားတာပီပီ ထိုက်နဲ့ ချစ်သူတွေ ဖြစ်သွားချိန်မှာတော့ ဆုံးဖြတ်ချက်တစ်ခုကို ခပ်မြန်မြန်ပဲ ချလိုက်တော့တယ်။ ထိုက်နဲ့လည်း ဆုံတွေ့ဖူးချင်နေပြီမို့ မကြာခင် မြန်မာနိုင်ငံပြန်မယ်တဲ့။ အို ထိုက်အတွက်ကတော့ ဘာပြောကောင်းမလဲ။ မမချိုဆီက ဒီစကားကြားလိုက်ရတဲ့ ညကများဆို 'မမချို တကယ်ပြောတာနော်၊ မမချို တကယ်ပြောတာနော်' ဆိုပြီး သတိလက်လွတ်ထ, အော်နေလို့ အန်တီညိုတောင် မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ဘုရားရှိခိုးမဖြောင့်အောင် ဖြစ်ခဲ့ရတယ်။

ဒီလိုနဲ့ နောက်ထပ်တစ်လလောက်အကြာ နက်ဖြန်မနက်လို မမချိုပြန်လာတော့မယ့် ရက်မှာတော့ ကိုထိုက်တစ်ယောက် စားလို့လည်းမဝင်၊ အိပ်လို့လည်း မပျော်၊ ထိုင်ရခက်၊ ထ,ရခက်နဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပုံဟာ သနားဖို့တောင် ကောင်းနေသေးတော့။ ဒီလို ကိုထိုက်ထက် နှစ်နှစ်သာသာ ကြီးတဲ့ မမချိုကတော့ ကိုထိုက် အနေအထားကို ရိပ်မိသလား၊ မရိပ်မိသလား တပ်အပ်သေချာမပြောနိုင်ပေမဲ့ ကိုထိုက်ဟာ သူ့ဘဝအမှန်နဲ့ ပတ်သက်ပြီး မမချိုကို အရင်းအတိုင်းပြောပြ ဝန်ခံထားရသေးတာမဟုတ်လို့ပါ။ အဲဒီလို ထိမ်ချန်ထားတာမျိုးကို အန်တီညိုကိုယ်တိုင်လည်း ကြိုက်တာမဟုတ်လို့ တဖျစ်တောက်တောက် ပြောဆိုနေလေ ထိုက်ဟာ နေမထိ ထိုင်မသာ ဖြစ်ရလေပဲပေါ့။

'သားကို မေမေ မကြိုက်တာ အဲဒါပေါ့။ အစကတည်းက ပွင့်ပွင့်လင်းလင်း အသိပေးထားရင် သူလက်မခံနိုင်ဘူး ဆိုရင်တောင် အချိန်မလွန်သေးတော့ သားလည်း ခံသာတယ်။ အခုဆို တစ်ဖက်သားကို လှည့်စားရာကျရုံတင်မက မပြောကောင်း မဆိုကောင်း တကယ်လို့ သူက ငြင်းပယ်လိုက်ပါပြီတဲ့၊ မင်း ဘာတစ်ခုမှ ဇွတ်တရွတ်လုပ်ဖို့တော့ မကြိုးစားနဲ့နော်၊ မေမေ ဒါပဲပြောမယ်'

ဒီတော့လည်း ကိုထိုက်အဖို့မှာ မမချို သိသွားခဲ့ရင် သူ့အပေါ် ငြိုများ ငြိုငြင်သွားမလား၊ အထင်များသေးသွားလေမလား။ အဆိုးဆုံးကတော့ စိတ်ပျက်မုန်းတီးသွားလေမလားဆိုတဲ့ ခြောက်လှန့်မှုမျိုးတွေနဲ့အတူ အရှုံးတစ်ပိုင်းကို ဖြစ်လို့ပေါ့။ နောက်ဆုံးတော့ ဒီလိုအရေးအကြောင်းမို့ ကြုံလာခဲ့ပြီဆိုရင် အထူးချွန်ဆုံး ကယ်တင်ရှင်ဟာ အန္တိုင်းမဲ့မိခင်ပဲ မဟုတ်လား။ အန်တီညိုဟာ အဆိုးဆုံး ကြုံရနိုင်တဲ့ အခြေအနေအတွက်တောင် အကောင်းဆုံး၊ အမှန်ဆုံး ဘယ်လိုရင်ဆိုင် ခံယူသင့်တယ်ဆိုတာတွေကို သွန်သင်ပြင်ဆင်ပေးရင်း အားပေးစကားနဲ့ ဘုရားစာတွေကိုပါ ရွတ်နေသေးလို့ ထိုက်တစ်ယောက် ညဦးနက်ပိုင်းအရောက်မှာ အိပ်ပျော်သွားတော့တယ်။

❑

၃။

တော်သေးတယ်။ အခြေအနေတွေက ထိုက်စိုးရိမ်နေသလောက် မဆိုးရွားခဲ့ဘူး။ လေဆိပ်မှာ ထိုက်က မမချိုကို မသိလိုက်မသိဘာသာဘဲ ဝမ်းပန်းတသာနဲ့ ဆီးကြိုနှုတ်ဆက်သလို မမချိုကလည်း အပျော်တွေကြားကနေပဲ နယ်က လာကြိုတဲ့ သူ့မိသားစုနဲ့ ထိုက်ကို မိတ်ဆက်ပေးခဲ့တယ်။ အပြုံးတွေရော အပျော်တွေရော အတော်ကိုပဲ လတ်ဆတ်လွန်းလိုက်တာ။

နောက်တစ်နေ့ နှစ်ယောက်တည်း သီးသန့်ချိန်းတွေ့ချိန်ကျမှ ထိုက် အရဲစွန့်ပြီး ဖွင့်ဟ,ဝန်ခံလိုက်တော့ မမချိုတုံ့ပြန်လာပုံတွေကြောင့် ထိုက်ဟာ အံ့အားတသင့်ဖြစ်လျက်က မမချိုလက်နှစ်ဖက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်တယ်။

'သိသားပဲ၊ ဒီက ဘယ်အချိန် ဖွင့်ပြောလာမလဲလို့ ငြိမ်ငြိမ်လေး စောင့်ကြည့်နေတာ၊ သွား လူလည်'

'အာ မမချိုကလည်း ထိုက်လည်း တမင် ဟန်ဆောင် လျှို့ဝှက်ထားတာမဟုတ်ပါဘူး။ အဲဒါကြောင့် သိရင်သိစေတော့ဆိုပြီး ဓာတ်ပုံတွေလည်း ပို့ပေးနေသားပဲ။ ကဲ မမချိုကျတော့ သိနေတယ်လည်းပြောသေးတယ်၊ ထိုက်ကို ဘာလို့ တစ်ခွန်းမမေးတာလဲ'

မမချို ထိုက်ကို မျက်စောင်းတစ်ချက် လှမ်းထိုးပြီးမှ ခေါင်းကလေးတိမ်းငဲ့ရင်း ခပ်တိုးတိုး ပြန်ဖြေတယ်။ 'ချစ်လို့'တဲ့။ အေးလေ ဟုတ်မှာပါပဲ။ မပြောဘဲ အသည်းချင်း သိကြတယ်ဆိုတာ ဒါမျိုးပဲနေမှာ။ အဲဒီ အခိုက်ပြိုင်တူပြုံးလိုက်တဲ့ အပြုံးကိုယ်စီဟာ ကော်ဖီဆိုင် မီးရောင်မှိန်မှိန်အောက်မှာ လင်းထိန်သွားသလိုပါ။

ခက်တာက အခုထိမှာ ထင်ထားသလိုတောင် ပြောပလောက်စရာ အခက်အခဲ၊ အကျပ်အတည်းရယ်လို့လည်း ဘာတစ်ခုမှ ရှိမနေသေးတဲ့ ထိုက်နဲ့မမချိုတို့ရဲ့ ချစ်ခရီးဟာ လက်ထပ်ဖို့ကိစ္စ ကြံစည်စဉ်းစားကြချိန်မှာတော့ အဆင်မပြေမှုတချို့ ရှိလာတယ်။ ထိုက်ဘက်မှာက အန်တီညိုအပါအဝင် သူ့ဘွားအေ၊ ဦးလေးနဲ့ အားလုံးလိုလိုက ဆုံလည်း ဆုံတွေ့ကြဖူးပြီမို့ မမချိုကို ဝိုင်းချစ်နေကြပေမဲ့ အဖုအထစ်တွေဖြစ်နေတာက မမချိုတို့ဘက်မှာပါ။

မမချို မြန်မာနိုင်ငံ ပြန်ရောက်ပြီး ၄ လလောက်အတွင်းမှာတင်ပဲ ရန်ကုန်က ဟိုတယ်တစ်ခုမှာ အလုပ်ရသွားလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရသလောက် လက်ထပ်ဖို့အရေးမှာကျတော့ ပထမဦးဆုံး ကာဆီးထားတဲ့ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

က မမချိုကို သူ့ဆွေမျိုးတွေက တစ်မြို့တည်းသား ကမ်းလှမ်းထားသူနဲ့ သဘောတူနေကြတဲ့ အဟန့်အတားပဲ ဖြစ်ပါတယ်။ နောက်ပြီး မမချိုက ထိုက်ဟာ Tomboy တစ်ယောက်ဆိုတာကို အစောပိုင်းကတည်းက ရိပ်မိသလိုလို ရှိနေတဲ့ သူ့အဖေတစ်ဦးတည်းကိုပဲ ဖွင့်ပြောရသေးတာမို့ ဒါကို အခြားသူတွေသာ သိသွားကြရင် ပိုခက်နေမလား ဆိုတဲ့ စိုးရိမ်စိတ်တွေကလည်း နှစ်ဦးစလုံးရင်မှာ ဖိစီးနေပြန်သည်။

ဒါပေမဲ့ ပင်ကိုက ရိုးအေးလွန်းသလို “သမီးတို့ချင်း အပေးအယူမျှကြတယ်ဆို ပြီးတာပဲ၊ သမီး စိတ်ချမ်းသာမယ်ဆိုရင် အဖေ မကန့်ကွက်ချင်ပါဘူး” လို့ ပြောလာတဲ့ မမချိုအဖေ ဦးမြင့်ချိုဟာ ဒီကိစ္စမှာ ကျေးဇူးတင် အသိအမှတ်ပြုထိုက်ဆုံး ပုဂ္ဂိုလ်လို့ ခေါ်ဆိုရမှာပါ။ အခုလည်း ကြည့်၊ သားအဖနှစ်ယောက် ဖုန်းနဲ့ ဆွေးနွေးစဉ်မှာ အားတက်စရာစကားတွေ ပြောလာပြန်တယ်။

“ထိုက် အခြေအနေကို သမီးအမေနဲ့ အခြားလူတွေကို အသိပေးလို့ မဖြစ်သေးဘူး သမီး။ ဖေဖေကတော့ ထိုက်နဲ့ဆိုရင် သမီးနောင်ရေးအတွက် စိတ်အေးရမယ်ဆိုတာ နားလည်နိုင်ပါတယ်။ တစ်ခုရှိတာက သမီးအမေကိုလည်း နောက်လည်း ပြောရမယ့်အတူ တကယ်လို့ သူ အကဲခတ်မိသွားပြီဆိုရင်လည်း ဖေဖေ ဒီအတိုင်းပဲ ရှင်းပြရမှာပေါ့။ ဒီတော့ ဘာပဲဖြစ်ဖြစ် သမီးတို့ အသေအချာ ဆုံးဖြတ်ပြီးပြီဆိုရင်တော့ အန်တီညိုနဲ့ တိုင်ပင်ပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်သမီး။ အကျယ်ချဲ့နေစရာမလိုဘူး။ အခိကၤက ဘာကိုမှ မပေါ့ဆမိစေနဲ့သမီး”

❑

၄။

ဘာလိုလိုနဲ့ ဒီတစ်ဆင့်လည်း အောင်မြင်ခဲ့ပြီလို့ ဆိုရမှာပေါ့။ မင်္ဂလာပွဲက မမချိုတို့ ရွာမှာပဲ ပြန်လုပ်ရတာမို့ အခမ်းအနား ပြီးဆုံးချိန်အထိ မမချိုတစ်ယောက် အရာရာကို သတိဝီရိယနဲ့ ပျာယာခတ်နေပုံဟာ စီစီတီဗွီသာ ပြန်ကြည့်လို့ရကြေးဆိုရင် ရယ်ချင်စရာရော ကရုဏာရသပါ မြောက်နေဦးမှာ။ ရွာမှာရှိနေစဉ် ထိုက် ရေချိုးဖို့ကိစ္စက အစ သူ ပါရသလို ပရိသတ်တွေ ဧည့်ခံနေတုန်း ထိုက် စကားများများ မပြောမိအောင် စောင့်ကြည့်ဟန့်တားဖို့လည်း မကြာခဏ ဆွဲဆိတ်နေရပါရောလား။

အောင်မာ ထိုက်ကလည်း ဝါလွင်လွင် ကော်လံကတုံးဝမ်းဆက်မှာ တိုက်ပုံအင်္ကျီထပ်ဝတ်လိုက်တော့ တကယ့်ကို ခံ့ခံ့သန့်သန့်ကြီးပါဗျာ။ ဒီကြားထဲ ရှေ့ဆံပင်ကို အမောက်ပါ ထောင်ထားလိုက်သေးတော့ ဘာပြောစရာ လိုတော့မလဲ။ တစ်ခုပဲ ပြောစရာရှိတာက မမချိုကို ပရိပို့စ်လုပ်ထားတယ်ဆိုတဲ့ လူ မဏ္ဍပ်ထဲရောက်နေတုန်း မမချိုက လူမှုရေးအရ နှုတ်ဆက်ဖို့ ခေါ်တာကို ပထမတော့ မျက်စိပျက် မျက်နှာပျက်နဲ့ ငြင်းဆန်နေသေးတာပါ။

မင်္ဂလာပွဲအပြီး နောက်မနက်မှာ ရန်ကုန်မပြန်ခင် လူကြီးမိဘတွေကို ကန်တော့ကြတော့ ဦးမြင့်ချိုက ပေရှည်နေမှာစိုးလို့ ထင်ပါတယ် စကားဝိုင်းကို လိုရင်းတိုရှင်း သဘော ချုံ့ပစ်နေလို့ အန်တီညိုနဲ့ တစ်ဖက်က အမျိုးတွေတောင် ကျွမ်းဝင်ရင်းနှီးခွင့် ရသင့်သလောက် မရလိုက်ဘူး။ သူ့ရည်ရွယ်ချက်လည်း လုံးလုံးတော့ မမှားဘူး။ ဘာလို့ဆို မပြောနိုင်ဘူးလေ။ မလိုလားအပ်စရာတွေကို ကျွဲကူးရေပါဆိုသလို ရှောင်ကွင်းပြီးသား ဖြစ်သွားနိုင်တာကိုး။

အဓိကအကျဆုံးကိစ္စကြီးကို အောင်မြင်စွာ ဖော်ဆောင်ပြီးတဲ့နောက်မှာတော့ ရုံးသွားနေချိန်တွေကလွဲပြီး ညားခါစနှစ်ဦး တပူးတွဲတွဲ ဖြစ်နေကြပုံဟာ ရန်ကုန်ပြန်ရောက်တဲ့နေ့ကတည်းကပဲ ပြောပါတော့။ စားတာသောက်တာအပြင် နေတာကလည်း အန်တီညိုနဲ့အတူမို့ ပိုလည်း လုံခြုံသလို ပူစရာရော ဘာရှိမှာလဲ။ ဒါကြောင့် နှစ်ယောက်ပေါင်းရတဲ့ လခထဲကနေ မကုန်မဖြစ်တဲ့ စရိတ်စကတွေ နုတ်ဖယ်လို့အပြီး ရွာက မမချို မိဘတွေကိုရော အန်တီညိုကိုပါ တစ်လတစ်သိန်းနှုန်း ထောက်ပံ့နိုင်တာဟာ နှစ်ဦးစလုံးမှာ အစွမ်းအစကိုယ်စီ ရှိထားခဲ့ကြလို့သာပေါ့။

မမချို နိုင်ငံခြားသွားတုန်းက ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံတွေနဲ့ ဒီမှာ ပြန်ဝင်လိုက်တာဆိုတော့ နေရာကောင်းရခဲ့သလို ထိုက်ကလည်း သူ့ကုမ္ပဏီမှာ အိုင်တီကျွမ်းကျင်သူတစ်ယောက်မို့ အနာဂတ်ကို မျှော်တွေးကြည့်ရင် ဖြောင့်လို့ ဖြူးလို့ပါ။ ဒီအခြေအနေက လူမသိအောင် ဣန္ဒြေဆယ်ထားရပေမဲ့ စိတ်ထဲက ကျိတ်ပြီး ကျေနပ်ဝမ်းသာနေတာကတော့ အန်တီညိုပါပဲ။

ဟုတ်တယ်လေ။ တကယ်ဆို အန်တီညို ဝမ်းနဲ့လွယ်မွေးထုတ်ထားတာက တစ်ဦးတည်းသော သမီး ထိုက်ထိုက်ဝင်း။ အကြောင်းအားလျော်စွာ သားဖြစ်သွားလို့ အချစ်တော့ မလျော့ခဲ့ပေမဲ့ အခု မမချို ရောက်လာခြင်းဟာ သမီးအစား ပြန်ရလိုက်တာနဲ့ ဘာမှမခြားလှတာမို့ အန်တီညို ပျော်နေတယ်ဆိုတာ ဆန်းတယ်လို့ ဆိုနိုင်ပါဦးမလား။ ဒါကြောင့်လည်း တစ်ခုခုဟော့ဆို အန်တီညိုဟာ ထိုက်ထက်စာရင် မမချိုကို ဗဟိုပြုပြီး စဉ်းစားရွေးချယ်တာမျိုးတွေ ရှိလာသလို သားသမီးချင်း စာနာပြီး ဦးစားပေး ငဲ့ညှာမိတာမျိုးလည်း ပါသင့်သလောက် ပါတာပေါ့။

ဥပမာ အိမ်မှာ ထူးထူးခြားခြား တစ်ခုခု လုပ်စားကြမယ်ဆိုရင်ပဲဖြစ်ဖြစ်၊ လူပြောများတဲ့ ရုပ်ရှင်ကားတစ်ကား သွားကြည့်ဖို့ စဉ်းစားလိုက်ရင်ပဲဖြစ်ဖြစ် “နေပါစေ၊ နေပါစေ၊ သမီးအချိန်ရတဲ့နေ့မှ သွားကြတာပေါ့” ဆိုပြီး မမချို အပြန်စောမယ့်နေ့ကို စောင့်ရင်း အစီအစဉ်ပျက်သွားရတာမျိုးလည်း တစ်ခါမက၊ နှစ်ခါမက။

အမှန်တကယ်တော့ မမချိုကို အန်တီညို သည်း



www.burmeseclassic.com

www.burmeseclassic.com

သည်းလှုပ်နေတာလည်း မပြောနဲ့။ မမချိုဟာ ထိုက်ကို ချစ်ရသလောက် အန်တီညို့ အပေါ်မှာကျတော့လည်း ယောက္ခမတစ်ယောက်လို တောင် မကတော့ဘဲ အမေရင်းတစ်ယောက်သဖွယ် လေးစားချစ်ခင်မှု မလျှော့ခဲ့ခြင်းက တစ်ဦးမေတ္တာတစ်ဦး မှာဆိုတဲ့ သဘောသဘာဝ အတိုင်းပဲ ဖြစ်ပါလိမ့်မယ်။ နောက်တစ်ခုက ထိုက်အပေါ်ရော၊ အန်တီညို့အပေါ်မှာပါ ထားရှိတဲ့ မမချိုရဲ့ သိတတ်နားလည်မှု။ ဒါတွေကို အန်တီညိုလည်း အရင်းခံအတိုင်း သိနေမြင်နေရတာပါပဲလေ။ ဆိုတော့ အပေါ်ယံ မဟုတ်တဲ့ သံယောဇဉ်မျိုးနဲ့ တစ်ဦးအပေါ်တစ်ဦး တိုးလို့သာ ခိုင်မြဲနေပြီပေါ့။

မရှိသေ့စကား ပြောလိုက်ရဦးမယ်။ ကန်တော့၊ ကန်တော့။ ထိုက်ဟာ မိန်းကလေးစင်စစ်က ယောကျ်ား ဖြစ်နေရသူဆိုတော့ သဘာဝ ဓမ္မတာကိစ္စတွေဘာတွေလည်း အရှင်းအပြတ်တော့ ဘယ်ကင်းမှာလဲ။ အောက်ခြေသိမ်း ကိစ္စလေးတွေကအစ မမချိုကို စိတ်ချရတယ်ဆိုတာ အဲဒါ။ ဒီလိုအခါမျိုးမှာ မမချိုဟာ သူ့ကိုယ်သူ မယားတစ်ယောက်လိုလည်း အမှန်အတိုင်းခံယူ၊ မအေတစ်ယောက်သဖွယ်လည်း အကြင်နာထားပြီး ပြုစုယုယပေးတတ်ပြန်လို့ ကာယကံရှင် ထိုက်အဖို့မှာ မျက်စိအောက်က အပျောက်မခံချင်ဖြစ်နေရတာက လွန်တယ်လို့ ဘယ်လိုပြောမလဲ။

ဟုတ်ပါတယ်၊ မှန်ပါတယ်။ ထိုက်ကလည်း အဲဒီအတိုင်းပါပဲ။ အဲ တစ်ခုပြောဖို့ ကျန်နေတာက မမချိုရဲ့ အလိုက်သိတတ်မှုနဲ့ ပတ်သက်ပြီး မေ့ချန်မထားသင့်တဲ့ကိစ္စတစ်ခုပါ။ တစ်ခါတစ်ရံမှာ အခန့်မသင့်ရင် မသင့်သလို ထိုက် စိတ်ကောက်တတ်မှန်းသိလို့ မမချိုဟာ ဘယ်သွားသွား ဘယ်လာလာ ဘယ်သူနဲ့တွေ့တွေ့ အပြုအမူရော အပြောအဆိုပါ ဆင်ခြင်ဂရုစိုက်လေ့ရှိတာက မမချို့ရဲ့ ထူးခြားတဲ့ အကင်းပါးမှုတွေထဲက တစ်ခုလို့တောင် ပြောရပါမယ်။

အမှန်တော့ ဒါကလည်း မမချိုအပေါ် ချစ်မိလို့ဖြစ်ရတဲ့ ထိုက်ရဲ့ သဝန်တိုစိတ်နဲ့လည်း ဆိုင်ကောင်းဆိုင်နေမယ်ထင်တယ်။ ဘာလို့လဲဆိုတော့ ဥပမာ ထိုက်က မမချိုဆီ ဖုန်းဆက်တဲ့အခါမျိုးမှာ တန်းထူးမှ ကြိုက်တာလေ။ အကြောင်းကိစ္စ တစ်ခုခုကြောင့် မမချို ဖုန်းမအားတာနဲ့ ကြုံလို့ကတော့ နောက်တစ်ကြိမ် ထပ်ခေါ်ပြီး ဖုန်းထဲကပဲဖြစ်စေ၊ ညနေပြန်လာရင်ဖြစ်စေ 'ဘယ်သူနဲ့ ဘာပြောနေတာလဲ၊ ဘာကိစ္စလဲ၊ ဟုတ်ရောဟုတ်ရဲ့လား' ဆိုတဲ့ သံသယစွက်တဲ့ မေးခွန်းတွေနဲ့ စစ်ဆေးမေးမြန်းနေတတ်သလို တစ်ခါတလေမှာ မမချို ပြန်ဖြေတာ အပေါက်အလမ်းမတည့်ပြန်ရင်လည်း မျက်နှာကြီးသုန်မှုန်ပြီး အဲဒီည ထမင်းစားချင်မှ စားတတ်တာမျိုး။

အလကား အဲဒါ ကြာတာလည်း မဟုတ်ဘူး။ သူ ဂျစ်တိုက်လို့ မမချို စိတ်ညစ်နေပြီဆိုရင် နောက်တော့ သူပဲ စပြီး ပြန်လျှော့၊ ပြန်ခေါ်၊ ပြန်ချော့ရတာ အမြဲလိုလို။ အန်တီညို ရိပ်မိသွားရင် သူ အဆူခံရမယ်ဆိုတာ သိတော့ အဆုံးသတ်မှာ 'ထိုက်က မယုံကြည်လို့ မဟုတ်ပါဘူး။ ဖုန်းခေါ်တဲ့အခါ မမချို့ အသံလေး ကြားလိုက်ရမှ ကျေနပ်တာ။ ထိုက်ကို ချစ်လျက်သားနဲ့ စိတ်မဆိုးနဲ့နော် နော်နော်' ဆိုပြီး ကလေးလေးကျနေတာပဲ၊ မမချိုကို မလွှတ်တော့ဘူး။ အင်းပေါ့လေ၊ ဘယ်သူက ဘယ်သူ့ကို ပိုချစ်တယ်ဆိုတာ တိတိကျကျ တိုင်းတာပြီး အဖြေထုတ်ကြည့်လို့တော့ မရပေမဲ့ မျက်မြင်အနေအထားအတိုင်း ပြောရရင် ထိုက်အနေနဲ့ သူ့မမချိုကို စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပေါ့။

တကယ်တော့ သူတို့နှစ်ယောက်ဘဝမှာ စိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုတွေရှိနေတာ ထိုက်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ မမချိုဘက်မှာလည်း သက်ရောက်ဖိစီးမှုတွေ အနည်းနဲ့အများဆိုသလို ရှိနေတာ သေချာစဉ်းစားကြည့်ရင် ထိုက် သိတော့ သိမှာပါ။ သိလို့ပဲ ကျီးလန့်စာစား ဖြစ်နေတာမျိုးတောင် ဟုတ်မလား မပြောတတ်ဘူး။ ပတ်ဝန်းကျင်ဆိုတာမျိုးကလည်း လိင်တူချစ်သူတွေဆိုရင် စာနာစိတ်နဲ့ ဖေးမကူညီချင်တာထက် စာရိတ္တဖောက်ပြားနေသူတွေထက်တောင် ပြက်ရယ်လှောင်ပြောင် အထင်သေး နှိမ်ချချင်ကြတာမဟုတ်လား။

အဲဒီဒဏ်တွေကို မမချိုတစ်ယောက်လည်း ကြုံသင့်သလောက် ကြုံနေရတာမို့ အတတ်နိုင်ဆုံးတော့ လျစ်လျူရှုတန်ရှု၊ မကြားချင်ယောင်ဆောင်တန်လည်း ဆောင်ရုံရှိတာပေါ့။ ဒီကြားထဲ အားနည်းချက်ကို လျှော့တွက်ပြီး အခွင့်အရေးယူဖို့ သွေးတိုးစမ်းချင်သူမျိုးနဲ့လည်း ကြုံရသေးတာပါပဲ။

တစ်ခုတော့ ရှိပါတယ်။ မမချိုက ထိုက်ထက်စာရင် ဆင်ခြင်တုံတရားရော ရင့်ကျက်မှုပါ အထိုက်အလျောက်ရှိနေသူဆိုတော့ အတွင်းပူ အပြင်ထွက်ခဲတယ်ပြောရမယ်။ ထွက်လို့လည်းရမှ မရတာ။ တော်ကြာ သူက နည်းနည်းဆို ဟိုက ပိုသဲနေမှာလည်း စိုးရသေးတယ် မဟုတ်လား။ ဒါကြောင့် မမချိုဟာ အချိန်အများစုမှာ ဟိုစကားပုံတစ်ခုကို လက်ကိုင်ပြုထားတတ် ပြန်တယ်။ 'ဝက်ဖြစ်မှ ချေးကြောက်နေလို့ မရဘူး' ဆိုတာ။

တခြားမကြည့်ပါနဲ့။ ညားခါစ အစောပိုင်းတစ်ရက်မှာ ကြုံခဲ့ဖူးတဲ့ အဖြစ်အပျက်လေးတစ်ခုကို မမချို မမေ့နိုင်သေးဘူး။ အဲဒီနေ့က စုံတွဲနှစ်ယောက် ရုံးအားရက်မို့ မြို့ထဲထွက်ပြီး ဟိုဟိုဒီဒီ လျှောက်လည်ကြပြီးလို့ အပြန်မှာပေါ့။ အနားလာရပ်တဲ့ ဘတ်စ်ကားတစ်စီး ချောင်တယ်အထင်နဲ့ တက်လိုက်မိခါမှ ကားပေါ်ရောက်တော့ ခုံလွတ်က တစ်နေရာပဲ ရှိနေတယ်။ အဲဒီနေရာလွတ်မှာ မူလကတည်းက ပါလာတဲ့ အမျိုးသားတစ်ယောက်နဲ့ ယှဉ်ထိုင်ရပါ့မလားဆိုပြီး ထိုက်ဟာ မမချိုကို တစ်လမ်း



www.burmeseclassic.com

www.burmeseclassic.com

လုံး စကားမပြောတော့ဘူး။

မမချိုဘက်က ပြန်ကြည့်ရင် အရင်ကလည်း ထိုက်က သူ့ကို ဦးစားပေးနေကျမို့ ဖြစ်တာတစ်ကြောင်း၊ နောက်တစ်ကြောင်းကလည်း ဝယ်လာတဲ့ပစ္စည်းတချို့ကို လက်မှာဆွဲထားရသေးတာမို့ ထိုက် ကြည်ဖြူလိမ့်မယ်ပဲ မှတ်ပြီး ဝင်ထိုင်လိုက်မိတာပါ။ ဖြစ်ချင်တော့ အဲဒီနေ့က ညရောက်တဲ့အထိ ပွစိပွစိ။ ရယ်လည်းရယ်ရတယ်တကယ်။

အခုလည်း ဒီနေ့ဖြစ်ရတဲ့ ပြဿနာအစက ပြောရရင် ဘာမှလည်း ဟုတ်တာမဟုတ်ဘူး။ ပြီးခဲ့တဲ့ စနေနေ့က ထိုက် ရုံးစောစောပြီးလို့ မမချိုကို သွားကြိုတယ်။ မမချိုဟိုတယ်ထဲက ထွက်အလာ ဆင်ဝင်အောက်အရောက်မှာ မေ့ကျန်ခဲ့တဲ့ထီးကို မမချိုတို့ မန်နေဂျာက လိုက်ပေးတာကို ခပ်လှမ်းလှမ်းက ထိုင်စောင့်နေတဲ့ ထိုက်တစ်ယောက် တွေ့ဖြစ်အောင် တွေ့သွားတယ်လေ။

ဒါနဲ့ပဲ တိုက်ဆိုင်စွာဖြစ်သွားတဲ့ ဒီအဖြစ်အပျက်အပေါ် တစ်မျိုးတစ်မည်ထင်မြင်ခံစားပြီး မမချိုကို ကျိုင်ရှာတော့တာ။ မမချိုမှာလည်း ဒီလိုပြဿနာမျိုးတွေ ဖြေရှင်းရပေါင်းများနေပြီ။ သူ စောင့်နေလို့တောင် ကပျာကယာ ပြေးထွက်လာမိခါမှ၊ ပြီးတော့ ဟိုကလည်း လုပ်ဖော်ကိုင်ဖက် အချင်းချင်း ရိုးရိုးသားသား စေတနာနဲ့ပါ။ ဒါပေမဲ့ သူ့စိတ်အခံကကို အချိန်အတော်များများမှာ သံသယအတွေးတွေပဲ ကဲနေတာဆိုတော့ မမချိုလည်း အနေအထိုင် ကျပ်ရပြီပေါ့။

မဟုတ်မှုလွဲရော လူချင်းအတူတူပေမဲ့ ကွဲပြားခြားနားတဲ့ မွေးရာပါအားနည်းချက်က သူ့ကို အညာအတာကင်းစွာ ခြောက်လှန့်တွန်းပို့နေတာကြောင့်လည်း ဖြစ်ရင်ဖြစ်မယ်။ အဓိက,ကတော့ မမချိုကို လက်လွှတ်အဆုံးအရှုံးမခံနိုင်တာပဲပေါ့။ နောက်တစ်နည်းပြောရပြန်ရင် ရယူပိုင်ဆိုင်ခဲ့ပြီးမှ တစ်ကြောင်းမဟုတ်တစ်ကြောင်းကြောင်းကြောင့် ပြန်ပေးလိုက်ရမှာကို အကြောက်ကြီး ကြောက်မိတဲ့သဘော။

သူ့နှုတ်က ထုတ်ပြောခဲ့တယ်လေ၊ မမချိုရော အန်တီညိုပါ ထင်ကို မထင်မှတ်ခဲ့ကြဘူး။

"ဒီတိုင်းဆို မမချိုလည်း စိတ်ဆင်းရဲရ၊ ထိုက်လည်း မြန်မြန်သေရလိမ့်မယ်။ မမချို ထိုက်ကို တကယ်ချစ်ရင် အလုပ်ထွက်ပြီး အိမ်မှာပဲ မေမေနဲ့ နေလိုက်ပါလား။ ဒီကြားထဲမှာ တစ်နေရာတည်း အတူတူဖြစ်အောင် ထိုက်တို့ ကြိုးစားကြမယ်။ လောလောဆယ် ထိုက်မှာလည်း အလုပ်ရှိနေတာပဲ၊ ထိုက် လုပ်ကျွေးပါ့ရစေ"တဲ့။

ဒီမနက် ထပ်ဖြစ်ကြတာ အဲဒီနေ့က အဆက်ပေါ့။

❑

၅။

ခုလောက်ဆို မမချိုလည်း အလုပ်ထဲမှာ စိတ်ဖြောင့်မှာ မဟုတ်ပါဘူး။ ၁၁ နာရီလောက်ကတော့ အန်တီညို့ဆီကို ဖုန်းလှမ်းဆက်လို့ ဖြစ်ကြောင်းကုန်စင်ကို သိပြီးသွားပြီ။ အန်တီညို တားထားလို့ ထိုက်ဆီကိုတော့ မဆက်ရသေးဘူး။

အန်တီညိုလည်း အတွေးပေါင်းစုံနဲ့အတူ ဝရန်တာမှာ ဆက်ရပ်နေတုန်း ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ ထိုက်တစ်ယောက် ခေါင်းငိုက်စိုက်ချလျက်က ဘုရားစင်ရှေ့လျှောက်သွားပြီး ထိုင်ချလိုက်တယ်။ မအေကို စိတ်ခုနေသလား အထင်နဲ့ အန်တီညိုတစ်ချက် ပူမိသွားတယ်။ အမှန်တော့ အန်တီညိုက သူ့အပေါ် စိတ်ခု စိတ်ဆိုးတာထက် ထိုက် အပြစ်ရမှာကို ရတက်မအေးဖြစ်ရလို့တောင် စောစောကတည်းက ရှင်းပြ နားချဖို့ ကြံရွယ်ခဲ့သေးတာပါ။

ထိုက်ဟာ အတန်ကြာအောင် ဘုရားရှိခိုးလို့အပြီး သူ့အမေနောက်မှာ လာရပ်တယ်။

"မေမေ့ကို ကန်တော့ပြီး တောင်းပန်ချင်လို့"တဲ့လေ။ ရုတ်တရက် ကြားလိုက်ရတော့ အန်တီညိုဆိုတာ ဝမ်းမြောက်ဝမ်းသာပေါ့။

"လာ မေမေတို့ အထဲမှာ ထိုင်ကြမယ်"ဆိုပြီး လက်က ဒဏ်ရာကိုပါ စုတ်တသပ်သပ်နဲ့ ယူကြည့်တယ်။ ထိုက်က ဒဏ်ရာတစ်ဖက်နဲ့မို့ လက်အုပ်ကို ဖွဖွချီရင်း ဦးသုံးကြိမ် အရင်ချတယ်။ ပြီးမှ-

"မေမေ့အပေါ် ဝစီကံမြောက် ပြောမှား ဆိုမှားတွေ ရှိခဲ့မိရင် ခွင့်လွှတ်ပါ။ ဒီနေ့ကစပြီး ထိုက်စိတ်ကိုရော အကျင့်စရိုက်တွေကိုပါ အတတ်နိုင်ဆုံး သတိထားပြီး ပြုပြင်သွားဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ဒါပေမဲ့ မမချို ထိုက်ကို မုန်းသွားမှာတော့ နည်းနည်းမှ မလိုလားဘူး မေမေ"တဲ့။

"သြော် မေမေက ထိုက်ကို ငယ်ငယ်တုန်းကလည်း သမီးလိုချစ်ရ၊ ကြီးလာပြန်တော့လည်း သားလိုချစ်ရနဲ့ ဒါကြောင့်မို့တောင် ဒီအရွယ်ရောက်တဲ့အထိ မမှားသင့်တာ မမှားရအောင် လိုက်ထိန်းနေရတာပေါ့။ မပူနဲ့၊ မမချိုက ထိုက်ကို ထားမသွားဘူးဆိုတာ မေမေသိတယ်။ မင်းသာ သူ စိတ်ညစ်အောင် ရှေ့လျှောက် မလုပ်မိစေနဲ့။ ညနေ ပြန်လာရင်လည်း သေသေချာချာ တောင်းပန်လိုက်ဦး။ သြော် ဒါနဲ့ ဘုရားမှာရော ဘာတွေ တိုင်တည်လိုက်သေးလဲ"

ထိုက် တစ်ခဏလေး ငြိမ်သွားပြီးတော့မှ-

"မေမေရယ်၊ မမချိုရယ်၊ ထိုက်ရယ် အချိန်တိုင်းမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားရပါလို၏လို့။ နောက်ထပ်ကတော့ အများအမြင်မှာ ကဲ့ရဲ့ငြိုငြင်စရာဖြစ်နေနိုင်တဲ့ အားနည်းချက်တွေ၊ ချွတ်ယွင်းချက်တွေအတွက် ထိုက်တို့လို ဘဝတွေအပေါ် ပတ်ဝန်းကျင်က ခွင့်လွှတ်စာနာစိတ် ထားနိုင်ကြပါစေလို့"

နောက်ဆုံး ကြားလိုက်ရတဲ့ ထိုက်ရဲ့ ဆုတောင်းစကားကြောင့် အန်တီညို မျက်ရည်တွေ ဝဲတက်လာပြီး ပါးစပ်ကလည်း တစ်စုံတစ်ရာကို ရေရွတ်လိုက်တယ်။

"သြော် သားရယ်"။

ဒီညနေ မမချို အိမ်ပြန်ခရီးလည်း သာယာလှပနေတော့ မယ်ထင်ပါရဲ့။ ။ ■

**အာဝါသ**



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ငရဲက ပိုးဟပ်ဖြူကို တာဝန်တစ်ခု ပေးလိုက်သည်။ သည်တာဝန်ကို မလွဲမသွေ အောင်မြင်အောင် ဆောင်ရွက်ရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ လွဲချော်၍မရ။ မည်သည့်ဆင်ခြေမျှ ပေး၍မရ။ ငရဲဦးနှောက် ပိုရောက် သည်ရောက်ထဲမှာ ပေါက်ပေါက်ရှာရှာ ဝက်ပါအတွေးတစ်ခု ဝင်လာသည်။ တာဝန်ကို မကျေပွန်သော်လည်း ဆင်ခြေပေးရာမှာ ရည်မွန်သဖြင့် ကောင်းစားဖောင်းကားသွားသူတွေ ခုခေတ် ဒုနှင့်ဒေးဟု တွေးမိ၏။ သို့ဖြင့် သည်လိုလူတွေ ရာဇဝင်မှာ စာတင်ထားတာ မရှိဘူးလားဟု စဉ်းစားရင်း ရုတ်တရက် သမိုင်းထဲက ခေင်ညို့ကို သွားသတိရလိုက်မိသည်။

တခြားတစ်ပါးနိုင်ငံ၏ နန်းတော်ကြီးထဲ ထိုးဖောက်ဝင်ရောက်ပြီး အဓိပတိ ရှင်ဘုရင်ကိုမှ လုပ်ကြံရန် တာဝန် ပေးခံရသော ခေင်ညို့ကား သာမန်စစ်သည် မဟုတ်တန်ရာ၊ လူစွမ်းကောင်း သူရဲကောင်း ဖြစ်၍ ဤမျှကြီးလေးသော တာဝန်ကို အပ်နှင်းခံရခြင်း ဖြစ်သည်ဟု ငရဲ တွေးမိ၏။ ခေင်ညို့သည် ရန်သူနယ်မြေထဲ စိမ့်ဝင်ထိုးဖောက် နန်းတော်ထဲ ခရီးပေါက်ခဲ့သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်သိပ်သည်း ဤခရီးတွင် တစ်ပတ်တိုင်တိုင် အစာငတ် မတ်တတ်က လဲပြိုမတတ်ဖြစ်ခဲ့၏။ ထို့ကြောင့် နန်းတွင်းအရောက်၊ ရန်သူရှင်ဘုရင်နား အဆိုက် ဆွမ်းတော်တင်ပွဲတော်ကိုလည်း တွေ့ရော သူ့စိတ်ကို မထိန်းနိုင်တော့ချေ။ အငတ်ဒဏ်ကို တောင့်မခံနိုင်တော့ဘဲ ပွဲတော်ကို စွန့်၍ စားလိုက်တော့၏။ ငခင်ညို ဝမ်းဝ,သွားပြီ။ ဤတွင် သူ့ပခုံးပေါ်မှ တာဝန်နှင့် ပတ်သက်၍ ခံယူချက်ပြောင်းသွားသည်။

ငရဲ တာဝန်ပေးလိုက်သော ပိုးဟပ်ဖြူလည်း ငခင်ညိုလို ဗိုက်ဖောင်းတော့ စိတ်ပြောင်းသွားပြီလားဟု တွေးမိလိုက်သည်။ ရာဇဝင်ထဲက သူရဲကောင်း ငခင်ညိုနှင့် ပလက်ဖောင်းပေါ်က တေလေကြမ်းပိုး ပိုးဟပ်ဖြူကို ထပ်တူပြု ပုံနှိုင်းရတာတော့ ရိုင်းရာကျသွားသည်ဟုလည်း တွေးမိပြန်၏။ သူတို့အဖွဲ့ထဲမှာ ပိုးဟပ်ဖြူသည် လူတကာခိုင်းဖတ်၊ ဟိုသွား သည်သွား၊ ဟိုဟာသည်ဟာ သွားဝယ်စမ်း ဆိုတိုင်း သည်ကောင်က ခြေမြန်တော်ဖြစ်သည်။ ဘယ်လောက်ရှားပါးပစ္စည်း၊ ဘယ်လောက်ခက်ခဲပါစေ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်မှာ ရမည်ကို သူ မသိတာ မရှိ။ သူ့မိဘတွေက မိုးမင်းကြီးလို ကြည်လင်ဖို့ မိုးကြည်အပြင် စိတ်ထားလေးပါ ဖြူစင်ဖို့ မိုးကြည်ဖြူလို့ နာမည်ပေးထားပါသော်လည်း ခုတော့ မိုးကြည်ဖြူကနေ ပိုးဟပ်ဖြူ ဖြစ်နေပြီ။ တစ်နေကုန် လမ်း

icifhld
awmxdtf
ckpf&uf
xrififwfw,f
qlwmb,fol
oufo&&J
b,folu
&ufSwf
xm;wmvJ
'gtrSf/vd
b,fol
wm0efcHvJ
rif
b,f/vd
oabm&vJ
rif
b,f/vd
oabm&vJ

ပေါ်ကျက်စား၊ ကပ်သောက်နိုက်ဝါး အရက်သမားလေး မိုးကြည်ဖြူသည် အရပ်က ပိန်တိပိန်ရှည်၊ အသားအရေက ဖြူဖပ်ဖြူရော်အပြင် နှုတ်ခမ်းမွေးသုံးလေးပင် အစွန်းနှစ်ဖက ဘေးကားထောင်ကြွနေသည်နှင့် လိုက်လျောညီတူ သူ့ပေးထားသည့် နာမည်က ပိုးဟပ်ဖြူ။

ငခင်ညိုသည် သူစားလိုက်သည့် ပွဲတော်စာ ပိုင်ရှင်၊ သူသတ်ရမည့် ရှင်ဘုရင်ကို ကျေးဇူးရှင်ဟု သတ်မှတ်လိုက်သည်။ ထို့ကြောင့် မသတ်တော့ဘဲ သက်သေခံအဖြစ် အိပ်ရာဘေးက လက်သုံးတော် သန်လျက်ဓားကို ယူပြီး ပြန်လာသည်။ အရှင်ကို ဖြစ်ကြောင်းကုန်စင် ပြန်လျှောက်တင်၏။ ထမင်းရှင်၊ ကျေးဇူးရှင် ဖြစ်သွားပြီမို့ မသတ်ခဲ့ကြောင်း၊ တာဝန်မကျေသော ကျွန်တော်မျိုးကိုသာ သတ်လိုက်ပါဟု လျှောက်တင်သည်။ သည်နေရာမှာ ရှင်ဘုရင်၏ ခံယူချက်က နှစ်ခွနှစ်ဖက် အစွန်းထွက်နိုင်ပါသည်။ ရန်သူဖြစ်သည့်တိုင် ထမင်းလေးတစ်နပ်စားမိသည်ကြောင့် ကျေးဇူးရှင်သတ်မှတ်၊ မသတ်ခဲ့သော ငခင်ညိုကား ငါလိုတစ်သက်လုံးကျွေးမွေးစောင့်ရှောက်ခဲ့သော သခင်ရင်းကိုမူ ကျေးဇူးအထူးသိမည်မှာ ဆိုဖွယ်ရာမရှိပြီ ဟူ၍ ဆုံးဖြတ်သည်။

ငါလိုကောင်ကတော့ သည်လိုအတွေးမျိုး နိုးပဲဟု ငရဲ တွေးလိုက်သည်။ ဂျူတီအစ်စ်ဂျူတီဟု တစ်ယောက်တည်း ပေါက်ကွဲအသံထွက်အောင် ပြောလိုက်သည်။ ငါသာ ရှင်ဘုရင်ဆို ငခင်ညိုသေဒဏ်ဟု ဆုံးဖြတ်ရင်း လက်သီးလက်မောင်းတန်းလိုက်၏။ တစ်အိမ်လုံးမှာ တစ်ယောက်တည်း ကြိုက်သလို အော်ဟစ်ပေါက်ကွဲနိုင်သော ငရဲသည် ပြတင်းပေါက်မှလည်း ခဏခဏ ချောင်းကြည့်မိ၏။ ငါးလွှာတိုက်ခန်းပေါ်မှ ငုံ့ကြည့်လျှင် လမ်းမီးနှင့် ပိုးဟပ်ဖြူ ပြန်လာသည်ကို မြင်နိုင်သည်။ သည်ကောင် ဟိုက ဘာတွေပြုစုကျွေးမွေး၊ ဗိုက်ဖောင်းစိတ်ပြောင်းပြီး အချိန်တွေနှောင်းနေပါလိမ့်ဟု တွေးနေမိ၏။ ခိုင်းလိုက်တာ ကိုးနာရီလောက်ကတည်းက၊ ဘာများဖြစ်နေပါလိမ့် တွေးရင်း ဒေါသထွက်လာသည်။

ရန်ကုန်မြို့ကြီး၏ ငရဲတို့နေထိုင်ရာ ရွှေတံခွန်တိုင်ရိပ်သာ အိမ်ရာဝင်းမှာ ညသန်းခေါင်ယံ မတိုင်မီ မအိပ်ကြ။ လူပ်ရှုလို့ကောင်းတုန်းပင်။ အထူးသဖြင့် ငရဲတို့၊ ပိုးဟပ်ဖြူ၊ ကြမ်းပိုးတို့ဆို သန်းခေါင်ယံတိုင် မူးယစ်သောက်စား၊ ဂစ်တာတီး၊ သီချင်းဆိုနေကျဖြစ်သည်။ သူတို့အဖွဲ့စုရပ်က ရပ်ကွက်ဓမ္မာရုံရှေ့ ပလက်ဖောင်းပေါ်ဖြစ်သည်။ အိမ်များနှင့်လည်း နည်းနည်းလှမ်း၊ ရန်ဖြစ်ရမ်းကားခြင်းမျိုးလည်း မရှိသဖြင့် လူကြီးတွေက ဘာသိဘာသာနေကြခြင်း ဖြစ်သည်။ သည်ညကတော့ ညဉ့်ဦးကတည်းက မိုးသည်းသဖြင့် ကိုးနာရီလောက်မှာပဲ လူစုခွဲခဲ့ကြ၏။ အိမ်မှာ ဘယ်သူမှမရှိသော သည်ညမျိုးမှာ ငရဲက မိုးလင်းထိ မအိပ်ဘဲ တစ်ညလုံးပျော်ချင်သည်။ ထို့ကြောင့် ယမကာလိုင်းကို နည်းနည်းလျှော့၊ တခြားလိုင်းပူးဖို့အရေး ခြေမြန်တော် ပိုးဟပ်ဖြူကို တာဝန်ပေးလိုက်သည်။ သည်လိုတာဝန်မျိုး၊ သည်လိုင်းမျိုးက ပိုးဟပ်ဖြူထမ်းဆောင်နေကျ။ အမေနှင့် ညီမလေးက မကြာခဏ အဖေ့လုပ်ငန်း ဆောက်လုပ်ရေး ဆိုက်ထဲသွားနေကျ။ တစ်ခါသွား နှစ်ည၊ သုံးည ကြာတတ်သည်။

'တောက်··· ဆိုက်ထဲမှာဆို ပိုးဟပ်ဖြူလိုကောင်နာပြီ'



www.burmeseclassic.com

www.burmeseclassic.com

မကြာမီက သူ တာဝန်ထမ်းဆောင်ခဲ့သော စက်မှုနယ်မြေ ဆောက်လုပ်ရေးဆိုက်ကြီးကို သတိရမိ၏။ လုပ်ငန်းခွင်မှာ ငရဲက အကောင်ကြီးဖြစ်သည်။ သူ့အထက်မှာ လုံခြုံရေးမှူးကြီးတစ်ဦးတည်း ရှိသည်။ သူက ဒုလုံခြုံရေးမှူး၊ နောက်ပြီး အဖေက အေအီးဖြစ်၏။ ရေကြီးသည်ဖြစ်စေ၊ မိုးခေါင်သည်ဖြစ်စေ ငရဲအဖေ အေအီး လက်မှတ်တစ်ချက် ထိုးတိုင်း ဘောပင်မင်ရောင်က ရွှေရောင်တောက်နေသည်။ အဖေ့လက်ချောင်းများက ငွေရောင်တောက်နေ၏။ ငရဲ ဟူသော ဒုလုံခြုံရေးမှူးမှာလည်း အဖေ့အရှိန်နှင့် တစ္ဆေရောင်တောက်နေသည်။ တစ္ဆေသရဲရောင်ပြောင်နေသည့် ငရဲကို နေ့စောင့်၊ ညစောင့် ဝန်ထမ်းတိုင်း ကြောက်လန့်တုန်လှုပ်နေရ၏။ လုံခြုံရေးမှူးကြီးက အသက်ကြီးပြီဖြစ်ရာ ညရေး ညတာ ဟိုသွား သည်လာ မလုပ်နိုင်တော့။ ထို့ကြောင့် ကင်းစစ်တာဝန်ကို ငရဲ ယူထားသည်။ ငရဲကို အဖေ အေအီးအရှိန်ဖြင့် အလုပ်ခန့်ထားခြင်းဖြစ်၏။ ဤမျှကြီးမားသော စက်ရုံ စီမံကိန်းကြီးများမှာ ငရဲလို နေ့စား ဝန်ထမ်းတစ်ယောက် ခန့်ထားရေးမှာ ဘာမျှ အရေးမပါ၊ အခက်အခဲမရှိ။ အလွန်များပြားသော ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံ ပစ္စည်းများမှသည် သစ်၊ ဝါး၊ ဓနိအဆုံး အားလုံးမှာ တောကြိုအုံကြား နေရာအနှံ့အပြားချထား နေ့စောင့်၊ ညစောင့်များ ခန့်ထားရသည်။ ထိုအစောင့်များ အလုပ်တက်

vuf0gESh
jzefceJ
½kdufcsv kdu&m
t dkfjrfgi fu
vpfqkd
a&mi fxGif
ofjonf
okdomf
olt Ir Du
vuf0gESh
xdkyD
t IrDukd
jzKwfcsv kduf
t IrD
jywfv;onf
qwfqwfvkef
ckdfyguf eonf

ဆင်း ဂျူတီချိန်းပြောင်း သောင်းပြောင်းထွေလာ စာရင်းဇယားများမှာ ငရဲလက်ထဲမှာ ရှိ၏။ နှစ်ယောက်ဆိုင်းမှာ တစ်ယောက်မလာ၊ ထိုမလာသူကို အလာပြမလား ငရဲလက်ထဲမှာ ရှိသည်။ လာသူကို ဒုလုံခြုံရေးမှူး လာအစစ် ဟိုနားသည်နားသွားလို့ မတွေ့သည်နှင့် ငရဲက ကြက်ခြေခတ်လိုက်ရမလား ငရဲလက်ထဲမှာ ရှိသည်။ ထို့ကြောင့်လည်း လုပ်ပိုင်ခွင့်အပြည့်ရှိသော သူ့နာမည်ရင်း ရဲမင်းဘဝမှ ငရဲအမည်ရောက်နေခြင်းဖြစ်၏။ သူ အမြဲပြော ဆိုကြုံးဝါးတတ်သော စကားတစ်ခွန်း ရှိသည်။

'ဟေ့ ရဲမင်းကို ရှေ့က 'င'ထည့်မလား ငရဲမင်းကွ၊ နောက်က 'ကြီး'ထည့်မလား ရဲမင်းကြီးကွ၊ ရှေ့ရောနောက်ရော ထည့်မလား ငရဲမင်းကြီးကွ ဟား… ဟား… ဟား'

ငရဲ ခေါ် ရဲမင်း ခေါ် ငရဲမင်းကြီးသည် လိုတစ်မျိုး၊ မလိုတစ်မျိုး ပြဿနာအဆိုးဆိုး ဖန်တီးတတ်သဖြင့် အားလုံးက ဝိုင်းပသ,ရတော့သည်။ သူလာသည်နှင့် အရက်အဆင်သင့်၊ ကြက်အဆင်သင့်။ တွေ့သည်နှင့် အလေးပြု၊ သွားဖြီး၊ အရိုအသေပေးပြီး ဆရာ ရဲမင်းကြီးဟု ခေါ်ကြရ၏။ ကွယ်ရာမှာတော့ ငရဲသည် ငရဲသာ ဖြစ်သည်။ ဤသို့ဖြင့် ကြာလာတော့ ရဲမင်းကြီး ပြဿနာ အဖုံဖုံက အကြီးဆုံး အီးအီး၊ အမှုဆောင်အင်ဂျင်နီယာမှူးကြီးနား ပေါက်ကြားစစ်ဆေးခံရသည်။ နောက်ဆုံး ငရဲမင်းကြီး အလုပ်ပြုတ်၊ ငရဲသားဘဝမှန် ပြန်ရောက်သည့်အပြင် အေအီး အဖေက ဆိုက်ထဲမှာ မနေနိုင်းတော့ဘဲ ထွက်စေဒိုင်းတော် အိမ်ပြန်ပို့လိုက်တော့လေ၏။

ရွှေတံခွန်တိုင်အိမ် ပြန်ရောက်လာသော ရဲမင်းကား ငရဲမင်းကြီးယူနီဖောင်း ပြောင်းသွားသော်လည်း စိတ်ကမပြောင်း။ အပေါင်းအသင်းတွေခေါ်မြဲ ငရဲအမည်ကိုပင် ခံ့မင်ပီတိ ဘဝင်ငြိနေ၏။ ငရဲလားရာ ငရဲသားများနှင့်သာ ပျော်မွေ့သည်။ နေ့စဉ် အမေပေးနေကျ မတန်တဆ မုန့်ဖိုးအပြင် ခိုးတာတစ်မျိုး၊ ပေါ်တင်တောင်းတာတစ်မျိုး ငရဲမင်းကြီး အချိုးမပြင်နိုင်။ သည်ညမှာတော့ ခါတိုင်းထုံးစံ အရက်ကို နားထား၏။ လေး၊ ငါး၊ ခြောက်ပက် လည်ချောင်းထဲဆင်းလည်း နားထင်ပင်မတင်းသော အရက်ချိုး ငရဲအိုးအဖို့ အခုလို အိမ်သားတွေမရှိခိုက် အရက်ထက်ကောင်းသည့် စည်းစိမ်မျိုး ဆတိုးခံစားနိုင်ရန် ခြေမြန်တော် ပိုးဟပ်ဖြူကို တာဝန်ပေးလိုက်သည်မှာ ညကိုးနာရီလောက်ကတည်းက ဖြစ်သည်။ အချိန်တွေကြာလာသည်နှင့်အမျှ စိတ်က မကြည်လင်၊ ထင်သမျှ မြင်သမျှ ဒေါသထွက်နေ၏။ မကြာခဏလည်း ပြတင်းပေါက်မှ ငုံ့ကြည့်နေမိသည်။ တစ်ကိုယ်လုံး အသားအရေပြားကို အပ်ဖျားကလေးတွေ ထိုးစိုက်သလိုလို နာကျင်နေ၏။ တစ်ခါတစ်ရံ အသားပေါ် ပိုးကောင်လေးတွေ ရှုစိထိုးတက်လာသလိုလိုလည်း ခံစားရသည်။ 'အစ်'၊ 'အစ်' ဟု ကြို့ထိုးချင်လာသဖြင့် ပြတင်းပေါက်မှ ငုံ့ပြီး တံတွေး ထွေးလိုက်ရာ ပျစ်ချွဲချွဲ စိမ်းရွှေရွှေ အရိအချွဲများ အော့အန် ကန်ထွက်လာပြီး ခါးလန်သွားပြန်၏။ မျက်လုံးတွေလည်းပြာ၊ နားမှာလည်း ဆူညံသံတွေ ပွက်ထ,နေသည်။

'တောက်… ဆိုက်ထဲမှာသာဆို ပိုးဟပ်လိုကောင် သေပြီ'

ငရဲပါးစပ်က အသံထွက်သွား၏။

'ကျွတ်… ကျွတ်…



www.burmeseclassic.com

www.burmeseclassic.com

ကျွတ်…”

ဒါက အိမ်မြှောင်စုတ်ထိုးတာလား။ ဟုတ်ပါသည်။ နံရံမှာ ကပ်နေသော အိမ်မြှောင်သည် အမြီး တယမ်းယမ်း စွေကန်းကန်းနှင့် ငရဲကို စိုက်ကြည့်နေ၏။ ဒါ ရန်စ,တာပဲဟု တွေးလိုက်သည်။ တစ္ဆေတစ်ကောင် အိမ်မြှောင်ယောင်ဆောင် ရန်ထောင်နေတာဟု မြင်၏။

“ဘာလဲ… မင်းက ပိုးဟပ်ဖြူဘက်က နာတာလား”

“ကျွတ်… ကျွတ်… ကျွတ်…”

“တာဝန်မကျေရင် ပိုးဟပ်ဖြူ မပြောနဲ့ ခင်ညိုတောင် လက်မခံဘူး”

“ကျွတ်… ကျွတ်… ကျွတ်…”

“ခင်ညိုဟာ ပေးအပ်တဲ့တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်တယ်။ ဒါပေမဲ့ ကျေပွန်အောင် စွမ်းဆောင်နိုင်တဲ့ အရည်အချင်းနိုးပဲ။ တာဝန်ကို ရှောင်လွှဲတယ်။ မင်း ဘယ်လိုသဘောရလဲ၊ မင်း ဘယ်လိုသဘောရလဲ”

အိမ်မြှောင်က အမြီးကို တဆတ်ဆတ်ခါပြ ရှိုးတိုးရှုတ ပြုးပြနေသည်။

“ခင်ညို တောထဲမှာ ခုနစ်ရက် ထမင်းငတ်တယ်ဆိုတာ ဘယ်သူသက်သေ ရှိလဲ၊ ဘယ်သူက ရက်မှတ်ထားတာလဲ။ ဒါ အမှန်လို့ ဘယ်သူတာဝန်ခံမလဲ။ မင်း ဘယ်လိုသဘောရလဲ၊ မင်း ဘယ်လိုသဘောရလဲ”

ပြောရင်းဆိုရင်း ငရဲတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထ,သွား၏။ ခင်ညို ဘဝတစ်ပါးက ငါ့မကျေနပ်လို့ အိမ်မြှောင်ယောင်ဆောင်လာတာလားဟု အတွေးတွေ ယောက်ယက်ခတ်လာသည်။

“ဟား… ဟား… ဟား…၊ ဘယ်ကောင်မှ မကြောက်ဘူး၊ ငရဲကွ၊ ငရဲမင်းကြီးကွ… ထွီ”

တံတွေးကို ပြတင်းပေါက်မှ ထွေးချမည်ပြုစဉ် တံခါးပေါင်မှာ တစ္ဆေတစ်ကောင် အိမ်မြှောင်ရောက်နေသဖြင့် ကြမ်းပေါ်ထွေးချလိုက်၏။ ငရဲက အိမ်မြှောင်ကိုပြုးကြည့်နေသလို အကောင်ကလည်း စူးကြည့်နေသည်။

“ဘာကြည့် တာလဲ၊ ငါ့ရုပ်က ချောလား၊ လှလား မင်းဘယ်လိုသဘောရလဲ”

ငရဲ၏ အသက်မှာ အစိတ်ကျော် သုံးဆယ်ပိုင်းဖြစ်သော်လည်း ရုပ်ရည်တော်တစ်ဆိတ်ဟိုင်းနေပါပြီ။ အသားကဖြူရော်ရော်၊ အရေက ပျော့ဖပ်ဖပ်၊ မျက်နှာလေးကွက်၍ ဖောသွပ်သွပ် ဖောင်းဝိုင်းဝိုင်းလေးဖြစ်နေ၏။ တစ်ကိုယ်လုံးကြွက်သားများကားယမကာ အပါအဝင် မူးယစ်ဆေးစားသဖြင့် ပါးလျားခြောက်သွေ့နေပါပြီ။ ငရဲသည် မျက်ခွံအခွက်ထဲမှ မျက်စိကိုပြူး၊ အိမ်မြှောင်ကို စူး ကြည့်နေလိုက်၏။

“ကျွတ်… ကျွတ်… ကျွတ်…”

ဗိုက်ကို ဆတ်ဆတ်တုန်ရှုပ်၊ တဖျပ်ဖျပ် စုတ်သပ်နေသည့် တစ္ဆေကောင်ကိုကြည့်ပြီး ငရဲ အသားတွေတုန်၊ ဒေါသတွေ ပေါက်ကွဲထွက်လာ၏။

“ဘာလဲ မင်းက ခင်ညိုလား၊ ပိုးဟပ်ဖြူလား။ တာဝန်မကျေတဲ့ကောင်တွေ သတ်မယ်။ ငရဲကွ၊ ငရဲမင်းကြီးကွ… သွားစမ်း”

လက်ဝါးနှင့် ဖြန်းခနဲ ရိုက်ချလိုက်ရာ အိမ်မြှောင်က လှစ်ဆို ရှောင်ထွက်သွားသည်။ သို့သော် သူ့အမြီးက လက်ဝါးနှင့် ထိမိပြီး အမြီးကို ဖြတ်ချလိုက်၏။ အမြီးပြတ်လေးသည် ဆတ်ဆတ်တုန်ခုန်ပေါက်နေသည်။ ငရဲက ကောက်ယူလိုက်သောအခါ လက်ဝါးပေါ် လှုပ်စိလှုပ်စိ တုန်ခါနေသောကြောင့် အသည်းတွေ ယားကျိလာကာ အပြင်ဘက် လွှင့်ပစ်လိုက်၏။ သို့သော် အပြင်ဘက် မထွက်၊ ပြတင်းတံခါးပေါင်ပေါ် ခုန်ပေါက်နေပြန်သည်။ ထိုစဉ် အမြီးပြတ် အိမ်မြှောင်ကလည်း ခြေလက်ကားရား၊ ဗိုက်သားကို ရှုပ်ရှုပ်ပြီး မကျေ မနပ် မျက်လုံးကြီးပြူး ငရဲကို စူးကြည့်နေ၏။

“ဘာလဲ… မင်းက ငရဲမင်းကြီးကို အာခံတာလား”

ငရဲက လက်နှင့် ဖမ်းအအုပ်၊ အိမ်မြှောင်က ထွက်အပြေး ပြတင်းပေါက်ပေါ် ခုန်ဖမ်းလိုက်သည်။ ပါးစပ်ကလည်း အားရပါးရ အော်လိုက်၏။

“ငရဲကွ… စူပါမင်းကွ… စူပါမင်းကွ”

❑

ယနေ့နံနက် ရွှေတံခွန်တိုင် အိမ်ရာဝင်းသားများ အစောကြီးနိုးထ,ကြကုန်၏။ လမ်းထိပ်တွင် လူစုလူဝေးဖြစ်နေသည်။ တစ်ယောက်နှစ်ပေါက်၊ သုံးပေါက် ပြောဆိုဝေဖန်ကြသည်။

“ကောင်လေး သနားပါတယ်”

“သူ့မိဘတွေ မလာသေးဘူးလား”

“ဖုန်းဆက်ထားတယ် လာနေပြီတဲ့”

“ရဲတွေ ရောက်နေပြီ”

“ပိုးဟပ်ဖြူကို ညက ရဲဆွဲသွားသတဲ့”

“ဘာဖြစ်လို့”

“ဆေးပြား ဝယ်နေတုန်း ရဲဝင်ဖမ်းလိုက်တာတဲ့။ ရောင်းတဲ့ကောင်ပါ ဖမ်းစစ်ပြီး ဆက်စပ်တာတွေ လိုက်နေပြီတဲ့”

“ဘေးခန်းကလူက ပြောတယ်။ သူ ညဆိုင်းဆင်းပြီး ပြန်လာတော့ ငရဲအသံကြားရသတဲ့။ ဘာတဲ့ မင်းဘယ်လိုသဘောရလဲ၊ မင်းဘယ်လိုသဘောရလဲဆိုလား၊ နောက်ပြီး စူပါမင်းကွ လို့လည်း အော်သံကြားရသတဲ့”

အရက်ဆိုင်ရှင်က တီးတိုးရေရွတ်သည်။

“ငရဲရေ အမျှ… အမျှ… ငါ့ဆိုင် မလာနဲ့တော့”

ရဲက မှတ်ချက်ပေးသည်။

“အရက်ကြောင်၊ ဆေးကြောင်သွားတာပါ။ ဒါမျိုးက မရှိတဲ့သဏ္ဌာန်တွေ မျက်စိထဲမြင်၊ နားထဲ အသံတွေကြား၊ တစ်ယောက်တည်း စကားပြောတတ်တယ်။ နောက်ဆုံး စိတ်လွတ်၊ စူပါမင်းစိတ်ဝင်ပြီး လေထဲပျံသွားတာပေါ့”

အမှန်တကယ် စူပါမင်းလုပ်လိုက်တာလား၊ မတော်တဆ ထွက်ကျသွားတာလားကိုမူ အမြီးပြတ်အိမ်မြှောင်သာ သိပါမည်။ ■

**ကျိုက်စကောခင်စိုး**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



# မိုးစက်မိုးပေါက်များနှင့် လွတ်မြောက်မှုကိုရှာဖွေခြင်း

နွေ၏ နောက်ဆုံးရက်များဖြစ်၍ ချစ်ချစ်တောက်ပူနေသည်။ သစ်ရွက်တွေ ကော့လန်ကြွပ်ဆတ်နေသည်။
အိမ်မိုးသွပ်ပြားများသာမက ကြမ်းခင်းပျဉ်တွေ၊ အကာအရံတွေလည်း ကော့လန်ကြွပ်ဆတ်နေသည်။
မိမိ၏ ခန္ဓာကိုယ်သည်လည်း ထိကိုင်လိုက်ပါက ပွဲကြွေကြွေမွသွားတော့မည့်
မုန့်လေပွေတစ်ချပ်လို ကော့လန်ကြွပ်ဆတ်နေသည်။

မေ ၂၉ ရက်၊ ရန်ကုန်၏ ယနေ့အပူချိန်မှာ ၄၂ ဒီဂရီဆဲလ်စီးယပ်(စ်)ဖြစ်သည်။ မခံရပ်နိုင်အောင်
ပူပြင်းလောင်မြိုက်လှသည့် အပူလောင်ဆုံး နွေနေ့တစ်နေ့ပဲဖြစ်ပါသည်။ သည်လိုအချိန်မှာပဲ
ကျွန်တော်သည် မိုးပေါက်တို့၏ စွတ်စိုအေးမြမှုကို ထူးထူးခြားခြား ခံစားလိုက်ရသည်ဆိုပါလျှင်
ယုံမှယုံကြမည်လား မသိပါ။

*'ကျွန်တော်ထိုင်နေခိုက် မိုးဖွဲကလေးတွေက မိုးကာပေါ်တွင် လာရောက်လှင့်စဉ် ထိမှန်နေပြန်သည်။
လေကတိုက်နေသည်။ လူလည်း ချမ်းစိမ့်လာသည်။ သို့သော် ဒိုက်ဒိုက်တုန်အောင် မချမ်းလှဘဲ
အေးမြနေလေသည်။ နောက် မြေကြီးပေါ်က အနံ့တစ်မျိုး ရလာသည်။ ကျွန်တော် အသက်ရှူကြည့်သည်။
အလို မြေကြီးနံ့တွေက သင်းလို့ပါလား။ ဖြီထဲက စံပယ်ပန်းရနံ့တွေလို သင်းမြနေသယောင်
ကျွန်တော် အသက်မှန်မှန်ရှူလိုက်သည်။ မြေသင်းနံ့တွေက ကျွန်တော့်တစ်ကိုယ်လုံး
စီးဆင်းဝင်ရောက်သွားကြသည်'*

အကယ်၍ နေက သည်မျှချစ်ချစ်တောက် ပူပြင်းမနေဘူးဆိုလျှင်၊ သစ်ရွက်တွေလို ကော့လန် ကြွပ်ဆတ်
နေအောင် လောင်မြိုက်မနေခဲ့ဘူးဆိုလျှင် **'သန်းခေါင်ယံမိုးဦး'**က ကျွန်တော့်အား သည်မျှ ဆွဲဆောင်ညှို့ငင်
နိုင်လိမ့်မည်ဆိုတာ မသေချာဟု ဝန်ခံပါသည်။ သို့သော် ပူပြင်းသည့်နွေကန္တာရ၌
မိုးတစ်ပေါက်၏ စိမ့်သက်အေးမြမှုက အရသာ ထူးကဲလှပါတော့သည်။

ကျွန်တော်သည် ဆရာ လေးကိုတင်၏ စကားပြေကို အစဉ်အမြဲပင် အပြစ်မြင်ခဲ့သူဖြစ်ပါသည်။
လွန်ခဲ့သော ဆယ်နှစ်က သူ့စာအုပ် အမှာစာ၌ 'ဆရာလေးကိုတင်၏ စကားပြေသည် သူစကားပြောသလို

အမှတ် ၃၅၅၊ ဇွန်၊ ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း

## အက်ဆေးအကြောင်း အက်ဆေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဗလုံးဗထွေးဖြစ်သည်' ဟုပင် အားမနာ တမ်း ရေးမိသဖြင့် ကျွန်တော့်ကို သူ ငြိုငြင်ဖူးပါသည်။ သူသည် အခါများစွာ၌ စကားပြေကို ဂရုမစိုက်ဟု ကျွန်တော် ထင်သည်။ ပြီးစလွယ် ရေးတတ်သည်ဟု ကျွန်တော်ထင်သည်။ အက်ဆေးဆိုသည် စကားပြေမညက်လျှင် ပျက်သည်ဟုပင် ထင်မိသည့်အလျောက် ကျွန်တော်သည် ဆရာ လေးကိုတင်၏ အက်ဆေးတွေကို မည်သည့်အခါကမျှ လေးလေးစားစား မဖတ်ခဲ့ပါ။

သို့သော် ကျွန်တော်၏ အပြစ်တင်စကားကို ကြားခဲ့သူတစ်ဦးဦးက သူ၏ **'သန်းခေါင်ယံမိုးဦး'** ကို ဖတ်မိလျှင် သူ့ကို ကျွန်တော်က မလိုတမာပြောသည်ဟု ငြင်းဆိုချင်လိမ့်မည် ထင်ပါသည်။

*'ညက မိုးတွေရွာသည်။ သန်းခေါင်ယံ ကျော်ရုံကလေးရှိသေး။ လေတွေက သင်တုန်းဓားတွေလို။ လျှပ်စစ်တွေ ဝင်းလက်သွားလိုက်သည်မှာ ချုံခိုချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်တော့မည့်ပုံမျိုး။ ကောင်းကင်တစ်ခိုမှာ ဆေးသားအနက်ရောင် တင်ထားသေးသည်။ ကြယ်မထွက် လမထွက်သော မိုးဦးညပါလား'*

*'ကျွန်တော်သည် ဆေးလိပ်တိုကို မီးညှိလိုက်သည်။ တစ်ရှိုက်အဖွာတွင် မီးရဲခဲတောက်သွားစဉ် ကောင်းကင်အနက်ထည်ကြီးထဲမှ လျှပ်စစ်စုန်းမတွေ စုန်းတောက်သလို မိုးချုန်းသံနှင့်အတူ ဝင်းခနဲ ထ,တောက်သွားသည်။ လွန်လွန်းပေစွ။ တစ်ခါ မိုးကြိုးပစ်ချလိုက်သံတွေ'*

သန်းခေါင်ယံမိုးဦးသည် စင်စစ် မိုးကိုဖွဲ့ဆိုနေခြင်းဖြစ်ပါသည်။ မိုးကို စာစီကုံးနေခြင်းဖြစ်ပါသည်။ မိုးနှင့်ပတ်သက်သည့် သူ၏ အတွေ့အကြုံ၊ သူ၏ စိတ်ခံစားမှု၊ သူ၏ အမှတ်ရချက်၊ လွမ်းတချက်များကို စာစီကုံးနေခြင်းဖြစ်ပါသည်။ ကျေးဇူးပြု၍ မိုးကို ဖွဲ့ဆိုစီကုံးပါဟုဆိုလျှင် သူ့နှယ် ပြည့်စုံအောင်၊ ဖွယ်ရာအောင်၊ စိမ့်ခနဲအေးသွားအောင် ရေးဖို့ရာ လွယ်မည်မထင်ပါ။

olf wGif
rbdonf
i, fb0jzpfonf
rbdonf
ysKd;G fjzpfonf
rbdonf
*Dwopf0jzpfonf
rbdonf
t cpf0jzpfonf
rbdonf
aysmf&Tfjzpfonf
rbdonf
vGrf;qGvfjzpfonf
rbdonf
emusifjzpfonf
&Zef&efrSawmhpif h
rbdonf
vGwfajrmuf&Ukd
&Sm;z&m
u&kd mwvefqmyvm
wpfjzpfonf

စာဖတ်သူ မိတ်ဆွေသည် စကားပြေ၏ အလှ၌ ယစ်မူးသူ၊ မွေ့လျော်ပျော်ပိုက်သူဖြစ်ချင်ဖြစ်မည်၊ ဖြစ်ကောင်းမှလည်း ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ မိုးကိုဖွဲ့ဆိုသည့် အက်ဆေးတစ်ပုဒ်က ကြောက်မက်စဖွယ် နွေ၏ အပူရောင်ထဲတွင် မိမိအပေါ်သို့ ရုတ်တရက် မိုးစက်မိုးပေါက်တွေ တဖောက်ဖောက် သွန်းပက်လာသလို စိုမြလာသည်က တော့ အမှန်ပဲဖြစ်ပါသည်။

မိုးနှင့်ပတ်သက်သည့် သူ၏ အတွေ့အကြုံတွေ၊ စိတ်ခံစားမှုတွေ၊ လွမ်းတချက်တွေဟု ကျွန်တော် ဆိုခဲ့ပါသည်။

လေး,ငါးတန်းအရွယ်က သူ၏ ကျောင်းသွားချိန်ကလေးနှင့် မိုးကို ဤသို့ ဖွဲ့ပါသည်။

*'ကျောင်းတက်ဖို့ အိပ်ရာအထတွင် မိုးတွေ ရွာနေပါသည်။ ညဦးလယ်ယံ လောက်က အတော်လေး ရွာထားဟန် တူပါသည်။ ကျွန်တော်သည် တစ်ကိုယ်လုံး ချမ်းစိမ့်သွားမိသည်။ အင်္ကျီနှင့် ဘောင်းဘီ လဲရမည်ကို စိုးရိမ်သွားသည်။ ကော်ဖီနှင့် ပေါင်မုန့်စားသည်။ အဖေက စားရင်း နာရီကြည့်သည်။ ကျောင်းကားလာတော့မယ်၊ အားလုံး စုံပြီလားဟု မေးသေးသည်။ ကျွန်တော်က ခေါင်းညိတ်ပြပြီး အိမ်ရှေ့ထွက်လာခဲ့သည်။ လွယ်အိတ်လွယ်သည်၊ ခြံထဲ ဆင်းလာသည်၊ မြေကြီးတွေက စွတ်စိုအေးမြနေလေသည်။ ခြံရှေ့ ပန်းရုံလုပ်ထားသော အမိုးအောက်မှ ခုံတန်းရှည်ပေါ်တွင် မိုးကာဝတ်နှင့်ပင် ကျွန်တော် ထိုင်နေသည်။ မကြာမီ ကျောင်းကား လာပေတော့မည်'*

ငါးတန်းကျောင်းသားကလေး၏ ကျောင်းသွားချိန်မှာ မိုးပါသလို အတန်အသင့်ပြည့်စုံသော သူ့ဘဝငယ်ရုပ်သွင်ကလေးလည်း ပါသည်။ ကျွန်တော်တို့ဆီမှာတော့ လွယ်အိတ်ကလေး ပခုံးသိုင်းပြီး ရွှံ့တွေ ဗွက်တွေကို ဖြတ်ကျော်ရသည်။ ချောင်းတွေ၊ မြောင်းတွေ၊ ရေအိုင်တွေကို ခုန်ကူးရသည်။ ကောက်ပင်စိမ်းမြနှင့် လှိုင်းအိကလေးတွေ ယိမ်းက,နေသော လယ်ကွင်းပြင်တွေကို ဖြတ်သွားရသည်။ မိုးကာမရှိ၊ ဖိနပ်မပါ အေးစက်စိုထိုင်းသော အဝတ်တွေကို လဲဝတ်ဖို့ရာမပါဘဲ ကျောင်းတက်ရသည်။ မြို့ပြ-ကျေးလက် ကွာဟချက်ရှိပေမဲ့ ဘဝငယ်စဉ် ကျောင်းတက်ရက်များမှာ မည်သူ့အတွက်မဆို လွမ်းစရာ ဖြစ်မည် ထင်သည်။

သူ နည်းနည်းကြီးပြင်းလာစဉ် သီချင်းများနှင့် ရင်းနှီးခဲ့ရသည်မှာ အစ်မများကြောင့် ဖြစ်သည်။ မိုးရွာလာလျှင် အစ်မတွေက သီချင်းတွေ အော်ဆိုတတ်သည်။ မမခင်သန်းနွယ်က ဒေါ်မေရှင်၏ သီချင်းတွေ အဆိုများသည်။ *'ထက်ကောင်းကင် မိုးဖျားက သွန်းလာ၊*



www.burmeseclassic.com

www.burmeseclassic.com

ရွာမည့်ရွှေမိုးကို *စောင့်ကာ* ဆိုသည့် **ရွှေဝါဖူး** သီချင်းကို စ,ဆိုတတ်သည်။ မမဘောဘီက *'မိုးကလေးညိုညို၊ လွမ်းစိတ်ပိုချင်'* ဆိုသည့် **ပျို့မှာတမ်း**။ မမမြင့်ကတော့ *'မိုးကိုမျှော်သည်မျှော်သည်'* ဆိုသည့် မာမာအေးသီချင်း။ အစ်မတွေအကြား မိုးသီချင်းများနှင့် ကြီးပြင်းခဲ့ရသည့် သူကတော့ဖြင့် ကိုအံ့ကြီး၏ **သခွတ်ပန်း**ကို စွဲစွဲလမ်းလမ်း ဆိုမိပါသတဲ့။(တောသူတောင်သား၊ ကျွန်တော်တို့များကမူ ကိုရင်သိန်းတန်မှ တေးမဆိုခဲ့လျှင် ရင်ခုန်တတ်ဖို့မလွယ်နိုင် ဆိုသည်ကို အကျယ်မပြောလိုတော့ပြီ)

စာအုပ်တွေနှင့် စတင်ရင်းနှီးခဲ့တာလည်း မိုးရက်များမှာပဲ ဖြစ်သည်ဟု ဆိုသည်။ မမခင်သန်းနွယ်၏ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုတွေနှင့် မိုးစွေသောရက်များမှာ စာအုပ်ကိုင်ပြီး အိပ်ခန်းထဲဝင်သွား၊ အိစက်သည့်မွေ့ရာပေါ်၌ စာဖတ်သည့်အရသာကို ထိုစဉ်မှ စ၍ ကောင်းကောင်းကြီး သူသိခဲ့ရသည်ဟု ဆိုသည်။ ကဗျာကို တပ်မက်လာသည့် အရွယ်မှာတော့ နတ်သျှင်နောင်၊ ဦးကျော်၊ ဦးကြင်ဥတို့၏ ကဗျာတွေကို အော်ဖတ်ရမှ ကျေနပ်လေ့ရှိပြီး *'မိုးတစိမ့်စိမ့်ဆိုလျှင် ကဗျာမှော်ရုံတောထဲတွင် ကျွန်တော် မျက်စိလည်ရပြီ။ ကဗျာထဲမှ ကာရန်များသည် မိုးစက်မိုးပေါက်တို့မှ ကျလာသော အသံများ'* ဟုဆိုသည်။ ဩော် လူကလေးတစ်ယောက် မိုးနှင့်အတူ ကဗျာနှင့်အချစ်ကို ဖိုးသိုးဖတ်သတ်၊ စိမ်းဆတ်ဆတ်နှင့် တစ်ထပ်တည်း တွေ့ခဲ့ပြီကော။ တောက်မည့်မီးခဲ တရဲရဲပေကိုး။

'ထိုမိုးရာသီမှာပင် ငယ်ချစ်ဦးကို ချစ်ခဲ့ရသည်' ဟု ဆိုပါသည်။ သူတို့နှစ်ဦးမှာ ဘာသာမတူ၊ ကျောင်းမတူ။ မိန်းကလေးက ခရစ်ယာန် သာသနာပြုကျောင်းမှ ဖြစ်သည်။ သူက အလွတ်ပညာသင်ကျောင်း။ ကျောင်းအတူ မသွားရသော်လည်း ကျောင်းပိတ်ရက်တွေမှာ အတူ တွေ့ကြ၊ လည်ကြ၊ စကားပြောကြ၊ ရင်ခုန်လွမ်းဆွတ်စရာ ရွှေရောင်ရက်များ ဖြစ်ခဲ့ပါလိမ့်မည်။

*'ခုလို မိုးဦးကာလ ကျောင်းတွေဖွင့်စမှာ ကျွန်တော့်အချစ်ဦးကို မိုးနှင့်အတူ ကျွန်တော် မျှော်နေတတ်ပြီ။ ထီးကလေးတစ်လက်သည် ကျွန်တော်တို့နှစ်ယောက်အတွက် ပိန်းရွက်ကလေးတစ်ရွက်နှယ် ဖြစ်နေပါသည်'*

ကျောင်းဖွင့်ချိန် စိန်ပန်းတွေနှင့်အတူ မဟုတ်။ မိုးနှင့်အတူဖြစ်သည်။ စွယ်တော်ရွက်နှယ် မဟုတ်၊ ပိန်းရွက်ကလေးနှယ်ဖြစ်သည်။ အက်ဆေးဆရာက သူများအလွမ်းကို မိတ္တူကူးပြီး လွမ်းဖွဲ့နေတာမဟုတ်၊ မိမိ၏ မူရင်းကိရိယာနှင့် လွမ်းဖွဲ့နေတာဖြစ်သည်ကို သတိပြုလိုက်မိပါသည်။ အဲဒါကို နှစ်သက်စရာဟု ကျွန်တော်ထင်ပါသည်။

မိုးစက်မိုးပေါက်တွေကြားက သူ၏ အတိတ်ပုံကားချပ်ကို ကျွန်တော်က ဆုပ်ဖမ်းကြည့်နေမိခြင်း ဖြစ်ပါသည်။ သူ၏ ငယ်ဘဝ ပုံကားချပ်မှာ မိုးပေါက်ကလေးတွေ သွန်းဖွဲ စွေနေသလို စိုပြည်သာယာခဲ့သည်ဟု ကျွန်တော် ထင်သည်။ သူသည် မိုးနှင့်အတူ ချစ်စရာ၊ လွမ်းစရာတွေကိုချည်း ပြောခဲ့သည်။ မိုးနှင့်အတူ ချမ်းမြေ့စရာတွေကိုချည်း ပြောခဲ့သည်။ စင်စစ် မိုးရက်တွေကြားက ကွဲကြေခံစားခဲ့ရသည်များလည်း အသေအချာ ရှိခဲ့ရပေလိမ့်မည်။ ဒါကလည်း လောကခံပေကိုး။

*'ကျွန်တော်တို့ လေး,ငါးယောက်မှာ တစ်ဆောင်းလုံး၊ တစ်နွေလုံး အတူနေခဲ့ကြရသည်။ ဆောင်းဆိုလျှင် နှင်းပွင့်တွေကို မြင်ချင်နေကြသည်။ နွေဆိုလျှင် ရွက်ဟောင်းတွေကြွေသည်ကို တွေ့ချင်နေကြသည်။ နှင်းပွင့်နှင့် ရွက်ဟောင်းတို့သည် ကျွန်တော်တို့ကို လှည့်စားသွားကြသည်။ ကိုယ်ယောင်ပင် မပြခဲ့ပေ'*

အထူအထဲကြီး မဟုတ်ပါ။ ပါးပါးလျားလျားကလေးပဲ သူပြောပါသည်။ သို့ရာတွင်-

ဆောင်းနှင့်နွေကို မမြင်လိုက်ရဘဲ သို့မဟုတ် မြင်ခွင့်မရလိုက်ဘဲ လေး, ငါးယောက် အတူနေခဲ့ကြသည် ဆိုသောနေရာမှာ မည်သည့်နေရာဖြစ်မည် ဆိုသည်ကို ခက်ခက်ခဲခဲ စဉ်းစားဖို့မလိုဟု ထင်သည်။ လွယ်လင့်တကူ ရိပ်စားမိနိုင်စရာ ရှိပါသည်။ သူတို့သည် ထိုနေရာကလေး၌ ပူပြင်း လှောင်အိုက်လွန်းသည့် နေ့တွေညတွေကို ရေတွက်ရင်း မိုးကိုမျှော်ခဲ့ကြလေသည်။ ရာသီစက်ဝန်းဆိုသည့် စကားနှင့်အညီ ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ ဥတုရာသီကို မလည်မရှောင် မည်သည့်ယန္တရားနှင့်မျှ တွဲဆွဲထား၍ မရနိုင်ပါချေ။ နွေရက်တို့ လွန်သော် မိုးရောက်လာမည်။ မိုးဥတုသည် မလွဲမသွေ ရောက်လာရပါလိမ့်မည်။

*'မိုးစက်မိုးပွင့်တွေ လေနှင့်အတူ စွေစောင်းလွင့်စဉ်လာပါသည်။ အာကာသထဲမှ မြင်ကွင်းကို အခန်းကလေးထဲမှ ကျွန်တော်တို့ ရပ်ကြည့်နေမိကြပါသည်။ ခပ်လှမ်းလှမ်းမှ ညောင်ပင်အိုကြီးမှာ ရွက်နုတွေဆင်ပြီး၊ စိမ်းမြပျိုမျစ်နေဆဲ။ တရစပ် တိုက်ခတ်နေသော မိုးဦးလေထဲတွင် ယိမ်းထိုးပြုံလဲမတတ် အကိုင်းအခက်တွေနှင့်အတူ…'*

အခန်းကျဉ်းကလေးထဲမှနေ၍ တစ်နွေလုံး မိုးကိုမျှော်နေသူတို့ အဘယ်မျှ ပျော်မြူးရွှင်ပျ အားရနေကြမည်ကို မှန်းဆကြည့်မိပါသည်။ ကြည့်လေရာ၊ မြင်လေရာ အလှအပတွေချည်းဟုသာ ခံစားကျေနပ်နေကြပေလိမ့်မည်။

*'မိုး ရွာချေပြီ။ မိုးပွင့် စိန်စတွေ ကောင်းကင်နက်ပြာထဲမှ ကြွေကျလာသည်။ လေနှင့်တွေ့တော့ စွေစောင်းလွင့်ပါသွားကြသည်။ ကျွန်တော်တို့ ဆန့်တန်းထားသော လက်ဖဝါးတွေပေါ်၊ ကျွန်တော်တို့ မျက်နှာတွေဆီ၊ နောက် ကျွန်တော်တို့ ရပ်နေသော ခြေဖျားတွေမှာ မိုးပွင့်စိန်စတွေ လာရောက်ထိမှန် နေပါတော့သည်။ အမှတ်မထင် ကျွန်တော်တို့ထဲက တစ်ယောက်မှာ ဒေါ်လှရွှေ၏* ***မိုးဒေဝါ*** *သီချင်းတစ်ပုဒ်ကို ညည်းဆိုနေပါတော့သည်။ မျက်မာန်တော် ညိုးပါနဲ့ ခိုကိုးသူပါ၊ မိုးနတ်ဒေဝါ၊ ဩော်- မိုးနတ်ဒေဝါ၊ ရွာဟုန်တော် အရေးကိုလ'*

သူတို့ ပျော်ကြရှာသည်။ သူတို့ခမျာ အတော့်ကို ပျော်ကြပေလိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ကူးစက်ခံစားကြည့်မိပါသည်။

သူတို့သည် အလိုမတူဘဲ ပိတ်လှောင်ထားခြင်းခံရသော အခန်းကျဉ်းကလေးတစ်ခုထဲမှ နေ၍ ချစ်သောမိုးကို မျှော်ငံ့ရင်း လွတ်မြောက်မှုကို ရှာဖွေနေခဲ့ခြင်း ဖြစ်တန်ရာပါသည်။ နွေတစ်နွေလုံး စောင့်စားခဲ့ရ၊ မျှော်လင့်ခဲ့ရသည့် မိုးစက်မိုးပေါက်တို့ သွန်းဖြိုးကျရောက်လာသောအခါ တဒင်္ဂလွတ်မြောက်သွားကြသလို ကြည်မြူးပျော်ရွှင်ခဲ့မိခြင်း ဖြစ်တန်ရာပါသည်။

နွေသည်လည်းကောင်း၊ မိုးသည်လည်းကောင်း၊ ဆောင်းသည်လည်းကောင်း ရာသီစက်ရဟတ်၌ မရပ်မနားရွေ့လျားလည်ပတ်ခဲ့စေကာမူ အက်ဆေးဆရာကို တလှပ်လှပ် ရင်ခုန်ခံစားစေခဲ့သည်မှာ မိုးပဲဖြစ်ပါသည်။ မိုးစက်မိုးပေါက်တွေပဲ ဖြစ်ပါသည်။ သူသည် အလိုမတူဘဲ ပိတ်လှောင်ထားခြင်း ခံနေရသည့် ကျဉ်းမြောင်းသော အခန်းကလေးထဲမှာပင် ရံဖန်ရံခါမှသာ တွေ့မြင်ခွင့်ရနိုင်သည့် အုံ့ဆိုင်းမှိုင်းပျသည့် ကောင်းကင်တစ်ခိုမှ လွင့်စဉ်ကျလာမည့် (သူပြောသလို လွင့်စဉ်ဖွဲစောင်းကျလာမည့်) မိုးပေါက်တွေကို မျှော်မောလျက် စိတ်၏ လွတ်မြောက်မှုကို ရှာဖွေနိုင်ခဲ့သည်ဟု ကျွန်တော်ထင်ပါသည်။

"တကယ်တော့ မိုးရာသီမှာ ကျွန်တော်၏ ငယ်ပေါင်းကြီးဖက်ပင်"ဟု သူက ဆိုပါသည်။ မိုးဥတု ရောက်လာပြီဆိုလျှင် သူ၏ ငယ်ချစ်၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ဝတ္ထုကဗျာ ထံတျာ ဂီတသံစဉ်များ၊ ဆွေမျိုးဉာတကာတို့ကို ချစ်ခင်စွဲလမ်းမှုများ၊ သံယောဇဉ်ဝိညာဉ်များ ပူးဝင်မွှေနှောက်လာစမြဲဟု သူက ဆိုပါသည်။ ထို့ပြင် သူက ထပ်၍ နောက်တစ်ခု ဆိုပါသည်။

*"နှင်းပွင့်တွေ မတွေ့ခဲ့ရ၊ ရွက်ဟောင်းတွေ မတွေ့ခဲ့ရ၊ တစ်ခါတစ်ရံ မိုးစက်ပွင့်တွေကိုပင် မတွေ့ခဲ့ရသော နေ့တွေ၊ လတွေ၊ နှစ်တွေ။ သူတို့တစ်တွေကိုလည်း ကျွန်တော့်စိတ်အလျဉ်တွင် တသွင်သွင်စီးဆင်းသွားသော ရေများလို သဘောထားပြီး မေ့ပျောက်နိုင်စွမ်းလာသည်။ အမျက် ဒေါသ သောက အားလုံးကိုလည်း ခွင့်လွှတ်စိတ်ဖြင့် နှစ်သိမ့်ကြည်နူးလာတတ်ပါသည်"*

ဆရာ လေးကိုတင်။ သူ့အတွက် မိုးသည် ငယ်ဘဝဖြစ်သည်။ မိုးသည် ပျို့ရွယ်မှုဖြစ်သည်။ မိုးသည် ဂီတသံစဉ်ဖြစ်သည်။ မိုးသည် အချစ်ဦးဖြစ်သည်။ မိုးသည် ပျော်ရွှင်မှုဖြစ်သည်။ မိုးသည် လွမ်းဆွတ်မှုဖြစ်သည်။ မိုးသည် နာကျင်မှုဖြစ်သည်။ ရံဖန်ရံခါမှာတော့ဖြင့် မိုးသည် လွတ်မြောက်မှုကိုရှာဖွေရာ ကိရိယာ တန်ဆာပလာတစ်ခုဖြစ်သည်။ အဆုံးမှာတော့ မိုးသည် နာကျင်မှုနှင့် ကြေကွဲမှုတွေကို စီးဆင်းလွင့်မျောသွားစေသော "ခွင့်လွှတ်မှု"ဖြစ်သွားလေသည်။ အလွန်လှသည်ဟု ထင်မိပါသည်။

သူသည် အက်ဆေးတစ်ပုဒ်လုံးမှာ သူချစ်သော မိုးကို မလွှတ်စတမ်း ဆုပ်ကိုင်၍ ဘဝခရီးတစ်ခုကို ပါးပါးလျားလျား၊ နုနုရွရွ၊ နူးနူးညံ့ညံ့ကလေး ဖော်ပြခဲ့သည်။ မိုးနှင့်အတူ လှုပ်ခတ်မျောလွင့်နေသည့် စိတ်အစဉ်ကို သူစွမ်းနိုင်သမျှ မှုန်းခြယ်ပြခဲ့သည်။ သူ၏ လောကခံကို မိုးစက်မိုးပေါက်တွေထဲမှာ ကြိုးစား၍ စီကုံးဖွဲ့ဆိုပြခဲ့သည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော် အနှစ်ခြိုက်ဆုံးမှာ ခါးသီး၊ နာကျင်စဖွယ် စိတ်ခံစားမှုတွေကို မိုးစက်မိုးပေါက်များနှင့်အတူ စီးဆင်းလွင့်မျောသွားစေခဲ့သည့် ခွင့်လွှတ်မှုကို ဖွဲ့ဆိုလိုက်ခြင်းပဲဖြစ်သည်။ ခွင့်လွှတ်နိုင်သောအခါ နှစ်သိမ့်ကြည်နူးခြင်းတွေ တိုးဝင်လာသည်။ အတိတ်ပုံကားချပ်တစ်နေရာမှ နာကျင်ပင်ပန်းခဲ့သည်တို့အား ခွင့်လွှတ်နိုင်မှုကြောင့်သာပဲ မိုးသည် သူ့ကို ရွှင်ပျလန်းဆတ်နိုင်စေခဲ့သည်ဟု အောက်မေ့မိပါသည်။

စာဖတ်သူမိတ်ဆွေ။ သည်မှာတော့ နွေက ပူတုန်းရှိသေးသည်။ နွေမီးလျှံသည် အရာရာကို ကော့လန်ကြွပ်ဆတ်နေအောင် လောင်မြိုက်နေတုန်းရှိသေးသည်။ လေးကိုတင်၏ "**သန်းခေါင်ယံမိုးဦး**"ကို ဖတ်ပြီး မိုးကို ခံစားကြည့်လိုပါသလား။

*"မြေသင်းနံ့သာတို့ လိမ်းကျံစ။ ပန်းပွင့်ကလေးတွေမှာ ရွက်သစ်ရွက်နုတွေ တန်ဆာဆင်ပြီး သင်းရနံ့လှိုင်စွာ ဖူးပွင့်ကြိုင်လှောက် လာကြကုန်သည်။ ကြည့်စမ်း၊ အုန်းလက်တွေပေါ်မှာ မိုးစက်တွေ၊ စိန့်ပွင့်စိန်စတွေနဲ့တူပဲ့။ ဟော၊ သာလိကာနှစ်ကောင် လာနားလိုက်သေး။ အတောင်တွေပေါ်မှာ နှုတ်သီးဖျားတွေနှင့် လှန်ထိုးပစ်ခါရင်း မိုးစက်တွေကို လွင့်စဉ်စေပြန်သည်။ ကြည်နူးစရာပေပဲ။ မိုးခိုငှက်တို့ရေ- အုန်းလက်တွေကြားမှာ မိုးခိုပြပါဦးလား"*

ကျွန်တော် အဆုံးသတ်ပါမည်။ အက်ဆေးဆရာသည် မိုးစက်တွေကို မြင်ပြီး ဣန္ဒြေမရနိုင်အောင် ကြည်မြူးရွှင်ပျနေပါသည်။ သူ့အက်ဆေး တစ်နေရာ၌ လျှပ်စစ်လက်သည်းတွေက ဒေါမာန်ထ,နေသော ကြောင်ထီးကြီးတစ်ကောင်လို ကောင်းကင်နက်ပြာကြီးကို ကုတ်ခြစ်နေသည်ဟု ဖတ်လိုက်မိတော့ "*လျှပ်စစ်လက်သည်း၊ ကုတ်ခြစ်ဖြ၍၊ မိုးမည်းမျက်နှာ*"ဟူသည့် ဆရာကြည်အောင်၏ ကဗျာတစ်စကို သတိရနေမိပါသည်။ ယခုလည်း ဆရာကြည်အောင်၏ ကဗျာတစ်စနှင့်ပဲ ဤစာမှုကို အဆုံးသတ်ချင်ပါသည်။

*"မိုးဦးလေဟုန်၊ အို-မုတ်သုံ၊ ဂျွန်တောင်ပံ၊ ချွန်းမြည်သံဖြင့်၊ ပျံခဲ့ပါဦး ပျံခဲ့ဦး။*

*ကျားလျှာတောဝိုင်း၊ စားနှင့်ပိုင်းကာ၊ မြေရိုင်းကိုလှန်၊ ရေကန်ကိုတူး၊ ထနောင်းဖူးပြီ၊ မိုးဦးမုတ်သုံ ရွာပါဦး"*

■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

ရည်ညွှန်း။ ။**သန်းခေါင်ယံမိုးဦး** (လေးကိုတင်)။

၁၉၉၄၊ ဖေဖော်ဝါရီ၊ မြားနတ်မောင်မဂ္ဂဇင်း

-**မုတ်သုန်ဦး**(ကြည်အောင်)။

**ဒုဋ္ဌဝတီမှ ရေဝတီသို့ ကဗျာများ** (၁၉၆၅-ခုနှစ်ခန့်)။



www.burmeseclassic.com

www.burmeseclassic.com

ကော်ကြာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၅၅၊ ဇွန်၊ ၂၀၁၉

# အနာဂတ်မစင်ဧသာ ပန်းပွင့်များ

## မောင်ရင့်မာ [ကျောင်းကုန်း]

"ပြောတုန်းကဖြင့်
နားမထောင်ဘဲနဲ့" ဟူ၍
စကားပိုင်းတစ်ခုမှာ
ကြားလိုက်ရတော့
ဘဝင်မကျသလို
ဖြစ်သွားခဲ့သည်။
ကျွန်တော်တို့လည်း
ပြောမိဖူးပါသည်။
ချစ်ခင်ရင်းနှီးသူတို့နှင့်
စပ်လျဉ်း၍
ပြောလေ့ရှိပါသည်။
ကရုဏာရှည်းမဟုတ်၊
အပြစ်တင်ချင်သော
သဘောပါသည်။
"မှတ်ပြီလား၊
အခုတော့ ခံရပြီ
မဟုတ်လား" ဟု
ကျေနပ်အားရသောသဘော
ပါမည်ထင်သည်။
အမှားပြုခဲ့သူအပေါ်
ပြစ်ဒဏ်တစ်ခုခု
ပြန်လည်ကျရောက်သည်ကို
အားရသည့်သဘော၊
အမှားအယွင်းတစ်ခုကို
ခွင့်လွှတ်ဖို့၊ သည်းခံဖို့
မေ့ဖျောက်ပစ်လိုက်ဖို့ထက်
ပြစ်ဒဏ်ကျရောက်သည်
ကို ကျေနပ်သည့်
သဘောဟု
အောက်မေ့မိပါသည်။
တစ်ခါက
နယ်မြို့တစ်မြို့မှ
မိတ်ဆွေ
စာရေးဆရာလေးတစ်ဦးက
ကျွန်တော့်စာအုပ်များ
ရိုက်နှိပ်သည့်
ပုံနှိပ်တိုက်တွင်
သူ့စာအုပ်ကို
ရိုက်နှိပ်လိုကြောင်း
အကူအညီတောင်းသဖြင့်
ပုံနှိပ်တိုက်နှင့်
ဆက်သွယ်ပေးခဲ့ပါသည်။
သူ့သူငယ်ချင်း
ဒီဇိုင်နာလေးတစ်ဦးက
ထိုစာအုပ် (book making)
ကိစ္စကို တာဝန်ယူမည်
ဆိုသည်။ အတွင်းစာများ
ပြင်ဆင်၊ ဖြည့်စွက်၊
ဖြုတ်ပယ်ခြင်းတို့ကိုမူ
စာရေးဆရာနှင့်
ပုံနှိပ်တိုက်မန်နေဂျာတို့
တိုက်ရိုက်ပြောဆို၍



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်ကြမည်ဆိုသည်။

တစ်လခန့်ကြာသောအခါ 'စာအုပ်ထွက်ပြီဆရာ၊ ကျွန်တော့်ဆီကို အုပ်ငါးရာ ရောက်ပြီ။ လက်ဆောင်လည်း ပေးနေပြီ' ဟု ဝမ်းသာအားရ လှမ်း၍ ဖုန်းဆက်ပါသည်။ ပုံနှိပ်တိုက်မှာ စာအုပ်ကို တွေ့ပါသည်။ စာအုပ်က သေသပ်လှပသည်။ လှလိုက်တာဗျာဟု ပြောမိပါသည်။ 'လှတာ မလှတာထား။ အခုအဖုံးတစ်ထောင် ပြန်ရိုက်ပေးရမယ် ဆရာ' ဟု ပုံနှိပ်တိုက် မန်နေဂျာလေးက ပြောသဖြင့် 'ဘာကြောင့်လဲ' မေးကြည့်သည်။ မျက်နှာဖုံး၏ အောက်ဆုံးရှိ လေးထောင့်အကွက်လေးနှင့် တိ၍ဖြတ်ရမည့်အစား အဖြူသားသုံးစိတ်ခန့်ချန်၍ ဖြတ်ခဲ့မိသည်ဟု ဆိုသည်။ သူ၏ဒီဇိုင်းအတိုင်းမဟုတ်သည့်အတွက် ဒီဇိုင်နာဆရာလေးက ကျေနပ်မှုမရှိဟု ဆိုသည်။ အုပ်ရေတစ်ထောင်အတွက် အဖုံးတစ်ထောင် ပြန်ရိုက်ပေးဖို့ ပြောရာ ပုံနှိပ်တိုက်က သဘောတူခဲ့ရပါသည်တဲ့။

'ခုအတိုင်း လှသားပဲဗျာ' ဟု တဖွဖွပြောမိရင်း 'အဖုံးပြန်ရိုက်ဖို့ ဘယ်သူက တောင်းဆိုတာလဲ' မေးရာ 'စာရေးဆရာက ခုအတိုင်းလည်း သူကြိုက်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အလုပ်လာအပ်တဲ့ ဒီဇိုင်နာဆရာကို သူ ပြောလို့ မရဘူးတဲ့' ဟု ဆိုသည်။

'နေပါဦးဗျာ။ စာရေးဆရာက ကျွန်တော်နဲ့ ညီအစ်ကိုလို ခင်တဲ့သူပါ။ သူ့ဆီ ဖုန်းဆက်ပြီး မေးပါဦးမယ်'

စာရေးဆရာလေးထံ ကျွန်တော် ချက်ချင်းဖုန်းဆက်ပါသည်။ မျက်နှာဖုံးတစ်ထောင်စလုံး ပြန်ရိုက်ခိုင်းသည့်ကိစ္စကို သိသလားဆိုတော့ သိပါသည်တဲ့။ ဒီဇိုင်နာကို ဘယ်လိုမှ ဖျောင်းဖျ၍ မရပါတဲ့။ အဖုံးတစ်ထောင် ပြန်ရိုက်ပြီးရင် ခင်ဗျားဆီရောက်နေတဲ့ စာအုပ်ငါးရာကို ပြန်ပို့ပြီး လုပ်ခိုင်းဦးမှာလားဆိုတော့ 'ပို့လို့ ဘယ်ဖြစ်တော့မလဲဆရာ၊ ဖြန့်နေပြီပဲ။ ဒါပေမဲ့ ဒီဇိုင်နာက မေတ္တာရိသက်သက်နဲ့ ကျွန်တော့်ကို လုပ်ပေးခဲ့တာဆိုတော့ သူ့ကို ကျွန်တော် ထပ်မပြောချင်တော့ဘူး' ဟု ငြင်းဆိုပါသည်။

jypfPf ay;jcifonfyifvQif uvJ&m ac&ef &n&G&if r[kwfonfukd ykd , 0&ukus;vmaom vlt zlbu pnfu vufckH;D jzpfygonf

ကျွန်တော် စိတ်မသက်မသာ ဖြစ်သွားသည်။ သေသပ်လှပသော စာအုပ်ကလေးကို နောက်တစ်ကြိမ် ပြန်ကြည့်မိသည်။

ဒီဇိုင်နာလေးကို မှားယွင်းသည်ဟု မဆိုသာပါ။ သူပေးထားသည့် ဒီဇိုင်းအတိုင်း ပုံနှိပ်တိုက်က လုပ်ပေးရမည်၊ လုပ်ပေးဖို့ တောင်းဆိုခွင့်ရှိသည်။ ဤသည်ကို အငြင်းပွားစရာမရှိပါ။ ပုံနှိပ်တိုက်ကလည်း သဘောတူပြီးဖြစ်ရာ သူတို့ချင်း ကိစ္စပြီးနေပါပြီ။ ကျွန်တော်က အနေသာကြီး ဖြစ်ပါသည်။ သို့စဉ်လျက် ကျွန်တော်က အဘယ်ကြောင့် ဝင်ရောက်စွက်ဖက်ရပါသနည်း။

စာအုပ်ငါးရာကို စာရေးဆရာက ကျေကျေနပ်နပ် လက်ခံ၍ ဖြန့်ဝေပြီးဖြစ်သည်ဆို၏။ ဒီဇိုင်နာ မကျေနပ်ပါက အဖုံးငါးရာကိုပဲ ပြန်ရိုက်ခိုင်းသင့်၏။ သို့သော် အဖုံးတစ်ထောင်စလုံး ပြန်ရိုက်ပေးဖို့ သူ တောင်းဆို၏။ ဘာကြောင့်လဲ၊ ပုံနှိပ်တိုက်၏ မှားယွင်းမှုကို သည်းမခံနိုင်၊ ပြစ်ဒဏ်ခတ်လိုက်ချင်သည့် သဘော ဖြစ်တန်ရာသည်။ ကျွန်တော်တို့သည် အလွန်အမင်းမထိခိုက်၊ မနစ်နာခဲ့စေကာမူ အမှားပြုသူကို ပြစ်ဒဏ်ခတ်လိုက်ချင်သည်။ မိမိ၏ စိတ်ကျေနပ်မှုအတွက် ဒဏ်ခတ်သည့်နည်းဖြင့် ဖြေသိမ့်လိုသည်။ ကျွန်တော်က မနေနိုင် မထိုင်နိုင် ဝင်ရောက်စွက်ဖက်မိခြင်းမှာ ထိုအတွေးကြောင့်ပဲ ဖြစ်ပါသည်။

ကျွန်တော့်မိတ်ဆွေ ရှေ့နေတစ်ဦးရှိသည်။ သူက သမိုင်းနှင့်စာပေကို စိတ်ဝင်စားသည်။ တစ်ပါးသူကို ကူညီတတ်သည်။ သူ့မှာ ဘာကြောင့်ရယ်မသိ၊ အစဉ်အမြဲ ငွေကြေးခက်ခဲနေတတ်သည်။ ထိုသောကဖြင့် သူ့မျက်နှာမှာ အမြဲတစေ အဆီပြန်နေလေ့ရှိသည်။ အနည်းငယ်မျှသော ငွေကြေးဖြင့် သူ့ကို အယုံအကြည်မဲ့ခဲ့၊ သူနှင့် မိတ်ပျက်ခဲ့သူတွေ မနည်းတော့။ သူ့ကို ချစ်ခင်လေးစား တန်ဖိုးထားသူများနှင့် ဇာတ်ခေါင်းကွဲခဲ့သည်မှာလည်း မနည်းလှတော့။

တစ်နေ့ မိတ်ဆွေတစ်ယောက်က ဖုန်းဆက်သည်။ ရှေ့နေကြီးကတော့ လုပ်ပြန်ပြီဗျာတဲ့။ ဘာဖြစ်ပြန်ပြီလဲ မေးရာ ကျွန်တော်တို့၏ မိတ်ဆွေ ပန်းချီဆရာထံမှ ငွေသုံးသောင်းချေးယူသွားပြီး လကုန်လျှင် ပြန်လာပေးမည်ဟု ကတိပြုခဲ့ကြောင်း၊ နှစ်လကျော်ကြာအထိ ရှေ့နေကြီး ပေါ်မလာသဖြင့် ပန်းချီဆရာမိသားစုက တဖွဖွမေးနေကြောင်း။

ဒါက အထူးအဆန်းမဟုတ်ပါ။ မိတ်ဆွေရှေ့နေကြီးနှင့် စပ်လျဉ်း၍ 'ကြား



www.burmeseclassic.com

www.burmeseclassic.com

**tempiBnh yefyGhm;ESh twl temrpiBnh yefyGbuav;rsm; vnf olwdkYGforl olwdkY urmavmuudk tvSqifGh &oiHhO;onf**

နေကျသတင်း”တစ်ခုပဲ ဖြစ်ပါသည်။

ကျွန်တော့်ကို အကြောင်းပြု၍ ရှေ့နေနှင့် ပန်းချီဆရာတို့ သိကျွမ်းခဲ့သည်မှာ မကြာလှသေး။ ပန်းချီဆရာ မိသားစုက ငွေကြေးနှင့် ပတ်သက်၍ စည်းကမ်းရှိသည်။ ငွေကို စနစ်တကျ သုံးတတ်၊ စီမံခန့်ခွဲတတ်သည်။ သူတို့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်။ မိတ်ဆွေရှေ့နေကိုလည်း မငြိုငြင်စေချင်။ စိုသောလက် မခြောက်စေချင်။ ငွေကလည်း များလှတာမဟုတ်။

“ဒီလိုလုပ်ဗျာ။ ကျွန်တော် ပိုက်ဆံပို့လိုက်မယ်။ ပန်းချီဆရာကို ဟိုလူဆပ်လိုက်တယ်လို့ပြော၊ ဟိုလူကိုတော့ ကျွန်တော် စိုက်ပေးလိုက်ပြီဆိုတာ လုံးဝ မပြောနဲ့”

သို့ဖြင့် ထိုကိစ္စ ပြေလည်သွားခဲ့သည်။ သို့ပေမဲ့ မိတ်ဆွေရှေ့နေကြီးအား ထိုကိစ္စကို အသိမပေးခဲ့တော့ပါ။

ကျွန်တော်က မိတ်ဆွေတစ်ဦးကို စောင့်ရှောက်ခဲ့သည်ဟု ကြွားဝါလိုစိတ်ဖြင့် စာဖတ်သူကို ပြန်ပြောပြခြင်းမဟုတ်ပါ။သို့သော် နေ့စဉ်လိုလို သူနှင့်တွေ့နေပါလျက် ဆယ်နှစ်ကြာအထိ အသိမပေးဘဲ မျိုသိပ်ထားခဲ့ခြင်းမှာ သူ့ကို ဒဏ်ခတ်ထားလိုက်ချင်သည့်စိတ်ကြောင့်ပဲ ဖြစ်တန်ရာပါသည်။ ပန်းချီဆရာကို ပေးရန်ရှိသေးသည်ဟု သူ သတိရနေစေချင်သည်၊ မလုံမလဲ ဖြစ်နေစေချင်သည်။ “ဒါမျိုး လုပ်ချင်ဦးလေ”ဆိုသည့် သဘော။

ဝတ္ထုတိုလေးတစ်ပုဒ် ဟိုတုန်းက ကျွန်တော် ရေးဖူးပါသည်။

Justice Center တွင် စီနီယာရှေ့နေလုပ်နေသည့် ကျွန်တော့်မိတ်ဆွေ ဦးရွှေ ပြောပြခဲ့သော တကယ့်အဖြစ်အပျက်ကို ရေးသောဝတ္ထု။ လွန်ခဲ့သော ၁၅ နှစ်က ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ ပန်းနုရောင် လက်ဖက်ရည်ဆိုင်တွင် ဤသို့ သူ ပြောခဲ့သည်။

*“စိန်ပန်းရပ်ထဲမှာပေါ့ဗျာ။ ညစောင့်ကြီးတစ်ဦးရဲ့ မိန်းမက ကောင်လေးတစ်ယောက်နဲ့ဖောက်ပြန်တော့ အရပ်က ဝိုင်းဖမ်းတယ်။ လက်ပူးလက်ကြပ်မိတယ်။ ညစောင့်ကြီးကို သွားခေါ်၊ ခင်ဗျား ဘယ်လိုလုပ်ချင်သလဲမေးတော့ သူ့သဘောပါဆိုပြီး မိန်းမကို မေးထိုးပြတယ်။ မိန်းမက သူ့အပြစ်နဲ့သူ မဟုတ်လား။ ဟိုကောင့်နောက်ပဲ လိုက်မယ်ဆိုပြီး သူဝတ်ထားတဲ့ နားကပ်တို့၊ လက်စွပ်တို့ချွတ်၊ လက်ကိုင်ပဝါလေးပေါ် ပုံလိုက်တာပေါ့ဗျာ။ ညစောင့်ကြီးက အဲဒါကို တွေတွေကြီးကြည့်ပြီး နင့်ကို ဒီကောင်က သားမှတ်မှတ် မယားမှတ်မှတ် မပေါင်းရင် နင် ဒုက္ခရောက်မယ်၊ ငါ့ဆီ အချိန်မရွေး ပြန်လာ။ ဒါတွေလည်း မထားခဲ့ပါနဲ့၊ နင်ပဲ ယူသွားပါလို့ ပြောတယ်။ အဲဒါ ပွဲသိမ်းပါပဲဗျာ။ သူတို့ လင်မယား မကွဲမပြဲတော့ဘဲ ပြန်ပေါင်းထုပ်သွားတယ်”*

ဦးရွှေသည် ကျွန်တော့်တရားခွင်၌ အမှုလိုက်ပါဆောင်ရွက်နေသော ဥပဒေအရာရှိဖြစ်သည်။ ထိုစဉ်က ဥပဒေအရာရှိ အတော်များများသည် တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်နိုင်သည့် သက်သေခံချက်များ၊ လုံလောက်စွာ မရှိသည့်တိုင် သိသိကြီးနှင့် အပြစ်ပေးဖို့ကိုပဲ မျက်စိမှိတ် လျှောက်လဲလေ့ရှိသည်။ ဒါကြောင့်လည်း သူတို့ကို “ဆွဲချ”ဟု တစ်ခေတ်တစ်ခါက ခေါ်ခဲ့သည်။ ဦးရွှေကမူ ထိုသို့မဟုတ်ပါ။ သူက စိတ်ကောင်းနှလုံးကောင်းရှိသည်၊ သနားတတ်သည်။ လွတ်သင့်သည် ထင်မြင်ပါက လွတ်သင့်ကြောင်း ရဲရဲတင်းတင်း လျှောက်လဲတတ်သည့် ရှားရှားပါးပါး ဥပဒေအရာရှိတစ်ဦး ဖြစ်သည်။ သူ၏ အထက်လူကြီးများက သူ့ကို မကြာခဏ အထင်မှားခဲ့သည်။ တရားခံထံမှ တစ်စုံတစ်ရာ ရယူထားသောကြောင့်ဟု သင်္ကာမကင်း ဖြစ်တတ်သည်။ “မဟေလဲသုတ်၊ ဟေလဲသုတ်” ခေတ်တွင် ဦးရွှေ၏ စိတ်နှလုံးကောင်းမှုသည် ထူးခြားဆန်းပြားနေသည်မှာ အမှန်ပဲဖြစ်သည်။

ဦးရွှေ၏ ဇာတ်လမ်းကို ဝတ္ထုရေးသောအခါ ညစောင့်ကြီးကို ထစ်ခနဲရှိ တုတ်ဆွဲ၊ ဓားဆွဲ လုပ်တတ်သည့် စိတ်ကြမ်းလူကြမ်း “သောင်းထိန်ကြီး”အဖြစ် ဖန်တီးခဲ့ပါသည်။ အရပ်က ဝိုင်းဖမ်း၍ မိသည့်အခါ၌ပင် သောင်းထိန်ကြီးကို သွားခေါ်ဝံ့သူ မရှိသည့် အနေအထား။ ဒါမှသာ မိုက်သွေးတရဲရဲနှင့် သောင်းထိန်ကြီး၏ ခွင့်လွှတ်မှုက ပို၍ ပေါ်လွင်မည်။ အဲဒီလို ကျွန်တော် ယူဆသည်။

သောင်းထိန်ကြီးက ခွင့်လွှတ်ခဲ့ခြင်းနှင့်လည်း ဝတ္ထုကပြီးပါသည်။ သူ့အတိုင်း လှနေနိုင်သည်ကို ကျွန်တော် သိပါသည်။ ပြဿနာက ဝတ္ထုရေးသူ၏ မကျေနပ်နိုင်မှုဖြစ်သည်။ သောင်းထိန်



www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ဇနီး မြညိုသည် အပြစ်ကျူးလွန်သူ ဖြစ်သည်။ တကယ့် အဖြစ်အပျက်၌ မြညိုသည် အပြစ်ကျူးသူဖြစ်ပါလျက် လွတ်မြောက်နေသည်။ ဒီလို မဖြစ်သင့်ဟု ထင်သည်။ ဒီတော့ ဝတ္ထုကို ကျွန်တော် ဆက်ရေးသည်။ တစ်နေ့ သောင်းထိန်ကြီးကို ဒုလ္လဘရဟန်းမဲ ပေါက်စေလိုက်သည်။ မိဂဒါဝုန်တောရ၌ တစ်ဝါနှင့်လည်း လူမထွက်၊ နှစ်ဝါနှင့်လည်း လူမထွက်။ နံနက်အရုဏ်အတက် မိဂဒါဝုန်တောရကျောင်းမှ ဆွမ်းခံထွက်သည့် ရက်များတွင် ရှားညိုတဘက်ကလေး ပခုံးပေါ်တင်လျက် မြညို ဆွမ်းလောင်းနေသည့်မြင်ကွင်းနှင့် ဝတ္ထုကို ကျွန်တော် အဆုံးသတ်ခဲ့သည်။

'**အခြားသော မျက်နှာစာ**' ဟူ၍ ထိုဝတ္ထုလေးကို ရွှေအမြုတေမဂ္ဂဇင်းက ပုံနှိပ်ဖော်ပြခဲ့ပါသည်။

'အဲဒါ ဦးရွှေဇာတ်လမ်းပေါ့' ဟု ကျွန်တော်ပြောသည့်အခါ 'ဦးရွှေပြောတဲ့ ဇာတ်လမ်းလို့ လုပ်ပါဗျာ' ဟု သူက ပြုံးပြုံးကြီး ငြင်းဆိုတတ်ပါသည်။ သို့သော် တကယ့်ဖြစ်ရပ်နှင့် ဝတ္ထုရေးသူ၏ ဖြည့်စွက်ဖန်တီးချက်ကို သိသွားသည့် သူငယ်ချင်းတစ်ဦးက 'ခင်ဗျားဗျာ၊ သူ့အတိုင်း လှနေသားနဲ့။ ဝတ္ထုထဲမှာတောင်မှ လိုက်ပြီး စီရင်ချက်ချနေတယ်' ဟု ပြောခဲ့ပါသည်။

နှစ်များ ကြာခဲ့ပါပြီ။ ဘဝခရီးလည်း ပို၍ ရှည်လျားခဲ့ပါပြီ။ ကာမဘုံသားတို့၏ မှားယွင်းတတ်သော၊ လှည့်ဖြားတတ်သော၊ ရှုပ်ထွေးပွေလီတတ်သော၊ သဘောသဘာဝများစွာကို ကြုံခဲ့ရပြီ ဖြစ်ပါသည်။ 'ဝတ္ထုထဲတောင်မှ လိုက်ပြီး စီရင်ချက်ချနေတယ်' ဆိုသည့် စကားကိုမူ ကျွန်တော် မကြာခဏ သတိရမိပါသည်။ ကျွန်တော်တို့က အရာရာကို စီရင်ချက်ချဖို့ လိုအပ်ပါသလား။

အပြစ်ကျူးသူတိုင်းသည် အပြစ်ဒဏ်ခံရပါသလား။ စီရင်ချက်ချမှတ်သူကရော ဘယ်လောက် အပြစ်ကင်းစင်နေလို့လဲ။ မာဖီ၏နိယာမ (Murfy's Law) အရ အဆင်ပြေချောမွေ့နေဆဲမှာပဲ အမှားတစ်စုံတစ်ရာတော့ ရှိနေစမြဲဟုဆိုသည်။ ပုန်းကွယ်နေသော အပြစ်အနာတစ်ခုတော့ ရှိတတ်စမြဲဟု ဆိုသည်။ မည်သူမျှ အမှားအယွင်းနှင့်မကင်းဟု ကောက်ယူရန် ရှိပါသည်။

ဥပဒေသိပ္ပံပညာရှင်တို့က ပြစ်ဒဏ်ပေးရသည့် ရည်ရွယ်ရင်း အချက်များ၌ လူ့အဖွဲ့အစည်းကို ကာကွယ်ပေးလိုခြင်း၊ ကုစားပေးလိုခြင်းအပြင် ထိခိုက်နာကျင်သွားသော လူ့အဖွဲ့အစည်းကို နှစ်သိမ့်ပေးလိုသည့် သဘောလည်း ပါဝင်သည်ဟု ဆိုသည်။ ပြစ်ဒဏ်ပေးခြင်းသည်ပင်လျှင် ကလဲ့စားချေရန် ရည်ရွယ်ရင်းမဟုတ်သည်ကို ပို၍ ယဉ်ကျေးလာသော လူ့အဖွဲ့အစည်းက လက်ခံခဲ့ပြီး ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းကို ထိခိုက်နာကျင်စေသည့် ကျူးလွန်မှုများအတွက် အပြစ်ပေးခြင်း ရှိနေရဦးမည် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် အမှားတစ်ခုလုပ်တိုင်း တစ်ကြိမ် အပြစ်ပေးခံခဲ့ရသည်တော့ မဟုတ်ပါချေ။

မိုးနတ်မင်းက သည်းခံခွင့်လွှတ်ခဲ့သော၊ မသိကျိုးကျွန် ပြုထားလိုက်သော အမှားကိုယ်စီတော့ ရှိခဲ့ဖူးသည်ပဲ ဖြစ်ပါသည်။

ဟိုတစ်ခေတ်က သူကြီးလုပ်ခဲ့သည့် ကျွန်တော်တို့ ဘကြီးသည် အပြစ်တင်ဖို့ ဝန်လေးတတ်သူ ဖြစ်ပါသည်။ တစ်ခါက၊ ရွာသူ အပျိုချောကို လက်ဆွဲမှုဖြင့် သူ့ထံရောက်လာသော လူပျိုကြီးအား အများရှေ့မှာ ဆူပူကြိမ်းမောင်းပြီး ခြောက်ပေါက်ထဲထည့် ချုပ်ပါသည်။ ညနေစောင်းသောအခါ 'မင်းငတုံးပဲ၊ မိန်းမဆိုတာ အကြမ်းဖက်လို့ မရဘူးကွ' ဟု ပြုံးပြုံးကြီးပြော၍ လွှတ်ပေးပါသည်။ ဘကြီးမှာ မိန်းမသုံးယောက် ရှိပါသည်။ ညွန့်ကြားရေးမှူးချုပ် လုပ်ခဲ့သည့် ကျွန်တော်တို့ နောင်တော်ကြီးသည် သူ့ဌာန အရာရှိငယ်များအား တိုင်ကြားစာများကို ဖတ်ပြီးသည့်အခါ 'ဒီကောင် မသေသပ်ဘူး'၊ 'တော်တော်စွံတဲ့ ငနဲလေး' ဟူ၍ မှတ်ချက်ပေးတတ်ပါသည်။ တစ်ဦးတစ်ယောက်ကို လွယ်လင့်တကူ အပြစ်ဆိုလျက် ငါပဲ သူတော်ကောင်းဆိုသည့် ပုံမျိုး လုပ်ပြလေ့မရှိပါ။ မည်သူမျှ ခြောက်ပြစ်မကင်းသည့် သဘောကို စောကြောလက်ခံထားပြီး ဖြစ်သည်ဟု လေးစားမိပါသည်။

ကမ္ဘာလောကကို အမှားအယွင်း စိုးစဉ်းမျှမပါဘဲ တည်ဆောက်ထားသည် ဟူ၍တော့ဖြင့် ကျွန်တော်မထင်ပါ။

ဤမြေကမ္ဘာ၌ အနာမစင်သော ပန်းများလည်း ပွင့်တတ်သည်ပဲ ဖြစ်ပါသည်။ သို့ဖြစ်၍ စာနာမှု၊ နားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ မေတ္တာ၊ ကရုဏာ စသည်တို့ ရှိနေရခြင်းဖြစ်ပါသည်။ ခြင်ကို သတ်ဖို့ရာ ပုဆိန်တစ်လက် မလိုပါ။ မေတ္တာ၊ ကရုဏာဆိုသည်မှာ လောက၏ ဝင်းပသော အဆင်တန်ဆာများ ဖြစ်ပါသည်။ သူ့အတိုင်း လှနေတတ်ပါသည်။ ကျွန်တော်တို့၏ အမှတ်မထင် အပြစ်တင်စကားတွေနှင့် အလှမပျက်စေသင့်၊ အကျည်းတန်အောင် မလုပ်သင့်ဟု ထင်ပါသည်။

ကံကောင်းထောက်မ၍ မသိကျိုးကျွန်ပြုထားခံရသော အမှားကိုယ်စီ၊ အပြစ်ကိုယ်စီနှင့် ကျွန်တော်တို့က အခြား သူတစ်ပါးတို့၏ အပြစ်မကင်းစင်မှု အနည်းငယ်မျှကို သည်းခံဖို့ရာ၊ ခွင့်လွှတ်ဖို့ရာ၊ မေ့ဖျောက်ပစ်လိုက်ဖို့ရာ အဘယ်ကြောင့် တွန့်ဆုတ်နေရပါသနည်း။ အဘယ်ကြောင့် တုံ့နှေးနေရပါသနည်း။ အဘယ်ကြောင့် ဝန်လေးနေရပါသနည်း။

ကရုဏာ၏နောက်ပါး၌ ဒေါသကလေးများ ခိုတွဲကပ်ငြိနေတတ်ပါသည်။ ယင်းမှာ ပန်းပွင့်တွေကို အလျင်အမြန် ကြွေမွပျက်စီးအောင် ကိုက်ဖြတ်ပစ်သည့် ပိုးမွှားနှင့် တူပါသည်။ အနာစင်သည့် ပန်းပွင့်များနှင့် အတူ အနာမစင်သည့် ပန်းပွင့်ကလေးများလည်း သူတို့စွမ်းသမျှ သူတို့၏ ကမ္ဘာလောကကို အလှဆင်ခွင့် ရသင့်သေးသည်ဟု အောက်မေ့မိပါသည်။ ။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



၁။

သူ ရောက်သွားတော့
အမိုက်ပုံကြီးမှာ
သူ့အဖော်တွေ
တော်တော်စုံနေပြီ။
သူ့ရန်သူတွေလို့
ပြောရင်လည်း ရတာပေါ့။
ဒါက ထုံးစံအရ
ပြောမယ်ဆိုရင် ပြောတာ။
တကယ်တော့ အချင်းချင်း
ကြည့်မရရှိပါပဲ။
ဒီနေရာကြီးမှာ
ဘယ်သူက ဘယ်သူ့ကိုမှ
မောင်းထုတ်ပစ်နိုင်တာမှ
မဟုတ်ဘဲ။ ဒီနေ့တော့ သူ
နောက်ကျတယ်။
ဘယ်တော့မှ
စောစောထလေ့မရှိတဲ့
သူ့သခင်ဟာ
အစောကြီး ရေတွေဘာတွေ
ထ,ချိုးလို့။ နောက်ပြီး
သူ့ကိုလည်း ညက
ကျန်တာလေးတွေ
ချကျွေးလို့။
ဘယ်တုန်းကမှ
မဝခဲ့ဖူးတဲ့ သူ့သခင်
ကျွေးတဲ့အစာကို
သူကလည်း
ထုံးစံမပျက် စား
ရသေးတာပေါ့။
ကြော့ကြော့
မော့မော့ ထွက်သွားတဲ့
သူ့သခင်ရဲ့ ကျောပြင်ကြီး
ပျောက်သွားမှ သူလည်း
အမှိုက်ပုံကြီးဆီ ခြေဦး
လှည့်နိုင်တော့တာပဲ။

❑

သူတို့ရပ်ကွက်ကြီးရဲ့
မြောက်ဘက်မှာ
လူကုံထံတွေရဲ့ မြို့ပြကြီး
ရှိတယ်။ မြို့ပြဘက်က
သီချင်းသံတွေ၊
ကားသံတွေက လူခြေတိတ်



www.burmeseclassic.com

www.burmeseclassic.com

အနုစ်နှစ်
အလေလေက
ရွှံ့ပစ်ပစ္စည်းတွေက
အမှိုက်ပုံကြီးရဲ့
အောက်ခြေမှာ
ခွေးမြည့်နေတယ်
လူတချို့
ခွေးတချို့နဲ့
နောက်ပြီး
သူ့လို ဘဲတွေက
တုတ်နဲ့တစ်မျိုး
နှုတ်သီးနဲ့တစ်ဖုံ
အမှိုက်ပုံကြီးကို
ထိုးလှန်နေတာ
ကြည့်ပြီး သူ
တစ်ချက်
အော်လိုက်တယ်
'ဂတ် ဂတ်
ဂတ်'



# ဘုံဘ၀

ဆောင်းသျှင်



www.burmeseclassic.com

www.burmeseclassic.com

တဲ့အချိန်ဆို သည်ဘက်ထိ ရောက်လာပေမဲ့ ဒါတွေက ရှိုးနေပါပြီ။ ဆယ်ပေပတ်လည်(တချို့က ဆယ်ပေတောင် မပြည့်ဘူး) ဆောက်ထားကြတဲ့ မြေစိုက်တဲတွေနဲ့ လူချမ်းသာတွေဝယ်ပြီး ဈေးအတက်ကိုစောင့်နေတဲ့ ဝန်းကြီးတွေရဲ့ ဘေးမှာ ဖြစ်သလို ကပ်ဆောက်ထားတဲ့ တဲတွေ အနေနဲ့ မြို့ပြဘက်က အသံတွေအပေါ် အားကျစိတ်လည်း ဘယ်ဖြစ်ပါ့မလဲ။ ကျန်တာမပြောနဲ့ မြို့ပြဘက်က စီးလာတဲ့ မြောင်းပုပ်ထဲမှာ ပုလင်းခွံတွေ၊ ရေသန့်ဘူးခွံတွေ၊ ကြွပ်ကြွပ်အိတ်တွေကအစ သည်ဘက်မှာ ငွေဖြစ်တာမျိုး မဟုတ်လား။ ဒီတော့ မတူဘူး။ ဘာဆိုဘာမှ မတူဘူး။ ကွန်ကရစ်လမ်းမကြီး ခြားထားတဲ့ မြို့ပြဆီက ဆူလောင်စီညံနေတဲ့ အသံတွေဟာ ဖဲဝိုင်းက သူ့ထက်ငါ ငြင်းခုံသံတွေကို မကျော်နိုင်ဘူး။ သူများအိမ်နောက်ဖေးက ထဘီခိုးရုပ်လို့ ရိုက်မယ်နှက်မယ် တကဲကဲ ရန်ဖြစ်နေတဲ့ အသံတွေကို မဖုံးနိုင်ဘူး။ မြောင်းထိပ်က ကောက်လာတဲ့ ကြွပ်ကြွပ်အိတ်တွေကို ရောင်းပြီး အရက်သောက်ရင်းဖြစ်တဲ့ ရန်ပွဲတွေအောက်မှာ မြို့ပြဘက်က အသံတွေဟာ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတာပဲ။ သူက အမှိုက်ပုံမြင့်မြင့်ကြီးဆီ လည်ပင်းတွေကို ဆန့်ရင်း မော့ကြည့်လိုက်တယ်။ အနှစ်နှစ်အလလက စွန့်ပစ်ပစ္စည်းတွေက အမှိုက်ပုံကြီးရဲ့ အောက်ခြေမှာ ဆွေးမြည့်နေတယ်။ လူတချို့၊

uav;[ m
oUkd
vSn\Hkunf;
olvnf
uav;&U
rsuEGkd
rUkunfawmh
ygo;
pm;p&m&Edkifvdkh
ae&mrS
qmaewdkh
owGg
EpSfa, muf
vmMy;D
qkd;eEdkifvmyJ
aygh

ခွေးတချို့နဲ့ နောက်ပြီး သူ့လို ဘဲတွေက တုတ်နဲ့တစ်မျိုး၊ နှုတ်သီးနဲ့တစ်ဖုံ အမှိုက်ပုံကြီးကို ထိုးလှန်နေတာ ကြည့်ပြီး သူ တစ်ချက်အော်လိုက်တယ်။

'ဂတ် ဂတ် ဂတ်'

❑

၂။

ဆွေးမြည့်နေတဲ့ အဝတ်ထည်စုတ်တွေနဲ့ လူသုံးကုန်ပစ္စည်းအကွဲတွေကို သူကျော်ခွလာခဲ့တယ်။ ညက ပစ်သွားတဲ့ အမှိုက်ပုံသစ်ဆီ သူ တရွေ့ရွေ့တိုးလာတော့ ခြောက်ကောင်လောက်ရှိတဲ့ သူ့လို ဘဲအုပ်ကို တွေ့တယ်။ သူတို့က အုပ်လိုက်ဆိုတော့ အုတ်အုတ်ကျက်ကျက်။ သူ့ကို ပေစောင်းစောင်းလှည့်ကြည့်ကြတယ်။ သူကတော့ တစ်ကောင်တည်းသမား။ သူ့သခင်ဟာ ဘဲကို အုပ်လိုက်မွေးနိုင်တဲ့ လူစားမှ မဟုတ်တာပဲ။ သူ့ဒေါသထွက်လာတဲ့ နေ့တွေဆို တစ်ကောင်တည်းရှိတဲ့ ဘဲကို ချက်စားမယ် တကဲကဲ။ သူကတော့ ဒါတွေ ရှိုးနေပါပြီလေ။ ကြည့်ရှောင်ကြည့်စားတတ်တဲ့အကျင့်က ဒီနေရာက သတ္တဝါတွေမှာလို သူ့မှာလည်း အရိုးစွဲနေတာပေါ့။ သူက လောလောလတ်လတ် စွန့်ပစ်ထားတဲ့ အမှိုက်ပုံအောက်ခြေကို နှုတ်သီးနဲ့ ထိုးလှန်လိုက်တယ်။ ပုပ်နေတဲ့ ခရမ်းချဉ်သီးတစ်လုံး ပေါ်လာတော့ သူ့ဝမ်းသာအားရ အော်လိုက်သေးတယ်။ အရက်ဆိုင်ရှင်ရဲ့ ဘဲအုပ်ကတော့ သူ့ကို မျက်ထောင့်နီတွေနဲ့ ဝိုင်းကြည့်နေကြတာပေါ့။ ကြည့်ပါစေလေ။ သူကတော့ ဂျုံဖတ်တွေနဲ့ လုံးထွေးနေတဲ့ ငှက်ပျောခွံတွေကို တစပ်စပ်စားရင်း အမှိုက်ပုံထိပ်ကို တက်လာခဲ့တော့တယ်။

❑

အလင်းရောင် မရှိတော့ဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးဟာ ပုပ်သိုးသိုးကြီး ငြိမ်သက်နေတယ်။ အမှိုက်ပုံကြီးရဲ့ ထွက်ပေါက်နေရာက အရက်ဆိုင်ထဲမှာ အရက်ဆီထဲကို ရေလောင်းထည့်လိုက်လို့ ထွက်လာတဲ့ ချဉ်စူးစူးအနံ့ကြီးဟာ အမှိုက်ပုံကြီးရဲ့ အောက်သိုးသိုးအနံ့နဲ့ ရောထွေးကုန်တယ်။ ဒီချိန်ဆို သူ့သခင်ဟာ သည်ဆိုင်ထဲ ရောက်နေမှာ အသေအချာပဲ။

သူက အိမ်တကာက ယိုစီးလာတဲ့ ရေတွေကြောင့် စိုစိစိ ဖြစ်နေတဲ့ လမ်းတွေပေါ် လျှောက်ရင်း သူ့သခင်နဲ့ သူ့ရဲ့ တဲဂေဟာဆီ ပြန်ခဲ့တယ်။ သူ့မှာ အဖော်မရှိတာ၊ တစ်ကောင်တည်းနေရတာကို ဒီချိန်တွေမှာတော့ သူစိတ်ပျက်တယ်။ အရက်ဆိုင်က ဘဲတွေလို အုပ်စုဖွဲ့နေရရင် ဒီအချိန် အိမ်ပြန်ရတာ ဘယ်လောက်ပျော်စရာကောင်းမလဲ။ အခုတော့ ဘဲတစ်ကောင်ရဲ့ နေပျော်မှုထက် သူ့တစ်ကိုယ်ရေအပျင်းပြေဖို့ အမွေးခံထားရတဲ့ သူ့အဖြစ်ကို သူနည်းနည်းတော့ စိတ်ပျက်တယ်။ သူ့ရဲ့ စိတ်ပျက်မှုဟာ သူ့ပါးစပ်ကနေတစ်ဆင့် တဂတ်ဂတ်နဲ့ မြည်နေတာပေါ့။ တဲလေးကို လှမ်းကြည့်လိုက်တော့ ထုံးစံအတိုင်း ဟိုးလိုးဟောင်းလောင်း။ ဒီတဲထဲမှာ လူတစ်ယောက်နဲ့ ဘဲတစ်ကောင် နေပါတယ်လို့ ပြောရမှာတောင် တကယ်တော့ စိတ်ကသိကအောက်ကြီး။ ဒီနေ့တော့ သူ့မျက်လုံးတွေ ပြူးကျယ်သွားတယ်။ သူတို့တဲရဲ့ ဘေးချင်းကပ်လျက်မှာ ရှစ်ပေသာသာ တဲတစ်လုံး။ မနက်ကအထိ သူ ဒါကို မမြင်မိဘူး။ ဒါပေမဲ့ ဘာမှတော့ မထူးဆန်းပါဘူး။ ကျူးလို့ခေါ်တဲ့ ဒီမြေ ဒီရပ်ကွက်ကြီးက ဘယ်နေရာမှာမဆို တဲတစ်လုံး ချက်ချင်းရောက်လာနိုင်တာပဲ။ ခပ်မာမာ ဝါးတိုင်လေးခု စိုက်ပြီး မိုးကာအဟောင်းတစ်ခု ခေါင်ပေါ်ပစ်တင်လိုက်ရင် တဲတစ်လုံးဆောက်တာ ဘာကြာတာမှတ်လို့။ သူက တဲနားကို တိုး



www.burmeseclassic.com

www.burmeseclassic.com

လာတယ်။ တဲထဲမှာတော့ မိန်းမတစ်ယောက်၊ ကလေး တစ်ယောက်နဲ့ ဖင်မည်းနေတဲ့ ဒန်အိုးတစ်လုံး။ ကလေးက တော့ အနားကပ်လာတဲ့ သူ့ ကို ပြူးကြည့်နေတယ်။ သဘောကျသွားတယ် ထင် ပါရဲ့။ ခဏကြာတော့ ပြုံးလာ ရော။ မိန်းမကတော့ အဆင် အသွေးမမြင်ရတော့တဲ့ ငါး ဖမ်းပိုက်ကွန်လိုလို ခြင် ထောင်ကို ဝါးတိုင်တွေဆီ လှမ်းချိတ်ပြီး ခြင်ထောင် ထောင်ဖို့ ပြင်နေတယ်။ အဲ့ သည်လို ပြင်ပြီး ထောင်ထား တဲ့ ခြင်ထောင်များဟာ ဘယ် တော့မှ ပြန်ခေါက်မတင် တတ် တော့တာကို မြင်ပါများလို့ သူသိနေပြီသား။ အစိမ်းရောင် ဆေးတွေ ကွာကျနေတဲ့ သံ သေတ္တာတစ်လုံးပေါ်မှာတော့ အဖုံးအစွပ်မပါတဲ့ ခေါင်းအုံး တွေ။ သူ လှည့်ထွက်လာခဲ့ တယ်။ ဒီကလေးရဲ့အဖေဟာ သူ့သခင်လိုပဲ ဒီအချိန်ဆို အရက်ဆိုင်ရောက်နေမှာပဲလို့ တွေးရင်း သူနဲ့ သူ့သခင်ရဲ့ တဲဆီ ဝင်ခဲ့တော့တယ်။

❑

သူ့သခင် ဘယ်ချိန်ပြန် ရောက်လာသလဲ သူ မသိ ဘူး။ သူနိုးလာတဲ့အချိန်ကျ တော့ သူတို့တဲရဲ့ တစ်ခု တည်းသော ကွပ်ပျစ်ပေါ်မှာ သူ့သခင်ဟာ စန့်စန့်ကြီး အိပ်မောကျလို့။ တစ်ခါ တလေတော့ သူ တွေးမိ တယ်။ သူ့သခင်မှာ တစ်ချိန် တုန်းက မိသားစုများ မရှိခဲ့ ဖူးဘူးလားလို့။ ဒါပေမဲ့ ခါး က ပုဆိုးကို ရင်ဘတ်ပေါ် ရောက်အောင် အိပ်နေတဲ့ သခင့်ကိုကြည့်ပြီး မိသားစု မရှိခဲ့တာပဲ တော်သေးတယ်လို့ တွေးမိပြန်ရော။ လည် ချောင်းထဲက တဂတ်ဂတ် အသံကို ဘရိတ်အုပ်ရင်း သူ ကောင်းကင်ဆီ မော့ကြည့် လိုက်တယ်။ လခြမ်းကွေး ကွေးလေးရဲ့ အလင်းရောင်က သူ့သခင်ရဲ့ ကိုယ်လုံးကြီးပေါ် ကျလို့။ သူတစ်ချက်ကြည့် လိုက်ပြီး တဲသစ်ဆီ လျှောက် လာခဲ့တယ်။ တစ်ခြမ်းပဲ့ လရဲ့ အလင်းရောင်ဟာ တဲသစ်ရဲ့ အပေါက်ဝမှာတင် ဆုံးသွား တယ်။ သူက အကျင့်ပါနေ တဲ့ မျက်လုံးတွေနဲ့ တဲထဲကို လှမ်းကြည့်လိုက်တယ်။ ခေါက်ဆွဲကြော်ဘူးခွံ သုံး လေးခုက သံသေတ္တာဘေး ပတ်လည်မှာ ပြန့်ကျဲလို့။ ကြွပ်ကြွပ်အိတ်ထဲက ထမင်း ဖြူတချို့ဟာ မြေပြင်ပေါ်ထိ ပေပွနေတယ်။ သူလှည့်ထွက် လာခဲ့တယ်။ တိတ်ဆိတ်နေ တဲ့ ရပ်ကွက်တစ်ခုလုံးဟာ အရက်ဆိုင်ထဲက ချဉ်စော်တွေ နံနေတယ်လို့ သူထင်တယ်။ သခင့်အိပ်ရာ ကွပ်ပျစ်အောက် တည့်တည့်မှာ သူ့နေရာရှိ တယ်။ သူ့နေရာလေးဆီဝင် အိပ်မိချိန်မှာ လခြမ်းကွေး ကွေးလေးရဲ့ အလင်းရောင် ဟာ သခင့်အပေါ်မှာ မကျ တော့ဘူး။ လခြမ်းကွေးလေး ဟာလည်း တစ်ချိန်မှာ တိမ် ညိုမည်းတွေကြားထဲ ဝင် ရောက်ပျောက်ကွယ်သွားဦး မှာ သူသိပြီးသားပဲလေ။

❑

၃။

သူ့မျက်လုံးတွေကို သူ မယုံနိုင်ဘူး။ သူ့သခင်ရဲ့ လက်ထဲမှာ တဲအိမ်သစ်က ကလေးကိုချီလို့။ သူ အနား ကပ်သွားတော့ ကလေးက သူ့လည်ပင်းကို သူ့လက် ကလေးတွေနဲ့ လှမ်းဆွဲတယ်။ နောက်ပြီး တခစ်ခစ် ရယ်နေ တော့တယ်။ သူ့သခင်က လည်း ကလေးရယ်တာကို သဘောကျပြီး 'အာဂ ကလေးဟေ့ ငစိမ်းရ၊ မင်းကို မကြောက်ဘူး၊ ကြည့်စမ်း'။

သူ့သခင်က ကလေးကို ကြည့်ရင်း ပြောနေတယ်။ သူ့ လည်ပင်းက ငှက်ခါးရောင် တောက်နေတဲ့ အမွေးတွေကို သူ့သခင်အပြင် ကလေးကပါ သဘောကျနေပါရောလား။ ဒီနောက်တော့ ကလေး လက် ဖဝါးတွေထဲ သူ့လက်ချောင်း ကြီးတွေ ထိုးထည့်ကျီစားရင်း သူ့သခင်ဟာ စကားတွေ ဆက်ပြောနေတယ်။ 'သူတို့ က ဟိုဘက်ရပ်ကွက်ထဲက တဲ့ ငစိမ်းရ။ ငါလည်း နေ့ လယ်ကမှ သိတာ။ ဒီကလေး အဖေက ဟိုဘက်ရပ်ကွက်က စားသောက်ဆိုင်မှာ တောက် တိုမည်ရလုပ်တာတဲ့ကွ။ ဒါပေမဲ့လည်းကွာ ငါ့လို အရက်သမားပဲ ထင်ပါရဲ့။ သူ့ကို ငါ မနေ့က အရက်ဆိုင် မှာ စ,တွေ့တာပဲကွ။ ရှီးတဲ့ မှပဲ လက်စသတ်တော့ ငါ့ အိမ်ဘေးက ဖြစ်နေတာကိုး ကွ'။ ဘဲတစ်ကောင်မှာ လူ စကား နားလည်နိုင်စွမ်းရှိ တယ်လို့ သခင်ဟာ အစော ကြီးကတည်းက လက်ခံထား ပုံပေါ်တယ်။ မူးလာရင် ဒါမှ မဟုတ် မူးဖို့ ပိုက်ဆံရှာမရရင် ဒီလိုပဲ သူ့ကို စကားတွေပြော တော့တာပဲ။ သူသိပ်ပေါက်ကွဲ လာရင်တော့ ငါချမ်းသာသမျှ မင်းပဲကွ ငစိမ်းရလို့ ပြော တတ်တယ်။ ကလေးက သူ့ အမေကိုမြင်တော့ သခင့် ပေါင်ပေါ်ကနေ လျှောဆင်း လိုက်တယ်။ သူက ပိန်လှီပြီး အရိုးတံလေးတွေ ပြိုင်းပြိုင်း ထနေတဲ့ ကလေးရဲ့ ခြေ ထောက်တွေကို ကြည့်ရင်း သက်ပြင်းတစ်ချက်မှုတ်ထုတ် လိုက်တယ်။ ဒါပေမဲ့ ဂတ် ဂတ် ဂတ် ဂတ်လို့ပဲ မြည် သွားတော့ သူ့သခင်က 'မင်း ကတော့ တစ်ချိန်လုံး ဆာနေ တာပဲ ငစိမ်းရာ'လို့ ဆိုတယ်။

❑

ဒီနှစ်တွေအတွင်းမှာ အမှိုက်ပုံကြီးဟာ ပိုမြင့်လာ တယ်လို့ သူထင်တယ်။ အမှိုက်ပုံကြီးရဲ့ဘေး မြို့ပြ ရပ်ကွက်တွေထဲ တိုးဝင်သွား တဲ့ ကွန်ကရစ်လမ်းမကြီးပေါ် မှာ ကားတွေလည်း ပိုပြီး အသွားအလာများလာတယ်။ ဟိုတလောကပဲ အရက်ဆိုင် က ဘဲတစ်ကောင် ကား ကြိတ်လို့ သေပါရောလား။ အဲဒီကတည်းက သူလည်း သတိထားပြီး နေရတော့တာ ပဲ။ လုဖော်လုဖက် တစ် ကောင် လျော့သွားပေမဲ့ တကယ်တော့ သူ စိတ် မကောင်းဘူး။ အခုလည်း သူ အမှိုက်ပုံကြီးဆီ တရွေ့ရွေ့ တိုးလာတယ်။ အကောင် ပလောင်မျိုးစုံကလည်း ထုံးစံ အတိုင်း အမှိုက်ပုံကြီးပေါ် ရှိ နေတာပါပဲ။ လောက်ထိုးနေ တဲ့ အသီးနံ့ပုပ်တွေကို သူ့လို ဘဲတွေက ဝိုင်းအုံထိုးလှန်နေ ကြတယ်။ အကောင်းလည်း မဟုတ်၊ သူ့လို ဘဲတစ်ကောင် အတွက် အသုံးလည်းမဝင်တဲ့ အဝတ်အထည်စုတ်တွေကို သူ့နှုတ်သီးနဲ့ကော်ပြီး ဖယ်ပစ် ရသေးတယ်။ စားမရပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်တွေကို ချည်မိလျက်သားဖြစ်တတ်လွန်းလို့။ တစ်ခါတလေတော့လည်း မှားပြီးပစ်မိလို့ ပါလာတတ်တဲ့ ခရမ်းချဉ်သီးအကောင်းတွေ၊ အာလူးတစ်ခြမ်းပဲ့တွေ စားရရင် သူ့ကိုယ်သူ ဒီရပ်ကွက်က လူတွေထက်တောင် ပိုကံကောင်းသလို ခံစားရသေးတယ်။ ဒါပေမဲ့ ဘဲတစ်ကောင်ဟာ ဘယ်လောက်ကြာကြာ ကံကောင်းနိုင်မှာမို့လဲ။ ပျို့အန်လုမတတ် ဟောင်ဟောင်ထနေတဲ့ အနံ့တွေကြားမှာ ဘဲတစ်ကောင်ဟာ နေ့တိုင်း ကံကောင်းနိုင်ရိုးလား။ သည်တော့ ကလေးတွေကြား၊ ခွေးတွေကြား၊ နောက်ပြီး သူ့လိုဘဲတွေကြားမှာ တိုးရင်းဝှေ့ရင်း ရှာစားရတာပဲ။ ဟုတ်တယ်၊ ကလေးတွေလည်း ပါတယ်လေ။ အရက်ဆိုင်က ကလေးတွေကတော့ အမှိုက်ပုံကြီးမှာ ရှာစားစရာ မလိုဘူးပေါ့။ ဒါပေမဲ့ ထမင်းစားဖို့ထက် ဖဲရိုက်ဖို့ ပိုက်ဆံရှာသူတွေ၊ အိမ်ခေါင်မိုးဖို့ထက် အရက်ဆိုင်ဝင်ဖို့ အလုပ်လုပ်သူတွေ၊ အဲသည်လိုလူတွေရဲ့ ကလေးတွေကတော့ ဟောဒီအမှိုက်ပုံကြီးဆီ ရောက်လာတာပဲ။ အမှိုက်ပုံကြီးပေါ်မှာ ခွေးတွေ ဘဲတွေကြား စားစရာတစ်ခုခုကို ကုန်းရှာနေတဲ့ ကလေးတစ်ယောက်ကို မြင်ရင် ဘယ်သူကမှလည်း အထူးအဆန်းလုပ်ပြီး မသနားတော့ပါဘူး။ ဒီနေရာကြီးက ဒီဖြစ်စဉ်တွေထဲမှာ ဒီမြင်ကွင်းတွေက ရိုးနေတာကိုး။ သူကတော့ သူ့အစာလုဘက်ဟာ ကလေးတစ်ယောက်ဖြစ်နေတဲ့ အခါမျိုးဆိုရင် နည်းနည်းတော့ စိတ်ကသိကအောက်ဖြစ်မိတာပေါ့။ ကလေးတစ်ယောက်ရဲ့ လက်ထဲက အသီးပုပ်ကို လုစားရလောက်တဲ့အထိ ဘဲတစ်ကောင်မှာ သတ္တိလည်း မရှိဘူးရယ်။ တစ်ချိန်လုံး ငုံ့လာတဲ့ ခေါင်းကို မော့ကြည့်လိုက်တော့ နေလုံးဟာ အမှိုက်ပုံ ထိပ်ဖျားနောက်ကို ဝင်သွားပြီ။ သူ့လည်ပင်းက အမွေးတွေကို ဆတ်ခနဲ ခါလိုက်ရင်း အမှိုက်ပုံပေါ်ကနေ သူဆင်းလာခဲ့တယ်။ အခုဆို သူ့လည်ပင်းက ငှက်ခါးရောင်အမွေးတွေ ကျဲပါးစပြုပြီ။ အင်းလေ နှစ်တွေလည်း ကြာပြီပဲ။ ဟိုဘက်တဲက ကလေးတောင် မြောင်းထိပ်က ပြွန်ဝမှာ ကြွပ်ကြွပ်အိတ် ဆယ်တတ်နေပြီပဲ။ ကလေးက သူ့ကိုတော့ ချစ်တယ်။ သူ့လည်ပင်းက ငှက်ခါးရောင် အမွေးတွေကို ချစ်တာလည်း ဖြစ်မယ်။ သူ့နားရောက်လာရင် သူ့သခင်လိုပဲ သူ့လည်ပင်းကို ခပ်ကြမ်းကြမ်း ကိုင်တတ်တယ်။ အဲ့သည်လို အခါတိုင်း ပိုပြီး ရှည်လာတဲ့ ကျူရိုးလို ခြေထောက်လေးဟာ ပိုပြီးမာကျောတဲ့ ခြေထောက်လေးတွေ ဖြစ်လာပါလားလို့ သူ ကြည့်နေလိုက်တာပဲ။ ကလေးရဲ့ ပါးစပ်တွေကို ကြည့်လိုက်ရင် သူ့လို တဂတ်ဂတ်မြည်မနေပေမဲ့ အမြဲဆာနေတာ သူနားလည်တာပေါ့။ ဒါပေမဲ့ ကလေးက လူလေ။ အမြဲဆာနေပါတယ်လို့ ဘယ်အော်ပြောနေပါ့မလဲ။

❑

မြို့ပြရပ်ကွက်တွေက စီးလာတဲ့ မြောင်းထိပ်ပြွန်ဝမှာ ကလေးတွေ ကြွပ်ကြွပ်အိတ်ဆယ်နေကြတဲ့ အချိန်ပဲ။ ဒါပေမဲ့ အဲဒီအထဲမှာ ကလေးကို မမြင်ရဘူး။ အရက်ဆိုင်ထဲက ခွေးခြေပေါ်မှာ သူ့သခင်ဟာ ဒူးပေါ်ပေါင်ပေါ် ထိုင်နေတတ်တဲ့အချိန်ပဲ။ သူက ရေတွေ တစွက်စွက်စိုနေတဲ့ လမ်းကြားတွေထဲက ထွက်ပြီး အမှိုက်ပုံကြီးဆီ လျှောက်လာခဲ့တယ်။ မှန်တံခါးတွေ ပိတ်ထားတဲ့ ကားပေါ်က စိတ်မရှည်တတ်တဲ့ လူတွေအကြောင်း သူသိထားတာကြာပြီ။ ဒါကြောင့် ဘာကိုမှ ကြာကြာမငေးနေနိုင်ဘူး။ လမ်းမကို ခပ်သုတ်သုတ်ဖြတ်ကူးလာပြီးတော့ မနေ့တစ်နေ့ကမှ သွန်သွားတဲ့ အမှိုက်ပုံရဲ့ နေရာသစ်ဆီ ကြည့်လိုက်တယ်။ ဝင်လုဆဲနေလုံးရဲ့ ပယင်းရောင်နောက်ခံနဲ့ အမှိုက်ပုံကြီးဟာ ဒေါသထွက်နေတဲ့ လူကြီးတစ်ယောက်လို မားမားကြီးရပ်လို့။ အမှိုက်ပုံရဲ့အောက်ခြေမှာတော့ သေးငယ်တဲ့ သဏ္ဌာန်လေးတစ်ခု။ ဒါကို သူလှမ်းမြင်လိုက်သေးတယ်။ အမှိုက်ကုန်းကိုကျော်ဖို့ ကြိုးစားနေတဲ့ နေရောင်ဟာ အဲ့ဒီမည်းမည်းသဏ္ဌာန်လေးကို ထိုးလို့။ သူလည်းပဲ အဲဒီသဏ္ဌာန်လေးရဲ့အနားတရွေ့ရွေ့ တိုးကပ်လာတယ်။

❑

ကလေးတစ်ယောက်ဟာ သိပ်ဆာနေတဲ့ အချိန်မျိုးဆို သူ့အနား ဘဲတစ်ကောင်ကပ်လာတာကို သတိမထားမိတာလည်း ဖြစ်နိုင်တာပဲ။ ကလေးဟာ သူ့ကို လှည့်မကြည့်ဘူး။ သူလည်း ကလေးရဲ့မျက်နှာကို မကြည့်မိတော့ပါဘူး။ စားစရာရနိုင်တဲ့ နေရာမှာ ဆာနေတဲ့ သတ္တဝါနှစ်ယောက် လာပြီး ဆုံနေနိုင်တာပဲပေါ့။ သူ နှုတ်သီးနဲ့ ထိုးကော်လိုက်တော့ ဖန်ခွက်ကွဲတစ်လုံး ထွက်လာတယ်။ စိတ်ပျက်လက်ပျက်ဖြစ်နေတုန်း တစ်စွန်းတစ်စ ပေါ်နေတဲ့ အာလူးတစ်လုံးကို သူ မြင်လိုက်တယ်။ သူ ဝမ်းသာသွားတယ်။ ဒီနေ့တစ်နေ့လုံး ဘာမှ မစားရသေးဘူးလေ။ သူ့ခြေထောက်တွေက အာလူးပုပ်ရှိရာသို့ ခပ်မြန်မြန် လျှောက်သွားလိုက်တယ်။ အာလူးပုပ်ကို ဝမ်းသာအားရ ထိုးဆိတ်လိုက်တော့ တစ်စုံတစ်ခုက ဆွဲထားသလို အာလူးဟာ သူ့ နှုတ်ခမ်းတွေထဲ ပါမလာဘဲ ပြုတ်ကျပြန်တယ်။ သူ ပြန်ဆိတ်မယ်လုပ်တော့ ရွှံ့ဗွက် အနည်းငယ်ပေနေတဲ့ အာလူးပေါ်မှာ ချေးအထပ်ထပ်နဲ့ လက်ကလေး။ ဒီလက်ကလေးကို သူ ဘယ်လိုမေ့လို့ရပါ့မလဲလေ။ အဲဒီအချိန်မှာပဲ "ဟင်… ငစိမ်း"။ တဲသစ်ကကလေးဟာ သူ့ကို ကြောင်ပြီး ကြည့်နေတယ်။ တဲသစ်က ကလေးရဲ့မျက်လုံးတွေထဲက ရှက်ရွံ့အားငယ်မှုကို သူ မမြင်ဘဲ မနေနိုင်ဘူး။ သူ့စိတ်ထဲမှာတော့ ဖြစ်မှဖြစ်ရလေ ကလေးရယ်လို့ ပြောနေမိပေမဲ့ အဆမတန် ချွန်ကောက်နေတဲ့ သူ့နှုတ်သီးတွေကတော့ တဂတ်ဂတ်နဲ့ပဲ မြည်နေတယ်လေ။ ဒါဟာ ဘဲတစ်ကောင်ရဲ့ ရင်ထဲက ပြင်းထန်တဲ့ ထိခိုက်ကြေကွဲမှုဆိုတာကို ကလေးက သိမှာ မဟုတ်ပါဘူး။ ■

**ဆောင်းခနှင်း**



www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



'အမယ် ထူးထူးဆန်းဆန်း
ဒီနေ့တော့ ကိုယ်တိုင်
လာကြိုလို့ပါလား'
'ဟုတ်တယ် သူငယ်ချင်းရေ
ကိုယ်တိုင်လာ မကြိုလို့
မရတော့ဘူး။ ကိုယ်
မွေးထားတာက သမီး
မိန်းကလေးလေ။ သိတယ်
မဟုတ်လား ခေတ်ကြီးက
ဘယ်သူ့ကိုမှ ယုံလို့ရတာ
မဟုတ်ဘူး'





www.burmeseclassic.com

www.burmeseclassic.com



# မြင့်သ

## သုံးသပ်ရေးသားချက်များ



"ရက်စရာကောင်း
လိုက်တာကွာ"ဆိုသည့် အောင်ကြီး၏
နင့်နင့်ရှရှ စကားသံကြောင့် ကျွန်တော်သည်
မနက်တုန်းဆီက လက်ဖက်ရည်ဆိုင်မှာ
အမှတ်မထင် ကြားလာခဲ့ရသည့်
စကားသံတချို့အား ပြေးမြင်
ကြားယောင်လိုက်မိပါသည်။
သည်တုန်းက သောက်နေကျ
လက်ဖက်
ရည်ဆိုင်
ကလေး
တွင်
ကျွန်တော်
တစ်ယောက်တည်း
လက်ဖက်ရည်
သောက်နေခဲ့ပါသည်။ အချိန်အနည်း
ငယ်စောနေသေးသည်ကတစ်ကြောင်း၊
အစကတည်းက လူဝင်သိပ်မများသည့်
ဆိုင်ကလေးဖြစ်သည်က
တစ်ကြောင်းတို့ကြောင့်
ဆိုင်ကလေးအတွင်း၌ လူသူ
ကျဲပါးနေသည့်အချိန်လည်း ဖြစ်ပါသည်။
ကျဲပါးသည်မှ ကျွန်တော် ထိုင်နေရာ
စားပွဲဝိုင်းကလေး၏ ရှေ့စားပွဲတစ်ခုံ၌သာ
လူရှိနေခဲ့ပါသည်။ အမှန်အတိုင်း
ဝန်ခံရလျှင် "ဒီလိုခွေးတိရစ္ဆာန်တွေ၊
လူစိတ်မရှိတဲ့ကောင်တွေကြောင့်
ငါတို့ပါ ဝါးလုံးရှည်နဲ့
သိမ်းယမ်းခံလိုက်ရတာကွ"ဆိုသည့်
နာနာကျင်ကျင် ပြောဆိုလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com

စကားသံတို့ကို မကြားရခင်အထိ ကျွန်တော် ရှေ့စားပွဲဝိုင်းဆီမှ လူနှစ်ယောက်အား ကျွန်တော် လုံးဝ စိတ်မဝင်စားခဲ့ပါ။ ယုတ်စွအဆုံး ထိုလူနှစ်ယောက်ကို ရှိနေသည်ဟုပင် ကျွန်တော် သဘောမထားမိခဲ့ပါ။ တကယ်လည်း လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဆိုသည်မှာ ကျွန်တော့်အတွက် ဟာနေသည့် ဝမ်းကိုဖြည့်ဖို့၊ သည်ကနေ့ သင်ကြားရမည့် သင်ခန်းစာတို့ကို ကြိုတင်လေ့လာနေဖို့ထက် ဘယ်တုန်းကမှ အဓိပ္ပာယ် ပိုမနေတတ်ခဲ့ပါ။ အထူးသဖြင့် အခြားစားပွဲဝိုင်းများဆီက ထွက်ပေါ်လာတတ်သည့် အသံများကို ဘယ်တုန်းကမှ စပ်စုလေ့မရှိတတ်သည်က ကျွန်တော့်အကျင့်တစ်ခုလိုပင် ဖြစ်နေခဲ့ပြီဖြစ်ပါသည်။ သို့ပေသိ လက်ဖက်ရည်ဆိုင်ဆိုတာ ကိုယ်ပြောချင်တာတွေကို အာပေါင် အာရင်းသန်သန်နှင့် လွတ်လွတ်လပ်လပ် ပြောလို့ရသည့် နေရာတစ်ခုလို သဘောထားတတ်ကြသည့် လူတချို့ကိုတော့ဖြင့် ခြွင်းချက်ထားရလိမ့်မည်ဖြစ်ပါသည်။ တကယ်လည်း ရှေ့စားပွဲဝိုင်းဆီမှ အတော်အတန် ကျယ်လောင်စွာ ပြောနေကြသည့် စကားပြောသံများကို နားမထောင်ပေမဲ့လည်း ကျွန်တော် ကောင်းစွာကြားနေခဲ့ရပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် 'ပုပ်နေတဲ့ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးက ငါးတွေအကုန် ပုပ်ပေးလိုက်ရတော့မှာလား၊ အဖေနဲ့သမီး၊ အစ်ကိုနဲ့ညီမ၊ ဆရာနဲ့တပည့် ရင်းရင်းနှီးနှီး နေခွင့်မရှိတော့ဘူးလားကွာ' ဆိုသည့် စကားသံများ၏ နောက်ကွယ်မှာ စိတ်မကောင်းစရာ အဖြစ်အပျက်တစ်ခု ရှိနေလိမ့်မယ်မှန်း ထိုအချိန်က ကျွန်တော် နည်းနည်းလေးမှပင် မရိပ်မိခဲ့သေးပါ။ သာမန် အဖြစ်အပျက်တစ်ခုအပေါ်ကို မခံမရပ်နိုင်ဖြစ်ရာမှ ပေါက်ကွဲထွက်ပေါ်လာသည့် အသံများအဖြစ်သာ ထင်မှတ်နေမိခဲ့ပါသည်။

သို့ပါသော်လည်း 'ခွေးစိတ်ပေါက်နေတဲ့ အဖေတစ်ယောက်က အရွယ်မရောက်သေးတဲ့ ကိုယ့်သမီးအရင်းကို ပြန်ပြီး မုဒိမ်းကျင့်တာနဲ့ ကျန်တဲ့ ငါတို့အဖေတွေက အရွယ်မရောက်သေးတဲ့ ကိုယ့်သမီးတွေနဲ့ ရင်းရင်းနှီးနှီး မနေရတော့ဘူးတဲ့လား။ ကိုယ့်သမီး ကိုယ့်မိသားစုနဲ့ တစ်အိပ်ရာတည်း၊ တစ်ခြင်ထောင်တည်း မအိပ်ရဘူးတဲ့လား။ ဒါဟာ ငါ့ကိုယ်ကျင့်သိက္ခာကို အစော်ကားခံလိုက်ရတာပဲ မဟုတ်ဘူးလားကွာ' ဆိုသည့် စကားသံတို့ကို ဆက်လက် ကြားလိုက်မိပြီးသည့်နောက်မှာတော့ ပေါက်ကွဲထွက်ပေါ်လာသည့်စကားသံများ၏နောက်မှာ ယောကျ်ားထုကြီးအတွက်၊ အထူးသဖြင့် ဖခင်ထုကြီးအတွက် ကြောက်စရာကောင်းသည့်အဖြစ်အပျက်ကြီးတစ်ခု ရှိနေခဲ့ကြောင်းကို ကျွန်တော် ကောင်းစွာပင် သိရှိခွင့်ရရှိလိုက်ပါသည်။ တကယ်လည်း အဖေက သမီးအရင်းကို၊ အစ်ကိုက ညီမကို၊ ဦးလေးက တူမကို အဓမ္မပြုကျင့်သည်ဆိုသည့် သတင်းတွေကို မကြာခဏကြားလာရသဖြင့် မိခင်တစ်ယောက်က အရွယ်မရောက်သေးသည့် သူ့သမီးကို ဖခင်အရင်းနှင့်အတူ တစ်အိပ်ရာတည်း အိပ်ဖို့ ခွင့်မပြုတော့ဘူးဆိုသည့် အကြောင်းအရာလောက် တုန်လှုပ်ချောက်ချားစရာ ကောင်းသည့်အကြောင်းအရာ မရှိလောက်ဟု ထင်ပါသည်။ အမှန်တကယ်လည်း အမှတ်မထင် ကြားသိလိုက်ရသည့် အကြောင်းအရာကြောင့် တစ်မနက်လုံး ကျွန်တော့်၏ စိတ်ထဲတွင် တုန်တုန်လှုပ်လှုပ် ဖြစ်နေခဲ့ရပါသည်။ ကျွန်တော့်၏ စိတ်ကို သည်ထက်ပို၍ တုန်လှုပ်သွားစေခဲ့သည်က ထိုအဖြစ်အပျက်လိုမျိုး အဖြစ်အပျက်တစ်ခုက နေ့မကူးခင် ကျွန်တော်၏ အနားသို့ ထပ်မံရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ တကယ်လည်း 'ရှက်စရာ ကောင်းလိုက်တာကွာ' နှင့် အစချီထားသည့် အောင်ကြီး၏ ရင်ဖွင့်သံတွေကို နားထောင်ရင်း ကျွန်တော့်စိတ်ထဲမှာ များစွာ အံ့သြထိတ်လန့်ခဲ့ရပါသည်။

'တကယ်ဆို ဝါးလုံးရှည်နဲ့တော့ အားလုံးကို သိမ်းကျုံးမယမ်းသင့်ဘူးပေါ့ကွာ။ အခုတော့ မင်း စဉ်းစားကြည့်စမ်းကွာ၊ ငါ့သိက္ခာတွေ၊ ငါ့ရဲ့ ကိုယ့်ကျင့်တရားတွေ အားလုံးကို ဘယ်နားမှာ သွားလွှင့် ပစ်လိုက်ရမှာလဲ' ဆိုသည့် နာကျင်ပေါက်ကွဲထွက်ပေါ်လာသည့် စကားလုံးတွေကို နားထောင်ရင်း ကျွန်တော်၏ စိတ်ထဲမှာ များစွာ တုန်လှုပ်နေမိခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ဖခင်တစ်ယောက်အနေနှင့်ကော ယောကျ်ားသားတစ်ယောက်အနေနှင့်ပါ အောင်ကြီးအပေါ်မှာ ကိုယ်ချင်းစာမိပါသည်။ အထူးသဖြင့် ဖခင်တစ်ယောက်အနေနှင့် အောင်ကြီး၏ ရင်ထဲမှာ ဘယ်လောက်အထိ နာကျင်ကြေကွဲနေလိမ့်မလဲဟု တွေးနေမိခဲ့ပါသည်။ တကယ်တော့ အရက်သေစာ အနည်းငယ် သောက်စားတတ်သည့် အောင်ကြီး၏ အဖြစ်က မပြေးသော်လည်း ကန်ရာရှိခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့မဟုတ် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်ခဲ့ခြင်းသာဖြစ်ပါသည်။ တကယ်လည်း အဖြစ်အပျက်က သတင်းစာထဲမှာ ပါလာသည့် သက်ငယ်မုဒိမ်းမှု သတင်းတစ်ခုကနေ စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။ သတင်းမှာ အရက်ကြောင့် လူစိတ်ပျောက်နေသည့် ဖခင်က သမီးအရင်းကို အဓမ္မပြုကျင့်လိုက်သည့် သတင်းဖြစ်ပါသည်။ ထိုသတင်းကို ဖတ်မိပြီးနောက် အောင်ကြီး၏ မိန်းမက အောင်ကြီးကို အရက်သောက်နေသည့် ကာလပတ်လုံး သူတို့နှင့် အတူတူလာမအိပ်ဘဲ ခွဲအိပ်ဖို့ ပြောရာမှ အောင်ကြီး၏ နာကျင်ခံစားမှုများက ကျွန်တော့်ထံပါးတွင် ပွင့်အန်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ တကယ်တော့ အောင်ကြီးသည် အရက်ကို ကြိုက်သလို သူ့မိသားစုကိုလည်း အလွန်ချစ်သူဖြစ်ပါသည်။ အထူးသဖြင့် သူ၏ တစ်ဦးတည်းသော သမီး



www.burmeseclassic.com

www.burmeseclassic.com

လေး အပေါ်၌ အလွန်ချစ်ပါသည်။ ဘယ်လောက်ပဲမူးမူး သူ့ဇနီးသည်နှင့် သူ့သမီး အတွက်တော့ စားစရာတစ်ခုခုကို ပါအောင် ယူသွားတတ်စမြဲပင် ဖြစ်ပါသည်။

သို့ပေမဲ့ အခုအချိန်မှာတော့ ဒါတွေက အောင်ကြီးမိန်းမ၏ ရင်ထဲမှာ စိုက်ဝင်သွားသည့် သံသယဆူးတစ်ချောင်းကို ပြန်ပြီး မထုတ်ယူနိုင်တော့ပြီဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် အောင်ကြီးတစ်ယောက် အရက်မသောက်တော့ဘူးဆိုလျှင်တော့ အဆိုးထဲက အကောင်းပဲ ဖြစ်လိမ့်မည်ထင်ပါသည်။ အမှန်အတိုင်းဝန်ခံရလျှင် အောင်ကြီးနှင့် လမ်းခွဲခဲ့ပြီးသည်အထိ အောင်ကြီး၏အသံ၊ အောင်ကြီးအမူအရာတွေက ကျွန်တော်၏ ခေါင်းထဲ စွဲနေခဲ့ပါသည်။ ထို့အတူ ခေတ်ကြီးက အဖေနှင့်သမီး၊ အစ်ကိုနှင့်ညီမတို့လို သွေးသားရင်းချာများကိုပင် တရင်းတနှီး နေခွင့်မပေးတော့ဘူးလားဟု တွေးနေမိခဲ့ပါသည်။ တကယ်လည်း မကြားလိုက်နှင့် ကြားလိုက်ရသည့် သတင်းတွေက မကြားဝံ့မနာသာစရာ။ အဖေက သမီးကို၊ ဦးလေးက တူမကို၊ အစ်ကိုက ညီမကို ဆိုတာချည်း ဖြစ်နေတတ်သည်။ တကယ်တော့ လူစိတ်မရှိသည့် လူတချို့ကြောင့် အောင်ကြီးတို့လို ဖခင်တချို့ နာကျင်ခံစားကြရခြင်းသာ ဖြစ်သည်ဟု ထင်မြင်မိပါသည်။ ထို့အတူ အောင်ကြီးတို့လို နာကျင်ခံစားလိုက်ရတဲ့ အဖေတွေ နောက်ထပ် ဘယ်လောက်များများ ထပ်ရှိနေလိမ့်ဦးမည်လဲ။ ကျွန်တော်ကတော့ တွေးရင်း ရင်မောနေမိခဲ့ပါသည်။

❑

သည်ရက်ပိုင်းတွေမှာ ကလေးတွေကို လာကြိုသည့် လူတွေ များနေသည်ကို သတိထားနေမိသော်လည်း ဘာကြောင့်ဟု ကျွန်တော် မတွေးတောမိခဲ့ပါ။ ယုတ်စွအဆုံး ကလေးများ လာကြိုသည့် လူအများစုမှာ အမျိုးသမီးများ ဖြစ်သည်ဆိုသည့်အထိ သတိထားမိခဲ့သော်လည်း ဘာကြောင့်ဟု ကျွန်တော် မတွေးမိခဲ့သေးပါ။ တကယ်လည်း ကိုယ့်သားသမီးများကို မိဘများ လာရောက်ကြိုဆိုသည့်ကိစ္စက ဘာမှမထူးခြားသည့် သမားရိုးကျ ဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။ အထူးသဖြင့် ညဥ့်နက်ပိုင်းမှ အိမ်ကို ပြန်ခွင့်ရမည့် ကလေးများကို လာရောက်ကြိုဆိုကြခြင်းက သည်ဘက်ခေတ်၏ မိဘဝတ္တရားတစ်ခုသဖွယ်ပင် ဖြစ်နေခဲ့ပြီဟု ကျွန်တော်ကတော့ ထင်မြင်မိပါသည်။ သို့ပေမဲ့ 'အမယ် ထူးထူးဆန်းဆန်း ဒီနေ့တော့ ကိုယ်တိုင် လာကြိုလို့ပါလား'။ 'ဟုတ်တယ် သူငယ်ချင်းရေ ကိုယ်တိုင်လာမကြိုလို့ မရတော့ဘူး။ ကိုယ်မွေးထားတာက သမီးမိန်းကလေးလေ။ သိတယ်မဟုတ်လား ခေတ်ကြီးက ဘယ်သူ့ကိုမှ ယုံလို့ရတာမဟုတ်ဘူး' အစချီသည့် အဖေက သမီးကို၊ အစ်ကိုက ညီမကို၊ ဦးလေးက တူမကို ကျူးလွန်သည့် မုဒိမ်းမှုများ အပါအဝင် အခြားသော အကြောင်းအရာတို့ကို စီကာပတ်ကုံးပြောနေကြသည့် အသံများကို အမှတ်မထင် ကြားလိုက်ရပြီးသည့်နောက်မှာတော့ ကျွန်တော်၏ အတွေးများက တစ်နေ့တခြား ပိုမိုကြားသိမြင်တွေ့လာနေရသည့် မိခင်တို့၏ စိုးရိမ်ပူပန်တတ်မှု အကြောင်းကို မတွေးကြည့်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါသည်။ အထူးသဖြင့် ဝါးလုံးရှည်နဲ့ သိမ်းယမ်းသလို ဖခင်များ အားလုံးအပေါ်မှာ သံသယစိတ် ထားနေကြခြင်းက တရားပါ၏လားဟု တွေးနေမိခဲ့ပါသည်။ ထို့အတူ ဖခင်မပီသသည့် ဖခင်တချို့နှင့် အနန္တဂိုဏ်းဝင် ဖခင်များကို နှိုင်းယှဉ်ခြင်းက သင့်တော်ပါ၏လားဟူ၍လည်း စဉ်းစားမိခဲ့ပါသေးသည်။ တကယ်တော့ မကြားချင်သော်လည်း ကြားနေရသည့် စကားတွေ၊ မမြင်ချင်သော်လည်း မြင်တွေ့နေရသည့် မြင်ကွင်းတွေက ထမင်းလုံးတစ္ဆေခြောက်သလို ကျွန်တော်တို့၏ စိတ်များကို ခြောက်လာနေခဲ့ခြင်း ဖြစ်သည်ဟု ထင်ပါသည်။ ထို့အတူ ထိုအကြောင်းအရာများကပင် ကျွန်တော်တို့ တစ်ယောက်အပေါ်ကို တစ်ယောက် သံသယမျက်စိများဖြင့်ကြည့်မိ၊ သံသယစိတ်များဖြင့် ဆက်ဆံလာမိခဲ့ကြခြင်း၏ အကြောင်းရင်းဖြစ်သည်ဟု ထင်ပါသည်။ သံသယမျက်စိများဖြင့် ကြည့်မိကြရလောက်အောင်လည်း ခေတ်ကြီးက ဘယ်တုန်းကမှ မကြားခဲ့ဖူးသည့် အဖြစ်အပျက်တွေကို ပစ်ချပြသနေခဲ့ပါသည်။ တကယ်တော့ အကောင်းနှင့် အဆိုးတို့ ဒွန်တွဲနေတတ်သည့် လောကကြီး၏ နိယာမအတိုင်း နေရာတိုင်းဆီ၌ မရိုးသားသူများရှိတတ်သလို ရိုးသားသူများလည်း ရှိမည်သာဖြစ်ပါသည်။ လိမ်ညာလှည့်ဖြားတတ်သူများရှိသလို ရိုးသားဖြူစင်သူများလည်း ရှိမည်သာ ဖြစ်ပါသည်။ ယုတ်မာသူများရှိသလို ကောင်းမြတ်သူများလည်း ရှိမည်သာ ဖြစ်ပါသည်။ တကယ်တော့ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်၊ ဝါးလုံးရှည်နှင့် အယမ်းခံလိုက်ရသလို မရိုးသားသူတချို့ကြောင့် ရိုးသားသူ ဖြူစင်သူများပါ နစ်နာကြရသည်ဟု ထင်မြင်မိပါသည်။ မည်သို့ပင်ဖြစ်စေ ထိုသို့သော သတင်းစကားများ၊ အဖြစ်အပျက်များ၊ အကြောင်းများကို ကြားရမိတိုင်း ယခုအချိန်အထိ သံသယစိတ်မဝင်ပေးသည့် ဇနီးသည်အပေါ် ကျေးဇူးတင်နေမိခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

❑

နံရံက မီးခလုတ်ကို ထ,ပိတ်ရင်း 'မောင့်ကို ပုံပြင်လေးတစ်ပုဒ် ပြောပြချင်တယ်' ဟု ဆိုလာသည့် ဇနီးသည်၏ စကားကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် သမီးကလေးကို တစ်ချက် လှမ်းကြည့်ရင်း တစ်ချက် ပြုံးလိုက်မိပါသည်။ ကျွန်တော်၏ အပြုံးကို မြင်သွားသည့်ဟန်ဖြင့် ဇနီးသည်က ချစ်စဖွယ်ကောင်းသည့် မျက်စောင်းတစ်ချက်ကို ဦးစွာထိုးပါသည်။ ထို့နောက်မှာမှ 'တစ်ခါက တိုင်းပြည်တစ်ပြည်မှာ ပညာရှိအမတ်ကြီး



www.burmeseclassic.com


www.burmeseclassic.com

တစ်ပါးရှိတယ်။ တစ်နေ့မှာတော့ အဲဒီပညာရှိ အမတ်ကြီးကို ဘုရင်ကြီးက လောကမှာ အမှောင်ဆုံးဟာ ဘာဖြစ်မလဲလို့ မေးပါတယ်တဲ့။ ဘုရင်ကြီးမေးတဲ့ မေးခွန်းရဲ့ အဖြေကို အမတ်ကြီးဟာ ရုတ်တရက် မဖြေနိုင်ဘူးတဲ့။ ဒါကြောင့် သူ့ကို အချိန်နည်းနည်းပေးဖို့ ဘုရင်ကြီးဆီမှာ ခွင့်တောင်းတယ်တဲ့။ ဒီလိုနဲ့ တစ်ရက်လည်း စဉ်းစားမရ၊ နှစ်ရက်လည်း စဉ်းစားမရနဲ့ အမတ်ကြီးဟာ ဂနာမငြိမ် ဖြစ်လာတယ်တဲ့။ အဲဒီလို ဂနာမငြိမ်ဖြစ်နေတဲ့ အမတ်ကြီးရဲ့အဖြစ်ကို အမတ်ကြီးရဲ့ သမီးကမြင်တော့ ဘာဖြစ်နေတာလဲလို့ မေးလိုက်တယ်တဲ့။ ဒီလိုနဲ့ အမတ်ကြီးရဲ့ အခက်အခဲကို သိသွားတယ်တဲ့။ သိသွားပြီးတဲ့နောက် အမတ်ကြီးရဲ့ သမီးလေးက ဒီနေ့ညသန်းခေါင်မှာ သူ့အခန်းဆီကို လာခဲ့ပါ၊ မေးခွန်းရဲ့အဖြေကို ပြောပြပါမယ်လို့ ပြောလိုက်ပါတယ်တဲ့။ ဒီလိုနဲ့ ညသန်းခေါင်ရောက်တော့ အမတ်ကြီးလည်း စမ်းတဝါးဝါးနဲ့ သူ့သမီးအခန်းထဲကို ဝင်သွားပြီး သူ့သမီးရဲ့အနားကို ရောက်သွားတယ်တဲ့။ သူ့သမီးကလည်း သူ့အနားကို ရောက်လာတဲ့ အမတ်ကြီးရဲ့ လက်ကိုဆွဲပြီး မိမွေးတိုင်း ဖမွေးတိုင်း ရှိနေတဲ့ သူမ ခန္ဓာကိုယ်ကို ပွတ်သပ်ခိုင်းပါတော့တယ်တဲ့။ အဲဒီလို ပွတ်သပ်ခိုင်းတော့ အမတ်ကြီးလည်း ဒါဟာ သမီးအရင်းပါလားဆိုတာကို မေ့ပြီး အထိအတွေ့မှာ စိတ်ရိုင်းတွေ ခေါင်းထောင်ထ,လာခဲ့ရောတဲ့။ ဒီအချိန်ကျမှ သမီးက သတိထားဖို့ တားမြစ်ပြီး အမှောင်တကာ့ အမှောင်တွေထဲမှာ တဏှာကြောင့်ဖြစ်တဲ့ အမှောင်ဟာ အမှောင်ဆုံးဖြစ်ကြောင်းပြောရင်း အမတ်ကြီးရဲ့ စိတ်ကို သတိပညာနဲ့ ချုန်းအုပ်ဖို့ သတိပေးလိုက်ပါတယ်တဲ့"ဆိုသည့် ပုံပြင်လေးတစ်ပုဒ်ကို "တကယ်တော့ အမှောင်တကာ့ အမှောင်တွေထဲမှာ ကြောက်စရာအကောင်းဆုံးက တဏှာဘီလူးစီးနေတဲ့ အမှောင်ပဲ မောင်ရဲ့။ ကာမဘီလူး အစီးခံရပြီဆိုရင် သားသမီးကိုလည်း သားသမီးမှန်း မသိကြတော့ဘူး။ ကြည့်ပါလား၊ ကြားလိုက်သမျှ မုဒိမ်းမှုတွေရဲ့ သုံးပုံနှစ်ပုံလောက်က သွေးသားအရင်းတွေချည်း ဖြစ်နေတာကို"ဆိုသည့် စကားတို့ ရောစွက်လို့ ပြောပြလာခဲ့ပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ဇနီးသည်၏ စကားအဆုံးမှာ ကျွန်တော်ပြေးမြင်သတိရလိုက်မိသည်က နာကျင်ကြေကွဲနေသည့် အောင်ကြီး၏ မျက်နှာကိုပင် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်မှ ကြေကွဲထိရှနေသည့် ဖခင်တစ်ယောက်၏ အသံကိုပင် ဖြစ်ပါသည်။ ဟုတ်ပါသည်၊ ဇနီးသည်ဖြစ်သူ ပြောပြသည့် ပုံပြင်အဆုံးမှာ အောင်ကြီးတို့၏ မျက်နှာ၊ အောင်ကြီးတို့၏ အသံတို့နှင့်အတူ ကျွန်တော်နောက်ထပ်ပြေးမြင်မိလိုက်သည်က သိပ်မကြာခင် ခွဲထွက်လာရတော့မည့် အသစ်စက်စက် အိပ်ရာတစ်ခုကိုပင် ဖြစ်ပါတော့သည်။

■

**မင်းည**




ဓားရိုးကမ်းစာအုပ်ဟာ ဗီယက်နမ်စစ်ပွဲအတွင်း၊
သူလျှိုများရဲ့ခြေရှုပ်ခဲ့မှုများ၊ အမေရိကန်တို့ရဲ့ရက်စက်တဲ့
စစ်ရေးများ၊ တောင်မြောက် ဗီယက်နမ်တို့ရဲ့
ပြင်းထန်တဲ့တိုက်ပွဲများကို အခြေခံ ရေးထားပါတယ်၊
ဒီစာအုပ်ထွက်လာတဲ့အခါ
တစ်ကမ္ဘာလုံး လှုပ်လှုပ်ရှားရှား
ဖြစ်ခဲ့ရပါတယ်၊ အရှေ့တောင်အာရှမှာ၊
တရေးဆရာများရဲ့စာအုပ်တွေထဲမှာ
အကောင်းဆုံးတစ်အုပ်လို့တောင် အင်ဒီပန်းဒန့်
သတင်းစာကြီးကနေ ချီးကျူးခဲ့ပါတယ်၊
အထူးခြားဆုံးကတော့ ၂၀၁၆ ခုနှစ်အတွက်
ပူလစ်ဇာဆုရရှိခဲ့ပါတယ်၊ ဗီယက်နမ်စစ်ပွဲကို
အမေရိကန်မှုပြုတယ်လို့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ
ပြောဆိုကြပါတယ်၊
ဒါကို ယခုစာအုပ်ရေးသူ Viet Thanh Nguyen က
အခုစာအုပ်နဲ့ ပြောင်းပြန်လှန်ခဲ့ပါတယ်၊
ဗီယက်နမ်စစ်ပွဲကြီးရဲ့ဖုံးကွယ်ခံထားရတဲ့
အမှန်တရားတွေကို လှစ်ဟပြသခဲ့ပါတယ်၊
တစ်ကမ္ဘာလုံးသိထားတဲ့ ဗီယက်နမ်စစ်ပွဲပေါ်
အမြင်တွေကို ဗီယက်နမ်ပြည်သူတွေကိုယ်စား
အမှန်အတိုင်း ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်၊
ရာပြည့် မြန်မာပြန်ဆိုတဲ့ "ဓားရိုးကမ်း" စာအုပ်ကို
မှာယူလိုသူများအနေနဲ့ ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့
ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့
မက်ဆေ့ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်၊



www.burmeseclassic.com


www.burmeseclassic.com

ကော်ဖြာ




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကျမ်းကျော်ငြိမ်းကျိုးနပ်ပါမယ် ညီဘ / ကျော်ဝင်း

ဘဝမှာ သည်အသက်အရွယ်အထိ မည်သည့်ရုံးဌာနမှ မရောက်ဖူးသဖြင့်
မဝံ့မရဲ ဖြစ်ရသည်။ စိတ်သည် မလုံမခြုံ ခံစားရ၏။ ကိုယ့်မြို့ဆိုသော်လည်း
မည်သည့်ရုံးသည် မည်သည့်နေရာ၌ ရှိမှန်းမသိ။
ရွာအုပ်ချုပ်ရေးမှူးနှင့် လိုက်လာ၍သာ ရောက်ရသည်။ သို့သော် မြို့ရောက်သည်နှင့်
အုပ်ချုပ်ရေးမှူးက သူ့အလုပ်ရှိရာသွားရ၏။ ထို့ကြောင့် သည်ရုံးမှာ
ကျွန်တော်တစ်ယောက်တည်း စောင့်နေခဲ့ရသည်။ အလှည့်မရောက်သေးသဖြင့် စောင့်ရင်း
နံရံပေါ်မှ ရုပ်ပုံများကို ငေးမိသည်။ စာတန်းတို့သည် ရဲရဲနီလျက်။ "မြေမျို၍ လူမျိုးမပြုတ်၊
လူမျိုးမှ လူမျိုးပြုတ်မည်"ဟူသော စာတန်းသည် အမိနိုင်ငံအတွက် မည်မျှအရေးကြီးကြောင်း

၂၀၀၉ ခုနှစ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အစု

www.burmeseclassic.com

www.burmeseclassic.com

သတိပေးနေသည့် နှယ်ရှိ၏။

'ဦးသိန်းအေး'

ခေါ်သံကြောင့် အတွေးကို ဖြတ်ပြီး စားပွဲတစ်လုံးရှေ့ သွား၍ ထိုင်ရသည်။ ခန္ဓာကိုယ်သည် တောင့်၍ သွား၏။ ရင်က တလှပ်လှပ်ခုန်သည်။ ဘာကြောင့်မှန်းမသိ။ ကိုယ့်ကိုယ်ကို တရားခံတစ်ဦးကဲ့သို့ ခံစားနေရသည်။ ရုံး၏ အရှိန်အဝါသည် ထိုမျှအထိ ကြီးနေခဲ့သည်ပဲ။

'အခုက ဘာလုပ်မှာလဲ'

'ဟို ဟို ကျွန်တော့်သား အိမ်ထောင်စုဇယားထဲ ထည့်ဖို့ပါ'

'မွေးစာရင်းပါလား'

'ဟုတ် ပါပါတယ်'

လွယ်အိတ်ထဲမှ မွေးစာရင်းကို ထုတ်၍ ပေးလိုက်သည်။

'ဟင်၊ ခင်ဗျားသားက ၅ နှစ်တောင် ကျော်နေပြီပဲ၊ အခုမှ လာရလားဗျ'

သူ့အသံက လိုသည်ထက် ပိုကျယ်ပါသည်။ ကျွန်တော် ဘာပြောရမှန်း မသိ။ နှစ်ဦးအကြား အသံမဲ့၍ နေသည်။

မွေးစာရင်း၌ ပါသော သားဖွားဆရာမ၏ လက်မှတ်နှင့် တံဆိပ်ကို သေချာကြည့်နေ၏။ အတု အစစ် ခွဲနေပုံရသည်။

'ခင်ဗျားသား နာမည်'

အမှတ်တမဲ့မို့ ကျွန်တော့်မှာ ထိတ်ခနဲ။

'မောင်ဇင်ထွန်းပါ'

'မွေးရက်၊ မွေးလ၊ ခုနှစ်'

ကျွန်တော် ပျာ၍ သွားသည်။ တစ်ဆက်တည်း

awmi fbl wpfa, muf vkfefrSbr0 ½kdbnf a&Lu]a&vEdSh &moDwkwG azmufyefbnf xkdcg uRefawmfvnf xGufyguf bnf xkdfzpfcJh onf &yfbl t&yfbm; rSbr0 xkdf a&muf[Luonf csnf

ကိုယ့်ကိုယ်ကို ကျိန်ဆဲနေမိ၏။ သား၏ မွေးနေ့မှလွဲ၍ ကျွန်တော် မသိ။ အမှတ်တမဲ့ ဖြစ်နေခဲ့သည်။ ထို့ကြောင့် သူမေးသည်ကို ကျွန်တော် မဖြေနိုင်။

'ဟာ ဘာလဲဗျ၊ ခင်ဗျား အဖေဖြစ်ပြီး ကိုယ့်သားရဲ့ မွေးရက်၊ မွေးလ၊ မွေးနှစ်တောင် မပြောနိုင်ဘူး။ ခင်ဗျားသား ဟုတ်ရဲ့လား'

'အစစ်ပါဗျာ'

'အုပ်ချုပ်ရေးမှူး ထောက်ခံစာပါလား'

လွယ်အိတ်ထဲနှိုက်၍ ရှာသည်။ အရေးထဲ မတွေ့။ မိုးကာအင်္ကျီနှင့် စာအုပ်တွေအကြား ညပ်နေ၍ တော်တော်ရှာယူရသည်။

ကျွန်တော်ပေးတော့ တံဆိပ်ဝိုင်းနှင့် ရုံးတံဆိပ်ကို ကြည့်သည်။ ဘာပြောဦးမလဲ။ ကျွန်တော့်မှာ တထိတ်ထိတ်။

'ဒါနဲ့၊ ခင်ဗျားက အခုမှ ဘာကြောင့် လာလုပ်ရတာလဲ'

'အခုမှ ရောက်လို့ပါဗျာ'

သူ့မျက်နှာ တွန့်၍သွားသည်။ ကျွန်တော့်ကို စူးခနဲကြည့်၏။

'ခင်ဗျား ထိုင်းပြန်လား'

အသံက မာ၍ ဆတ်နေသည်။ ကျွန်တော့်မှာ အသံမထွက်ရဲ။ ခေါင်းညိတ်၍ပြရသည်။

'ဒီကလေး ထိုင်းမှာမွေးတာ မဟုတ်လား'

ရင်ထဲ မော၍လာသည်။

ကိုယ့်ကလေး အိမ်ထောင်စုဇယားထဲ ထည့်မည့်အရေးမှာ ဒါတွေလိုလား။ ကျွန်တော် မသိခဲ့။ ကျွန်တော့်အတွေးက လိုအပ်သည့် မွေးစာရင်းနှင့် အုပ်ချုပ်ရေးမှူး ထောက်ခံစာတွေပြမည်။ ကျောင်းအုပ်ဆရာမကြီး၏ ထောက်ခံစာတွေပေးမည်။ ပြီးလျှင် အိမ်ထောင်စုဇယားထဲ ထည့်မည်။ ထိုသို့သာ တွေးမိ၏။

အတွေးတို့သည် ဆက်၍ဆက်၍ တွေးဖြစ်သွား၏။

တောင်သူတစ်ယောက်၏ လုပ်ငန်းမှန်သမျှ ရှုံးသည်။ ရေကြီးရေလျှံနှင့် ရာသီဥတုတွေ ဖောက်ပြန်သည်။ ထိုအခါ ကျွန်တော်တို့၏ ထွက်ပေါက်သည် ထိုင်းဖြစ်ခဲ့၏။ သည်အရပ်သူအရပ်သားမှန်သမျှ ထိုင်းရောက်ကြသည်ချည်း။ ရွာ၌ အိမ်စောင့် ကြက်နှင့် အဘိုးအဘွားနှင့် ကလေးများကလွဲလျှင် လူငယ်လူလတ်ဟူ၍ သိပ်မရှိ။

ကျွန်တော်တို့ လင်မယားလည်း ထိုင်းရောက်ကြသည်။ အစတော့ တစ်နှစ်နှစ်နှစ်ဟု တွေး၍ ကလေးမယူဘဲ နေသေး၏။ သို့သော် အနေကြာ၍ ကိုယ့်အိမ်လိုတွေးလာသောအခါ ကလေးယူဖြစ်ခဲ့သည်။ တရားဝင်အလုပ်သမားများမို့ ကျန်းမာရေး စောင့်ရှောက်မှုတွေလည်း ရပါသည်။ ဇနီးသည်သည် မဟာချိုင် ဆေးရုံကြီး၌ ပင် မွေးခဲ့ခြင်းဖြစ်၏။(ခုနှစ်၊ လတို့ မမှတ်မိခြင်းက ကျွန်တော့်အပြစ်ဖြစ်သည်)

ထိုင်းနိုင်ငံသည် တစ်ယောက်လုပ်စာ တစ်ယောက် စားလောက်၏။ သို့သော် မိသားစု ထိုင်စား၍ မဖြစ်။ ထို့ကြောင့် သားလေး ၆ လသား ရောက်သောအခါ အဖေနှင့်အမေ့ထံ ပို့ပြီး ကျွန်တော်တို့ လင်မယားက ဆက်၍ လုပ်နေခဲ့သည်။

ယခု ကျွန်တော်တို့ ပြန်ရောက်လာသောအခါ သားလေးသည် ၅ နှစ်ပြည့်ပြီးနေ၏။ KG တန်းတက်၍နေလေပြီ။ သို့သော် အိမ်ထောင်စုဇယား၌ သားနာမည် မပါသေး။ အဖေနှင့်အမေသည် ထိုသို့လုပ်ရမှန်း မသိ။ ကျွန်တော်ရောက်မှ လှုပ်ရှားရခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

'ဟုတ်တယ် မဟုတ်လား၊ ခင်ဗျားကလေး ထိုင်းမှာမွေးတာ မဟုတ်လား'

သူ ထပ်၍ မေးသည်။ ကျွန်တော့် အတွေးလည်း ပြေးလေ၏။

'ဟုတ်ကဲ့'

ကျွန်တော်ဖြေတော့ သူ့မျက်နှာ တွန့်၍ ပြုံးနေခဲ့သည်။

'ဒီမှာ၊ ခင်ဗျား သိထားဖို့က ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံအတွက် သိပ်အရေးကြီးတယ်ဗျ။ တကယ့်အမှန်ဆိုရင်တော့ထား။ အမှန်အကန် မဟုတ်ဘဲနဲ့ နိုင်ငံခြားက မွေးကင်းစ လူမျိုးခြားတွေ ခေါ်လာမယ်၊ ကျွန်တော်ကျွန်မ ကလေးဆိုပြီး လုပ်မယ်။ ကျွန်တော်တို့က သေသေချာချာ မစိစစ်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံက လူမျိုးပြီး လူမျိုးပြုတ်သွားမှာပေါ့ဗျ။ ဒါကြောင့် ခင်ဗျားကလေး အမှန်ဖြစ်ကြောင်း ရုံးတော်က တရားသူကြီးရှေ့မှာ သွားပြီး ကျမ်းကျိန်ရလိမ့်မယ်'

မှန်ပါသည်။ သူ ပြောသည်က သဘာဝကျသည်။ နည်းကျနေသည်။

ကိုယ့်ကလေး မဟုတ်ဘဲ ကိုယ့်ကလေးအဖြစ် အိမ်ထောင်စုဇယားထဲ ခံခံ့ထည်ထည် ဝင်ရောက်ခဲ့သူတွေ သည်နိုင်ငံမှာ ရှိနေခဲ့သည်ပဲ။ ထိုသို့ စိစစ်ခြင်းကို ကျွန်တော် ကျေနပ်ပါသည်။ ထို့ကြောင့် တရားရုံးသို့ လှမ်းခဲ့ရ၏။

တစ်ခါမှ မရောက်ဖူးသော်လည်း မိဘစိတ်နှင့်ရဲ၍ တင်းရသည်။

ကျမ်းထုပ်ကိုင်ပြီး ကျွန်တော့်သား စစ်မှန်ကြောင်း ကျိန်ဆိုရသောအခါ သားလေး မျက်နှာသည် ပြုံး၍ ပြုံး၍ ပေါ်လာ၏။ ရင်က ငြိမ့်၍ ခုန်ပါသည်။

ကျမ်းကျိန်ပြီးသည်နှင့် ကျွန်တော် ပြန်လာခဲ့၏။ ခြေလှမ်းတို့သည် အသွားနှင့်မတူတော့။ သွက်၍ ပေါ့နေတော့သည်။

ရုံးရောက်သောအခါ တရားသူကြီး ပေးလိုက်သော စာရွက်ကို သူ့ထံ ကမ်း၍ပေးဖြစ်သည်။

'အင်း၊ ကျမ်းကျိန်ပြီးပြီပေါ့'

ထုံးစံအတိုင်း စာရွက်ကို ဝေ့၍ဝိုက်၍ စေ့စေ့စပ်စပ် ကြည့်သည်။ ကျွန်တော့်မှာ တထိတ်ထိတ်။

'ဒီမှာ၊ ခင်ဗျား ကျမ်းကျိန်ပြီးပြီဆိုပေမဲ့ အိမ်ထောင်စု ဇယားထဲ ထည့်လို့ မရသေးဘူးဗျ'

'ဗျာ၊ ဘာ ဘာလိုသေးလဲ ဟင်'

သူ့မျက်နှာကို အငမ်းမရ ကြည့်ရင်း မေးဖြစ်လိုက်သည်။

ကျွန်တော်နှင့် ဆန့်ကျင်စွာ သူသည် အေးစက်လွန်းနေ၏။ ခဏကြာမှ သူ့နှုတ်က ပွင့်၍လာသည်။

သူ့အသံသည် တိုး၏၊ ညင်း၏။ သို့သော် ကျွန်တော့်အတွက် မိုးကြိုးပစ်သံဖြစ်ပါသည်။ သူ ပြောလိုက်သည်ကား။

'သံရုံး ထောက်ခံစာ' တဲ့။ ■

နော်၊ကျောက်တိုင်၊




၁၉၈၈ – ၈၉ ခုနှစ်က
ဒေါ်အောင်ဆန်းစုကြည်၏
မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း
စည်းရုံးရေးခရီးစဉ်
မှတ်တမ်းစာအုပ် ဖြစ်ပါသည်။
စာရေးသူကိုယ်တိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြန်ကြားရေးအဖွဲ့ဝင်အဖြစ်
လိုက်ပါခဲ့သည့် ထိုခရီးစဉ်သည်
စိတ်ပင်ပန်းစရာ၊ စိတ်မောစရာ၊
စိတ်အနှောင့်အယှက်ဖြစ်စရာများဖြင့်
ကြုံတွေ့ခဲ့ရသော ခရီးစဉ်ဖြစ်ခဲ့ပါသည်။
ထိုအကြောင်းကို
ဆရာမ မသီတာ(စမ်းချောင်း)က
လွန်ခဲ့သည့် နှစ် ၃၀ ကတည်းက
မှတ်တမ်းအဖြစ် ရေးသားခဲ့သည်။
မွန်ခရီးစဉ်ကို ၁၉၈၈၊ ဒီဇင်ဘာ ၁၄ ရက်နေ့မှာ
စတင်ခဲ့ပြီး ဧရာဝတီတိုင်း ခရီးစဉ်ကို
၁၉၈၉ ဇန်နဝါရီလ ၁၄ ရက်နေ့ မှာ စတင်ခဲ့သည်။
နှစ် ၃၀ ကြာခဲ့ပြီးနောက် ဤစာအုပ်ကို
စာနဒီ စာပေက ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁။

အရှေ့မိုးကုပ်စက်ဝိုင်း၌ တိမ်ဖြူတစ်အုပ် ယှက်သိုင်းနေ၏။ ထွက်ပြူစ ရောင်ခြည် တန်းတို့သည် ငွေရောင်ချည်မျှင်များသဖွယ် တိမ်ဖြူအုပ် ကိုဖြတ်သန်းလျက် ဒေါ်ပန်းရုံ၏ အကြော်တဲအတွင်းသို့ ဖြာကျနေသည်။ အကြော်တဲနံ ဘေးရှိ နှင်းရည်တို့ စွတ်စိုနေသော ထနောင်းပင်ပျိုထက်၌ ငှက်ကျေးတို့သည် စိုးစီစိုးစီ တွန်ကျူးနေကြ၏။ ဒေါ်ပန်းရုံသည် ထင်းတစ်ချောင်းကို မီးဖိုထဲ ထပ်စိုက်လိုက်ပြီး အကြော်တဲအပြင်သို့ လှမ်းမျှော် ကြည့်လိုက်သည်။ ဝန်းကျင်တစ်ခွင်၌ မြူနှင်းတို့ ရစ်သိုင်းလျက်ရှိ၏။



"စာပါတယ် အမေရေ"

အော်သံနှင့်အတူ လူရွယ်တစ်ဦး အကြော်တဲဆီသို့ အပြေးလှမ်းလာ၏။ အကြော်တဲထဲဝင်လာသည့်တိုင် အမောမပြေနိုင်သေး။ အိတ်ကပ်ထဲမှ စာတစ်စောင်ကိုထုတ်ကာ ဒေါ်ပန်းရုံကိုလှမ်းပေးလိုက်သည်။ စာကို လှမ်းယူလိုက်သော ဒေါ်ပန်းရုံမျက်နှာမှာ တိမ်စင်လနှယ် ဝင်းပလာ၏။

"ဖြည်းဖြည်းလာပါ လူလေးချစ်ဦးရယ်၊ အမေ့ အကြော်တဲက ဘယ်မှ ထွက်မပြေးပါဘူး"

ဒေါ်ပန်းရုံစကားကြောင့် ချစ်ဦး ပြုံးလိုက်မိသည်။

"စာကရောက်တာ သုံးရက်ရှိပြီ အမေရဲ့၊ ကျွန်တော် အလုပ်မအားသေးလို့ လာမပို့ဖြစ်တာ၊ ကဲအမေ စာကို နောက်မှဖတ်တော့၊ ကျွန်တော့်ကို အကြော်ဗန်းပြင်ပေးဦး၊ ရပ်ကွက်ထဲ လှည့်ရောင်းလိုက်မယ်"

"သြော် အေး အေး"

အကြော်ဗန်းထဲသို့ အကြော်စုံ စီထည့်လိုက်သည်။ အကြော်များကို ထုပ်ပေးရန် စီစီရီရီ ညှပ်ထားသော သတင်းစာစက္ကူများကိုလည်း ထည့်ပေးလိုက်သည်။ ချစ်ဦးလည်း အကြော်ဗန်းကို ယူကာ တဲအပြင်သို့ထွက်သွားသည်။ တဲအပြင်ရောက်သည်နှင့် သူ၏ အသံအောအောကြီးဖြင့် အော်လိုက်သည်။

"အကြော်စုံပူပူလေး ရမယ်ဗျို့၊ အကြော်စုံပူပူလေး"

နှင်းမြူများကြားသို့ တိုးဝင်သွားသော ချစ်ဦးကျောပြင်ကို ကြည့်ရင်း ဒေါ်ပန်းရုံရင်ထဲ အမျိုးအမည်မသိသော ဝေဒနာတစ်ခုက တိုးဝင်လာသည်။ ဒယ်အိုးထဲသို့ အကြော်ထပ် မထည့်တော့ဘဲ ထင်းချောင်းများကို နောက်ဆုတ် မီးလျှော့လိုက်ပြီး ချစ်ဦးပေးခဲ့သော စာကို ဖွင့်ဖတ်လိုက်သည်။

*ရက်စွဲ။ ။ ၁၅၊ ၁၀၊ ၁၉၉၃။*

*သို့/*

*အမေ*

*သား လူကြုံနဲ့ စာတစ်စောင် ထည့်ပေးလိုက်တယ်။ အမေ နေကောင်းလား။ သားလည်း နေကောင်းပါတယ်။ တောထဲမှာဆိုတော့ အစားအသောက် ဆင်းရဲပေမဲ့ သားယုံကြည်ချက်တွေနဲ့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ပါတယ် အမေ။ ကိုယ်ယုံကြည်ရာကို တစ်ဖွတ်ထိုး တဇောက်ကန်းလုပ်ခဲ့တဲ့ သားကို ခွင့်လွှတ်ပေးပါလို့ ထပ်လောင်းပြီး တောင်းပန်ပါတယ်အမေ။ အမေ တစ်ယောက်တည်း ဘဝကို ခက်ခက်ခဲခဲ ရင်ဆိုင်ရုန်းကန်နေရမယ်ဆိုတာ သား နားလည်ပါတယ်။ ဒါပေမဲ့ ဆင်းရဲတွင်းထဲ နစ်ပြီးရင်းနစ်နေတဲ့ ပြည်သူတွေအတွက် သားတာဝန်ကျေချင်တယ်အမေ။ သားကို နားလည်ပေးပါ။*

*တောထဲမှာ အရမ်းအေးတယ်အမေ။ နွေးထွေးတဲ့ အမေ့ရင်ခွင်ကို သားအောက်မေ့မိတယ်။ သားတို့ရဲ့ ယုံကြည်ချက်တွေ၊ ရည်မှန်းချက်တွေ ပြည့်လာတဲ့တစ်နေ့ အမေ့ရင်ခွင်ထဲကို အရောက်ပြန်လာခဲ့မှာပါ။ ခေါင်းဆောင်တွေက ပြည်မကြီးနဲ့ ဆက်သွယ်ခွင့်မပေးလို့ စာရှည်ရှည်မရေးနိုင်ဘူး။ ဒီစာတောင် ရိက္ခာလာပို့တဲ့ ရဲဘော်နဲ့ လျှို့ဝှက်ထည့်ပေးလိုက်တာ။*

*အမေ ကျန်းမာပါစေ။*

*အမေ့ရဲ့သား*

***ခေါင်းငွေ***

*(စာကြွင်း။ ။ သြော်အမေ*



www.burmeseclassic.com

www.burmeseclassic.com

*ချစ်ဦးကို အမေ့သားအရင်း တစ်ယောက်လို ဂရုစိုက်လိုက် ပါနော်။ သူ့ခမျာ မိဘတွေမရှိ ရှာတော့ မေတ္တာငတ်နေရှာ တာ။ အမေ့ကိုလည်း အမေ အရင်းတစ်ယောက်လို ချစ်ရှာ ပါတယ်)*

ဒေါ်ပန်းရုံ၏ မျက်ဝန်း၌ မျက်ရည်ဥတို့ တွဲခိုလာကာ အရေးအကြောင်းထပ်နေသော ပါးပြင်ထက်သို့ လိမ့်ဆင်းလာ၏။ ဘယ်ဆီဘယ်ဝယ်ကိုမှန်းမသိ ရော်ရမ်းမှန်းဆမိတော့ ရင်ကိုဆုပ်ခြေလိုက်သည့်နှယ် စူးနစ်မွန်းကျပ်လာသည်။

"ဒေါ်ကြီးပန်းရုံ အကြော်စုံတစ်ပွဲဗျို့"

"သြော် အေး အေး"

ပုံမှန်လာစားနေကျ စက်ရုံဝန်ထမ်းများအသံကြားမှ သတိဝင်လာသည်။ မျက်နှာပေါ်မှ မျက်ရည်စများကို အသာတို့သုတ်လိုက်သည်။ ထန်းခေါက်ဖာအဖုံးလေးကို ဖွင့်ပြီး စာရွက်လေးကို အသာခေါက်ကာ ထည့်လိုက်သည်။ ထန်းခေါက်ဖာအတွင်း၌ သားဆီမှ စာများက စီရရီ။ အဖုံးကို ပြန်ဖုံးလိုက်ပြီး ဧည့်သည်များအတွက် အကြော်ပြင်လိုက်သည်။ ထိုစဉ် ချစ်ဦးပြန်ရောက်လာပြီး-

"နေ နေ အမေ၊ ကျွန်တော် သွားချလိုက်မယ်"

ချစ်ဦးက ပြောပြောဆိုဆို အကြော်ပန်းကန်နှင့် ရေနွေးဘူးတို့ကိုယူကာ သွားချလိုက်သည်။ ဒေါ်ပန်းရုံက ချစ်ဦးကြို့က်တတ်သော အကြော်လေးများကို ဒန်ပန်းကန်ပြားထဲ ထည့်လိုက်ပြီး-

ausmi fom;xkuD \ a&Sfq;jrd pufWuó&f aemuf q;jrd&Sf ausmi fom; ukd'gjfaiG&Sh wwd Ef&f ausmi fom; cspf0D vkd&ónf cGñf 'gjfy0guk&d ez;jrfnpnf ausmi fom;or*¾ t vHkd qkf Ukdf/suf cDWuf/mNuonf ausmi fom;xkuD \ a4u;aNUmf oHm;um; t xuf b0*fv&f vGyfNv m\

"လူလေးရေ၊ ခဏနားရင်း အကြော်စားလိုက်ဦး"

"ဟုတ်ကဲ့ အမေ"

ချစ်ဦးလည်း အကြော်ပန်းကန်ကိုယူပြီး လွတ်နေသော ခုံပုလေး၌ ထိုင်ကာ စားနေလိုက်သည်။ အကြော်စားရင်း အကြော်ကြော်နေသော ဒေါ်ပန်းရုံကို ငေးကြည့်နေမိသည်။ ချစ်ဦးရင်သည် ဝမ်းနည်းမှုကြောင့် လှိုက်ဖိုလာသည်။ စာနာသနားစိတ်နှင့်အတူ မလုံမလဲစိတ်တို့က နှလုံးအိမ်သို့ တိုးဝင်လာ၏။ မီးခိုးငွေ့တို့ တလူလူတက်လာသည်။ ဝိုးတဝါး ပုံရိပ်တို့က မီးခိုးငွေ့များကြား တရိပ်ရိပ် ဟပ်ထင်လာ၏။ ချစ်ဦး၏ စိတ်ဝိညာဉ်သည်လည်း လွန်ခဲ့သော ငါးနှစ်တာ ကာလဆီသို့ လွင့်မျော သွားလေတော့သည်။

❑

၂။

ကောင်းကင်ယံတစ်ခုလုံး မိုးသားတိမ်လိပ်တို့ဖြင့် မည်းမှောင်နေသော်လည်း ထိုနေ့က မိုးမရွာပါ။ သွေးမျက်ရည်တို့သည်သာ သွန်းဖြိုးခဲ့လေသည်။ ပြည်လမ်းတစ်လျှောက် စုဝေးချီတက်လာသော ကျောင်းသားထုကြီး၏ ရှေ့ဆုံး၌ စက်မှုတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား ကိုဒေါင်းငွေနှင့် တတိယနှစ်ကျောင်းသား ချစ်ဦးတို့သည် ခွပ်ဒေါင်းပဝါကို နဖူးမှာစည်း၊ ကျောင်းသားသမဂ္ဂအလံကို ဆုပ်ကိုင်လျက် ချီတက်လာကြသည်။ ကျောင်းသားထုကြီး၏ ကြွေးကြော်သံများကား အထက်ဘဝဂ်တိုင် လွင့်ပျံ့လာ၏။

"ဒီမိုကရေစီ ရရှိရေး… ဒို့အရေး ဒို့အရေး"

"တက္ကသိုလ်များ ပြန်ဖွင့်ပေးရေး… ဒို့အရေး ဒို့အရေး"

ပညာရေးဌာနလက်အောက်ခံ တက္ကသိုလ်များကို ပိတ်လိုက်သဖြင့် ဆန္ဒပြပွဲကို လမ်းမတော် ဆေးကျောင်းသို့ ပူးပေါင်းရန် ချီတက်လာကြခြင်းဖြစ်သည်။ ရာနှင့်ချီသော ကျောင်းသားထုကြီးကို ဝန်းရံစောင့်ရှောက်လာကြသော ပြည်သူများကလည်း ပြည်လမ်းမကြီး၏ တစ်ဖက်တစ်ချက်မှ လိုက်ပါလာကြသည်။ မြေနီကုန်းမှတ်တိုင်နားအရောက် ရှေ့ပြေးကင်းထောက်အဖွဲ့မှ ကျောင်းသားနှစ်ယောက် အမောတကော ပြေးလာကြသည်။

"အစ်ကိုဒေါင်းငွေ မြေနီကုန်းမှတ်တိုင်မှာ သပိတ်တားမယ့် လုံထိန်းရဲတွေ လက်နက်အပြည့်အစုံနဲ့ စောင့်နေကြတယ်"

ချစ်ဦးရင်ထဲ ထိတ်သွားသည်။ ကြောက်၍မဟုတ်။ လုံထိန်းရဲများနှင့် ထိပ်တိုက်တွေ့ပြီး ကျောင်းသားများ၏ သွေး မြေခမည်စိုးသောကြောင့် ဖြစ်သည်။ ကိုဒေါင်းငွေက အံတစ်ချက်ကြိတ်လိုက်ကာ လက်တစ်ဖက်မြှောက်လိုက်သည်။ ကြွေးကြော်သံများ တိခနဲရပ်သွား၏။ ရှေ့သို့ နှစ်လှမ်းတိုးလိုက်ပြီး ကျောင်းသားများဘက် မျက်နှာမူကာ-

"ရဲဘော်တို့၊ ငါတို့ သပိတ်ကိုတားမယ့်သူတွေ ရှေ့မှာစောင့်နေကြပြီ၊ ထိပ်တိုက်ရင်ဆိုင်ရတဲ့အခါ အထိအခိုက် အကျအဆုံး ရှိနိုင်တယ်။ ဒါကြောင့် ညီလေးညီမလေးတို့ ကိုယ့်အသက်ကို မစွန့်လွှတ်နိုင်ရင် ဒီနေရာကနေ နောက်ဆုတ်လှည့်ပြန်နိုင်တယ်"

"မဆုတ်ဘူး၊ ဘယ်တော့မှ နောက်မဆုတ်ဘူး၊ ရှေ့ဆက်ချီတက်မယ်"

မိုးလုံးပဲ့မျှ ဟစ်ကြွေးသံများကား ကြက်သီးထဖွယ်ကောင်းလှသည်။ အားမာန်တက်ကြွနေသော ကျောင်းသားများကိုကြည့်ရင်း ချစ်ဦးရင်ထဲ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းဖြစ်မိ၏။ ဝမ်းသာမိသည်မှာ အသက် ငယ်ရွယ်သော်လည်း မဆုတ်မနစ်သည့် စိတ်ဓာတ်များကြောင့် ဖြစ်သည်။ ဝမ်းနည်းမိသည်မှာ ကျောင်းသားများမှာ မိဘရင်ခွင်၌ နွေးနွေးထွေးထွေး နေရမည့် နုနုနယ်နယ် အရွယ်များသာဖြစ်ခြင်းကြောင့် ဖြစ်သည်။

ဟစ်ကြွေးသံများ သံပြိုင်ထွက်ပေါ်လာပြန်သည်။ ကောင်းကင်ယံ၌ မိုးသားတိမ်လိပ်တို့နှင့်အပြိုင် ကျီးကန်းတို့ ဝဲပျံနေကြ၏။ စူးရှသည့် မျက်လုံးများက ပစ္စုပ္ပန်၏ ဖြစ်တည်မှုကို စောင့်ကြည့်နေသည့်နှယ်။ ကြိုတင်မျှော်မှန်းထားသည့်အတိုင်း မြေနီကုန်း မှတ်တိုင်အရောက် ယူနီဖောင်းဝတ်ရဲအင်အားတစ်ရာကျော်ခန့် ဆန္ဒပြကျောင်းသားများဆီ အလုံးအရင်း ဝင်ရောက်ကာ လက်နက်မဲ့ ကျောင်းသားများကို ရက်ရက်စက်စက် ရိုက်နက်လေတော့သည်။ ခြောက်လှန့်ပစ်ခတ်လိုက်သော သေနတ်သံများက တဒိုင်းဒိုင်း။ လူအုပ်ကြီးလည်း ထွက်ပြေးသူပြေးနှင့် အုတ်အော်သောင်းတင်းဖြစ်နေသည်။

လုံထိန်းရဲများသည် အုပ်စုကွဲသွားရုံ ဖြို့ခွင်းသည်နှင့်မတူ၊ ကျောင်းသားခေါင်းဆောင်များကို ပစ်မှတ်ထားကာ ရိုက်နှက်ဖမ်းဆီးနေ၏။ ရန်းရင်းဆန်ခတ်ဖြစ်နေသည့်ကြားမှ ကိုဒေါင်းငွေကို အတင်းဆွဲခေါ်သွားကာ ရဲသုံးယောက်က ဝိုင်းရိုက်နေကြသည်။ ချစ်ဦးခေါင်းလည်း ပူခနဲဖြစ်သွားကာ စေးထန်းသည့်သွေးတို့က မျက်နှာပေါ်စီးကျလာသည်။

jynf vrfrLUpOnf &&ddeDom aoQvM peSacsyD ykKSFh zelyfayg frsm;pfG vrfray:ü ysEHMvM aeonf aumifuif tHl u$Dt moHm, u$DvM NyMavNyD

အသေအပျောက်များစွာနှင့် သပိတ်စစ်ကြောင်း ပြိုကွဲသွားလေသည်။ ပြည်လမ်းမကြီးသည် ရဲရဲနီသောသွေးတို့ စွန်းချေပြီ။ ပိုင်ရှင်မဲ့ ဖိနပ်ပေါင်းများစွာ လမ်းမပေါ်၌ ပျံ့နှံ့လို့နေသည်။ ကောင်းကင်ယံ၌ ကျီးအာသံများ။ ကျီးတို့ပြိုလေပြီ။ ကိုဒေါင်းငွေ အပါအဝင် ကျောင်းသားခေါင်းဆောင်များ အသက်ပေးခဲ့ကြရသည်။

သပိတ်စစ်ကြောင်း ပြိုကွဲသွားသည်နှင့် စစ်ထောက်လှမ်းရေးများက ကျန်သည့်ကျောင်းသားများကို လိုက်လံ ဖမ်းဆီးနေသောကြောင့် ချစ်ဦးလည်း အသက်လုကာ ထွက်ပြေးခဲ့ရလေတော့သည်။ ❑

၃။

တစ်ညလုံး ပြေးလာရသော ခြေထောက်တို့က မခိုင်ချင်။ သို့သော် ချစ်ဦး မရပ်ရဲ။ တစ်ကိုယ်လုံးရှိသမျှ အားတို့ကို ခြေထောက်ဆီပို့ကာ အားကုန်ပြေးနေမိသည်။ ပင်ပန်းမောဟိုက်ကာ နားထဲမှ လေများ တဟူးဟူး ထွက်နေ၏။ ရေငတ်လွန်းသောကြောင့် အာခေါင်မှာ ပူလောင်ခြောက်သွေ့ကာ တံတွေးပင် မထွက်တော့။ ခေါင်းမှဒဏ်ရာက တဆစ်ဆစ်ကိုက်ခဲလာသည်။ နောက်ဘက် ခပ်လှမ်းလှမ်းမှ ခြေသံများကို ခပ်သဲ့သဲ့ကြားနေရသည်။ တစ်ညလုံး ဖွဲမလျှော့ဘဲ ထက်ကြပ်မကွာ လိုက်လာကြသူများကိုလည်း အံ့သြမိသည်။ တခြားသူတွေရော လွတ်မြောက်ကြရဲ့လား။ သူရော လွတ်ပါ့မလား။

အရှေ့ဆီက ရောင်နီမလာသေး။ အိမ်ခေါင်မိုးစုစုတို့ကို ဝိုးတဝါး အလင်းရောင်အောက်၌ ခပ်ရေးရေး မြင်နေရသည်။ ဘယ်ရောက်နေပြီလဲ သူမသိ။ ရန်ကုန်နယ်နိမိတ်ကို မကျော်သေးမှန်း သူခန့်မှန်းမိသည်။ ဆင်ခြေဖုံးရပ်ကွက်အစွန်လေးဖြစ်နိုင်သည်။ ခပ်လှမ်းလှမ်း၌ မီးကလေးမှိတ်တုတ်မှိတ်တုတ် တွေ့လိုက်ရသည်။ ချစ်ဦး အားတင်းကာ မီးရောင်ရှိရာဆီ သွားလိုက်သည်။ အကြော်တဲလေး တစ်တဲ။ အမယ်အိုတစ်ယောက် မီးမွှေးနေသည်ကို တွေ့ရသည်။

"အမေ ကျွန်တော့်ကို ကူညီပါဦး၊ ကျွန်တော် ကျောင်းသားတစ်ယောက်ပါ။ နောက်က လိုက်ဖမ်းနေကြလို့၊ ကျွန်တော် မပြေးနိုင်တော့ဘူး၊ ကျွန်တော့်ကို ကယ်ပါဦးအမေ"

တုန်ယင်မောဟိုက်နေသည့် ချစ်ဦးအသံကြောင့် ပထမတော့ အမယ်အို လန့်သွားသေးသည်။ တစ်ခဏ မှင်တက်နေပြီး အမျိုးအမည် မခွဲခြားနိုင်သော အရိပ်တစ်ခု အမယ်အို့မျက်ဝန်း၌ ယှက်သန်းသွား၏။ ဝန်းကျင်၌ လူရိပ် လူယောင်မတွေ့ရ။ ပကတိ ငြိမ်ဆိတ်လျက်ရှိ၏။အမယ်အိုသည် လှုလှုံးမကွဲသေးသည့် ပတ်ဝန်းကျင်ကို တစ်ချက်လှမ်းကြည့်ရင်း-

"လာလာ လူလေး၊ မျက်နှာအရင်သစ်လိုက်ဦး၊ မျက်နှာပေါ်မှာ သွေးခြောက်တွေနဲ့၊ ပြီးရင် ဒီဘူးသီး စိတ်ပေးနေ"

ချစ်ဦးလည်း အမယ်အို ညွှန်ကြားသည့်အတိုင်း မျက်နှာကမန်းကတန်း သစ်လိုက်ကာ ဘူးသီးထိုင်စိတ်နေလိုက်သည်။ ခဏအကြာ အပြေးလှမ်းလာသော ခြေသံများကြားရပြီး လူသုံးယောက် အကြော်တဲလေးရှေ့ ရောက်လာသည်။ နှလုံးခုန်သံကား တဒိတ်ဒိတ်မြန်လာ၏။

"ဒေါ်ကြီး ဒီဘက်ကို လူတစ်ယောက် ထွက်ပြေးလာတာ တွေ့လိုက်လား"

"ဘယ်သူမှ မလာပါ



www.burmeseclassic.com

www.burmeseclassic.com

ဘူး တူလေးတို့ရယ်’

‘သူက ဘယ်သူလဲ’

ချစ်ဦး ရင်ထိတ်သွားသည်။ ခေါင်းကို မမော့ရဲ။ ဘူးသီးကိုသာ အားတင်းစိတ်နေမိသည်။

‘ဒေါ်ကြီးရဲ့ သားပါကွယ်’

ချစ်ဦးရင်တို့ အတိုင်းအဆမရှိ အခုန်မြန်လာသည်။ လက်ထဲမှဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ အခြေအနေမကောင်းလျှင် ခုခံကာကွယ်ပြီး ထွက်ပြေးမည်ဟု စိတ်ကူးထားသည်။

‘ဆရာ ဟိုဘက်မှာ လူရိပ်တွေ့တယ်’

ထိုလူသုံးယောက် လမ်း၏ တစ်ဖက်သို့ ပြေးထွက်သွားမှ မနိုင်မနင်း ပင့်တင်ထားရသော သက်ပြင်းလုံးကြီးကို ဟင်းခနဲ ချလိုက်ရလေသည်။ ဆာလောင်မွတ်သိပ်နေသမျှ အမယ်အိုကျွေးသော ထမင်းကြမ်းခဲနှင့် အကြော်ပူပူ စားလိုက်မှ နေသာသွား၏။

လင်းရောင်ခြည်သည် အမှောင်ကိုခွင်းကာ နံနက်ခင်းကို ဆောင်ယူလာခဲ့သည်။ ကျေးငှက်တို့က အိပ်တန်းမှ ထ၊ ကာ တေးသီလျက် လင်းအရုဏ်ကို ဝန်းရံထားကြ၏။ ကျေးဇူးရှင်အမယ်အိုကို ကန်တော့ကာ ထွက်ခွာဖို့ ပြင်ရသည်။

‘လူလေးက ကျောင်းသားလား’

‘ဟုတ်ကဲ့ အမေ၊ စက်မှုတက္ကသိုလ် ကျောင်းသားပါ’

ချစ်ဦးအဖြေစကားကြောင့် အမယ်အို့မျက်ဝန်းများ အရောင်လက်သွားသည်။

‘ဟင် ဟုတ်လား၊ ဒါဆိုအတော်ပဲ၊ အဲဒီကျောင်းမှာ အမေ့ရဲ့သားရှိတယ်၊ မောင်ဒေါင်းငွေတဲ့၊ နောက်ဆုံးနှစ်တက်နေတာ၊ အိမ်ပြန်မလာတာ သုံးရက်ရှိပြီ၊ လူလေးနဲ့တွေ့ခဲ့ရင် အမေ့ဆီပြန်ခဲ့ဖို့ ပြောပေးပါကွယ်’

‘ဗျာ’

❑

၄။

မြင်ကွင်းတို့ ဝေဝါးလာမှ မျက်ဝန်းအိမ်၌ မျက်ရည်တို့ ရစ်ဝဲနေမှန်း ချစ်ဦး သတိထားမိသည်။ မျက်တောင်ကို နှစ်ချက် သုံးချက် ခတ်လိုက်မှ မျက်ရည်တို့ လွင့်စဉ်သွား၏။ အိပ်မက်ဆိုးမှ နိုးထ၊ လာသောအခါ ရင်သည် မောလျက်သာ ကျန်ခဲ့သည်။ ဖြစ်ရပ်ဆိုးတို့သည် မနေ့တစ်နေ့က အလား လတ်ဆတ်နေဆဲပင်။ လူ့ဘဝဟူသည် မျှော်လင့်ချက်တို့ဖြင့်သာ ရှင်သန်ရစမြဲဟု ဆိုကြသည်။ အသို့ဆိုလျှင် မျှော်လင့်ချက်တို့ဖြင့် ရှင်သန်နေဆဲ ဒေါ်ပန်းရုံ အတွက် အမှန်တရားကို ဖုံးကွယ်ထားသည်မှာ တရားသည်ဟု ချစ်ဦး ယုံကြည်ထား၏။

ကိုဒေါင်းငွေ ကျဆုံးသွားသည်ကို အသိမပေးဘဲ စာအတုများ၊ သတင်းအတုများကို ဖန်တီးခဲ့သည်။ ဒီမိုကရေစီသူရဲကောင်း သားအတွက် ဂုဏ်ယူဝင့်ကြွားနေသော ဒေါ်ပန်းရုံ၏ ပျော်ရွှင်မှုတို့ကို မရိုက်ချိုးပစ်ရက်ပေ။ ကိုဒေါင်းငွေဆီမှ စာလာဟန်ဖြင့် သူကိုယ်တိုင်ရေးကာ ဒေါ်ပန်းရုံ၏ မျှော်လင့်ချက်တို့ကို ရှင်သန်စေခဲ့သည်။ တုန်တုန်ယင်ယင်ဖြင့် လက်ထဲမှ စာကို စာလုံးပေါင်းဖတ်နေသော ဒေါ်ပန်းရုံ၏ မျက်ဝန်းတို့သည် ရွှမ်းစိုတောက်ပကာ မေတ္တာတရားတို့ ဖိတ်လျှံကျနေ၏။ အချိန်အတော်ကြာ မိဘမေတ္တာ ငတ်မွတ်ခဲ့သော ချစ်ဦးအတွက်လည်း ဒေါ်ပန်းရုံ၏ လူလေးဟူသော ခေါ်သံသည် နေလောင်ပန်းတစ်ပွင့်ကို ရေစင်ပက်ဖျန်းလိုက်သည့်နှယ် သူ့ရင်ကို အေးမြစေခဲ့သည်။ ငယ်စဉ်ကတည်းက အမေ့ရင်ခွင် ပျောက်ခဲ့ရသော သူ့အတွက် ဒေါ်ပန်းရုံ၏ မေတ္တာရင်ခွင်သည် နွေးထွေးလွန်းလှ၏။ ငတ်မွတ်နေသော မေတ္တာတရားတို့ကို အပြန်အလှန် မျှဝေခဲ့ကြသည်သာ။ တမလွန်မှ ကိုဒေါင်းငွေလည်း သူ့လုပ်ရပ်ကို နားလည် ခွင့်လွှတ်မည်ဟု ချစ်ဦး ယုံကြည်ထား၏။

❑

ဒီဇင်ဘာ နှင်းမှုန်နှင်းစက်တို့သည် ငွေရောင်ပဝါစအလား နံနက်ခင်းကို လွှမ်းခြုံထား၏။ ရောင်ခြည်ဖြာနေသော်လည်း နှင်းမကွဲသေး။ ငွေရောင်နှင်းစက်တို့ကြားတိုးဝင်သွားသည့် ချစ်ဦး၏ ကျောပြင် ပျောက်ကွယ်သွားသည်နှင့် ဒေါ်ပန်းရုံ၏ ဝမ်းနည်းမျက်ရည်တို့သည် ပွဲ့လျက်ပါးသော နှီးပုံးမှ ရေယိုသကဲ့သို့ တလိမ့်လိမ့်ကျဆင်းလာလေ၏။

ဒေါ်ပန်းရုံသည် တုန်တုန်ချည့်ချည့်လက်များဖြင့် ထန်းခေါက်ဖာအဖုံးကို ဖွင့်လိုက်သည်။ စီရရီ ထပ်ထားသော စာရွက်များ အောက်မှ သတင်းစာဖြတ်ပိုင်းလေးကို ဆွဲထုတ်လိုက်သည်။ ဆေးရောင်တို့လွင့်ပြယ်ကာ စာလုံးတို့ မှေးမှိန်နေသော်လည်း ဖတ်၍ရသေး၏။ ခေါင်းငုံ့ကာ ဖတ်နေသော ဒေါ်ပန်းရုံ၏ မျက်ရည်တစ်စသည် ‘ဆန္ဒပြကျောင်းသားများကို အကြမ်းဖက်ဖြိုခွဲ၊ ကျောင်းသားခေါင်းဆောင် ကိုဒေါင်းငွေနှင့် ကျောင်းသားနှစ်ဆယ်ခန့် ကျဆုံး’ဟူသော သတင်းခေါင်းကြီးပိုင်းပေါ်သို့ လိမ့်ဆင်းကျသွားလေ၏။

‘သားကြီး ကျဆုံးသွားပြီဆိုတာ အမေသိပြီးပါပြီ လူလေးရယ်၊ ဒါပေမဲ့ အမေ ဖွင့်မပြောခဲ့ဘူး။ စာပါတယ် အမေရေဆိုတဲ့ အော်သံနဲ့ ရောက်ရောက်လာတဲ့ လူလေးကို သားကြီး ဒေါင်းငွေလို့ပဲ မြင်မိတယ် လူလေးရယ်။ မိဘမဲ့နေတဲ့ လူလေးရဲ့ ဘဝကို အမေ့ရဲ့မေတ္တာတွေနဲ့ ဖြည့်ဆည်းပေးခဲ့သလို အမေ့ရဲ့ လစ်ဟာနေတဲ့ ကွက်လပ်ကိုလည်း လူလေးက ဖြည့်ဆည်းပေးခဲ့တယ်လေ။ လူလေးဟာ သားကြီးအစားကံကြမ္မာက ပေးခဲ့တဲ့ အမေ့ရဲ့ သားအရင်းတစ်ယောက်ပါ။ အမေ့ရဲ့ မနက်ဖြန်ပေါင်းများစွာကို လူလေးရဲ့ မေတ္တာတွေနဲ့ပဲ ရှင်သန်နေဆဲပါကွယ်’

တီးတိုးရေရွတ်ရင်း မျက်ရည်များကြားမှ ဒေါ်ပန်းရုံ ပြုံးလိုက်သည်။ ဆောင်းမနက်ခင်းသည် အမယ်အို၏ အပြုံးအောက်၌ ပီပီပြင်ပြင် လှပနေလေတော့သည်။ ■

**ညီကျော်၊တန့်ဆည်၊**



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၁၁၊ ဇွန်၊ ၂၀၁၉

ဒီလမှာ တော်သင့်ရုံကောင်းတဲ့ စာမူတော်တော်များများ တွေ့ရပါတယ်။ အကြောင်းအရာနဲ့ ရေးဟန်အားဖြင့် ထူးခြားပြီး ကောင်းမွန်တဲ့ စာမူကတော့ အားနည်းနေကြဆဲပါပဲ။ ဘာပဲဖြစ်ဖြစ် စာမူတစ်ပုဒ်ကို သေသေသပ်သပ် ကြိုးစားအားထုတ်ထားတယ်ဆိုရင် အတော်လေး ကျေနပ်စရာကောင်းနေပြီ ဖြစ်ပါတယ်။

၁။ *ပင်လယ်ဝှက်သော နှင်းဆီ*

**ကိုးငယ်မင်း**

လှည့်ကွက်သုံးပြီး ရေးချင်ပေမဲ့ အခင်းအကျင်း အဖွဲ့အနွဲ့ ရိုးစင်းနေပါတယ်။ စကားပြေ အရေးအသားပြေပြစ်ပါတယ်။ ကြိုးစားပါဦး။

၂။ *လရောင်အောက်မှာ ဝေဝါးစွာဖြင့်*

**အေးချမ်းအိမ်**

စာအရေးအသား ပြေပြစ်ပေမဲ့ စာစီစာကုံးဆန်ဆန် ရိုးစင်းလွန်းနေပါတယ်။ အဖွဲ့အနွဲ့အားနည်းသလို အဆုံးသတ်မှာလည်း ဆောင်းပါးဆန်နေပါတယ်။ စာများများ ဖတ်ပါဦး။

၃။ *သားအတွက်ကျတဲ့ အဖေ့မျက်ရည်*

**လင်းသစ်**

ကွန်ပျူတာစာစီထားရာမှာ စကားစုတွေကြား နေရာလပ်မရှိတဲ့အတွက် ဖတ်ရ အင်မတန်ခက်ပါတယ်။ မြန်မာစာရေးထုံးမှာ အကြားအလပ်မရှိ စကားလုံးတွေကို ရေးရိုးထုံးစံလည်း မရှိပါဘူး။ စာမူတစ်ပုဒ်လုံး စကားပြောနဲ့ စကားပြေရေးဟန် ရောထွေးနေပါတယ်။ စာများများ ဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၄။ *အိမ်နောက်ဖေးနီးချင်း*

**မြကေခိုင်**

ခေါင်းစဉ်ကအစ စာမူအဖွင့်၊ အလယ်၊ ဇာတ်လမ်းဇာတ်ကွက်အဆုံး အင်မတန်ရိုးစင်းနေပါတယ်။ ရိုးရိုးလေးလေးနဲ့ အနုပညာမြောက်အောင် ရေးဖွဲ့လို့ရနိုင်တာမို့ အဲဒီလိုဖြစ်အောင် ကြိုးစားပြီး ရသပါအောင် အားထည့်စေချင်ပါတယ်။

၅။ *သံသရာတကြော့မယ်*

**မေသနပ်ခါး**

ပြောချင်တာရှိပြီး အရေးအသားပြေပြစ်လှတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ မှန်းဆယူလို့ရတဲ့ အကြောင်းအရာပိုင်းဆိုင်ရာ ရိုးစင်းမှုကြောင့် အားနည်းသွားရတာ ဖြစ်ပါတယ်။ ကြိုးစားပါဦး။

၆။ *အပြောင်မြောက်ဆုံးသောလက်ရာ*

**မေတ္တာမိုးနှင်း(ပဲခူး)**

ကွန်ပျူတာစာစီရာမှာ နေရာလွတ်မခြား စီထားပြန်တဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ အကြောင်းအရာရော အခင်းအကျင်းပါ ဆန်းသစ်အောင် အားထုတ်ထားပေမဲ့ အပြန်အလှန် စကားပြောကို အားပြုလွန်းပြီး အဖွဲ့အနွဲ့နဲ့ တင်ပြပုံ အားနည်းသွားပါတယ်။

၇။ *ရပ်နေတဲ့နာရီတစ်လုံးအကြောင်း*

**လင်းသပြေမောင်**

ဒီစာမူလည်း ကွန်ပျူတာစာစီအားနည်းချက် ဖြစ်နေပါတယ်။ အဲဒီအပြင် စကားပြေ၊ စကားပြော ရောထွေးမှုလည်း ရှိပါတယ်။ သမားရိုးကျအတွေးနဲ့ အရေးဖြစ်ပြီး ကိုယ်မကျွမ်းကျင်တဲ့ နိုင်ငံရေးအတွေးအခေါ်တချို့ကိုပါ ထည့်ရေးထားတာ တွေ့ရပါတယ်။

၈။ *ဆန္ဒနှစ်ခု၏ ဆုံတွေ့ရာ*

**မိုးသောက်ထွန်း**

ရုပ်ရှင်ဆန်ဆန် ဇာတ်အချိုးအကွေ့ စာမူတစ်ပုဒ်ဖြစ်ပေမဲ့ မှန်းယူလို့ ရနေသလိုဖြစ်တာမို့ အားနည်းသွားပါတယ်။

၉။ *ဟိုဘက်အိမ်က ဦး*

**ဆူးကြယ်စင်**

အပြန်အလှန်စကားပြောကို အဓိကအားပြုထားတဲ့အတွက် အခင်းအကျင်းတင်ပြပုံ အတော်လေးအားနည်းသွားပါတယ်။

၁၀။ *လူတော်၊ လူကောင်း*

**တိုးလေး(မြို့ပျံ)**

အရေးအသားပြေပြစ်တဲ့ စာမူပါ။ ဒါပေမဲ့ အပြန်အလှန် စကားပြောများပြီး အပြောသက်သက်ကို အားပြုထားတဲ့အတွက် အဖွဲ့အနွဲ့နဲ့တင်ပြပုံ မရှိသလောက် အားနည်းသွားပါတယ်။

၁၁။ *ဘယ်သူလာကူပါ့*

**မလေး(ယော)**

အရေးအသားအားနည်းပြီး ရိုးစင်းတဲ့စာမူတစ်ပုဒ်ဖြစ်သလို ဇာတ်ကြောင်းပြောသက်သက် ဖြစ်နေပါတယ်။

၁၂။ *မီးခိုးရောင်လွင်ပြင်*

**စံထိုက်သူ**

အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းလှပါတယ်။ စာများများဖတ်ပါဦး။

၁၃။ *သက်သောင့်သက်သာသွားသင့်သည်*

**မောင်ပိုင်(လေးမျက်နှာ)**

လူသိများတဲ့ စာချိုးတစ်ခုကို အခြေခံပြီး ပညာပေး ဆန်ဆန် ရေးဖွဲ့ထားတာသာ ဖြစ်ပါတယ်။ ထူးခြားမှု မရှိပါဘူး။

၁၄။ *မှတ်သုံမိုးနှင့်အတူ*

**မိုးသီဟ**



www.burmeseclassic.com

www.burmeseclassic.com

အရေးအသား ပြေပြစ်ပါတယ်။ ဆောင်းပါးအဖြစ် ရေးဖွဲ့ဖို့ ပိုပြီးသင့်လျော်တဲ့ အကြောင်းအရာဖြစ်နေပါတယ်။

၁၅။ *မေတ္တာမြစ်ဖျား*

**သက်ဝေမှူး(မြဝတီ)**

အရေးအသားနဲ့ တင်ပြပုံအားနည်းပါတယ်။ အပြန်အလှန် စကားပြောကိုပဲ အဓိကထားရေးဖွဲ့တာ ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၁၆။ *အချစ်နှင့်အဆိပ်*

**သိင်္ဂါဒီပ**

ပြောချင်တာရှိပေမဲ့ အရေးအသားနဲ့တင်ပြပုံက ရိုးစင်းပြီး အဆုံးသတ်မှာ ဆောင်းပါးဆန်နေပါတယ်။

၁၇။ *ကျွန်တော်တို့သည် လူများ ဖြစ်ကြသည် သို့သော် ကျွန်တော်တို့သည်*

၁၈။ *အရူးတစ်ယောက်*

**သက်ငြိမ်**

**ကျွန်တော်တို့သည်…** က ပြောချင်တာရှိပေမဲ့ တိုလွန်းပြီး အဖွဲ့အနွဲ့အားနည်းပါတယ်။ **အရူးတစ်ယောက်** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

❑

ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

မြကေခိုင် ရဲ့ *ကိုကာကိုလာ*၊ ရွှေသူရစ္စ(ထားဝယ်)ရဲ့ *ပြောင်းလဲတတ်သော နှောင်ဖွဲ့မှုများအကြောင်း*၊ မိုးယံဝင့်ထည် ရဲ့ *ရွှေပါးစပ်*၊ သွဲ့ဒီနှယ် ရဲ့ *အဝေးများ*၊ အိဝေအောင်(ပုလဲမြေ) ရဲ့ *ပြောင်းလဲခြင်းသီအိုရီ* နဲ့ *ရင်ဘတ်ထဲက စစ်ပွဲတစ်ရာ*၊ နေခြည်(ကြီးနီ) ရဲ့ *ထမင်းဆိုင်ထဲမှ ပဟေဠိ*၊ ကိုထိုက်(သင်ပန်းကုန်း) ရဲ့ *ကျူးထဲက ကျူး*၊ ကိုတူး ရဲ့ *ကမ်းချေသည့်ရေ* တို့ ဖြစ်ပါတယ်။

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) တင်ပေးလိုက်တဲ့ ဝတ္ထုတွေအကြောင်း မပြောခင် အခုတလော ရွှေအမြုတေမဂ္ဂဇင်းသို့ E- Mail နဲ့ ပေးပို့နေကြတဲ့ စာမူရှင်များကို အရင်ပြောလိုပါတယ်။ nyeinfamily@gmail.com နဲ့ ပေးပို့ရင် ကျွန်တော့်ကွန်ပျူတာကို တိုက်ရိုက်ရောက်ပါတယ်။ ကျွန်တော်ကလည်း ရောက်ရှိလာတဲ့ စာမူများကို Download ဆွဲပြီးတိုင်း စာမူရရှိပါတယ်လို့ အကြောင်းပြန်ပေးနေပါတယ်။ တချို့စာမူရှင်တွေက သူတို့စာမူ မရောက်မှာစိုးလို့ တစ်ရက်ခြားလောက်မှာ နောက်တစ်ကြိမ်၊ နောက်တစ်ရက်ခြားလောက်မှာ နောက်တစ်ကြိမ် ထပ်တလဲလဲ ပေးပို့နေကြတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်ပြန်စာရပြီးရင် ထပ်မပို့ဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့က စာမူများကို စာရင်းသွင်းတဲ့အခါမှာ ထပ်တလဲလဲ ဖြစ်နေတာ တွေ့နေရလို့ပါ။*

*ဒီလ စာမူတွေအကြောင်း စ,ပြောပါတယ်။ ဆရာမ မသီတာက စာမူ ၁၀ ပုဒ် ကျွန်တော့်ဆီကို တင်ပေးလိုက်ပါတယ်။ အဲဒီစာမူများထဲက ဆရာ ကိုထိုက်(သင်ပန်းကုန်း) ပေးပို့လိုက်တဲ့ 'ကျူးထဲက ကျူး' ကို အရင်ပြောလိုပါတယ်။ ဒီနေ့ခေတ်ပေါ် ကျူးကျော်ပြဿနာကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဇာတ်ကွက်တိုလွန်းပါတယ်။ ကျူးကျော်တွေအတွက် နိုင်ငံတော်က အိမ်ရာဆောက်လုပ်ပေးရာမှာ ကိုယ်တိုင်မနေဘဲ ကိန်းဆယ်ဂဏန်းနဲ့ ရောင်းစားကြတဲ့အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းကို နည်းနည်းချဲ့ရေးလိုက်မယ်ဆိုရင် ဖတ်လို့ကောင်းတဲ့ ဇာတ်တစ်ပုဒ် ဖြစ်လာမှာပါ။*

*ဆရာ နေခြည်(ကြီးနီ) ရဲ့ 'ထမင်းဆိုင်ထဲက ပဟေဠိ' ကို ဖတ်ရပါတယ်။ ကားရပ်နားစခန်းမှာ ရှိတဲ့ ထမင်းဆိုင်တစ်ဆိုင်မှ ရေနွေးကြမ်းပြဿနာကို တင်ပြထားတာ ဖြစ်ပါတယ်။ တိုလွန်းပါတယ်။*

*ဆရာမ အိဝေအောင်(ပုလဲမြေ)ကတော့ သူရေးထားတဲ့ စာမူကို စာတိုက်က ပေးပို့ခဲ့တာ ဖြစ်ပါတယ်။ ကာဗွန်ခံပြီး ရေးထားတာ ဖြစ်တဲ့အတွက် မျက်စိမကောင်းတဲ့ ကျွန်တော့်အတွက် ဖတ်ဖို့ရာ တော်တော်ခဲယဉ်းပါတယ်။ မူရင်းကို ပေးပို့ပြီး မိတ္တူကို သိမ်းထားဖို့ သင့်ပါတယ်။ ဆရာမက 'ရင်ဘတ်ထဲက စစ်ပွဲတစ်ရာ' နဲ့ 'ပြောင်းလဲခြင်းသီအိုရီ' နှစ်ပုဒ် ပေးပို့ထားပြီး အဲဒီနှစ်ပုဒ်စလုံးကို ဆရာမ မသီတာက တင်ပေးခဲ့တာ ဖြစ်ပါတယ်။ စိတ်ရှိသေးတယ်ဆိုရင်တော့ လက်ရေးကော်ပီ ထပ်ပို့လိုက်ပါ။*

*ဆရာ သွဲ့ဒီနှယ် ရဲ့ 'အဝေးများ' ဆိုတဲ့ဝတ္ထုကို ဖတ်ရပါတယ်။ ဝတ္ထုတိုရေးတယ်ဆိုတာ လိုတိုရှင်းကိုပဲ ရေးရပါတယ်။ ဖွဲ့နွဲ့ရေးလို့ မရပါဘူး။ ဝတ္ထုရှည်ကတော့ ဖွဲ့လို့ရတယ်။ ဝတ္ထုတိုနဲ့ ဝတ္ထုရှည်ရဲ့ ခြားနားခြင်းက အဲဒါပါပဲ။ ဆရာက ဖွဲ့နွဲ့လွန်းအားကြီးနေပါတယ်။*

*ဆရာမ သက်ငြိမ် ရဲ့ 'အရူးတစ်ယောက်' ဝတ္ထုတိုကို ဖတ်ရပါတယ်။ ကျွန်တော် ဉာဏ်မမီဘူးဗျ။*

*ဆရာမ မြကေခိုင်ရဲ့ 'ကိုကာကိုလာ' ဝတ္ထုတိုမှာ ရိုးသားစွာ ကြိုးစားလို့ ရောင်းကောင်းတဲ့ ဝက်သားတုတ်ထိုးသည်တစ်ယောက်ရှေ့မှာ ထိုင်စားတဲ့ အမျိုးသားတစ်ယောက်အကြောင်း ရေးဖွဲ့ထားပါတယ်။ အကြောင်းအရာကောင်းပေမဲ့ ဆရာမရဲ့ ဝတ္ထုတိုက အတိုဆုံးဝတ္ထုတိုလို့ ပြောရလောက်အောင် တိုလွန်းနေပါတယ်။ ဒီလောက်တိုတော့လည်း အလုပ်မဖြစ်ပြန်ဘူး။*

*ဒါကြောင့် ဒီလမှာ ဝတ္ထုတို သုံးပုဒ်သာ ရွေးချယ်ဖြစ်ပါတယ်။ ဆရာ ရွှေသူရစ္စ(ထားဝယ်) ရဲ့ 'ပြောင်းလဲတတ်သော နှောင်ဖွဲ့မှုများအကြောင်း'၊ ဆရာမ မိုးယံဝင့်ထည် ရဲ့ 'ရွှေပါးစပ်'၊ ဆရာ ကိုတူး ရဲ့ 'ကမ်းချေသည့်ရေ' တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေသူရဋ္ဌ (ထားဝယ်)

## ပြောင်းလဲတတ်ခြင်းသဘောနှင့်မြဲမြံမှုများအကြောင်း

အမှတ် ၃၇၇ ဇွန် ၂၀၁၃

၁။

အချစ်ဆိုသည့် အရာတစ်ခု ကျွန်တော့်ထံသို့ ရောက်ရှိလာခြင်းမှာ မည်သို့မျှ မထူးဆန်းပေ။ ဘစိုင်း (စိုင်းစိုင်းခမ်းလှိုင်)ကဲ့သို့ *၁၉၉၇ ဒီဇင်ဘာလ ၁ ရက် ကောင်းကင်ပြာပြာကြီးအောက်မှာ ကျွန်တော့်ချစ်သူကို စတွေ့ခဲ့ပါ* ဟု သီချင်းစပ်ဆိုရလောက်အောင် ရှိမန့်တစ် မဖြစ်သလို အချို့ စာရေးဆရာများနှယ် အလင်္ကာမြောက်သည့် ကိန်းကြီးခန်းကြီး စကားလုံးများနှင့် စီစီရီရီ ဖွဲ့နွဲ့ရလောက်အောင် ထိလည်း ကဗျာမဆန်ခဲ့။ အချစ်ဆိုသည့် စကားလုံးကို ကြားဖူးနေသည်မှာ ကြာပြီ ဖြစ်သော်လည်း တကယ်တမ်း စတင်ထိတွေ့ခဲ့ရသည့် အဖြစ်က ရိုးရိုးကလေးမှ တကယ့်ကို ရိုးရိုးကလေးဖြစ်ကာ ကျွန်တော်နှင့်လည်း တိုက်ရိုက်မသက်ဆိုင်၊ အခြားသူတစ်ဦးနှင့် ပတ်သက်၍ သွယ်ဝိုက်ကာ သိခွင့်ရသော ထိုအချစ်သည် ကျွန်တော် လက်ခံရရှိသည့် ဖုန်းအဝင်ကောလ်တစ်ခုမှ စတင်ခဲ့၏။

❑



www.burmeseclassic.com

www.burmeseclassic.com



၂။

ကျောင်းပိတ်ကာလ ရက်များထဲမှ ရက်တစ်ရက်ဖြစ်သည့် အဲသည်နေ့က ရာသီဥတုနှင့် ပတ်ဝန်းကျင် အခြေအနေတို့ မည်သို့ရှိသည် ကျွန်တော်မသိ၊ သတိလည်း မထားမိ။ ကျောင်းပိတ်ရက် သို့မဟုတ် အားလပ်ရက်တိုင်းတွင် အပြင်ထွက်လည်၊ ဟိုဒီ လမ်းသလားခြင်းထက် အိမ်တွင်းသာ အောင်းတတ်သည့် ကျွန်တော့်အတွက်က စာအုပ်များ၊ သီချင်းများနှင့် ရုပ်ရှင်ဇာတ်ကားများရှိနေလျှင် လုံလောက်ပြီ။ ကျွန်တော်က အနုပညာများနှင့် မွေ့လျော်တတ်သူသာဖြစ်၏။

မှတ်မှတ်ရရ ထိုနေ့က ကျွန်တော်သည် ဆရာကြီးချစ်ဦးညို၏ ဂန္ထဝင်မြောက် လက်ရာတစ်ပုဒ်ဖြစ်သည့် **လက်ဘဒီပ ချစ်သူ** စာအုပ်ကို သဲကြီးမဲကြီး ဖတ်နေချိန် ဖြစ်သည်။ ဆရာကြီး၏ နာမည်ကြီး လူကြိုက်များလှပါသော၊ အရေးအသား ပြောင်မြောက် ကောင်းမွန်လှပါသော၊ အကြိမ်ရေများစွာ ရိုက်နှိပ်ထုတ်ဝေနေရလောက်သည်အထိ အောင်မြင်ကျော်ကြားလှပါသော ထိုစာအုပ်အား ကြားဖူးနေသည်မှာ ကြာပြီဖြစ်သော်လည်း အခြေအနေအကြောင်း ကြောင်းကြောင့် ဇကာဒသမ အကြိမ် ထုတ်ဝေသည့်အခါတွင်မှ အပိုင်ဝယ်ယူဖတ်ရှုဖြစ်ခဲ့သည်။

ကျွန်တော်က စာအုပ်နှင့်မျက်နှာ အပ်မိလျှင် ထမင်းမေ့ဟင်းမေ့ဖြစ်တတ်သူပင်။ အရာအားလုံးကိုလည်း မေ့လျော့သွားတတ်သည်။ မေမေကဆို ကျွန်တော့်အား အမြဲဆူသည်။

'မေမေရယ် သူများ တွေလို တစ်နေကုန် အပြင်ထွက်လျှောက်သွား လျှောက်လည်ပြီး အိမ်မကပ်တဲ့သူတွေထက် အိမ်ထဲမှာပဲ အေးအေးဆေးဆေးနေပြီး စာတွေဖတ်နေတတ်တဲ့ သားလို သားတစ်ယောက်ကို ရထားတာ မေမေ ဘယ်လောက်တောင် ကံကောင်းတယ်မှတ်လဲ'

ကျွန်တော်က ထိုသို့ပြောလျှင် မေမေက မသိမသာနှုတ်ခမ်းလေးမဲ့ကာ 'ကြီးကြီးကျယ်ကျယ်တော်'ဟု ပြောတတ်သည်။

'ဖတ်တာလည်း ဖတ်ပေါ့၊ စာဖတ်တဲ့ အလေ့အကျင့်က ကောင်းတယ်ဆိုတာ မေမေ သိပါတယ်။ တချို့တွေဆို တကူးတကတောင် လေ့ကျင့်ပေးရသေးတာ။ မေမေ ပြောတယ်ဆိုတာက သားမျက်စိတွေပျက်မှာ စိုးလို့၊ တော်ကြာ မျက်မှန်တပ်နေရလို့ရှိရင် မေမေ့သားချောလေး အလှပျက်နေမှာစိုးလို့ ပြောတာပါ'

'စိတ်မပူပါနဲ့ မေမေ၊ စာဖတ်လို့ မျက်စိပျက်မယ်ဆိုတဲ့ အယူအဆကို သူများတွေ ဘယ်လိုလက်ခံလဲ မသိပေမဲ့ သားကတော့ လက်မခံဘူး မေမေ။ သားမျက်လုံးတွေ စာဖတ်တော့မှ ပိုပြီး တောက်ပလာတာ၊ ပိုပြီးတော့ အားရှိလာတာ မေမေရ'



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင်မတော့ မေမေ ကျွန်တော့်အား အရှုံးပေးရတော့သည်ပင်။ ကျွန်တော်က တကယ်လည်း စာပေကို ချစ်မြတ်နိုးသည်။ စာဆိုလျှင် မရွေး၊ မည်သည့်စာမဆို အကုန်ဖတ်သည်။ ငယ်စဉ်က မုန့်ဝယ်စားလျှင် ထုပ်ပိုးပေးသည့် သတင်းစာစက္ကူအဟောင်းအပြတ်ကလေးကိုပင် ဖြဲရဲကာ ဖတ်တတ်ခဲ့သူဖြစ်၏။ စာဖတ်လွန်းသဖြင့် မျက်စိပျက်မည်ဆိုသော အပြောကို ကျွန်တော် အမှန်တကယ်ပင် လက်မခံချင်ပေ။ စာဖတ်သော အကျိုးကျေးဇူးကြောင့် နှလုံးသားအာဟာရကို တိုးပွားမည်။ ဦးနှောက်အသိဉာဏ်ကို ပွင့်လင်းစေသည့်အပြင် စက္ခုအာရုံများကိုပါ အားကောင်းစေသည်ဟု ကျွန်တော် ယုံကြည်လက်ခံထားသည်။ ပြောရလျှင် စာပေများအကျိုးကျေးဇူးနှင့် မျက်စိအတွက် အားကောင်းစေသည့် အာဟာရဓာတ်စာများကို ဂရုတစိုက် ရွေးချယ်စားသုံးတတ်ခြင်းများကလည်း စာပေ၏ အထောက်အကူတစ်ခုပင် မဟုတ်ပါလား။ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသည့် စကားလည်း ရှိသည်မဟုတ်လားလေ။

ကျွန်တော် စာအုပ်ထဲ စူးစိုက်စွာ ဈာန်ဝင်စားနေစဉ် ဖုန်းသံက ထ,မြည်သည်။ စာအုပ်ဆီမှ အာရုံဖယ်ခွာလျက် ဖုန်းကို ယူကြည့်လိုက်လျှင် အတာ့ဆီမှ ဖြစ်လို့နေသည်။ ကျွန်တော် စာအုပ်ကို လက်ညှိုးလေးနှင့်ခံပိတ်ကာ ဖုန်းလေးအား ဖွင့်နားထောင်လိုက်၏။

‘မဆက်စဖူး အဆက်တွေထူးလို့ပါလား အတာ၊ ဘာလဲ မင်္ဂလာဆောင်မယ့်သတင်းများလား’

‘မဟုတ်ပါဘူး သားငယ်ရယ်၊ ပြောစရာရှိလို့ပါ။ မဆက်ဖြစ်ဘူးဆိုတာကလည်း အကြောင်းကိစ္စ အထွေအထူးမရှိလို့ပါ။ ဖုန်းမဆက်ဖြစ်ပေမဲ့ စိတ်ထဲ အမြဲသိရပါတယ်။ လူကသာ မရောက်ဖြစ်တာ စိတ်က အမြဲရောက်ဖြစ်ပါတယ် သားငယ်ရယ်’

အတာ့အသံက ဖုန်းထဲမှာ အနည်းငယ်ဖျော့တော့နေသလို၊ အားမရှိသလိုပင်။ ဖုန်းလိုင်းမကောင်းသောကြောင့်ပင်လား မပြောတတ်။

‘ဟုတ်ပါပြီ အတာရဲ့၊ အခုက ပြောစရာအကြောင်းရှိလာလို့ပေါ့လေ ဟုတ်လား’

‘ဟုတ်တယ် သားငယ်၊ ပြောစရာရှိတယ်ဆိုတာထက် သားငယ်နဲ့ တိုင်ပင်စရာရှိတယ်ဆိုတာက ပိုမှန်လိမ့်မယ်’

‘ဟုတ်လား အတာ၊ ဘာများလဲ ပြောလေ’

အတာ့ဘက်က စကားသံ ချက်ချင်းထွက်မလာဘဲ ခေတ္တမျှ တိတ်ဆိတ်သွားခဲ့သည်။ ကျွန်တော် ဖုန်းကို ကိုင်ထားဆဲ…။

❑

၃။

‘ကျွန်တော် သော်ဇင်နိုင်နဲ့ စကားပြောချင်လို့ပါ အန်တီ’

‘ဒါ… သော်ဇင်နိုင်ရဲ့ ဖုန်း မဟုတ်ပါဘူးကွယ်’

‘ဒါကို ကျွန်တော် သိပါတယ် အန်တီ၊ ကျေးဇူးပြုပြီးတော့ ဒီဖုန်းကို သော်ဇင်နိုင်နဲ့ လွှဲပေးလို့ ရမလားဗျ’

‘သား အိမ်မှာ မရှိပါဘူးကွယ်၊ ခုနကပဲ အပြင်ထွက်သွားပါတယ်’

‘ဒါဆို သူ့ရဲ့ဖုန်းနံပါတ်ကလေးများ သိလို့ရနိုင်မလား ခင်ဗျာ’

‘သားက ဖုန်းမကိုင်ပါဘူးကွယ်’

‘ဗျာ’

ကျွန်တော် အင်ခနဲ တစ်ချက်ကြောင်ကာ နားလည်ရခက်ခက်ကြီးဖြစ်သွားသည်။

‘အန်တီက သူ့ရဲ့အမေပါကွယ်၊ သားက ဘယ်သူများလဲ၊ သားပြန်လာရင် ဘာများပြောပေးရမလဲ’

‘ဘာမှ မပြောပေးပါနဲ့ အန်တီ၊ ကျွန်တော်က သူ့ရဲ့ သူငယ်ချင်းပါ။ သူပြန်လာရင်သာ ဒီဖုန်းကို ပြန်ဆက်ပေးဖို့ ပြောပေးပါနော်’

လူကို မမြင်ရသော်လည်း ကျွန်တော့်စိတ်ထဲက အလိုလို အမြင်ကတ်လာသဖြင့် ဖုန်းကို ခပ်မြန်မြန်ပင် ချပစ်လိုက်ပါသည်။ ထို့နောက် ချက်ချင်းပင် အတာ့ဆီ ဖုန်းခေါ်လိုက်ပြီးလျှင် အကြောင်းစုံကို စေ့ငှစွာ ပြောပြလိုက်သည်။ ကျွန်တော့်စကားများ အဆုံး တစ်ဖက်က အတာ့ထံမှ သက်ပြင်းမှုဉ်းမှုဉ်းကလေးချလိုက်သံကို ကျွန်တော် ကြားလိုက်ရသည်။

‘အတာ ဆက်တိုင်းလည်း အဲလိုပဲ ပြောတယ် သားငယ်၊ ခဏခဏ ဆက်နေပြီး အဆက်အသွယ်က မရတော့ အတာလည်း ရှက်လာတယ်။ ဖုန်းကတ်တစ်ကတ်ကို ထောင်ဂဏန်းလောက်နဲ့ လွယ်လွယ်ကူကူရနေတဲ့ ခေတ်မှာ သူ ဖုန်းမကိုင်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား ဟင်’

အတာပြောသလို ကျွန်တော်လည်း တွေးမိသည်ပင်။ ဖုန်းလက်ခံပြောသည့် အန်တီ့စကားက ယုတ္တိမတန်ဟု ကျွန်တော် တထစ်ချ ယူဆသည်။

‘ဘာပဲဖြစ်ဖြစ်ပေါ့ သားငယ်ရယ်၊ လောလောဆယ်တော့ အဲဒီဖုန်းကိုပဲ ခဏခဏ ဆက်ပြီး အတာ့ကို သူနဲ့ အဆက်အသွယ်ရအောင် ကူညီပေးပါဦးနော်၊ အတာလိုချင်တာက သူနဲ့ တိုက်ရိုက်စကားပြောပြီး သူ့ဘက်က အဖြေတစ်ခုကို ပြတ်ပြတ်သားသား သိချင်တာပါ။ လက်ရှိအခြေအနေကို အတာ တော်တော်စိတ်ပျက်နေပြီ သားငယ်ရယ်။ သူနဲ့ အဆက်အသွယ်ရဖို့ အခုအချိန်မှာ အတာ အားကိုးရမယ့်သူက သားငယ်တစ်ယောက်ပဲ ရှိတယ်’

ကျွန်တော် အတာ့စိတ်ခံစားချက်ကို နားလည်ပေးနိုင်ပါသည်။ နားလည်သော်လည်း မည်သို့ နှစ်သိမ့်ပေးရမှန်းမသိ။ ကျွန်တော် စာဖတ်နေသူတစ်ယောက်ပေပဲ။ တစ်ဖက်က ပြောသည့်စကားအသံတို့ကို နားထောင်လိုက်ရုံနှင့် အတာ့စိတ်တို့ မည်မျှထိ လေးလံပင်ပန်းနေရသည်ကို ကျွန်တော် သိသည်။ ယောကျာ်းလေး သူငယ်ချင်းတစ်ယောက်က ဆက်သည့်ပုံစံမျိုးနှင့် ထိုဖုန်းကို အမြဲဆက်ပေးနေပါဟု ပြောကာ အတာ ဖုန်းချသွားခဲ့သည်။ ထိုအခါ သက်ပြင်းချရသူက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဖြစ်သွားသည်။ ကိုယ်တိုင် မကြုံဖူးရသော်လည်း အတာ့ဖြစ်အင်ကို ကျွန်တော် ကိုယ်ချင်းစာကာ အမှန်တကယ်ပင် စိတ်မကောင်းဖြစ်ရသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်လည်း အတာပြောသလို ကူညီပေးရုံမှအပ ဘာမျှမတတ်နိုင်။

အတာ့နာမည်က သီတာနွယ်ထွေးဖြစ်ကာ ကျွန်တော့်မေမေ၏ အစ်မ၊ ကျွန်တော်၏ ကြီးကြီးမှ မွေးသော ကျွန်တော်၏ အစ်မတစ်ဝမ်းကွဲ ဖြစ်သည်။ ဝမ်းကွဲဟု ဆိုသော်ငြားလည်း အရင်းအချာကဲ့သို့ပင် ရင်းနှီးနွေးထွေးမှုရှိသည်။ ကြီးကြီးက အတာ့အထက်က ယောကျ်ားလေး သုံးယောက်မွေးထားကာ အတာက အငယ်ဆုံးဖြစ်သလို တစ်ဦးတည်းသော သမီးမိန်းကလေးလည်း ဖြစ်၏။ မေမေက ကျွန်တော့်အား တစ်ယောက်တည်းသာ မွေးထားခဲ့သည်မို့ ကျွန်တော်က အဖော်မင်သည်။ ညီအစ်ကိုမောင်နှမကို ခင်တွယ်သည်။ မေမေတို့ကလည်း သမီးမိန်းကလေးမရှိသဖြင့် အတာ့ကို ချစ်ကြသည်။ အတာက စကားပြောလျှင် သူမကိုယ်သူမ အတာဟု ပြောတတ်သည်မို့ ကျွန်တော်ကလည်း အတာဟုပင် ခေါ်ဖြစ်သွားသည်။

ကျွန်တော်တို့ မိသားစုနှင့် အတာတို့မိသားစုက တစ်မြို့တည်း မဟုတ်။ အတာတို့က ထားဝယ်မြို့တွင် နေထိုင်ကြသည်။ ဟိုအရင်ကတော့ မေမေတို့ ညီအစ်မနှစ်ယောက်က မိဘများနှင့်အတူ ဇာတိဖြစ်သည့် မော်လမြိုင်မြို့၌ပင် နေထိုင်ခဲ့ကြသည်။ သို့သော် ကြီးကြီး၏ ခင်ပွန်းဖြစ်သူက ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ လမ်းတံတားစီမံကိန်းမှ အရာရှိတစ်ဦးဖြစ်သဖြင့် အစိုးရဝန်ထမ်းများ ထုံးစံအတိုင်း ရာထူးတိုးနှင့် ထားဝယ်သို့ ပြောင်းရွှေ့ရန် ဖြစ်လာခဲ့သည်။ ထိုအချိန်က ကြီးကြီးတွင် သားသုံးယောက်ထွန်းကားနေပြီဖြစ်ကာ အတာပင် မမွေးသေးသလို မေမေလည်း အိမ်ထောင်မကျသေးဟု ဆိုသည်။ ကြီးကြီးတို့မိသားစု ထားဝယ်သို့ ပြောင်းသွားပြီး အတာ့ကို ထားဝယ်၌ မွေးခဲ့ခြင်းဖြစ်၏။ အတာ မွေးသည့်နှစ်တွင် မေမေ မင်္ဂလာဆောင်သည်။ နောက်သုံးနှစ်ခန့်ကြာသည့်အခါမှ ကျွန်တော် လူ့လောကသို့ ရောက်ရှိခဲ့သည်မို့ အတာနှင့် ကျွန်တော်က လေးနှစ်ခန့်မျှ အသက်ကွာလေသည်။

တာဝန်နှင့် ပြောင်းရွှေ့နေထိုင်ရင်း ကြီးကြီးတို့မိသားစု ထားဝယ်၌ပင် အခြေကျသွားခဲ့ကြသည်မှာ အခုချိန်ထိပင် ဖြစ်၏။ မိသားစုနှစ်စုက တစ်မြို့စီ တစ်နယ်စီတွင် နေထိုင်ကြသော်လည်း အဆက်အသွယ် မပြတ်ခဲ့ကြပေ။ ကြီးကြီးတို့ မိသားစု မော်လမြိုင်သို့ တစ်နှစ်တစ်ခါမျှ အလည်ပြန်လာတတ်ကြသလို ကျွန်တော်တို့ မိသားစုကလည်း ကြီးကြီးတို့ရှိရာ ထားဝယ်မြို့ဆီ အမြဲ သွားလည်ဖြစ်ကြသည်။ ကျွန်တော် ထားဝယ်သို့ သုံးလေးခေါက်မျှမက ရောက်ဖူးပါသည်။ ထားဝယ်က နေချင်စဖွယ်ကောင်းသည့်မြို့ ဖြစ်သည်။ တောင်တန်းများ ပတ်လည်ဝန်းရံလျက်ရှိကာ သာယာလွမ်းမောဖွယ်ရာ အင်မတန်မှ လှပ၏။ ရေတံခွန်၊ ပင်လယ်ကမ်းခြေတို့ အများအပြားရှိကာ ပျော်စရာလည်း ကောင်းသည်။

ကျွန်တော် ထားဝယ်တွင် အကြာဆုံး နှစ်လခန့်မျှ နေဖူးသည်။ အတာနှင့်အတူ၊ အစ်ကိုများနှင့်အတူ နေရာစုံရောက်ဖူးခဲ့သည်။ ကျွန်တော် ထားဝယ်မြို့ကို နှစ်သက်မိ၏။ သို့သော် ကိုယ့်မြို့နှင့်တော့ မလဲနိုင်ပေ။ အတာကတော့ သူမကိုယ်သူမ ထားဝယ်သူဟု ပြောကာ အမြဲဂုဏ်ယူနေတတ်သည်။ ထိုအခါ ကျွန်တော်က အတာ့အား ထားဝယ်ကပြားမ ဟု စ,နောက်လေလျှင် အတာက ကျွန်တော့်အား စိတ်မဆိုးတဆိုးကလေးနှင့် ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်တတ်လေသည်။

အတာက ငယ်ငယ်ကတည်းက ဆရာမကြီး သိပ်လုပ်ချင်သည်။ သူမက အိမ်တွင် အငယ်ဆုံးဖြစ်သည်မို့ သူမ အစ်ကိုများကို ဆရာလုပ်၍ မရသမျှ ကျွန်တော်နှင့်တွေ့လျှင် အတိုးချကာ ဆရာလုပ်ပါတော့သည်။ ကျွန်တော်ကလည်း တစ်ဦးတည်းသောသား အဖော်မင်သူပီပီ အတာ့ကို ချစ်သည်။ ကြီးကြီးတို့ကလည်း ကျွန်တော့်ကို ချစ်သည်။ အတာနှင့် ကျွန်တော်က အရင်းအချာများကဲ့သို့ နွေးထွေးသည့် ဆက်ဆံရေးရှိကြ၏။ သံယောဇဉ်များ ပိုမိုတွယ်တာသည့် အဖြစ်က အတာ ဆယ်တန်းအောင်အပြီး သူမ ဝါသနာပါသည့် ကျောင်းဆရာမအလုပ်ကို ရွေးချယ်ခဲ့သည့်အချိန်တွင် ဖြစ်သည်။

အတာ ပညာရေးကောလိပ်သို့ ဝင်ခွင့်ရသည့်နှစ်တွင် ထားဝယ်ပညာရေးကောလိပ်အတွင်း အဆောက်အဦများ မီးလောင်မှုဖြစ်ပွားခဲ့၏။ ထို့ကြောင့် အတာသည် မော်လမြိုင်ပညာရေးကောလိပ်တွင် ပြောင်းတက်ရန် အကြောင်းဖန်လာတော့သည်။ သို့ဖြင့် အတာသည် ကျွန်တော်တို့ မိသားစုနှင့် အတူ နေထိုင်ရင်း ဆရာဖြစ်သင်တန်းကို မော်လမြိုင်တွင် သုံးနှစ် တက်ခဲ့ရသည်။ ထိုစဉ်က ကျွန်တော် ရှစ်တန်း၊ အတာ့ကိုအကြောင်းပြု၍ ယောက်ဖ ဟု အခေါ်ခံရလျှင် အင်မတန်မှ စိတ်တိုဒေါသထွက်ရသည့် ဆယ်ကျော်သက်အရွယ်၊ အတာနှင့် ကျွန်တော် အတွဲညီစွာဖြင့် တစ်ခုခုဆိုလျှင် နှစ်ခါတိုင်ပင်ရန်မလို။ ဖေဖေနှင့် မေမေကလည်း အတာ့ကို သမီးအရင်းသဖွယ် သဘောထားကာ ချစ်ကြသည်။

အတာက အနေအထိုင်အေးဆေးသည်။ ငယ်ရွယ်သော်လည်း တည်ငြိမ်သည်။ ကျောင်းတက်ရင်း ကျွန်တော်တို့နှင့်အတူ နေသွားခဲ့သည့် ကာလတစ်လျှောက်တွင် အပျိုအရွယ်ပင်ဖြစ်လင့်ကစား ရည်းစားသနာကိစ္စ၊ ယောကျ်ားလေးများနှင့် ပတ်သက်သည့် အရှုပ်အရှင်းမျိုး မရှိ။ ကြားလည်း မကြားရတတ်။ အတာက အနေအထိုင် သိုသိပ်လွန်းသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပင်လား မသိချေ။ အတာကတော့ အပျိုကြီးလုပ်မည်ဟူ၍သာ ပြောတတ်ခဲ့သူဖြစ်၏။

အတာက ကျောင်းဆရာမဝတ်စုံကလေးနှင့် အင်မတန်မှ လိုက်ဖက်ပြီး ဆံထုံးကလေးထုံးလိုက်လျှင်မူ ပို၍ ရင့်ကျက်ပုံကလေးဖြစ်သွားသည်။ သို့သော် အတာက အရပ်ကလေး နည်းနည်းပု၏။ ရှစ်တန်းကျောင်းသား ကျွန်တော်က အတာ့ထက် ပို၍ အရပ်ရှည်နေလေလျှင်-

'ငါ နင်နဲ့အတူ လမ်းမလျှောက်ချင်ပါဘူး ဟယ်၊ အမြဲတမ်း မော့ မော့ကြည့်နေရတယ်။ ပြီးတော့ ငါပုတာ လူသိသာတယ်'

အတာ ထိုသို့ပြောလေတိုင်း ကျွန်တော် သဘောကျမဆုံးဖြစ်ခဲ့ရသည်။ ငယ်ဘဝကို တွေးတောမိလျှင် လွမ်းမောဖွယ်ရာပင်။ လိုချင်သော်လည်း နောက်ထပ်တစ်ဖန် ပြန်မရနိုင်တော့ပြီ။ အခုဆိုလျှင် အတာက ထားဝယ်မြို့ပေါ်ကျောင်း၌ အလယ်တန်းပြကျောင်းဆရာမ တစ်ယောက် ဖြစ်နေခဲ့လေပြီဖြစ်၏။

❑

၄။

'ဟိုးအရင်ကတည်းက အတာ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်ဆိုတာ သားငယ် အသိဆုံးပါ။ ဆန့်ကျင်ဘက် ယောကျ်ားလေးတွေနဲ့လည်း ရောရောနှောနှော မနေတတ်ခဲ့ဘူး။ သူ့ကိုလည်း ရေလာမြောင်းပေးမလုပ်ခဲ့သလို စတွေ့ကတည်းက လိုလား ကြည်ဖြူဟန်လည်း မပြခဲ့ဘူး။ မကောင်းတတ်လို့ ဆက်ဆံနေရပေမဲ့ ခပ်တန်းတန်းပဲ။ ဒါပေမဲ့ သူ့ဘက်က စပြီးတော့ အတာ့ကို သည်းသည်းလှုပ်ဖြစ်လာခဲ့တာ'

အတာ မော်လမြိုင်ပညာရေးကောလိပ်၌ တက်ပြီးသွားသည့်အခါ ထားဝယ်ပြန်သွားခဲ့သည်။ ဆရာဖြစ်သင်တန်းလက်မှတ်ရပြီးသည့်အချိန်တွင် ထားဝယ်မြို့နှင့် မိုင်လေးဆယ်မျှ ကွာသည့် ပင်လယ်ကမ်းခြေတံငါရွာကလေး၌ မူလတန်းပြကျောင်းဆရာမလေးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုရွာတွင် နှစ်နှစ် ကြာပြီးသည့်အချိန်တွင် သော်ဇင်နိုင်နှင့် စတင်ဆုံစည်းခဲ့ရသည်။ သော်ဇင်နိုင်က အတာ စာသင်နေသည့် မူလတန်းကျောင်းအုပ်ဆရာမ၏ တူ ဖြစ်သည်။ အဒေါ်ဖြစ်သူထံ အလည်လာရင်း အတာနှင့် ရင်းနှီးခဲ့ကြခြင်းဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် သော်ဇင်နိုင်က မွန်သွေးစပ်သည့် မော်လမြိုင်သားဖြစ်နေပေသည်။

အစတွင်တော့ အတာ သော်ဇင်နိုင်အပေါ် ခပ်တန်းတန်း ခပ်စိမ်းစိမ်းပင် ဆက်ဆံသည်။ သို့သော် ကျောင်းအုပ်ဆရာမ မျက်နှာနှင့် လိုက်လျောဆက်ဆံရင်း အချိန်ကြာလာသည့်အခါ ရင်းနှီးမှုများ ဖြစ်လာခဲ့ကြလေတော့သည်။ တိုတိုပြောရလျှင် သော်ဇင်နိုင် အတာ့ကို ချစ်ခွင့်ပန်သည်။ အတာက ငြင်းသော်လည်း မရ၊ အတာ့အချစ်ကိုမှ မရလျှင် သေရတော့မလောက် ဖြစ်ပြီကာ ရွာမှ တစ်ဖဝါးမှ မခွာ၊ အတာ့ထံမှ တုံ့ပြန်မှုကို မရလျှင် မြို့သို့မပြန်၊ ကျောင်းလည်း ဆက်မတက်တော့ဟု ဂျစ်တစ်တစ်နှင့် အကျပ်ကိုင်လာသည်။ အဒေါ်ဖြစ်သူက နားချလည်း မရ၊ မိဘက ပြန်ခေါ်သော်လည်း လက်မခံဘဲ ရွာ၌ပင် ပေကပ်၍ ဆက်နေသည်။ နောက်ဆုံးတွင် အဒေါ်ဖြစ်သူ၏ တိုက်တွန်းမှု၊ အာမခံမှုများနှင့် အတာ သော်ဇင်နိုင်အား လက်ခံပေးဖြစ်ခဲ့သည်။

အတာလည်း ခံစားတတ်သည့် နှလုံးသားနှင့် လူတစ်ယောက်ပေပဲ။ ချစ်တတ်သည့် မိန်းမသားတစ်ယောက် ဖြစ်သည့်နည်းတူ သော်ဇင်နိုင်၏ ချစ်ခြင်းအား တုံ့ပြန်ပေးခဲ့သည်။ ဤသည်မှာ ကျောင်းအုပ်ဆရာမ၏ တိုက်တွန်းမှုကြောင့်ပေလား၊ မိမိကိုယ်တိုင်၏ စိတ်ခံစားချက်ဖြင့် တုံ့ပြန်မှုပေးမိခဲ့သည်လား အတာ ဝေခွဲမရခဲ့ပေ။ သို့သော် ထိုအချိန်က အတာသည် သော်ဇင်နိုင်နှင့် ပတ်သက်၍ ရင်ခုန်တတ်ခဲ့ပြီ ဆိုပါသည်။

'အတာလည်း ဘာသားနဲ့ ထုထားတာမို့လို့လဲ သားငယ်ရယ်၊ သူ့ကို ချစ်မိသွားတာပေါ့။ ဘဝမှာ ပထမဦးဆုံး ချစ်ရတဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့မိတာ။ အတာ သူ့ကို အမြဲတမ်းအတွက် ရည်ရွယ်ခဲ့တာပါ။ ဒီအကြောင်းတွေ သားငယ်ကို ပြောပြနေတာက သားငယ် သိအောင်လို့ပါ၊ ရင်ဖွင့်တဲ့သဘောမျိုးဆိုလည်း ဟုတ်တယ်။ ဒီအကြောင်းတွေက အတာ့အစ်ကိုတွေကို သွားပြောလို့လည်း မရဘူးလေ'

အတာနှင့် သော်ဇင်နိုင်က ချစ်သူဘဝကို (LDRS) အဖြစ်နှင့် အချိန်ကာလများစွာ ဖြတ်ကျော်ခဲ့၏။ ဝေးနေသော်လည်း အချစ်မပျက်ဘဲ နွေးထွေးမှုများ ရှိခဲ့သည်။ သော်ဇင်နိုင်က ကျောင်းပိတ်လျှင် အတာ့အတွက် အချိန်ပေးကာ ထားဝယ်သို့ တကူးတက အလည်လာသည်။ ထိုအခါ အတာတို့ ပျော်ရွှင်ရသည်။ ချစ်သူဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းကြသည်။ အချိန်တန်လျှင် သော်ဇင်နိုင် မော်လမြိုင်သို့ ပြန်သည်။

အတာ လွမ်းကာ ကျန်ရစ်ခဲ့ရသည်။ ဤကဲ့သို့ အဝေးရောက်ချစ်သူများဘဝဖြင့် နှစ်ကာလများကို ဖြတ်ကျော်ခဲ့ကြသည်။ သော်ဇင်နိုင်က အတာ့ထက် အသက်ငယ်ကာ အနည်းငယ်ဆိုးချင်သည်။ တစ်ဇွတ်ထိုးဉာဉ်ကလေးရှိသည်ဟု ဆို၏။

'အစကတော့ ဝေးနေရပေမဲ့ အခြေအနေတွေက အေးဆေးပါပဲ သားငယ်ရယ်။ ဒါပေမဲ့ သူကျောင်းပြီးတဲ့နှစ်၊ သူ့အဒေါ်လည်း ရာထူးတိုးနဲ့ ကျောင်းပြောင်းရတယ်။ အဲဒီရွာမှာပဲ အတာ့ကို မူလတန်းကျောင်းအုပ်ပေးပေမဲ့ အတာ တံငါရွာမှာ ဆက်မနေချင်တော့လို့ ထားဝယ်မြို့ပေါ်ကို အလယ်တန်းပြအဖြစ် ပြောင်းလိုက်တယ်။ အဲဒီမှာ သူ့အဒေါ်နဲ့ ကွဲသွားတယ်။ သူနဲ့ကတော့ ပုံမှန်အခြေအနေအတိုင်းပဲ။ ဒါပေမဲ့ အတာ သတိထားမိလာတာက သူဘွဲ့ယူပြီးသွားတဲ့အချိန်မှာ သူ့ဘက်က တဖြည်းဖြည်းနဲ့ စိမ်းသက်လာတာကို အတာ



www.burmeseclassic.com

www.burmeseclassic.com

ခံစားမိလာတယ်။ သူ့ဘက်က အဆက်အသွယ်ကျဲလာတယ်။ အတာက သူ့ကို ဆက်သွယ်နေရတယ်။ အခုတော့ လုံးဝ အဆက်အသွယ်မရတော့တဲ့အထိပဲ"

အတာ သော်ဇင်နိုင့်ကို အမျိုးမျိုးဆက်သွယ်ခဲ့သည်။ ဆက်သွယ်ရေးမလွယ်ကူသည့်အချိန်က အဆင်ပြေနေခဲ့ပြီး ဆက်သွယ်ရေးလွယ်ကူလွန်းသည့်အခါတွင်မှ လိုက်လေဝေးလေဖြစ်နေရတော့၏။ အတာ ရင်မောရလေပြီ။

"အဖြေတစ်ခုကို ကွဲကွဲပြားပြားမသိရဘဲ ကိုယ့်စိတ်နဲ့ကိုယ် တွေးမိတွေးရာ လျှောက်တွေးနေရတဲ့ဘဝက အရမ်းပင်ပန်းတယ် သားငယ်၊ သူ ဘာလို့ အတာ့ကို မဆက်သွယ်တာလဲ၊ အတာ ဆက်သွယ်တာ ဘာလို့မရသလဲ၊ သူ နောက်တစ်ယောက် ရနေပြီလား၊ အတာ သိချင်တယ်"

အတာသိချင်သလို ကျွန်တော်လည်း သိချင်မိသည်။ အတာ့ခံစားချက်များက ကျွန်တော့်ထံ ကူးစက်လာသည်။ အတာ တော်တော် ခံစားနေရရှာသည်ထင်၏။ ကျွန်တော် အတာ့ကို သနားနေမိသည်။ အတာ့အတွက် မည်သို့ ကူညီပေးနိုင်မည်နည်းဟု စဉ်းစားသော်လည်း အဖြေက ထွက်မလာ။ အတာ့ကိုယ်စား သက်ပြင်းသာချနေမိသည်။

"တစ်ယောက်တစ်နေရာစီ ဖြစ်နေရတာကလွဲလို့ အချိန်အကြာကြီး အဆင်ပြေနေလာခဲ့တဲ့ ချစ်သူတွေပဲ။ RS တစ်ခု လွယ်လွယ်နဲ့ ပျက်စီးသွားရမှာကို အတာ မလိုလားဘူး။ အတာ တော်တော်လေးကို ရင်ပူနေရပြီ သားငယ်ရယ်"

နောက်ထပ် ရက်အနည်းငယ်မျှ ကြာသွားခဲ့သည်။ အတာ့ကိစ္စအား ကျွန်တော် မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့ပြီး မိုးနဲ့သင်းသည့် ညနေခင်းတစ်ခုတွင် အတာ ကျွန်တော့်ထံ ဖုန်းဆက်လာသည်။ ချက်ချင်းပင် ဖုန်းနံပါတ်တစ်ခုအား ရွတ်ပြကာ လိုက်မှတ်ခိုင်း၏။

"အဲဒါ သော်ဇင်နိုင် လက်ရှိကိုင်တဲ့ဖုန်းပဲ သားငယ်၊ အတာ စုံစမ်းရင်းနဲ့ သူ့အဒေါ်ဆီက သိလာတာ။ သူ သားငယ်တို့ မော်လမြိုင်မှာပဲ ရှိနေတယ်။ အတာဖုန်းဆက်တော့ ပထမတစ်ခါ ကိုင်တယ်။ အတာမှန်းသိတာနဲ့ ဖုန်းကိုချပစ်လိုက်တာ။ ဘယ်လိုမှ ခေါ်လို့ မရတော့ဘူး။ သူ ဘာလို့ အဲဒီလိုလုပ်ရတာလဲ မသိပါဘူး သားငယ်ရယ်၊ အတာ့ကို ကူညီလက်စနဲ့ ဆက်ပြီး ကူညီပါဦးနော်၊ သားငယ် အဲဒီဖုန်းကို ဆက်ပြီးတော့ သူနဲ့ သွားတွေ့ပေးပါလား"

"ဟင်… ကျွန်တော်က သူနဲ့သွားတွေ့ပြီး ဘာပြောရမှာလဲ"

"သူ့စိတ်ထဲမှာ အတာ့ကို ဘယ်လိုသဘောထားလဲဆိုတဲ့ အဖြေတစ်ခုကို အတာ ရှင်းရှင်းလင်းလင်း သိချင်တယ်။ အတာ သားငယ်ကို ယုံတယ်၊ သူ့ကို မျက်နှာချင်းဆိုင်တွေ့ပြီးတော့ မေးပေးပါ။ သူ့ဆီက ဘယ်လိုစကားမျိုးကိုပဲဖြစ်ဖြစ် သားငယ်ဆီက တစ်ဆင့် အတာကြားရရင် ကျေနပ်ပါပြီ။ ဖြစ်နိုင်ရင် အတာကိုယ်တိုင် မျက်နှာချင်းဆိုင်ပြီးတော့ ရှင်းချင်တာပါ၊ ဒါပေမဲ့…"

တစ်ဖက်က အတာ့အသံ တဖြည်းဖြည်း တိမ်ဝင်သွားခဲ့သည်။ အချစ်က ဝဋ်ကြွေးတစ်ခုပဲလား မသိချေ။ ကျွန်တော့်ရင်ထဲ ဆို့နင့်စွာဖြင့် အတာ့ဆန္ဒအား အကောင်အထည်ဖော်ပေးပါမည်ဟု ကတိပေးလိုက်ရ၏။ ခက်တော့ခက်နေချေပြီကောလေ။ ဖုန်းကိုချ၍ အိမ်အပြင် လှမ်းကြည့်လိုက်မိလျှင် ကောင်းကင်တစ်ခွင်လုံး အုံ့မှိုင်းလျက်ရှိနေလေ၏။

❑

၅။

ကျွန်တော်၏ နှစ်ထောင့်ဆယ်ခုနစ်မော်ဒယ် အော်တိုဆိုင်ကယ်လေးသည် လေအဟုန်ကို ဟူးဟူးရားရား ဖြတ်သန်းနေလေသည်။ ဧပြီလ နွေနေသည် ချစ်ချစ်တောက် ပူပြင်းလျက်ရှိ၏။ ဘောင်းဘီအရှည်နှင့် ဂျာကင်ကိုဝတ်လာ၍သာ တော်ရာ့သည်။ မဟုတ်လျှင် သည်နေပူပြင်းပုံမျိုးနှင့် ခရမ်းလွန်ရောင်ခြည်သင့်သွားနိုင်သည်။ ဆိုင်ကယ်ကို မှန်မှန်မောင်းရင်း မွန်းလာသဖြင့် ဦးထုပ်မှ မှန်ကို အပေါ်တင်လိုက်လျှင် လေပူအချို့ ခပ်ကြမ်းကြမ်း ထိုးတိုက်သွားသဖြင့် မျက်နှာက စပ်ဖျဉ်းဖျဉ်းဖြစ်သွားရသည်။

မနေ့ညနေက အတာနှင့် ဖုန်းပြောပြီးသည်နှင့် စိတ်မြန်သည့် ကျွန်တော်က ချက်ချင်းပင် သော်ဇင်နိုင်ထံ ဖုန်းခေါ်လိုက်သည်။ လွယ်လင့်တကူပင် သော်ဇင်နိုင်က ဖုန်းကို လက်ခံဖြေကြား၏။

"ကျွန်တော်က ဆရာမ သီတာနွယ်ထွေးရဲ့ မောင်ပါ၊ ကျွန်တော့်အစ်မနဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးချင်တယ်၊ ခင်ဗျား ကျွန်တော့်ကို အချိန်တစ်ခုပေးနိုင်မလား"

အကြောင်းအရာအား လိုရင်းတိုရှင်း ပြေပြေလည်လည် ပြောပြလိုက်လျှင် သော်ဇင်နိုင်က ကြည်ကြည်ဖြူဖြူ လက်ခံကာ အိုးရှင်းစင်တာကို ချိန်းဆိုသည်။ ကျွန်တော်က တွေ့ရမည့်အချိန်ကို နေ့လယ် ဆယ့်တစ်နာရီဟု သတ်မှတ်လိုက်၏။ ထိုအခြင်းအရာကို အတာ့အား အသိပေးလိုက်သည်။ အတာ ဝမ်းသာသွားမည် ထင်၏။ ကျွန်တော် သော်ဇင်နိုင်အား မြင်ဖူးခြင်းမရှိပါဟုဆိုလေလျှင် အတာက–

"သားငယ် သူ့ကို မြင်ဖူးပါတယ်၊ မမှတ်မိတာနေလိမ့်မယ်။ အတာ အလယ်တန်းပြ မဖြစ်ခင် ဖောင်ကြီးသင်တန်းသွားတက်ရမယ်ဆိုတော့ မော်လမြိုင်မှာ ဝင်နားသေးတယ်လေ။ အဲဒီမှာ သူ အိမ်ကို တစ်ခေါက်ရောက်ဖူးတယ်"

အတာ ဖောင်ကြီးသင်တန်းသွားရင်း အိမ်တွင် ဝင်နားသေးသည်ကို ကျွန်တော် သိပါသည်။ သို့သော်လည်း ကျွန်တော်နှင့် သော်ဇင်နိုင် ဆုံဖူးသည် ဆိုခြင်းကို ဇဝေဇဝါဖြစ်နေရသည်။ ကျွန်တော် အိမ်တွင်မရှိသည့်အချိန် သော်ဇင်နိုင် ရောက်လာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်သလို ကျွန်တော် မမှတ်မိခြင်းလည်း ဖြစ်လိမ့်မည်။ ကျွန်တော် တစ်ခုတော့ မှတ်မိသည်။

‘ငါ့သမီးက အလယ်တန်းပြဖြစ်တော့မယ်သာ ပြောတာ၊ အရင်အတိုင်းပဲ ဘာမှမပြောင်းလဲဘူး။ ကြည့်လုပ်ဦးနော်၊ တော်ကြာ ကျောင်းသားတွေက ရည်းစားစာ လိုက်ပေးနေဦးမယ်၊ ဟား… ဟား…’

ခန္ဓာကိုယ် သေးသေးပုပုကလေးဖြစ်နေသည့် အတော့်ကို ဖေဖေက ရယ်ကာမောကာ စ,နောက်သည့် ထိုစကားကိုတော့ဖြင့် ကျွန်တော် အခုတိုင် မှတ်မိနေသေး၏။

‘သားငယ် သူ့ကိုမြင်ရင် သိမှာပါ။ ဖြူဖြူသွယ်သွယ်၊ အရပ်မြင့်မြင့်နဲ့။ နောက်ပိုင်းမှာ သူ ဂျင်တွေဆော့လာတယ်လို့ ပြောတယ်။ နောက်ဆုံးတစ်ခါတွေ့တုန်းကတော့ အရင်ကထက် ပိုပြီး တောင့်တောင့်တင်းတင်းကလေးဖြစ်နေတာ သတိထားမိတယ်’

ဆိုင်ကယ်မောင်းနေရင်း အတော့်ပြောစကားကို ပြန်လည်ကြားယောင်ကာ ကျွန်တော့်စိတ်ထဲ သော်ဇင်နိုင်ဆိုသူ၏ ရုပ်ပုံလွှာကို ပုံဖော်ကြည့်နေမိသည်။ ညက သူနှင့် ဖုန်းပြောရသည်မှာတော့ အဆင်ပြေသားပင်။ အတွေးများစွာနှင့် ဆိုင်ကယ်ကို မောင်းရင်း အိုးရှင်းစင်တာကို ရောက်လာသည်။ ဆိုင်ကယ်ကို သတ်မှတ်နေရာတွင် ရပ်ကာ ဇက်သော့ခတ်လိုက်၏။ စင်တာထဲ ဝင်လိုက်သည်နှင့် အဲယားကွန်းလေအေးအေးက ကျွန်တော့်အား ကြိုဆိုနှုတ်ဆက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး အေးသွားကာ စိတ်ပါကြည်နူးသွားမိ၏။ နာရီကို ကြည့်လိုက်လျှင် ဆယ့်တစ်နာရီထိုးရန် ဆယ်မိနစ်မျှ လိုသေး၏။ ကျွန်တော်က ချိန်းဆကာ လာခဲ့သည်မို့ နောက်မကျပေ။ သော်ဇင်နိုင် ရောက်နေပြီလား မသိ။

သော်ဇင်နိုင်နှင့် တွေ့ရမည့်အဖြစ်က ကျွန်တော့်ရင်ထဲ တစ်မျိုးတစ်မည် ဖြစ်နေသည်။ ဘာကြောင့်မှန်းမသိ ရင်တုန်သလိုလို၊ ရင်ခုန်သလိုလိုနှင့် မျက်နှာလည်း ပူမိသလိုပင်။ ချိန်းဆိုထားသည့် အအေးဆိုင်လေးတွင် အအေးတစ်ခွက် မှာယူ၍ လူရှင်းချောင်ကျသောစားပွဲလေးတွင် ထိုင်ကာ သော်ဇင်နိုင် ရောက်အလာကို စောင့်နေလိုက်သည်။ ကျွန်တော် ကိုယ့်အဖြစ် ကိုယ်တွေးကာ ပြုံးမိ၏။ နှမလင်နေ မောင်ဖင်ကျိန်းဖြစ်ရမည့်အစား အစ်မဖြစ်သူ၏ အချစ်ရေးကိစ္စတွင် လိုလိုချင်ချင် ပါဝင်ပတ်သက်နေရသည်။ မသိလျှင် ကိုယ်က မြှားနတ်မောင်လိုလို။

အအေးခွက်ကို ပိုက်တံလေးနှင့် မွှေနေစဉ် သော်ဇင်နိုင် ဖုန်းဝင်လာသည်။ သူ ရောက်နေပြီပြောသဖြင့် ကျွန်တော် အပြင်လှမ်းမျှော်ကြည့်လိုက်လျှင် သူက လက်မြှောက်ပြသည်။ သော်ဇင်နိုင် ကျွန်တော့်အား သိနေပုံပင်။ သော်ဇင်နိုင် ဆိုင်ထဲဝင်လာကာ အနားရောက်လျှင် ကျွန်တော့်အား ပြုံးပြသည်။ အနီးကပ်မြင်လိုက်ရသည့်အချိန်တွင် ကျွန်တော့်စိတ်ထဲ သော်ဇင်နိုင်အား မျက်မှန်းတန်းမိနေသလို ခံစားရသည်။ လူပုံက အရပ်မြင့်မြင့်နှင့် တောင့်တင်းဖြောင့်စင်းနေကာ အတာပြောသည်ထက်ပင် ပို၍ ကြည့်ကောင်းနေသည်။

သော်ဇင်နိုင် ကျွန်တော့်အား လက်ကာပြပြီး ကောင်တာဘက်ကို လျှောက်သွားသည်။ ထို့နောက် အအေးခွက်ကလေးကိုင်ကာ ပြန်ရောက်လာ၏။ အအေးခွက်ထည့်ထားသည့် ဗန်းလေးကို စားပွဲပေါ်ချသည်။ သူ့လက်ထဲမှ ဖုန်းလေးကို စားပွဲပေါ်တင်သည်။ သူ မှာယူလာသည့် စတော်ဘယ်ရီဂျူ့စ်က အနံ့ကလေးသင်းကာ အရောင်ကလည်း ပန်းရောင်တောက်ပနေလေ၏။ သော်ဇင်နိုင် ခုံတွင် ထိုင်လိုက်သည်။

‘ကိုယ် မင်းနဲ့ တစ်ခါဆုံဖူးတယ်။ မင်းတို့ အိမ်မှာပဲ’

‘ဟုတ်လား၊ ကျွန်တော် မမှတ်မိဘူး’

သော်ဇင်နိုင် အဟက်ခနဲ တစ်ချက်ရယ်သည်။ သူ့ပုံစံကြည့်ရသည်မှာ တစ်မျိုးပင်။ ဘာမှန်းတော့ ကျွန်တော် မသိ။

‘ဖြစ်တတ်ပါတယ်၊ ထားပါတော့…၊ ဒါနဲ့ ကိုယ့်ကို တွေ့ချင်ရတဲ့ကိစ္စက…၊ မနွယ် ဘာပြောခိုင်းလို့လဲ’

‘ဘာမှ မပြောခိုင်းပါဘူး၊ မေးခိုင်းတာပါ။ သူ ခင်ဗျားဆီက အဖြေတစ်ခုကို သိချင်နေတယ်။ ခင်ဗျား သူ့ကို ဘာလို့ အဆက်အသွယ် မလုပ်တာလဲ၊ ဘာလို့အဆက်အသွယ်ဖြတ်ထားတာလဲ၊ သူ ဆက်သွယ်တာကို ဘာလို့ မတုံ့ပြန်တာလဲ၊ အဲဒါကို သူ ရှင်းရှင်းလင်းလင်း သိချင်နေတယ်’

စကားကို ဝေ့ဝိုက်မနေဘဲ လိုရင်းကို ဒဲ့ပြောချလိုက်သည်။ သော်ဇင်နိုင့်မျက်နှာပေါ်တွင် ကျွန်တော် နားမလည်နိုင်သည့် အရိပ်အကဲများ ဖြစ်ပေါ်သွားသည်။ သော်ဇင်နိုင် ချက်ချင်းမဖြေသေးဘဲ ကျွန်တော့်အား ခပ်တည်တည် စိုက်ကြည့်နေ၏။ ကျွန်တော်ကလည်း မျက်တောင်မခတ်တမ်း ပြန်ကြည့်နေလိုက်သည်။

သော်ဇင်နိုင် အကြည့်လွှဲကာ အအေးခွက်ကို ယူမော့လိုက်သည်။ ရုတ်တရက် သော်ဇင်နိုင် အအေးသီးသွားသည်။ တဟွတ်ဟွတ်နှင့် ချောင်းအဆက်မပြတ်ဆိုးကာ ဖြူသည့်မျက်နှာကြီးက ရဲတက်လာသည်။ ကျွန်တော် ကမန်းကတမ်း တစ်ရှူးတစ်စကို ကမ်းပေးလိုက်သည်။ သူ အလျင်အမြန်ယူလိုက်ကာ အသီးမရပ်သေးသဖြင့် ‘ဆောရီး’ဟု ပြောပြီး သန့်စင်ခန်းဘက် အမြန်ထ,သွားသည်။

သော်ဇင်နိုင် အတွေးမှားသွားသည် ထင်၏။ ကျွန်တော် ခေါင်းခါယမ်းလိုက်မိသည်။ ထိုစဉ် စားပွဲပေါ်တင်ထားခဲ့သည့် သော်ဇင်နိုင်၏ ဖုန်းလေးမှ အသံထ,မြည်လာသည်။ စပ်စုလိုစိတ်အလျှင်းမရှိသော်လည်း ဘာရယ်မဟုတ်၊ ကျွန်တော် ခေါင်းလေးထောင်ကာ ဖုန်းထံ အကြည့်ရောက်သွားမိသည်။ သော်ဇင်နိုင်နှင့် အခြားယောက်ျားတစ်ယောက် ကြည်လဲ့ရွှန်းစိုသော အပြုံး



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စီဖြင့် မျက်နှာချင်းအပ်ကာ ရိုက်ထားသည့်ပုံကို တွေ့လိုက်ရသည်။ ကျွန်တော် သေချာကြည့်လိုက်လျှင် ခေါ်ဆိုသူ အမည်နေရာတွင် My Lovely Ko Ko ဟူ၍ မြင်လိုက်ရ၏။ ဖုန်းဝင်နေသည်ကို သေချာစိုက်ကြည့်ကာ My Lovely Ko Ko ဟုတစ်ယောက်တည်း အသံတိတ် ရေရွတ်မိသည်။

သော်ဇင်နိုင်တွင် အစ်ကိုရှိသလားဟု တွေးမိသည်။ အတာပြောပြသည့် အထဲ သော်ဇင်နိုင်က တစ်ဦးတည်းသောသား ဟူ၍ သိထားရသလိုပင်။ သေတော့မသေချာ။ အတာ့အား မေးကြည့်ဦးမည်။ ပြန်လည်ဖြေကြားမှုမရှိသည့် ဖုန်းလေးက ကျသွားခဲ့သည်။ ကျွန်တော့်ခေါင်းထဲ အတွေးပေါင်းစုံဝင်ရောက်လာကာ ရှုပ်ယှက်ခတ်သွားခဲ့ရ၏။

ထိုရုပ်ပုံ၊ ထိုအမည်နှင့်ပင် ဖုန်းက နောက်ထပ်တစ်ခါ ဝင်လာပြန်သည်။ ကျွန်တော် ဖုန်းမျက်နှာပြင်ကို စူးစိုက်ကြည့်ရင်း အတွေးများကို အဖြေရှာနေမိစဉ် သော်ဇင်နိုင်ရောက်လာကာ ဖုန်းလေးအား ကောက်ကိုင်လိုက်သည်။

"ဟဲလို... ကိုကို၊ အဲ... ဟို... ပြော... ပြောလေ"

သော်ဇင်နိုင် ကျွန်တော့်အား မလုံမလဲဟန်ဖြင့် တစ်ချက်ကြည့်သည်။ ကျွန်တော် သော်ဇင်နိုင့်မျက်နှာကို သေချာစိုက်ကြည့်နေမိသည်။ သော်ဇင်နိုင် ဖုန်းပြောနေသည့်ပုံက မူမမှန်။ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေရကာ သူတစ်စုံတစ်ရာကို ဖုံးကွယ်ထားလေသလား၊ သူ့ပုံစံက လျှို့ဝှက်ချက်ရှိသည့် သူတစ်ယောက်နယ်။ ဘာကြောင့်များပါလဲ။

"အင်း... ကိစ္စလေးရှိလို့ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေတာ၊ ဟုတ်ကဲ့ လာမှာ၊ အခု လာခဲ့မှာ"

ကျွန်တော် လူကဲခတ်မညံ့ပါပေ။ တော်သည်ဟုလည်း ကိုယ်ရည်မသွေးချင်။ သို့သော် သော်ဇင်နိုင့်မျက်လုံးထဲမှ အရိပ်အယောင်များကို ဖမ်းဆုပ်မိသလိုလိုရှိသည်။ သော်ဇင်နိုင်က ဖုန်းပြောခြင်းကို လက်စသတ်ကာ-

"ကဲ... ညီ ကိုယ်ချိန်းထားတာလေးတစ်ခု ရှိသေးလို့ ပြန်လိုက်ဦးမယ်ကွာ။ ကိုယ် နောက်မှ ဖုန်းပြန်ဆက်လိုက်မယ် အိုခေ"

မယုံနိုင်သောမျက်လုံးများဖြင့် သူ့ကိုစိုက်ကြည့်နေရင်း အယောင်ယောင်အမှားများဖြင့် ခေါင်းညိတ်လိုက်မိ၏။ တွေ့ရ မြင်ရ ကြုံရသည့် အဖြစ်များနှင့် စပ်လျဉ်း၍ ခေါင်းထဲတွင် အတွေးများစွာ ဖြစ်ပေါ်နေသည်။ စင်တာထဲမှ ထွက်လာသည့် ကျွန်တော့် ခြေလှမ်းများသည် မြေကြီးနှင့် မထိသလို၊ လူသည် အသိစိတ်နှင့် ကင်းကွာနေသလိုလို၊ အိပ်မက်ထဲ လမ်းလျှောက်နေရသူပမာ ဖြစ်နေလေသည်။ တစ်ခဏအတွင်း အဖြစ်များကို သုံးသပ်ချင်ဇောများနေသည့်စိတ်က ပတ်ဝန်းကျင်ကို အမှတ်တမဲ့ ဖြစ်စေသည်။

ဓာတ်ပုံထဲမှ သူတို့နှစ်ယောက် အသက်ဝင်လွန်းသော အပြုံးများသည် ကျွန်တော့်အာရုံထဲမှ မထွက်။ ရင်းနှီးနေမှုက ညီအစ်ကိုအနေအထားမျိုးနှင့် လုံးဝမတူပေ။ My Lovely Ko Ko ဆိုသည့် စကားလုံးကိုလည်း ကျွန်တော် အထပ်ထပ် အခါခါ ရေရွတ်နေမိသည်။ သော်ဇင်နိုင့်မျက်နှာကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်ကြည့်သည်။ ပဟေဠိတစ်ပုဒ်ကို အဖြေရှာမရသည့်အခါ ဖြစ်ပေါ်သော ခံစားချက်က တွေးလေလေ နက်ရှိုင်းလေလေ၊ စင်တာထဲက ထွက်လိုက်သည်နှင့်တစ်ပြိုင်နက် အပူငွေ့နွေးနွေး တချို့ ကျွန်တော့်အား ရစ်ပတ် လွှမ်းခြုံသွားသည်။

ကျွန်တော် စိတ်နှင့်လူ မကပ်စွာဖြင့် ဆိုင်ကယ်ကို တက်ခွလိုက်ရင်း ဦးထုပ်ဆောင်းမည်အပြု မျက်စိရှေ့တည့်တည့်မှ ကြော်ငြာစာတစ်ခုကို တွေ့လိုက်ရသည်။ သက်တံရောင်ခြယ်အောက်ခံပေါ်တွင် ခေါင်းစဉ်ဖြစ်သည့် အတိုကောက်အင်္ဂလိပ်စကားလုံးနှင့် အောက်က စာသားအချို့....၊ ဖတ်ရှုလိုက်မိသည့် တဒင်္ဂတွင် သော်ဇင်နိုင်တို့ပုံကို မြင်ယောင်လိုက်မိပြန်ကာ ကျွန်တော့်ဦးနှောက်ထဲ အသိတစ်ချက် လင်းခနဲ လက်ခနဲ ဖြစ်သွားခဲ့သည်။ ထို့နောက် အတာ့မျက်နှာကို ပြေးကာ မြင်ယောင်မိလေသည်။

ဖြစ်စဉ်တစ်ခုလုံးအား ခြုံငုံကာ စဉ်းစားသုံးသပ်ပြီးသည့်အချိန်တွင် ကျွန်တော် သဘောပေါက်သွားခဲ့သည်။ သော်ဇင်နိုင် အဘယ်ကြောင့် အတာ့အား အဆက်အသွယ် မလုပ်ရသနည်း။ အဘယ်ကြောင့် အတာ ဆက်သွယ်သည်ကို မတုံ့ပြန်ရသနည်း။ အဘယ်ကြောင့် အတာ့အား အဆက်အသွယ်ဖြတ်ထားရသနည်း ဆိုသည့် မေးခွန်းများအတွက် သူ့နှုတ်က ရှင်းလင်းသည့်အဖြေတစ်ခုကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟမသွားသည့်တိုင် ကျွန်တော် သိလိုက်သည်။ အဖြစ်အပျက်များကို ဆက်စပ်ကာ ရှင်းလင်းသည့် အဖြေတစ်ခုအား ကျွန်တော် ရလိုက်လေပြီ။ မြင်တွေ့ရသည့် ပုံအနေအထားအရ၊ အခေါ်အဝေါ်အရ မည်သို့မျှ လွဲမှားနိုင်စရာ မရှိလောက်အောင် ကျွန်တော် သဘောပေါက်သွားခဲ့ရသည်။

သို့သော် ထိုအကြောင်းအရာများကို အတာ့အား မည်သည့်မျက်နှာနှင့် ပြောရပါမည်နည်း။ အတာသိအောင် မည်သို့ ပြောပြရပါမည်နည်း။ ခေတ်၏ ထိုရေစီးကြောင်းကို အတာ လက်ခံနိုင်ပါမည်လား။ အတာ့အတွက် ကျွန်တော် စိတ်မကောင်း။ အချစ်ဆိုသည့်အရာအပေါ် ကျွန်တော် ဉာဏ်မီသလောက် အဓိပ္ပာယ်ရှာဖွေရင်း သော်ဇင်နိုင်အား အံ့သြလွန်းသည့်စိတ်နှင့်အတူ ရင်ထဲ မွန်းကျပ်လှောင်အိုက်ကာ နွမ်းလျသွားခဲ့သည်။

မွန်းတည့်နေသည် ကျွန်တော်ရှိသည့် အိုးရှင်းစင်တာ ပတ်ဝန်းကျင်၊ ထို့နောက် မော်လမြိုင်မြို့၊ ထို့နောက် မွန်ပြည်နယ်ကြီးတစ်ခုလုံးအား ပြင်းပြင်းပြပြ မင်းမူကြီးစိုးလျက်ရှိနေလေတော့သည်။ ■

**ရွှေသူရဇ္ဇ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

၁။
ကျွန်မနာမည် အရင်းလား။
ရှင်ကလည်းလေ
ကျွန်မနဲ့တွေ့တာပဲ သုံးလေးခါ
မကတော့ဘူး။ ခုမှ
ဘာအရွးထပါလိမ့်။ ကဲ
သိချင်ရင်လည်း ပြောပြပါ့မယ်ရှင်။
ပန်းခရေရှင့် ပန်းခရေ။
ခရေပန်းဆိုတာ ဝေလည်း
မွှေးတယ်၊ ကြွေလည်းမွှေးတယ်၊
နွမ်းခြောက်သွားလည်း
မွှေးနေဆဲပဲလေ။ အဲဒါကြောင့်
အမေက ပန်းခရေလို့
မှည့်ပေးခဲ့တာတဲ့။ နေနဲ့ နံလား။
ကိုက်တာပေါ့ရှင်။ ကျွန်မက

ကျွန်မဘဝကိုလည်း ဖန်သားလို ကြည်လင် တောက်ပနေအောင်ဆိုပြီး ခရွှေတယ်လ်လို့ ပေးလိုက်တာပဲ ရှင်။ ရှင်က ပန်းခရေလို့ပဲခေါ်ချင်တယ်ပေါ့။ ခေါ်ပါ ရှင်ကြိုက်သလိုခေါ်ပါ။ ဒီမှာတော့ ခရစ္စတယ်လ်လို့ပြောမှ ဝိတ်တာတွေက သိတာနော် ဟင်း ဟင်း။

ဘွဲ့ရပညာတတ်ဖြစ်လျက်နဲ့ ဘာလို့ ဒီအလုပ်လုပ် ရတာလဲဟုတ်လား။ အမယ်လေးရှင်ရယ်၊ ရှင်ကလည်း မသိတာကျနေတာပဲ အပိုတွေ မေးနေပြန်ပြီ။ ဘွဲ့ရဖြစ်ပေမဲ့ အလုပ်က ရှားတယ်ရှင့်။ ဝမ်းတစ်ထွာအရေးက ရှိသေးတယ်မလား။ ဟင့်အင်း။ ကျွန်မမှာ အမေ မရှိတော့ဘူး။ အဖေရယ်၊ မောင်လေးနဲ့ ညီမလေးရယ်

# မိုးယံဝင့်ထည်



အမှတ် ၃၅၅ ဇွန် ၂၀၀၉

ကြာသပတေးနေ့
မနက်စောမှာ မွေးခဲ့တာ။
ခရစ္စတယ်လ်လို့ ဘာလို့
ပေးထားတာလဲ ဟုတ်လား။
ဟင်း ဟင်း ဟင်း၊
ရှင်လည်း ကျွန်မကို
စိတ်ဝင်စားနေပြီ ထင်ပါ့။
ဒီဆိုင်မှာ
အလုပ်ဝင်မယ်ဆိုတော့
ပန်းခရေအမည်က ရိုးလို့
အမည်ပြောင်းပေး ရမယ်တဲ့။
အဲဒါကြောင့် အမေပေးတဲ့
အမည်လည်း ပါအောင်

ရှိသေးတယ်။ အဖေကျန်းမာရေးကောင်းတုန်းကတော့ ဘာမှမလုပ်ရပါဘူး။ အဖေကလား။ အရင်တုန်းကတော့ လိုင်းကားမောင်းတာပါ။ ကားတိုက်မှုဖြစ်ပြီးတော့ ခြေထောက် တစ်ဖက် ဆုံးရှုံးသွားတယ်။ ဟိုစရိတ် ဒီစရိတ်တွေနဲ့ မရှိမဲ့ ရှိမဲ့ အိမ်လေးပါ ရောင်းလိုက်ရတယ်လေ။ ခုနေတဲ့ ရပ်ကွက်ကိုတောင် ပြောင်းလာတာ မကြာသေးဘူး။ အမြန်ဆုံးရတဲ့ ဒီအလုပ်ပဲ ကြိတ်မှိတ်လုပ်ဖို့ ဆုံးဖြတ်ခဲ့ရတာပဲ။ မချစ်ပေမဲ့ အောင့်နမ်းရတာပဲ။ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွှေ့ပါဘူးရှင်။ ဟုတ်တယ်မလား။

www.burmeseclassic.com

ထိကပါး ရိကပါးတော့ ရှိတာပေါ့ရှင်။ ဒါတော့ ဘယ်လွတ်ပါ့မလဲ။ ရှင်တောင် ကျွန်မကို မဖက်ဘဲ နေလို့လား။ အင်းပါ ဟုတ်ပါတယ်။ ရှင်က အခြားယောကျ်ားတွေနဲ့စာရင် သိမ်မွေ့တာ ကျွန်မ သိတာပေါ့။ တချို့ဆို ဟိုကိုင်ဒီကိုင် ကိုင်ချင်ကြသေးတာ။ ကိုယ့်ဟာကိုယ် ထိန်းထိန်းသိမ်းသိမ်း နေရတာပေါ့ရှင်။ ဟင့်အင်း ကျွန်မအတွက် မမှာနဲ့တော့။ ဒီနေ့ သောက်ချင်စိတ် သိပ်မရှိဘူး။ ဒီဝိုင်တစ်ခွက်နဲ့တောင် ရီဝေဝေဖြစ်ချင်နေပြီ။ ရော့ ရော့ ရှင် သောက်လိုက်ပါဦး။

သီချင်းဆိုတော့မလား။ မဆိုချင်သေးဘူး စကားပြောချင်သေးတယ်ဆိုလည်း ဆက်ပြောတာပေါ့ ရှင်။ ဒီနေ့ ရှင် တော်တော်ထူးဆန်းနေတယ်နော်။ ကျွန်မအကြောင်း စပ်စုဖို့သက်သက် လာခဲ့တာလား။ ဟင်း ဟင်း ဟင်း တကယ်ကို ထူးဆန်းလို့ မေးတာပါရှင်ရယ်။ အရင်ကဆို ဒီအခန်းထဲ ကျွန်မ ရောက်တာနဲ့ **ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင်**ကို ဖွင့်ပေးရတယ်။ ပြီးတာနဲ့ အောင်သူရဲ့ **အမှတ်မရှိတဲ့အသည်း** ကို ဆက်ဆိုတယ်လေ။ အံ့သြမနေပါနဲ့ရှင်။ ကိုယ့်ကို မုန့်ဖိုး များများပေးတတ်တဲ့ ရှင့်အကြိုက်ကို သတိတရရှိမိတာပေါ့။ ဟုတ်တယ်လေ။ ရှင်ကလာတိုင်း ခရစ္စတယ်လ်ကို ခေါ်ပေးပါပြောနေကျဆိုတော့ ကျွန်မကလည်း ရှင့်အကြိုက်ကို မှတ်ထားရတာပေါ့ရှင်။

တစ်လဘယ်လောက်ရလဲ ဟုတ်လား။ ဝိုင်းစုခိုင်သိန်းဆိုထားတဲ့ သီချင်းလိုပေါ့။ ဟုတ်တယ်။ မက်လောက်စရာမရှိဘူး။ မေးမနေနဲ့။ ကဲ… ရှင် ဒီလောက်သိချင်နေမှတော့ ပြောပြပါ့မယ်ရှင်။ သုံးသောင်းရှင့် သုံးသောင်း။ နည်းလှချည့်လား လုပ်မနေနဲ့။ အဲဒါကြောင့် မက်လောက်စရာမရှိဘူး ပြောတာပေါ့။ ကျွန်မတို့ အဓိကရပ်တည်နေတာက ကော်မရှင်နဲ့ မုန့်ဖိုးရတာကိုပဲ။ ပြော ရှင်ရော ပြန်ရင် မုန့်ဖိုး ဘယ်လောက်ပေးမှာလဲ။ ဘယ်လောက်လိုချင်လဲ ဟုတ်လား။ ဒါကတော့ ရှင် စေတနာရှိသလောက်ပေါ့ရှင်ရယ်။ ငါးသောင်းပေးပေး၊ တစ်သိန်းပေးပေး ပေးသလောက်ပေါ့ နော။

ကော်မရှင်ခ သိချင်သေးတာလား။ ပြောပြမယ် ခဏ။ ဝိတ်တာကို ခေါ်လိုက်ဦးမယ်။ မောင်လေးရေ မမအခန်းထဲကို ဈေးအမြင့်ဆုံး ဝိုင်တစ်လုံးလောက် ပို့ပေးကွာ။ ပြီးတော့ ဆတ်သားခြောက်သုပ် ချဉ်စပ်နဲ့ သီးစုံတစ်ပွဲပေး။ အဲဒါပဲ မောင်လေး ရပြီ။ မှာတာများလှချည့်လား လုပ်မနေနဲ့။ ရှင်ပဲ ကော်မရှင်ခ သိချင်တယ်ဆို။ အဲဒါ လက်တွေ့ပြမလို့။ ရှင်နဲ့ ကျွန်မ စကားကောင်းနေတာနဲ့ ဘာမှ မမှာဖြစ်ဘူးလေ။ ကဲ ပြောပြမယ် နားထောင်။ ရော့ ရော့ ဘီယာလေး သောက်လိုက်ပါဦး။ ကျွန်မ တာဝန်ယူရတဲ့ အခန်းမှာ တစ်သိန်းဖိုး ရောင်းရရင် ဆိုင်က ကော်မရှင် ငါးထောင် ပြန်ပေးတယ်။ ဟုတ်တယ်။ ချက်ချင်းတော့ ဘယ်ထုတ်ပေးမလဲရှင် မှတ်ထားတာပေါ့။ လကုန်မှ ပေါင်းရှင်းရတယ်။ ကျွန်မလား။ ရောင်းရတာပေါ့ရှင်။ ခုန မှာထားတာတွေ ရှင် မြင်တယ်မဟုတ်လား။

ဒါနဲ့ ရှင်သိအောင် ပြောပြထားဦးမယ်။ တကယ်ပါ၊ ရှင့်ကို ခင်လွန်းလို့သာ ပြောပြမှာ။ ကိုယ့်ပေါင်ကိုယ်လှန် ထောင်းသလိုပါပဲ။ ကျွန်မတို့လောကမှာ ဆွဲချတယ်ဆိုတဲ့ စကားရှိတယ်။ အဲလိုမှ ဆွဲမချရင်လည်း ကော်မရှင်ခက ဘယ်သွားမျှော်လို့ရမှာလဲ။ ရောင်းကြေးတက်ဖို့ စဉ်းစားရတာပေါ့ရှင်။ မုန့်ဖိုးက ဘယ်ဆီနေမှန်းမသိဘူးလေ။ ပြုံးမနေနဲ့ရှင့်။ ခု သိပြီမလား။ ရှင့်ကို ဆွဲချတာမဟုတ်ဘူးနော်။ ရှင်က ကော်မရှင်ခ မေးလို့ ကျွန်မက လက်တွေ့ပြလိုက်တာ။ ရှင် အခြားဆိုင်တွေ ရောက်ခဲ့ရင်လည်း ဆွဲချမခံရစေနဲ့။ ရှင့်ကို ပြောပြလိုက်ပြီ။

ဒီနေ့ရှင်လာတာ ကျွန်မအတွက် ဘုရားမ,တာပဲ။ ဟုတ်တယ်။ ကျွန်မ နေ့လယ်က အဖေ့ကို ဆေးရုံလိုက်ပို့နေရတော့ ကောင်းကောင်း မအိပ်ခဲ့ရဘူးလေ။ အဲဒါကြောင့် ရှင်လာတာ သိပ်ကံကောင်းတာပဲ။ အိမ်ကထွက်လာကတည်းက Dancer ကိုကိုတွေနဲ့ မတွေ့ရပါစေနဲ့ ဆုတောင်းလာတာလေ။ ဘာပြောတာလဲ ဟုတ်လား။ အယ်… ရှင် တကယ်မသိတာလား၊ မသိဟန်ဆောင်နေတာလား။ ကျွန်မတို့လား၊ က,ပြရတာပေါ့ရှင်။ ကိုယ့်ကိုခေါ်တဲ့ ဧည့်သည်က က,ပြပါ ဆိုရင်ငြင်းလို့ မရဘူးရှင့်။ အဆင်ပြေအောင် လုပ်ပေးရတာပဲ။ ဟင်း ဟင်း ခုနရှင့်ကို ပြောပြထားသလိုပေါ့။ သူတို့မူးလေ ကျွန်မတို့အတွက် ဆွဲချလို့ကောင်းလေပဲ။ တချို့ယောကျ်ားတွေက မူးလေ ရက်ရောလေပဲ။ ရှင်နောက်တစ်ခါ လာရင် ကဲတတ်တဲ့ ဘော်ဒါတွေ ခေါ်လာခဲ့။ ကျွန်မတို့ဆိုင်က ခပ်ကဲကဲမိန်းမတွေနဲ့ တွေ့ပေးမယ်လေ။ ဩော်… ရှင်ပါလာရင်တော့ ကျွန်မက ရှင်နဲ့ ထိုင်ပေးမှာပေါ့။

ဘာစားဦးမလဲ ဟုတ်လား။ အမယ် တယ်လည်း ရက်ရောနေပါ့လား။ ဘောလ်ရှင်းခါကျမှ ငိုနေရမယ်နော် ဟင်း ဟင်း။ စ,တာပါရှင်ရယ်။ ဘောစိမှန်း သိပါတယ်။ အားနာလို့ပါ။ အိုကေ အဲဒါဆို မှာလိုက်မယ်။ ကျွန်မလည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ပင်လယ်စာ ပသျှူးထမင်းကြော် မှာလိုက်မယ်။ ကဲ ရော့ ရော့ သောက်လိုက်ပါဦး။ ဒါနဲ့စကားမစပ် ရှင်က ဘီယာတော့ အတော်သောက်နိုင်တာပဲနော်။ ပြောမယ့်သာ ပြောတာပါရှင်။ ကျွန်မတို့နိုင်ငံမှာ ရှင့်အရွယ်မပြောနဲ့ ၁၅ နှစ်၊ ၁၆ နှစ် အရွယ်တွေတောင် ဘီယာသောက်နေကြပြီပဲ။

ဒါနဲ့ ရှင့်မှာ အိမ်ထောင်ရှိလား။ မရှိဘူး ဟုတ်လား။ အမယ်လေး မယုံချင်ပါဘူးနော်။ မယုံရင် အိမ်လိုက်ကြည့် ဟုတ်လား။ ဟင်း ဟင်း ရှင်ကတော့လေ။ ကျွန်မကို သက်သေပြစရာ



www.burmeseclassic.com

www.burmeseclassic.com

မလိုပါဘူးရှင်။ ကျွန်မက ဒီအတိုင်း မေးကြည့်တာပါ။ ကဲ ထားလိုက်ပါ။ ခဏ ဟိုမှာ တံခါးခေါက်နေတယ်။ ဟော စကားကောင်းနေတာနဲ့ သီချင်းတစ်ပုဒ်မှ မဆိုရသေးဘူး။ ဆက်ရှင်အချိန်ပြည့်သွားပြီတဲ့။ ရှင် ဆက်ယူဦးမလား။ တကယ်ယူဦးမှာနော်။ မောင်လေးရေ နောက်တစ်ဆက်ရှင် ထပ်ယူမယ်ကွာ အိုကေ။

ကဲ စကားပြောတာလေး ခဏနား။ သီချင်းလေး တစ်ပုဒ်လောက် ဆိုလိုက်ဦး။ ရှင် စုံတွဲဆိုချင်တာလား။ ဒါဆို ဘာဆိုမလဲ။ ကျွန်မ ကြိုက်တာ ရွေးရမှာလား။ ကျွန်မက မြန်မာသံတော့ သိပ်မပိုင်ဘူးနော်။ သြော် ရှင်က မြန်မာသံ ဆိုနေကျမို့ပါ။ အထင်မသေးရဲပါဘူးရှင်။ အဲဒါဆိုရင် **ကိုယ်တို့ဝေးနေမိုင်ပေါင်းကုဋေ** ဆိုမယ်။ ရှင်ရလား။ ရတယ်ဆို ဟစ်လိုက်ကြစို့။

ဟယ်··· တကယ်ကို မထင်ရဘူးနော် ကြည့်စမ်း။ စတီရီယို သီချင်းဆိုတော့လည်း ဖြူးနေတာပဲ။ ရှင့်ကိုတော့ လေးစားသွားပြီ။ ရော့ရော့ ဘီယာလေး သောက်လိုက်ပါဦး။ ဒီတစ်လုံးကုန်ရင် တော်ပြီနော် ထပ်မမှာနဲ့တော့။ ရှင် အရမ်းများနေလို့ ပြောတာပါရှင်။ သဘောသဘော၊ နိုင်သေးရင်လည်း ပြီးတာပဲ။ သီချင်းတစ်ပုဒ်လောက် ထပ်ဆိုပါဦး။ မြန်မာသံတော့ မဆိုနဲ့။ ဘာရှင့်။ ရက်စ်ပါသီချင်း ဆိုမယ်ဟုတ်လား။ မနောက်ပါနဲ့ရှင်ရယ်။ တကယ်ကြီးလား။ စိုင်းစိုင်းခမ်းလိုင်ရဲ့ **ဝမ်းနည်းမှတ်တမ်း** နော်။ အင်းပါ မို့မို့ဆိုတဲ့ နေရာမှာ ကျွန်မ ဆိုပေးပါ့မယ်။ အိုကေပါ။

ရှင်ကတော့လေ။ ဒီနေ့ ကျွန်မကို အံ့သြအောင်ကို လုပ်နေတော့တာပဲ။ ဒီလောက်ဆိုနိုင်တာများ တစ်ခါလာလည်း အလွမ်းသီချင်း၊ တစ်ခါလာလည်း အဆွေးသီချင်းပဲ ဆိုနေတယ်။ ရက်စ်တွေဆိုပြီး က,သွားတာများ တကယ့်လူငယ်လေးအတိုင်းပဲ။ တကယ်ပါရှင်။ မြှောက်မပြောရပါဘူး။ အရှိကိုအရှိတိုင်း အမြင်ကိုအမြင်တိုင်း ပြောပြတာပါ။ ရှင့်အသက် ၄၀ ဆိုတာ ဘယ်သူမှယုံမှာမဟုတ်ဘူး။ ဟိုး ဆရာ ဟိုး။ ကျွန်မ တကယ်မသောက်ချင်လို့ပါ။ ကဲပါ ရှင်ကျေနပ်အောင် ဘီယာတစ်ခွက် သောက်ပေးမယ်။ ဝိုင်ကို မဖောက်တော့ဘူး။ ရှင်ပြန်ရင် ယူသွားပေါ့။ အို ကျွန်မ မယူချင်ပါဘူး။ ဒီလောက် ဈေးကြီးတာကို ရှင်ပဲ ယူသွားပါ။ ဟုတ်ပါပြီရှင် ဟုတ်ပါပြီ။ ရွှေစိတ်တော် မကောက်လိုက်ပါနဲ့။ ကျွန်မ ယူသွားပါ့မယ်ရှင်။ ကဲ ဆက်ရှင်လည်း ပြည့်တော့မယ်။ ဘာရှင့်။ တစ်ဆက်ရှင် ထပ်ယူဦးမယ် ဟုတ်လား။ ကျွန်မကို မေးစရာရှိသေးတယ်ပေါ့။ အမယ်လေး မေးစမ်းပါရှင်။

ကျွန်မအသက်လား ၁၆ နှစ်တစ်ရက်လျော့ အဟိ။ အတည်ပြောပါ့မယ်ရှင်။ ၂၇ နှစ်ပါ။ ဂျူနီဖာလိုဇ်ပက်နဲ့တူတဲ့ ခန္ဓာကိုယ်ကတော့ အမေပေးတဲ့ အမွေပေါ့။ ကျွန်မ အလှကိုကြည့်ပြီး စိတ်ရိုင်းတွေတော့ မဝင်နဲ့နော် ဟင်းဟင်း။ ရှင်ကလည်းလေ အဖြစ်ကို သည်းလွန်းတယ်။ စ,တာပါရှင်ရဲ့။ ဟုတ်ပါပြီ။ ကျွန်မတို့ ရပ်ကွက်ထဲကလား။ အိုး··· ကဲ့ရဲ့တာပေါ့ရှင်။ ဘာပြောကောင်းမလဲ။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ။ ဒီဘက်နားဝင် ဟိုဘက်နားထွက် လုပ်လိုက်တာပဲ။ တစ်ရက် ကျွန်မ ဈေးသွားတော့လေ-

'အဲ ကောင်မပေါ့ ။ လင်ကြီးငုတ်တုတ်ရှိလျက်နဲ့ မကောင်းတာလုပ်စားနေတာလေ။ မွေးထားတဲ့ ကလေး နှစ်ယောက်မျက်နှာမှ မထောက်'

'ဟုတ်ပါ့အေ၊ ဒီလိုကောင်မမျိုး တို့ရပ်ကွက်ထဲ ရောက်လာတာတော့ ရပ်ကွက်နာတာပဲ'

'ကဲပါအေ ပြောမနေစမ်းပါနဲ့၊ ပြောရတာတောင် ပါးစပ်သနတယ် သွားကြစို့အေ'

အဲဒီလိုမျိုးကို ပြောနေကြတာ။ တကယ်ပေါ့ရှင်။ ကျွန်မအဖေကိုတောင် ကျွန်မလင်လို့ပြောကြတာ။ ကြားကြားချင်းမှာတော့ အဲဒီမိန်းမသုံးယောက်ကို ဆွဲယမ်းလုပ်ပစ်လိုက်ချင်မိတာပေါ့ရှင်။ ဒါပေမဲ့ ကျွန်မအလုပ်ကိုက အများအထင်အမြင်သေးစေမယ့်အလုပ် မဟုတ်လား။ ဘယ်သူက မိန်းမကောင်းလို့ ထင်တော့မလဲ။ ထားပါလေ။ ရှေးဘဝက အကြောင်းတရားပေါ့နော။

အဆောင်နေလို့ ဖြစ်မလားရှင့်။ အိမ်မှာက ကျွန်မ မရှိလို့မှ မဖြစ်တာ။ ဘယ်အချိန်ပြန်လဲ မေးမနေနဲ့။ ရှင် လိုက်ပို့လို့လည်း မဖြစ်ဘူး။ အလိုလိုမှ ရပ်ကွက်က မေးငေါ့နေပါတယ်ဆို။ ရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ ကဲ ဆရာကြီး ဘာများ အင်တာဗျူးချင်သေးလဲရှင့်။ မေး မေးနိုင်လွန်း၊ ပြော ပြောနိုင်လွန်းပါ့။ မဟုတ်ဘူးလား။ ခုပဲ သုံးဆက်ရှင်ပြည့်တော့မယ်လေ။ သီချင်းတောင် နှစ်ပုဒ်ပဲဆိုသေးတယ်။ ကဲ တစ်ပုဒ်လောက် ထပ်ဆို။ ကျွန်မ ဆိုပြရမှာလား။ အင်း အဲဒါဆိုရင်··· **အတွင်းကြေ** ဆိုပြမယ်။ ကြိုက်ရဲ့လား။ ကြိုက်တယ်ဆိုပြီးရော။ အိုကေ။ ကဲ နောက်ဆုံးအနေနဲ့ တစ်ခွက်သောက်ပေးပါ့မယ်ရှင်။ ချီးစ်ယား။

❑

၂။

စိတ်မပူပါနဲ့ယောက်ျားရယ်။ မိန်းမ မဟုတ်တာ ဘာမှမလုပ်ဘူး။ မိန်းမလုပ်စာ ထိုင်စားနေရတယ်ဆိုပြီးတော့လည်း စိတ်အားငယ်မနေနဲ့။ ယောက်ျား ကားမောင်းနေတုန်းက မိန်းမ ဘာလုပ်ခဲ့ရလို့လဲ။ နောက်ပြီး သားနဲ့သမီး ကျောင်းစရိတ်က ရှိသေးတယ်လေ။ မိန်းမအတွက် ဘာမှမပူနဲ့။ ခန္ဓာရင်းပြီး ငွေရှာတာမှ မဟုတ်တာ။ သီချင်းလေးဆိုပြရုံ၊ ဘီယာလေးငှဲ့ပေးရုံနဲ့ ငွေဒီလောက် ရနေတာကို ယောက်ျားလည်း သိလျက်သားနဲ့။ ယောက်ျားအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး စိတ်ချပါနော်။ ။ ■

**မိုးယံဝင့်ထည်**



www.burmeseclassic.com

www.burmeseclassic.com

ရောင်နီလာသည့်မှ
ရှိလိမ့်ဦးမည်လား၊ ရောင်နီ
လာချေပြီလားဖြင့် မသိချေ။
တစ်ညလုံး တဖြောက်ဖြောက် ကျလိုက်၊
တဝေါဝေါ ရွာလိုက်ဖြစ်နေသော
မိုးကဖြင့် တစိမ့်စိမ့်ရွာဆဲ။ ဟိုအိမ်က
ထွက်လာ၊ သည်အိမ်က
ထွက်လာကြသော တစ်ယောက်
တစ်ယောက်သော သူများက
တာထိပ်ဆီမှာ။ တစ်ဦးနှင့်တစ်ဦး
စကားမဆိုမိကြ။တစ်ယောက်မျက်နှာ
တစ်ယောက်မကြည့်မိကြသည့်တိုင်
မြစ်ရေပြင်သို့မူ မမှိတ်မသုန် ကြည့်နေကြ

သည်က ဓာတ်တိုက်ထားသလို။
ထိုသူတို့ကို သတိမမူမိသည်လား၊
အမှုမထား လေသည်လား၊
ဂရုမစိုက်လေသည်လား မသိပေသော
ရေဝတီကဖြင့် ပကတိဣန္ဒြေရစွာ
စီးဆင်းနေသည်။
အသော့နှင်သည်လည်းမဟုတ်၊
လေးကန်နှေးကွေးသည်လည်း
မဟုတ်ပါဘဲ သူ့ခရီးကို သူနှင်ကာ
ဣန္ဒြေရ လှပါဘိတော်း။

□

နံရံထက်က နာရီကို ဆရာကြီး
ဦးဟန်ညွန့် လှမ်းကြည့်မိချိန်မှာ
လက်တံတို တစ်ခုက ပျောက်နေပြီလား
တွေးမိသည်။ အပေါ်တည့်တည့်

ထောင်နေသည့်
နာရီလက်တံရှည်က
အုပ်မိုးထားသည်ကို
တွေးမိမှ စိတ်ထဲမှာ
ပြုံးလိုက်မိ၏။ ရုံးခန်းဆီသို့
လျှောက်သွားလိုက်ပြီး
ဗီရိုပေါ်တင်ထားသည့်
ခေါင်းလောင်းကို
လေး၊ ငါးချက်
လှုပ်ခတ်လိုက်သည်။
ကလေးများ၏ အသံက
ဝေါခနဲ ပေါ်ထွက်လာ၏။
တကယ်တော့ ဆရာကြီး
ခေါင်းလောင်းမတီးမီ
ကတည်းက

# ကိုတူး

## ကမ်းခြွေသည့်ရေ

အမှတ် ၃၅၅ ဇွန် ၂၀၀၉





www.burmeseclassic.com

'ဒီနေရာကနေ
ကြည့်နေရတာ
သဘော်ကြီးတွေက
ကျောင်းနဲ့ နီးနီးလာ
သလိုပဲနော်'
ဆရာမ ဒေါ်ကြည်ရင်
က ပြတင်းပေါက်မှ
လှမ်းမြင်နေရသည့်
ကိုင်းကွင်းများဆီ
လှမ်းကြည့်ရင်း
ပြောလိုက်သည်။ အ·မ·က
တာဝတ်သည် မြို့နှင့်
ငါးမိုင်ခန့်ဝေးသော
မြေနုလွင်ပြင်ပေါ်တွင်
တည်ရှိသည်။

သည်ကျောင်းမှ
ဆရာမ ဆရာများ၏
နားနေခန်း၊
အစည်းအဝေးခန်းတို့
ဖြစ်ကြလေသည်။ ထို့ပြင်
ဆရာမများ၏
အဝတ်လဲခန်းလည်း
ဖြစ်ချေတော့သည်။
ထိုအချိန်တွင်ဖြင့်
ဆရာကြီးသည်
မယောင်မလည်ဖြင့်
ဝေးရာအခန်းဆီသို့
သွားကာ အရေးမပါသော
အလုပ်များကို လုပ်ရရှာ
လေတော့သတည်း။

ကျောင်းပေါ်တွင်
ဆရာကြီး ဦးဟန်ညွန့်နှင့်
ဆရာမသုံးယောက်သာ
ကျန်ခဲ့တော့၏။
ဆရာမများက
သက်ဆိုင်ရာ
အတန်းအသီးသီးမှ
ရုံးခန်းဆီသို့
ရောက်လာသည်နှင့်
ဆွဲခြင်းအသီးသီးမှ
ထမင်းချိုင့်များကို
ထုတ်ယူရင်း
စားပွဲပေါ်တင်လိုက်ကြသည်။
သည်အခန်းပင်လျှင်
သည်ကျောင်း၏ ရုံးခန်း၊

ကလေးများက စာအုပ်တွေ၊
ပေတံ၊ ခဲတံတွေကို
လွယ်အိတ်ထဲ
တိတ်တိတ်ကလေး
ထည့်ပြီးနေပြီ။
တစ်ကျောင်းလုံးရှိ
ကလေးများက နာရီကို
တကြည့်ကြည့်
လုပ်နေကြတာလည်း
ကြာပြီ။
ပွက်လောရိုက်အောင်
ဆူညံသွားသော
ကျောင်းသည်
မိနစ်ပိုင်းအတွင်းမှာပင်
တိတ်ဆိတ်သွားတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ပထဝီအနေအထားအရ ဧရာဝတီမြစ်၏ ရေလွှမ်းမိုးမှုကို ကာကွယ်ရန် ဧရာဝတီမြစ်ရိုးတစ်လျှောက်ကို ရေကာတာများဖြင့် ကာရံထားသည်။ ရေကာတာများသည် မြစ်၏ အခြေအနေ၊ မြို့၏ အခြေအနေကိုလိုက်၍ မြစ်နှင့်အပြိုင် တစ်ခုနှစ်ခုရှိကြသည်။ ရေကာတာ၊ အရံရေကာတာများဖြစ်ကြသော်လည်း ဒေသခံများက အတွင်းတာ၊ အပြင်တာဟု ခေါ်ကြ၏။ မြစ်နှင့်နီးသော တာမှာ အတွင်းတာဖြစ်ပြီး မြစ်နှင့်ဝေးသော တာကို အပြင်တာဟု ခေါ်ကြသည်။ ထိုရေကာတာများ ရှိသဖြင့်သာ ဟင်္သာတမြို့နယ်မှာ မိုးရာသီတွင် ဣန္ဒြေမပျက်နေနိုင်ခြင်းဖြစ်သည်။ သို့စေကာမူ အချို့သော နှစ်များတွင် ဟန်ကိုယ့်ဖို့ဖြစ်အောင် မနည်းကြိုးစားရသည်။ မိုးရာသီတွင် ဧရာဝတီမြစ်နှင့် ငဝန်မြစ်သည် မြို့နယ်တစ်မြို့နယ်လုံးကို ငုံ့ကြည့်လျက် ခပ်ထေ့ထေ့ အမြဲ ပြုံးတတ်၏။ တာငုတ်သည် ဟင်္သာတမြို့၏ အတွင်းတာနှင့် အပြင်တာ ဆုံရာတွင် ရှိသည်။ တစ်ချိန်က အတွင်းတာသည် ငဝန်မြစ်ခွဲထွက်ရာ အနီးရှိ ခြင်ဘို့ရွာ၏ ဟိုမှာဘက်အထိ ရှိသော်လည်း ဒေသခံများပင် မမှတ်မိတော့သော အချိန်က ရေကာတာ ကျိုးပေါက်ပြီးနောက် ထိုနေရာတွင် တာပြန်မဖို့ကြတော့ချေ။ မြို့ဘက်က တာအငုတ်ကြီးကို အတွင်းတာက လာဆက်လိုက်တော့သည်။ ထိုနေရာသည် တာငုတ် ဖြစ်လာလေတော့၏။

တစ်ဖက်ကမ်းပြိုလျှင်

> jrpfvM
> rnfonf
> rm, m
> rm;wwfvef
> onfqkdpji m;
> wppef
> wppaom
> oaufvrm;jzi h
> olUph&mukd
> vpf[ ,
> wwfonfsnf
> jzpfygonf

တစ်ဖက်သောင်ထွန်းသည်မှာ ဓမ္မတာပင်တည်း။ ဆိုရိုးတွေမရှိလင့်ကစား သောင်ထွန်းပြီးသည်နှင့် ကမ်းပြိုတတ်သည်၊ ကမ်းပြိုပြီးသည်နှင့် သောင်ထွန်းတတ်သည်မှာလည်း ဖြစ်ရိုးဖြစ်စဉ်ပါတည်း။ ထိုထိုသော နှစ်များက သောင်ထွန်းခဲ့သော တာငုတ်မှ အရှေ့ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်လျှင် မျက်စိတစ်ဆုံးသော ကိုင်းကွင်းများ၏ ဟိုမှာဘက်က ဧရာဝတီမြစ်အစပ်မှ သာရဝေါဘူတာကို မြင်ရသည်ဆိုသည်မျှသာ ရေးရေးလေးမြင်ရသည်။ ထိုအချိန်က သာရဝေါဘက်မှာ ကမ်းတွေတဝုန်းဝုန်းပြိုသည်။ ရွာတွေပျက်သည်။ ကျောင်းတွေ၊ ဘုရားတွေ ရေထဲရောက်သည်။ သည်ဘက်မှာလည်း နှစ်တိုင်း မြေနုကျွန်းတွေ ပေါ်သည်။ ကိုင်းတွေ အသစ်ရကြသဖြင့် ပျော်ကြသည်။

❑

နဒီဆိုသော မြစ်တို့သည်ကား ဝဋ် ကွေ့ကောက်တတ်သည်သာချည်း ဖြစ်တော့၏။ သည်သဘောကို တာငုတ်သားတို့ မေ့လျော့ခဲ့သည်တကား။ ငယ်စဉ်က အကြောင်းကို မမှတ်မိတော့သော အသက်ခြောက်ဆယ်ဝန်းကျင်တို့သည် မကြာသေးမီကမှ ခွဲတမ်းရထားသော မိမိတို့ ကိုင်းများ ရေထဲပါသွားသည့်အခါ ကိုယ့်ဆီ ခဏအလည်လာတာပါဟု ဖြေသိမ့်ရယ်သွမ်းသွေးခဲ့ကြသေးသည်။ တစ်နှစ်။ ရေတက်လျှင် ကမ်းပြို၊ ရေကျတော့လည်း ပြိုတတ်သည်က ထုံးစံမို့ နောက်တစ်နှစ်တွင်လည်း ဖြေတွေး တွေးခဲ့ကြပါသေးသည်။ နောက်တစ်နှစ်တွင်မူ မျက်ကလဲဆန်ပျာ ဖြစ်လာတော့သည်။ ဟိုတစ်နှစ်က မသိမသာလေး ပြိုခဲ့သည်။ နောက်တစ်နှစ် သိသိသာသာကြီး ပြိုပြန်သည်။ ခုတစ်နှစ် မချိမဆံ့ ပြိုတော့သည်။ ကိုင်းကွင်းတွေ ဝုန်းခနဲ၊ ဝုန်းခနဲ ပြိုကျသွားသည်။ ကိုင်းကွင်းစောင့်သည့် ရွာစုစုလေးတွေ ဝေါခနဲ၊ ဝေါခနဲ ပြိုဆင်းသွားသည်။ သက်တမ်းရင့်ကုက္ကိုပင်တွေ၊ လက်ပံပင်တွေ ရိပ်ခနဲ၊ ရိပ်ခနဲ ပျောက်ကွယ်သွားကြသည်။

"ဟုတ်တယ်၊ မနေ့ကမှ ကိုတင်ဝင်း ဆီးတောဘက်သွားတာ။ ဆီးတောရွာထိပ်က လက်ပံပင်အကြီးကြီး ပါသွားပြီတဲ့။ ဒီနှစ် ကမ်းပြိုတာ တအားကြမ်းနေတယ်"

"ဒါဆို တို့ကျောင်းလေးတောင် စိတ်ချရပါ့မလားမသိဘူးနော်"

ဆရာမ ဒေါ်ကြည်ရင့်စကားနှင့်ဆက်၍ ကျန်ဆရာမများက သိသမျှနှင့် တွေးမိသမျှ ပြောကြ၏။ ဆရာကြီး ဦးဟန်ညွန့်သည် သောက်လက်စ ရေနွေးကြမ်းကို အကုန်မော့သောက်ပြီးနောက် ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ်သို့ ဒေါက်ခနဲမြည်အောင် ပြန်ချလိုက်သည်။ တစ်ဆက်တည်းမှာပဲ လေပူတစ်ချက်ကို ဟူးခနဲမြည်အောင် မှုတ်ထုတ်လိုက်၏။

ကျောင်းပြတင်းပေါက်မှ ကြည့်လိုက်လျှင် မျက်စိတစ်ဆုံးမျှသော ကွင်းပြင်များကို စိမ်းစိမ်းစိုစို မြင်နေရသည်။ ကိုင်းကွင်းများ၏ ထုံးစံအတိုင်း မိုးအကုန်ဆောင်းအကူး မြစ်ရေကျသွားချိန်တွင်မှသာ စိုက်ပျိုး၍ရနိုင်သည်ဖြစ်ရာ မိုးဦးကျအချိန်တွင် ဝတ်လစ်စားလစ်ဖြစ်၍ နေသည်။ သို့စေကာမူ နွေပူတွင် နွမ်းခွေနေသော ပြောင်းပင် ပုသွယ်သွယ်၊ ပဲပင်လိုလို၊ ချဉ်ပေါင်ညှက်ညှက်တို့က မိုးရေအားဖြင့် ဖွံ့ထွားလာကြသည်။ ရိတ်သိမ်းစဉ်က ကျကျန်ခဲ့သော ပဲမျိုးစုံက အလေ့ကျ ပြန်ပေါက်နေကြပြီ။ ပေါင်းပင်များဟု ဆိုလင့်ကစား ယခုလိုအချိန်တွင် ဟင်းတစ်ခွက်ဖြစ်စေသော မြူပင်၊ ဒေါက်ခွပင်များကလည်း စိတ်ရှိလက်ရှိ သန်စွမ်းနေကြပြန်သည်။ ကိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကွင်းသည် မသန်သော်လည်း စွမ်းနေသည်ထင့်။ ကပိုကရို ဖြင့် စိမ်းစိမ်းစိုစို လှအားပိုနေသေးတော့သည်။ ဝတ်လစ်စားလစ်ဖြစ်နေသော မယ်ကိုင်းကွင်းကို အနီလက်ကျန်ပင် ထိုပေါင်းပင်တို့က ဟိုဖုံးသည်ကာ လုပ်ပေးသည်နှင့် တူရော့၏။

❑

ဆရာကြီး ဦးဟန်ညွန့်သည် တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသော မိဘများကိုကြည့်ရင်း စုံသလောက် ရှိပြီဟု တွေးမိသည်။

'ကဲ လူစုံသလောက်တော့ ရှိပါပြီဗျာ။ အထွေအထူးမဟုတ်တော့ အခမ်းအနားတွေ ဘာတွေလည်း မလုပ်တော့ပါဘူး။ အများစုကတော့ ကျွန်တော် အိမ်တွေရောက်တုန်း ပြောပြလို့ သိပြီးဖြစ်ပါတယ်။ အတိုဆုံးပြောရလျှင် ဒီလို ကမ်းပြိုပုံမျိုးနဲ့ဆိုသိပ်မကြာခင်မှာ ကျွန်တော်တို့ကျောင်းလေးက ပါတော့မှာလေ။ ဘယ်လိုလုပ်ကြမလဲလို့ မေးချင်တာ။ ဒါပေမဲ့ မမေးရက်ဘူး။ တစ်ရွာလုံးလိုလို တစ်သက်မက လုပ်ခဲ့တဲ့ ကိုင်းရော၊ ဘိုးဘွားအစဉ်အဆက် နေခဲ့တဲ့ အိမ်တွေခြံတွေရော ဆုံးရှုံးနေကြတော့ မမေးရက်ပါဘူး။ တစ်ဖက်မှာလည်း ပညာရေးဌာနကို အခြေအနေအရပ်ရပ် တင်ပြထားသလို မျှော်လင့်လို့ရနိုင်တဲ့ အလှူရှင်တွေကိုပါ မကျန်ရအောင် ကြိုးစားပြောပြထားပါတယ်။ ဒါပေမဲ့လည်း အခုထက်မြန်မြန်ဖြစ်လာခဲ့မယ်ဆိုရင် ဘယ်လိုလုပ်သင့်လဲဆိုတဲ့ အကြံလေး ပေးစေချင်တာပါ'

ဆရာကြီး၏ စကားအဆုံးတွင် ကိုမြစိုးက လေးကန်စွာ ထ၍ မတ်တတ်ရပ်သည်။

'ဆရာကြီး မေးပေမဲ့လည်း ဘာပြောရမှန်းတောင် မသိတော့ပါဘူး ဆရာကြီးရယ်။ တကယ်တော့ ဒီကျောင်းလေးကို ကျွန်တော်တို့ မိသားစုက လှူထားတာပါ။ အဲ့ဒီတုန်းကလည်း နှစ်ပေါင်းများစွာကြာလို့ ပြိုလု ပြိုလု ကျောင်းဟောင်းလေးကိုကြည့်ပြီး ရှိစုမဲ့စုနဲ့ ဆောက်ပြီး လှူခဲ့တာ။ အခု ကျတော့ လုပ်စားနေတဲ့ ရှိသမျှကိုင်းလည်း ကုန်ပြီ။ ခြံစပ်က မအူပင်တန်းတောင် ပါသွားပြီဆိုတော့ မနေ့ကပဲ မြို့က ကွက်သစ်ထဲမှာ ခြံလေးတစ်ခြံ သွားဝယ်လိုက်ရတယ်။ ရွာက မခွာချင်ပေမဲ့ နေစရာမှမရှိတော့လည်း မတတ်နိုင်တော့ဘူးလေ။ ပထမတော့ ဒီက အိမ်ကို ဖျက်သွားပြီး ဟိုကခြံလေးထဲမှာ ပြန်ဆောက်ဖို့ပဲ။ ဒါပေမဲ့ မနေ့က ရလိုက်တဲ့ ခြံထဲမှာက အိမ်တစ်လုံးပါတယ်။ အသင့်အတင့်လည်း ကောင်းတော့ ဒီက အိမ်ကို ကျောင်းကိုလှူခဲ့ပါမယ်။ ဒါ ကျွန်တော့်ရွာအတွက် ကျွန်တော်တို့မိသားစုရဲ့ နောက်နောက် နောက်ဆုံး ...'

စကားကို အဆုံးမသတ်နိုင်ပါဘဲ ရှိုက်ကြီးတငင် ငိုချလိုက်ပါသော ကိုမြစိုးကို ဆရာကြီးနှင့် ဆရာမများ၊ အခြားသော မိဘများက မအံ့သြနိုင်ဘဲ ကြက်သေသေကာ ကြည့်နေကြသည်။ လူတိုင်းကရော ထိုသို့ဖြစ်နေသူနှင့် ထိုသို့ဖြစ်တော့မည့်သူများသာ မဟုတ်ပါလား။ ဟိုလူပြောသည်လူငိုနှင့်ပင် အစည်းအဝေးက ဘယ်အချိန်ပြီးမှန်းမသိ ပြီးသွားချိန်၊ အစည်းအဝေး တက်ရောက်သူများ မည်သို့ပြန်မှန်းမသိ ပျောက်သွားချိန်၊ ဘာကြောင့်ရယ် အတိအကျမသိပါဘဲ ဆရာကြီးကိုယ်တိုင် ခြေကုန်လက်ပန်းကျကာ မောဟိုက် နွမ်းလျသွားချိန်၊ မတိုင်ပင်ရပါဘဲ ဆရာ၊ ဆရာမတွေ မလှုပ်မယှက် ငူငူငိုင်ငိုင် ကျန်ခဲ့ရချိန်တို့က ရှေ့ဆင့်နောက်ဆင့်လေလား၊ တစ်ပြိုင်နက်လေလား မည်သူမျှ သတိမထားလိုက်မိပါချေ။

❑

'တီး တီ တီ တီ၊ တီး တီ တီ တီ'

' တီး တီ တီ တီ၊ တီး တီ တီ တီ'

ဆရာကြီး ဦးဟန်ညွန့် စာသင်နေစဉ်မှာ ဖုန်းက မြည်လာသည်။ ဆရာကြီးက မကျေနပ်ဟန်ဖြင့် ရုံးခန်းစားပွဲပေါ်က ဖုန်းကို ကောက်ကိုင်လိုက်ရင်း-

'ဟလို၊ အမိန့်ရှိပါခင်ဗျ'

'.....'

'ဟုတ်ကဲ့ပါ။ ကျွန်တော် ကျောင်းအုပ်ကြီးပါ'

'.....'

'ဩော် ဟုတ်ကဲ့ပါခင်ဗျ'

'.....'

'ဟုတ်ကဲ့ပါခင်ဗျ'

'.....'

'ဖြစ်ပါတယ်ခင်ဗျ'

'.....'

'ဟုတ်ကဲ့ပါခင်ဗျ'

ဟုတ်ကဲ့ပါချင်း မိုးမွှန်အောင် ပြောနေဆဲမှာပင် ဆရာကြီး၏ မျက်နှာက ပို၍ပို၍ ဝင်းပလာသည်။ သူ့စကားသံတွေက ပျော်နေသလိုပင်။ ဆရာကြီးမျက်နှာကို စာဖတ်နေသည့် ဒုတိယတန်း ဆရာမ ဒေါ်သန်းသန်းအေးက ရွှေ့ရွှေ့ဖြင့် လျှောက်လာ၏။ ဘာကြောင့်မှန်းမသိ ဆရာကြီး၏ ဟုတ်ကဲ့ပါခင်ဗျတွေကြောင့် ကလေးတွေပင် အသံတိတ်ကုန်သည်။ ဘယ်နှကြိမ်မြောက်မှန်းမသိရသော ဟုတ်ကဲ့ပါခင်ဗျအပြီးတွင် ဆရာကြီးသည် ဖုန်းကို နားနှင့်ခွာလိုက်သည်။ တစ်ဆက်တည်းပင်-

'ဟဲ့ ဆရာမတွေရေ လာကြပါဦးဟဲ့၊ မောင်အေးမောင်ရော၊ လာဦးကွ'

ဆရာကြီး၏ ပါးစပ်သည်လည်း နားရွက်ကိုချိတ်တော့မတတ် ပြုံးနေပါ၏။

'ဒီလိုကွ'

ဆရာမများနှင့် အထွေထွေလုပ်သားတို့ကလည်း အနားသို့ မည်သို့ရောက်လာသည်မသိ။ ဆရာကြီးကလည်း ဘယ်က စ၍ပြောရမည်မသိ။

'ပညာရေးမှူးရုံးက ဖုန်းဆက်တာ။ တို့ကျောင်းကို ဂျပန်နိုင်ငံက အလှူရှင်အဖွဲ့တစ်ဖွဲ့က ဆောက်ပေးမယ်တဲ့။ အဲဒါ အခုမကြာခင် ဒုတိယပညာရေးမှူးတစ်ဦးနဲ့ တာဝန်ရှိသူတစ်ဦးလာပြီး နေရာကြည့်မယ်တဲ့။ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နဲ့ ရွာမိရွာဖတွေ ခေါ်ထားဖို့။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ အခု ထွက်လာတော့မယ်တဲ့'

ဆရာကြီးက အပျော်မျက်နှာနှင့်အတူ လျှာခလုတ်တိုက်မတတ်ပြော၊ ဆရာမတွေကလည်း စပ်ဖြဲဖြဲမျက်နှာတွေနှင့် နားထောင်၊ အထွေထွေလုပ်သား မောင်အေးမောင်ကလည်း ဆရာကြီး စကားမဆုံးမီမှာပင် ရွာထဲသို့ အသော့နှင်ပါလေတော့၏။

❑

ရွာ၏မြောက်ဘက်ဟု ခေါ်လေမည်လား၊ အနောက်ဘက်ဟု ခေါ်လေမည်လား မသိတော့သည့် နေရာတွင် အဓိကရ ကုက္ကိုပင်ကြီးနှစ်ပင်ရှိသည်။ ဟိုးယခင် ရွာစည်ပင်စဉ်ကမူ ရွာအနောက်ဘက်တွင် ရှိခဲ့ပါ၏။ ကမ်းတွေ ပြိုလာသည့်အခါ ရွာကတာစောင်းသို့ တတိတိရွှေ့လာသည့်အခါ အနီးကုက္ကိုပင်တို့က ရွာမြောက်ဘက်သို့ ရောက်ခဲ့ပါလေ၏။ ထိုကုက္ကိုပင်တို့ မည်မျှကြာမြင့်ခဲ့ပြီကို ရွာထဲမှ မည်သူမျှ မသိကြပေ။ အသက်ကိုးဆယ်ကျော်ဘကြီးပျော့က သူငယ်စဉ်က ထိုအပင်အောက်တွင် နွားကျောင်းခဲ့ဖူးသည်ဟု ဆိုကတည်းက မည်သူကမျှလည်း ကုက္ကိုပင်ကြီး သက်တမ်းမည်မျှ ရှိမည်ကို မခန့်မှန်းတော့ချေ။ မည်သူကမျှလည်း အကိုင်းတစ်ကိုင်း၊ အမြစ်တစ်ချောင်း မခုတ်ရဲကြပေ။ အားလုံး တွေးမိကြသည်က ထိုမျှ သက်တမ်းရှည်ကြာလှသော ကုက္ကိုပင်ကြီးတို့တည်ရာကုန်းမြေသည်ဖြင့် ခိုင်မာသောမြေသားရှိပေလိမ့်မည်ဟု သာတည်း။ ထို့ကြောင့်လည်း ထိုကုက္ကိုပင်ကြီးတို့နှင့် တစ်တန်းတည်းသောနေရာတွင် ကျောင်းသစ်ကြီးကို ဆောက်လုပ်ကြရန် တညီတညွတ်တည်း လျာထား ဆုံးဖြတ်လိုက်ကြလေသတည်း။

လေရူးက ဟိုမှသည်မှ တဟူးဟူးတိုက်ခတ်နေသည်။ မြူခိုးတွေမရှိလင့်ကစား နံနက်ခင်းတွင်ဖြင့် မင်းလွင်တို့က ကိုင်းကွင်းတစ်ခွင်တစ်ပြင်တွင် ဟိုဆိုင်း၊ သည်ဆိုင်း။ ညကတည်းက မအိပ်ရသေးသဖြင့် ဆရာကြီး ဦးဟန်ညွန့်၏ မျက်စိတွေက ကျိန်းစပ်နေသည်။ သို့စေငြားလည်း မအိပ်ချင်ပါ၊ မအိပ်လိုပါ။ ညက အခမ်းအနား ပြင်ဆင်ကြရင်း ကလေးတွေ အစမ်းလေ့ကျင့်မည်ဆိုကာ ပွဲစ,ဖြစ်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ အထာမကျရာမှ သုံးကြိမ်၊ လေးကြိမ်မှာ ဟန်ကျပန်ကျဖြစ်လာသည်။သူတို့လေးတွေလည်း ခြေကုန်လက်ပန်းကျကြလေပြီ။ ဆရာမတွေလည်း အသံဝင်လေပြီ။ ညဉ့်ကလည်း နက်လေပြီ။ ထိုအချိန်မှာ တစ်စခန်းထလေသူက ကိုဟန်မောင်ပါတည်း။

'ဆရာကြီးရော၊ ဆရာမတွေရော ဒီညမအိပ်ရဘူးနော်။ ကျွန်တော်တို့လည်း မအိပ်ဘူး'

'ဟင် ဘယ်ဖြစ်မလဲ ဦးဟန်မောင်ရဲ့၊ တစ်ညလုံး မအိပ်ဘဲနေရင် မနက်ကျ မျက်နှာတွေ ချောင်နေတော့မှာပေါ့'

'ပျော်လွန်းလို့ပါ ဆရာမရယ်၊ တကယ်ပါ။ ကျွန်တော်တင်မဟုတ်ဘူး တစ်ရွာလုံး ပျော်လွန်းလို့ပါ။ ကျွန်တော်တို့ တစ်သက်မဟုတ် ဘူး ရှေ့ဆယ်သက်၊ နောက်ဆယ်သက်မှာ ကျွန်တော်တို့ရွာမှာ ဒါမျိုးကျောင်းကြီး ဖြစ်နိုင်ပါဦးမလားဗျာ။ ဟင်။ တစ်သက်လုံး ရေတက်ရင် ရွှံ့ထဲဗွက်ထဲနေခဲ့ရတဲ့ ကျွန်တော်တို့တွေ၊ ကျွန်တော့်သားသမီးတွေ။ အခုတော့ ဒီလိုနေရာမှာ ကွန်ကရစ်ကျောင်းကြီးဗျာ။ ရေလောင်းအိမ်သာတွေ၊ ရေစည်စင်တွေ၊ ရေစက်တွေနဲ့။ အကောင်းစား စာသင်ခုံတွေ ပရိဘောဂတွေနဲ့၊ မီးစက်နဲ့၊ ဆိုလာနဲ့။ ကြည့်ပါဦး ဆရာမရယ်၊ သိန်းပေါင်း ထောင့်နှစ်ရာကျော်တယ်တဲ့။ ကျွန်တော်တို့ရွာမှာ တစ်သက်လုံး အကောင်းဆုံး အဆောက်အအုံဆိုတာ ဘုန်းကြီးကျောင်းပဲ ရှိခဲ့တာ။ အခုများတော့ ဘယ်လောက်ကောင်းလိုက်တဲ့ ကျောင်းကြီးလဲ။ ပြောရရင် တန်တောင်မတန်ဘူး။ အဲတန်လို့လည်း အခုလိုဖြစ်လာတာပါလို့ ပြောပါရစေတော့။ ကျွန်တော်တို့ ပျော်လွန်းလို့ ဒီညတော့ မအိပ်ဘဲပျော်ကြရင်း မနက်ဖြန် ကျောင်းဖွင့်ပွဲကို နွှဲကြစို့နော်။ သန်းခေါင်ထမင်းစားဖို့ ကြက်သားနဲ့ ဘူးသီးတွေလည်း ချက်ထားပြီးပြီ။ သီချင်းတွေ ဆိုကြက,ကြမယ်'

ကိုဟန်မောင်က နှုတ်ရှင်ဆေးလေးလည်း မှီဝဲထားပုံရသည်။ ရင်ထဲမှာလည်း ရွှင်နေသည်။ သူသာမဟုတ်၊ တစ်ရွာလုံး။ လူငယ်တွေသာမဟုတ်၊ အကုန်လုံး။ ပြောမယ့်သာပြောရ ဆရာမတွေလည်း ပျော်ရပါသည်။ ကိုဟန်မောင် ပြောနေသည်ကို နားထောင်နေသည့် ဆရာမဒေါ်ငြိမ်းစုဟန်သည်လည်း ပျော်နေရပါသတည်း။

❑

သည်နှစ် မုတ်သုံက တော်တော်နှင့်မဝင်။ သို့အတွက် သွားလမ်းက သာလျက်ရှိ၏။ မိုးဦး နောက်ကျသဖြင့် မြစ်ရေကလည်း ပြောပလောက်အောင် မတိုးသေးချေ။ သင်္ကြန်လက်ဆေးမိုး တစ်ပြိုက်နှစ်ပြိုက်ကြောင့် ကိုင်းကွင်းတွေထဲမှာ ပေါင်းတွေ ဟိုတစ်စု သည်တစ်စု ပေါက်လာသော်လည်း စိမ်းစိမ်းစိုစို မဟုတ်ချေ။ မည်သို့ဆိုစေ ကျေနပ်စရာတစ်ခုက ရေမတက်သေးသည့် မြစ်ကမ်းပါးတွင် သဲသောင်အခြေဖြစ်နေခြင်းပင် ဖြစ်သည်။ ကမ်းပါးပြိုလေ့ရှိသော ဒေသတို့တွင် ကမ်းပြိုနေသောဘက်သည် ကမ်းပါးစောက်ဖြစ်နေတတ်ပြီး တစ်ဖက်ခြမ်းသည် သောင်ပြင်ဖြစ်နေသည်မှာ ဓမ္မတာဖြစ်ပါ၏။ မြစ်တို့မည်သည် မာယာများတတ်လွန်းသည် ဆိုစေငြား တစ်စွန်းတစ်စသော သင်္ကေတများဖြင့် သူ ကြံစည်ရာကို လှစ်ဟ,တတ်သည်ချည်းဖြစ်ပါသည်။ ကမ်းပြိုနေသောနေရာ၏ အခြေသည် မသိမသာ သောင်ခြေဆင်းလာသည်နှင့် ထိုဘက်ခြမ်းသည် သောင်ထွန်းရန် အစပျိုးလာသည်ဟု ဒေသခံတို့က သတိထားမိလာတော့သည်။ သည်နှစ် တာငုတ်တက်တွင် သောင်ခြေပျိုးသည့် အရိပ်အယောင်များကို မြင်တွေ့လာကြရာ



www.burmeseclassic.com

www.burmeseclassic.com

အားလုံးက ဝမ်းသာနေကြတော့သည်။ ကျောင်းသစ်ကြီးကလည်းပြီး၊ သောင်ကလည်း ထိုးမည်ဆိုလျှင်ဆိုသော အတွေးများက လှုတိုင်းရင်မှာ။

သည်နှစ် မိုးကလည်း ပုံမှန်ရွာပါသည်။ ရေကလည်း ပုံမှန်တိုးပါသည်။ သို့သော်ငြား ကမ်းက ပြောပလောက်အောင် မပြိုပြုပါ။ ဧရာဝတီမြစ်၏ ထုံးစံသည် တစ်နှစ်လျှင် ရေသုံးကြိမ်သုံးခါ တက်လေ့ရှိသည်။ သို့သော် သုံးကြိမ်စလုံး ကမ်းပြည့်မည်ဟုမူ မုချပြော၍မရပေ။ တက်ယောင်ပြ၍ ကျသွားသည်လည်းရှိသည်။ ကျတော့မယောင်နှင့် အီနေတတ်သည်လည်း ရှိသည်။ ကမ်းပြည့်တက်လိုက် ပြန်ကျလိုက်လည်းရှိသည်။ ကမ်းပြိုနေသည့် အရပ်ဒေသများသည် ရေတက်လေကျလေတိုင်း ကမ်းပြိုတတ်သည်။ ရေအတက်တွင် ရေစွယ်ထိုးလာသဖြင့် လှိုက်စားကာ ပြိုသကဲ့သို့ ရေအကျတွင်လည်း ပြိုပြန်သည်။ သို့တကား သည်နှစ် ရေတက်ရေကျများတွင် တာငုတ်ကမ်းသည် ပြောပလောက်အောင်ဖြင့် မပြိုခဲ့ပါချေ။ ကျောင်းကလည်းကောင်း၊ ကမ်းကလည်းငြိမ်မို့ သည်နှစ်တစ်နှစ်လုံး တစ်ရွာလုံးပျော်ကြသည်။ ဟိုဘက်ကမ်း မြေနုကျွန်းမှာ ဝေခြမ်းရေးရသော ကိုင်းများကလည်း ဖြစ်ထွန်းသည်။ ရေတက်လာလျှင် အိမ်သာသွားရန်ပင် ခက်ခဲသော၊ မိုးသည်းလျှင် မိုးပက်တတ်သော၊ မိုးမှောင်လာလျှင် ကျောင်းထဲမှာ ဘာမှမမြင်ရတော့သော ကျောင်းဟောင်းကလေးမှာ တက်ခဲ့ရသည့် ကျောင်းသားကျောင်းသူများကလည်း မိုးလုံ၊ လေလုံ၊ မီးထိန်ထိန်ဖြင့် ကျောင်းမှာ ပျော်ရွှင်နေကြပြီ။ ကလေးတွေကိုကြည့်ကာ ဆရာ ဆရာမတွေကလည်း ကြည်နူးနေခဲ့ကြပြီ။ တာငုတ်သည် ကမ်းပြိုသည့် ဒုက္ခကို တစ်နှစ်တာ မေ့ပစ်လိုက်နိုင်ပါသတည်း။

❑

တစ်နှစ်ဟူသော အချိန်ကာလကို ကြာမြင့်သည်ဟု ဆိုလေမည်လား၊ တိုတောင်းလွန်းပါသည်ဟု တွေးလေမည်လား။ ဒီနှစ်မှာတော့ ကောင်းလွန်းသော မိုးဦးနှင့်အတူ ရေတက်ကလည်း ကြမ်းခဲ့သည်။ မနှစ်က မပြိုချင့်ပြိုချင်၊ သောင်မထွန်းချင့်ထွန်းချင် ကမ်းကလည်း သည်နှစ်တော့ အပြိုကြမ်းလှသည်။ အပြိုကြမ်းလွန်းပါပေသည်။ မနက်က နေရာ ညနေမရှိ၊ ညနေကနေရာ မနက်မှာ မတွေ့ရတော့။ ကမ်းကပဲ ကျောင်းဆီသို့ အပြေးလာသည်လား၊ ကျောင်းကပဲ ကမ်းဆီ အပြေးသွားသည်လား ဝေခွဲမရနိုင်သည့် ရက်များမှာပင် ကျောင်းသည် ကမ်းနဖူးသို့ ရောက်လေပြီ။ ယခင့်ယခင်နှစ်များက တစ်နေ့ ပေနှစ်ဆယ် အစိတ်သာ ပြိုတတ်လင့်ကစား သည်နှစ်မှာများ တစ်နေ့တည်း ပေငါးဆယ် တစ်ရာပြိုသည်ပင်ရှိသည်။ ကျောင်းရှိ ပရိဘောဂများကို သယ်ဆောင်၍ရသည့်တိုင် ခိုင်မာလှသော ကွန်ကရစ်အဆောက်အအုံကြီးကို မည်သို့ ပြောင်းရွှေ့ရမည်နည်း။ ဆရာကြီးနှင့် ရွာသူရွာသားများ ခေါင်းချင်းဆိုင်ရသည်မှာ မခွာရတော့။ အချိန်နှင့်အမျှ ဌာနကိုတင်ပြခြင်း၊ ညွှန်ကြားချက်တွေ တောင်းခံရခြင်းဖြင့်လည်း မအားရတော့။ မဖြစ်နိုင်တော့သည့်အဆုံး တာန်ဘေးမှာ တဲသာသာအဆောက်အအုံလေးကို အမြန်ဆောက်လုပ်ကာ သင်ကြားရေးမပျက်အောင် အားထုတ်ရလင့်ကစား သင်ကြားရသူ၊ သင်ယူရသူ မည်သူက ရွှင်ပျနိုင်ပါဦးလေမည်နည်း။

ကမ်းစပ်မှာ ငူငူကြီး ရပ်နေသည့် ကျောင်းသစ်သစ်လွင်လွင်ကြီးကို အချိန်တိုင်း သွားကြည့်နေကြသည်။ သွားကြည့်တိုင်းလည်း မျက်ရည်မခိုင်ကြ။ နောက်ဆုံးအချိန်ကို သေချာမသိသည့်တိုင် နောက်ဆုံးအချိန်ပဲဟု သိနေကြသူတို့က မည်သို့ မျက်ရည်ခိုင်နိုင်ပါမည်နည်း။ ကျောင်းကြီးကမူ သွားမည်လည်းမဆို၊ နေမည်လည်းမပြော။ ခေါင်းလောင်းသံ မမြည်၊ စာအံသံတို့ဖြင့် မစည်တော့သည်မို့ ငူငူငိုင်ငိုင်ဖြင့် ငြိမ်သက်လွန်းလှသည်။

သည်နေ့။ တစ်နေ့လုံး မိုးက သွန်ချနေသလို ရွာဟန်ကောင်းလှသည်။ မိုးသည်းတွေထဲမှာ အရာအားလုံးက ဝေဝေဝါးဝါး။ တစ်နေ့ကုန်သည့်တိုင် မရပ်နားနိုင်သေး။ ညနေစောင်းသည့်တိုင် လေမပါသောမိုးက နင့်နင့်ပိုးပိုး ရွာလွန်းလှသည်။ တစ်ရွာလုံး မိုးသည်းသည်းအောက်မှာ ငြိမ်သက်နေပါ၏။ ညဉ့်နက်နက်မှာ မိုးကမချိမဆုံ ထပ်ရွာပြန်၏။ ဆူညံလွန်းသော မိုးသံတွေကြားမှာ 'ဂုန်း' ခနဲ မြေသိမ့်တုန်မှု မြည်ဟည်းလိုက်သံတစ်ချက်ကို တစ်ရွာလုံးကြားလိုက်ရသည့်အခါဝယ် အကာလ မိုးမှောင်မှောင်အောက်တွင် တာငုတ်မှာ ကမ္ဘာပျက်ခဲ့ပါပြီကော။

ရောင်နီ လာသည်မှု ရှိလိမ့်ဦးမည်လား၊ ရောင်နီလာချေပြီလားဖြင့် မသိချေ။ တစ်ညလုံး တဖြောက်ဖြောက်ကျလိုက်၊ တဝေါဝေါ ရွာလိုက်ဖြစ်နေသော မိုးကဖြင့် တစိမ့်စိမ့်ရွာဆဲ။ ဟိုအိမ်ကထွက်လာ သည်အိမ်ကထွက်လာကြသော တစ်ယောက်တစ်ယောက်သော သူများက တာထိပ်ဆီမှာ။ တစ်ဦးနှင့်တစ်ဦး စကားမဆိုမိကြ၊ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်မိကြသည့်တိုင် မြစ်ရေပြင်သို့မူ မမှိတ်မသုန် ကြည့်နေကြသည်က ဇာတ်တိုက်ထားသလို။ ထိုသူတို့ကို သတိမမူမိသည်လား၊ အမှုမထားလေသည်လား၊ ဂရုမစိုက်လေသည်လား မသိပေသော ဧရာဝတီကဖြင့် ပကတိ ဣန္ဒြေရစွာ စီးဆင်းနေသည်။ အသော့နှင်သည်လည်းမဟုတ်၊ လေးကန်နှေးကွေးသည်လည်း မဟုတ်ပါဘဲ သူ့ခရီးကို သူနှင်ကာ ဣန္ဒြေရလှပါဘိတောင်း။

ပျားပိတုန်းတွေက ပန်းဝတ်ရည်ကို စုပ်ယူတတ်ကြမြဲ။ မိုးစက်တွေကလည်း ပွင့်ဖတ်တွေကို ခြွေချတတ်ကြစမြဲပါ။

ထို့အတူ···။ ။ ■

**ကိုတူး**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ
၂၀၁၉ ခုနှစ် မေ ၂ ရက်အထိ

(၁) ကိုလ်လက်သစ် *မျှော်လင့်တမ်းတနေရဆဲပါ* ၊မြစ်ကြီးနား၊ (၂) ကိုထိုက်(သင်ပန်းကုန်း) *အမွေးတိုင်* ၊မန္တလေး၊ (၃) ဒေးဗစ်မောင်မောင် *ရိပ်မြုံ* ၊မကွေး၊ (၄) ငြိမ်း(ပဲခူး) *ပျောက်ဆုံးသွားသော အသည်းနှလုံးလေး* ၊ပဲခူး၊ (၅) ငြိမ်း(ပဲခူး) *နေသားတကျဖြစ်နေတဲ့ ဘဝတစ်ခု* ၊ပဲခူး၊ (၆) ငြိမ်း(ပဲခူး) *အဖေ* ၊ပဲခူး၊ (၇) ထူးသစ်လရောင် *တိမ်ပြိုသောနေ့* ၊ဧရာဝတီတိုင်း၊ (၈) ရှိန်းခန့်ဇော် *လေညာ* ၊ရှမ်းပြည်နယ်၊ (၉) အာကာ *မြို့ပြရဲ့တေးဓာတ်ထုတ်* ၊ရန်ကုန်၊ (၁၀) အယ်မူ *ခေါင်းလားပန်းလား* ၊ရန်ကုန်၊ (၁၁) အရင်လူ(တွံတေး) *ဘယ်ညာ* ၊တွံတေး၊ (၁၂) နေဇော်နှင်း *ပွဲကြိုက်မောင်* ၊နေပြည်တော်၊ (၁၃) မေသနပ်ခါး *အင်္ဂလိပ်ကျောင်း* ၊ရန်ကုန်၊ (၁၄) ဝင်းငွေး(စေတုတ္တရာ) *ဆုံမှတ်* ၊မကွေး၊ (၁၅) နေရိပ်နွယ်(ကံ့ကော်ရိပ်) *အရောင်မဲ့ နွေဦးဒဏ်ရာ* ၊ရန်ကုန်၊ (၁၆) ခေတ်လုလင် *မျှော်လင့်ချက်လေးများ* ၊စစ်ကိုင်း၊ (၁၇) ကျေး(ဆေး-၁) *မှန်းကြပ်ညနေ* ၊ရန်ကုန်၊ (၁၈) ဟိန်းဇော်မြင့်(တောင်တွင်းကြီး) *အစိမ်းရောင်ကမ္ဘာသစ်* ၊မကွေး၊ (၁၉) လေးနွယ်(ဒဂုံ) *အိမ်အပြန်* ၊ရန်ကုန်၊ (၂၀) နေဘုန်းညီ *တစ်ဖက်ပိတ်ကြေးမုံ* ၊ရှမ်းပြည်နယ်၊ (၂၁) ဆုပြည့်ဝ *ရေစီးကြောင်းပုံရိပ်* ၊အမရပူရ၊ (၂၂) ဟိန်းနွေရှိုင်း *ဝိညာဉ်တစ်ကောင်၏ ယဉ်ကျေးမှု* ၊-၊ (၂၃) ရဲသွေးနီ(တမာမြေ) *ဖိနပ်လေးတစ်ရံ* ၊မကွေး၊ (၂၄) ချစ်ဦးသူ(လက်ပုကန်) *ကြယ်သီးပြုတ်နေတဲ့မိန်းမ* ၊စစ်ကိုင်း၊ (၂၅) သုမေ(ကျိုက်လတ်) *မိုးပြေး* ၊ဧရာဝတီတိုင်း၊ (၂၆) ရှင်ပိုင်း *စနေပြီးသော်* ၊စစ်ကိုင်း၊ (၂၇) နောင်ရိုးနွယ်(မုံရွာ) *နှောင်းအတိတ်က လောင်းရိပ်ခြံလွှာ* ၊မိတ္ထီလာမြို့၊ (၂၈) မြနှင်းဝေအောင် *ပန်းသခင် လွမ်းရင်လည်း အပြစ်မဆိုသာ* ၊ရန်ကုန်၊ (၂၉) နှင်းကေသရီ *အကြောင်းကံမကုန် သ၍* ၊ကြို့ပင်ကောက်၊ (၃၀) ရဲသွေးနီ(တမာမြေ) *ကြိုးသီတဲ့ပန်း* ၊မကွေး၊(၃၁) ဆန်းငယ်သွေး(ပုတီးကုန်း)*ကပ္ပိယဦးသန်း* ၊ပဲခူး၊ (၃၂) ကိုးစိုး(လက်လှုပ်) *မိုးမပြို…ပြိုသော်* ၊ရွှေဘို၊ (၃၃) ကိုစိုး(လက်လှုပ်) *တောင်ဆိပ်သင့်သူများ* ၊ရွှေဘို၊ (၃၄) မောင်ပြည်သိမ်း(မကွေး) *ဝင်ကစွပ်* ၊မကွေး၊ (၃၅) ဒေးဗစ်မောင်မောင် *ရှေးပုံပြင်လေးတစ်ပုဒ်* ၊မကွေး၊ (၃၆) ဒေးဗစ်မောင်မောင် *မျှော်လင့်ချက်ည* ၊မကွေး၊ (၃၆) ညီဆောင်းဦး *ကန္တာရသစ်ပင်* ၊ရန်ကုန်၊ (၃၇) ရွှေသဒ္ဒါ(မြိတ်ပုလဲမြေ) *လရိပ်မိုးသည့် အမေ့အိမ်* ၊မြိတ်မြို့၊

■

စိမ်းလဲ့စံ ပြုစုသည်။

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင်A4စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A4စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၅၅၊ ဒွန် ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည်၈/ဆုံး

တဖြည်းဖြည်း နိမ့်ဆင်းသွားသော
မညီညာ ကမ်းပါးထိပ်မှ
ဆယ်ကျော်သက်လေးလို ပြေးလွှားဆင်းရင်း
အရင်ဆုံးတွက်မည့် မော်တော်ယာဉ်ကို
ကျိုးကန်းတောင်းမှောက် အကဲခတ်
ကြည့်လိုက်သည်။ လင်းလက်၊ ဝေယံဦး၊
နိုပြေ စသည့် ရောင်စုံမော်တော်လှေများကို
အဆင့်ဆင့် ကျော်တက်ခွပြီး လူပြည့်နေပြီ
ဖြစ်သော ကြံတိုင်းအောင် မော်တော်ပေါ်သို့
မြခက် ခွေ့ခနဲ ခုန်တက်လိုက်သည်။
'မောလိုက်တာ ဒေါ်သိန်းရယ်၊
မိုးမမိခင်ထွက်မယ့် မော်တော်လေး
မီအောင် ပြေးရတာ'

သောင်လယ်ရွာတွင် ကုန်စုံဆိုင်လေး
ဖွင့်ထားသော ဒေါ်သိန်းနံဘေးတွင်
ကပ်ထိုင်ရင်း မြခက် အမောဖြေကာ
ပြောလိုက်သည်။
'အေးလေ၊ ဟုတ်ပ ဒီနေ့လည်း မိုးက
ချုဦးမှာပဲ။ ကောင်းကင်တစ်ခုလုံးကို မှိုင်းလို့'
'ဟင်း'
မြခက်သည် သက်ပြင်းရှည်ကြီး
အားရပါးရချရင်း အမောဖြေလိုက်သည်။
မှောင်ရီပျိုးစ အိမ်ပြန်ချိန်ထဲ မိုးရန့်၏
ဆော်ဩမှုကြောင့် ကောင်းကင်ယံသည် ပို၍
အကျည်းတန် ညှို့မှိုင်းလျက်နေပြန်သည်။
'ဟဲ့ မြခက် ညည်း ဒီနှစ်အတွက်



www.burmeseclassic.com

www.burmeseclassic.com

အစားအစာ နည်းနည်းပါးပါး စုထားဦး။ ငါ့ဆိုင်အတွက်တော့ ကုန်တွေလှောင်ထားတယ်။ မှျစ်ခြောက်တွေလည်း တစ်တောင်းကြီးပဲ ညည်း လာယူချေဦး'

'ဟုတ်ကဲ့ ဒေါ်သိန်း၊ ကန်စွန်းဥနဲ့ ထမင်းခြောက်တွေတော့ စုထားတယ်။ ပီလောပီနံ့ဥတွေလည်းပါတယ်။ ဒီတစ်မိုးတော့ လောက်မယ်ထင်တာပဲ'

ဒေါ်သိန်းသည် ခေါင်းညိတ်ပြ၏။ နှီးခမောက်လေးလေနှင့်အတူ လွင့်မပါသွားစေရန် မြခက်သည် ဇာကြိုးလေးကို မေးစေ့တွင် ခိုင်ခိုင်ချည်လိုက်သည်။ လေပြင်းတိုက်လာလျှင် အိမ်တွင်အဖော်မဲ့စွာ ကျန်နေရစ်သောကလေးငယ်များကို စိုးရိမ်သည့် စိတ်ဖြင့် လှေဆရာတို့ကို ထုံးစံအတိုင်း အားကိုးတကြီး ကြည့်ရပြန်သည်။ လှေသည် ထွက်မည့်ဟန်မပြင်သေး။ မော်တော်ဆရာလှဦးသည် ကမ်းစပ်တွင်ထိုင်လျက် ဆေးလိပ်ဖွာရင်း စကားပြောလျက်ရှိသည်။ သူ့လက်ထောက် ငထိန်ကတော့ ငံပြာရည်ပုလင်းများ၊ ငါးချဉ်ထုပ်များကို လှေပေါ်သို့ ရေတွက်ရင်း နေရာချလျက်ရှိသည်။ ငထိန်ကျောပြင်တွင် ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက်။ မာန်ဖီနေသော ခြသေ့ံပုံ အပြာရောင်တက်တူးသည် လန်းဆန်းတက်ကြွလျက် ရှိသောခေတ်မီ လူငယ်လေးတစ်ဦးအဖြစ် သူ့ကို သက်သေခံလျက် ရှိသည်။ ငထိန်သည် ကုန်ပစ္စည်းများ၏ တန်ဖိုးကို စိတ်ဖြင့် တွက်ချက်ရင်း လက်

][ J;h.
q&mrav;awG
owif
bmMum;ao;vJ
eiH
q&mrav;awG
rvmao;b|vm;}
[ k
ar;cGef;xkwfvdkdf
ixdef;Uvnf
]vmawmhmSmygAs
zdkaZmfvdkd?
aemif;aemifvdkd
q&mrav;awG
oyf
rMumawmhygbl}
[ k
jyef;ajzwwfonf

မှ ငွေစက္ကူများကို တစ်ရွက်ပြီးတစ်ရွက် ရေတွက်နေသလို နှုတ်မှလည်း ခရီးသည်များကို အော်ဟစ်ခေါ်လျက်ရှိသည်။

'ကဲ… လာလာ ထွက်တော့မယ်နော်၊ နောက် ငါးမိနစ်ဆို ထွက်ပြီ။ ကြံတိုင်းအောင်က စောင့်ရိုးထုံးစံ မရှိဘူး။ ဒီကုန်တွေ တင်ပြီးတာနဲ့ ထွက်မှာ'

သားကြီးဖြစ်သူ အောင်မောင်းနှင့်ရွယ်တူ ငထိန်ပင်လျှင် မျက်စိအောက်တွင် နေ့ချင်းညချင်း လူကြီးဖြစ်ကာ လုပ်ငန်းခွင်ဝင်နေသည်ကို တွေ့တော့ သားကိုလွမ်းစိတ်က နှလုံးသားထဲ လှစ်ခနဲနိုးထ အသက်ဝင်လာပြန်သည်။ ညစ်နွမ်းနွမ်း ကျောင်းစိမ်း ပုဆိုးကို ခါးပေါ်ပတ်ကာ လက်ဖျံဖြင့် ချွေးတွေကိုသုတ်ရင်း ခရီးသည်များနှင့် ပစ္စည်းတင်ခ ဈေးစကားပြောနေသော ငထိန်ကိုကြည့်ကာ ဒင်း(သင်း)တို့လေးတွေ တစ်ချိန်က အခုအလုပ်ကြိုးစားသလိုများ စာကိုကြိုးစားခဲ့ရင် ဘယ်လောက်ကောင်းမလဲဟု မြခက် မချိတင်ကဲ တွေးမိသည်။

'တစ်ယောက်ကို ငါးရာ၊ လေးယောက်ဆိုတော့ နှစ်ထောင်၊ ပစ္စည်းတင်ခ တစ်ထောင်ပဲပေး။ ဒီတော့ သုံးထောင်ပေါ့ အရီးရယ်၊ သုံးရာ လိုသေးတယ်လေ'

အောင်မောင်းထက် တစ်နှစ်စော ကျောင်းထွက်ပြီး ခုနစ်တန်းအထိ သင်ခဲ့ဖူးသော သချင်္ချာသင်ခန်းစာများက ငထိန်ကို ပြင်ပလောကအရောက် ငွေကြေးကိုင်တွယ်မှုများအပေါ် အထောက်အကူပေးပုံပေါ်သည်။ သချင်္ချာသင်ခန်းစာများကို လက်တွေ့ဘဝတွင် ကောင်းကောင်းအသုံးချရင်း တစ်ဖက်က ပြိုင်ဘက်ကိုလည်း ငထိန် လျစ်လျူမရှုနိုင်။ ဖောက်သည်ခရီးသည်များ သူ့လှေမှာစီးဖို့ တကြော်ကြော်ခေါ်သည့် အသံက မြစ်ဆိပ်မှာ အညံဆုံးဖြစ်နေသည်။

'လာနော်… လူပြည့်တော့မယ်။ နောက်ငါးမိနစ်ဆို ထွက်ပြီ၊ မြန်မြန်လာ'

'ငထိန်ရယ် နင့်ငါးမိနစ်က ပြည့်မပြည့်နိုင်ဘူး။ လူတွေရော၊ ကုန်တွေရော မဆံ့မပြတင်ပြီးတော့ ဟိုတက်ကမ်းတောင် ရောက်ပါ့မလားပဲ'

မြခက်သည် စိတ်မရှည်စွာဖြင့် ငထိန်ကို မျက်စောင်းခဲရင်း မာန်မဲလိုက်သည်။

'ဖွဟဲ့၊ ဒေါ်ကြီးမြခက်ကလည်း လုပ်ပြီ နိမိတ်မရှိနမာမရှိ။ ခုပဲ ထွက်တော့မှာပါဗျာ'

ငထိန်သည် ပြောလည်းပြော၊ လှေပေါ်မှလည်း ခုန်ဆင်းရင်း ကမ်းပေါ်ရှိ စက်လှေမောင်းသူအား ပြေးခေါ်သည်။ စက်လှေသမားက ဆေးလိပ်ခဲလျက် ထလာကာ လှေပေါ်တက် အင်ဂျင်ကြိုးကို ဆွဲကာ တဒုန်းဒုန်းအသံပေးနှိုးလိုက်ခြင်းဖြင့် ကမ်းမှ ကြံတိုင်းအောင် ယခုပင် ထွက်ခွာတော့မည်ဖြစ်ကြောင်း အချက်ပေး နှိုးဆော်လိုက်သည်။ မကြာမီ သံလွင်မြစ်ကြောင်းတစ်လျှောက် ရေကိုဆန်တက်ရင်း မြခက်၏ အိမ်ကလေးရှိရာ သောင်လယ်ရွာကမ်းစပ်သို့ လှေကလေးရောက်တော့မည်ဖြစ်သည်။ မြခက်က လေတိုးဒဏ်ကို ခံနိုင်ရန် ခေါင်းခုပုဆိုးကို ဖြေပြီး ပခုံးတွင် လွှားခြုံထားလိုက်သည်။ အေးစက်ကြမ်းတမ်းလွန်းသော ဘဝတွင် ခေတ္တခဏတော့ နွေးထွေးမှုလေး ရလိုက်သလို၊ လှေအရှေ့တွင် ရေပြင်ကို ငေးကြည့်ရင်း၊ ရောက်တတ်ရာရာတွေးရင်း အောင်မောင်းဆီ စိတ်ရောက်သွားသည်။ အောင်မောင်း အိမ်မှ ထွက်သွားသည်ပင် ဘာလိုလိုနှင့် တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါးရှိတော့မည်။

❑

ထိုနေ့ လှိုင်းဘွဲ့မြို့မှ အပြန် လှေပေါ်က ဆင်းကတည်းက ခြေလှမ်းများသည်



www.burmeseclassic.com

www.burmeseclassic.com

မသိစိတ်၏ တွန်းအားပေးမှု အောက်တွင် ခပ်လောလော လျှောက်လှမ်းရင်း အိမ်အမြန် ရောက်ချင်မိ၏။ အိမ်ရှေ့ အရောက် ခြံထောင့်တွင် အမြဲ ထောင်ထားတတ်သော အောင်မောင်း၏ စက်ဘီးအနီ လေးကို မတွေ့ချိန် ရွာထဲ သွားသည်လား၊ ဇယ်ခုံတွင် သွားမော့နေသည်လား တွေး ရင်း မြခက် အိမ်ပေါ်သို့တက် လိုက်သည်။ အိမ်ရှေ့ ကြမ်း ပြင်ပေါ်တွင် ထုံးစံအတိုင်း လွယ်အိတ်လေးသုံးလုံး အပုံ လိုက်ပုံထားသည်မို့ ကောက် ယူပြီး တိုင်မှာ ချိတ်ထားပေး လိုက်သည်။

"အောင်မောင်းရေ… အောင်မောင်း၊ ဖိုးဇော်နဲ့ နောင် နောင်ရေ…"

မြခက်အော်ခေါ်ရင်း ဟို ဒီ ကြည့်မိသည်။ အိမ်သည် ပကတိ တိတ်ဆိတ်လျက်။ ရုတ်တရက် တစ်ခုခုကို ခလုတ်တိုက်လိုက်မိသည်။ ဖျာလိပ်နားတွင် ထောင်ထား နေကျဖြစ်သော ဝါးကျည် ထောက်စုဘူးလေး အစိတ် စိတ်အမြွာမြွာကွဲအက်နေသည် ကို မြင်ချိန် မြခက်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ အောင် မောင်း ၁၀ တန်းအောင်လျှင် တက္ကသိုလ်ဆက်တက်နိုင်ရန် နေ့စဉ် ရှာရသမျှ နည်းနည်းစီ ဖဲ့စုထားသော အိမ်တွင်း ဘဏ်တိုက်လေး။ အခုတော့ အဖောက်ခံလိုက်ရပြီ။ ဟိုဟို ဒီဒီ မြခက် မျက်စိတောင်း မှောက်ရှာချိန် အိမ်ထရံထဲ တွင် စာတစ်စောင်ကို တုတ် တိုလေးနှင့် ညှပ်ထားသည် ကို တွေ့လိုက်၍ ဆတ်ခနဲ ယူ ဖတ်လိုက်သည်။

*အမေ… သား မြဝတီ ကို လိုက်သွားတယ်။ အဖော် ကောင်းတယ်။ စိတ်မပူနဲ့။ ပြန်လာမှ အမေ့အတွက် အိမ် ဆောက်ပေးမယ်။*

***အောင်မောင်း***

မြခက် အံ့သြလွန်း၍ ပါးစပ်အဟောင်းသားဖြစ် သွားသည်။ ၈ တန်းနှစ်ခါကျ ကျောင်းသားကြီးဖြစ်သော် လည်း လှိုင်းဘွဲ့မြို့နှင့် သောင် လယ်ရွာကိုပင် တစ်ပတ် တစ်ခါလောက်သာ စုန်ချည် ကူးဖူးသူ။ အမေမပါဘဲနှင့် သူ ခရီးရှည်ရှည်ထွက်ဖူးသူ မဟုတ်။ ခုတော့…။ မြခက် အရုပ်ကြိုးပြတ် ကြမ်းပြင်ပေါ် ထိုင်ချရင်း သူ့စာကို ကိုင်ကာ ငိုင်နေမိသည်။ တခြား မည် သည်ကိုမှ မတွေးမိ၊ ပြန်လာ မှ အိမ်ဆောက်ပေးမည် ဆို သည့် စာကြောင်းကို တစ် ကြိမ်ဖတ် တစ်ကြိမ် မယုံချင်၊ အကြိမ်ကြိမ်ဖတ်ရင်း အိမ်မှ သူ တကယ်ထွက်သွားပြီဟူ သော အသိကို လက်ခံနိုင် အောင် ကြိုးစားရသည်။ တကယ်လို့များ သူ့သာ ရှိသေးလျှင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ "စာမေးပွဲသာ အောင်အောင်ဖြေ၊ တစ်နေ့ကျ အမေတို့အိမ်လည်း မြစ်ဆိပ် က အိမ်တွေလို ကောင်းကောင်း ပြန်ဆောက်မှာပေါ့" ဆိုသည့် မက်လုံးမျိုးနှင့် ငါးစာပစ်မိ လေမလား မသိ။ အခုတော့ အရာရာ နောက်ကျခဲ့လေပြီ။

"ကဲ ခေတ်မီဖွံ့ဖြိုးတိုး တက်သော သောင်လယ်ရွာ ကြီးသို့ ဆိုက်ရောက်ပါပြီ ခင်ဗျာ။ ဖြည်းဖြည်းဆင်း ကြပါ"

ကျောက်ဆူးချရင်း ဆော်သြလိုက်သော ငထိန့် အသံကြောင့် ခရီးသည်တချို့ ပြုံးကြသည်။ မြခက်သည် ကပ်၍ ရပ်ထားသော မော် တော်ပေါ်ကျော်တက်ပြီး သောင်ပြင်ပေါ်သို့ ခုန်ဆင်း ကာ ဒေါ်သိန်းနှင့်အတူ သောင်လယ်ရွာထဲ ခပ်သုတ်သုတ် ဝင်လိုက်သည်။ နေ့စဉ် မြင်နေရသော မြင်ကွင်းကို သိနေသော်ငြား ကမ်းစပ်ရှိ ရောင်စုံတိုက်ခံအိမ်များကို မြင်လျှင် မျက်နှာမလွှဲနိုင်ဘဲ အထူးအဆန်းကဲ့သို့ နှစ်ဦး သား ငေးကြပြန်သည်။

"အင်း… ဒင်း(သင်း)တို့တွေ အဆင်ပြေလို့ ကိုယ့် ဘာသာ အိမ်ဆောက်တာ လည်း ဆောက်တာပေါ့။ ဒါပေမဲ့ မြစ်ရိုးတစ်လျှောက် တိုက်တွေချည်းပဲဆိုတော့ မခက်လား။ ဒင်း(သင်း)တို့ လုပ်တာနဲ့ ကျုပ်တို့တစ်ရွာလုံး သူဌေးရွာလို့ အထင်ခံနေရပြီ"

မြခက်သည် မျက်နှာ သုန်သုန်မှုန်မှုန်ဖြင့် ခေါင်း တစ်ချက် ညိတ်လိုက်သည်။

"ဟုတ်ပ ဒေါ်သိန်း ရယ်၊ မနှစ်က ရေကြီးချိန် တုန်းကလည်း ရေဘေးလှူ သူတွေက ကျုပ်တို့တစ်ရွာ တည်းကို ကပ်ပြီးချန်ခဲ့တာ လေ။ တွေးတိုင်း ရင်နာရ တယ်"

"တတ်နိုင်ပါဘူး အေ ရယ်၊ ကိုယ့်ဘဝနဲ့ကိုယ် ကျုပ် တို့တွေသာ ရေကြီးချိန်ရောက် ရင် အိမ်မပြိုအောင် ထုံးစံ အတိုင်း ကြံရင်းဖန်ရင်း စား စရာ၊ သောက်စရာ ကြိုစု ထားရမှာပေါ့"

ဒေါ်သိန်းပြောစကား ကို မြခက်သည် ခေါင်းလိုက် ညိတ်ရင်း သောင်လယ်ရွာ၏ နေဝင်ချိန် ရှုခင်းကို တစ်ကိုယ် တည်း တိတ်ဆိတ်စွာ ငေး ကြည့် ခံစားမိသည်။ ယိုင်နဲ့နဲ့ ခြေတံရှည်အိမ်တွေကြား ကြို ကြားကြိုကြား မြင်တွေ့နေရ သော တိုက်ခံအိမ်များနှင့် ထိုအိမ်များ၏ ဂိုဒေါင်များ အတွင်း ရှိနိုင်မည့် စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် လှေများကို မှန်းဆမြင်ယောင် ကြည့်မိသည်။ မိုးတွင်း ရေ တက်လာလျှင် မြခက်တို့ အား လုံး အိမ်တွင်း ပရိဘောဂမှန် သမျှ ရေမစို မပျက်စီးအောင် တစ်ခုပေါ်တစ်ခုဆင့်ကာ သိမ်း ဆည်းထားပြီး တစ်နေရာမှ တစ်နေရာသို့ သွားလျှင် ရွာ က လူတွေအားလုံးနီးပါး လှေ ကိုသာ အသုံးပြုကြသည်။ မြင်မြင်သမျှ ရေပြင်ကျယ်ထဲ မြခက်တို့လို ခနော်ခနဲ့ အိမ် ကလေးများအတွက်တော့ ဆို ဖွယ်ရာမရှိ။ တစ်နှစ်ပတ်လုံး ရှာဖွေစုဆောင်းထားသမျှ ပိုက်ဆံများသည် သဘာဝ ဘေးကြောင့် ယိုယွင်းပျက် စီးရသော အိမ်များကို ပြင် ဆင်ရာတွင် ပြန်လည်အသုံး ပြုရလေ့ရှိကြသည်။ ထို့ ကြောင့် ရေတက်ချိန် လှေကို အသုံးပြု၍ သွားလာရတိုင်း မိမိတို့ ဝန်းကျင်တွင် မြင်နေ ရသော ခိုင်ခံ့လှပစွာ တည် ဆောက်ထားသော တိုက်ခံ အိမ်များ အပြိုင်အဆိုင် ပိုင် ဆိုင်ခွင့်ရရေးသည် သောင် လယ်ရွာသားများ၏ အိပ်မက် တစ်ခုသာဖြစ်ပြီး ထိုအိပ်မက် ကို အမြန်ဆုံးအကောင် အထည်ဖော်ဖို့ ကြိုးစားသူများ ထဲတွင်လည်း အရွယ်ရောက် စ လူငယ်ကလေးများ ထိပ်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးမှ ပါဝင်လာသည်။ ထိုထဲမှ တစ်ဦးမှာ မြခက်၏ ချစ်သား အောင်မောင်းပင်ဖြစ်၏။

'ဟဲ့ ဒါနဲ့ ညည်းသား အောင်မောင်းဆီကရော ဘာကြားသေးလဲ'

ဒေါ်သိန်းသည်လည်း မြခက်စိတ်ထဲမှ အတွေးများကို နားလည်သည့်အလား ရုတ်တရက် မေးခွန်းမေးလိုက်ချိန် မြခက်အတွက် အဖြေမရှိသည်မို့ ခေါင်းကိုသာ တွင်တွင်ခါမိသည်။ ပြန်ဖြေဖို့ပင် စကားများက ပျောက်နေသည်မှာ ကြာပြီ။

'မရင်လှသား ချိုတူးဆီကတော့ အဆက်အသွယ်ရတယ်တော့'

'ဟင်... ဟုတ်လား၊ သူက မြဝတီဘက်ကို ကူးတာပဲ မဟုတ်လားဟင် ဒေါ်သိန်း'

မြခက် အမေးကို ဒေါ်သိန်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ရင်း မဲ့ရွဲ့ပြသည်။

'အောင်မလေး... မသိပါဘူး။ အဆင်ပြေတယ်ဆိုတဲ့ အကြောင်းပဲ ပြောတယ်။ ကိုယ်တွေကလည်း စေတနာနဲ့ မေးတာပါ။ စပ်စုတာ မဟုတ်ပါဘူး။ ဒါကိုပဲ မသိရင် ဘိန်းသွားစိုက်တာ ကျနေတာပဲ။ မဖြေချင်ဘူးအေ့'

'ဟုတ်လား'

မြခက်သည် တွေဝေနေမိသည်။ အစကတည်းက သူလို ခိုကိုးရာမဲ့ မုဆိုးမဘဝထက် အဆပေါင်းများစွာ သာနေပြီးသား မရင်လှတို့ကျ ကံတရားက ဟင်းဖတ်ပါသည်။

'ကဲ... ညည်း ဘာမှ လျှောက်တွေးမနေနဲ့၊ အောင်

jrcufbnf
&ifbwfdvsuf
bkm;w,um
t dUjyifS
rjri&aom
jrpfqDbM
vSfarwfUnbm
Av}Hax;G
qkwmif&if
jzwfbGjzwfvm
vhwGymorl
odpfvJzifh
pyfbkawmbnf
]'kuya[ h
q&mrav;awG
ygvmhvSS
jzp&wmuG
olwdrsm
veSfrdrf

မောင်း အဆင်ပြေတယ်ဆိုတာ ကျုပ် ကျိန်းသေပြောရဲတယ်။ သူပြန်လာလို့ ညည်းတို့ အိမ်ပြန်ဆောက်ရင် ကျုပ်ကို မေ့မသွားနဲ့နော်၊ သိလား. ကျုပ် သွားပြီ'

ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင် ခပ်သွက်သွက် ဒေါ်သိန်းထွက်သွားသည်ကို တစ်ချက်ငေးရင်း အိမ်ရှိရာလမ်းသို့ မြခက် ချိုးဝင်လိုက်သည်။ ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဘာဆို ဘာမှစိုးရိမ်ပုံမရသော ကလေးငယ်များသည် သောင်လယ်လမ်း တစ်လျှောက် ပြေးလွှားဆော့ကစားနေကြသည်။ မြခက်သည် ကလေးအုပ်ထဲမှ အမြဲဆရာလုပ်နေကျ သားနှစ်ကောင် နောင်နောင်နှင့် ဖိုးဇော်တို့ အသံကို ကြားလိုက်ချိန် တစ်နေကုန် ပန်းခဲ့သမျှ အမောပြေသလို ရှိသွား၏။ အောင်မောင်း အိမ်မှ ထွက်သွားကတည်းက ပထမတန်းတက်နေသော ဖိုးဇော်နှင့် တတိယတန်းကျောင်းသားကြီး နောင်နောင်တို့ကို ကြည့်ပေးမည့်သူ မရှိကြတော့။ အရပ်ကူပါ လူဝိုင်းပါဆိုသော စကားသည် မြခက်အတွက် သီးသန့်ဖန်တီးထားသည်ဟုဆို ရလောက် အောင် ပင် ကလေးနှစ်ယောက်ကို အရပ်က ဝိုင်းဝန်းကြည့်ရှုပေးကြရသည်။ သောင်လယ်ရွာတွင် မြို့တက်စီးပွားရှာချင်သည့်လူတိုင်း မြို့က အဆက်အသွယ်များဖြင့် ချိတ်ဆက်ပေးတတ်သည့် ပွဲစားဒေါ်လှတို့ လင်မယားအိမ်တွင်တော့ ဖိုးဇော်တို့ ညီအစ်ကိုက ပျော်ရှာသည်။ သူတို့ လင်မယားသည် သောင်လယ်ရွာတွင် နှင်းဆီနှင့် မေမြို့ အခင်းတွေ အများအပြားပိုင်သူမို့ မြခက်တို့လို လှိုင်းဘွဲ့တစ်ဖက်ကမ်းသို့ သွား၍ တစ်ဆင့်ခံပန်းရောင်းကြသူများအတွက် အားကိုးရာ မဏ္ဍိုင်တစ်ခုပင်။

သို့သော်လည်း ရွာက လူငယ်တချို့ ပြောလေ့ရှိသည်ကတော့ ဒေါ်လှတို့ ပန်းရောင်းသည်မှာ အမည်ခံမျှသာဖြစ်ပြီး မြို့ပြင်ထွက် အလုပ်လုပ်ချင်သူများအား အလုပ်ရှာပေးရင်း စီးပွားဖြစ်သည်ဟုလည်း ဆိုကြသည်။ မော်လမြိုင်ဘက်တွင် ရော်ဘာခြံစိုက်ချင်လျှင်လည်း သူတို့မှာ အဆက်အသွယ်ရှိသည်။ ဖိနပ်စက်ရုံများတွင် အလုပ်ဝင်ချင်လျှင်လည်း သူတို့ အဆက်အသွယ်က အခရာ။ ရန်ကုန်အထိသွားကာ အထည်ချုပ်လုပ်ငန်းထဲ ခြေချချင်လျှင်ဖြစ်စေ၊ နယ်စပ်အထိ သွားချင်လျှင် ဖြစ်စေ သူတို့ ကူညီလျှင် ဆယ်ယောက်မှာ ခုနစ်ယောက်ခန့် အဆင်ပြေသည်က များသည်။ အောင်မောင်းပင် သူတို့အဆက်အသွယ်နှင့် အပြင်သို့ ရောက်သွားသလားဟု မြခက် တစ်ခါတစ်ရံ သံသယဝင်မိသေး၏။ သို့သော် မသေချာလှ။ ဒေါ်လှသည်လည်း မြခက်တို့ အကြောင်းသိတွေမို့ မသေချာလှသော ကိစ္စများအတွက် အချိန်ပေးကာ တွေးပြီး ခံစားနေဖို့ မြခက်ဘဝက အချိန်မရှိပါ။ စကိုင်းနက်မှ လာသော ဓာတ်ကားအသံဖြင့် အမြဲလိုလို ဆူညံနေသော ဒေါ်လှတို့အိမ်ရှေ့တွင် သူ့အဖွဲ့၊ ကိုယ့်အဖွဲ့ ရွယ်တူများ လာသာချိန်အထိ စည်ကားနေသည်ကပင် ကလေးတွေနှင့် ပတ်သက်ပြီး မြခက်အတွက် စိတ်ကျေနပ်ချင်စရာပင်။ ထိုသို့ စိတ်ချရသည့် နေရာတစ်နေရာတွင် မြခက်၏ ကလေးများ အုပ်စုဖွဲ့ကာ ဆော့ကစားတတ်သည့်အထဲ ပါဝင်နေသည်မှာ မြခက် နောက်ဆံတင်းစရာမလိုအောင် ကံကြမ္မာက ပေးအပ်သည့် ရှားပါးဆုလာဘ်တစ်ခု ဖြစ်သည်။ မြခက်သည် လမ်းမှာဆုံသည့် လူများကို နှုတ်ဆက်ရင်း ဒေါ်လှတို့ခြံထဲ ဝင်လိုက်သည်။ ဒေါ်လှတို့ အိမ်သည်လည်း အောက်ထပ် ခြေတံရှည်သစ်လုံးများကို မနှစ်ကပင် အင်္ဂတေကိုင်ကာ အပေါ်ထပ်ကို အုတ်တက်ထားသည်မို့ ဒီနှစ် မိုး



www.burmeseclassic.com

www.burmeseclassic.com

တွင်းအတွက်တော့ စိတ်ချရပြီဟု မြခက်တွေးလိုက်သည်။ မိုးညအိပ်မက်ဆိုးတို့ဖြင့် ညတာရှည်တွေကို စိုးထိတ်မှုတွေနှင့် မြခက်တို့လို ကျော်ဖြတ်စရာမလိုတော့။ မြခက်သည် အားကျွစွာပင် အိမ်ကြီးကို အားရပါးရ မော့ငေးလိုက်ရင်း လက်ထဲမှ ပန်းရောင်းရငွေများကို ဒေါ်လှလက်ထဲ ရှိရှိသေသေ အပ်လိုက်သည်။ ဒေါ်လှသည် ငွေများကို ရေရင်း ပြုံးလျက်-

‘မြခက်ရေ ညည်းသားတွေက မကြာခင် အားကိုးရတော့မယ်အေ့’

ဒေါ်လှပြောသည်ကို နားမလည်သည်မို့ မြခက် တန်ပြန် မေးခွန်းထုတ်မိသည်။

‘ဘာလို့လဲ အစ်မရဲ့ အရင်းမရှိ အဖျားမရှိ’

‘သြော် ညည်းသားတွေက ညည်းနဲ့ လှိုင်းဘွဲ့မှာ ဈေးလိုက်ရောင်းလို့ ရနေပြီ။ အခုကတည်းက အားလုံးကို ဆရာကြီးလုပ်နေတာ ကြည့်ပါလား၊ တစ်ရွာလုံးကို ရောင်းစားမယ့်ကောင်တွေ။ ဟိုမှာ တွေ့လား၊ ကြက်ဥပင်တွေစိုက်ထားတာ။ ကြက်ဥအပင် စိုက်ပြီး ရောင်းစားတော့မလို့တဲ့’

ရယ်သံလွင်လွင်ဖြင့် ဒေါ်လှ ညွှန်ပြသောနေရာကို မြခက် လှမ်းကြည့်မိသည်။ စံပယ်ရုံတွေကို ဒေါက်ထောက်ထားသော သစ်သားချောင်းများနှင့် ဝါးချောင်းများပေါ်တွင် စွပ်ထားသော ကြက်ဥခွံများ အပြုံလိုက်တွေ့ရသည်။ မြခက်သည် ဒေါ်လှလို လိုက်မရယ်နိုင်၊ ကလေးသဘာဝ ကြံဖန်ဆော့ကစားတတ်ခြင်းကို အပြစ်မမြင်လိုသော်လည်း မကြာခင် မြခက်နှင့်အတူ ဈေးလိုက်ရောင်းမည်ဟု ဒေါ်လှပြောသည့် နိမိတ်ဖတ် ဟာသစကားကို ပေါ့ပါးစွာ လိုက်မရယ်နိုင်ဘဲရှိသည်။

‘အို… အစ်မကလည်း ကျွန်မသားတွေကို ဈေးမရောင်းခိုင်းပါဘူးနော်။ ကျောင်းဆက်ထားဖို့ ပိုက်ဆံစုထားပါတယ်။ မိုးတွင်းသာ ကျွန်မအိမ် ခေါင်မိုး မလုံရင်နေမယ်၊ ကျုပ်သားတွေကိုတော့ ကျောင်းတက် မပျက်စေရပါဘူးတော်’

‘အေးပါအေ၊ ကျုပ်က စ,တာပါ မြခက်ရယ်။ ဒါပေမဲ့ ကျုပ်တို့ရွာအကြောင်း ညည်းလည်း သိသားပဲ။ ညည်းကသာ ကျောင်းတက်စေချင်နေတာ၊ ရွာမှာ လေးတန်း ကျောင်းတက်ခေါင်းလောင်းသံက မကြားရတာကြာပြီ မဟုတ်လား။ လူဆိုတာ တစ်ခါတလေ သေချာတာကိုပဲ ကြိုပြီး တွေးထားတာကောင်းတယ်။ မဟုတ်ရင် ညည်းသားတွေ စိုက်တဲ့ ကြက်ဥပင်တွေလို ဘယ်တော့မှ မပေါက်တဲ့ ဥတွေလို ဖြစ်နေပါ့မယ်အေ’

မြခက်သည် သက်ပြင်းချလိုက်မိသည်။ ရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်း ကျောင်းနှစ်ကျောင်း ရှိသော်လည်း မူလတန်းကျောင်းလေးကိုဖြင့် ပိတ်ထားခဲ့သည်မှာ နှစ်လခန့် ရှိပြီ။ စာသင်မည့် ဆရာ၊ ဆရာမများ မလုံလောက်ခြင်းနှင့် ကျောင်း၏ ယိုယွင်းပျက်စီးနေသော အခြေအနေတို့ကို မထိန်းသိမ်းနိုင်ခြင်းတို့ကြောင့် မူလတန်းကျောင်းသားလေးများကို အလယ်တန်းကျောင်းတွင် ပေါင်းပြီး စာသင်စေခဲ့သည်။ အတန်းကြီးများနှင့် ခန်းဆီးစ တစ်စမျှသာ ခြားပြီး သင်ကြားခြင်းကြောင့် အလယ်တန်းကျောင်းရှေ့က ဖြတ်သူတိုင်း စာအံသံများမှာ ညီညီညာညာမရှိဘဲ ဆူညံလွန်းလှသည်။ အလယ်တန်းပြ ဆရာ၊ ဆရာမများ၏ စေတနာနှင့် အပင်ပန်းခံမှုများကြောင့်သာ နောင်နောင်နှင့် ဖိုးဇော်တို့ ကျောင်းဆက်နေခွင့်ရှိသော်လည်း အနာဂတ်သည် မရေရာလှ။ သို့သော်လည်း မြခက်၏ မျှော်လင့်ချက် အိပ်မက်ထဲတွင်တော့ ဘွဲ့ရပညာတတ်များအဖြစ် လူတမ်းစေ့ဖြစ်စေချင်သည့် ဆန္ဒသည် တစ်ရွေးမှပင် မလျော့။ ထို့ကြောင့်ပင် ဒေါ်လှ၏ ခနဲ့တဲ့တဲ့ စ,နောက်သံများကိုပင် မြခက် သည်းမခံချင်။

‘ဒါနဲ့ မြခက်ရေ မိုးတွင်းကလည်း မကြာခင် ရောက်တော့မှာဆိုတော့ ညည်း အလုပ်သစ်လေး ဘာလေး ပြင်ဆင်ထားဦး။ ကျုပ်ပန်းခင်းဆိုတာ မိုးတွင်းမှာ ဘာမှအလုပ်ဖြစ်တာ မဟုတ်ဘူး။ ညည်းတို့ အလုပ်ပျက်ရင် ကျုပ်လည်း အလုပ်ပျက်တာပဲအေ။ ပွဲခရတဲ့ငွေလေးတွေပဲ ဒီတစ်နှစ်တော့ နှုးနပ်စားရတော့မှာပဲ’

ဒေါ်လှသည် မြခက်ကို စေတနာနှင့် သတိပေးဟန်ပြောရင်း ပန်းဖိုးငွေများကို အင်္ကျီအိတ်ထဲ ထည့်ကာ ကြက်ဥခွံများကို အမှိုက်ခြင်းထဲ တစ်ခုချင်း ချွတ်ပြီး ပစ်ထည့်နေသည်။ မြခက်သည် အနားမှာ လာကြိုသော ကလေးနှစ်ယောက်ကို လက်ဆွဲကာ အိမ်ဘက်သို့ ပြန်လာရင်းပင် မကြာခင် ကြုံရတော့မည့် ဒုက္ခပင်လယ်ပြင်ကြီးထဲ ရှက်လွှင့်ကာ စုန်ဆန်မျောလွှင့်ဖို့ အတွေးနှင့်ပင် စိတ်မောနေမိသည်။ ညရောက်ချိန် ထုံးစံအတိုင်း ပေါက်ပြဲနေသော အိမ်ခေါင်မိုးထက်မှ ကောင်းကင်ယံကို ကြည့်ကာ အမှောင်ထဲတွင် ထိုင်ကာ ငိုင်နေမိသည်။ ကလေးတွေဆီမှ အလီကျက်သံ ခပ်တိုးတိုး ကြားရသည်။ နှစ်တစ်လီနှစ်၊ နှစ်နှစ်လီလေး၊ နှစ်သုံးလီ…။ မြခက်၏ ဘဝတွင်လည်း အခက်အခဲများက နှစ်အလီကဲ့သို့ပင် စက္ကန့်မလပ်၊ မိနစ်မလပ်၊ တစ်ရက်ထက် တစ်ရက် ပို၍ ခက်ခဲလာသကဲ့သို့ပင်။ မြခက်သည် ကြယ်တွေကို တွေးရင်းငေးရင်း အောင်မောင်း၏ မသေချာသော အိမ်ပြန်လမ်းကို မရဲတရဲ မျှော်လင့်မိပြန်သည်။ ❑

သောင်လယ်၏ နံနက်ခင်းတစ်ရက်သည် ကြက်တွန်သံ မကြားခင်ပင် သတင်းဆိုးတစ်ရပ်ဖြင့် အုတ်အော်သောင်းတင်း နိုးထ,လာခဲ့သည်။ ရွာတောင်ပိုင်းမှ ချိုတူးတစ်ယောက် ထိုင်းနယ်စပ်သို့ အလုပ်သွားလုပ်ရာက မပြန်လမ်းသို့ ရောက်သွားပြီတဲ့။ ချိုတူးသည် မကြာသေးခင်ကပင် ယိုင်နဲ့နဲ့ အိမ်ကိုဖျက်ပြီး ရေဒဏ် လေဒဏ်ခံနိုင်သော ခိုင်ခိုင်ခံ့ခံ့ ခြေတံ



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၁၁၀၀၀/ -)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျွဲစွာချောင်
ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၀၇၃၇၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း)၀၁-၅၅၄၁၉၇/၀၉လ-၅၁၁၃၅၁၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၁)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်-၈၁/အေ-၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ဗဟန်း။ ဖုန်း၀၉-၅၁၂၂၀၀၁၊၀၁-၅၁၆၆၈၈)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၁၀၇၂၄၉၂၊၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းနိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂၂၄၁၊၀၉-၇၉၅၄၄၁၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြငွေ(အမှတ် ၂၅၊ကမ္ဘာ့စရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၃၉၂၀၊၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

US $ 85000 တန် Laparoscope Set ဝယ်ယူရန် ထပ်မံ လှူဒါန်းကြသူများ

| | |
|---|---|
| ၁။ ဦးစိန်မင်း + ဒေါ်အေးအေးမွန်<br>"နှစ်သက်စရာရတနာ" မိသားစု | ၅,၀၀,၀၀၀/- |
| ၂။ ဒေါ်တင့်တင့်သိန်း + ဒေါ်ရီရီသိန်း<br>(မောင်) ဦးထွန်းသိန်း + ဒေါ်လှမျိုးနွယ် "ငွေဆုဒွန်" မိသားစု | ၅,၀၀,၀၀၀/- |
| ၃။ ဦးစိန်မင်း + ဒေါက်တာ ဒေါ်ပင်းပင်း<br>(သား) မောင်ဟိန်းထက် မိသားစု | ၅,၀၀,၀၀၀/- |
| ၄။ ဦးဝင်းမြင့်(ညွှန်မှူး-ငြိမ်း) ရှပ်ရှင်လုပ်ငန်း +ဒေါ်ခင်ခင်ထွန်း(ငွေချုပ်-ငြိမ်း)<br>ဆိပ်ကမ်းအာဏာပိုင် ၅၂ နှစ်ပြည့် မင်္ဂလာအလှူ။ | ၃,၀၀,၀၀၀/- |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၅။ ဒု-ဗိုလ်မှူးကြီး မောင်ထွန်း(ရေ/ငြိမ်း) + ဒေါ်မြမြရီ<br>မိသားစု | ၂,၀၀,၀၀၀ိ/- |
| ၆။ ဒေါက်တာ ဒေါ်ဌေးကြည်၊ (သမီး) ဒေါ်ဝင်းမွှေတင် မိသားစု<br>အမှတ် ၆/ခ၊ သုခဝတီလမ်း၊ ရန်ကုန်။ | ၂,၀၀,၀၀၀ိ/- |
| ၇။ ဒေါက်တာ ဒေါ်သန်းသန်းဝင်း<br>အမှတ် ၂၃(E),အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား ၂ ရပ်ကွက်၊ ဗဟန်းမြို့နယ်။ | ၅,၀၀,၀၀၀ိ/- |
| ၈။ ဦးယုရင်အား ရည်စူး၍ ဒေါ်ခင်လေးနှင့် သားသမီးမြေး မိသားစု | US $ 200 |
| ၉။ ဒေါ်မြသီတာ (စပါယ်ရှယ်ရတနာ) | US $ 100 |
| ၁၀။ ဦးမောင်မောင်ကျော် + ဒေါ်ညွန့်ညွန့်ခိုင် မိသားစု (စပါယ်ရှယ်ရတနာ) | US $ 100 |
| ၁၁။ ကွယ်လွန်သူ မိဘနှစ်ပါး ဦးမောင်ကြည် + ဒေါ်သိန်းတို့အား ရည်စူး၍<br>သမီး မဝေဝေယု မိသားစု | US $ 100 |
| ၁၂။ ဖခင် ဗိုလ်ကြီးအောင်မင်းကို ရည်စူး၍ မိခင်ကြီး ဒေါ်ခင်စိုးအား အမှူးထား၍<br>သမီး မမိမိုးမှ လှူဒါန်းပါသည်။ | US $ 100 |
| ၁၃။ ဦးထွန်းအောင်ကို ရည်စူး၍ မိခင်ကြီး ဒေါ်အေးကြည်ကို အမှူးထား၍<br>သမီး မတင်တင်ဝင်း ကောင်းမှု | US $ 100 |
| ၁၄။ ကွယ်လွန်သူ ဗိုလ်ကြီးအောင်မင်း + ဒေါ်ခင်သူဇာတို့အား ရည်စူး၍<br>ဒေါ်ခင်စိုးမိ၊ (သမီး) ဒေါ်နှင်းခိုင်နှင့် မိသားစု ကောင်းမှု | US $ 100 |
| ၁၅။ ဒေါ်ခင်ဖြူဖြူထိုက်နှင့် သားသမီးမြေး တစ်စုကောင်းမှု | US $ 50 |
| ၁၆။ Mrs. HANNELORE WOLF DOGANDORF<br>Germany | US $ 50 |
| ၁၇။ "ဦးရိုးတင့် + ဒေါ်ခင်နွဲ့လှိုင်" ထာဝရငွေပင်<br>ဖခင်ကြီး ဦးရိုးတင့် ၆ နှစ်ပြည့်နှင့်<br>မိခင်ကြီး ဒေါ်ခင်နွဲ့လှိုင် ၂၆ နှစ်ပြည့် တို့အား ရည်စူး၍<br>ဒေါ်ခင်ဆွေလှိုင်၊ ဦးဖေသန်းနိုင်၊ Dr.သင်းဌေးအေး<br>မောင်နှမတစ်စု၏ အလှူ<br>တိုက် ၆၁၊ အခန်း ၁၂၊ ဘုရင့်နောင် ၃ လမ်း၊ ၂ ရပ်ကွက်၊<br>လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၁၈,၀၀,၀၀၀ိ/- |
| ၁၈။ "သန်းကြွယ်သူ" ထာဝရငွေပင်<br>ကျစ္စာ သန်းကြွယ်သူ စံကျောင်းဒကာ ဦးသူတော် + ဒေါ်ခင်သန်း<br>(သမီး) မကြည်ကြည်ဌေး၊ မကြည်ကြည်အေး သန်းကြွယ်မိသားစု<br>အမှတ် ၂ ရပ်ကွက်၊ မတ္တရာမြို့။ | ၁၀,၀၀,၀၀၀ိ/- |
| ၁၉။ "ကျော်စန်း" ထာဝရငွေပင်<br>ဦးကျော်မောင် + ဒေါ်စန်းမြင့် မိသားစု<br>ကညွှင်းချောင်းဖျားရွာ၊ မော်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း။ | ၂၃,၀၀,၀၀၀ိ/- |
| ၂၀။ "ရွှေလာ" ထာဝရငွေပင်<br>ဒေါ်လှစိန်(သား) ဦးတင်လွင် + ဒေါ်ခင်လှရီ<br>(သမီး) ဒေါ်ဝင်းကြွယ် မိသားစု<br>ရွှေလာ စားသောက်ဆိုင်၊ မန္တလေးမြို့။ | ၄၀,၀၀,၀၀၀ိ/- |

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ရှည် တိုက်ခံ အိမ် အဖြစ် ပြောင်းလဲဆောက်နိုင်ရန် ငွေကို လူကြုံနှင့် ပါးပေးလိုက်သည်ဟု ကြားသည်။ အခုတော့ ချိုတူး ဆုံးပြီမို့ ရွာကို ပြန်မလာတော့။ ချိုတူးဆိုသည့် နာမည်ကလွဲ၍ ချိုတူး ဆောက်ပေးသည့် အိမ်ကို ချိုတူးဘဝနှင့် လဲလိုက်ရသည့် မိသားစုအတွက် ဘာပိုင်ဆိုင်ခွင့်မှ ထပ်မရခြင်းသည် ကြားရသူ မြခက်တို့အတွက်ပင် ရင်နာစရာပင်။ အခုတော့ ချိုတူးသည် မည်သည့်ပုံစံ၊ မည်သည့် ရောဂါနှင့် သေဆုံးမှန်းပင် မည်သူမှ မသိနိုင်။ ချိုတူး အလုပ်ထဲတွင် ဖျားပြီး ဆေးရုံတင်ရာက ရုတ်တရက်သေဆုံးသည်ဟု ဆိုသူများ ရှိသလို ရန်ဖြစ်ပြီး လူမှားအရိုက်ခံရလို့ သေဆုံးသည်ဟု ဆိုသူများလည်း ရှိ၏။ မြခက်သည် ချိုတူးတို့အိမ်သို့ သတင်းမေးချိန် အသစ်ဆောက်လက်စ အိမ်ကြီးကိုကြည့်ရင်း ကြက်သီးထ,မိသည်။ အခုတော့ အိမ်အမိုးလုံဖို့၊ အိမ်ထောက်တိုင်ခိုင်ဖို့ ပေးဆပ်ရသမျှ အရာရာတိုင်းသည် တန်ဖိုးကြီးလွန်းလှလေသည်။ သို့သော် ထန်းရည်အမူးပြေလျှင် ထန်းပင် မော့ကြည့်သကဲ့သို့ ထိုသို့ ခံစားရသည့်တိုင် ဒေါ်လှတို့ စိုက်ခင်းဆီသို့ မြခက်တို့ အသွား ကြိုကြားကြိုကြား ဆောက်လုပ်ထားသော တိုက်ခံအိမ်တချို့ကို မြင်သည့်အခါ ယင်းခံစားချက်များကို မေ့ပျောက်သလို ဖြစ်သွားပြန်ပြီး လက်ရှိ လေမလုံ၊ မိုးမလုံ တဲများအစား ထိုသို့ အိမ်များ ပိုင်လိုစိတ်ဖြင့် စိတ်

jrcufonf
tobkf
at mf[ pfaomf
vnf
wkf/ ylf
acsmucfsm,rafMumi h
vnfacsmi f,xkU
tobnf
xifoavmuf
rxGifonfM
ixefUvnf
oltf m½ESbl
rMum;yg

ကူးယဉ်ကြပြန်သည်။ ဆောက်လက်စ, လေထဲက အိမ်တွေကို တစ်လုံးပြီးတစ်လုံး ဆောက်မိကြပြန်သည်။

"ကျုပ်တော့ ဒေါ်လှတို့ အိမ်ပဲ ကြိုက်တယ်အေ။ ဝရန်တာပါ ထုတ်ထားသေးတာ။ ဝရန်တာကလည်း စတီးတိုင်လေးတွေနဲ့ အဝိုင်းလေး ဆောက်ထားတာ၊ မိုက်တာတော်"

"လသာည လက်ဖက်ကလေး၊ ထန်းလျက်ကလေး မိသားစုထိုင်စား ဇိမ်ပဲ့"

"ကျွန်မကတော့ မရင်လှတို့ကို သိပ်အားကျတယ်။ သူ့အိမ်ထရံကာ မြေစိုက်လေးက ခုတော့ တိုက်ခံပျဉ်ထောင်လေးဖြစ်သွားပြီ။ သူ့သားနဲ့ သမက် ပေါင်းဆောက်တာအေ့ရဲ့"

"အေးလေ ကိုယ်တစ်နိုင် အကြမ်းလေးဆောက်ပေါ့။ နောက် ဖြည်းဖြည်းချင်း လေမိုးခံနိုင်အောင်လုပ်။ အဓိက,က ရေတွေ အိမ်ထဲ မဝင်ဖို့ပဲ။ ဒီတော့ အောက်ကတိုင်လုံးတွေကို အင်္ဂတေလေးနဲ့ အချောကိုင်လိုက်။ ဒါဆို မိုးတွင်း စိတ်အေးရပြီ"

"ချိုတူးတို့ အိမ်လိုမျိုးလား"

"အေးဟယ်… တော်ပါပြီ"

ချိုတူးအသံကြားလျှင် စိတ်ကူးယဉ် လေထဲမှ မြေပြင်ပေါ် ဝုန်းခနဲ ပြန်ရောက်ကြပြီး အားလုံးက လျှော့ချသွားကြသည်။ အားလုံး သက်ပြင်းတွေရှိုက်ကြသည်။ မြခက်သည် ချိုတူးသတင်းကြားပြီးကတည်းက အောင်မောင်းအတွက် ပို၍ စိုးရိမ်ပိုလာသလို တုန်လှုပ်ချောက်ချားမိသည်။ ပထမ ချိုတူး ငွေပို့သည်ဟုကြားချိန် မြခက်လည်း အောင်မောင်းဆီမှ အဆက်အသွယ်လေးကို မျှော်တလင့်လင့် နားစွင့်မိသည်။ အောင်မောင်း ပိုက်ဆံပို့လိုက်လျှင်တောင် သားပို့သမျှ ပိုက်ဆံ အားလုံးသုံးပြီး အိမ်မဆောက်ဘူးဟု စဉ်းစားထားဖူးသည်။ မြခက်တို့အိမ်လေး ခေါင်မိုးလုံပြီး အသင့်တင့် ခိုင်ခံ့သော ပျဉ်ထရံကာလေး အဖြစ် မိုးလုံလေလုံရင် တော်ပါပြီဟု တိတ်တိတ်လေး မျှော်လင့်စိတ်ကူးခဲ့ဖူးသည်။ အခုတော့ ချိုတူးကဲ့သို့ အောင်မောင်း ဘယ်တော့မှပြန်မလာတော့ရင် ဆိုသော အတွေးဝင်လာသည်နှင့် မြခက်သည် ချိုတူးအမေအား မျက်နှာချင်းမဆိုင်လို၊ ကိုယ်ချင်းစာမိသည်။ ငိုချင်မိသည်။ သားသမီးရေ့ရေး ပညာတော်ဖို့ထက် အိမ်လှလှလေးတစ်လုံး ပိုင်ဆိုင်ရုံနှင့် ဘဝ၏ ပျော်ရွှင်ခြင်းအရသာကို ခံစားချင်သော သူမ ဒီအချိန်မှာ ပျော်နိုင်သေးရဲ့လား၊ မြခက် မေးကြည့်ချင်စမ်းသည်။

"ဟော… မိုးကျပြီဟေ့၊ ခပ်သုတ်သုတ်လျှောက်ကြစို့"

မြခက်တို့သည် ခြေလှမ်းကျဲကြီးများဖြင့် မိုးစက်ဖွဲတွေအောက်မှာ ပန်းတောင်းတွေရွက်လျက် လှိုင်းဘွဲ့မြို့သို့ ချီတက်ကြသည်။ လှိုင်းဘွဲ့နှင့် မနီးမဝေး ရွာတွေထဲတွင် သောင်လယ်သည် မိုးတွင်း ရေကြီးချိန် မည်သို့ပင် ဆင်းရဲဒုက္ခရောက်ပါစေ ကူကယ်သူမဲ့၊ တစ်ကောင်ကြွက် ရွာလေးတစ်ရွာအဖြစ် အထီးကျန်မျက်နှာငယ်ရှာသည်။ သောင်လယ်တွင် ကမ်းစပ်နံဘေး ရောင်စုံတိုက်ခံအိမ်များ ပြည့်နေပြီး ချမ်းသာပြည့်စုံသည်မို့ ကူညီစရာမလို၊ အချင်းချင်း ဖေးမကြမည်ဟု ယုံကြည်၍ ရေဘေးကယ်ဆယ်ရေး အဖွဲ့များ ခြေဦးလှည့်မလာခြင်း ဖြစ်မည်ဟု မြခက်တို့ တွေးမိကြသည်။ အိမ်လှလှလေးများ နောက်ကွယ်က မြေအနည်းငယ်နိမ့်သော ရွာအလယ်ပိုင်းရှိ ရေဒဏ်လေဒဏ် အလူးအလဲခံရသော မြခက်တို့လို ပြိုလုဆဲဆဲ အိမ်များ၏ ပုံရိပ်ကို မည်သူကမှ စာနာ နားလည်နိုင်ခြင်းမရှိ။ ထိုအိမ်လေးများ သောင်လယ်ရွာထဲ တည်ရှိနေခြင်းကို မသိကြသောကြောင့် မိုးတွင်း



www.burmeseclassic.com

www.burmeseclassic.com

ရေကြီးချိန် ရေဘေးကယ်ဆယ်ရာမှဲ့ ရွာလေးအဖြစ်ကျိန်စာသင့်နေခဲ့သည်။ ကျိန်စာသင့်ရွာလေးထဲတွင် ပန်းတွေလည်း အမြဲမပွင့်ကြသလို ကျောင်းတံခါးကလည်း အမြဲလို ပိတ်ထားဆဲဖြစ်သည်။ မြခက်သည် တောင်းကို ခေါင်းပေါ်ရွက်ကာ ခပ်သုတ်သုတ်လျှောက်ရင်းပင် ဖြတ်သွားနေကျ လမ်းလေးထဲရှိ မူလတန်းကျောင်းလေးကို ငေးမိသည်။ ကျောင်းထဲ ချုံနွယ်တွေ ပိတ်လှောင်နေပြီ။ ကျောင်းရှေ့ အလံတိုင်သည်ပင် အရောင်မရှိချင်တော့။ လမ်းမထက်မှ ကျောင်းသို့ ကူးရသော ဝါးတံတားလေးသည် ခနော်ခနဲ့ ဖြစ်နေပြီ။ မြခက်တို့ အားလုံးသည် ရွာကျောင်းလေးကို မမြင်ဟန်ပြု၍ အမြဲလိုပင် ခိုင်ခံ့သော တိုက်အိမ်များကို အငမ်းမရ ငေးမောမိကြသလို ထိုအိမ်ပိုင်ရှင်များသည်လည်း ကျောင်း၏ ပျက်စီးယိုယွင်းမှု မှန်သမျှကိုယ်နှင့်မဆိုင်သလို ဥပေက္ခာပြုရက်လွန်းလှသည်။

"ကျုပ်တို့ကို ဒေါ်လှကဒီတစ်ပတ်ပဲ ပန်းပေးရောင်းတော့မှာ။ ညည်းတို့လည်း အလုပ်အကိုင်တွေ စဉ်းစားထားကြ"

အဖွဲ့ထဲက တစ်ယောက်က ဆော်ဩလိုက်ချိန် မြခက်သည် ယခင်နှစ်တွေတုန်းက တစ်နှစ်စာ ကြိုတင်စုဆောင်းခဲ့သော ငွေများနှင့် အရင်းတည်ပြီး လှိုင်းဘွဲ့မြို့ဈေးနှင့် ကျောင်းတံခါးဝရှေ့ ရာသီသီးနှံများဖြစ်သော ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ်များ အဆင်ပြေသလို ရောင်းခဲ့ဖူးသည်ကို သတိရသည်။ ယခုတော့ အောင်မောင်းလက်ချက်မိသွားသဖြင့် လက်ထဲတွင် စုဆောင်းငွေတစ်ရွေးသားမှုပင် မရှိတော့။ အမေပေးခဲ့သော အရောင်သိပ်မထွက်သည့် ပယင်းနားကပ်လေးကို လှမ်းကိုင်လိုက်မိသည်။ ဒီနှစ်တော့ ဒါလေးနှင့်ပင် ဈေးဦးအရင်းတည်ရပေဦးမည်။

❑

ပယင်းနားကပ်လေးကို ထုခွဲပြီး ဈေးဦးတည်စရာလေးရလာသည်မို့ အရင်းသိပ်မစိုက်ရသော မြန်မာမုန့်ကလေးများ မြခက် လုပ်ရောင်းဖြစ်သည်။ ပန်းသည်မှ မုန့်သည်ကြီးအဖြစ် ရုတ်ခြည်းပြောင်းလဲသွားသော မြခက်သည် သားကြီးအောင်မောင်းကို အမြဲတမ်းတသူပီပီ လှိုင်းဘွဲ့ အထက်တန်းကျောင်း၏ ကျောင်းလွှတ်ချိန်တွင် ကလေးတွေနှင့် တရုန်းရုန်းရှိတတ်သည်။ အဖြူအစိမ်းဝတ် ရှစ်တန်းကျောင်းသားကြီးများကို မြင်လျှင် အောင်မောင်း ကိုယ်စားကျိတ်အလွမ်းဖြေရသည်။ ဒီလိုနှင့် ဘဝ၏ အခက်အခဲနှင့် နာကျင်မှုတွေကို စုန်ဆန်မျောလျက်ကပင် သောင်လယ်သို့ ဆရာမအသစ်လေးများ မကြာမီ ရောက်လာတော့မည်ဟု သတင်းသံ ခပ်သဲ့သဲ့ ကြားရလေသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကြဲတိုင်းအောင် ပဲ့ကိုင်ရှင် ငထိန်ကတော့ သူ့ဆော်ဩလို့သာ ရွာသတင်း ရွာချင်းဆောင်ပြီး သောင်လယ်၏ ကွက်လပ်ကို ဖြည့်ဖို့ ပါရမီရှင်လေးများ မကြာခင် ရောက်လာတော့မည်ဟု ဆိုသည်။ မြခက်သည်မျှော်လင့်ခြင်းနှင့် အမြဲယှဉ်တွဲနေသော စောင့်ဆိုင်းခြင်းအလုပ်ကို တစ်ခါတစ်ရံလည်း ရင်မဆိုင်လို။ သို့သော်လည်း တစ်ရွာလုံး အိုးစည်ဗုံမောင်းများဖြင့် ကြိုကြမည်ဟု တက်တက်ကြွကြွ စီစဉ်ကြချိန် အောင်မောင်းအစား ဆရာမလေးတွေ ရောက်လာမည့်ရက်ကိုသာ လက်ချိုးရေရင်းနှင့် မြခက်၏ မနက်ဖြန်တချို့သည် အဓိပ္ပာယ်ရှိသလို ခံစားခဲ့ပြန်သည်။ ရွာတွင် ငထိန်နှင့် ဆုံလျှင် ဟိုးအရင်ကလိုပင် အာလာပသလ္လာပစကား မပြောဖြစ်တော့။

"ဟဲ့… ဆရာမလေးတွေသတင်း ဘာကြားသေးလဲ၊ နင့်ဆရာမလေးတွေက မလာသေးဘူးလား"ဟု မေးခွန်းထုတ်တိုင်း ငထိန်ကလည်း "လာတော့မှာပါဗျ၊ ဖိုးဇော်တို့၊ နောင်နောင်တို့ ဆရာမလေးတွေ သိပ်မကြာတော့ပါဘူး"ဟု ပြန်ဖြေတတ်သည်။ ငထိန် ထိုသို့ဖြေတိုင်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မြခက်သည် ပီတိအပြုံးဖြင့် ခေါင်းတညိတ်ညိတ် ရှိသည်။ ငထိန်အကြောင်း အူမချေးခါးမကျန် သိသူမို့ ငထိန်ပြောသမျှ မြခက် သံသယမရှိ။ ငထိန်က လေကြီးသော်လည်း အမှန်ကိုသာပြောတတ်သောကလေးမို့ သူ့စကားဆို မြခက်ယုံသည်။ ငထိန်စကားမှန်ကြောင်း သက်သေထူသော မနက်ခင်းသည် တဒုန်းဒုန်း တဒိုင်းဒိုင်း အိုးစည်သံ၊ ဝါးလက်ခုပ်သံတို့ဖြင့် ဆူဆူညံညံ နိုးထလာသည်။ ဆရာမလေးများ ရောက်လာတော့မည်မို့ ရွာဦးကျောင်း ဆရာတော် မိန့်ကြားမှုဖြင့် အိုးစည်ဗုံမောင်းများဖြင့် ကြိုနေကြခြင်းဖြစ်သည်။

မြခက်သည် ကျောင်းမုန့်စားကျောင်းဆင်းချိန်အမီ ငှက်ပျောရွက်များဖြင့် ကောက်ညှင်းထုပ်လေးများ ခပ်သွက်သွက်ထုပ်ရင်း မြစ်ဆိပ်တွင် တီးခတ်နေသော အသံများကို နားစွင့်မိသည်။ ရွာကိုရောက်ရှိလာမည့် လှိုင်းဘွဲ့မြို့မှ ဆရာမလေးများကို ကြိုသည့် တီးမှုတ်သံသည်သံစဉ်မကိုက်သော်လည်း နားဝင်ချိုသလိုပင်။ မြခက်သည်လည်း လှေမစီးခင် ဆရာမလေးတွေကို ကြိုချင်သေးသည်မို့ ဈေးဗန်း အဆင်သင့်ဖြစ်လျှင် မြစ်ဆိပ်ဆင်းရန် အလုပ်ကို အမြန်လက်စသတ်မိသည်။ ငထိန်တစ်ယောက် ယခုဆိုလျှင် လှိုင်းဘွဲ့မြို့က လှေစီးသူတိုင်းကို သောင်လယ်တွင် မူလတန်းပြများ အရေးပေါ် လိုအပ်နေကြောင်း သူပြောပြခဲ့၍ ခုလို အချိတ်အဆက်ရခြင်းဖြစ်သည်ဟု လက်မထောင် ခေါင်းမော့ကာ ကြွားနေရော့မည်။ မည်သို့ပင်ဆိုစေ ဆရာမလေးများ ရောက်လာခြင်းကတော့ မြခက်တို့ တစ်ရွာလုံး ထိပေါက်ခြင်းပင်။ မြခက်သည် ထုပ်ပြီးသား ကောက်ညှင်းထုပ်များကို ဗန်းထဲသို့ ရေတွက်ရင်း စီကာရီကာ ထည့်လိုက်စဉ် အိမ်ရှေ့မှ အော်ဟစ်ပြေးလွှားသံများကြား၍ အလန့်တကြား ထ,ကြည့်မိသည်။ ထိုအချိန် လူတို့



www.burmeseclassic.com

www.burmeseclassic.com

သည် ဦးတည်ချက်မရှိသလို ကမ်းစပ်သို့ အလောတကြီး ပြေးဆင်းကာ ဘာမှန်းမသိဘဲ ပွက်လောညံနေသည်။ ကမ္ဘာပျက်သလို သွေးပျက်ချောက်ချားနေကြသည်။ မြခက်သည် ကလေးတစ်ယောက်ကို အိမ်ကပြင်မှပင် ခါးထောက်လျက် လှမ်းမေးလိုက်သည်။

‘ဟဲ့… ဘာဖြစ်ကြနေကြတာလဲ’

‘လှေမှောက်လို့တဲ့ ကြီးဒေါ်ရဲ့၊ သားလည်း အခု သွားကြည့်မလို့’

‘ဟေ၊ ဘယ်လှေတုံး’

ကလေးသည် ကမ်းစပ်သို့ ပြေးဆင်းရင်းပဲ လှည့်မကြည့်ဘဲ ကြံတိုင်းအောင်ဟု အော်သွားသည်။

‘ဘုရား… ဘုရား’

မြခက်သည် ရင်ဘတ်ဖိလျက် ဘုရားတ,ကာ အိမ်ကပြင်မှ မမြင်ရသော မြစ်ဆီသို့ လှမ်းမျှော်ကြည့်ကာ ဗလုံးဗထွေး ဆုတောင်းရင်း ဖြတ်သွားဖြတ်လာလူတွေ ပြောသမျှ သိချင်စိတ်ဖြင့် စပ်စုရတော့သည်။

‘ဒုက္ခပဲဟေ့၊ ဆရာမလေးတွေပါတဲ့ လှေမှဖြစ်ရတာကွာ။ သူတို့ခမျာ လန့်ရှာမှာ’

‘ငထိန် ကုန်တင်တာများတယ် ထင်တယ်’

‘တော်သေးတာပေါ့ကွာ၊ ကမ်းကပ်ချိန် နီးနေလို့ ကယ်နိုင်တာ။ ဒါတောင် ရေနစ်ပြီး ဆွဲမိဆွဲရာ ဆွဲသူတွေ ရှိတယ်တဲ့။ အမြန်ဆယ်နိုင်လို့ ရေအောက် မရောက်တာ’

‘ဟင် ကြံတိုင်းအောင် မှောက်တယ်ဆိုပဲ။ ငါ့နှယ် သွားကြည့်ဦးမှပါပဲ’

မြခက်သည် တစ်ယောက်တည်း ရေရွတ်လိုက်ပြီး ဈေးဗန်းယူကာ မြစ်ဆိပ်အခြေအနေကို သွားကြည့်ရင်း လှိုင်းဘွဲ့ဘက်ကို တစ်ခါတည်းကူးဖို့ ဆုံးဖြတ်မိသည်။ ရွာတောင်ပိုင်းမှ အောင်မောင်းသူငယ်ချင်း ကျော်ကြီးက အိမ်ရှေ့တွင် ရပ်ကြီး အသံအောအောကြီးနဲ့ အော်ခေါ်သည်။

‘အရီးမြခက်ရေ… အရီးမြခက်’

‘ဘာတုံး’

‘ကမ်းစပ်မသွားဘူးလား။ အောင်မောင်း ကြံတိုင်းအောင်နဲ့အတူ ပါလာတယ်တဲ့’

‘ဟေ…’

‘အရီးသား အောင်မောင်း ရွာပြန်လာတာ၊ မြင်တဲ့ သူတွေပြောကြတာပဲ။ ဘယ့်နှယ် မသိတာတုံး’

မြခက် သူ့ကိုပင် ခွန်းတုံ့မပြန်တော့ဘဲ ဈေးဗန်းကို ပြန်ချပြီး ဖိနပ်ကို စီးသည်။ စိတ်လှုပ်ရှား တုန်လှုပ်မှုကြောင့် စီးနေကျ ဖိနပ်ကိုပင် မြခက် မစီးတတ်တော့၊ လှေကားထစ်ငါးထစ်ကို ကျော်ခွခုန်ဆင်းသည်။ နောက်ဆုံး ခြေဗလာနှင့်ပင် မြစ်ဆိပ်ကို ပြေးကြသူတွေကြားထဲ သားဇောဖြင့် မြခက်တစ်ယောက် ရှေ့ဆုံးရောက်သွားသည်။ စိတ်ထဲမှလည်း ရေနစ်တဲ့သူတွေလည်းရှိတယ်ဆိုတော့ သားလေးများလားဟု တွေးကာ ပူလောင်မောပန်းလာသည်။ သား ဘာမှမဖြစ်ဖို့ ရသမျှ ဘုရားစာများကိုသာ အားကိုးတကြီး နှုတ်တိုက်ရွတ်ဆိုရင်း သားနှင့်ရွယ်တူ လူငယ်လေးတွေ တွေ့သမျှ သူ့အရိပ်ဖြစ်နိုး မလွှတ်တမ်း လိုက်ကြည့်မိသည်။ မြခက်သည် အော်ဟစ်ဆူညံနေကြသော များပြားလှသည့် လူအုပ်ကြားထဲ ကံသီစွာ အသက်ရှင်နေကြသော ရေစက်လက်နှင့် ခရီးသည်များထဲ အောင်မောင်းကို ရှာသော်လည်း မတွေ့။ သောင်ပြင်ပေါ်မှာ ဝိုင်းပြီး ပြုစုနေကြသော ဒုက္ခသည်များထဲတွင်လည်း မပါ။ ထို့ကြောင့် ကမူးကရှူးပင် လူတွေကြားထဲမှ မှောက်သောလှေရှိရာသို့ မြခက် သွားဖို့လုပ်သည်။ ခရီးသည် ပစ္စည်းတချို့ သယ်နေသူများတွင် ငထိန်ကို တွေ့သည်။ သို့သော် သူကလည်း မြခက်ကို မမြင်။

‘ဟဲ့ ငထိန်၊ ငထိန်ရေ နင့်သူငယ်ချင်း ပါတယ်ဆို၊ အောင်မောင်းဘယ်မှာလဲ’

မြခက်သည် အသံကုန်အော်ဟစ်သော်လည်း တုန်လှုပ်ချောက်ချားမှုကြောင့် လည်ချောင်းထဲက အသံသည် ထင်သလောက်မထွက်သည်မို့ ငထိန်ကလည်း သူ့အာရုံနှင့်သူ မကြားပါ။ ထိုစဉ် ပစ္စည်းတွေ သယ်မ,လာသော လူတစ်ယောက်သည် မြခက်ကို မမြင်ဘဲ တိုက်မိ၍ လဲမလိုဖြစ်စဉ် ထိုသူသည် မြခက်အား လှမ်းထိန်းလိုက်သည်။

‘အဒေါ် မမြင်လို့ပါကွယ် မတော်လို့နော်’

ထိုသူသည် မြခက်လက်ကို ကိုင်ထားပြီး မလွှတ်ဘဲထားချိန် မြခက်သည် အောင်မောင်းကိုရှာဖို့ အတင်းရုန်းထွက်လိုက်မိသည်။

‘အမေ’

ကြားနေကျ အသံသည် နှလုံးသားသို့ လာရိုက်သည်။

‘သားလေ အောင်မောင်းလေ၊ သားကိုတောင် အမေ မမှတ်မိတော့ဘူးလား’

မြခက်သည် အနားမှ ခပ်တိုးတိုးလေးဆိုနေသော အရိုးပေါ်အရေတင် ထိုခန္ဓာကိုယ်လေးကို ကြည့်ကာ တစ်ကိုယ်လုံး ဓာတ်လိုက်သလို ကျဉ်တက်သွားသည်။ ကိုယ်မွေးခဲ့သော သားကိုပင် ပြန်မမှတ်မိသည့် အဖြစ်အတွက် ဘယ်သူ့ကို အပြစ်တင်ရမည်လဲ။ တစ်နှစ်ကျော်၊ နှစ်နှစ်အတွင်း အတော်လေး ပြောင်းလဲသွားသော သားပုံစံကိုကြည့်ကာ စိတ်မကောင်းဖြစ်လွန်း၍ အောင်မောင်းကို ဖက်ကာပင် ငိုလိုက်မိတော့သည်။

‘အမေ့သားလေး ပြန်လာပြီ၊ နောက်ဆုံးတော့ ပြန်လာပြီ’

‘မငိုပါနဲ့ အမေရယ်၊ သား အမေနဲ့ အတူနေဖို့ ပြန်လာပြီနော်’

မြခက်သည် သား ခုလိုခွင့်တောင်းသည်ကို ပြန်မဖြေနိုင်သေးဘဲ အောင်မောင်း၏ ပါးနှစ်ဖက်ကို အားရပါးရ နမ်းရှိုက်လိုက်မိရင်း သက်သေပြလိုက်သည်။ မြခက်သည် လေတိုက်လျှင်ပင် လွင့်ပါသွားလောက်အောင် ခန္ဓာကိုယ်ပါးလျလျ သားလေး၏ ရင်ခွင်ထဲ ခိုဝင်ရင်း အားကိုးတကြီး ငိုရှိုက်နေမိသည်ကို သားက ပြန်လည်ပွေ့ဖက်၍ ထားသည်။ သောင်လယ် မြစ်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com

တွင် ရှုပ်ထွေးနေသော လူအုပ်ကြီးနှင့် ဆူညံနေသော အသံတွေကြား မြခက် ရင်ခုန်သံသည် အညံဆုံးဖြစ်နေပါသည်။

❑

သောင်လယ်၏ ထိုနေ့သည် အားလုံးမျှော်လင့်နေသော ဆရာမလေးများတင်မက ပြန်မလာတော့ဘူးဟု ထင်ခဲ့သော အောင်မောင်းကိုပင် ဘေးမသီ ရန်မခဘဲ ပြန်လည်ကြိုဆိုနိုင်ခဲ့သော မြခက် မမေ့နိုင်သော အမှတ်တရနေ့တစ်နေ့ ဖြစ်သည်။ သို့သော် အောင်မြင်စွာ ပြန်လာခြင်းတော့ မဟုတ်။ အောင်မောင်း၏ ပြန်လာခြင်းကို အားလုံးက အောင်မြင်ခြင်းဟု လက်မခံကြပါ။ မြခက်တို့မိသားစုကို အပြောင်းအလဲကြီး လုပ်ပေးနိုင်တဲ့သူတစ်ဦးအဖြစ်တော့ အောင်မောင်းဖြစ်မလာနိုင်ခဲ့။ ထို့ကြောင့် အများက ဝေဖန်ကဲ့ရဲ့ချင်သော စကားများစ,လျှင် မြခက်သည် အောင်မောင်းရှေ့တွင် မားမားမတ်မတ်ရပ်ကာ ကာကွယ်ရန်စွာမိသည်။ မြခက်ရင်ထဲမှာလည်း သားအပေါ် ခွင့်လွှတ်မှုသည် အဆုံးအထိ။ ဘဝတွင် စွန့်စားမှုတိုင်းသည် မအောင်မြင်နိုင်သလို ရှုံးနိမ့်တိုင်းလည်း လဲပြိုသွား၍ မဖြစ်နိုင်ဟု မြခက် ခံယူထားသည်။ မြခက်၏ သား အောင်မောင်းတစ်ယောက် စိတ်ခွန်အား ပြန်လည်တည် ဆောက်ဖို့ လုံလောက်သော အချိန်ကာလ တစ်ခုရှိလျှင် ဒီထက်ပိုကောင်းသောလမ်းကို လျှောက်နိုင်ဦးမည်ဟု မြခက် ယုံကြည်သည်။ ထိုစိတ်နှင့်ပင် သားကို ဖေးမ,သည်။

ကြံတိုင်းအောင် စက်လှေမှောက်ပြီး ကံဆိုးမှု အဆိုးထဲက အကောင်းအဖြစ် သောင်လယ်သည် လှေမှောက်ရာမှ တစ်ဆင့် အနီးအနားမှ ရွာများ၏ အာရုံစိုက်မှုကိုခံရသည်။ နှစ်စဉ် ရေကြီးချိန် ရေဘေးအကူအညီတွေ မရောက်သော်လည်း ဒီနှစ်တော့ လှိုင်းဘွဲ့မှ ပရဟိတအသင်းအဖွဲ့များ အကူအညီနှင့် အသစ်ရောက်လာသော မူလတန်းပြ ဆရာမလေးတွေ အဆက်အသွယ်နှင့် ငွေအား၊ လူအားကူညီမှုတွေ ရက်ဆက်ရလာသည်။ ရွာမျက်နှာစာ လှပခိုင်ခံ့သောတိုက်များ ကျောကပ်ရှိ ယိုယွင်းပျက်စီးနေသော အိမ်ခြေ တစ်ဆယ့်ငါးအိမ်ကို ရွေးချယ်ပြီး ပြင်ဆင်နိုင်ခဲ့သလို ထိုထဲတွင် မြခက်တို့၏ အိမ်အိုလေးလည်း ကံကောင်းစွာပင် ပါဝင်ခဲ့သည်။ ခေတ္တပိတ်ထားသော မူလတန်းကျောင်းလေးကို တစ်နိုင် ပြုပြင်မှုလေးလုပ်ချိန် လုပ်အားဝန်ထမ်းသော ရွာသားတွေထဲ မြခက် ချစ်သား အောင်မောင်းက ထိပ်ဆုံးမှ ပါဝင်ခဲ့သည်။ ကျောင်းဝန်းလေး ချုံတွေရှင်းရင်း၊ ပျက်စီးနေသော တံတားလေးကို ပြန်ဆောက်ရင်း၊ ခုံတွေစီရင်းပင် သားစိတ်ကူးထဲ ကျောင်းသားလေးတစ်ယောက် ဖြစ်နေမလား မြခက် မျိုသိပ်မထားနိုင်ဘဲ ဖွင့်ဟမေးဖြစ်သည်။

‘သားကျောင်းပြန်မတက်တော့ပါဘူး အမေရယ်၊ ညီလေးတို့ကိုပဲ ကျောင်းပျော်လေးတွေဖြစ်အောင် သားလုပ်ပေးချင်တယ်။ သား အိမ်ကနေထွက်ချိန်မှ သိလိုက်ရတာက အရေးကြီးဆုံးက ပိုက်ဆံလည်း မဟုတ်ဘူး။ အောင်မြင်မှုလည်း မဟုတ်ဘူး။ မိသားစုဆိုတာပဲ အမေ’

အောင်မောင်း ပြောသမျှ နားထောင်ရင်း မြခက် ခေါင်းညိတ်မိသည်။

‘သား ဘယ်လို ပြန်လာခဲ့တာလဲ’

အောင်မောင်းမျက်နှာသည် အလိုလိုတည်သွား၏။

‘မသိချင်ပါနဲ့တော့ အမေရယ်။ သားရဲ့ အပြန်လမ်းကလည်း အရမ်းခက်ခဲခဲ့တယ်။ ဒါပေမဲ့ သားရှင်လျက် သေနေသူ မဖြစ်ချင်တော့ဘူး။ ဒီသစ်ပင်တွေလိုပဲ ဘဝကို လိုက်လျောညီထွေဖြစ်အောင်နေပြီး ရှင်သန်သူပဲဖြစ်ချင်တယ်’

သားအမိနှစ်ယောက် အမှိုက်သိမ်းရင်း၊ ချုံတွေရှင်းရင်း အောင်မောင်း ပြောသမျှ စကားတွေ မြခက် မမောတမ်း နားထောင်နေမိသည်။ ယခု သောင်လယ်သည် အလှူရှင်များ၏ ကူညီမှုနှင့်အတူ သစ်သားတံတားလေးလည်း အရင်လို ယိုင်နဲ့နဲ့ မဟုတ်တော့။ ခိုင်ခံ့နေလေပြီ။ မိုးသားကင်းစင်နေသော ကောင်းကင်ယံတွင် ရွာ မူလတန်းကျောင်းလေး၏ နိုင်ငံတော်အလံသည် ဟောင်းနွမ်းနေသော်လည်း လေထဲတွင် တလွင့်လွင့် လွင့်ထူနေသည်။ မြခက်သည် သား၏ နဖူးမှ ချွေးစလေးများကို ပခုံးက တဘက်ဖြင့် လှမ်းသုတ်ပေးလိုက်သည်။ ရွာသား သုံးယောက်သည် ယိုင်ထိုးနေသော ‘အခြေခံပညာမူလတန်းကျောင်း သောင်လယ်ရွာ’ဆိုသည့် ဆိုင်းဘုတ်ကို မြေကြီးထဲသို့ ငြာသံပေး၍ ညီညီညာညာ ပြန်လည် စိုက်ထူလိုက်ကြသည်။ မြခက်သည် ကျောင်း၏ ဆိုင်းဘုတ်ကို ငေးကြည့်နေရင်းပင် မကြာမီရက်များအတွင်း သောင်လယ်ရွာလေး၏ မနက်ခင်းတေးသံထဲ မြခက် အကြားချင်ဆုံး ခေါင်းလောင်းထိုးသံများ ငြိမ့်ညောင်းကျယ်လောင်စွာ နေရာယူလာတော့မည်ဖြစ်သည်။ တချို့ အိပ်မက်တွေသည် ကြွေမွပျက်စီးသွားသော်လည်း တချို့အိပ်မက်တွေသည် မကြာမီ ဖူးပွင့်ဝေဆာတော့မည်ဖြစ်ကြောင်း အချက်ပေးခေါင်းလောင်းသံသည် နားထဲ ချိုမြသာယာလျက်ရှိသည်။

မြခက်၏ တစ်ကိုယ်ရေအိပ်မက်တွေထဲက ပြန်လည်အသက်ဝင်လာမည့် ‘ခေါင်းလောင်းသံချို’အိပ်မက်အတွက် မြခက် ကျေနပ်နိုင်ပါသည်။ အနည်းဆုံးတော့ နောင်နောင်တို့၊ ဖိုးဇော်တို့၏ အနာဂတ်သည် ထိုအိပ်မက်နှင့်အတူ ပွင့်လန်းကောင်း ပွင့်လန်းလာနိုင်တော့မည်။ ကျောင်းကလေးဆီမှ ကျောင်းတက်ခေါင်းလောင်းထိုးသံနှင့်အတူ နိုင်ငံတော်သီချင်း သီဆိုသံသည် သောင်လယ် ရွာကလေး၏ မင်္ဂလာ မနက်ခင်းအဖြစ် ညီညာစွာ ပျံ့လွင့်လာလေသည်။ ■

**စုသဲမွှန်**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၀၃)မှ...*

ကွမ်းပင်တွေ အစုံရှိတယ်။ တကယ်လို့ မချစ်မွေးသာ ပြန်လာခဲ့ရင် ဒီခြံလေးထဲမှာ သစ်ပင်တွေစိုက်ပြီး ပျော်မှာ အသေအချာပဲ။ အင်းလေ မွန်းကျပ်နေတဲ့ သူများနိုင်ငံ ထက်တော့ အပေးအယူ သဘောတရားတွေမရှိတဲ့ သူတို့အိမ်သေးသေးလေးက ပိုနေချင်စရာကောင်းမှာပဲ ပေါ့။

"သူပိုက်ဆံမပို့တာ ၁၀ နှစ်လောက်ရှိပြီဆိုတော့ အရင် လိုတော့ အဆင်မပြေဘူးပေါ့။ သူ ဘာလို့မပို့တော့မှန်းလည်း မသိဘူး၊ ဘယ်ရောက်လို့ ဘယ်လို ဆက်သွယ်ရမှန်း လည်း မသိဘူးလေ"။ စော စောက အသံနက်ကြီးနဲ့ ထ, ငိုတဲ့ မချစ်မွေး အမေလည်း အခုတော့ သူ့သမီးအကြောင်း ကို အေးအေးဆေးဆေး ထိုင် ပြောလို့ရပြီ။ ဆင်းရဲတော့ လည်း လွမ်းတာ၊ ဝမ်းနည်း တာတောင် အခန်းဆက်နဲ့ မလွမ်းတတ်တော့ဘူးပေါ့။

မချစ်မွေးတို့ မိသားစု ဘဝအစုံစုံကို ရှင်းပြလို့ မဆုံး နိုင်တဲ့ မချစ်မွေးအမေကို နှုတ်ဆက်ပြီး ကျွန်မတို့အကုန် လုံး လိုအပ်တာ ကူညီမယ့် အကြောင်းပြောပြီး နှုတ်ဆက် ခဲ့ကြတယ်။ မချစ်မွေးအမေ အတွက် သူ မကြားချင်တဲ့ စကားတစ်ခွန်း ချန်ပေးခဲ့ရစ် တယ်။ သိပ်မကြာခင် မချစ် မွေးအမေ သိရတော့မှာပါ။ အဲဒီအချိန်ကျရင်သာ မချစ်မွေး အမေ အသံနက်ကြီးနဲ့ ထပ်မငို ပါစေနဲ့လို့ ဆုတောင်းနေရ တော့မှာပဲ။

မချစ်မွေး အိမ်က ပြန်တဲ့ လမ်းတစ်လျှောက်လုံး

]uRef
eujzef
t cdyef&if
bmOw&if
aumifrvJ
[if
'DOg&mif
abmifbDY
t usDYw&if
aumifrvm;
'gS[kvf
'puwEY
wDSft jzleY
Ow&if
aumifrvm;}
rcpfar;T
wpfa, muf
reujzefcgus&if
olk areY
awGEM
pdwfvlyf&Sifaeyk
&w, f

မချစ်မွေးရဲ့ ငယ်ဘဝလေးကို ပြန်ပြီး ပုံဖော်နေမိပြန်ရော။ ပိုက်ဆံရှာနိုင်တဲ့ အဖေရယ်၊ ပြုစုစောင့်ရှောက်ပေးမယ့် အမေရယ် ရှိတဲ့ မချစ်မွေး ဘဝက ပျော်စရာအတိပြီးခဲ့ မှာပဲ။ တကယ်လို့ မချစ်မွေး ရဲ့ အဖေသာ မသေခဲ့ဘူးဆိုရင် မချစ်မွေးလည်း ထိုင်းနယ်စပ် ကို ရောက်စရာအကြောင်း မရှိဘူး။ အဲဒါဆို မချစ်မွေး လည်း စားပွဲထိုးရမှာမဟုတ် ဘူး။ အဲဒီလိုဆို မချစ်မွေးတစ် ယောက် အခုလို အဖြစ်ဆိုး မျိုးနဲ့ ကြုံရမှာမဟုတ်ဘူး။ အခုတော့ မချစ်မွေး အဖေက အသေစောလွန်းတယ်လို့ ကြံဖန်အပြစ်တင်ရတော့မှာ ပဲ။ အင်း ဘာပဲဖြစ်ဖြစ် သိပ် မကြာခင်မှာတော့ အမိနိုင်ငံရဲ့ အဝေးကို ရောက်နေတဲ့ မချစ် မွေးတစ်ယောက် ပြန်လာ တော့မယ်။

❑

ထိုင်းကြက်ခြေနီက ကျွန်မတို့လက်ထဲကို မချစ် မွေးကို အပြီးအပိုင် အပ်လိုက် တော့တယ်။ မချစ်မွေးက ကျွန်မထင်သလို ဓာတ်ပုံထဲ က နားသ,တဲ့ ကောင်မလေး သေးသေး မဟုတ်တော့ဘူး။ အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်းကြီးပဲ။ အရပ် ရှည်ရှည်ကြီးနဲ့ ဘောင်းဘီတို ဝတ်ထားတာတော့ ကြည့်ရ ဆိုးတယ်လို့ထင်ရပေမဲ့ ကျွန်မ ကို မြင်တော့ တစ်ချက် ကလေး ရယ်ပြတဲ့ မျက်နှာ လေးက ငယ်ငယ်တုန်းက နားသ,တဲ့ ကောင်မလေးရဲ့ ဓာတ်ပုံထဲက အပြုံးနဲ့တစ်ပုံစံ တည်း။ ဒီအပြုံးတစ်ခုတည်းနဲ့ တော့ ဒါဟာ မချစ်မွေးပါ လို့ ကျွန်မတော့ လက်မခံချင် သေးဘူး။ ဆံပင်တိုတိုတွေ ကြားက မချစ်မွေးရဲ့ နားတွေ ကို လိုက်ရှာတယ်။ နောက် ဆုံး သူ့နားမှာ ငယ်ငယ်တုန်း က ဖောက်ပေးထားတဲ့ နား ပေါက်ရာ ရေးရေးလေးကို မြင်တော့မှ ဒါ မချစ်မွေးပဲလို့ ကျွန်မ လက်ခံလို့ ရတော့ တယ်။

"ကဲ မချစ်မွေး ကျွန်မ က မချစ်မွေးအိမ်ရောက်တဲ့ ထိ လိုက်ပို့ပေးမယ့်သူပဲနော်"

သူ သိသလိုလိုနဲ့ ခေါင်း ညိတ်ပြတယ်။ ကျွန်မတို့ ဘုရားသုံးဆူ နယ်စပ်ဘက် အထိ မချစ်မွေးကို ဆင်းခေါ် ရတာမို့ နာရီပေါင်းများစွာ မချစ်မွေးအိမ်ကို ရောက်ဖို့ ခရီးဆက်ရဦးမယ်။ လမ်းမှာ မချစ်မွေးကို ဘေးသီ ရန်မခ ဘဲ စောင့်ရှောက်ပါ့မယ်လို့ အာမခံရဲတယ်။ ဒါပေမဲ့ မချစ်မွေးအမေက မချစ်မွေး ကို ဝမ်းပန်းတသာ ကြိုဆိုပါ့ မယ်လို့တော့ ကျွန်မ အာမခံရဲ ဘူး။

❑

မှေးခနဲ အိပ်ပျော်သွား တုန်း ကျွန်မရဲ့လက်ကို တစ် ယောက်ယောက်က လာ ကုတ်တယ်။

"ဆရာမ ကျွန်မ အပေါ့ သွားချင်လို့၊ ကားဆရာကို မပြောရဲလို့"

လူကောင်ကြီးကြီးနဲ့ ကားဆရာကို မပြောရဲဘူး လို့ ပြောတဲ့ မချစ်မွေးက တကယ့် ကလေးလေးလိုပဲ။ ကားဆရာက အပေါ့သွားဖို့ စားသောက်ဆိုင်တစ်ခုမှာ ကားရပ်ပေးတယ်။ ကားပေါ် က ဆင်းတော့လည်း ကျွန်မ ကို အတင်းလက်ဆွဲပြီး ခေါ် သွားလို့ လိုက်သွားရသေး တာ။ မချစ်မွေးတစ်ယောက် အသက်ဆယ့်ငါးနှစ်နဲ့ နယ် စပ်သွားခဲ့တဲ့ သတ္တိ ဘယ် ရောက်သွားပြီလဲ၊ အဲဒီသတ္တိ တွေကို ဘယ်သူက အမြစ် ထုတ်လိုက်ပြီလဲ။

"ဆရာမ ကျွန်မကလေ အိမ်သာဝင်ဖို့ တန်းစီတာ၊ တချို့က တန်းမစီဘူး၊ ကြား ဖြတ်ကြတယ် သိလား"

ကျွန်မကို ကလေးတစ် ယောက်လို နှုတ်ခမ်းတစ်လန် ပန်းတစ်လန်နဲ့ တိုင်နေတဲ့ မချစ်မွေးဆိုတာ အသက်



www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ့်ရှစ်နှစ် မိန်းမတစ်ယောက်လို့ ပြောရင် ရယ်စရာကြီး ဖြစ်နေမှာပဲ။ ဒါပေမဲ့ အရိုးခံနဲ့ သိပ်ချစ်စရာကောင်းပါတယ်။ ကားပေါ်ပြန်တက်လာပြီးတဲ့နောက်ပိုင်း လမ်းပေါ်မှာမြင်သမျှ သူ မေးတော့တာပဲ။ မြန်မာနိုင်ငံကို ပြန်မရောက်တာ အတော်ကြာပြီဖြစ်တဲ့ မချစ်မွှေးအတွက်တော့ အားလုံးက အထူးအဆန်းပဲ။ လမ်းမှာ သော်ကပန်းချုံကြီးကို တွေ့တော့-

'ဆရာမ ပန်းချုံကြီးက လှလိုက်တာနော်၊ ကျွန်မတို့အိမ်မှာ စိုက်လိုက်ရရင်တော့ ကောင်းမယ်။ ပန်းတွေပွင့်ရင် စင်ရှေ့မှာ ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ် တင်ပစ်ဦးမယ်'

ကျွန်မက သူ့ကိုကြည့်ပြီး ပြုံးပြတော့ ကျွန်မပုံကို ဆရာမ လိုက်ခ်လုပ်ရမယ်နော်လို့ ခပ်တည်တည်ပဲ ပြောသေးတာ။ မချစ်မွှေး ပြောသလိုပါပဲ။ လိမ္မော်ရောင် သော်ကပန်းတွေ ဖွေးဖွေးလှုပ်ပွင့်နေပုံက စိတ်ကို ကြည်နူးနေမိရော။ တစ်လမ်းလုံး မြင်မြင်သမျှ မုန့်သည်တွေကို လက်ညှိုးထိုးပြီး စားချင်တယ် လုပ်နေသေးတာ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စားလေဆိုတော့ 'ဒါက ထိုင်းပိုက်ဆံလေ ဆရာမရဲ့၊ မြန်မာနိုင်ငံမှာ စားလို့ ဘယ်ရပါ့မလဲ'လို့ ကျွန်မကို သူက လူလည်လုပ်နေသေးတာ။ ယာဉ်ရပ်နားစခန်း ရောက်ပြန်တော့ ဈေးရောင်းတဲ့ ကလေးတွေနား သွားပြီး သူပါလာတဲ့မုန့်တွေ ကျွေးပြီး ကလေးတွေနဲ့ အဖွဲ့ကျနေပြန်တယ်။

သူ ပြောချင်တာတွေ ပြော၊ ပြချင်တာတွေပြ၊ ပူဆာချင်တာပူဆာပြီး သိပ်မကြာခင် ကျွန်မကိုမှီပြီး အိပ်ပျော်သွားရှာတယ်။ မချစ်မွှေး တစ်ယောက် ငါ့နိုင်ငံရောက်ပြီဆိုပြီးမှ စိတ်တုံးတုံးချ အိပ်မောကျသွားတာပဲ ဖြစ်မယ်။ သူ့အိပ်မက်ထဲမှာ ထိုင်းနိုင်ငံက အိပ်မက်ဆိုးတွေပဲ ပြန်မက်နေမလား ဒါမှမဟုတ် သူ့အမေနဲ့ အိပ်မက်ထဲမှာ ကြိုတွေ့နေလေမလား။

❑

'မချစ်မွှေး အိမ်ပြန်ဖို့က နည်းနည်းဝေးသေးတယ်။ မချစ်မွှေးနဲ့ ကျွန်မ ဒီညတော့ ဒီတည်းခိုခန်းမှာ အိပ်ရမယ်။ မချစ်မွှေးအမေနဲ့က မနက်ဖြန်မှ တွေ့မှာနော် သိလား'

ကျွန်မဘာပြောပြော ပြုံးပြုံးကြီး ကြည့်နေတတ်တဲ့ မချစ်မွှေးတစ်ယောက် မျက်နှာတော့ နည်းနည်းပျက်သွားတယ်။ သူ့အမေကို တွေ့ချင်ရှာပြီထင်ပါရဲ့။ နှစ်ပေါင်း ၂၀ ကျော် မတွေ့ရတဲ့ အမေ့ကို ဒီတစ်ရက်လေးကျမှ မချစ်မွှေး မစောင့်နိုင်ဘူးဆိုတာ တကယ်တမ်းတော့ သဘာဝကျပါတယ်။ နှစ်ပေါင်း ၂၀ ကျော်တောင် ဝေးခဲ့ပြီးပြီပဲ။ နောက်ထပ် တစ်ရက် ဘာလို့ ထပ်ဝေးရဦးမှာလဲ။

မချစ်မွှေးမျက်နှာကို တစ်ချက် အကဲဖမ်းလိုက်တော့ ဒီနေ့တော့ မတွေ့ရတော့ဘူးဆိုပြီး စိတ်ကို တုံးတုံးချလိုက်တဲ့ပုံပဲ။ အဲဒီလိုဆိုတော့လည်း သူ့အထုပ်လေးသူ ဆွဲလို့ ကြည်ကြည်သာသာပဲ တည်းမယ့် အခန်းထဲကို လိုက်ရှာတယ်။ တည်းခိုခန်းထဲရောက်တော့ သန့်ရှင်းသပ်ရပ်နေတဲ့ ခုတင်ကိုကြည့်ပြီး စောစောကလို အလိုမကျတဲ့ ကလေးငယ်တစ်ယောက်လို ဟန်ပန်မရှိတော့ဘဲ ခုတင်အိအိပေါ် ပစ်ထိုင်ပြီး အကျေနပ်ကြီး ကျေနပ်နေပြန်ရော။

'ဆရာမက ဆရာမဆိုတော့ ညာဘက်ခုတင်မှာ အိပ်နော်၊ ကျွန်မက ဒီဘယ်ဘက်မှာ အိပ်မယ်'

သူ့ဘာသာ ကျွန်မကို နေရာချပေးပြီး သူ့အိတ်လေးကို သူ့ခုတင်ပေါ် တရိုတသေ တင်ထားလိုက်တယ်။

'ဆရာမ ဘယ်သွားမလို့လဲဟင်'

ကျွန်မကို အရိပ်တကြည့်ကြည့်နဲ့ ပျောက်သွားမှာစိုးလို့ အိမ်သာသွားလည်းမေး၊ ရေချိုးခန်းသွားလည်း မေးလွန်းလို့ ကျွန်မမှာ မနည်းရှင်းပြထားရတယ်။

'မချစ်မွှေးကို ဘယ်မှာမှ မထားခဲ့ဘူး။ ကျွန်မတို့ကြက်ခြေနီအသင်းက မချစ်မွှေး အိမ်ပြန်ရောက်တဲ့အထိ၊ မချစ်မွှေးအမေနဲ့ တွေ့တဲ့အထိ အားလုံး တာဝန်ယူတယ်၊ စိတ်မပူနဲ့နော်'

အဲဒီလို ကျွန်မပြောပြန်တော့လည်း မျက်နှာက ဝင်းသွားပြီး-

'ဟိုရောက်ရင် ကြက်အူချောင်း ကျွေးမယ်သိလား၊ ကျွန်မတို့ဆီက သိပ်ကောင်းတာ။ သြော်·· ကြက်အူချောင်းကို ပြောမိတာနဲ့ ဗိုက်တောင် ဆာလာပြီ၊ ကျွန်မကို ထမင်းကျွေးတော့'

ကလေးဆိုးကြီး မချစ်မွှေးဟာ မပြောမဆိုနဲ့ ဗိုက်ဆာပြန်ရော။ ဒါတင် ဘယ်ကဦးမလဲ။ လူလည်ကလည်း လုပ်သေးတာ။

'ဆရာမ ဒီမှာလည်း ထိုင်းပိုက်ဆံ သုံးလို့ မရဘူးနော်။ ဆရာမပဲ ဝယ်ကျွေးမှာ ဟုတ်တယ်မဟုတ်လား'

သူ့စကားသူ သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေသေးတယ်။

❑

'ကျွန်မ နက်ဖြန် အိမ်ပြန်ရင် ဘာဝတ်ရင်ကောင်းမလဲ ဟင်။ ဒီအဝါရောင် ဘောင်းဘီနဲ့ အင်္ကျီနဲ့ ဝတ်ရင်ကောင်းမလား၊ ဒါမှမဟုတ် ဒီစကတ်နဲ့ တီရှပ်အဖြူနဲ့ ဝတ်ရင်ကောင်းမလား'

မချစ်မွှေးတစ်ယောက် မနက်ဖြန်ခါကျရင် သူ့အမေနဲ့ တွေ့ဖို့ စိတ်လှုပ်ရှားနေပုံရတယ်။ သူ့အဝတ်စားတွေ တစ်စုံပြီးတစ်စုံ ထုတ်ကြည့်၊ ဝတ်ကြည့် ခေါင်းခါနဲ့ တစ်ယောက်တည်း အလုပ်ရှုပ်နေတာ။ သူ့ဘာသာ အဝတ်စားတွေ ပါသမျှ ကုန်အောင် ဝတ်ကြည့်ပြီးမှ ကျွန်မပါလာတဲ့ အဝတ်စား အိတ်ကို အာရုံရသွားပြန်တယ်။

'ဆရာမအိတ်က သေးလိုက်တာ၊ ဆရာမမှာ အင်္ကျီ ဘယ်နှထည်ရှိလဲ'

ကျွန်မက ၂ စုံပဲ အိတ်ထဲ ပါကြောင်း ပြောတော့ ကျွန်မကို သနားတဲ့အကြည့်နဲ့ ကြည့်တယ်။ ပြီးတော့ သူ့အိတ်ကလေးထဲ မွှေနှောက်ရှာပြီးတော့ ကျွန်မကို သူ့အဝတ်အစားထဲက အသေးဆုံး သကြ်န်ဘောင်းဘီနဲ့အင်္ကျီ တစ်ထည်ကို အတင်းပေးတော့တာပဲ။ ကျွန်မက ငြင်း



www.burmeseclassic.com

www.burmeseclassic.com

တော့ ဆရာမက ကျွန်မ အဝတ်အစားတွေကို ရှုံ့လို့လားလို့ အရိုးခံနဲ့ မေးခွန်း ထုတ်တယ်။

“ဒီလိုလေ… မချစ်မွှေးရဲ့၊ ကျွန်မတို့ ကြက်ခြေနီအသင်းက အခမဲ့ကူညီတာ၊ ဘယ်သူ့ဆီကမှ ငွေ၊ လက်ဆောင် လက်ခံလို့ မရဘူး။ အဲဒါကြောင့် မယူတာပါနော်”

အဲဒီလိုရှင်းပြတော့လည်း မျက်လုံးလေး ပေကလတ်ပေကလတ် လုပ်နေသေးတာ။ သူ့ခမျာ အခမဲ့ဆိုတာကို မကြားရတာ ကြာပြီထင်ပါရဲ့။

သူပါလာတဲ့အထဲက သူကြိုက်တဲ့အင်္ကျီတစ်ထည်ကို သူ့ဘာသာရွေးဝတ်ပြီး ပါးစပ်ကလည်း သူ့ကိုယ့်သူ ဒါပဲဝတ်မယ်၊ ဒါပဲဝတ်မယ်နဲ့။ မနက်ကျရင် စိတ်ပြောင်းသွားမှာစိုးလို့ သူ့ဘာသာပဲ အတည်ပြုနေသေးတာ။ ခမျာလည်း အမေနဲ့တွေ့ရမယ်၊ မွေးရပ်မြေကို ပြန်ရတော့မယ်ဆိုပြီး စိတ်လှုပ်ရှားပြီး အိပ်မရဘူးနဲ့ တူတယ်။

“စောစောအိပ်ရအောင်နော် မချစ်မွှေး။ မနက်ဖြန် မနက်ကျရင် အစောကြီးထ,ပြီး မချစ်မွှေးတို့ အိမ်ကို ကားစီးရမှာ”

မချစ်မွှေး ကျွန်မကို ပြန်ဖြေတဲ့အဖြေက တိုတိုလေး။ ဒါပေမဲ့ ရင်ထဲထိတယ်။

“ကျွန်မအိမ်ကို ကျွန်မ မမှတ်မိတော့ဘူးနော် ဆရာမ”

ကျွန်မကတော့ တစ်ညလုံး မနက်ဖြန်အရေးကို တွေးပူပြီး အိပ်မရ။ မချစ်မွှေးကတော့ ထိုင်းကြက်ခြေနီအသင်းက အသုံးစရိတ် ထည့်ပေးလိုက်တဲ့ ဘတ် ၃၀၀၀ ကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ကိုင်ပြီး အိပ်မောကျနေပြီ။ လူတွေအပေါ် သူ့ယုံကြည်မှုကို နယ်စပ်က အလိမ်အညာတွေက ဘယ်လောက်တောင် တိုက်စားသွားပြီဆိုတာ အဖြေရှာစရာကို မလိုတော့ဘူး။ ဒါပေမဲ့ သေချာတာတော့ ကျွန်မကို သူယုံတယ်။ ဘာလို့လဲဆိုတော့ သူ့အိမ်၊ သူ့အမေဆီ ရောက်အောင် ပို့ပေးမယ် စိတ်ချလို့ ကျွန်မပြောတဲ့နောက် ကောက်ကောက်ပါအောင် လိုက်လာခဲ့တာကိုး။

❑

ယုံကြည်မှုနဲ့ စတဲ့ ခရီးစဉ်ဟာ လိုရာခရီးကို ရောက်တော့မှာမို့ စိတ်အေးရသလို မချစ်မွှေးအမေက မချစ်မွှေးကို ဘယ်လိုဆက်ဆံမလဲ၊ ဘယ်လိုတုံ့ပြန်မလဲကလည်း စိတ်ပူရတဲ့ အနေအထား ဖြစ်နေပြန်ရော။ ရောဂါသည် သမီးတစ်ယောက်ကို လက်ခံရမှာကြောက်နေတဲ့ မချစ်မွှေးအမေအတွက် ကျွန်မတို့အဖွဲ့ဝင်တွေ တတ်နိုင်သလောက် အဆင်ပြေအောင် စီစဉ်ပေးထားတာမို့ အဆင်ပြေမှာပါလို့ ကျွန်မဘာသာကျွန်မပဲ ဖြေသိမ့်လိုက်ရတယ်။

မချစ်မွှေးကတော့ မနက်အစောကြီးထ,ပြီး တက်တက်ကြွကြွဖြစ်နေပြီ။ ကျွန်မက သူ့ဆံပင်တွေ မသပ်မရပ်ဖြစ်နေလို့ ကျွန်မမှာပါတဲ့ ကလစ်လေးနဲ့ စည်းနှောင်ပေးတော့ သူ မေးခွန်းတစ်ခုထုတ်တယ်။

“ဆရာမကို အင်္ကျီပေးလို့ ကလစ်ပြန်ပေးတာလားဟင်။

“ကျွန်မအင်္ကျီကို မှ ဆရာမ မယူဘဲ ဒီကလစ်ကို ကျွန်မ ယူလို့ရပါ့မလား”

သြော်… မချစ်မွှေးဟာ အပေးအယူ သဘောတရားတွေ ဘယ်လောက်တောင် လုပ်ခဲ့ရရှာလဲမသိ။ ချစ်လို့ ခင်လို့ ပေးတာပါဆိုတော့မှ ဆရာမက သဘောကောင်းလိုက်တာ၊ ဟိုမှာဆို အဲဒီလို မရဘူးလို့ ပြောပြီး ပြုံးနေတယ်။ နားသ,တုန်းက အပြုံးလေးနဲ့ တစ်ပုံစံတည်းပဲ။

မချစ်မွှေးဟာ သူ့အမေဆီကို ရောက်ခါနီးလေ ခြေလှမ်းတွေ ပိုသွက်လာလေပဲ။ လက်ထဲမှာ ပိုက်ဆံဘတ် ၃၀၀၀ ရယ်၊ သူ့အဝတ်ထုပ်လေးရယ်ကို မလွှတ်တမ်း ဆုပ်ကိုင်ပြီး သူ့အမေစောင့်နေမယ့် နေရာလေးကို ရောက်လာခဲ့တယ်။ သူ့အမေကတော့ ရပ်ကွက်လူကြီးအချို့ရယ်၊ ဆရာဝန် ဆရာမတွေရယ်နဲ့ အတူ မြို့နယ်ဆေးရုံက ရုံးခန်းတစ်ခုမှာ စောင့်နေတာပေါ့။ ရုံးခန်းက ကန့်လန့်ကာလေးဟာ လေတိုးလိုက်တိုင်း ရွေ့လျားနေတာမို့ အခန်းထဲက လူရိပ်တွေကို သေချာ မမြင်ရဘူး။ မချစ်မွှေး ခြေလှမ်းတွေက စောစောကထက် ၂ ဆလောက် မြန်သွားတယ်။ အပေါက်ဝရောက်တော့ သူ ချက်ချင်း ရပ်လိုက်ပြီး ကျွန်မကို မေးခွန်းတစ်ခုမေးတယ်။

“ဆရာမ အဲဒီရပ်နေတဲ့ သူတွေထဲမှာ ဘယ်သူက ကျွန်မအမေလဲ”

ခပ်တိုးတိုး လှမ်းမေးတဲ့ မချစ်မွှေးရဲ့အမေးကို ကျွန်မက မသိမသာ အဖြေပေးလိုက်ရတယ်။ ဟိုးမှာ အင်္ကျီအဝါရောင်နဲ့ အချောဆုံး အလှဆုံး အမျိုးသမီးဟာ မချစ်မွှေး အမေကလွဲလို့ ဘယ်သူများဖြစ်နိုင်မှာလဲ။ မချစ်မွှေး ခြေလှမ်းတွေက စောစောကလို မဟုတ်တော့ဘူး။ နှေးသည်ထက် နှေးသွားပြန်တယ်။ မချစ်မွှေး ပါးစပ်က လေသံဖျော့ဖျော့နဲ့ အမေလို့ လှမ်းခေါ်လိုက်ရင်ပဲ မချစ်မွှေးအမေက အလန့်တကြား ထ,အော်ရော။

“အမယ်လေး ရောဂါသည် ကျွန်မသမီးဆိုတာ ဒီလောက်ဝ,တုတ်ကြီးလား”

အရိုးခံနဲ့ ထ,အော်တဲ့ မချစ်မွှေး အမေရဲ့ အမေးကို ဘယ်သူမှ မဖြေဖြစ်လိုက်ပေမဲ့ မချစ်မွှေးရဲ့ အမူအရာကပဲ အဖြေပေးလိုက်တယ်။ မချစ်မွှေးဟာ ထိုင်းနယ်စပ်ကနေ ဒီနေရာရောက်တဲ့အထိ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ ထိုင်းပိုက်ဆံ ဘတ် ၃၀၀၀ ကို သူ့အမေရဲ့ ခါးပိုက်ထောင်ထဲကို အသာထိုးထည့်ပေးပြီး-

“အမေ ကျုပ် နောက်ဆို ဒီထက်အများကြီး ပေးမယ်နော်”

မချစ်မွှေးအမေ ငိုတယ်။ မချစ်မွှေး ငိုတယ်။ ကျွန်မလည်း ငိုမိတာပဲ။

နယ်စပ်မှာ မိခင်ကို အလုပ်အကျွေးပြုဖို့ အနှစ် ၂၀ ကျော် သွားနေခဲ့တဲ့ မချစ်မွှေးအတွက်တော့ ထိုင်း ကြက်ခြေနီအသင်းက စီစဉ်ပေးလိုက်တဲ့ ART ဆေး ၆ လစာရယ်၊ ဘတ် ၃၀၀၀ ရယ်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုင်းနယ်စပ်ကရလာတဲ့ HIV ရောဂါပိုးရယ်ပဲ အဖတ်တင်ကျန်ရစ်ခဲ့တယ်။

❑

အခုဆို ကျွန်မနဲ့ မချစ်မွေး မတွေ့တော့တာ ၂ နှစ်နီးပါးရှိပြီ။ မချစ်မွေး ဘာလုပ်နေလဲ၊ ဘယ်လိုနေလဲ၊ ဘာတွေဖြစ်နေပြီလဲ ကျွန်မသိချင်မိတယ်။ ဒီတစ်ခါတော့ ကြက်ခြေနီအသင်းဝင်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ မချစ်မွေးကို ချစ်တဲ့ခင်တဲ့ လူတစ်ယောက်အနေနဲ့ ဖုန်းနံပါတ်တစ်ခုဆီ ကျွန်မ လက်တွေ အလိုလို ရောက်သွားတော့တာ။

'သြော်··· မချစ်မွေး ကျန်းမာတယ်၊ ဆေးလည်း မှန်မှန်သောက်တယ်။ စိတ်ကတော့ အရင်လိုပဲပေါ့။ တစ်ခါတစ်ခါ မမှန်ဘူးလေ။ ဒါပေမဲ့ သူ့အမေကို မျက်စိအောက်ကတောင် အပျောက်မခံဘူးနော်'

တစ်ဖက်က မချစ်မွေးကို ဆေးတိုက်ပေးနေရတဲ့ သူနာပြုဆရာမလေးက ရယ်ရယ်မောမော ပြောတော့ ကျွန်မ ကျေနပ်သွားပါပြီ။ ကျွန်မ ဖုန်းချခါနီးမှ သူနာပြုဆရာမက တစ်ခုခုကို သတိရသွားဟန်နဲ့-

'သြော်··· မချစ်မွေးက ပြောသေးတယ်၊ သူ့ကိုလိုက်ပို့တဲ့ ဆရာမကို တွေ့ရင် ပြောပေးပါတဲ့၊ သူ့အိမ်မှာ သော်ကပန်းတွေ ပွင့်နေပြီ၊ ဓာတ်ပုံရိုက်ပြီး တင်ထားတယ်၊ လိုက်ခ်လုပ်လိုက်ဦးနော်' တဲ့။

မချစ်မွေးကတော့ သော်ကပန်းတွေရယ်၊ သူချစ်တဲ့အမေရယ်၊ သူပိုင်တဲ့အိမ်လေးရယ်နဲ့ နေသားကျလို့နေပြီနဲ့ တူပါရဲ့လေ။ ကျွန်မကရော···။

❑

ကျွန်မ မျှော်လင့်ခဲ့သလို တချို့စာတွေထဲ၊ လူတွေလည်း ပျောက်သောသူတွေ ရှာတွေ့ခဲ့ပြီ။ ဒါပေမဲ့ အခုချိန်ထိ လူမသိသူမသိ ကျွန်မ မျှော်နေခဲ့တဲ့ စာတစ်စောင်ကတော့ ရောက်မလာခဲ့ဘူး။ ဘယ်တော့ ဘယ်အချိန် ရောက်လာမှာလဲ ကျွန်မ တွေးပူမနေတော့ပါဘူး။ အချိန်တွေလည်း ကြာခဲ့ပြီ မဟုတ်လား။

ကျွန်မစိတ်ထဲမှာ၊ ကျွန်မအတွေးထဲမှာ အမြဲမျှော်နေမိတဲ့ စာလေးတစ်စောင်ရှိတယ်။ အဲဒီ ပို့သူမဲ့စာကို ကျွန်မဘာသာ မျက်စိထဲ ပုံဖော်ကြည့်မိတော့-

သို့


*မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မိသားစု ပြန်လည်ဆက်သွယ်ပေးရေးဌာန*

*ကျွန်တော် ကျွန်မတို့ရဲ့ သမီးလေးကို လိုက်ရှာနေတာ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ရှိပါပြီ။ အခြေအနေ အကြောင်းကြောင်းကြောင့် အမျိုးသမီးဂေဟာလေးတစ်ခုမှာ သမီးဖြစ်သူကို အပ်ထားခဲ့ရမို့ ဖြစ်နိုင်ရင် သမီးဖြစ်သူကို ရှာပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်မတို့ သမီး နာမည်က ယုဇနပါ။ သမီးရဲ့ ပါးမှာ မှဲ့ကလေးတစ်လုံး ရှိပါတယ်။*

❑

ကျွန်မနာမည်က ယုဇနပါ။ ကျွန်မပါးမှာ မှဲ့ကလေးတစ်လုံးရှိပါတယ်။ ■

ယုယ




ဤစာအုပ်ကို ရေးသားရသည့်
ရည်ရွယ်ချက်မှာ
ပထမရည်ရွယ်ချက်အနေဖြင့်
မည်မျှပင် ပြဿနာအခက်အခဲရှိပြီး
ချမ်းသာသူပင်ဖြစ်စေကာမူ
တစ်ခဏအတွင်း၌ ဆင်းရဲသွားပြီး
အထီးကျန်ဖြစ်သွားသည်ကို
သိစေချင်လို့ဖြစ်သည်။
ဒုတိယရည်ရွယ်ချက်မှာ
ဘုရင်၏မိသားစုအနေဖြင့်
နန်းချခံရပြီး တစ်ပြည်တစ်ရွာတွင် မည်ကဲ့သို့
နေထိုင်ခဲ့ကြရသည်ကိုသိစေလို၍ဖြစ်သည်။
■
ဆုဒါရှား(မူရင်းစာရေးသူ)
NDSP
Yangon Book Plaza,
၅လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
E-mail : www.ndspbook.com



www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။


BURMESE CLASSIC .com

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း−၃၉[illegible]၂၂၀

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com